
www.burmeseclassic.com

တက္ကသိုလ်

# ဌပင်းတော်



၁)

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

နဂါးနီစာစဉ်(၅)

# သေရေးရှင်ရေး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၅)

## ဓားရေးရှင်ရေး

အမှန်စင်စစ် ဟူကျင်းသည် ငယ်ရွယ်သူမှန်သော်လည်း သဘောထားကြီးမြင့်သူ ဖြစ်သည်။ ရှင်ကျင်းက မိမိအပေါ် မကောင်းစိတ်ဖြင့် အကောက်ကြံသော်လည်း မိမိအဖို့ ထိုမကောင်းကြံမှုကြောင့် ယခုအချိန် မည်သို့မျှ ဖြစ်မနေတော့သဖြင့် ရှင်ကျင်းအပေါ် ရက်ရက်စက်စက် သတ်ပစ်ချင်လောက်အောင် နာကျည်းမုန်းတီးမှုမျိုး မရှိချေ။ သို့နှင့် ဟူကျင်းက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဦးလေး... စောပုတက်၊ ကျွန်တော့်ကို နည်းလမ်းတစ်ခု လောက်ရှာပေးပါလား၊ ပျားလဲစွဲသာ ရှဥ့်လဲလျှောက်သာတဲ့ နည်း လမ်းပေါ့၊ ဒီဘုန်းကြီးကို မသတ်ဘဲနဲ့ ဦးလေးတို့ကို ကူညီရာ ရောက်နိုင်မယ့် နည်းလမ်းမျိုး'

စောပုတက် တွေဝေသွားသည်။ ဟူကျင်းပြောသည့် နည်း လမ်းကို သူလည်း ရုတ်တရက် မစဉ်းစားနိုင်သဖြင့် မည်သို့မျှ ပြန်မ ပြောနိုင်ဘဲ စဉ်းစားနေရသည်။ ထိုစဉ် ဖန်ဟိုစန့်က ဝင်ပြောလိုက် သည်။

'ညီလေး...မင်းရဲ့ စိတ်သဘောထားကတော့ တကယ်ပဲ မွှင့်မြတ်ပေတာပဲ၊ ငါ ချီးကျူးပါတယ်ကွာ၊ ငါ နည်းလမ်းတစ်ခု ပြောမယ်၊ ဒီနည်းလမ်းကိုတော့ မင်း ဆောင်ရွက်နိုင်မှာပါ၊ ဒီဘုန်းကြီး ရဲ့ ရင်ဝက ရိုထန်အကြောကို ထိုးပိတ်ပစ်လိုက်၊ ဒီအကြောလေး ပိတ်ရုံနဲ့တော့ ဒီဘုန်းကြီး ဒဏ်ရာတောင် မရပါဘူး'

'ဒါပေမယ့် အခု နှစ်နာရီအတွင်းမှာတော့ သူ့အတွင်းအားကို သူ ဘယ်လိုမှ ပြန်စုစည်းနိုင်မှာ မဟုတ်တော့ဘူး၊ ဒီတော့မှ ဒီ ဘုန်းကြီးဟာ တို့အသက်ကို အန္တရာယ်မပြုနိုင်မှာ၊ နို့မို့ရင်တော့လား ငါတို့အားလုံး အသေပဲ၊ တို့ကတော့ သူ ဘယ်လောက်ပဲ ဆိုးရွား ဆိုးရွား၊ တောင်အောက်ကို ပြန်ပို့ပေးလိုက်မှာပါ၊ ဘယ်နှယ့်လဲ ညီလေး...'



ဖန်ဟိုဆန့်၏ စကားများသည် တရားနည်းလမ်းကျ ကြောင်း ဟူကျင်းသိသည်။ သူ့စကားအတိုင်း ဆောင်ရွက်ပေးရန် ဟူကျင်းအဖို့ ခက်မလေးလှ။ ဟူကျင်းသည် အကြောပညာကို ကောင်း စွာ ကျွမ်းကျင်သူ ဖြစ်သည်။ ထို့ကြောင့် ဖန်ဟိုဆန့် ပြောသည့် အတိုင်း ဆောင်ရွက်ပေးခြင်းဖြင့် အလင်းမာန်ဂိုဏ်းကို ကူညီရန် ဆုံးဖြတ်လိုက်လေတော့သည်။

ဟူကျင်းသည် အိတ်ကြီးအတွင်းမှ ဘုန်းကြီး ရှင်ကျင်းနား သို့ လျှောက်သွားလိုက်သည်။ သူသည် ဘုန်းကြီး၏အသက်ရှူသံကို နားထောင်ပြီး ဘုန်းကြီး၏ရှေ့ လက်တစ်ကမ်းအကွာခန့်တွင် ရပ် လိုက်သည်။ ဟူကျင်းသည် ဘုန်းကြီးအား တောင်းပန်လိုက်သည်။

'ဘုန်းကြီး...ကျွန်တော့်သဘောလဲ ခင်ဗျားသိရောပေါ့၊ အခု ကျွန်တော်လုပ်တာကတော့ အားလုံးကောင်းဖို့အတွက်ပါ၊ ဒီအတွက် စိတ်တော့ မရှိပါနဲ့'

ဟူကျင်းသည် သမားတော်ကြီး ဟိုချင်း၏ တစ်ဦးတည်း သော တပည့်ဖြစ်၍ အကြောထိုးသည့်နေရာတွင် မှန်ကန်တိကျစွာ ထိုးနိုင်သူ တစ်ယောက်ဖြစ်သည်။ သူသည် ရှင်ကျင်း၏ အသက်ရှူ သံကို နားထောင်ပြီး အကြောရှိမည့် နေရာကို ခန့်မှန်း၍ အိတ်ထဲမှပင် ထိုးလိုက်သည်။ သူ ထိုးလိုက်သည့် နေရာသည်လည်း အတွန် ငျွ မှန်ကန်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရန်ရောင်တို့ တစ်သိုက်သည် စိုးရိမ်တကြီးဖြင့် ရုတ်တရက် ဝိုင်းအော်လိုက်ကြသည်။

'လက်ကို ပြန်ရုတ်လိုက်...'

သို့သော် ထိုအချိန်တွင် ဟူကျင်း၏ လက်ညှိုးသည် ဘုန်းကြီး၏ ရင်ဝသို့ ထိုးမိလေပြီ။ လက်ညှိုးထိပ်ဖျား၌ ရုတ်တရက် ထုံကျဉ်သွားကာ အလွန် အေးစက်သော အားလှိုင်းတစ်ခုသည် လက်ညှိုးမှတစ်ဆင့် မိမိ၏ တစ်ကိုယ်လုံးသို့ တမျှဉ်းမျှဉ်း စိမ့်ဝင်လာကာ တစ်ကိုယ်လုံး တောင့်တင်းသွားစေတော့သည်။

ချူထင်းနှင့် သံခမောက်တို့သည် ဒဏ်ရာခံစားနေရဆဲမှာပင် ဒေါသကြောင့် ဘုန်းကြီး ရှင်ကျင်းကို အော်ဟစ်လိုက်ကြသည်။

'လူဆိုး ဘုန်းကြီး... ကောက်ကျစ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ မင်း ဒီလို ကြံရသလားကွ'

ဟူကျင်းသည် သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်ကို ရုတ်တရက် သဘောမပေါက်ခဲ့ပေ။ နောက်မှသာ တဖြည်းဖြည်း သဘောပေါက်လာသည်။

ဘုန်းကြီး ရှင်ကျင်းသည် တစ်ကိုယ်လုံး မလှုပ်ရှားနိုင်သည်မှာ မှန်သော်လည်း သူ့လက်ကမူ အနည်းငယ် လှုပ်ရှားနိုင်သေးသည်။ သူ၏ လက်ညှိုးကို သူ့ရင်ဘက် ရိုထန် အကြောတည့်တည့်



ရှေ့တွင် ထောင်ထားလိုက်သည်။ ရှင်ကျင်းသည် သူ့ တစ်ကိုယ်လုံး၌ ကျန်ရှိနေသော အတွင်းအားကို သူ၏ ရေခဲလက်ညှိုးမှတစ်ဆင့် ဟူကျင်းထံသို့ တန်ပြန်ထိုးသွင်းလိုက်ခြင်း ဖြစ်ပေတော့သည်။

ယခုမူ ဟူကျင်းသည် လူသေကောင်ပမာနယ် အေးစက်တောင့်တင်းလျက် ရှိနေချေပြီ။

ယခုအခါ အခန်းကြီးကာစ်ခန်းလုံး လုံး၀ တိတ်ဆိတ်သွားပြန်လေပြီ။ လူတိုင်းလူတိုင်း မိမိတို့၏ အတွင်းအားကို အမြန်ဆုံး ပြန်လည် စုစည်းနိုင်ရေးအတွက် ထွက်သက် ဝင်သက်ကိုသာ အာရုံစူးစိုက် လေ့ကျင့်နေကြတော့၏။ နာရီဝက်ခန့်ကြာသောအခါတွင် ရန်ရောင်တို့ လူသိုက်သည် သေမင်းတံခါး၀အနီးသို့ ပြန်လည်ရောက်ရှိသွားကြပြန်တော့သည်။ အဘယ်ကြောင့်ဆိုသော် ဘုန်းကြီး ရှင်ကျင်း၏ အသက်ရှူသံသည် တဖြည်းဖြည်း မွှေးထွေး ရှည်လျားလာပြီဖြစ်ကြောင်း ကျန်လူ အားလုံး ကြားသိလိုက်ကြသောကြောင့် ဖြစ်သည်။

ဘုန်းကြီး ရှင်ကျင်း၏ အတွင်းအားသည် အမြန်ဆုံး ပြန်လည်စုစည်းမိနေပေပြီ။ ထို့ကြောင့် အားလုံး စိတ်ဓာတ်ကျကုန်ကြတော့သည်။ သူတို့အားလုံးမှာမူ ယခုထက်ထိ သူတို့ ခန္ဓာကိုယ်တွင်း၌ ရှိနေသော အအေးဓာတ်ကို မထုတ်နိုင်သေး။ ဤ အခြေအနေမျိုး၌ ရှင်ကျင်းပြုသမျှ နုရတော့မည်သာ။ သူတို့သည် ရှင်ကျင်းစိတ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



ကို သိကြပြီးဖြစ်သဖြင့် အသက်ရှင်နိုင်ရေးအတွက် လုံးဝ မတွေး တော့ကြတော့ပေ။

သေဘေးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ကြသဖြင့် ဘာကိုမျှ အရေးမစိုက်ကြတော့ပေ။ စောပုတက်က ကြေကွဲစွာ ပြော လိုက်သည်။

'ဖန်ဟိုစန်... ငါတို့တစ်တွေ တစ်နေ့ကျရင် ငါတို့ဂိုဏ်းကြီး က မွန်ဂိုတွေကို တို့ပြည်ထဲက တိုက်ထုတ်ပစ်မယ်လို့ ရည်ရွယ်ချက် ကြီး ချထားခဲ့တယ်၊ အခုတော့ ဘာမှ မဖြစ်နိုင်တော့ဘူးနော်၊ တိုင်းသူပြည်သားတွေရဲ့ ဆင်းရဲဒုက္ခတွေကို ကယ်တင်ဖို့ ဝေးရော အခုဆိုရင် ကိုယ့်ကိုယ်ကိုတောင် မကယ်နိုင်ကြတော့ဘူး'

ဟူကျင်းသည် သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေ သော်မှန်သော်လည်း သူ့နှလုံးသားကိုမူ သူက သူ၏ အတွင်းအားနှင့် ခုခံကာကွယ်သားခဲ့သည်။ ထို့ကြောင့် အသက်အန္တရာယ် ထိမိုက်မည် အထိတော့ စိုးရိမ်စရာ မလိုတော့ချေ။ စောပုတက်၏ စကားများကို ကြားလိုက်ရသောအခါတွင်မူ ဟူကျင်း အလွန်အံ့ဩသွားတော့သည်။

'အလို... ဒီ .. မကောင်းဆိုးရွားဂိုဏ်းက လူတွေကို ငါက လူဆိုးတွေချည်းအောက်မေ့နေတာ၊ သူတို့က တိုင်းပြည်အတွက် တောင် စဉ်းစားထားသေးတာပါကလား'



ထိုစဉ် ဖန်ဟိုစန့်က ပြန်ပြောလိုက်သည်။

'စောပုတက်၊မင်းကို အစောကြီးကတည်းက ငါ ပြောထား သားပဲ၊ ဒီ မွန်ဂိုတွေကို တိုက်ထုတ်ဖို့ဆိုတဲ့ အလုပ်က လွယ်လွယ် ကလေးမှ မဟုတ်တာ၊ ငါတို့ အလင်းမာန်ဂိုဏ်းကြီး တစ်ခုတည်းနဲ့ ဘယ်လိုမှမတော်လှန်နိုင်ဘူး၊ ဒီလိုပဲ ဟူတန်းတစ်ဂိုဏ်းတည်းနဲ့လဲ တော်လှန် မတိုက်ထုတ်နိုင်ဘူး၊ ဖြစ်သင့်တာက သိုင်းလောကမှာ ရှိတဲ့ဂိုဏ်းတွေ အားလုံးပေါင်းပြီး တိုက်ခိုက်တော်လှန်မှဖြစ်မှာ၊ ညီညီ ညွတ်ညွတ်နဲ့သာတိုက်၊ ဒီ မွန်ဂိုတွေ တို့ပြည်ထဲက ခွေးပြေးဝက်ပြေး ပြေးစေရမယ်'

ထိုစကားကို ကြားလိုက်ရသော အခါ ချူထင်းက အော် လိုက်လေသည်။

'တော်ကြစမ်းကွာ၊ သေကာနီးနေမှ အလွမ်းသယ် မနေကြ စမ်းနဲ့၊ ဒီစကားကို ပြောနေတုန်းပဲလား၊ ဘယ်လိုကွ... ဖန်ဟိုစန့်၊ သိုင်းလောက,က လူတွေအားလုံး စုစည်းကြရမယ်... ဟုတ်လား၊ ကိုယ့်ဂိုဏ်းလဲကိုယ်ပြန်ကြည့်စမ်းပါဦး၊ ဒီ တစ်ဂိုဏ်းတည်းမှာတောင် ဒီလောက် အကွဲကွဲ ဖြစ်နေတာ ဘယ်က ဂိုဏ်းတွေကိုသွား စုစည်းလို့ ရတော့မှာလဲ'

ထိုစဉ် သံခမောက်က ဝင်၍...

'ငါတို့ ဂိုဏ်းချုပ်ကြီး ရန်ဖော့ထင်းသာ ရှိခဲ့လိုက်တော့ ဒီလုပ်ငန်းကြီး ဆောင်ရွက်ဖို့ဖြစ်နိုင်ပါတယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



ချူထင်းက...

'မင်းရဲ့ စကားက ပိုတောင် အဓိပ္ပာယ် မရှိသေးတယ်၊ ဂိုဏ်းချုပ်ကြီးသာ ရှိနေရင် တို့ ဒီစကားတွေ ပြောနေဖို့ လိုသေးလို့လား၊ ဒီအဖြစ်မျိုးရောက်ဖို့ကော လိုသေးလို့လား'

သေကာနီး၌ ပြောချင်ရာ ပြောနေကြသော သူတို့၏ စကားများကို နားငြီးလာသည်။ လင်ချန်းက အော်ဟစ်တားမြစ်လိုက်သည်။

'တိတ်ကြစမ်း... မိုးလွန်မှ ထွန်ချမနေကြနဲ့'

အားလုံး ငြိမ်သက်သွားကြသည်။ လင်ချန်း၏ စကားသည် မှန်လှပါပေသည်။ သူတို့တစ်သိုက်သည် သေကာနီးကျမှ မဖြစ်နိုင်တော့သည့် ကြီးလေးလှသည့် လုပ်ငန်းတာဝန်ကြီးအကြောင်း ဆွေးနွေးနေမိကြသည် မဟုတ်ပါလား။

ဟူကျင်း၏ စိတ်ထဲတွင်မူ သူ့ အထင်နှင့်အမြင် လွဲနေကြောင်းကို ယခုမှ သိရှိသွားတော့သည်။

'အင်း...အလင်းမာန်ဂိုဏ်းဟာ ငါ ထင်သလို မဟုတ်ပါဘဲကလား၊ သူတို့လဲမျိုးချစ်စိတ် ရှိနေကြတာပဲကိုး'

ဟူကျင်းသည် မမျိုသိပ်နိုင်တော့သည့် အလျောက် လှမ်းမေးလိုက်မိသည်။

'ဦးလေး စောပုတက်...၊ ခင်ဗျားတို့ရဲ့ ရည်ရွယ်ချက်က ဘာလဲဗျ'



ဟူကျင်း၏ အသံကို ကြားလိုက်ရသောအခါ စောပုတက် အလွန်အံ့ဩသွားသည်။ အဘယ်ကြောင့်ဆိုသော် ရှင်ကျင်း၏ ရေခဲလက်ညှိုးဒဏ်ကြောင့် ကောင်ငယ်လေးသေပြီဟု ယူဆခဲ့သည် မဟုတ်ပါလား။

'ကောင်လေး...မင်းမသေသေးဘူးလား၊ ဒါပေမယ့် သိပ်တော့မထူးပါဘူးကွာ၊ မင်းလဲ မကြာခင် ထပ်သေရတော့မှာပါ၊ မင်းကို တို့က အတင်းအကျပ် မတိုက်တွန်းချင်လို့ ဒီဘုန်းကြီးကို အသေမသတ်ခိုင်းတာပဲ၊ အခုဒီဘုန်းကြီးက တို့ထဲမှာ အခြေအနေအကောင်းဆုံးဖြစ်နေပြီ၊ သူ ထနိုင်ပြီဆိုတာနဲ့ မင်းလဲ သေဖို့သာ ပြင်ပေတော့၊ အင်းလေ...မင်းကို ဒီတစ်ခါ ကွမ်းမိန်တောင်ထိပ် ခေါ်လာတာ တို့နဲ့ အတူတူသေဖို့ ခေါ်လာသလို ဖြစ်နေတာတော့ စိတ်မကောင်းပါဘူးကွာ'

စောပုတက်သည် အမှန်တကယ်ပင် စိတ်ထိခိုက်သော အသံနှင့် ပြောနေခြင်း ဖြစ်ကြောင်း ဟူကျင်းသိသည်။ စောပုတက်က ဆက်ပြော လိုက်သည်။

'အေး...မင်းမေးတာကို ပါပြောပြပါ့မယ်ကွာ၊ မင်းက ငါတို့ဂိုဏ်းရဲ့ ရည်ရွယ်ချက်ကို မေးတယ် မဟုတ်လား၊ ငါတို့ဂိုဏ်းကို တည်ထောင်ကတည်းက ဆင်းရဲသားပြည်သူတွေကို ကယ်

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ဖို့ ဆိုတာကို တို့ဂိုဏ်းရဲ့ ရည်ရွယ်ချက်ကြီးအဖြစ် ထားခဲ့ကြတာပဲ၊ ခေတ်အဆက်ဆက်က ဘုရင်တွေက တိုင်းသူပြည်သားတွေကို ညှဉ်းပန်းနှိပ်စက် မတရားလုပ်ခဲ့ကြတယ်၊ ဒီနောက် ဆင်းရဲသား ပြည်သူတွေနဲ့ တစ်သားတည်းဖြစ်နေတဲ့ တို့ဂိုဏ်းကလဲ ခေတ်အဆက်ဆက်က ဒီဘုရင်တွေကို အမြဲ တော်လှန်ပုန်ကန်မှုတွေ ရှိခဲ့ရတယ်'

စောပုတက်သည် အနည်းငယ် မောပန်းသွားဟန်နှင့် ခေတ္တစကားကိုရပ်လိုက်သည်။ ပြီးမှ ဆက်ပြောသည်။

'အဲဒီမှာတင် ဘုရင်တွေက ငါတို့ ဂိုဏ်းကို မကောင်းဆိုးရွားဂိုဏ်းလို့ ခေါ်ကြတော့တာပဲ၊ နောက်ပိုင်းမှာ ငါတို့ဂိုဏ်းသားတွေဟာလဲ ဘုရင့်တပ်တွေကို ရှောင်တိမ်းပြီး လျှို့လျှို့ဝှက်ဝှက် အလုပ်,လုပ်ကြရတော့တယ်၊ ဒီလိုလုပ်တာကိုပဲ လူတွေက တို့ကို မကောင်းမှုဒုစရိုက်လုပ်ငန်းတွေမို့ လျှို့လျှို့ဝှက်ဝှက် လုပ်နေကြတာလို့ အထင်မှားကြပြန်တယ်၊ အမှန်အတိုင်းပြောရရင် ငါတို့ဂိုဏ်းထဲမှာလဲ အကျင့်စာရိတ္တမကောင်းတဲ့ စုန်းပြူးတချို့လဲ သောကော ရောကောပါလာတော့ သူတို့ရဲ့ ပြစ်မှုတွေကြောင့်လဲ ငါတို့ဂိုဏ်းဟာ ပိုပြီး အထင်လွဲခံလာရတယ်'



ဟူကျင်းသည် စောပုတက်၏ စကားကို စိတ်ဝင်စားစွာနားထောင်နေမိသည်။ အလင်းမာန်ဂိုဏ်းအား အချို့က မကောင်းဆိုးရွားဟု ခေါ်ကြသည့် အကြောင်းရင်းကိုလည်း သိလိုက်ကြရပြီ။ ထိုစဉ် သူ့စိတ်ထဲတွင် အလန့်တကြား တစ်ချက် သိလိုက်ရသည်။

'အလို...ငါ့ရဲ့ ကိုယ်ထဲမှာ အအေးဓာတ် လုံးဝ မရှိတော့ပါလား'

စောစောတုန်းကရှင်ကျင်း၏ ရေခဲလက်ညှိုးအင်္ဂါကြောင့် တစ်ကိုယ်လုံး အေးစက် တောင့်တင်းနေခဲ့သော်လည်း ယခုမူ ပျောက်ကင်းသွားလျက် လူကောင်းပကတိ ဖြစ်နေပြီ။ အမှန်စင်စစ် ဟူကျင်းသည် ဆယ်နှစ်အရွယ်ကတည်းက ရေခဲလက်ဝါးစောင်း၏ အအေးဓာတ်ကို ခံစားလာခဲ့ရလျက် ဆယ့်ခုနစ်နှစ်ကျမှ လုံးဝ ပျောက်ကင်းခဲ့ရသည်။ သူ၏ ကိုယ်ကာယအတွင်းမှ အတွင်းအားသည် နေ့စဉ်နေ့တိုင်းလိုပင် အအေးဓာတ်ကို အမြဲတမ်းခုခံကာကွယ် နေရရာ အချိန်ကြာမြင့်လာသော အခါတွင် မိမိစိတ်ဖြင့် ကာကွယ်ရန်ဟူ၍ပင် ဆုံးဖြတ်ရန် မလိုတော့ဘဲ ခန္ဓာကိုယ်က သူ့ အလိုအလျောက် ကာကွယ်သွားတော့သည်။

များမကြာမီ သူသည် နေစကြာသိုင်းကျင့်စဉ်ကို လေ့ကျင့်အောင်မြင်ခဲ့သည်ဖြစ်ရာ သူ ခံစားနေရသော အအေးဓာတ်သည် လုံးဝ ပျောက်ကင်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဘုန်းကြီး ရှင်ကျင်းသည် ရုတ်တရက် မတ်တတ်ထ ရပ်လိုက်လေပြီ။ ထရပ်လိုက်ရုံမျှမက စောပုတက်၏ စကားကိုလည်း ထောက်ခံလိုက်သေး၏။

'ဟုတ်တယ်...မင်းပြောတာ သိပ်မှန်တယ်။ တကယ်တော့ သေခါနီးလူတွေရဲ့ စကားကတော့ အမှန်တွေချည်း များတတ်ကြတာပါပဲ'

ရန်ရောင်တို့ တစ်သိုက်သည် ရှင်ကျင်း မတ်တတ် ရပ်လိုက်စကားကို တွေ့လိုက်ရသောအခါ 'ဟာ' ခနဲ အာမေဋိတ်သံများ ထွက်သွားသည်အထိ အံ့ဩသွားကြတော့သည်။ ရှင်ကျင်း၏ သိုင်းပညာသည် အဆင့်မြင့်လှချေတကား။

ရန်ရောင်တို့က ဤမျှ တိုတောင်းသောအချိန်အတွင်း ဤသို့ ထရပ်နိုင်လိမ့်မည်ဟု မထင်မှတ်ခဲ့ကြချေ။

ရှင်ကျင်းသည် ရှေ့သို့ ခြေတစ်လှမ်း‚လှမ်းလိုက်သည်။ သူ၏ ခြေလှမ်းသည် နှေးကွေးလေးလံသည် မှန်သော်လည်း လုံးဝ ယိမ်းယိုင်ခြင်းမရှိပေ။ ရန်ရောင်က ပြောလိုက်သည်။

'ရှောင်လင်ဘုရားကျောင်းက ဘုန်းတော်ကြီးခုံးကျက်ရဲ့ တပည့်ကတော့ တကယ်ပဲချီးကျူးစရာ ကောင်းပေသကိုး၊ ဒါနဲ့ နေစမ်းပါဦး၊ မင်းက ဘယ်လိုလုပ်ပြီး ဒီအခန်းထဲအထိ ရောက်အောင်



တက်လာနိုင်ခဲ့တာလဲ၊ ဒါကို ငါ အံ့ဩလို့ မဆုံးဘူး၊ ငါ မသေခင်တော့ ဒီအချက်တစ်ချက်ကို သိသွားချင်သေးတယ်'

ရှင်ကျင်းသည် တဟားဟားရယ်လျက် ရှေ့သို့ ခြေလှမ်း တစ်လှမ်းထပ်လှမ်းလိုက်ပြန်သည်။ သူ တစ်လှမ်း‚လှမ်းလိုက်တိုင်း ရန်ရောင်တို့ အဖို့ သေမင်းနှင့် တစ်ကြိမ်နီးကပ်လာခြင်းပင် ဖြစ်တော့သည်။ ရှင်ကျင်းက...

'မင်းတို့ ဒီအကြောင်းကို မသိဘဲနဲ့ သေရရင် အသေမဖြောင့်ဘူး ဆိုတော့ ငါက ပြောပြ ရသေးတာပေါ့ကွာ၊ ငါ ဒီကို ရောက်လာနိုင်တာကတော့ မင်းတို့ရဲ့ ဂိုဏ်းချုပ်ကြီးနဲ့ သူ့ဇနီးကိုယ်တိုင် ခေါ်လာခဲ့လို့ပဲ'

ထိုစကားကို ကြားလိုက်ရသောအခါ အားလုံး တုန်လှုပ်ချောက်ချားသွားကြသည်။ ချူထင်းမှာမူ စိတ်ကို လုံးဝ မထိန်းချုပ်နိုင်တော့ဘဲ အော်ဟစ်ဆဲဆိုမိသည်အထိ ဖြစ်သွားတော့သည်။

'ထွီ...တော်စမ်းကွာ၊ ဒီလျှို့ဝှက်လိုဏ်ခေါင်းထဲကို ဂိုဏ်းချုပ်ကြီးကလွဲလို့ ဘယ်သူမှ မဝင်ရဘူးကွ၊ မင်းကို တို့ဂိုဏ်းချုပ်ကြီးက ခေါ်ပါ့မလား'

ရှင်ကျင်းသည် အေးဆေးငြိမ်သက်သော လေသံဖြင့် ချူထင်း၏စကားကို တုံ့ပြန် အဖြေပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့က တရားသေ လေ့နံ့မားထစ် မှတ်ထားကြတာကိုး၊ မင်းတို့ဂိုဏ်းချုပ်ကြီးက လျှို့ဝှက်လိုဏ်ခေါင်းထဲ သူ့ မိန်းမကို ခေါ်သွားခဲ့တယ်၊ သူ့မိန်းမက ငါ့ကို တိတ်တဆိတ် ခေါ်သွားခဲ့ပြန်တယ်၊ ကဲ...ဘယ့်နှယ်လဲ၊ ငါ့ကို လိုဏ်ခေါင်းထဲရောက်အောင် ခေါ်ခဲ့တာ သူတို့မဟုတ်ဘူးလား'

ချူထင်းက...

'တိတ်စမ်းကွာ၊မဟုတ်တန်းတရားတွေ လျှောက်ပြောမနေစမ်းနဲ့၊ စကားပြောရင် ယုတ္တိရှိအောင် ပြောကွ'

ထိုစဉ် ရှင်ကျင်း၏ အမူအရာသည် တဖြည်းဖြည်း ဆွေးမြည့်ကြေကွဲဟန်ပေါ်ပေါက်လာသည်။ သံခမော်က်ကမူ စဉ်းစဉ်းစားစားဖြင့် မေးလိုက်သည်။

'ဂိုဏ်းချုပ်ကြီး ရဲ့ဇနီးက မင်းကို လိုဏ်ခေါင်းထဲ ခေါ်သွားခဲ့တယ်လို့ ပြောတယ်နော်၊ ဒီလောက် တင်းတင်းကျပ်ကျပ် လုပ်ထားတဲ့ လျှို့ဝှက်လိုဏ်ခေါင်းထဲကို မင်းကိုခေါ်သွားတယ်ဆိုတော့ အကြောင်းတော့ ရှိရမယ်၊ ဘာ့ အကြောင်းလဲ'

'ဒါက... လွန်ခဲ့တဲ့ အတိတ်ကာလက အကြောင်းတွေပဲ၊ ငါ ဒီနေ့ အသက် ခုနစ်ဆယ် ရှိနေပြီ၊ ကောင်းပြီလေ...၊ ပြောမှတော့ အစအဆုံး လိပ်ပတ်လည်အောင် ပြောတာ အကောင်းဆုံးနေမှာပါပဲ၊ ငါ ဘယ်သူဆိုတာ မင်းတို့ သိရဲ့လား'





အားလုံးက အဖြေမပေးကြပဲ သူ့စကားကိုသာ နားစိုက်ထောင် နေလိုက်ကြသည်။ ရှင်ကျင်းက ဆက်ပြောသည်။

'ရန်ဖော့ထင်းဟာ ငါ့ရဲ့ ဂိုဏ်းတူအစ်ကိုကွ... ရန်ဖော့ထင်းရဲ့မိန်းမဟာ ငါ့ရဲ့ ဂိုဏ်းတူညီမ၊ ငါ ဘုန်းကြီးမဝတ်ခင်တုန်းက ငါ့နာမည် ချန်ခွန်း၊ မိုးကြိုးလက်သီး ချန်ခွန်း ဆိုတာ ငါပဲ'

ထိုစကားကို ကြားလိုက်သောအခါ အားလုံး တုန်လှုပ်ချောက်ချား သွားကြသည်။ သူတို့သည် ရှင်ကျင်းကို ကောင်းစွာကြားခဲ့ဘူးသော်လည်း မိုးကြိုးလက်သီး ချန်ခွန်းကိုတော့ ကောင်းစွာကြားဖူးကြပေသည်။ သူတို့ထက် ပိုဆိုးသည်မှာ ဟူကျင်း ဖြစ်သည်။ ချန်ခွန်းဟူသည့် စကားကို ကြားလိုက်ရသောအခါ ဟူကျင်းထအော်မိတတ် ဖြစ်သွားသည်။

ရေခဲမီးတောင်ကျွန်းတွင် သူ၏ မွေးစားအဖေ ရှက်စွန်း ပြောခဲ့သော ကြေကွဲရင်နင့်စဖွယ်ကောင်းလှသည့် ဇာတ်လမ်းကိုလည်းလည်း သတိရမိ လိုက်လေတော့သည်။

ချန်ခွန်းသည် ရှက်စွန်း၏ ဆရာဖြစ်ပြီး ရှက်စွန်း၏မိသားစုကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သော လူယုတ်မာကြီးပင် ဖြစ်သည်။ ရှက်စွန်းကလည်း ချန်ခွန်းနှင့်တိုက်ခိုက်ရန် ကျားကုတ်ကျားခဲစားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ခွန်းသည် ဘုန်းတော်ကြီး ခုန်းကျက်ထံတွင် တပည့်ခံလျက် သူ့ဆရာ ဘုန်းတော်ကြီးခုံးကျက်အား လိမ်ညာလျက် ရှက်စွန်းကို ထွက်မတွေ့ဘဲနေခဲ့သည့် အကြောင်းများကို ဟူကျင်းကောင်းကောင်း သတိရလိုက်သည်။ ထိုအကြောင်းများကို သိလိုက်ရသောအခါ နာကျည်းခံပြင်းလွန်းလှသဖြင့် မိမိ၏ မွေးစားအဖေကြီး ရှက်စွန်းအား မိမိကတိပေးခဲ့သည့် စကားများကိုလည်း ဟူကျင်း ပြန်လည်ကြားယောင်လာမိတော့သည်။

'အဖေကြီး...အဖေကြီး... မျက်စိမမြင်တော့ ဒီကောင်နဲ့ တိုက်ခိုက်ဖို့ ခက်သွားပြီ မဟုတ်လား၊ ဒါပေမယ့် မပူပါနဲ့ အဖေကြီး၊ ကျွန်တော် ကြီးလာရင် သိုင်းပညာကောင်းကောင်း သင်မယ်၊ အဖေကြီး ကိုယ်စားတိုက်ခိုက်ပေးမယ်၊ အဖေကြီးနဲ့ မိသားစုအားလုံးကို သတ်ခဲ့တဲ့ ချန်ခွန်းကို ကျွန်တော် ကောင်းကောင်းမှတ်ထားမယ်၊ တစ်နေ့ကျရင် အဖေကြီးအတွက် သွေးကြွေးပြန်ဆပ်ပေးမယ်'

ဟူကျင်းသည် ထိုစကားများကို ပြန်လည် ကြားယောင်ရင်းမှ သူ့ မွေးစားအဖေကြီး ရှက်စွန်းသည် ချန်ခွန်းကြောင့် မည်မျှအတိဒုက္ခရောက်ခဲ့သည်ကို ပြန်လည် သတိရပြီး ဒေါသမီးများ တငွေ့ငွေ့ တောက်လောင်လာတော့သည်။

ထိုအခိုက် သူ့တစ်ကိုယ်လုံး မီးမြိုက်ခံရသကဲ့သို့ တစ်ကိုယ်လုံး ပူလောင်လာသည်ကို ခံစားလိုက်ရသည်။



အမှန်စင်စစ် ချန်ခွန်းနှင့် ပတ်သက်ပြီး သူ့အဖေကြီး အကြောင်းကို တွေးမိလိုက်သဖြင့် အလွန်စိတ်ရှုတ်ထွေးခြင်းကြောင့် သူ့ကိုယ်တွင်းရှိ အတွင်းအားများသည် ထိန်းချုပ်မှုလွတ်ကင်းသွားပြီး တစ်ကိုယ်လုံးသို့ ပတ်ချာလည် တိုးဝေ့ပြေးသွားနေခြင်းကြောင့် ဤကဲ့သို့ ပူလောင်လာရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ထိုဝေဒနာခံစားမှုကို အောင့်အည်း မျိုသိပ်၍မနေနိုင်တော့ဘဲ ညည်းညူမိလာတော့သည်။ သူ့ကိုယ်တွင်း လုံ့ညှိပတ် ပြေးလွှားနေသော အတွင်းအားများကို ပုံမှန်အခြေမှန် ရောက်အောင် ထိန်းလေလေ၊ သူ့အတွက် ပို၍ခံစားရလေလေ ဖြစ်လာ၏။ အကြောတိုင်း၏ ဗဟိုချက်မနေရာတိုင်းတွင် နီရဲအောင် မီးအပူပေးထားသော သံချောင်းများဖြင့် ထိုးစိုက်ထားသကဲ့သို့ ခံစားနေရသည်။

ဤသို့ ဖြစ်ရခြင်းမှာ အကြောင်း ရှိပေသည်။

နေစကြာသိုင်းကျင့်စဉ်ကို ဟူကျင်း လေ့ကျင့် သင်ကြားခဲ့ရသည်မှာ ဆရာကောင်းဖြင့် စနစ်တကျ လေ့ကျင့် သင်ကြားခဲ့ရခြင်း မဟုတ်ချေ။ သူတစ်ယောက်တည်း စမ်းတဝါးဝါးဖြင့် လေ့ကျင့်သင်ကြားခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် သူ့ကိုယ်ထဲတွင် နေစကြာအတွင်းအားများ ပြည့်ဝသည်ထက် ပြည့်ဝလာခဲ့သော်လည်း ထိုပြည့်ဝနေသည့် နေစကြာအတွင်းအားများကို နေရာမှန် လမ်းကြောင်းမှန်သို့ ပို့ပေးရန်မှု မတတ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကျိုးဆက်အဖြစ် နေစကြာ အတွင်းအားကို လိုသလို အသုံးမချနိုင်ဘဲလည်း ဖြစ်နေခဲ့ရသည်။

ယခုအခါတွင်မူ ဘုန်းကြီးရှင်ကျင်း၏ အအေးဓာတ်သည် သူ့ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာသောအခါ နေစကြာ အတွင်းအားကို သွားရောက် ထိုးဆွမိလိုက်သလို ဖြစ်သွားပြီး ယမ်းပုံမီးရှို့သကဲ့သို့ ဖြစ်သွားတော့သည်။

ဟူကျင်း၏ ကိုယ်ထဲရှိ နေစကြာ အတွင်းအားများ ပေါက်ကွဲ ထွက်ပေါ်လာတော့သည်။ သို့ရာတွင် သူသည် စောပုတက်၏ အလွန်ခိုင်ခန့်သော အိတ်ကြီးထဲတွင် ပိတ်မိနေသည် ဖြစ်၍ သူ၏ ကိုယ်တွင်းမှ အတွင်းအားများသည် အပြင်သို့ မပေါက်ထွက်နိုင်ဘဲ ဖြစ်နေတော့သည်။

အခြေအနေများသည် ဟူကျင်းအတွက် အရေးအကြီးဆုံးသော အချိန်ကာလအဖြစ်သို့ ဦးတည်ရောက်ရှိလာပြီ ဖြစ်လေသည်။

ယခုအချိန်တွင် သူ၏ ပေါက်ကွဲထွက်နေသော အတွင်းအားများကို လမ်းကြောင်းမှန်ထဲသို့ အောင်မြင်စွာပေးပို့နိုင်လိုက်ပြီ ဆိုပါက သူ၏ ခန္ဓာကိုယ်အတွင်းရှိ အတွင်းအားများကို သူ့စိတ်ကြိုက် လိုအပ်သလို သုံးစွဲသွားနိုင်တော့မည်။



ယခင်ကနှင့် လုံးဝ မတူညီတော့သော အတွင်းအား အလွန်ပြည့်ဝသည့် ဟူကျင်း ဖြစ်လာတော့မည်။

အကယ်၍သာ သူသည် အထိန်းအကွပ်မဲ့လျက် ဖောက်ပြန်ပြေးလွှားနေကြသော သူ၏အတွင်းအားလှိုင်းများကို ထိန်းကြောင်းပြီး လမ်းကြောင်းမှန်သို့ မပို့ပေးနိုင်ပါက အသက်ဆုံးရှုံးရလေတော့မည်။

ဟူကျင်းအဖို့ သေရေးရှင်ရေး အရေးကြီးနေသည့် အချိန်တွင် ရှင်ကျင်းက သူ၏စကားများကို ဆက်လက် ပြောကြားနေသေးသည်။

'ငါနဲ့ ငါရဲ့ ဂိုဏ်းတူညီမလေးဟာ ငယ်ငယ်ကတည်းက ချစ်ကြိုက်လာခဲ့ကြတာ၊ နှစ်ဘက်စလုံးက မိဘတွေကလဲ သဘောတူကြတယ်...၊ ဒါကြောင့်မို့ စေ့စပ်ကြောင်းလမ်းမှုလဲ လုပ်ခဲ့ကြတယ်၊ ဒါပေမယ့် ရန်ဖော့ထင်းက သူ့ကို ကြိုက်လာပြန်ရော၊ ဒါက ပြဿနာအားလုံးရဲ့ အစပေါ့ကွာ၊ နောက်ဆုံး ရန်ဖော့ထင်းဂိုဏ်းချုပ်ကြီး ဖြစ်လာတော့ သူ့အရှိန်အဝါကလဲ သိပ်ကြီးမားလာတော့တာပဲ၊ သူ့အရှိန်အဝါ ကြီးမားလာလေ ငါ ရင်ကွဲဖို့ ဖြစ်လာလေပဲ၊ ငါ့ဂိုဏ်းတူညီမလေးရဲ့ မိဘတွေကလဲ ဂုဏ်ပကာသနကို အင်မတန် မက်ကြ

www.burmeseclassic.com

www.burmeseclassic.com



တာကလား၊ နောက်ဆုံးတော့ ရန်ဖော့ထင်းက ငါ့ချစ်သူကို လက်ထပ်ယူလိုက်တော့တာပဲ၊ တကယ်တော့ ငါ့ချစ်သူရဲ့ စိတ်ဓာတ် မတည်ကြည် မခိုင်မာလို့လဲ ဖြစ်ရတာပေါ့လေ'

ဟူကျင်းနှင့်တကွ ရန်ရောင်တို့အားလုံးသည် ရှင်ကျင်း၏ စကားများကို အလွန် စိတ်ဝင်စားနေမိကြသည်။

ရှင်ကျင်း၏ နှလုံးသားရေးရာ ကိစ္စများသည် မိမိတို့ အလင်းမာန်ဂိုဏ်းကြီး ပြိုကွဲရမည့် အခြေအနေများနှင့် လာရောက်ဆက်စပ်နေသည် မဟုတ်ပါလား။

ရှင်ကျင်းကမူ သူ့စကားများကို ဆက်ပြောပြန်သည်။

'နောက်ပိုင်း ဖြစ်လာတာက ငါ့ချစ်သူဟာ ရန်ဖော့ထင်းနဲ့ လက်ထပ်ပြီးတဲ့နောက်ကျတော့ မပျော်ပြန်တော့ဘူး၊ ဘယ်ပျော်မလဲ သူက ချစ်လို့ လက်ထပ်တာမှ မဟုတ်တာ၊ ဂိုဏ်းပကာသနတွေကြောင့်သာ ရောယောင်ပြီး လက်ထပ်လိုက်တဲ့ ဥစ္စာ၊ နောက်ဆုံး ငါ့ချစ်သူနဲ့ ငါဟာ အမြဲတမ်း တိတ်တဆိတ် ချိန်းတွေ့နေကြတော့တာပဲ'

ရန်ရောင်တို့သည် ရန်ဖော့ထင်း၏ဇနီး သစ္စာမဲ့မှုအတွက် စိတ်မသက်မသာ ဖြစ်သွားကြရသည်။



'မင်းတို့ သိချင်တဲ့အကြောင်း ရောက်လာပြီ၊ ရန်ဖော့ထင်းဟာ သူ့မိန်းမကို အင်မတန် အလိုလိုက်တဲ့လူ၊ သည့်ပြင်လူတွေရဲ့ စကားကိုသာ ဖယ်ရှားချင် ဖယ်ရှားမယ်၊ သူ့မိန်းမစကားကိုတော့ ဘယ်တော့မှ မဖယ်ရှားဘူးကွ၊ သူ့မိန်းမက မင်းတို့ဂိုဏ်းရဲ့ လျှို့ဝှက်လိုဏ်ခေါင်းထဲ ခေါ်သွားဖို့ ပြောတော့ ခေါ်သွားတော့တာပဲ၊ ဟား...ဟား...ဟား...အဲဒီ အချိန်ကစပြီး မင်းတို့ အမှန်အမြတ်ထားတဲ့ လျှို့ဝှက်လိုဏ်ခေါင်းကြီးဟာ ငါနဲ့ ငါချစ်သူတို့ ဖျော်ဖြေကျင်းတဲ့ နေရာကြီး ဖြစ်သွားတော့တာပဲ၊ ဟား...ဟား...ဟား...'

ရန်ရောင်တို့သည် ရှင်ကျင်း၏ စကားများအတွက် မျက်နှာများ နီရဲတက်လာသည်အထိ ဒေါသထွက်လာကြသော်လည်း မည်သို့ ပြန်ပြောရမှန်း မသိကြတော့သဖြင့် အံတကြိတ်ကြိတ်နှင့်သာ နားထောင် နေလိုက်ကြရတော့သည်။

'ဒီ လျှို့ဝှက်လိုဏ်ခေါင်းထဲ ငါရောက်ခဲ့တဲ့အကြိမ်ပေါင်း ဘယ်နည်းတော့မလဲ၊ ဒါကြောင့်မို့ မင်းတို့ရဲ့ အတွင်းခန်းထဲကို အလွယ်တကူ ငါ ရောက်လာနိုင်တာပေါ့ကွ၊ ရှင်းပလား၊ ဟား... ဟား... ဟား...'

ရန်ရောင်တို့သည် ဒေါသများလည်း ထွက်ခဲ့ကြရဖြီး ရှင်ကျင်း မည်သို့မည်ပုံ သည်အခန်းထဲ ရောက်နိုင်ခဲ့သည်ကိုလည်း ရှင်းရှင်းလင်းလင်း သိခဲ့ရပြီ။ ရှင်ကျင်းက ရယ်မောရင်း...

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ... မင်းတို့က မကျေနပ်ဘူးလား၊ ဟင်း... ငါ့ချစ်သူကို ရန်ဖော့ထင်းက ငါ့လက်ထဲက လုသွားကတည်းက ငါကတိပြုထားတယ်ကွ၊ ငါ မသေသေးသရွေ့ ရန်ဖော့ထင်းကို သတ်မယ်လို့၊ နောက်ပြီး အလင်းမာန်ဂိုဏ်းကို ဖြိုခွဲဖျက်ဆီးပစ်မယ်လို့၊ ဟင်း... ဟင်း...ဟင်း...၊ အခုတော့ ငါ အကြံအောင်ပြီကွ... အောင်ပြီ၊ မင်းတို့ ဘာတတ်နိုင်သေးလဲ'

ရန်ရောင်က ရုတ်တရက် ဝင်ပြောလိုက်သည်။

'လက်စသတ်တော့ ဂိုဏ်းချုပ်ကြီး ရုတ်တရက် သေဆုံးသွားတာ မင်းရဲ့ လက်ချက်ကြောင့်ကိုး...'

ရှင်ကျင်းက...

'ရန်ဖော့ထင်းရဲ့ သိုင်းပညာက ငါ့ထက် အများကြီး တော်တယ်၊ အတွင်းအားလည်း အများကြီး ကောင်းတယ်၊ ငါ့ရဲ့ ဂိုဏ်းတူအစ်ကို ဆိုတော့ သူ့ အကြောင်း ငါ ကောင်းကောင်း သိတာပေါ့'

ချူထင်းက အော်ဟစ်စွပ်စွဲလိုက်သည်။

'ဒီလိုဆိုရင် မင်းက တို့ ဂိုဏ်းချုပ်ကြီးကို မိန်းမကျင့် မိန်းမကြံနဲ့ သတ်ပစ်လိုက်တာပေါ့လေ၊ အတော်ဆိုးလွန်းတဲ့အကောင်'

ရှင်ကျင်းက ချက်ချင်း ငြင်းဆန်သည်။

'ဒါတော့ မဟုတ်ဘူးကွ၊ ငါ့ရဲ့ ချစ်သူ ငါ့ရဲ့ဂိုဏ်းတူ ညီမလေးက ငါ့ကို ပြင်းပြင်းထန်ထန် သတိပေးထားခဲ့တယ်၊ ငါက



ရန်ဖော့ထင်းကို ဘယ်တော့မှ မလုပ်ကြံ မသတ်ဖြတ်ရဘူးတဲ့၊ သတ်ဖြတ်ရင် ငါ့ကို သူ ဘယ်တော့မှ ခွင့်မလွှတ်ဘူးတဲ့၊ သူ့အနေနဲ့ အခုလို ငါနဲ့ ဖောက်ပြားကျူးလွန်နေတာတောင် အင်မတန် သစ္စာမဲ့ရာ ကျနေပြီတဲ့၊ ရန်ဖော့ထင်းကို ဒီလို လုပ်ကြံလိုက်ရင် ငါတို့လောက် ကောင်းတဲ့လူ ဒီလောကထဲမှာ မရှိတော့ဘူးတဲ့၊ ကဲ...ငါက ဘယ်လို လုပ်ပြီး ရန်ဖော့ထင်းကို သတ်ပစ်နိုင်တော့မှာလဲ၊ ရန်ဖော့ထင်းဟာ သူ့ဘာသာသူ သေသွားတာပါ'

ရန်ရောင်တို့သည် မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် ဟာခနဲ ဖြစ်သွားကြသည်။ ရှင်ကျင်းက စိတ်လိုလက်ရ ဆက်ပြောလေသည်။

'တစ်ညမှာ ငါနဲ့ ငါ့ချစ်သူ လိုဏ်ခေါင်းထဲမှာ ချိန်းတွေ့ကြတယ်၊ တို့နှစ်ယောက်ကတော့ ပျော်လို့ပေါ့၊ ဒီတစ်ခါမှာ ငါတို့နှစ်ယောက်စလုံး ရုတ်တရက် လန့်သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘစ်ဘက်ခန်းထဲက အသက်ရှူသံပြင်းပြင်းကြီးကို ကြားလိုက်ရလို့ပဲ၊ တို့နှစ်ယောက်စလုံး တုန်လှုပ်ချောက်ချားသွားပုံကတော့ ပြောစရာလိုတော့မယ် မထင်ဘူး၊ ဒါပေမယ့် တို့နှစ်ယောက်စလုံး အရဲစွန့်ပြီး သွားကြည့်တော့ ဘယ်သူ့ကို တွေ့တယ်မှတ်သလဲ၊ ရန်ဖော့ထင်းပေါ့ ကွ၊ ရန်ဖော့ထင်းလက်ထဲမှာလဲ သားရေတစ်ချပ်ကိုင်ထားတယ်၊ မျက်နှာကြီးတစ်ခုလုံးလဲ နီရဲနေတာပဲ၊ သူ တို့နှစ်ယောက်ကိုလဲ တွေ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှေ့ 'တော်တယ်၊ မင်းတို့နှစ်ယောက်စလုံး တကယ်တော်တဲ့ သစ္စာရှိတဲ့ မိန်းမနဲ့၊ သစ္စာရှိတဲ့ ညီတွေပဲလို့' ပြောလိုက်တယ်၊ ဒီလို ပြောနေတဲ့ အချိန်မှာ သူ့မျက်နှာဟာ ရုတ်တရက် နီရာက စိမ်းသွားတယ်၊ စိမ်းရာက နီလာတယ်၊ တစ်ခဏကလေးမှာ သူ့မျက်နှာဟာ အရောင် သုံးခါတိတိပြောင်းသွားတယ်၊ ရန်ရောင် အဲဒါ ဘာ သိုင်းပညာ လဲ မင်းသိသလား'

ရန်ရောင် ရုတ်ခြည်း ဖြေလိုက်သည်။

'ဒါလား... ဒါက ကျုပ်တို့ဂိုဏ်းရဲ့ အားအထားရဆုံး အားပြောင်းအားလွှဲ သိုင်းပညာကြီးပဲ'

ချူထင်းက လွှတ်ခနဲ ဝင်မေးလိုက်သည်။

'ရန်ရောင်... မင်းကော ဒီသိုင်းပညာကြီးကို ကျင့်လို့ ရသွားပြီလား'

ရန်ရောင်က...

'ကျင့်လို့ ရပြီလို့ ပြောရမှာလဲ ခပ်ခက်ခက်ပဲကွ၊ အဲဒီ တစ်နှစ်တုန်းက ဂိုဏ်းချုပ်ကြီးက ငါ့အရည်အချင်းကို နည်းနည်း သဘောကျသွားပုံရတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီ အားပြောင်း အားလွှဲသိုင်းပညာရဲ့ အခြေခံအဆင့်ကို နည်းနည်းသင်ပေးခဲ့တယ်၊ ငါကလဲ ဝမ်းသာအားရနဲ့ ကြိုးစားခဲ့တာပဲ၊ ဒါ ဘယ်နှစ်နှစ်လောက် ကြိုးစားလေ့ကျင့်ခဲ့ရတယ် မှတ်သလဲ၊ ဆယ်နှစ်ကျော်ကျော်ကြာ



ခဲ့တယ်ကွ၊ အဲဒီ ဆယ်နှစ်ကျော်ကျော်အတွင်းမှာ ငါ ဘယ်လောက် တတ်ခဲ့တယ် ထင်သလဲ၊ အဆင့်နှစ်လောက်ပဲ တတ်ခဲ့တယ်၊ အဲဒီ အဆင့်နှစ်ကနေ ပိုတက်အောင်ကို ကြိုးစားလို့ မရတော့ဘူး'

ရန်ရောင်က အားပြောင်းအားလွှဲသိုင်းပညာ၏ လမ်းစကိုရခဲ့သော်လည်း ထိထိရောက်ရောက်တတ်မြောက်ခဲ့ခြင်း မရှိသဖြင့် အားမလိုအားမရ ဆက်ပြောနေသည်။

'ဂိုဏ်းချုပ်ကြီးက ငါ့ကို တစ်ခါတော့ ပြောဖူးတယ်၊ ဒီ သိုင်းကျင့်စဉ်ကို အဆင့်ခြောက်အထိ အမြင့်ဆုံးရခဲ့တဲ့ ဂိုဏ်းချုပ်က တို့ အလင်းမာန်ဂိုဏ်းထဲမယ် တစ်ယောက်တည်းရှိခဲ့တယ်လို့ ပြောဖူးတယ်၊ ဒါတောင် အဆင့်ခြောက်ကို အောင်အောင်မြင်မြင်ရလိုက်တာ မဟုတ်ဘူး၊ အဆင့်ခြောက်လဲ ရပြီးရော အဲဒီ ဂိုဏ်းချုပ်ကြီးဟာ သူ့အတွင်းအားကို သူမထိန်းနိုင်တော့ဘဲနဲ့ ဒုက္ခိတ ဖြစ်သွားခဲ့တယ် တဲ့၊ အခု ဂိုဏ်းချုပ်ကြီးရဲ့ မျက်နှာဟာ အရောင်သုံးကြိမ်ပြောင်းတယ် ဆိုတော့ အဆင့်ငါးအထိ ရောက်ခဲ့တာပေါ့'

ရန်ရောင်မှအပ ကျန်လူများသည် အားပြောင်းအားလွှဲ သိုင်းပညာအကြောင်းကို ဤမျှပြည့်ပြည့်စုံစုံ မကြားခဲ့ဘူးကြသဖြင့် ဘာအံ့တသြ နားထောင်နေမိကြသည်။ ထိုစဉ် ချူထင်းက ဝင်၍...

'ရှင်ကျင်း၊ ငါတို့ဂိုဏ်းချုပ်ကြီး ဘယ်လို သေဆုံးခဲ့တယ် ဆိုတာ ပြောပြစမ်းပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရှင်ကျင်းက ဆက်ပြောသည်။

'ရန်ဖော့ထင်းရဲ့ ကြောက်စရာ မျက်နှာကြီးလဲတွေ့ရော တို့နှစ်ယောက် ကြောက်လိုက်ကြတာ၊ တဆတ်ဆတ်ကို တုန်နေတာပဲ၊ သူကသာ တိုက်ခိုက်ရင် တို့နှစ်ယောက် ဘယ်လိုမှ အသက်ရှင်စရာလမ်း မရှိဘူး၊ ဒါကို ငါ့ချစ်သူ ဂိုဏ်းတူ ညီမလေးက သိတော့... 'အစ်ကိုကြီး ဒီကိစ္စတွေအားလုံးရဲ့ တရားခံဟာ ကျွန်မပါ၊ ကျွန်မ အပြစ်တွေချည်းပါပဲ၊ အစ်ကို ချန်ခွန်းကို ခွင့်လွှတ်လိုက်ပြီး ကျွန်မကို ကြိုက်သလို အပြစ်ပေးပါတော့' လို့ အရဲစွန့်ပြီး ပြောလိုက်တယ်၊ ရန်ဖော့ထင်းဟာ သူ့မိန်းမရဲ့စကားကို ကြားလိုက်ရတဲ့အခါကျတော့မှ သူ့ကိုယ်သူ အင်မတန် ဝမ်းနည်းကြေကွဲသွားပုံ ရတယ်၊ စကားကိုလဲ ဖြည်းဖြည်းချင်း ပြောလိုက်တယ်၊ 'အင်း... ငါဟာ မင်းရဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ခဲ့ရပေမယ့် မင်းရဲ့နှလုံးသားကို မရနိုင်ခဲ့ဘူး' လို့ ပြောပြီးတာနဲ့ သူ့မျက်လုံးနှစ်ဘက်က သွေးတွေ စီးကျလာတော့တာပဲ၊ တစ်ကိုယ်လုံးလဲ တောင့်ခဲသွားတယ်၊ ငါ့ရဲ့ချစ်သူက အလန့်တကြားအော်ပြီး ရန်ဖော့ထင်းရဲ့ လက်ကို လှမ်းဆွဲလိုက်တယ်၊ ရန်ဖော့ထင်း အသက်မရှိတော့ဘူး၊ ငါ့ရဲ့ချစ်သူလဲ သိပ်စိတ်ထိခိုက်သွားပြီ ဆိုတာ ငါသိလိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရန်ဖော့ထင်း သေဆုံးသွားတော့မှ ရန်ဖော့ထင်းရဲ့ အချစ်ကို နားလည်သွားလို့ပဲ'

ရှင်ကျင်းသည် သူ့ဂိုဏ်းတူညီမလေးအကြောင်း ရောက်တိုင်း သူ့အသံ အလွန် ဆွေးဆွေးမြည့်မြည့် ဖြစ်သွားသည်ကို အား



...းက သတိပြုမိကြသည်။ ဤမျှ အချစ်ကြီးခဲ့သဖြင့်လည်း အလင်း ...န်ဂိုဏ်း ဤသို့ ကံဆိုးမိုးမှောင်ကျခဲ့ရခြင်း ဖြစ်ပေတော့သည်။

ရှင်ကျင်းက စကားစမပြတ်သေးသော သူ့စကားများကို ...တ်ပြောသည်။

'ငါ့ရဲ့ ချစ်သူ စိတ်ထိခိုက်မှန်းသိလို့ ငါက ချော့မော့နှစ်သိမ့် ...တ်ရတယ်၊ အစ်ကိုကြီး ရန်ဖော့ထင်းဟာ သိုင်းပညာ လေ့ကျင့်နေ ...န်း အတွင်းအားလှိုင်းတွေက ကမောက်ကမဖြစ်ပြီး အသက်ဆုံးရှုံး ...ရတာပါလို့ ငါက နှစ်သိမ့်လိုက်ရတယ်၊ ဒါပေမယ့် ငါ့ချစ်သူက ...ာ့ သူ့ကြောင့် ရန်ဖော့ထင်း သေသွားရတယ်ဆိုတာ ကောင်း ...ာင်း သိနေတယ်၊ သူ စိတ်ပြေသွားအောင် ဘယ်လိုချော့ရမလဲလို့ ...ားနေတုန်း သူက ငါ့နောက်ကျောဘက်ကို လက်ညှိုးထိုးပြီး ...ာ ဘယ်သူလဲလို့ ရုတ်တရက် အော်လိုက်တော့ ငါလဲ ကမန်း ...ာန်း လှည့်ကြည့်လိုက်တယ်၊ ဘယ်သူမှလဲ မရှိဘူး၊ ဒီဘက်လဲ ...လှည့်လိုက်ရော ငါ့ချစ်သူဟာ သူ့ရင်ဝကို သူ့ဓားနဲ့ ထိုးစိုက်ပြီး ...ာက်ထွက်နေတာ တွေ့ရတော့တာပဲ၊ ရန်ဖော့ထင်းအတွက် သူ့ ...ပြစ်တွေကို ဒီလိုပေးဆပ်မှပဲ ကျေမယ်လို့ သူထင်သွားပုံရတယ်'

ရှင်ကျင်းသည် သူတို့၏ အတိတ်ဇာတ်ကြောင်းကို ရှည် ...ွာ ရှင်းပြရင်းမှ ခေတ္တနားလိုက်၏။ ထို့နောက် တင်းမာသော ...ံဖြင့် ဆက်ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီနောက်တော့ ငါ ကွင်းမိန်တောင်ပေါ်က ပြန်ဆင်းလာတော့တာပေါ့၊ ဘယ့်လိုပဲဖြစ်ဖြစ်' အလင်းမာန်ဂိုဏ်းကိုတော့ ငါ စိတ်မကျေဘူး၊ အလင်းမာန်ဂိုဏ်းကို ဖြိုခွဲဖျက်ဆီးဖို့ သန္နိဋ္ဌာန်လဲ ခိုင်ခိုင်မာမာချလိုက်တယ်၊ ငါ မြေပြန့်ရောက်တော့ ငါတပည့် ရှက်စွန်းကို ရှာတယ်၊ လား...လား... လက်စသတ်တော့ ငါ့တပည့် ရှက်စွန်းကလည်း အလင်းမာန်ဂိုဏ်းသား ဖြစ်နေတာကိုး၊ ဒီတော့ ငါက ဒီဂိုဏ်းထဲက ထွက်ဖို့ သူ့ကို ပြောတယ်၊ ဒါပေမယ့် သူက ငါ့စကားကို နားမထောင်ဘူး'

ဟူကျင်းသည် ရှွင်ကျင်း၏ အတိတ်ဇာတ်ကြောင်းကို စိတ်ဝင်စားစွာ နားထောင်နေရာမှ သူ့မွေးစားဖခင်ကြီးရှက်စွန်း အကြောင်း ပါဝင်လာသံကို ကြားလိုက်ရသဖြင့် ပို၍ ဂရုတစိုက်နားထောင်လိုက်မိသည်။

'ရှက်စွန်း ငါ့စကား နားမထောင်တော့ ငါ တော်တော် စိတ်ဆိုးသွားတယ်၊ ဒါပေမယ့် ချက်ချင်း အကြံတစ်ခု ရလာတယ် ငါ တစ်ယောက်ထဲနဲ့ ဒီ အလင်းမာန်ဂိုဏ်းကြီးကို ဖြိုခွဲဖို့ဆိုတာ တကယ်တော့ မလွယ်လှဘူး၊ ဒီဂိုဏ်းကြီးက နယ်နယ်ရရဂိုဏ်းကြီး မဟုတ်ဘဲ၊ ငါသိတာပေါ့၊ ငါ့အကြံကတော့ တခြားတော့ မဟုတ်ဘူး သူတို့ ဂိုဏ်းဝင်အချင်းချင်း စိတ်ဝမ်းကွဲအောင် လုပ်ဖို့ပဲ၊ သွေးခွဲခြင်းဟာ ပျက်စီးခြင်းလမ်းစပဲ မဟုတ်လား၊ ဒါမှ ဒီဂိုဏ်းကြီး ဖြိုရလွယ်မှာ'



ရှန်ရောင်တို့သည် ရှွင်ကျင်း၏ စကားကို ကြားလိုက်ရသော အခါ သူတို့တတွေ၏ရင်ထဲ၌ နာကျင်သွားကြပြီး နောင်တ အကြီးအကျယ် ရမိကြတော့သည်။ သူတို့တတွေသည် အချင်းချင်း စိတ်ဝမ်းကွဲလျက် ကိုယ့်သေတွင်းကိုယ်တူး နေခဲ့ကြသည်။ အမှန်စင်စစ် ရန်သူက သူတို့အား တိတ်တဆိတ်လုပ်ကြံနေခြင်းသာ ဖြစ်တော့သည်။

ရှွင်ကျင်းက ဆက်၍ ပြောသည်။

'ဒါနဲ့ တစ်နေ့တော့ အရက်မူးချင်ဟန်ဆောင်ပြီး ရှက်စွန်းတို့ တစ်အိမ်သားလုံးကို သတ်ပစ်လိုက်တယ်၊ ငါက တမင်ကို ရက်ရက်စက်စက် လုပ်တာပဲ၊ ငါ့ ရည်ရွယ်ချက်က အလင်းမာန်ဂိုဏ်း ပျက်စီးဖို့ပဲ၊ ဒီဂိုဏ်း ပျက်စီးဖို့ဆိုရင် ဘယ်သူ့ကို ဆတေးရ စတေးရ ငါကတော့ လုပ်ရမှာပဲ၊ ဟား...ဟား...ဟား...၊ ငါက ငါ့တပည့် ရှက်စွန်း အကြောင်း ကောင်းကောင်း သိတာပေါ့၊ ဒီကောင် သူ့ အိမ်သားတွေအတွက် ငါ့ကို လိုက်ရှာပြီး တိုက်ခိုက်မယ်၊ အဲ... ဒါပေမယ့်... ငါ့ကို မတွေ့ဘူးဆိုရင်တော့ ဒီကောင် လူတွေ လျှောက်သတ်တော့မှာပဲ'

★☆★☆★

F - 3 (A)

www.burmeseclassic.com

www.burmeseclassic.com



# အားပြောင်းအားလွှဲ သိုင်းပညာ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၆)

## ဓားပြောင်းဓားလွှဲ သိုင်းပညာ

ဟွကျင်းသည် ရှင်ကျင်း၏ စကားများကို ကြားလိုက်ရသောအခါ သူ့နားထဲသို့ သံရည်ပူများလောင်းထည့်လိုက်သကဲ့သို့ ခံစားလိုက်ရပြီး ဒေါသ အကြီးအကျယ်ထွက်လာတော့သည်။ သူ့ ဇနီးအဖေကြီးရှက်စွန်းသည် ရှင်ကျင်း၏ ထောင်ချောက်ထဲ ကျခဲ့မိခြင်း ဖြစ်သည်ကို သိလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'တော်ငှတ်ဆိုးတဲ့လူပဲ၊ ဒီဂိုဏ်းကို တိုက်ခိုက်တာ ဒီပြင် နည်းနဲ့ တိုက်ခိုက်တာ မဟုတ်ဘူး၊ ငါ့အဖေကြီးရဲ့ ဘဝပျက်အောင် လုပ်ပြီးတော့မှ တိုက်ခိုက်ရတယ်လို့'

ရွှင်ကျင်းကမူ အားရကျေနပ်စွာဖြင့် သူ့အစီအစဉ်များ အံဝင်ဂွင်ကျ အောင်မြင်ခဲ့ပုံများကို ဆက်ပြောနေသည်။

'ရှက်စွန်းက လူတွေကို လျှောက်သတ်ပြတယ်၊ ငါ သူ့ရှေ့ ထွက်လာအောင်လို့ပေါ့၊ ဟား...ဟား...ဟား... ငါက ဘယ် ထွက်မလဲ၊ ငါက တမင်ပုန်းနေတဲ့ လူပဲ၊ နောက်တော့ လူတွေ သေသွားတဲ့ လူတွေဟာ ရှက်စွန်းရဲ့ လက်ချက်ဆိုတာ သိသွား တော့ အလင်းမာန်ဂိုဏ်းကို ပိုမုန်းသွားကြတာပေါ့၊ ပိုပြီး ရန်ညှိုးဖွဲ့ တာပေါ့၊ တစ်ခါတည်း ငါ့ဆင်ကွက်ထဲ ဝင်လာတာပဲ၊ မင်းတို့ဂိုဏ်း မှာက ရန်သူတွေ ဝိုင်းဝိုင်းလည် မင်းတို့က အချင်းချင်း ဂိုဏ်းချုပ် နေရာလုပြီး သတ်ကြဖြတ်ကြနဲ့ ကွဲကြပြဲကြနဲ့၊ ဟား...ဟား...ဟား ငါ့ အဖို့ကတော့ တကယ် ကြည့်ကောင်းတဲ့ ပွဲပဲ'

ထိုစဉ် ဟူကျင်း၏ တစ်ကိုယ်လုံးသည်အဆုံးစွန်သော အတိုင်းအတာအထိ တုန်လှုပ်သွားပြီး သူ၏ အတွင်းအားများသည် အပြင်သို့ အန်ထွက်လာတော့သည်။ ထို့ကြောင့် အလုံပိတ်ထားသည့် အိတ်ကြီးသည် တဖြည်းဖြည်း ဖောင်းကားလာတော့၏။



ထိုအခိုက်ပင် ရွှင်ကျင်း၏ နောက်ဆုံး စကားသံကို ကြား လိုက်ရသည်။

'ကဲ...မင်းတို့အားလုံးဖာတ်ရည်လည်သွားကြပြီ မဟုတ် လား၊ ဒီတော့ အသေဖြောင့်နိုင်ရောပေါ့၊ သေဖို့လဲ ပြင်ပေတော့'

သူသည် ပြောပြောဆိုဆိုနှင့်ရန်ရောင်၏ ခေါင်းကို လက် ဝါးစောင်းဖြင့် ရိုက်ချလိုက်သည်။ ထိုစဉ် ဟူကျင်းသည် ခုန်ထ လိုက်ပြီး ဘောလုံးကြီးသဖွယ် ရွှင်ကျင်း၏ လက်ဝါးစောင်း ကြား မှာဝင်ခံလိုက်သည်။

ရွှင်ကျင်းသည် နဂိုကတည်းက ဒဏ်ရာ ရထားသူ ဖြစ် သည်။ ဒဏ်ရာလည်း လုံးဝပျောက်၍ ထရပ်နေခြင်း မဟုတ်ပေ။ ရန်ရောင်တို့ကို သတ်ရန်အတွက် အားတင်း ကြိုးစားလျက် ထရပ် နေခြင်းသာ ဖြစ်သည်။

ယခုမူ သူ့လက်ဝါးက ရန်ရောင့်ကို မရိုက်မိတော့ဘဲ အိတ် ကြီးကို ရိုက်လိုက်မိသောအခါ နောက်သို့ ယိမ်းယိုင် ဆုတ်ခွာ သွားရ လေတော့သည်။

သူသည် ဒေါသဖြင့် အော်လိုက်သည်။

'ဟယ်...ဒီကောင်လေး'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းမှာမူ သူ့ ပါးစပ် တစ်မှုလုံး ခြောက်သွေ့ နေလျက် သူ၏ တစ်ကိုယ်လုံး၌လည်း အတွင်းအားလှိုင်းများက အလွန် လျင်မြန်သော နှုန်းဖြင့် စီးဆင်းနေပေသည်။

ရှင်ကျင်းသည် ဒေါသ အလွန် ထွက်နေသော်လည်း သူ့စိတ်ကို ပြန်လည် ထိန်းသိမ်းလိုက်သည်။ ပွဲသိမ်းကျမှအဖျက် ပေါ်နေသည် မဟုတ်ပါလော။

ရှင်ကျင်းသည် လက်ဝါးစောင်းဖြင့် အိတ်ကြီးကို တစ်ချက် ထပ်မံ ရိုက်လိုက်ပြန်သည်။ သို့သော် အိတ်ကြီး၏ တန်ပြန်အားကြောင့် နောက်ဘက်သို့ထပ်မံ ဆုတ်သွားရပြန်တော့သည်။

နှစ်ကြိမ်မျှနောက်ဆုတ်လိုက်ရသောအခါ ရှင်ကျင်းသည် တုန်လှုပ်ချောက်ချားသွားတော့သည်။ သူ ကြုံတွေ့နေရသည့် အခြေအနေကိုလည်း နားမလည်နိုင်အောင် ဖြစ်နေတော့သည်။

သူသည် တတိယအကြိမ် ခြေတစ်လှမ်းတက်၍ လက်ဝါးစောင်းဖြင့် ထပ်ရိုက်လိုက်ပြန်သည်။ အိတ်ကြီးမှာမူ သောလုံးကဲ့သို့ လွင့်စဉ်ထွက်သွားသည်။ ရှင်ကျင်းကိုယ်တိုင်လည်း နောက်ဘက်သို့ ထပ်မံ ယိမ်းယိုင် သွားပြန်တော့သည်။

အခန်းထဲမှ လူများသည် သူတို့ သေရမည့်အရေးထက် ဤထူးဆန်းသော အဖြစ်အပျက်ကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်



အံ့တသြ ဝိုင်းကြည့် နေမိကြတော့သည်။ အဖြစ်ကလည်း အံ့သြစရာ မဟုတ်ပါလား။

ရှင်ကျင်းက စိတ်ထဲတွင် ပြောလိုက်သည်။

'ဒီကောင်လေးနဲ့ ပြိုင်မနေရတော့ဘူး။ ငါ့အလုပ်က ဟိုကောင်တွေကို သတ်ဖို့ပဲ'

သူသည်အိတ်ကြီးကို ခြေထောက်ဖြင့် အပြင်ဘက်သို့ ကန်ထုတ်ပစ်လိုက်သည်။ ထိုအိတ်ကြီးသည် အပြင်ဘက်သို့ ထွက်မသွားဘဲ တံခါးနှင့် ဆောင့်ပြီး အရှိန်အဟုန်ပြင်းစွာဖြင့် တန်ပြန်ကန်ထွက်လာတော့သည်။

ရှင်ကျင်းသည် ကမန်းကတန်း လက်ဝါးနှစ်ဘက်ဖြင့် အားတွန်းထုတ်လိုက်ရတော့သည်။

မိုးခြိမ်းသံ ကဲ့သို့သော ပေါက်ကွဲသံကြီးကို ကြားလိုက်ကြပြီးနောက် အိတ်ကြီးသည် အစိတ်စိတ် အမြွှာမြွှာ ကွဲထွက်သွားတော့သည်။ ဟူကျင်းမှာမူ မြေပြင်တွင် ငြိမ်သက်စွာ ရပ်လျက် ရှိနေသည်။

သို့သော် သူ့ မျက်နှာတွင်မူ တွေဝေနေသော အမူအရာမျိုး ... သည်နိုင်သော အမူအရာမျိုး ပေါ်ပေါက်လျက်ရှိနေပေသည်။

အမှန်စင်စစ်...ထိုတဒင်္ဂ အချိန်လေးအတွင်း ဟူကျင်း၏ ကိုယ်ထဲရှိ နေစကြာ သိုင်းအားများသည် သူတို့ လှည့်ပတ်ရမည့်

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိသွားခြင်းသာ ဖြစ်တော့သည်။

ဟူကျင်း၏ တစ်ကိုယ်လုံးရှိ အကြောများသည် အားလုံး ပွင့်သွားပြီ ဖြစ်သဖြင့် အတွင်းအားလှိုင်းများသည် အစီအစဉ်တကျ လျှင်မြန်သောနှုန်းဖြင့် လှည့်ပတ်ပြေးလွှား နိုင်လာတော့သည်။

ရှင်ကျင်းသည် ဟူကျင်း တွေဝေ ရပ်နေသည်ကို မြင်သော အခါ အခွင့်ကောင်းကို လက်လွှတ်မခံတော့ဘဲ ဟူကျင်း၏ ရင်ဝကို လက်ညှိုးဖြင့် ထိုးစိုက်လိုက်တော့သည်။ ဟူကျင်းသည် ရုတ်တရက် တုန်လှုပ်သွားကာ နောက်သို့ တစ်လှမ်း ခုန်ဆုတ်လိုက်ရတော့သည်။

သူ မည်သို့ပင် နောက်ဆုတ်လိုက်သော်လည်း သူ၏ အတွင်းအားကမူ အလွန် ပြည့်ဝနေသဖြင့် သူ ဆုတ်သကဲ့သို့ လိုက် ဆုတ်သွားသည် မဟုတ်ချေ။

ရှင်ကျင်း၏ လက်ညှိုးထဲသို့ တန်ပြန် အင်အားများက ပြန်လည် ဝင်ရောက်သွားတော့သည်။

ရှင်ကျင်း၏ လက်ညှိုးမှာ ရေခဲလက်ညှိုးဖြစ်သဖြင့် အအေး ဓာတ် ဖြစ်သည်။ ဟူကျင်း၏ အတွင်းအားမှာ နေစကြာ သိုင်းကျင့်စဉ် ဖြင့်ရထားသော အတွင်းအား ဖြစ်သဖြင့် အပူဓာတ်ဖြစ်သည်။ အားနှစ် ခု ထိခိုက်မိသွားကြစဉ် အားကြီးသူက လွှမ်းမိုး အနိုင်ယူသည်မှာ ဓမ္မတာပင် ဖြစ်သည်။



ယခုအချိန်တွင် ဟူကျင်း၏ အတွင်းအားသည် ပြိုင်စံရှား လောက်အောင် ပြည့်ဝနေပြီ၊ ရှင်ကျင်းမှာမူ နဂိုကတည်းက ဒဏ်ရာ ရထားသူဖြစ်သဖြင့် ဟူကျင်း၏ အတွင်းအားကို မည်သို့မျှ မခံနိုင်ဘဲ ရှိနေချိန်ဖြစ်သည်။

ထို့ကြောင့် သူ၏ လက်ညှိုးသည် မီးအပူထဲ လက်ညှိုးနှင့် ထိုးလိုက်ရသကဲ့သို့ ပူလောင်သွားပြီး အတွင်းဒဏ်ရာ ထပ်မံ ရရှိ သွားပြန်တော့သည်။

ရှင်ကျင်းအခြေအနေမှန်ကို သိလိုက်ပြီ။ ဤနေရာ၌ ဆက် နေခြင်းဖြင့် မိမိကိုယ်မိမိ အကျိုးနည်းအောင် ပြုလုပ်နေခြင်း ဖြစ်ကြောင်း ရိပ်မိလိုက်သည်။ ဤနေရာ၌ ဆက်နေခြင်းဖြင့် အသက် သာ ဆုံးရှုံးနိုင်သည်။ အခြား မည်သည့်အမှုကိုမျှ ဆောင် ရွက်နိုင်မည် မဟုတ်တော့မှန်း သိလိုက်သည်နှင့် ချက်ချင်း ထွက်ပြေးလေတော့ သည်။

ဟူကျင်းက ဒေါသဖြင့် အော်ဟစ်လိုက်သည်။

'ချန်ခွန်း…လူယုတ်မာ…ထွက်မပြေးနဲ့၊ ကိုယ်သေရမှာတော့ ကြောက်သလား၊ သူရဲဘောကြောင်တဲ့လူ'

သူသည်ရှင်ကျင်းနောက်သို့ ပြေးလိုက်ရန်အတွက် ခန်း အပြင်သို့ ခုန်ထွက်ရန် ဟန်ပြင်လိုက်စဉ် 'ဘုန်း'ခနဲ အသံ တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



မြည်သွားပြီး၊ အခန်းတံခါး၏ အပေါ်သောင်ကို သူနဖူးနှင့် ဝင်ဆောင့်မိတော့လေသည်။

အဘယ်ကြောင့် ဤသို့ ဖြစ်သွားရပါသနည်း။

ယခု ဟူကျင်းသည် ယမန်နေ့ တစ်ရက်နှစ်ရက်က ဟူကျင်း မဟုတ်တော့။ သူ့ကိုယ်ထဲတွင် နေစကြာ သိုင်းကျင့်စဉ် အပြည့်အဝ ရှိနေပြီ။ နေစကြာအတွင်းအားကို စိတ်ထင်သလို အသုံးချနေနိုင်ပြီ။ သူ့ ခြေတစ်ချက် လှုပ်ရှားလိုက်ရုံနှင့် ယခင်ကထက် ဆယ်ဆမျှ တိုးတက်နေသည့် ဟူကျင်းဖြစ်နေပြီ။

ထို့ကြောင့် သူက ခြေတစ်ချက်လှမ်း၍ခုန်ရန်ဟန်ပြင်ရုံ ရှိသေးသည်။ သူ့ ကိုယ်မှာ အရှိန်ဖြင့် အဝေးသို့ မြောက်တက်သွားပြီ ဖြစ်သည်။ သူ့ စွမ်းအင်ကို အပြည့်အဝ ချိန်ဆနိုင်ခြင်း မရှိသေးသဖြင့် တံခါးဘောင်နှင့် နဖူး မိတ်ဆုံသွားရခြင်း ဖြစ်တော့သည်။ ဟူကျင်းသည် ရုတ်တရက် ဒေါကြောင် သွားမိသော်လည်း ချက်ချင်း ပင် ပြေးလိုက်တော့သည်။

ထိုစဉ် ချန်ခွန်းသည် အခြားအခန်းတစ်ခု အတွင်းသို့ ဝင်ရောက်သွားသည်ကို တွေ့လိုက်ရသည်။ ဟူကျင်းသည် ထို အခန်းတွင်းသို့ ချက်ချင်း ဝင်လိုက်သော်လည်း ချန်ခွန်းကို အခန်း ထဲ၌မတွေ့လိုက်ရတော့ချေ…။



ဟူကျင်းသည် အခန်းပတ်လည်ကို လှည့်ပတ် အကဲခ လိုက်သည်။ မိန်းကလေးတစ်ဦး၏ အိပ်ခန်း ဖြစ်နေကြောင်း သိလိုက်မိသည်။ အခန်းထောင့် တစ်နေရာတွင် ခုတင်ကြီးတစ်လုံ ရှိလျက် ခြင်ထောင်လည်း ချထားသေးသည်။ ခုတင်ရှေ့တွင် မိန်းကလေး ဖိနပ်တစ်ရန်ကို တွေ့လိုက်ရသည်။

အခန်းအခြားထွက်ပေါက်မရှိ။ ထွက်ပေါက် မရှိဘဲန ချန်ခွန်း မည်သည့် အပေါက်မှ ထွက်ပြေးသနည်း။ ငှက်ကဲ့သ တောင်ပံပေါက်ကာ ထွက်ပြေးနိုင်မည် မဟုတ်ချေ။

ချန်ခွန်းသည် အခန်းထဲသို့ ဝင်ပြေးလာသည်ကို သေသေ ချာချာ တွေ့ရပါလျက် ယခုကဲ့သို့ လုံးဝ ပျောက်နေသည်ကို ဟူကျင် ကြိတ်မနိုင်ခဲမရ ဖြစ်နေသည်။ ချန်ခွန်းသည် ခုတင်ပေါ်တက်၍ ခြင်ထောင်ထဲ ဝင်ကောင်းဝင်နေမည်ဟု တွေးလိုက်မိသည်။

ခြင်ထောင် လှန်ကြည့်ရန် စဉ်းစားနေစဉ် ခြေသံကြားလိုက နေသဖြင့် သူသည် ချက်ချင်းပင် ဗီရို တစ်လုံး၏ နောက်ကွယ်သို့ ဝင်ရောက် ပုန်းအောင်းလိုက်ရသည်။ များမကြာမီ ခြေသံရှင် မိန် ကလေးနှစ်ယောက်အနက် တစ်ယောက်သည် အသက် ဆယ့်ခုနစ်နှစ် ခန့်ရှိပြီး ကျန်တစ်ယောက်မှာ အသက် ဆယ့်ငါးနှစ်ခန့် ရှိသည်။

အသက်ကြီးသော မိန်းကလေးသည် ချောင်းအဆွယ်မဖြစ် ဆိုးနေပြီး၊ အသက်ငယ်သော မိန်းကလေး၏ ပခုံးကို မှီတွဲလျက်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာရခြင်းဖြစ်သည်။

အသက်ငယ်သော မိန်းကလေးသည် အိမ်ဖော် မိန်းကလေး ဖြစ်ကြောင်း သူ့ အဝတ်အစားများက ဖော်ပြလျက်ရှိနေပေသည်။

'မမ ခဏလောက် အနားယူလိုက်ပါနော်၊ အနားယူ လိုက်ယင် သက်သာသွားမှာပါ။ ဒီရောဂါက ဒီလောက် စိတ်ပူစရာ မရှိပါဘူး'

အသက်ကြီးသော မိန်းကလေးသည် ချောင်ဆိုးနေရင်းမှ အိမ်ဖော် မိန်းကလေး၏ပါးကို ဖြန်း'ခနဲ ရိုက်လိုက်ပြီး အော်ဟစ်ဆူပူ လိုက်သည်။

'မင်းကစိတ်ပူစရာ မရှိပါဘူးတဲ့…ဟုတ်လား၊ မင်းက ခံနေရ တဲ့လူမှမဟုတ်တာ စိတ်မပူဘဲ နေနိုင်တာပေါ့၊ နောက်ပြီး ငါသေရင် နင်က ပိုသဘောကျဦးမှာပေါ့၊ ဒါမှ နင့်အကြံအောင်မှာပေါ့၊ ငါ သေ ပြီးယင် ဒီနေရာ တစ်ခုလုံးကို အပိုင်စီးဖို့ ကြံနေတာ မဟုတ်လား'

ဟူကျင်း အလိုလို အံ့သြနေသည်။ လှူယုတ်မာ ချန်ခွန်းကို ရှာကာမှ မိန်းကလေးနှစ်ဦး ရန်ဖြစ်နေသည်ကို လာတွေ့နေရသည်။ ဟူကျင်းသည် ထိုမိန်းကလေးနှစ်ဦး ပိုမို ထင်သာ မြင်သာ ဖြစ်အောင် ဂရုတစိုက် ကြည့်လိုက်သည်။

'အလို…လက်စသတ်တော့ ရန်ဝေ ပါလား'



ဟူကျင်းသည် ငယ်ရုပ် မပျောက်သေးသည့် မမ ဟု ခေါ်ခံမိန်းကလေးကို ကောင်းစွာ မှတ်မိသိရှိလိုက်သည်။

အိမ်ဖော်မလေးသည် မည်သည့်စကားမျှ ခွန်းတုံ့ပြန်ခြင်း မရှိဘဲ ရန်ဝေကိုသာ တွဲယူပြီး ထိုင်စေလိုက်သည်။ ရန်ဝေက…

'ငါ့ရဲ့ဆေးကို ယူခဲ့စမ်း'

အိမ်ဖော်မလေးသည် ရန်ဝေ တောင်းသည့်ဆေးကို ယူပေး လိုက်သည်။ ထိုအခါကျမှ အိမ်ဖော်မလေး၏ ခြေထောက်နှစ်ဘက် တွင် သံကြိုးတစ်ချောင်းချည်ထားပြီး လက်နှစ်ဘက်တွင်လည်း သံ ကြိုးတစ်ချောင်းချည်ထားသည်ကို တွေ့လိုက်ရတော့သည်။ ထို့ပြင် သူမ၏ ခြေထောက်သည် ထော့နဲ့ထော့နဲ့ ဖြစ်နေသည့်ပြင် ခါး လည်း ကုန်းနေပေသေးသည်။

သူမသည် ဆေးကိုပေးပြီး ပြန်လှည့်လာသောအခါ ထို အိမ် ဖော်မိန်းကလေးမျက်နှာကို တွေ့မြင်လိုက်ရပြီး တုန်လှုပ်သွားမိတော့ သည်။ ထို အိမ်ဖော်မလေး၏ရုပ်ရည်သည် အားလီထက်ပင် ပိုကြည့် ဆိုးနေသေးသည်။ မျက်လုံးမှာ တစ်ဘက်ကြီး တစ်ဘက်သေး။ ဦးခေါင်းနှင့် ပါးစပ်မှာ ရွှံ့လိမ်းနေသေးသည်။

ထိုစဉ် ရန်ဝေသည် သူမ၏ အင်္ကျီရင်ခွင်တွင်းမှ ဆေး ပုလင်းကို ထုတ်၍ ဆေးနှစ်လုံးကို ယူသောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းက စိတ်ထဲတွင် ပြောနေမိသည်။

'လက်စသတ်တော့ သူ့မှာ ဆေးရှိတာကိုး၊ ကေနွ ဒီဆေး
ဟာ အပူဆေးဖြစ်ရမယ်၊ ဒါမှ သူ့ရောဂါနဲ့တည့်မှာ'

ဆေးနစ်လုံးကို သောက်ပြီးကာမှ ရန်ဝေ၏ မျက်နှာကလေ
ပြန်လည်နီမြန်းလာကြောင်း တွေ့လိုက်ရသည်။ သူမသည် ဖြေးညင်
စွာ ရပ်လိုက်ပြီး အိမ်ဖော်မလေးကို အမိန့်ပေးလိုက်သည်။

'ကဲ... ငါ့ကို ခန်းမထဲ တွဲခေါ်သွားစမ်း'

အိမ်ဖော်မလေးက...

'ရန်သူရှိသေးတယ်နဲ့ တူတယ် မမ၊ ရန်သူရှိရင် ကျွန်မတ
ဒုက္ခရောက်ဦးမယ်၊ ကျွန်မ အရင်ဆုံး အခြေအနေ သွားကြည့်လိုက
ဦးမယ်နော်'

'အောင်မယ်... နင်က အခုမှ စိတ်ကောင်းရှိသလို လုပ်မနေ
စမ်းနဲ့၊ နင် ဘာပြောပြော နင့်ဝမ်းထဲမှာ ဘာရှိတယ်ဆိုတာ ငါ
သိတယ်၊ လာစမ်း... ငါ့ကို တွဲမှာသာ လာတွဲစမ်း'

အိမ်ဖော်မလေးသည် မည်သို့မျှ မတတ်နိုင်တော့သဖြင့်
သူမ၏ လက်ကလေးနှစ်ဘက်ဖြင့် ရန်ဝေကို လှမ်းတွဲလိုက်သည်
ထိုစဉ် ရန်ဝေသည် ကမ်းလာသော လက်နှစ်ဘက်၏ လက်ကောက်
ဝတ် သွေးကြောကို ဖမ်းဆုပ်လိုက်ရာ အိမ်ဖော်မလေးသည် ပျော့
ကျသွားပြီး လုံးဝ မလှုပ်ရှားနိုင်တော့ချေ။



'မမ... ဘာဖြစ်လို့ ကျွန်မကို ဒီလိုလုပ်...'

'ဒီနေ့မှာ ငါတို့ သားအဖနှစ်ယောက်စလုံး ရန်သူရဲ့ လက်
ချက်နဲ့ ဒဏ်ရာရပြီး သေမလိုဖြစ်နေတာ နင် သိပ်ဝမ်းသာတာပေါ့
ဟုတ်လား၊ နင့်စိတ်ကို ငါ ကောင်းကောင်းသိတယ်၊ ဒါကို အခွင့်
ကောင်းယူပြီး နင် ငါတို့ သားအဖနှစ်ယောက်ကို လုပ်ကြံတော့မယ်
မဟုတ်လား၊ ဟင်း...ဟင်း...ဟင်း... ဘယ်ရမလဲ၊ နင့်ကို အခုလို
လက်ဦးထားမှ ငါတို့ သက်သာမယ်'

သူမသည် စကားဆုံးသည်နှင့် သူမ၏ဓားဖြင့် အိမ်ဖော်
မလေး၏ လည်မျိုကို လှီးဖြတ်ရန် ဟန်ပြင်လိုက်သည်။

ဟူကျင်းသည် အိမ်ဖော်မလေး ဒုက္ခိတ ဖြစ်နေမှန်း သိလိုက်
ကတည်းက ကရုဏာသက် နေမိခဲ့သည်။ ထို့ပြင် ရန်ဝေ၏ ရက်စက်
သော ဆက်ဆံမှုများကိုလည်း မနှစ်မမြို့ ဖြစ်နေမိသည်။ ရန်ဝေက
ရတ်တရက် သတ်တော့မည်ဟန် ပြင်လိုက်စဉ်မှ စဉ်းတောင်မစဉ်းစား
တော့ဘဲ ခုန်ထွက်လိုက်ပြီး ရန်ဝေ၏ ဓားကို လက်ဝါးစောင်းဖြင့်
ရိုက်လိုက်သည်။ 'ထန်း' ခနဲ အသံတစ်ချက် မြည်သွားပြီး ဓားသည်
ရန်ဝေ၏ လက်မှ လွင့်ထွက်သွားတော့သည်။

ရန်ဝေသည် ဒဏ်ရာရနေသူ ဖြစ်သော်လည်း သူမ ဖခင်နှင့်
နေထိုင်ခဲ့သည်မှာ ကြာပြီဖြစ်၍ သိုင်းပညာအဆင့်အတန်း အတော်
ကလေး မြင့်မြင့်မားမား တတ်မြောက်နေသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ဓားသည် လက်မှ လွင့်စင် ထွက်သွားသည်နှင့် တစ်စုံတစ်ယောက်က လုပ်လိုက်မှန်း သိလိုက်သည်။ သူမသည် ချက်ချင်းပင် လက်ညှိုးဖြင့် ဟူကျင်း၏ လည်မျိုကို ထိုးချလိုက်တော့လေသည်။ ဟူကျင်းသည် နောက်သို့ အသာအယာ ခုန်ဆုတ်လိုက်ကာ...

'ညီမလေး ရန်ဝေ၊ ငါလေ... ငါပါ'

ရန်ဝေသည် ငယ်စဉ်အခါက ဟူကျင်းနှင့် လက်ပွန်းတတီး နေထိုင်ခဲ့သူဖြစ်ရာ ဟူကျင်းကို ကောင်းစွာ မှတ်မိနေသည်။ ယခု မမျှော်လင့်သည့်အချိန်၌ ဟူကျင်း၏အသံကို ကြားလိုက်ရသောအခါ အလွန် အံ့ဩသွားမိသည်။

'အစ်ကို ဟူကျင်းလား'

သူမသည် ဟူကျင်း၏အသံကိုသာ မှတ်မိသည်။ ရုပ်ရည်ကိုမူ မမှတ်မိတော့။ ဟူကျင်း၏ရုပ်ရည်မှာ အတော်ပင် ပြောင်းလဲနေသည်ဟု မှတ်ထင်နေမိသည်။ ဟူကျင်းကလည်း ဖုံးကွယ်၍ မနေတော့ပေ။

'ဟုတ်တယ် ရန်ဝေ၊ ငါ ဟူကျင်းပါ'

ရန်ဝေသည် ဟူကျင်းမှန်း သေချာတပ်အပ် သိလိုက်သောအခါ အလွန် တုန်လှုပ်သွားသည်။ တအံ့တဩဖြင့် မေးလိုက်တော့သည်။





'အစ်ကို တကယ်ပဲ အစ်ကို ဟူကျင်းနော်၊ ညီမ သိပ်အံ့ဩတာပဲ၊ အစ်ကို ဟူကျင်းကယ်လိုလုပ်ပြီး ဒီကို ရောက်လာခဲ့တာလဲဟင်'

'ဦးလေး စောပုတက်က ငါ့ကို ခေါ်လာတာပဲ ညီမလေးရ၊ ကို လူဆိုးကြီး ရှင်ကျင်း ဒီအခန်းထဲ ပြေးဝင်လာလို့ လိုက်လာတာ၊ ဒီကျတော့ မတွေ့ရတော့ဘူး၊ ဒီလူဆိုးကို မမိလို့ မဖြစ်ဘူး၊ ဒီအခန်းထဲမှာ တခြားထွက်ပေါက် ရှိသေးလား'

ရန်ဝေသည် ရုတ်တရက် သူ့ဖခင် ရန်ရှောင်အတွက် စိတ်ပူသွားသဖြင့်...

'ဒီအခန်းထဲက တခြားကို ထွက်စရာလမ်း မရှိပါဘူး၊ အစ်ကိုဟူကျင်း ခဏနေဦးနော်၊ ညီမ ဖေဖေ့ကို သွားကြည့် လိုက်ဦးမယ်၊ ဖေဖေ ဒဏ်ရာ သိပ်ပြင်းထန်နေလား မသိဘူး'

သူမသည် ပြောပြောဆိုဆိုနှင့်ပင် လက်ဝါးဆောင်းဖြင့် အိမ်ဆော်မလေးကို ရိုက်သတ်ရန် ရွယ်လိုက်သည်။ ရုတ်ခြည်းပင် ဟူကျင်းက...

'မလုပ်နဲ့ ရန်ဝေ၊ မလုပ်နဲ့'

ဟူကျင်းသည် ပြောပြောဆိုဆိုနှင့်ပင် ရန်ဝေ၏လက်ကို ဖုတ်ထုတ်လိုက်ရာ ရန်ဝေ၏ လက်ဝါးဆောင်းသည် ဘေးဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ချော်ထွက်သွားတော့သည်။ ရန်ဝေသည် သူ့ကို ဤသို့ တားမြစ်ရပါမည်လားဟု လွန်စွာ ဒေါသထွက်သွား၏။ ထို့ကြောင့် ဒေါသသံဖြင့်...

'အစ်ကို ဟူကျင်းက ဒီကောင်မလေးကို ဘာလို့ ကာကွယ်ပေးနေရတာလဲ'

'ရန်ဝေ... နင် မသနားစတတ်ဘူးလား၊ သူဟာ ဒုက္ခိတလေးပဲဥစ္စာ၊ သနားစရာ ကောင်းပါတယ်၊ ဘာဖြစ်လို့ သတ်ချင်နေရတာလဲ'

'အို... အစ်ကို ဟူကျင်း ဒါတွေ မသိပါဘူး၊ အစ်ကို ဟူကျင်းက အခုမှ ရောက်လာတာ ဘာသိမှာလဲ၊ ဒီကောင်မ ဒီကိုလာတာက အကောင်းလာတာ မဟုတ်ဘူး၊ ညီမတို့အိမ်ကို သူလျှိုလာလုပ်နေတာ သိလား၊ ဒါကြောင့် ဖေဖေက သူ့လက်၊ သူ့ခြေတွေကို သံကြိုးနဲ့ ချည်ထားရတယ်'

ဟူကျင်းက ခေါင်းတယမ်းယမ်းဖြင့် ပြောလိုက်သည်။

'မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး၊ ဒီမိန်းကလေးဟာ ဒီလိုယုတ်မာမယ့် မိန်းကလေးမျိုး မဟုတ်ပါဘူး၊ မသတ်ပါနဲ့၊ အစ်ကိုတောင်းပန်ပါတယ်၊ သူ့ကို မသတ်ပါနဲ့ ဟုတ်လား'

'ကောင်းပြီလေ၊ အစ်ကို့ ပြောစကားကြောင့် သူ့ကို မသတ်တော့ဘူး၊ အမယ်လေး...'



ရန်ဝေသည် ရုတ်တရက် ယိမ်းထိုးကျသွားသည်။ ဟူကျင်းက ကမန်းကတန်း ဝင်ထိန်းပေးလိုက်သည်။ ရုတ်တရက် ချက်ချင်းပင် ရန်ဝေသည် ဟူကျင်း၏ ခါးနှင့် ရင်ဝရှိ အကြောသုံးခုကို ထိုးပိတ်လိုက်တော့သည်။

ရန်ဝေသည် အိမ်ဖော်လေးကို သတ်မည့်အရေး၌ ဟူကျင်းဝင်ရောက်တားမြစ်နေသဖြင့် မတားမြစ်နိုင်အောင် အရင်ဦးဆုံး ဟူကျင်း၏ အကြောများကို ထိုးပိတ်လိုက်ခြင်းဖြစ်သည်။ ပြီးမှ အိမ်ဖော်လေးကို သတ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့သော် ထိုအချိန်မှာပင် သူမ၏ ဒဏ်ရာက ရုတ်ခြည်း ပြန်ထလာသဖြင့် တစ်ကိုယ်လုံး အားစက်ကာ တဆတ်ဆတ်တုန်လျက် ပျော့ခွေလဲကျသွားတော့သည်။

ထိုအခါ အိမ်ဖော်မလေးသည် အောက်၌ကျနေသော ရန်ဝေ၏ ဓားကို ကောက်ယူလျက် နံရံ၌ ပြန်ချိတ်ထားလိုက်သည်။ ပြီးနောက် ဟူကျင်းအား ရှင်းပြသည်။

'မမကတော့ ကျွန်မကို အမြဲပဲ မယုံသင်္ကာ ဖြစ်နေတာပါပဲ၊ အခုအချိန်မှာ ကျွန်မအနေနဲ့ မမကို သတ်လိုက်ရင် မမ ဘာတတ်နိုင်မှာလဲ၊ ကျွန်မ သတ်ရင်ရတဲ့ အချိန်တွေ အများကြီး ရှိခဲ့တာပါပဲ၊ ဒါပေမယ့် ကျွန်မ မလုပ်ပါဘူး၊ ဘယ်လိုပဲ ကျွန်မ စိတ်ကောင်းထားထား မမက ကျွန်မအပေါ် မယုံတာကတော့ မယုံတာပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဟူကျင်းသည် မတ်တတ် ထရပ်လိုက်သည်။ ဟူကျင်းသည် ရန်ဝေ၏ အကြောထိုးပိတ်လိုက်ခြင်းကို ခံလိုက်ရသော်လည်း သူ၏အတွင်းအားများ အလွန်ကောင်းနေသဖြင့် ပိတ်သွားသော အကြောများကို ချက်ချင်း တွန်းဖွင့်နိုင်လိုက်ခြင်းကြောင့် ဤကဲ့သို့ ရုတ်ခြည်း ထရပ်နိုင်ခြင်းဖြစ်သည်။

'ကဲ...ရန်ဝေ၊ အစ်ကိုပြောတာ မမှန်ဘူးလား၊ ညီမ သက်သက် အထင်လွဲနေတာပါ'

ဟူကျင်းသည် အိမ်ဖော်မလေးဘက်သို့ လှည့်၍ ပြောလိုက်သည်။

'မိန်းကလေး... ဟိုဘုန်းကြီး ရှင်ကျင်း ဒီအခန်းထဲဝင်လာရာကနေ ဘယ်ပျောက်သွားတာလဲ၊ ဒီအခန်းထဲက တခြား ထွက်လမ်း ရှိသေးသလား'

မိန်းကလေးက ပြန်မေးလိုက်သည်။

'အစ်ကိုက ဒီဘုန်းကြီးနောက်ကို တကယ်လိုက်မှာလား၊ ဒီဘုန်းကြီးက အင်မတန် ကောက်ကျစ်တော့ ကြောက်စရာ သိပ်ကောင်းတာ'

'ဒီဘုန်းကြီးကို မသတ်ရရင် မနေဘူး၊ သူ ဘယ်အထိ ပြေးမလဲ၊ သူပြေးတဲ့နောက် ကမ္ဘာမြေအဆုံး လိုက်သတ်မယ်'



မိန်းကလေးသည် ဟူကျင်း တကယ်လိုက်မည်ဖြစ်ကြောင်း ယုံကြည်သွားဟန်ဖြင့် ခေါင်းတစ်ချက်မျှ ညိတ်လိုက်ပြီး လက်ကိုင်ပဝါတစ်ထည်ကို ထုတ်ယူလိုက်ကာ ရန်ဝေ၏ မျက်စိကို ပိတ်ထားလိုက်သည်။ ပြီးမှ ဟူကျင်း၏ လက်ကို ဆွဲခေါ်ကာ အမှောင်ထဲသို့ လျှောက်ဝင်လိုက်သည်။ သူမသည် ဟူကျင်းကို ခုတင်ရှေ့သို့ ဆွဲခေါ်လာပြီး ချထားသော ခြင်ထောင်ကို လှန်လိုက်သည်။ သူမက ခုတင်ပေါ် အရင်တက်လိုက်ပြီး ဟူကျင်းကိုလည်း ခြင်ထောင်ထဲဝင်ရန် ပြောလိုက်သည်။

ထိုမိန်းကလေး၏ အပြုအမူများကြောင့် ဟူကျင်း စိတ်ရှုပ်ထွေးသွားသည်။ ထိုမိန်းကလေးက လေသံတိုးတိုးညင်းညင်းကလေးဖြင့် ဟူကျင်း ကြားရုံ ပြောလိုက်သည်။

'အစ်ကို... ရဲရဲသာတက်ပါ၊ ထွက်လမ်းက ဒီခုတင်ပဲ'

ထိုစကားကို ကြားလိုက်ရသောအခါ မည်သည့်အချက်ကိုမျှ မစဉ်းစားတော့ဘဲ ထိုမိန်းကလေးနှင့်အတူ ခုတင်ပေါ် ယှဉ်အိပ်လိုက်တော့သည်။ မိန်းကလေးသည် မည်သည့်ခလုတ်ကို နှိပ်လိုက်သည် မသိ။ ခုတင်ကြီး အလယ်မှ ပွင့်ထွက်သွားပြီး နှစ်ယောက်စလုံး အောက်သို့ ပြုတ်ကျသွားတော့သည်။ အနက်မှာ ဆယ်ပေခန့်ရှိသော်လည်း မြက်ခြောက်ပုံကြီး အသင့်ခင်းထားသဖြင့် သူတို့အနေဖြင့် မည်သို့မျှ ထိခိုက်အနာတရ မရှိကြချေ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်မလေးသည် ဟူကျင်း လက်ကိုဆွဲ၍ ရှေ့သို့ ပြေးပြန်သည်။ အခန်းသည် မှောင်ညည်းနေသည်ဖြစ်ရာ သူမ၏ ခြေလက်များမှ သံကြိုးများ လှုပ်ခတ်သည့် အသံကိုသာ ကြားနေရသည်။

ထိုစဉ် ဟူကျင်းသည် တစ်စုံတစ်ခုကို ရုတ်တရက် သတိရလိုက်သဖြင့် ထိုမိန်းကလေးအား မေးလိုက်သည်။

'မိန်းကလေး... မင်းရဲ့ခြေထောက်က စောစောတုန်းကထောနဲ့ထောနဲ့နဲ့ မသန်မစွမ်းပါ၊ အခုတော့ ဘယ်နှယ့် အကောင်းပြန်ဖြစ်သွားရပြန်တာလဲ'

မိန်းကလေးသည် ပြုံးလိုက်ပြီး...

'ကျွန်မက မမနဲ့ ဦးလေးရန်ရောင်တို့ရှေ့မှာ ဟန်ဆောင်နေရတာပါ၊ အစ်ကို့အရှေ့မှာတော့ ဟန်ဆောင်ဖို့လိုမယ် မထင်ပါဘူး'

ဟူကျင်းသည် အမှောင်ထဲ၌ ဖြစ်နေသဖြင့် မိန်းကလေး၏ မျက်နှာ မည်သို့ဖြစ်နေသည်ကို လုံးဝ မခန့်မှန်းနိုင်ခဲ့ချေ။ သို့သော် ရုတ်ခြည်းပင် သူ့မိခင်၏ ပြောစကားများကို သတိရလိုက်တော့သည်။

'ဒါကြောင့် အမေက ပြောတာပဲ၊ မိန်းကလေးတွေဟာ လိမ်ညာတတ်တဲ့ နေရာမှာတော့ ပြိုင်စံရှားမဲ့တဲ့၊ ဟုတ်လဲ ဟုတ်တာပဲ၊



စောစောတုန်းကဆိုရင် ညီမလေး ရန်ဝေကတောင် သူ့ တစ်ခုခုဖြစ်သွားသလိုလို ညာပြီး ငါ့အကြောင်းကို ထိုးပိတ်ခဲ့သေးတယ်'

သူတို့နှစ်ယောက်သည် လိုဏ်ခေါင်းထဲ၌ လမ်းကြောင်းများအတိုင်း လှည့်ပတ် ပြေးနေကြရာ နောက်ဆုံး ဆက်ပြေးစရာလမ်းမရှိတော့ကြောင်း တွေ့ရှိလိုက်ရသည်။ ဤသို့ လမ်းဆုံးသွားသော်လည်း ဘုန်းကြီး ရှင်ကျင်းကိုမူ အရိပ်အယောင်မျှ မတွေ့ကြရပေ။

'ကျွန်မတော့ ဒီနေရာလောက်အထိပဲ ရောက်ဖူးတာအစ်ကို၊ ရှေ့ဆက်သွားရမယ့် လမ်းကတော့ ရှိမှာပါ၊ ဒီနေရာမှာ လမ်းတွေအများကြီး ရှိနေတာပဲ၊ ကျွန်မတော့ ဒီလမ်းတွေကို ရှာလို့ မတွေ့ခဲ့ပါဘူး'

ဟူကျင်းသည် နံရံများကို လက်ဖြင့်လျှောက်၍ စမ်းသပ်နေလိုက်သည်။ လျှို့ဝှက်ခလုတ်တွေကိုများ တွေ့လိုတွေ့ငြား စမ်းသပ်ကြည့်ခြင်းပင်ဖြစ်သည်။

'ကျွန်မလဲ စမ်းကြည့်ပြီးပြီ အစ်ကို၊ သေသေချာချာကို လျှောက်ကြည့်ပြီးပြီ၊ လျှို့ဝှက်ခလုတ် တစ်ခုမှ မတွေ့ရဘူး'

ဟူကျင်းသည် လျှို့ဝှက်ခလုတ်များကို ထပ်မံ မရှာတော့ဘဲ ဘေးဘက်ရှိ နံရံများကို တွန်းကြည့်လိုက်သည်။ မည်သည့်နံရံမျှ လုံးဝမလှုပ်ကြချေ။ သို့သော် တစ်ခုသော နံရံမှာမူ အနည်းငယ် လှုပ်သွားသကဲ့သို့ ထင်လိုက်ရသဖြင့် ဟူကျင်းသည် အားကုန်အားကို

www.burmeseclassic.com

www.burmeseclassic.com



အားကုန်ထုတ်လျက် ထိုနံရံကို တွန်းကြည့်လိုက်သည်။ ထိုအခါ နံရံကြီးမှာ ဖြည်းညင်းစွာဖြင့် နောက်ဘက်သို့ ရွေ့လျားသွားကြောင်း တွေ့ကြရတော့သည်။ ထိုနံရံကြီး၏ တစ်ဘက်တွင်ကား နောက်ထပ် လိုဏ်ခေါင်းရှည်ကြီးတစ်ခု ရှိနေချေသည်တကား။

ရှေ့မှ လိုဏ်ခေါင်းရှည်ကြီးကို ကြည့်၍ အံ့သြနေကြစဉ် တိုးညင်းသော ချောင်းဆိုးသံတစ်ချက်ကို ရုတ်တရက် ကြားလိုက်ကြ ရသည်။ ဟူကျင်းက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

'ရန်သူ ရှေ့မှာရှိတယ်၊ မင်း နောက်က ဖြည်းဖြည်းချင်းသာ လိုက်ခဲ့ကြားလား၊ အန္တရာယ်ရှိတယ်၊ ဒီဘုန်းကြီးက အင်မတန် ဆိုးဝါး ကောက်ကျစ်တဲ့ဘုန်းကြီး'

'အို...ကျွန်မ မကြောက်ပါဘူး အစ်ကို၊ အစ်ကိုတောင် ကြောက်သေးတာ ကျွန်မက ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ ဖြစ်ရင်လဲ နှစ်ယောက်စလုံးပေါ့'

သူတို့နှစ်ယောက် လျှောက်လာသည့်လိုဏ်ခေါင်းသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာကြောင်း တွေ့ရသည်။ တဖြည်းဖြည်း အောက်ဘက်နိမ့်ဆင်းလာကြောင်း သိလိုက်ကြရသည်။ အဝကျဉ်း သော ရေတွင်းကြီး ပုံသဏ္ဍာန်မျိုး ဖြစ်နေသည်။

ရုတ်တရက် ဟူကျင်း၏ ခေါင်းပေါ်မှ ပြင်းထန်သော လှိုင်းတစ်ခု ရွှေ့ရှားသွားသံ ကြားလိုက်ရသဖြင့် ဟူကျင်းသည် ချ



ချင်းပင် နောက်သို့ လှည့်လျက် မိန်းကလေးကိုဖက်ပြီး အောက်ဘက် သို့ ခုန်ဆင်းလိုက်ရသည်။ သူတို့ ခုန်ချလိုက်သည်မှာ လက်မတင် အချိန်မီရုံကလေးဖြစ်သည်။ အကယ်၍ နှောင့်နှေးနေပါက သူတို့ နှစ်ယောက်စလုံး အသက်ရှင်ဖွယ်ရာ မရှိတော့ချေ။

အဘယ့်ကြောင့်ဆိုသော် ကြီးမားလှသော ကျောက်တုံးကြီး က 'ဝုန်း' ခနဲ လာရောက်ပိတ်ဆို့သွားသောကြောင့် ဖြစ်ပေသည်။ ခုန်ချလိုက်နိုင်သဖြင့် ကျောက်တုံးကြီးနှင့် ထိခိုက်မည့်ဘေးမှ ကင်း ဝေးခဲ့ရခြင်းဖြစ်သည်။

ဟူကျင်းသည် နံရံကို တွယ်ကပ်တက်လျက် အပေါ်သို့ စမ်းသပ်ကြည့်လိုက်သောအခါ ကျောက်တုံးကြီးကို ကိုင်လိုက်မိ သည်။ ထိုအခိုက် ရှင်ကျင်း၏ တီးတိုးလေသံကို ကြားလိုက်ရ တော့သည်။

'ချွေးကောင်လေး... အင်မတန် လူစွမ်းကောင်း လုပ်ချင်တဲ့ ကောင်၊ ဒီတွင်းထဲမှာပဲ သေပေတော့၊ အေး...ဒါပေမယ့် ကဲကောင်း တယ်လို့တော့ မှတ်လိုက်ဦး၊ တစ်ယောက်တည်း မသေရပဲနဲ့ မိန်း ကလေးတစ်ယောက် အဖော်လုပ်ပြီး သေရလို့၊ ကျောက်တုံးတစ်တုံး တည်းဆိုရင် သိပ်တော့ စိတ်မချရဘူး၊ ဒီတော့ နောက်နှစ်လုံးလောက် ထပ်ပိတ်ထားလိုက်မှ ပိုသေချာမယ်၊ ကဲ...လာလေ ရော့ တစ်လုံး... ကဲ နောက်တစ်လုံး'

www.burmeseclassic.com

www.burmeseclassic.com



တဝုန်းဝုန်းနှင့် နောက်ထပ် ကျောက်တုံးကြီးများဖြင့် ပိတ်ဆို့လိုက်သံကို ကြားလိုက်ရတော့သည်။ တော်ရုံတန်ရုံအားမလျှော့တတ်သော ဟူကျင်းပင် စိတ်ပျက်လက်ပျက် ဖြစ်သွားမိတော့သည်။

ဤမျှ လေးလံကြီးမားလှသော ကျောက်တုံးကြီးများကို ဟူကျင်းအနေဖြင့် မည်သို့မျှ တွန်းကန် ထုတ်နိုင်တော့မည် မဟုတ်ပေ။ ဟူကျင်းသည် စိတ်အားလျော့စွာဖြင့် ပြန်ဆင်းလာခဲ့သည်။

မိန်းကလေးက...

'အစ်ကို...တွင်းက သိပ်မှောင်တာပဲနော်၊ ကျွန်မမှာ မီးခြစ်တော့ရှိပါတယ်၊ ဖယောင်းတိုင်တို့ မီးတုတ်တို့ မပါတော့ ဒီမီးခြစ်ကလေးက ခံမှာ မဟုတ်ဘူး၊ တကယ့်အရေးအကြောင်းကျမှ သုံးရင်ကောင်းမယ်နော်'

ဟူကျင်းသည် မိန်းကလေး၏ စိတ်အားနှင့် အမြော်အမြင်ရှိပုံကို သတိပြုလိုက်မိသည်။ ဟူကျင်းသည် မိန်းကလေး၏လက်ကို ဆွဲလျက် ရှေ့မှ ဦးဆောင်လျှောက်သွားသည်။ မီးခြစ်ကို ထုတ်မသုံးဘဲ အမှောင်ထဲတွင် စမ်းတဝါးဝါးလျှောက်ကြခြင်းဖြစ်သဖြင့် ခရီးမတွင်လှပေ...။

ထိုစဉ် ဟူကျင်းသည် သေတ္တာတစ်လုံးကို မှောင်ထဲ၌ပင် ရုတ်တရက် သွားကိုင်မိလိုက်သည်။ ဟူကျင်းသည် ဝမ်းသာအားရ



ဖြစ်သွားသည်။ ဒီတွင်းပေါက်မှ ထွက်ရန်အတွက် တစ်စုံတစ်ခုသော လက်နက်ကို ရနိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း ဖြစ်သည်။

သူသည် သေတ္တာကို လက်ဖြင့် ရိုက်ချိုးပစ်လိုက်သည်။ သေတ္တာတွင်းမှ အမှုန့်ကလေးများ ထွက်လာသည်ကို စမ်းသပ်မိလိုက်ကြသည်။ မှောင်ထဲတွင် ဖြစ်သဖြင့် မည်သည့် အမှုန့်များဖြစ်ကြောင်းကိုမူ မသိရှိကြချေ။

ဟူကျင်းသည် သစ်သားစ တစ်စကို မှောင်ထဲ၌ပင် စမ်းသပ်ရှာဖွေလိုက်သည်။

'ကဲ...မိန်းကလေး၊ မင်းရဲ့ မီးခြစ်ကို ခြစ်လိုက်ပေတော့၊ ဒီသစ်သားစကို ရှို့ထားလိုက်၊ တော်တော်ကြာကြာကလေးတော့ အလင်းရောင်ရနိုင်သေးတယ်'

မိန်းကလေးသည် ဟူကျင်း၏ စကားအတိုင်း မီးခြစ်ကို ခြစ်လိုက်ပြီး သစ်သားစကို မီးရှို့လိုက်တော့သည်။ ရုတ်တရက် ရှဲခနဲ မြည်သွားပြီး မီးသည် သစ်သားစ၌ တဖျစ်ဖျစ်မြည်လျက် တောက်လောင်လာတော့သည်။

သူတို့ရှိနေသည့် လိုဏ်ခေါင်းပတ်ဝန်းကျင်တွင် လင်းထိန်သွားတော့သည်။ သူတို့ ပတ်ဝန်းကျင်၏ အနေအထားနှင့် ရှိနေသည့်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကိုလည်း မြင်တွေ့လိုက်ရတော့သည်။ သူတို့ နှစ်ယောက်စလုံး လန့်ဖျပ်သွားကြသည်မှာ ယမ်းဆိုးယမ်းနံ့များကို ရှူရှိုက်မိလိုက်ခြင်းကြောင့်ပင် ဖြစ်တော့သည်။

မိန်းကလေးသည် တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်သည်။

'အစ်ကို...အစ်ကို... ယမ်း...ယမ်းမှုန့်တွေ'

မိန်းကလေးသည် မီးစွဲလောင်နေသော သစ်သားစကို ကိုင်မြှောက်လျက် စောစောက ထွက်ကျလာသော အမှုန့်များကို ကြည့်လိုက်ရာ တကယ်ပင် အနက်ရောင် ယမ်းမှုန့်များ ဖြစ်နေကြောင်း တွေ့ရှိလိုက်ရသည်။

မိန်းကလေးသည် သူ၏ရင်ကို လက်ဖြင့်ဖိကာ စိုးရိမ်ထိတ်လန့်စွာ ပြောလိုက်သည်။

'တော်ပါသေးရဲ့၊ စောစောတုန်းက မီးစကြီး အပေါ်မြှောက်ကြည့်နေတုန်း မီးမွှင်လေးတစ်မွှင်သာ ဒီအပုံကြီးထဲ ကျသွားရင်တော့ အစ်ကိုနဲ့ ကျွန်မ အရိုးအသားတောင် ရှာတွေ့မှာ မဟုတ်တော့ဘူး'

ဟူကျင်းသည် ယမ်းမှုန့်များကို ကြည့်မနေချေ။ မိန်းကလေးကိုသာ ငေးကြောင်ကြည့်နေမိသည်။ သူ့မျက်နှာ၌ မထင်မှတ်ဖွယ်ရာ အပြောင်းအလဲကြီးတစ်ခုကို တွေ့လိုက်ရသည့်နှယ် အလွန်ထူးဆန်းအံ့သြနေသည့် အမူအရာများကို တွေ့နေရသည်။



'ဟင်... အစ်ကိုက ဘယ်လို ဖြစ်သွားတာလဲဟင်၊ ဘာများအထူးအဆန်းတွေ့ရလို့လဲ'

ဟူကျင်းသည် သက်ပြင်းတစ်ချက် ချရင်း ပြောလိုက်သည်။

'သြော်... မင်းရဲ့ ရုပ်ရည်ကလေးက သတိပြုမိလောက်အောင် ချောတာကိုး'

ဟူကျင်း ပြောစကားကြောင့် ဟူကျင်း မည်သည့်အတွက်ကြောင့် အမူအရာ ပြောင်းလဲသွားသည်ကို မိန်းကလေးက သဘောပေါက်သွားသည်။ ထို့ကြောင့် ပြုံးလိုက်ရင်း...

'ကျွန်မက ရုတ်တရက် လန့်သွားတော့ မျက်နှာကို မဲ့ရွဲ့ဖို့မေ့သွားမိတာ'

ပြောပြောဆိုဆိုနှင့် ကုန်းထားသော သူမ၏ခါးကို ပြန်ဆန့်လိုက်ပြီး ထော့နဲ့ထော့နဲ့ ဖြစ်နေသော ခြေထောက်ကိုလည်း ကောင်း ပကတိ နင်းပြလိုက်သည်။ ချစ်စဖွယ် လှပပြည့်ဝန်းသော မျက်နှာကလေးနှင့် ကြော့ရှင်းသော ကိုယ်လုံးကလေးသည် မိန်းမ ပျိုလေးတစ်ယောက် ဖြစ်ကြောင်း ထင်ရှားသက်သေပြနေသည်။ အသက်ငယ်သေး၍သာ ဖွံ့ဖြိုးမှု မရှိခြင်းဖြစ်သည်။ ယခု သူမ၏ အလှသည် ရှူးပန်းငုံလေးသဖွယ်သာ ဖြစ်နေပေသေးသည်။ အရွယ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ရှိသောအခါမှ စွင့်စွင့်ကားကား လန်းလန်း ဆန်းဆန်း ပန်းပွင့်ကြီး တစ်ပွင့်နှယ် အလှကြွယ် လာပေလိမ့်မည်။

ဟူကျင်းသည် မိန်းကလေး၏ လျှို့ဝှက်ချက်ကို မေးလိုက်သည်။

'ဘာဖြစ်လို့ ဒီလို ပုံဆိုးပန်းဆိုးဖြစ်အောင် ဟန်ဆောင်နေ တာလဲ၊ ဘာ အကြောင်းတွေ ရှိနေလို့လဲ'

မိန်းကလေးက ရယ်မောစွာ ပြန်ဖြေလိုက်သည်။

'မမလေးက ကျွန်မကို သိပ်မုန်းတာ၊ အမြဲတမ်း ကျွန်မကို ငြူငြူစူစူနဲ့ အပြစ်ရှာနေတာပဲ၊ ကျွန်မ လုပ်ကိုင်ပေးသမျှကိုလဲ တစ်ခုမှ အကောင်းမထင်ဘူး၊ ဒီတော့ ကျွန်မက အမြဲသတိထား နေရမယ်၊ ရုပ်ကိုလဲ ဒီလို ဆိုးဆိုးဝါးဝါး လုပ်ထားလို့ တော်နေတာ နို့မို့ရင်တော့လား၊ ကျွန်မရဲ့ နဂိုရုပ်အတိုင်း မြင်သွားရင် ကျွန်မကို သတ်မှာ'

ဟူကျင်းသည် မိန်းကလေး၏ စကားများကို ယုံမိသည်

စောစောကပင် ထိုမိန်းကလေးကို သတ်ပစ်ရန် ရန် ကြံစည်ခဲ့သည် မဟုတ်ပါလား။ သို့သော် မိန်းကလေးကို နှစ်သိမ့် လိုသဖြင့်...

'အခုတော့ မင်းကို မုန်းတော့မှာ မဟုတ်တော့ပါဘူး'



မိန်းကလေးသည် ရယ်လိုက်ရင်း...

'အစ်ကိုက မမလေးအကြောင်းကို မသိပါဘူး၊ ကျွန်မက ရလွန်းလို့ နောကြေနေပြီ၊ အခု အစ်ကိုကို ဒီနေရာကို ရောက်အောင် ခေါ်လာတာကိုကပဲ တကယ့်ကို မယုံသင်္ကာစရာကြီး ဖြစ်နေပြီ၊ င်းလေ... သူ့ကိုလဲ ဂရုစိုက်စရာ မလိုတော့ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မတို့ ဒီအထဲက အသက်ရှင်ရက် ထွက်နိုင်ချင်မှ ထွက် နိုင်တော့မှာ မဟုတ်လား'

မိန်းကလေးသည် လာမည့်ဘေး ပြေးတွေ့မည် ဟူသည့် ဘ်မှတ်မျိုး ထားလိုက်ပြီဖြစ်ကြောင်း ဟူကျင်း သိလိုက်မေပြီ။

သူမ၏ လက်ထဲ၌ ကိုင်ထားသော မီးစကို ကိုင်မြှောက်၍ တ်ဝန်းကျင်ကို အကဲခတ် ကြည့်ရှုလိုက်ပြန်သည်။

ထိုအခါကျမှ သူတို့၏ ရှေ့ဘက်၌ အခန်းတစ်ခုရှိနေ ကြောင်း တွေ့လိုက်ကြရတော့သည်။ ထိုအခန်းထဲ၌ အထူးထူး ပြားပြားသော လက်နက်မျိုးစုံ ချိတ်ဆွဲထားကြောင်း တွေ့ရှိလိုက် တော့သည်။ လက်နက်များ ချိတ်ဆွဲထားပုံမှာ များစွာ အစီအစဉ် လှသဖြင့် ဟူကျင်း၏ စိတ်ထဲတွင် ကျိတ်၍ ချီးကျူးလိုက်မိသည်။

အလင်းမသန်ကိုဏ်းအဖို့ မမျှော်လင့်သည့် အန္တရာယ်ဆိုးများ တစ်ရက် ကျရောက်လာပါက အဆင်သင့် ပြန်လည်တိုက်ခိုက် နိုင်ရန်အတွက် ပြင်ဆင်ထားသည့် လက်နက်ခန်း ဖြစ်ဟန်တူ သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းသည် အကျယ်ဆုံးဖြစ်သည်သာမက နောက်ပိတ်ဆုံး အခန်းလည်းဖြစ်နေကြောင်း တွေ့ရှိရသည်။ အခန်းအနေအထားနှင့် တိုက်ပွဲအတွက် မည်သည့် သေနင်္ဂဗျူဟာအရ ပြင်ဆင်ထားကြောင်း ဟူကျင်း လေ့လာနေခိုက် မိန်းကလေး၏ စကားသံကို ကြားလိုက်ရပေသည်။

'အစ်ကိုလေး... ကျွန်မ နာမည်က 'ရှောင်ချောင်း'ပါ၊ အစ်ကို့ ကိုတော့ မမက ဟူကျင်းလို့ ခေါ်လိုက်သံကြားတယ်၊ အစ်ကို့ နာမည်က ဟူကျင်း ဟုတ်လားဟင်'

'အေး... ဟုတ်တယ်၊ ငါ့နာမည် ဟူကျင်းပဲ'

ဟူကျင်းသည် ရှောင်ချောင်းကို မကြည့်ဘဲနှင့် သူမ၏ စကားကို အဖြေပေးလိုက်သည်။ ယခု သူ စိတ်ဝင်စားနေသည်မှာ မိန်းကလေး၏ စကားများကိုမဟုတ်၊ ဤအခန်းမှ မည်သို့ လွတ်မြောက်နိုင်မည်ကို စိတ်ဝင်စား တွေးတောနေခြင်းသာ ဖြစ်သည်။ ထိုစဉ် ရုတ်တရက် အကြံတစ်ခု ရသွားဟန်ဖြင့်...

'ဟုတ်ပြီ... ဟုတ်ပြီ...၊ ဒီယမ်းမှုန့်တွေကို ဘာလုပ်ဖို့ အလကား ထားမှာလဲ၊ ဒီယမ်းမှုန့်တွေနဲ့ တို့ရဲ့ လွတ်မြောက်ရေးကို အသုံးချရမှာပဲ၊ ဒီယမ်းမှုန့်တွေကို ဒီတွင်းဝမှာ ထားပြီး ဖောက်ခွဲ ပစ်လိုက်ရင် ဟိုကျောက်တုံး သုံးလုံးမပြောနဲ့၊ တစ်ဂူလုံးတောင် ပွင့်ထွက်သွားနိုင်တယ်'





ရှောင်ချောင်းသည်လည်း ဝမ်းသာအားရ ဖြစ်သွားသည်။ ဂူတွင်းမှ အသက်ရှင်လျက် ထွက်နိုင်တော့မည် မဟုတ်ဟု ထင်ထား ခဲ့ရာ ယခု ဟူကျင်း၏ အကြံဉာဏ်ကြောင့် သူမတို့ လူ့လောက အတွင်း ဆက်လက် အသက်ရှင်နေနိုင်ခွင့် ရပေဦးတော့မည်။

'ကောင်းတယ်...ကောင်းတယ်၊ အစ်ကိုလေး အကြံဉာဏ် သိပ်ကောင်းတယ်'

သူမသည် လက်ခုပ်လက်ဝါးတီးလျက် အားရဝမ်းသာ ပြောခြင်းဖြစ်၍ လက်နှစ်ဘက်၌ ချည်ထားသော သံကြိုးများသည် ချွင်ချွင်မည်လျက် ရှိနေတော့သည်။

ဟူကျင်းသည် သံကြိုးများကို ရုတ်တရက် သတိပြု လိုက်မိပြီး...

'ဒီသံကြိုးတွေက သက်သက် ရှုပ်နေတာပဲ၊ ဘာကိုမှ ရှင်း ရှင်းလင်းလင်း အလုပ်လုပ်နိုင်မှာ မဟုတ်ဘူး၊ ကဲ... လာခဲ့စမ်း၊ ဒီ သံကြိုးတွေ ဖြတ်ပစ်စမ်းမယ်'

ဟူကျင်းသည် ပြောပြောဆိုဆိုဖြင့် သံကြိုးများကို ကိုင်ဆွဲ၍ ဖြတ်တောက်လိုက်သည်။ သို့သော် သံကြိုးသည် မည်သို့မျှ ထူးခြား လာခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် သံကြိုး၏ ခိုင်ခံ့ပုံကို အလွန်အံ့ဩသွားသည်။ စိတ်တွင်းမှလည်း...

'အင်း... ဒီသံကြိုးက ဘာ သံကြိုးမို့လို့ မပြတ်ရမှာလဲ၊ ဒီတစ်ခါ တွေ့ကြသေးတာပေါ့'

ဟူကျင်းသည် သည်တစ်ကြိမ်တွင်တော့ သူ၏အတွင်းအားကို ဆွဲထုတ်လျက် ဖြတ်တောက်လိုက်ပြန်သည်။ သို့သော် သံကြိုးသည် လုံးဝမပြတ်ချေ။ ထိုအခါ ရှောင်ချောင်းက...

'ဒီသံကြိုးက သိပ်ထူးဆန်းတဲ့ သံကြိုး အစ်ကိုလေးရဲ့၊ ဓားနဲ့ ဖြတ်လဲ မပြတ်ဘူး၊ လက်နဲ့ ဆိုတာတော့ ပြောမနေနဲ့တော့၊ ဒီသံကြိုးကို ခတ်ထားတဲ့ သော့ချောင်းကိုတော့ မမရန်ဝေက သိမ်းထားတာ၊ အဲဒီသော့နဲ့ ဖွင့်မှရမယ်တဲ့'

'အေး...ဟုတ်တယ်၊ တော်တော် ထူးဆန်းတဲ့ သံကြိုးပဲ၊ ငါ အားကုန်ထုတ်သုံးတာတောင် မပြတ်ဘူး၊ ကိစ္စမရှိဘူးလေ၊ ဒီက ထွက်နိုင်ဖို့ပဲ အရေးကြီးတယ်၊ ဒီက ထွက်နိုင်ရန် ရန်ဝေဆီက သော့ တောင်းပြီး ဖွင့်ပေးမယ်'

ထို့နောက် ဟူကျင်းသည် တွင်းဝသို့ ကစ်၍ တက်သွားပြီး ကျောက်တုံးကြီးနား၌ သူ၏နားကိုကပ်၍ နားထောင်လိုက်သည်။



ွင်ကျင်းရှိနေသလားဟု စူးစမ်းခြင်းဖြစ်သည်။ ရွှင်ကျင်း၏ အသံကို ု လုံးဝမကြားရတော့။ ဟူကျင်းသည် ယမ်းမှုန့်များကို ယူ၍ ကျောက်တုံးကြီးများကြားထဲသို့ ထိုးသိပ်လိုက်သည်။ စိတ်ကျေနပ် လောက်အောင် ယမ်းမှုန့်များကို သွတ်သွင်းပြီးမှ မီးစာကို မီးရှို့လိုက် သည်။

ဟူကျင်းသည် လျင်မြန်စွာ ခုန်ဆင်းလိုက်ပြီး တစ်စုံတစ်ရာ ေါက်ကွဲလွင့်စဉ်ထွက်လာပါက ထိခိုက်သွားမည်ကို စိုးရိမ်လိုက် ဖြင့် ရှောင်ချောင်း၏ ခန္ဓာကိုယ်လေးရှေ့မှ သူ၏ကိုယ်ဖြင့် ကာကွယ်ပေးလိုက်သည်။

'ဝုန်း'ခနဲ မြည်ဟည်းသော အသံကြီးနှင့်အတူ ဂူကြီးတစ်ခု ုံး သိမ့်သိမ့်တုန်သွားတော့သည်။ သူတို့နှစ်ယောက်စလုံးသည် ည်း လုံးဝ မဟန်နိုင်တော့သဖြင့် လဲကျမတတ် ဖြစ်သွားကြရာ ှောင်ချောင်း၏ ခန္ဓာကိုယ်ကလေးကို ပွေ့ဖက် အကာအကွယ် ားလိုက်ရပေသည်။ လိုဏ်ခေါင်းတစ်ခုလုံး ယမ်းမှုန့် ယမ်းခိုးများ၊ ိုး မုန်မှုန့်များဖြင့် ဖုံးလွှမ်းပြည့်နှက်နေတော့သည်။ ရုတ်တရက် ားဖြင့် တစ်ယောက်ကို တစ်ယောက်ပင် မမြင်နိုင်လောက်အောင် ်သွားရသည်။ ဟူကျင်းက...

'ရှောင်ချောင်း... မင်း ဘာမှ မဖြစ်ဘူးနော်၊ ထိမိ ခိုက်မိ ွားသေးသလား'

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ချောင်းသည် ဟူကျင်း၏ အမေးစကားကိုရုတ်တရက် မဖြေနိုင်။ မိုန်မှုန့်များကြောင့် ချောင်းတဟွတ်ဟွတ် ဆိုးနေရာမှ မျက်ရည်များဝဲလျက် ဟူကျင်းကို စိုက်ကြည့်လိုက်ပြီး...

'အစ်ကိုလေး... အစ်ကိုလေး၊ အစ်ကိုလေးဟာ ကျွန်မအပေါ် သိပ်သက်ညှာတာပဲနော်'

ဟူကျင်းသည် တအံ့တသြ ပြန်မေးလိုက်သည်။

'ဘာဖြစ်လို့လဲ ရှောင်ချောင်းရဲ့'

'စောစောတုန်းက ယမ်းမှုန့်တွေက ပေါက်ကွဲတော့ အစ်ကိုလေးကိုယ်လုံးနဲ့ ကျွန်မကို ကာကွယ်ပေးခဲ့တယ် မဟုတ်လား၊ ဒီပြင်လူဆိုရင် ကျွန်မကို ဘယ်ညှာလိမ့်မလဲ၊ သူ့ကိုယ်သူ လွတ်အောင်ပဲ ရှောင်မှာပေါ့...'

ဟူကျင်းသည် ရှောင်ချောင်း၏ စကားကြောင့် ပြုံးလိုက်မိသည်။

'ဒါများ ရှောင်ချောင်းရယ်၊ မင်းက မိန်းကလေးပဲ၊ ငါက ယောကျာ်းသားကြီး တစ်ယောက်ဥစ္စာ၊ မင်းကို ငါက စောင့်ရှောက်ရမှာပေါ့ကွယ်'

သူသည် ထိုစကားကို ပြောပြီးသည်နှင့် အပေါ်သို့ တက်သွားသည်။ သူ အလွန် စိတ်ပျက်သွားသည်။ ကျောက်တုံးကြီးများသည် မူလနေရာမှ တစ်လက်မမျှမရွေ့။



သို့သော်... ဟူကျင်း ဝမ်းသာသွားသည်။ ဘေးဘက်နံရံတွင် အပေါက်ကလေး တစ်ပေါက် ပေါက်သွားချေပြီ။ မည်သည့် အပေါက်ပင်ဖြစ်စေ သူတို့ လွတ်မြောက်နိုင်သည် မဟုတ်ပါလား။

ဟူကျင်းသည် ရှောင်ချောင်းကိုခေါ်၍ ထိုအပေါက်မှ တိုးထွက်လိုက်ကြသည်။ သူတို့သည် နောက်ထပ် လိုဏ်ခေါင်းတစ်ခု အတွင်းသို့ ထပ်မံ ရောက်ရှိသွားတော့သည်။ ရှောင်ချောင်းမှာမူ ယခင် လိုဏ်ဂူတွင်း၌ ပိတ်မိသေဆုံးတော့မည်ဟု မှတ်ယူထားခဲ့ရာ ယခုကဲ့သို့ ထွက်လာနိုင်သောအခါ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရှာသည်။

ဟူကျင်းနှင့် ရှောင်ချောင်းတို့သည် ထိုလိုဏ်ခေါင်းအတိုင်း လျှောက်ထွက်ခဲ့ကြရာ အဆုံးတွင် ကျောက်တံခါးကြီးတစ်ချပ်ကို တွေ့လိုက်ကြရသည်။ ဟူကျင်းသည် ထိုကျောက်တံခါးကြီးကို တွန်းဖွင့်လိုက်သောအခါ အခန်းကြီးတစ်ခန်း ဖြစ်နေကြောင်း တွေ့ရှိကြရသည်။ အခန်း၏ အလယ်တွင်မူ လူအရိုးစုကြီးနှစ်ခုကို တွေ့ရှိကြရသည်။ အဝတ်အစားများ လုံးဝဆွေးမြည့်ကြွေကျသွားခြင်း ရှိသေးသဖြင့် ယောကျာ်း၊ မိန်းမ ခွဲခြားသိနိုင်ပေသေးသည်။

ဟူကျင်းသည် လှံတစ်ချောင်းကို ကောက်ယူလိုက်သည်။ အခန်းကြီး၏ လေးဘက်လေးဆန် နံရံကြီးကို လှံတံဖြင့် ခေါက်ကြည့်လိုက်သောအခါ အလွန် ကျစ်လျစ်သိပ်သည်းလှသည့် နံရံကြီး

www.burmeseclassic.com



များ ဖြစ်ကြောင်း သိရှိလိုက်ရသည်။ ဟူကျင်းသည် သူ၏ စူးစမ်းနေသော မျက်လုံးများကို နံရံမှ ခွာလိုက်ပြီး အရိုးစုနှစ်ခုပေါ်သို့ ထပ်မံ စူးစမ်းလိုက်ပြန်သည်။ မိန်းမအရိုးစုသည် သူမ၏ ညာဘက်လက်က ဓားဖြင့် သူမ၏ရင်ဝကို ပြန်လည်ထိုးစိုက်နေသည့် အနေအထား ဖြစ်ကြောင်း တွေ့ရှိရသည်။

ရှောင်ချောင်းမှာမူ အလွန်အံ့သြနေသည်။ မိန်းမ အရိုးစု၏ အနေအထားကို မြင်ရသည့်အခါတွင်လည်း လွန်စွာ ထူးဆန်းနေသည်။ ရှင်ကျင်းက ရန်ရောင်တို့အား ပြန်လည် ပြောပြခဲ့သည့် ဇာတ်လမ်းကို ဟူကျင်းအနေဖြင့် ရုတ်တရက် သတိရလိုက်မိတော့သည်။

အလင်းမှာန် ဂိုဏ်းချုပ်ကြီး ရန်ဖော့ထင်း၊ ရန်ဖော့ထင်း၏ ဇနီးနှင့် ရှင်ကျင်းတို့ သုံးပွင့်ဆိုင် ဇာတ်လမ်းအဆုံးတွင် ရန်ဖော့ထင်း၏ ဇနီးသည် သူ့ကိုယ်သူ အဆုံးစီရင်ခဲ့သည် မဟုတ်ပါလား။ ဟူကျင်းသည် စိတ်ထဲတွင် တွေးလိုက်မိသည်။

'ဒီအရိုးစု နှစ်ခုဟာ ရန်ဖော့ထင်းနဲ့ သူ့ဇနီးပဲ ဖြစ်ရမယ်'

ဟူကျင်းသည် အရိုးစုပတ်ဝန်းကျင်ကို စူးစမ်းရှာဖွေကြည့်လိုက်သည်။ ယောကျ်ားအရိုးစုရှေ့သို့ ရောက်သောအခါတွင်မူ အရိုးစုရှေ့နား၌ ဆိတ်သားရေတစ်ချပ်ကို ခင်းထားကြောင်း တွေ့လိုက်ရသည်။ ထိုဆိတ်သားရေ၏ တစ်ခြမ်းမှာ အမွေးများရှိနေပြီး ကျန်တစ်ခြမ်းမှာမူ ပြောင်ချောကြီး ဖြစ်နေသည်။



သို့သော် ရှောင်ချောင်းကမူ အားရဝမ်းသာစွာ အော်ဟစ်လိုက်တော့သည်။

'အစ်ကိုလေး...အစ်ကိုလေး၊ ဒါဟာ အလင်းမာန်ဂိုဏ်းကြီးရဲ့ ထိပ်တန်းလျှို့ဝှက် သိုင်းပညာပဲ'

ရှောင်ချောင်းသည် ပြောပြောဆိုဆိုဖြင့် ရန်ဖော့ထင်း၏ ဇနီးသည်လက်ထဲမှာ ဓားကိုယူလိုက်ပြီး သူမ၏လက်ထိပ်ကို ဓားဖြင့် ထိုးစိုက်လိုက်သည်။ ဟူကျင်းသည် ရုတ်တရက်ဖြစ်သဖြင့် ရှောင်ချောင်းကို လုံးဝမတားမြစ်နိုင်။ သို့သော် ရှောင်ချောင်း၏ နောက်ဆက်တွဲ လုပ်ရပ်များကိုမူ အံ့သြလွန်းသဖြင့် မည်သို့မျှ မပြောနိုင်ဘဲ ငေးကြည့်နေမိတော့သည်။

ရှောင်ချောင်းသည် သူ့လက်ထိပ်မှ ထွက်လာသော သွေးဖြင့် ဆိတ်သားရေကို သုတ်လိုက်သည်။ ထိုအခါ ဆိတ်သားရေပေါ်၌ စာလုံးများ ထင်ထင်ရှားရှား ပေါ်လာတော့သည်။ ပထမ စာကြောင်းမှာ—

'အလင်းမာန်ဂိုဏ်း၏ ထိပ်သီး အားပြောင်းအားလွှဲ သိုင်းပညာကြီး'

www.burmeseclassic.com

www.burmeseclassic.com



အလင်းမာန်ဂိုဏ်းကြီး၏ အစွမ်း အထက်မြက်ဆုံး သိုင်းပညာကို မမျှော်လင့်ဘဲ ရုတ်တရက် တွေ့လိုက်ရသော်လည်း ဟူကျင်းသည် လိုက်လှဲဝမ်းမြောက်မှု မရှိခဲ့ပေ။ သူ့စိတ်ထဲတွင် တွေးနေမိသည်မှာ...

'ဒီ လျှို့ဝှက်လိုဏ်ခေါင်းကြီးဟာ ကြီးကျယ်တာတော့ မှန်ပါရဲ့၊ ဒါပေမယ့် သောက်စရာ ရေဆိုလို့လဲ တစ်စက်မှ မရှိဘူး စားစရာ ရိက္ခာဆိုလို့လဲ ဘာမှ မတွေ့ရဘူး၊ ဒီလိုဏ်ဂူကြီးထဲကနေ ခုနစ်ရက်အတွင်း အပြင်ရောက်အောင် မထွက်နိုင်ရင် နှစ်ယောက်လုံး အစာငတ်ပြီး သေကြတော့မှာပဲ၊ ဒီသိုင်းပညာကြီး သင်ရလို့ ဘာထူး တော့မှာလဲ'

ဟူကျင်းသည် ရှောင်ချောင်းဘက်သို့ လှည့်၍ ရုတ်တရက် မေးလိုက်သည်။

'ဒါနဲ့ နေပါဦး၊ ဒီဆိတ်သားရေပေါ်မှာ ဒီစာတွေ ရေးထား တယ်ဆိုတာရယ်၊ သွေးနဲ့ သုတ်လိုက်ရင် ဒီစာလုံးတွေ ပေါ်လာမယ် ဆိုတာတွေကို မင်း ဘယ်လိုလုပ်ပြီး သိထားရတာလဲ'

အခန်းတွင်းဝယ် ရုတ်ခြည်း တိတ်ဆိတ်သွားသည်။ ရှောင် ချောင်းသည် တိုးညင်းသော လေသံကလေးဖြင့် ခေါင်းငုံ့ပြီး ဖြေ လိုက်သည်။



'ဦးလေး ရန်ရောင်နဲ့ မမရန်ဝေ စကားပြောနေတာကို ကျွန်မ ချောင်းနားထောင်လို့ သိရတာပါ၊ သူတို့က အလင်းမာန်ဂိုဏ်းကြီးရဲ့ ဂိုဏ်းသားတွေဆိုတော့ ဒီလျှို့ဝှက်ချက်ကြီးကို ကောင်းကောင်း သိကြ တာပဲ၊ ဒါပေမယ့် သူတို့ဂိုဏ်းသားတွေအနေနဲ့ ဒီလိုဏ်ခေါင်းကြီး ထဲကို မဝင်ရဘူးဆိုတဲ့ ပညတ်ချက်ကြီးက ရှိနေတော့ ဒီပညတ်ချက် စည်းကမ်းကြီးကို ဖောက်ပြီး ဒီလိုဏ်ခေါင်းကြီးထဲ ဝင်မရှာရဲကြ တော့ဘူး'

★ ☆ ★ ☆ ★

www.burmeseclassic.com

www.burmeseclassic.com



# ထွက်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅၇)

## ထွက်ပေါက်

ရှောင်ချောင်းသည် သူမ၏ လက်ချောင်းမှ သွေးများဖြင့် …တ်သားရေတစ်ချပ်လုံးကို သုတ်လိုက်ရာ စာလုံးများ တစ်ကြောင်း …း တစ်ကြောင်း ပေါ်လာတော့သည်။

နောက်ဆုံး စာကြောင်းတွင်မူ ဤအခန်းကြီး၏ မြောက် …တ် နံရံကြီး၏မြောက်ဘက်နံရံသည် တံခါးအရှင်ဖြစ်၍ ထိုနံရံကို …န်းကန်၍ ထွက်နိုင်ကြောင်း ပါရှိသည်။ သို့သော် ထိုနံရံသည် …လွန်ထူထဲခိုင်ခံ့လွန်းသည်ဖြစ်၍ နက်နဲသိမ်မွေ့လှသော ဤ…ား …င်း အားလွှဲ သိုင်းပညာကို အဆင့်ငါးအထိ လေ့ကျင့်တ…ရောက် …သူမှသာ တွန်းဖွင့်နိုင်မည်ဖြစ်ကြောင်း ရေးသား…ားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် တစ်စုံတစ်ခုကို တွေးလိုက်မိသည်။

'ငါက နေစကြာ သိုင်းကျင့်စဉ်ကို လေ့ကျင့်ပြီးပြီပဲ၊ ငါ့ရဲ့ နေစကြာသိုင်းရဲ့ စွမ်းအင်က ဒီ အားပြောင်းအားလွှဲ သိုင်းပညာထက်တော့ ညံ့နိုင်မယ် မထင်ပါဘူး'

ဟူကျင်းသည် မြောက်ဘက်နံရံသို့ လျှောက်သွားလိုက်သည်။ သူ၏ နေစကြာ အတွင်းအားများကို လက်နှစ်ဘက်တွင် စုစည်းလိုက်ပြီး နံရံကြီးကို တွန်းဖွင့်လိုက်တော့သည်။ သူ၏ ပြင်းထန်သည့် အားများသည် ပင်လယ်လှိုင်းများပမာ တစ်ချက်ပြီး တစ်ချက် တလိပ်လိပ် တိုးထွက်လာသည် မှန်သော်လည်း အပြင်သို့ အားကုန် မရောက်ရှိဘဲ ဖြစ်နေတော့သည်။ ပမာအားဖြင့် အပေါက်ဝ ပိတ်ဆို့နေသော ရေပိုက်ပမာနယ်ပင်။ ထို့ကြောင့် နံရံကြီးသည် တစ်လက်မမျှ မရွေ့လျားဘဲ ဖြစ်နေသည်။

ဟူကျင်းသည် အကြိမ်ကြိမ် ကြိုးစားပါသော်လည်း လုံးဝ အရာမရောက်ဘဲ ဖြစ်နေသည်။ နောက်ဆုံး သူ့စိတ်ကို လျှော့ချလိုက်သည်။

သို့ရာတွင် ကျောက်တုံးကြီးများ လွင့်ထွက်သွားစေရန် ဖောက်ခွဲခဲ့သည့် အကြွင်းအကျန် ယမ်းမှုန့်များကို သွားရောက် ယူငင်လျက် ထိုနံရံကြီး၏ အောက်ခြေတွင် စုပုံထားလိုက်သည်။ ပြီးမှ မီးရှို့ပြီး ဖောက်ခွဲလိုက်ပြန်သည်။



ထို နံရံကြီးကား တုတ်တုတ်မျှ မလှုပ်ချေ။ အတွင်းဘက်သို့မှ သုံးပေခန့် ချိုင့်ဝင်သွားကြောင်း တွေ့ရှိရသည်။ အလွန်အံ့ဩဖွယ်ရာ ကောင်းလှသော ဗိသုကာ ပညာရပ်ပေတည်း။ ထိုနံရံကြီးကို ဖန်တီးခဲ့သူသည် အားပြောင်းအားလွှဲ သိုင်းပညာ အဆင့်ငါး၏ အင်အားဖြင့် တွန်းဖွင့်နိုင်ရန်သာ ဖန်တီး တည်ဆောက်ခဲ့ခြင်း ဖြစ်ပေသည်။

ဟူကျင်းသည် အနည်းနည်းအဖုံဖုံ ကြိုးစားခဲ့သော်လည်း မည်သို့မျှ ထူးခြားမလာသောအခါ ရှောင်ချောင်းအတွက် များစွာ စိတ်မကောင်းဖြစ်မိတော့သည်။ ရှောင်ချောင်း၏ လက်ကလေးကို သနားစွာကိုင်၍ စိတ်ထိခိုက်စွာ ပြောလိုက်မိသည်။

'ရှောင်ချောင်း၊ ငါ့အတွက်နဲ့ မင်း ဒီနေရာထဲမှာ ပိတ်မိနေပြီ၊ ငါ့အပြစ်ပါပဲကွယ်၊ ဒီနေရာက မထွက်နိုင်လို့ကတော့ ဘယ်လိုမှ အသက်ရှင်နိုင်စရာလမ်း မရှိပါဘူး'

'အို... ဒါ အစ်ကိုလေးအပြစ် မဟုတ်ပါဘူး၊ တကယ်ဆိုရင် ကျွန်မအပြစ်ပဲ ဖြစ်မှာပါ၊ အစ်ကို့ကိုသာ ကျွန်မက ခေါ်မလာခဲ့ဘူးဆိုရင် ဒီလိုအဖြစ်နဲ့ ကြုံရမှာ မဟုတ်ဘူး'

ရှောင်ချောင်းသည် အသက်ငယ်ရွယ်လှသည် မှန်သော်လည်း တွေးတွေးဆဆ လုပ်ကိုင်တတ်သူ ဖြစ်ကြောင်း ဟူကျင်း သိလိုက်သည်။ ထို့ပြင် ရုတ်တရက် အသံကိုမြှင့်၍ အားကြိုး မာန်တက်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။ ရှောင်ချောင်း၏ လေသံကြောင့် ဟူကျင်း ရုတ်တရက် ထိတ်ခနဲ ဖြစ်သွားမိသည်။

'အစ်ကို ဟူကျင်း၊ ဒီ အားပြောင်း အားလွှဲ သိုင်းပညာကို စမ်းကျင့်ကြည့်ပါလား၊ အစ်ကိုလေးက ဉာဏ်ကောင်းတာပဲဥစ္စာ ခဏလေးနဲ့ တတ်ချင် တတ်သွားမှာပဲ၊ မဟုတ်ဘူးလား'

ဟူကျင်းက ပြုံးရယ်မိလိုက်သည်။

'အလင်းမာန်ဂိုဏ်းရဲ့ ရှေးအစဉ်အဆက်က ဂိုဏ်းချုပ်ကြီးတွေတောင်မှ ဒီ အားပြောင်းအားလွှဲ သိုင်းပညာကို အဆင့်အမြင့်ဆုံး မတတ်နိုင်ခဲ့ကြဘူး၊ ငါလို သာမည လူတစ်ယောက်က လွယ်လွယ်ကလေးနဲ့ ဘယ်လိုလုပ် လေ့ကျင့်နိုင်ပါ့မလဲ'

သို့သော် ရှောင်ချောင်းကမူ အားတက်သရော ပြောပြန်သည်။

'အဲဒါပဲဖြစ်ဖြစ်ပေါ့၊ စမ်းကြည့်တာ မှားမလား အစ်ကိုလေးရဲ့'

ဟူကျင်းသည် သူ့ကြောင့် ဒုက္ခရောက်နေပြီဖြစ်သော ရှောင်ချောင်းကို ထပ်မံ စိတ်မဆင်းရဲစေလိုတော့။ ထို့ကြောင့် သူ့ဆန္ဒကို လိုက်လျောသည့်အနေဖြင့် ဆိတ်သားရေကို ယူလိုက်သည်။ သိုင်းကျင့်စဉ်၏ အစပထမပိုင်းကို ဖတ်ကြည့်ပြီး စမ်းသပ် လေ့ကျင့်လိုက်သည်။ ထွက်သက် ဝင်သက်နှင့် အတွင်းအားများကို ကိုယ်တွင်း





မှ မည်သို့ မည်ပုံ လှည့်ပတ် စီးဆင်းစေရန် လေ့ကျင့်ခိုင်းခြင်းပင် ဖြစ်သည်။

ဟူကျင်းသည် ဆိတ်သားရေတွင် ရေးသားထားသည့်အတိုင်း တစ်လုံးတစ်ပါဒမျှ မချွတ်ချော်စေဘဲ အထူးဂရုစိုက်၍ လေ့ကျင့်လိုက်ရာ သူ၏ အတွင်းအားများကို ညွှန်ကြားသည့်အတိုင်း လှည့်ပတ် စီးဆင်းစေနိုင်ကြောင်း တွေ့ရှိလိုက်ရတော့သည်။ ထိုဆိတ်သားရေပေါ်၌ ရေးသားထားသည်ကား...

'၎င်းအဆင့်သည် အားပြောင်းအားလွှဲ သိုင်းပညာ၏ ပထမအဆင့် ဖြစ်သတည်း၊ ဉာဏ်ရည်မြင့်သူ ဖြစ်လျှင် ခုနစ်နှစ်ဖြင့် လေ့ကျင့်အောင်မြင်နိုင်မည်။ သို့မဟုတ်ပါမူ တစ်ဆယ့်လေးနှစ်မျှ လေ့ကျင့်မှသာ အောင်မြင်ပေလိမ့်မည်'

ဟူကျင်းသည် ထို စာကြောင်းကို ဖတ်မိလိုက်သောအခါ အလွန်တရာ အံ့သြသွားမိပေသည်။ သူသည် ယခု ချက်ချင်း ပထမအဆင့်ကို အောင်မြင်လိုက်ပြီ မဟုတ်ပါလော။

'ဒါက ဘာများ ခက်နေလို့လဲ၊ ဒီအဆင့်လေးကို ခုနစ်နှစ်ကျင့်မှ ရနိုင်မယ်တဲ့လား'

ဟူကျင်းသည် ဒုတိယအဆင့်ကို ဆက်၍ လေ့ကျင့်လိုက်ပြန်သည်။ ထို ဒုတိယအဆင့်ကိုလည်း အလွယ်တကူ လေ့ကျင့်အောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ပြန်သည်။ ထူးခြားချက်တစ်ခုမှာ သူ၏ လက်ချောင်းထိပ်ဖျားမှ အအေးဓာတ်များ တဖျဉ်းဖျဉ်းထွက်နေသကဲ့သို့ ခံစားနေရခြင်းပင်ဖြစ်သည်။

သို့သော် စာထဲတွင်မူ ဤ ဒုတိယဆင့်ကို ပြီးစီးအောင်မြင်ရန် ခုနစ်နှစ်ကြာမည်။ အကယ်၍ တစ်ဆယ့်လေးနှစ်ထိ လေ့ကျင့်မအောင်မြင်ခဲ့လျှင် ဆက်မကျင့်ရဟု ရေးသားထားဖြစ်ထားသည်။

ဟူကျင်းသည် အလွန် အံ့သြဝမ်းသာနေသည်။ သူတစ်ပါးလွန်စွာခက်ခက်ခဲခဲ ကြာမြင့်စွာ လေ့ကျင့်ရမည့် အဆင့်နှစ်ဆင့်ကို သူ လွယ်လွယ်ကူကူ အောင်မြင်ခဲ့သည် မဟုတ်ပါလား။

သူသည် တတိယအဆင့်ကို အားကြိုးမာန်တက် လေ့ကျင့်ပြန်တော့သည်။

တတိယအဆင့် ပြီးစီးအောင်မြင်သွားသည့်အခါတွင်မူကား ဟူကျင်း၏ မျက်နှာတစ်ခြမ်းမှာ နီရဲလျက် ရှိနေပြီး ကျန်တစ်ခြမ်းမှာမူ စိမ်းပြာပြာ ဖြစ်နေတော့သည်။ အမှန်စင်စစ် ဟူကျင်း၏ ယခု အခြေအနေကို တစ်စုံတစ်ယောက်ကသာ မြင်လိုက်လျှင် လုံးဝ ကြောက်လန့်သွားမည်သာ ဖြစ်သည်။ ရှောင်ချောင်း၏ စိတ်တွင်လည်း ကြောက်ရွံ့နေမိသည်သာ ဖြစ်တော့သည်။



သို့သော် ဟူကျင်း၏မျက်လုံးများ အရောင်တစ်လက်လက်တောက်ပနေသည်ကို မြင်နေရ၍သာ ဟူကျင်း အောင်မြင်နေသည်ဖြစ်ကြောင်း ခန့်မှန်းမိနိုင်ပြီး သူ့အကြောက်တရားကို လျော့ပါးသွားအောင် လုပ်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ပဉ္စမအဆင့်သို့ ရောက်သည့်အခါတွင် ဟူကျင်း၏မျက်နှာသည် ရုတ်တရက်နီလိုက်၊ ရုတ်တရက်စိမ်းလိုက် ဖြစ်နေသည့်အပြင် သူ၏ ခန္ဓာကိုယ်မှာလည်း တဆတ်ဆတ်တုန်ယင်နေတော့သည်။ မျက်နှာမှ ချွေးသီးချွေးပေါက်များလည်း ယိုစီးထွက်လာတော့သည်။

ရှောင်ချောင်းသည် လက်ကိုင်ပုဝါထုတ်၍ ဟူကျင်း၏ မျက်နှာမှ ချွေးများကို သုတ်ပေးရန် ဟန်ပြင်လိုက်သည်။ သူမ၏ လက်သည် ဟူကျင်း၏နဖူးကို ထိမိလိုက်သည်နှင့် တစ်ပြိုင်နက် အားလှိုင်းတစ်ခုက ရုတ်တရက် တွန်းကန်လိုက်သဖြင့် သူမသည် နောက်ဘက်သို့ ယိမ်းယိုင်လွင့်ထွက် သွားတော့သည်။

ဟူကျင်းအနေဖြင့်မူ ဤအဖြစ်များကို မည်သို့မျှ မသိချေ။ မမြင်ချေ။ သူ၏ အလုံးစုံသော အာရုံများသည် ပဉ္စမအဆင့်၌သာ စုစည်းနေမိခြင်း ဖြစ်သည်။

အမှန်စင်စစ် ဟူကျင်းသည် အားပြောင်းအားလွှဲ သိုင်းပညာ၏ ပဉ္စမအဆင့်ကို အခက်အခဲမရှိ အောင်မြင် ပြီးစီးခဲ့ပြီပင်။

အားပြောင်းအားလွှဲ သိုင်းပညာ ဟူသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းသည် မိမိတို့ ခန္ဓာကိုယ်တွင် ရှိသော အင်အား၏ ဆယ်ပုံ ပုံလျှင် သုံးပုံခန့်သာ အသုံးပြုနေကြပေသည်။ ကျန် ခုနစ်ပုံခန့်ကို မိမိ၏ ခန္ဓာကိုယ်အတွင်း အကျိုးမဲ့ ကိန်းအောင်းစေလျက် လုံးဝ သုံးစွဲခြင်း မပြုဘဲ လျစ်လျူရှုထားကြပေ၏။

ဥပမာအားဖြင့် လူတစ်ယောက်သည် သာမန်အချိန်မျိုးတွင် ပေါင်ငါးဆယ်ခန့်သာ မ,နိုင်သော်လည်း အသက်အန္တရာယ် ကြုံလာသည့်အခါတွင်မူ ထိုထက် ငါးဆမျှ လေးသော အလေးချိန်ကို မ,နိုင်ကြပေသည်။

ဤသိုင်းပညာသည် လျှို့ဝှက် ကိန်းအောင်းနေသည့် ခန္ဓာကိုယ်တွင်းမှ အားများကို အချိန်မရွေး ဖော်ထုတ်ပေးသည့် ပညာဖြစ်လေသည်။ ဤသည်မှာ အားပြောင်းအားလွှဲ သိုင်းပညာ၏ အခြေခံသဘောမျှသာ ဖြစ်ပေသည်။

ဟူကျင်းသည် ယခင်ကတည်းက နေစကြာ သိုင်းကျင့်စဉ်ကို ပြီးစီးအောင်မြင်ခဲ့ပြီးဖြစ်ရာ သူ၏ အတွင်းအားများသည် အလွန် အင်အားပြည့်ဝလျက် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေချိန် ဖြစ်သည်။ သို့သော် သိုင်းပညာရှင်ကြီးများ၏ စနစ်ကျသော သွန်သင်မှုကို မခံခဲ့ရသဖြင့် သူ၏ ပြည့်ဝနေသော အတွင်းအားများကို မည်သို့ မည်ပုံ ထုတ်သုံးရမည်ကို မသိနိုင်ဘဲ ဖြစ်နေခဲ့ရသည်။



ယခု အားပြောင်းအားလွှဲ သိုင်းပညာသည် အလွန် ခက်ခဲ ခက်နဲသော သိုင်းပညာ ဖြစ်သည်။ အလင်းမာန်ဂိုဏ်းချုပ်ကြီးများပင် အဆင့်ကုန်သည်အထိ တစ်ယောက်မျှ ပြီးစီးအောင်မြင်မှု မရှိခဲ့ကြချေ။ သူတို့သည် ကျင့်စဉ်၏ လမ်းတစ်ဝက်လောက်ရောက်သည့် အချိန်တိုင်း၌ ပြင်းထန်သည့်အား မပြည့်ဝ မလုံလောက်မှုက ဒုက္ခပေးခြင်း ခံခဲ့ရသည်။ ပြင်းထန်သည့်အား မပြည့်ဝ မလုံလောက်သဖြင့် တွင်းအားများ ကမောက်ကမဖြစ်လျက် ကိုယ်တစ်ပိုင်းသေသော ဖြစ်များသို့သာ နောက်ဆုံး ရောက်ရှိခဲ့ကြခြင်း ဖြစ်သည်။

ယခု ဟူကျင်းမှာမူ သူ့ ခန္ဓာကိုယ်အတွင်း အတွင်းအား ပြည့်ဝလုံလောက်ခြင်းကြောင့် ပဌမအဆင့်ကို ကောင်းစွာ ပြီးစီး အောင်မြင်ရခြင်း ဖြစ်သည်။ ထိုအဆင့်ကို အောင်မြင်လိုက်ခြင်း ကြောင့် ယခင်က သူ့တွင် ရှိနေပါလျက် ထုတ်ယူသုံးစွဲခြင်း မပြု ထုတ်ခဲ့သော သူ၏ အတွင်းအားများကို ယခု လိုအပ်သလို အသုံးချ ပြီဖြစ်ကြောင်းတွေ့ရသဖြင့် အလွန် အားရကျေနပ် နေတော့သည်။

ဟူကျင်းသည် ကျောက်နံရံကြီးကို တွန်းဖွင့်ရန် ကိစ္စကို မေ့လျော့နေချေပြီ။ အားပြောင်းအားလွှဲ သိုင်းပညာ၏ ဒုတိယအဆင့်သို့ တက်ရောက်ရန်သာ စိတ်စောနေချေပြီ။

ဤသို့ဖြင့် တစ်ဆင့် ထပ်တက်ခဲ့ရာ သတ္တမအဆင့်သို့ ရောက်သော်အခါ ဆိတ်သားရေ၌ ဖော်ပြထားသော စာကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်းကို လုံးဝ လှော်ကျင့်၍ မရနိုင်ဘဲ ဖြစ်နေတော့သည်။

ထိုစာကြောင်းကို ထပ်ခါထပ်ခါ လေ့ကျင့်သည့် အခါတိုင်း ထူးခြားချက် တစ်စုံတစ်ရာကို မရရှိဘဲ ဖြစ်နေသည်။ သူ၏ အတွင်းအားများသာ ထွက်ပေါက် မတွေ့တော့ဘဲ ဗလောင်ဆူလာသည်ကို ခံစားရတော့သည်။

ဟူကျင်းသည် အကျိုးမဲ့ အချိန်ကုန်ခံမနေတော့။ ထိုစာကြောင်းကို လေ့ကျင်ခြင်း မပြုတော့ဘဲ နောက်တစ်ကြောင်းကို ခုန်ကျော်၍ လေ့ကျင့်လိုက်တော့သည်။ ဤသို့ဖြင့် ဟူကျင်းသည် အားပြောင်းအားလွှဲ သိုင်းပညာ၏ နောက်ဆုံးအဆင့်ဖြစ်သည့် သတ္တမအဆင့်ကို ထပ်မံအောင်မြင်ခဲ့ရပြန်လေသည်။ ထို့နောက် သူ လေ့ကျင့်၍ မရသဖြင့် ခုန်ကျော်ခဲ့သော စာကြောင်းများကို ကြည့်လိုက်သောအခါ စာကြောင်း ဆယ်ကြောင်းမျှ ရှိခဲ့သည်ကို တွေ့လိုက်ရသည်။ ဟူကျင်းသည် ဆိတ်သားရေကို မိမိရှေ့ မြေကြီးတွင်ချလျက် ရှိသေစွာ ဦးချ ကန်တော့လိုက်သည်။

'ကျွန်တော်ဝ် ဟူကျင်းသည် အလင်းမာန်ဂိုဏ်းကြီး၏ အားပြောင်းအားလွှဲ သိုင်းပညာကြီးကို လေ့ကျင့် အောင်မြင်ခဲ့ပြီးပါပြီ၊ ဤသိုင်းပညာကြီးဖြင့် အလင်းမာန်ဂိုဏ်းကြီး အပေါ်သို့ ကျရောက်လာမည့် ဘေးအန္တရာယ်ဆိုးများကို တတ်အားသရွေ့ ကာကွယ်စောင့်ရှောက်ပေးပါမည်'



သူသည် စိတ်တွင်းမှ ကျေနပ်နှစ်သိမ့်စွာဖြင့် ကတိပြု ရရွတ်လိုက်ပေသည်။

အမှန်စင်စစ် ဟူကျင်း လေ့ကျင့်၍မရခဲ့သော စာကြောင်းဆယ်ကြောင်းသည် ဤသိုင်းပညာကြီးကို တီထွင်ခဲ့သည့် ပုဂ္ဂိုလ်ကြီး၏ ချွတ်ယွင်းချက် ဖြစ်ပေသည်။ ဤသိုင်းပညာကြီးသည် အလွန်သို့ဝှက်နက်နဲရကား အချို့နေရာများ၌ လက်တွေ့ဘဝနှင့် ကင်းကွာသော စိတ်ကူးလဲ့ကျင့်စဉ်မျိုးကို မှားယွင်းချွတ်ချော်၍ ရေးသားခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် ထိုစာကြောင်းများကို လုံးဝ လေ့ကျင့်၍ မရနိုင်ခဲ့ခြင်းသာ ဖြစ်ပေသည်။

ဟူကျင်းမှာမူ ကံကောင်းထောက်မသွားခြင်းသာ ဖြစ်ပေသည်။ လေ့ကျင့်၍မရသော စာကြောင်းများကို ကျော်၍ ဟူကျင်း လေ့ကျင့်လိုက်သည်မှာ နောက်ထပ်ကျင့်စဉ်များမှာ သေချာတတ်အပ်နိုင်သည်ဟု ယုံကြည်သောကြောင့် လေ့ကျင့်ခြင်း မဟုတ်ချေ။ လေ့ကျင့်၍ ရလျှင်လည်း အမြတ်၊ မရလျှင်လည်း အရှုံးမရှိ ဟူသော စိတ်ထားဖြင့် လေ့ကျင့်လိုက်သဖြင့် ဤသို့ အောင်မြင်သွားရခြင်း ဖြစ်ပေသည်။ အကယ်၍ ဤသို့ခုန်ကျော်ခြင်း မပြုဘဲ မရနိုင်သည့် စာဆယ်ကြောင်းကိုသာ မရမက လေ့ကျင့်လိုက်ပါက နောက်ဆုံး ဒုက္ခိတ ဖြစ်သွားရချေမည်။

ဟူကျင်းသည် ကျောက်နံရံကြီးဆီသို့ လျှောက်သွားပြီး အားပြောင်းအားလွှဲသိုင်းပညာကို အသုံးပြုလျက် နံရံကြီးကို တွန်း

www.burmeseclassic.com



ထုတ်လိုက်ရာ နံရံကြီးသည် တရွေ့ရွေ့နှင့် ရွေ့လျောပွင့်ထွက် သွားလေတော့သည်။

ရှောင်ချောင်းသည် ဝမ်းသာလွန်းသဖြင့် ထခုန်အော်ဟစ်မိသည် အထိ ဖြစ်သွားရသည်။ သူ၏လက်မှ သံကြိုးများကလည်း တချွမ်ချွမ်မြည်လျက် ရှိနေတော့သည်။

'ရှောင်ချောင်း... ဒီနားကို လာခဲ့စမ်း၊ မင်းရဲ့ သံကြိုးကို အားပြောင်းအားလွှဲသိုင်းပညာနဲ့ ဆွဲဖြတ်ကြည့်မယ်'

'ဟုတ်တယ် အစ်ကိုလေး၊ ဒီတစ်ခါတော့ သေချာပြီ၊ ရမှာ သေချာပြီ ဖြတ်စမ်းပါ'

သို့သော် ဟူကျင်း သံကြိုးကို ဆွဲဖြတ်သောအခါတွင်မူ သံကြိုးသည် လုံးဝ မပြတ်တောက်ဘဲ ဆွဲလေရှည်လေ၊ ဆွဲလေ ရှည်လေ ဖြစ်ပြီး ဆန့်ထွက်လာကြောင်း တွေ့ရှိရသဖြင့် သူတို့ အလွန် အံ့သြသွားကြတော့သည်။

'ဟာ... အစ်ကိုလေး၊ အဲဒါမှ ဒုက္ခပဲ၊ သံကြိုးက ပိုရှည်လာတော့ ကျွန်မအတွက် ပိုပြီး အဆင်မပြေတော့ဘူး'

ဟူကျင်းသည် မတတ်နိုင်တော့သဖြင့် လက်လျှော့လိုက်ရတော့သည်။ သို့နှင့် သူတို့နှစ်ယောက်သည် လိုဏ်ခေါင်းမှ တစ်ဆင့် နောက်ဆုံး ကျောက်ဂူကြီးတစ်ခုသို့ ရောက်ရှိလာကြသည်။ ထို



ကျောက်ဂူကြီးထဲမှ အပြင်သို့ ရောက်ရှိလာကြကာ ဩကာသလောကကြီးနှင့် ဝမ်းမြောက်ဝမ်းသာ တွေ့ရှိလိုက်ရတော့သည်။

အပြင်သို့ ရောက်သောအခါ နေမင်းကြီး၏ ရောင်ရှိန်များကို ဆီးတွေ့ခံစားလိုက်ကြရသဖြင့် မျက်လုံးများ ကျိန်းစပ်သွားကြသည်။ သို့သော် သူတို့သည် လိုဏ်ဂူကြီးအတွင်း၌ သေမလား၊ ရှင်မလား မသိနိုင်ဘဲ တဝဲဝဲ တလည်လည်လှည့်နေရာမှ ယခုကဲ့သို့ သေတွင်းမှ လွတ်မြောက်ပြီး နေရောင်ကို တွေ့လိုက်ရသောအခါ အလွန် အားရဝမ်းသာ ဖြစ်သွားလျက် တဟားဟား အော်ဟစ်ရယ်မောမိကြတော့သည်။

နေမင်းကြီး၏ ရွှေဝါရောင် ရောင်ခြည်များသည် နှင်းကျထားသည့် မြက်ခင်းစိမ်းစိမ်းများပေါ်၌ ဖြန့်ကျက်ကျရောက်လျက် ရှိရာ သည်မြက်ခင်းများပေါ်သို့ နုနယ်ဖြူဖွေးလှသော ရှောင်ချောင်း ရောက်ရှိလာသည့်အခါ ရှောင်ချောင်း၏ မျက်နှာအလှလေးနှင့် ဆက်စပ်လျက် အလွန်လှပသော မြင်ကွင်းတစ်ရပ် ဖြစ်သွားတော့လေသည်။

ဟူကျင်းသည် နှုတ်မှ ထုတ်ဖော်ချီးကျူးမိတော့သည်။

'ရှောင်ချောင်း မင်း တကယ်ချောတာပဲ'

ရှောင်ချောင်းသည် ဝမ်းသာအားရ ပြန်မေးလိုက်သည်။

'အစ်ကိုလေး တကယ်ပြောတာနော်၊ ကျွန်မကို ညာတာ မဟုတ်ဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက် ရုပ်ရည်ကလေး ချောနေရက်သားနဲ့ ဘာဖြစ်လို့ အကျည်းတန်ရုပ်နဲ့ ဟန်ဆောင်နေရတာလဲ'

'အစ်ကိုလေးက ဟန်မဆောင်စေချင်ရင် ကျွန်မ ဟန်မဆောင်တော့ဘူး၊ မမလေး သတ်ချင်လဲ သတ်ပစေတော့'

'ဟဲ့... ရှောင်ချောင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်းကို သူက ဘာဖြစ်လို့ အကြောင်းမဲ့ သတ်ရမှာလဲ'

ဟူကျင်းသည် ထိုစကားကို ပြောပြီးသည်နှင့် သူ့ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်သောအခါ အနောက်မြောက် တောင်ကုန်းထိပ်တွင် လူအချို့ ရောက်ရှိနေကြောင်း တွေ့ရှိလိုက်ရလေတော့သည်။ ဟူကျင်းသည် မည်သည့် စကားမျိုးကိုမျှ ဆက်မပြောတော့ဘဲ ရှောင်ချောင်း၏ လက်ကို ဆွဲ၍ ကမန်းကတန်း ပြေးလွှား ခုန်ထွက် သွားတော့သည်။

ယခုအချိန်တွင် ဟူကျင်းသည် ထိပ်သီး သိုင်းပညာကြီး နှစ်ရပ်ကို လေ့ကျင့်တတ်မြောက်ပြီး ဖြစ်ရာ သူ၏ လှုပ်ရှားမှုတိုင်းသည် ရင်သပ်ရှုမောဖွယ်ရာ လျင်မြန်လှသည်ကို တွေ့ရှိရပေသည်။ ယခု သူ ပြေးလွှားခုန်ကျော်နေသည်မှာ သူတစ်ယောက်တည်းမဟုတ်။ ရှောင်ချောင်းကိုပါ တစ်ပါတည်း တွဲခေါ်ပြေးလွှားနေခြင်း ဖြစ်သော်လည်း လုံးဝ နှေးကွေးလေးလံခြင်း မရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ထို တဒင်္ဂအတွင်းပင် တောင်ကုန်းထိပ်မှ လူများဆီသို့ ရောက်ရှိသွားတော့သည်။



ထိုအခါ လူ လေးယောက်စလုံး သေဆုံးနေသည်ကို ထင်ရှားစွာ တွေ့မြင်လိုက်ရတော့သည်။ သုံးယောက်မှာ အလင်းမာန် ဂိုဏ်းသားများ ဖြစ်ပြီး ကျန်တစ်ယောက်မှာ ဘုန်းကြီးတစ်ပါး ဖြစ်နေသည်။

ဟူကျင်းသည် စိုးရိမ် ပူပန်စွာဖြင့် ပြောလိုက်သည်။

'ဒုက္ခကော့ ရောက်ကုန်ကြပြီ၊ ငါတို့ လိုဏ်ခေါင်းထဲမှာ ပိတ်မိနေတာကြာလို့ ဂိုဏ်းကြီး ခြောက်ဂိုဏ်းတောင် တောင်ပေါ် ရောက်သွားကြပြီ'

ဟူကျင်းသည် ရှောင်ချောင်း၏လက်ကို ဆွဲ၍ တောင်ထိပ်သို့ အပြင်းတက်လေတော့သည်၊ သူ ပြေးတက်ခဲ့သည့် လမ်းတစ်လျှောက်တွင် အလောင်းများ ပြန့်ကျဲလျက် ရှိနေကြောင်း တွေ့ခဲ့ရသည်။ တောင်ထိပ်နားသို့ ရောက်သောအခါ တိုက်ခိုက် ထိုးခုတ်နေသော အသံများကို ကြားလိုက်ရသည်။ ထိုအသံများကို ကြားလိုက်၍ ဟူကျင်း စိတ်အေးသွားသည်။ တိုက်ပွဲကြီး မပြီးဆုံးသေး၊ တိုက်ပွဲ မပြီးဆုံးသေးခြင်းသည် အလင်းမာန်ဂိုဏ်း ပြိုကွဲပျက်စီးခြင်း မရှိသေးကြောင်း ပြသည့် လက္ခဏာတစ်ရပ်ပင် မဟုတ်ပါလား။

အလင်းမာန်ဂိုဏ်းပျက်စီး မွှန်းနိမ့်သွားပြီဆိုလျှင် တိုက်ပွဲအသံများ ဤသို့ ဆူညံနေတော့မည် မဟုတ်ချေ။ ရုတ်တရက် ဝူးဝူး အော်သံများနှင့်အတူ လူတစ်ယောက်၏ အော်ဟစ်[illegible] [illegible]သံကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့... ဘယ်သူလဲ... ရပ်လိုက်စမ်း'

ထိုအသံနှင့်အတူ မြားနှစ်ချောင်းသည် လေကို ထိုးခွဲလျက် ဟူကျင်းထံသို့ လျှပ်တပြက် ပြေးဝင်လာသည်။ ဟူကျင်းသည် သူ၏ လက်ဖြင့် ခါယမ်းထုတ်ပစ်လိုက်သည်။ ထိုမြားနှစ်ချောင်းသည် ဝင်လာစဉ်ကနှုန်းထက် အဆမတန် လျင်မြန်သောနှုန်းဖြင့် ဟူကျင်းထံမှ ပြန်ထွက်သွားတော့သည်။

'အား'

လူတစ်ယောက်၏ နာကျင်စွာ အော်ဟစ်လိုက်သောအသံသည် တောင်တစ်ခုလုံး လွှမ်းခြုံသွားမတတ် ဟိန်းထွက်လာသည်။ ဟူကျင်းကိုယ်တိုင်ပင် အလွန် အံ့ဩသွားသည်။ သူသည် သူ၏ လက်ကို အသာကလေး ခါယမ်းလိုက်ခြင်းသာ ဖြစ်သည်။ ထို အသာအယာ လှုပ်ရှားလိုက်ရုံဖြင့် ဤမျှလောက် ပြင်းထန်စွာ တုံ့ပြန်သွားလိုက်မည်ဟု မထင်မိခဲ့ပေ။ သူ၏စွမ်းအင်ကို သူကိုယ်တိုင်ပင် မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိတော့သည်။

သို့သော် ယခုအချိန်တွင် မည်သူ့ကိုမျှ ဂရုမစိုက်နိုင်တော့ ရှောင်ချောင်း၏ လက်ကို ဆွဲလျက် အိမ်ကြီးထဲသို့ ခုန်ဝင်လိုက်တော့သည်။ ခန်းမကြီးထဲသို့ ရောက်ရှိသောအခါ လူများစွာတို့ဖြင့် ပြည့်နေသည်ကို တွေ့ရတော့သည်။ အနောက်ဘက်တွင် ရပ်နေသော လူစုမှာ အရေအတွက်နည်းသော လူစုဖြစ်နေသည်။ လူဆယ်ယောက်



ခန့် ရှိသော်လည်း ကိုးယောက်ခန့်က ဒဏ်ရာ ရနေကြသည်။ ထိုင်သူက ထိုင်နေကြသည်။ အချို့မှာမူ ထိုင်ပင် မထိုင်နိုင်တော့ဘဲ လုံးဝလဲကျလျက် ရှိနေကြသည်။ ဤလူများကား အလင်းမာန်ဂိုဏ်းသားများသာတည်း။ အရှေ့ဘက်တွင် အုပ်စု ခြောက်အုပ်စု ရှိနေသည်။ ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ ဂိုဏ်းသားများတည်း။ သူတို့လည်း အလင်းမာန်ဂိုဏ်းကို လက်စသိမ်း ဖြိုခွဲပစ်မည့်သူများဖြစ်ကြသည်။ အလင်းမာန်ဂိုဏ်းသားများကို ဂဏန်းလက်မသဖွယ် မသိမသာ ဝန်းရံထားလျက် ရှိကြသည်။

ဟူကျင်းသည် အလင်းမာန်ဂိုဏ်းဘက်သို့ သေချာစွာ ကြည့်ရှုလိုက်သောအခါ ရန်ရောင်နှင့် စောပုတက်တို့သည် လဲကျလျက် ရှိနေကြသည်။ သူတို့သည် ဒဏ်ရာကိုယ်စီ ရထားကြသည် ဖြစ်၍ ယခုတိုင် လှုပ်ရှားနိုင်ကြပုံမပေါ်။

ခန်းမကြီး၏ အလယ်တည့်တည့်တွင် လူနှစ်ယောက်တို့သည် အပြန်အလှန်တိုက်ခိုက်နေကြသည်။ လူတိုင်းသည် ထိုတိုက်ပွဲကိုသာ စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်ဖြစ်၍ ဟူကျင်းနှင့် ရှောင်ချောင်းတို့ ရုတ်တရက် ဝင်လာသည်ကိုပင် မည်သူ တစ်ဦးတစ်ယောက်ကမျှ သတိမပြုမိကြချေ။

ဟူကျင်းသည် ရှေ့နားသို့ ပိုမိုတိုးကပ်သွားသည်။ တိုက်ပွဲကို သေချာစွာမြင်နိုင်ရန်ဖြစ်သည်။ ထိုနှစ်ယောက်တို့သည် သက်ဝါးစောင်းချင်း ခိုက်ခိုက်နေကြကြောင်း တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး၏ တိုက်ကွက်များသည် အလွန်မြန်ဆန် ရှုမဝ ပြင်းလည်း ပြင်းထန်လှသည်။ သူတို့၏ တိုက်ကွက်များကို ကြည့်ရှုနှင့် အလွန်အဆင့်မြင့်လှသော ထိပ်သီး သိုင်းသမားကြီးများ ဖြစ်ကြောင်း သိရှိလိုက်သည်။ ရုတ်တရက် ထိုသိုင်းသမားကြီး နှစ်ယောက်၏ လက်ဝါးလေးဘက်စလုံး ရိုက်မိသွားရာမှ လက်ဝါးချင်း ပူးကပ်သွားတော့သည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် လုံးဝ တိတ်ဆိတ် ငြိမ်သက်သွားတော့သည်။

ထိုအခါကျမှ တိုက်ခိုက်နေသော လူနှစ်ယောက်၏မျက်နှာကို အသေအချာ တွေ့မြင်လိုက်ရတော့သည်။ တွေ့လိုက်သည်နှင့်ပင် ဟူကျင်း တုန်လှုပ်သွားတော့သည်။

တစ်ယောက်မှာ အရပ်ပုပုနှင့် အလွန်တောင့်တင်းသန်မာသော လူလတ်ပိုင်း တစ်ယောက်ဖြစ်ပေသည်။ သူ၏ လှုပ်ရှားမှုသည်လည်း လွန်စွာ သွက်လက်ဖြတ်လတ်လှပေသည်။ ထိုသူကား ဟူတာန်းဂိုဏ်းမှ နံပါတ်လေး ဖြစ်သူ ကျန်းဆုံးကျီးပေတည်း။

ကျန်းဆုံးကျီးနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေသူမှာလည်း ကိုယ်လုံးကိုယ်ထည် ကြီးမားတောင့်တင်းသူတစ်ယောက် ဖြစ်လေသည်။ သို့သော် အသက်ကား ကြီးလှပေပြီ။ သူ၏ မျက်ခုံးများသည်လည်း နှစ်ဘက်စလုံး ဖွေးဖွေးဖြူလျက် ရှိနေပေပြီ။ သူ၏နှာခေါင်းကြီးကား မျက်နှာတစ်ခုလုံးတွင် အထင်ရှားဆုံးသော အမှတ်အသားကြီးပင် ဖြစ်တော့သည်။ အကြောင်းမှာ သိမ်းငှက်တစ်ကောင်၏ နှုတ်သီးကဲ့သို့ ကောက်ချိတ်နေသောကြောင့် ဖြစ်ပေသည်။



ဟူကျင်းသည် ထိုသူ မည်သူဖြစ်သည်ကို မသိချေ။ ထို့ကြောင့် သူ့စိတ်ထဲတွင် ဘယ်သူများ ဖြစ်မလဲဟု တွေးတောနေခိုက်တွင် ဝါဆန်းဂိုဏ်းမှ လူတစ်ယောက်က ထ၍ အော်ဟစ်လိုက်သည်။

'ချင်ထင်းကျုက်... မင်းအနေနဲ့ ဟူတာန်းဂိုဏ်းမှ ကျန်းဆုံးကျီးကို ဘယ်နည်းနဲ့မှ မယှဉ်နိုင်ပါဘူးကွ၊ စောစောကတည်းက အရှုံးပေးလိုက်စမ်းပါ'

ဟူကျင်းသည် ချင်ထင်းကျုက် ဟူသော အမည်ကို ကြားလိုက်ရသောအခါမှ...

'ဟာ...ငါ့ဘိုးဘိုး... မျက်ခုံးဖြူ ဂိုဏ်းချုပ်ကြီး ချင်ထင်းကျုက်ကိုး'

မျက်ခုံးဖြူ ဂိုဏ်းချုပ်ကြီး သိမ်းငှက်နတ်မင်း ချင်ထင်းကျုက်နှင့် ကျန်းဆုံးကျီးတို့သည် လက်ဝါးချင်း လေးဘက်ပူးကာ အတွင်းအားချင်း ပြိုင်နေကြခြင်း ဖြစ်တော့သည်။ များမကြာမီ နှစ်ယောက်စလုံး ချွေးသီးချွေးပေါက်များ တပြိုက်ပြိုက်ကျဆင်းလာတော့သည်။ တစ်ယောက်နှင့်တစ်ယောက် အတွင်းအားချင်း ယှဉ်ပြိုင်ခြင်းသည် သိုင်းပညာ၏ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ကြခြင်း ဖြစ်သည်။

ကျန်းဆုံးကျီးသည် လူလတ်ပိုင်းဖြစ်သဖြင့် မိမိသည် ချင်ထင်းကျုက်ထက် အတွင်းအားပိုကောင်းမည်။ တာရှည်ထွက်နိုင်မည်



www.burmeseclassic.com

www.burmeseclassic.com



ဟု အထင်ရှိသဖြင့် သူ၏ အတွင်းအားကို မှန်မှန် တွန်းထုတ် နေသည်။

သို့သော် ချင်ထင်းကျက်သည် အသက်ကြီးပြီ မှန်သော် လည်း သူ၏ အတွင်းအားမှာမူ လွန်စွာ ပြည့်ဝနေသဖြင့် လက်ပ ကျသည့် ဟန်မပန် လုံးဝ မပေါ်ချေ။

ဟူကျင်းအဖို့မူ ဤမြင်ကွင်းမှာ လုံးဝ ရင်နာဖွယ်ကောင်း သော မြင်ကွင်း ဖြစ်နေပေသည်။ သူတို့နှစ်ယောက်ကို မြင်လိုက် သဖြင့် ဝမ်းသာမိသော်လည်း ယခုမူ တစ်ဦးနှင့်တစ်ဦး ရန်သူအဖြ တိုက်ခိုက်နေကြခြင်း ဖြစ်၍ ဝမ်းနည်းကြေကွဲ မိရပြန်သည်။ တစ် ယောက်သည် သူ၏ဘိုးဘိုး။ ကျန်တစ်ယောက်မှာ မိမိအဖေ ဂိုဏ်းတူ အစ်ကို။ မိမိအား သားရင်းပမာ ချစ်ခင်ကြင်နာသူ။

ကဲ... ဘယ်လောက်ရင်နာစရာကောင်းတဲ့ မြင်ကွင်း ဖြ လိုက်ပါသလဲ။

ဟူကျင်းသည် သူ့ ဦးလေးနှင့် သူ့အဘိုးတို့ ရန်ပွဲကို ဖျ ၍ ဖြေရှင်းပေးရန် စိတ်ကူးလိုက်သည်။ ထိုခဏမှာပင် ချင်ထင်းကျ နှင့်ကျန်းဆုံကျီးတို့ နှစ်ယောက်စလုံး တစ်ပြိုင်နက် ဟစ်အော် တစ်ပြိုင်နက် နောက်သို့ ခုန်ဆုတ်သွားကြကြောင်း တွေ့ရှိလို ရသည်။

ကျန်းဆုံကျီးက...





'ဆရာကြီးရဲ့ပညာကတော့ တစ်ကယ်ပဲ ချီးကျူးထိုက် ပါတယ်၊ လိုက်လိုက်လှဲလှဲ ချီးကျူးပါတယ်'

ချင်ထင်းကျက်ကလည်း ကျယ်လောင်သော အသံဖြင့် ပြန်လည်ချီးကျူးလိုက်ပြန်သည်။

'ကျန်းဆုံကျီး...မင်းတို့ ဟူတန်းဂိုဏ်းရဲ့ အတွင်းအား သိုင်းပညာကတော့ တကယ့်ကို အဆင့်အတန်း မြင့်မားပေတာပဲ၊ မင်းက ငါ့သမက်ရဲ့ ဂိုဏ်းတူညီအစ်ကိုတွေဆိုတော့ ဒီလောက်တော့ အစွမ်းထက်ကြမှာပဲ၊ ကဲ... ဒီနေ့ အရှုံးအနိုင်ပေါ်ပေါက်အောင် ထပ်တိုက်ကြဦးမလား'

ဟူကျင်းသည် ထိုစကား ကြားလိုက်သောအခါ မတိုက် ကြနဲ့... မတိုက်ကြနဲ့တော့... ဟု အော်လိုက်ချင်သည်။ သို့သော် သူ့အသံများသည် လည်ချောင်းဝ၌ တစ်ဆို့နေသဖြင့် အပြင်ဘက်သို့ ထွက်မလာတော့ချေ။

သို့သော် ကျန်းဆုံကျီးထံမှ မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် သူ့ဦးလေး၏ စိတ်ဓါတ်ကို များစွာ ဂုဏ်ယူမိ တော့လေသည်။

'ထပ်တိုက်ဖို့ မလိုတော့ပါဘူးလေ၊ စောစောတုန်းက ကျုပ် က နောက်ကို တစ်လှမ်းပိုဆုတ်ခဲ့တော့ ဒီပွဲမှာ ကျုပ် ရှုံးပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဆုံကျီးသည် သူ၏ စကားဆုံးသွားသည်နှင့် တည်ကြည်ရင့်ကျက်စွာဖြင့် ခန်းမလယ်မှ ဆုတ်ခွာသွားတော့သည်။ ထိုစဉ်... ဟွာတန်းဂိုဏ်းမှ လူတစ်ယောက်က ထ၍ အော်ဟစ်လိုက်သည်။

'ချင်ထင်းကျက်...ခင်ဗျားဟာ ကျုပ်တို့အစ်ကို ကျန်းရွှေးဆန်းကိုလဲ ထုတ်ပြောသေးတယ်၊ တကယ့် တကယ်တော့ ကျုပ်တို့အစ်ကို ရီတိုက်ရှင်ကော ကျန်းရွှေးဆန်းကော ခင်ဗျားတို့ မျက်ခုံးဖြူဂိုဏ်းရဲ့ လက်ချက်နဲ့ ဒီလိုဖြစ်ခဲ့ရတာပဲ'

ထိုလူသည် စကားဆုံးသည်နှင့် ခုန်ထွက်လာကာ သူ၏ဓားကို ရှမ်းခနဲဆွဲထုတ်လိုက်သည်။ ထိုသူသည် အခြားသူမဟုတ်ပေ။ ဟွာတန်းခုနစ်ဖော်မှ နံပါတ်ခုနစ် ဖြစ်သူ မော်ကုဆန်းပင်တည်း။

ထိုအခါ ချင်ထင်းကျက်သည် ပင်ပန်းလေးလံစွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။ သူ့မျက်နှာတွင်လည်း ကြေကွဲဝမ်းနည်းနေသော အရိပ်အယောင်များ ယှက်သန်းနေသည်။ သူက ဖြည်းညင်းစွာ ပြောလိုက်သည်။

'ငါ့သမီး သေဆုံးသွားပြီးကတည်းက ငါ ဓားမကိုင်ခဲ့တော့ပါဘူး၊ ဒါပေသည့် ဟွာတန်းဂိုဏ်းက သိုင်းပညာရှင်နဲ့ တိုက်ခိုက်ရမှာဆိုတော့ လက်နက်မကိုင်ဘဲ ယှဉ်ပြိုင်ရင် မလေးစားရာကျနေလိမ့်မယ်၊ ဒီတော့...'



ချင်ထင်းကျက်သည် ပြောပြော ဆိုဆိုဖြင့် သူ့ ဂိုဏ်းသားတစ်ယောက်၏ လက်ထဲမှ လူတစ်ရပ်စာမျှ ရှည်သော သံတုတ်ကြီးတစ်ချောင်းကို ဆွဲယူ လိုက်သည်။ ထိုသံချောင်းကြီးကို ကိုင်၍ လက်ဖြင့် အလယ်မှ နေ၍ ထက်ပိုင်းချိုးချလိုက်သည်။

ပရိသတ်များသည် ရုတ်တရက် တုန်လှုပ် ချောက်ချားသွားကြတော့သည်။ ဒီအဘိုးကြီး ဒီလောက်ကြာကြာတိုက်ခိုက်ပြီးတာတောင်မှ ဒီလောက်အင်အားမျိုး ကျန်နေသေးသကိုး။

သည်တစ်ကြိမ်တွင်တော့ မော်ကုဆန်းက စတင်၍ တိုက်ခိုက်တော့သည်။ ဟွာတန်းဂိုဏ်းသား ပီသစွာပင် သူ၏ ဓားချက်များသည် အလွန် ပေါ့ပါး သွက်လက်လှပေသည်။ တိုက်ကွက်များသည်လည်း လျှပ်ပြက်သည့်နှယ် အလွန် လျင်မြန်လှ၏။

ချင်ထင်းကျက်မှာမူ လေးလံသော သံချောင်းကြီး နှစ်ချောင်းကို ကိုင်၍ တိုက်ခိုက်နေခြင်းဖြစ်သဖြင့် သူ၏ လှုပ်ရှားမှုများနှင့် သူ့တိုက်ကွက်များသည်လည်း နှေးကွေး လေးလံ လှသည်ကို တွေ့ကြရသည်။

သို့သော်...မော်ကုဆန်း၏ တိုက်ကွက်များ မည်မျှ မြန်သည်ဖြစ်စေ ချင်ထင်းကျက်၏ ခန္ဓာကိုယ်သို့ ထိရောက်အောင် လုံးဝ မတိုက်နိုင်ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်... ထိပ်သီး သိုင်းပညာရှင်ကြီး နှစ်ယောက် ဖြစ်သဖြင့် သူတို့၏ တိုက်ကွက်များသည် မကြာခဏ ပြောင်းလဲသွားကြသည်ကိုတွေ့ကြရသည်။ ထို့ကြောင့် ဘေးနားပတ်လည်ရှိ သိုင်းသမားတိုင်းတစ်ကွက်မျှ မလွတ်တမ်း အသေအချာ ဂရုတစိုက်ကြည့်ရှုနေကြတော့သည်။

မော်ကုဆန်း၏ တိုက်ကွက်များသည် သိမ်းငှက်၏ တိုက်ခိုက်ထိုးသုတ်ပုံများနှင့် သဏ္ဍာန်တူနေသည်။ ချင်ထင်းကျက်၏ တိုက်ကွက်နှင့် ခုခံကွက်များသည် မြွေနှင့် သဏ္ဍာန်တူနေသည်။

သိမ်းငှက်သည် မြွေကိုတစ်ချိန်လုံး ထိုးသုတ် တိုက်ခိုက်နေသကဲ့သို့ မြွေကလည်း တစ်ကိုယ်လုံး ရစ်ခွေလျက် သိမ်းငှက်၏ ပိုးသတ်မှုများကို လှုပ်ရှားရှောင်တိမ်း၍ အချက်ရတိုင်း ပြန်လည်ကိုက်ခိုက်လျက် ရှိနေပေတော့သည်။

★☆★☆★



# မြွေများသိုင်းကွက်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅၈)

## မြွေဓားသိုင်းကွက်

နောက်ထပ် သိုင်းကွက်ပေါင်း သုံးဆယ်ကျော်လာသော အခါ မော်ကုဆန်း၏ ဓားကွက်များသည် တစ်ချိန်ထက်တစ်ချိန် ပို၍သွက်လက် မြန်ဆန်လာကြောင်းတွေ့ကြရတော့သည်။ မည်သည့် သိုင်းသမားမဆို တိုက်ကွက်များ ကြာလာသည်နှင့်အမျှ လက်ချည် ကျလာတတ်သည်မှာ ဓမ္မတာပင် ဖြစ်တော့သည်။ ယခု မော်ကုဆန်း မှာမူ ထိုအဖြစ်နှင့် ကွဲပြားခြားနားလှစွာ တစ်ဆင့်ပြီး တစ်ဆင့် လျင်မြန်လာခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးပတ်လည်မှရှိသော သိုင်းသမားများ အားလုံး အံ့သြလွန်းကြသဖြင့် မျက်တောင် မခတ်နိုင်အောင်ပင် ဖြစ်နေကြသည်။ သူတို့၏ စိတ်ထဲတွင်လည်း...

'အင်း...ဟူတန်းဂိုဏ်းရဲ့ ဓားသိုင်းပညာက နာမည်ကြီးသလောက် ကောင်းလှသကိုး၊ ဒါကြောင့်မို့လဲ ဟူတန်းဂိုဏ်းဟာ သိုင်းလောကမှာ ထိပ်တန်းက ရပ်တည်နေတာပဲ၊ သူတို့ရဲ့ ဓားသိုင်းပညာကို ဒီနေ့မှ ပြည့်ပြည့်ဝဝ ကြည့်ရတော့တာပဲ'

ထိုစဉ်မော်ကုဆန်းသည် လေတစ်ချက်ချွန်လိုက်သည်။ လေချွန်သံနှင့် အတူတူ သူ၏ ဓားကွက်များလည်း ပြောင်းလဲသွားသည်။ ဘေးပတ်ဝန်းကျင်မှ သိုင်းပညာရှင် ပရိသတ်ကြီးသည် မော်ကုဆန်း၏ဓားကွက်များ မကြာခဏ ပြောင်းလဲသွားတတ်သည်ကို တွေ့မြင်ဖူးခဲ့ကြပြီ။ သို့သော် ယခု ဓားကွက်ပြောင်းလဲပုံကို သူတို့အလွန် အံ့သြနေကြသည်။ အဘယ်ကြောင့်ဆိုသော် မော်ကုဆန်း၏ ဓားသည် မြွေတစ်ကောင်ကဲ့သို့ကွေ့လိမ်ပြီး၊ ဓားသွားသည်လည်း ဦးတည်ချက် မရှိတော့ဘဲ ဟိုကွေ့ သည်ကောက်ဖြင့် တွန့်လိမ်နေခြင်းကို မြင်လိုက်ကြရ၍ ဖြစ်ပေသည်။

နောက်တော့မှ သိုင်းပညာရှင်များက သဘောပေါက်သွားကြသည် ဟူတန်းဂိုဏ်းရဲ့ မြွေဓားသိုင်းကွက်ပါကလား။ လူတိုင်းလူတိုင်းသည် ချိန်ကိုက်ညှိနှိုင်းထားခြင်းမရှိပါဘဲနှင့် တညီတညွတ်တည်း လက်ခုပ်တီး သြဘာပေးလိုက်ကြသည်မှာ ခန်းမကြီး တစ်ခုလုံး သောင်းသောင်းညံသွားပေတော့သည်။



မြွေဓားသိုင်းကွက်၏ ကြောက်မက်ဖွယ်ရာ ဆန်းပြားလှပုံကို တွေ့ရသောအခါ ချင်ထင်းကျက်သည် စောစောတုန်းကကဲ့သို့ တည်တည်ငြိမ်ငြိမ် မခုခံနိုင်တော့ပေ။ လှည့်ပတ် ရှောင်တိမ်း ခုခံရတော့သည်။ ရုတ်တရက် မော်ကုဆန်း၏ဓားသွားသည် ချင်ထင်းကျက်၏ရင်ဝသို့ ရိပ်ခနဲ ဝင်ရောက် ထိုးစိုက်သွားသည်။ သို့သော် ဓားသည် ရုတ်တရက် လမ်းကြောင်းပြောင်းသွားပြီး ဓားကိုယ်ထည်သာ ကွေးကောက် ယိမ်းညွတ်သွားသည် ထို့နောက် ချင်ထင်းကျက်၏ ညာဘက်ပခုံးသို့ ထိုးစိုက်မိသွားတော့သည်။

အမှန်စင်စစ် ဤမြွေဓားသိုင်းကွက်သည် သာမန် သိုင်းသမားတို့အသုံးပြုနိုင်သော ဓားသိုင်းမဟုတ်ပေ။ အတွင်းအားကို အထောက်အခံပြုလျက် တိုက်ခိုက်ရသော ဓားသိုင်းဖြစ်သည်။ ဓားတစ်ချောင်းလုံးကို မိမိ၏ အတွင်းအားဖြင့် လုံးဝ ထိန်းချုပ်ထားပြီး မိမိ လိုသလို ဓားကို ကွေးကောက်စေပြီး ရန်သူကို ရုတ်တရက် ချုပ်ဓာစ်ပြက် တိုက်ခိုက်စေနိုင်သည့် အံ့မခန်းပညာရပ်ဖြစ်သည်။

ချင်ထင်းကျက်သည် ရုတ်တရက် အငိုက်မိသွားသဖြင့် ပခုံးတွင် ထိုးစိုက်ခံလိုက်ရခြင်းဖြစ်ပေသည်။ သို့သော် ချင်ထင်းကျက်သည်လည်း သာမန်သိုင်းသမားမဟုတ်ချေ။ ရင့်ကျက်လှသော သိုင်းပညာရှင် တစ်ဦးသာ ဖြစ်ပေသည်။ ထို့ကြောင့် သူ့ပခုံးတွင် ထိုးစိုက်ခံလိုက်ရသည့် အခိုက်အတန့်အတွင်းချင်ထင်းကျက်၏ လက်ဝဲဘက်သည် ရုတ်တရက် ရှည်ထွက်လာသကဲ့သို့ တပ်မြင် လိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရပြီး မှော်ကုဆန်း၏ လက်ကောက်ဝတ်ကို တစ်ချက်မျှ ဆုပ်ကိုင်လိုက်ကြောင်းတွေ့လိုက်ကြရသည်။ မျက်တောင် တစ်ခတ်မျှ အချိန်အတွင်းဝယ် မှော်ကုဆန်း၏ဓားကို လုယူလိုက်ပြီး ဖြစ်သကဲ့သို့ လက်ယာလက်ကလည်း မှော်ကုဆန်း၏ပခုံးရိုးကို ဆုပ်ကိုင်မိလိုက်သည်။

သိမ်းငှက်မင်း ချင်ထင်းကျက်၏ သိမ်းငှက်လက်သည်း ချုပ်ကိုင်ပညာသည် သိုင်းလောက၌ နာမည်ကြီးသော်လည်း သီးခြား လျှို့ဝှက်တည်ရှိနေသော ပညာတစ်ရပ်ဖြစ်သည်။ ထိုမျှ လျှို့ဝှက်ထားသော ပညာရပ်ကို ချင်ထင်းကျက်က ထုတ်၍အသုံးပြုလိုက်လေပြီ။ ချင်ထင်းကျက်သည် မှော်ကုဆန်း၏ပခုံးကို တကယ်တမ်း ဆုပ်ကိုင်ပြီးသည်နှင့် ဖိညှစ်လိုက်ပါက မှော်ကုဆန်း၏ပခုံးရိုးသည် ကျိုးပဲ့ ကြေမွသွားမည်မှာ သေချာလှတော့သည်။ ထိုအခါ မှော်ကုဆန်းသည် တစ်သက်လုံး လူစဉ်မမီသည့် ဒုက္ခိတ ဖြစ်သွားရပေတော့မည်။

ဟူတန်းဂိုဏ်းမှ လူများအားလုံးသည် ထိုအဖြစ်ကို မြင်လိုက်သောအခါ အကြီးအကျယ် တုန်လှုပ် ချောက်ချား သွားကြတော့သည်။ ကြားမှ ဝင်ရောက်ကယ်တင်ချိန်လည်း မရှိတော့။ သူတို့၏ ဂိုဏ်းတူညီလေး၏ မရှုမလှ ရှုံးနိမ့်ပုံကို မကြည့်ချင် မြင်လျက်သား တွေ့ကြရတော့မည်။



သို့သော် ချင်ထင်းကျက်သည်ပြိုင်ဘက်ချင်းအပေါ်ထားခဲ့ကြသည့် ပြည့်ဝသော စိတ်ဓာတ်ကို အထင်အရှား ပြသလိုက်သည်။ သူသည် မှော်ကုဆန်း၏ ဓားချက်ကို အထိခံလိုက်ရသော်လည်း မှော်ကုဆန်းအား ထိခိုက်နာကျင်စေမည့် အမှုကိုတော့ မပြုလုပ်ရှာတော့ပါ။ ချင်ထင်းကျက်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'ငါကိုယ်တိုင် ဒဏ်ရာရနေပြီးပဲ၊ ဘာဖြစ်လို့ သူများကို ဒဏ်ရာရအောင် လုပ်နေတော့မှာလဲ'

သူသည် မှော်ကုဆန်း၏ပခုံးပေါ်မှ သူ၏ လက်ကို ဆုပ်ဖြေ၍ လွှတ်လိုက်ပြီး မှော်ကုဆန်း၏ဓားကိုလည်း ကမ်းပေးလိုက်တော့သည်။ သူ၏လက်ယာဘက် ပခုံးတွင်ကား သွေးများ အဆက်မပြတ် စီးဆင်း နေတော့သည်။ သူသည် မှော်ကုဆန်း၏ ဓားကို ကြည့်ရင်း လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

'ငါ တစ်သက်မှာ သိုင်းကွက်နဲ့ ရှုံးနိမ့်ခဲ့ရတဲ့ အခါဆိုလို့ တစ်ကြိမ်မှ မရှိခဲ့ဘူး၊ ဒီတစ်ခါပဲ သိုင်းကွက်ကြောင့် ရှုံးနိမ့်ခဲ့ရတယ်၊ ဒီ သိုင်းကွက်ကို တီထွင်ခဲ့တဲ့ ကျန်းဆန်းဖုန်းဟာ တကယ်တော်တဲ့ လူပဲ'

ချင်ထင်းကျက်က ချီးကျူးလိုက်သည်မှာ ကျန်းဆန်းဖုန်းက ဤမြွေဓားသိုင်းကွက်ကို တီထွင်ခဲ့သောကြောင့်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မော်ကုဆန်းမှာမူ အိပ်ရာမှ မူးတူးဝေဝေ ထ,ရပ်မိသူကဲ့သို့ ငေးကြောင် ရပ်နေမိတော့သည်။ သူသည် တစ်ကွက်ဦးခဲ့သည် မှန်သော်လည်း တစ်ဘက်လူက ငဲ့ညှာခဲ့သဖြင့်သာ ဒုက္ခိတ ဖြစ်မသွားခြင်းဖြစ်ကြောင်း သူကောင်းကောင်း သိလိုက်သည်။ အတန်ကြာ ငေးကြောင် ရပ်နေပြီးမှ စကားပြောနိုင်တော့သည်။

'ဆရာကြီး...ဆရာကြီး၊ ကျွန်တော့်အပေါ် အခုလို ငဲ့ညှာလိုက်တာကို ကျွန်တော် လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်'

မော်ကုဆန်းသည် ဦးညွှတ်အရိုအသေပေးပြီး သူ့ဓားကို ယူကာ နောက်သို့ဆုတ်သွားသည်။ ချင်ထင်းကျက်၏ ဒဏ်ရာမှ သွေးများက တသွင်သွင် စီးကျနေဆဲ။

ဟူကျင်းသည် သူ၏ အင်္ကျီစကို ဆုတ်ဖြဲကာ သူ့အဘိုး၏ ဒဏ်ရာကို စည်းကျပ်ပေးရန် စိတ်ကူးလိုက်သည်။ ထိုစဉ် ခုနစ်ဆေး အစ်ကိုအကြီးဆုံး ချိုရှွင်ချောင်းက...

'ကျုပ် ဆရာကြီးရဲ့ ဒဏ်ရာကို ဆေးလိမ်းပေးပြီး အဝတ်နဲ့ စည်းပေးပါရစေ'

ချိုရှွင်ချောင်းသည် အခွင့်တောင်းသည်နှင့် ဒဏ်ရာလိမ်းဆေးကို ထုတ်၍လိမ်းပေးလိုက်ပြီး အဝတ်ဖြင့် စည်းပေးလိုက်သည်။ ချင်ထင်းကျက်သည် မည်သည့်စကားမျှမဆို။ ချိုရှွင်ချောင်း ပြော



သမျှ ငြိမ်သက်၍ ခံယူနေလေသည်။ နောက်မှ စကားတစ်ခွန်း ပြောလိုက်သည်။

'ကျေးဇူးတင်ပါတယ်'

ဟူကျင်းသည် အလွန် ဝမ်းသာသွားသည်။ ဤမြင်ကွင်းအရ ဦးကြီး ချိုရှွင်ချောင်းနှင့် သူ့အဘိုး ချင်ထင်းကျက်တို့ ထပ်မံ တိုက်ခိုက်ကြဖွယ် မရှိတော့။ ထို့ကြောင့် ဟူကျင်း၏ စိတ်ထဲတွင်...

'ဦးကြီး ချိုရှွင်ချောင်းက ဘိုးဘိုး ချင်ထင်းကျက်ရဲ့ ဒဏ်ရာကို ပြုစုစည်းနှောင်ပေးတယ်ဆိုတော့ အေးငြိမ်းသွားကြတဲ့ သဘောပဲ၊ နောက်ထပ်တော့ တိုက်ခိုက်ကြတော့မယ် မထင်ဘူး'

သို့သော် ဟူကျင်း၏ အထင်နှင့် အမြင်သည် လွန်စွာ မှားယွင်းခဲ့ကြောင်း ထိုခဏအတွင်းပင် သိလိုက်ရတော့သည်။

ချိုရှွင်ချောင်းသည် ဒဏ်ရာကို စည်းနှောင်ပေးပြီးသည့်နောက် ခြေကို နောက်တစ်လှမ်းဆုတ်ပြီး ပြောလိုက်သည်။

'ကျုပ် ဆရာကြီးနဲ့ သိုင်းပညာ ဖလှယ်ပါရစေ'

ထိုအချိန်တွင် ဟူကျင်း အောင့်အည်း မမျိုသိပ်နိုင်တော့ချေ။ ထို့ကြောင့် ရုတ်တရက် အော်ဟစ် ကန့်ကွက်လိုက်တော့သည်။

'ခင်ဗျားတို့ ဒီလို တစ်ယောက်ပြီးတစ်ယောက် ဆက်လိုက်နေတာတော့ ဘယ်တရားမျှတရာကျမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် ဟူကျင်းအား လှည့်ကြည့်လိုက်ကြသည်။ သည် လူငယ်ကလေးသည် မည်သည့်ဂိုဏ်းက လူငယ်ပေနည်း။ ချူထင်း၊ စောပုတက်နှင့် ရန်ရောင်တို့ လှုသိက်မှလွဲ၍ ဤ အဝတ် အစား စုတ်စုတ်ပြတ်ပြတ်နှင့် လူငယ်ကလေးကို မည်သူမျှ မသိရှိကြ ချေ။ ထို့ကြောင့် မည်သူကမျှ အလေးတယူ မရှိကြ။ မည်သူကမျှ ဂရုစိုက်ခြင်း မရှိဘဲ လျစ်လျူရှုထားလိုက်ကြသည်။

သို့သော် ဟူကျင်း၏ စကားကိုမူ သူ၏ ဦးကြီး ချီရွှင် ချောင်းက အလေးထားခဲ့ပါသည်။

'ဒီက လူကလေးပြောတဲ့ စကားဟာ တကယ့်အမှန်စကား ပါပဲ၊ ဒါပေမယ့် အခု ဟူတာန်းဂိုဏ်းက မျက်ခုံးဖြူဂိုဏ်းကို ပုဂ္ဂိုလ်ရေး ရန်ငြိုးနဲ့ တိုက်ခိုက်နေတာ မဟုတ်ပါဘူး၊ အခုအချိန်မှာ ဂိုဏ်းကြီး ခြောက်ဂိုဏ်းအနေနဲ့ အလင်းမာန်ဂိုဏ်းနဲ့ သူသေကိုယ်သေ တိုက် ခိုက်နေကြတာပါ၊ ဒါကြောင့်မို့ ချင်ထင်းကျက် ပုဂ္ဂိုလ်ရေးအရ ညှာ တာချင်လျက်နဲ့ မညှာတာနိုင်တော့ဘဲ ထပ်ပြီး တိုက်ခိုက်ရတာ ဖြစ်ပါတယ်'

ချင်ထင်းကျက်သည် သူ၏ အလင်းမာန်ဂိုဏ်းဘက်သို့ စောင်းငဲ့ကြည့်လိုက်သောအခါ ရန်ရောင်၊ ဝေရီနှင့် စောပုတက်တို့ အားလုံး ပျော့ခွေလဲကျနေလျက် သူ့သား ချင်ရယ်ဝမ်းသည်လည်း မေ့မြောနေလျက်။ အခြေအနေ မည်မျှ ဆိုးလိုက်ပါသနည်း။ အလင်း



...န်ဂိုဏ်းနှင့် မျက်ခုံးဖြူဂိုဏ်းတွင် မိမိမှတစ်ပါး အခြား ယှဉ်ပြိုင် ...င်သူ မရှိတော့ပြီ။ သေရမည့် အချိန်ကို စောင့်နေကြသူများ ရှိတော့ ...ည်။ ယခု မိမိကိုယ်တိုင်လည်း ဒဏ်ရာရလျက် ရှိနေချေပြီ။

ချင်ထင်းကျက်သည် မိမိတို့ ဂိုဏ်းကြီးပေါ်၌ လွှမ်းမိုး ...ာသော ကြမ္မာဆိုးကြီး၏ အရိပ်မည်းကြီးကြောင့် တွေဝေငေးမော ...မိစဉ် ခုံးတုံဂိုဏ်းမှ အရပ်ပုပု လူတစ်ယောက်က ထ၍ အော်ဟစ် ...ိက်သည်။

'ဘာကို စောင့်နေကြတာလဲ၊ အခု မကောင်းဆိုးရွားဂိုဏ်း ...ာ လုံးဝ အားယုတ်နေပြီ၊ ဆရာတော်ကြီး ခုံးကျို ကျုပ်တို့အားလုံး ... မကောင်းဆိုးရွားဂိုဏ်းသားတွေကို ရှင်းလင်းသုတ်သင်ကြစို့'

ဤသို့ ဆိုပါက ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီး ခုံးဝန် ...ည် ဤ တိုက်ပွဲတွင် မပါဝင်တော့ဘဲ သူ၏ဂိုဏ်းတူ ညီဖြစ်သူ ...ရာတော် ခုံးကျိုကို စေလွှတ်လိုက်ခြင်း ဖြစ်ပေလိမ့်မည်။

သိုင်းလောကမှ သိုင်းသမားများသည် ရှောင်လင်ဘုန်းကြီး ...ကျောင်းကို အလွန် အလေးအမြတ် ထားကြသည်။

ထို့ကြောင့် ယခုတိုက်ပွဲတွင်လည်း ဆရာတော် ခုံးကျိုကို ...ဏ်းကြီး ခြောက်ဂိုဏ်း၏ ခေါင်းဆောင်အဖြစ် ရွေးချယ် တင်မြှောက် ...ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ဘုန်းကြီး ခုံးကျို ကြားဝင်ဖြေရှင်းမှု မပြုရသေးမီ ဝါဆန်းဂိုဏ်းမှလည်း တစ်စခန်းထကာ အောင်ဟစ်တောင်းဆိုကြ တော့သည်။ သူတို့၏ တောင်းဆိုချက်မှာလည်း စောစောက ခုံး ဂိုဏ်းမှ တောင်းဆိုချက်အတိုင်းပင် ဖြစ်သည်။ အလင်းမှာန်ဂိုဏ်း ယခုအချိန်မှာပင် အပြတ်အသတ် ရှင်းလင်း သုတ်သင်ရန် ဖြစ်တော လေသည်။

ထို့ကြောင့် ချင်ထင်းကျက်သည် မိမိ၏ အတွင်းအားဖြ ဤရန်သူများကို ဆက်လက် ယှဉ်နိုင် မယှဉ်နိုင် သိလို၍သဖြင့် မိမိ အတွင်းအားကို ထုတ်ကြည့်လိုက်သည်။

သို့သော် ဒဏ်ရာရထားသော လက်ယာဘက်ပခုံးမှာ အ ထိထားခြင်းဖြစ်သဖြင့် မခံမရပ်နိုင်အောင် နာကျင်လာတော့သည် မိမိ၏ အကောင်းဆုံး အခြေအနေကို ယခုလို အရေးကြီးဆုံး အချိန် မရရှိတော့ခြင်းသည် မိမိတို့ အလင်းမာန်ဂိုဏ်းကြီးအတွက် အန္တရာ ဆိုးပင် ဖြစ်တော့သည်။

ယခု မိမိနှင့် ယှဉ်ပြိုင်ရမည့် ချိုရွှင်ရှောင်း ဆိုသူသည် ဟူတန်းဂိုဏ်းချုပ်ကြီး ကျန်းဆန်းဖုန်း၏ ပထမဦးဆုံး တပည့်ဖြ သည့် အားလျော်စွာ သိုင်းပညာတွင် အတော်ဆုံး၊ အထူးချွန်ဆုံး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။





အကယ်၍ မိမိသို့ ဒဏ်ရာ မရရှိသည့်တိုင်အောင် သည် ပုဂ္ဂိုလ်နှင့် ယှဉ်ပြိုင်ပါက မည်သူနိုင်မည်၊ မည်သူရှုံးမည်ကို ကံသေ ကံမ မပြောနိုင်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ ယခု မိမိ၏ လက်ယာဘက် ပခုံးတွင် အရိုးထိသော ဒဏ်ရာရရှိထားခဲ့ချေပြီ။ မိမိ၏ အတွင်းအား များကိုလည်း အပြည့်အဝ မထုတ်နိုင်တော့ပြီ။

ထို့ကြောင့် မိမိအတွက် တစ်လမ်းသာရှိတော့သည်။ အရှုံး သမားတို့ လျှောက်ရမည့် လမ်းတစ်လမ်းသာတည်း။ ထိုစဉ် ချိုရွှင် ရှောင်းက...

'ဆရာကြီး ချင်ထင်းကျက်၊ ဟူတန်းဂိုဏ်းနဲ့ မျက်ခုံးဖြူ ဂိုဏ်းမှာ ဘယ်လိုမှ ချေလို့ မပြေနိုင်တဲ့ ရန်ငြိုးကြီး ရှိနေပါတယ်၊ ဒါပေမယ့် ဒီရန်ငြိုးကြီးကို နောင်တစ်ချိန်ချိန်မှာ ဖြေရှင်းလို့ရပါတယ်၊ ဒီနေ့ ကျုပ်တို့ဂိုဏ်းကြီး ခြောက်ဂိုဏ်း ဒီ ကွမ်းမိန်တောင်ပေါ်တက် လာခြင်းဟာ ဒီရန်ငြိုးကို ဖြေရှင်းဖို့ တက်လာတာ မဟုတ်ပါဘူး၊ ဒါကြောင့် မျက်ခုံးဖြူဂိုဏ်းနဲ့ အခုဂိုဏ်းကြီး ခြောက်ဂိုဏ်းဟာ ဘယ် လိုမှ ပတ်သက်စရာ အကြောင်း မရှိပါဘူး၊ ဒါကြောင့်မို့ ဆရာကြီး အနေနဲ့ ကျုပ်တို့ရဲ့ အလင်းမာန်ဂိုဏ်းနဲ့ ပြဿနာရှင်းရာမှာ ဝင်ပါ နေဖို့ မလိုတော့ပါဘူး၊ ဆရာကြီးရဲ့ ဂိုဏ်းသားတွေကို ခေါ်ပြီး ဒီ ကွမ်းမိန်တောင်ပေါ်က ဆင်းသွားလိုက်ရင် ပြဿနာ ထပ်ရှုပ်စရာ မရှိတော့ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကျန်ဂိုဏ်းကြီးများသည် ချိုရွှင်ချောင်း၏ စကားကို ကောင်းစွာ သဘောပေါက်လိုက်ကြသည်။ မျက်ခုံးဖြူဂိုဏ်းချုပ် ချင်ထင်းကျက်သည် ဒဏ်ရာရနေသဖြင့် ဒဏ်ရာရသူကို မယှဉ်ပြိုင်လိုခြင်းကြောင့် ဤစကားကို ပြောလိုက်ခြင်း ဖြစ်ကြောင်း သိရှိလိုက်သည်။ ချိုရွှင်ချောင်း၏ စကားအရ သိမ်းငှက်မင်း ချင်ထင်းကျက်က လက်ခံ၍ တောင်ပေါ်မှ ဆင်းသွားလျှင်လည်း သူတို့အဖို့ တစ်မီးငြိမ်းသည်ဟု ယူဆထားကြသည် ဖြစ်သဖြင့် ချိုရွှင်ချောင်း၏ စကားကို သိုင်းသမားအားလုံးက ကျေနပ်ကြသည်။ ချင်ထင်းကျက် မရှိလျှင် အလင်းမာန်ဂိုဏ်းမှ လူများကို သုတ်သင်ရမည့်အရေးမှာ သူတို့အဖို့ ပြောပလောက်သည့် ကိစ္စတစ်ခု မဟုတ်တော့ချေ။ အလင်းမာန်ဂိုဏ်းသားအားလုံးသည် တုံးလုံးပက်လက် ဖြစ်နေကြပြီ မဟုတ်ပါလော။

သို့သော် ချင်ထင်းကျက်သည် ရယ်မော၍ ပြန်ပြောလိုက်သည်။

'ချိုရွှင်ချောင်း မင်းရဲ့ စေတနာကို ငါ ကျေးဇူးတင်ပါတယ်။ မင်းပြောသလို ရှောင်ထွက်သွားဖို့ကတော့ ငါ့အတွက် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အလင်းမာန်ဂိုဏ်းရဲ့ မင်းကြီးလေးပါးထဲမှာ ငါက တစ်ပါးအပါအဝင် ဖြစ်နေလို့ပါပဲ၊ ဒါကြောင့်မို့လို့ ဒီတောင်ပေါ်က မဆင်းနိုင်ပါဘူး၊ ကဲ... ငါ့ကို အားနာမနေပါနဲ့၊ ငါ့အဖို့ကတော့ အလင်းမာန်ဂိုဏ်းအတွက် ငါ့အသက်ကို ပုံပြီး ခုခံတော့မှာပဲ၊ ကဲ... ကဲ... တိုက်နိုင်ပါပြီ'



'ဆရာကြီးအနေနဲ့ ဒီလို သဘောထားတယ် ဆိုရင်တော့ ကျုပ် ထပ်ပြောဖို့ မလိုတော့ပါဘူး'

ချိုရွှင်ချောင်းသည် ပြောပြောဆိုဆိုဖြင့် သူ၏လက်သီး ...က် တစ်ကွက်ကို ထုတ်သုံးလိုက်သည်။ သူ၏လက်သီးကို ချင် ...င်းကျက်နားကပ်၍ ထုတ်လိုက်ခြင်း မဟုတ်ပေ။ ချင်ထင်းကျက် ...် ဆယ်ပေမျှသော အကွာအဝေးမှ တိုက်ခိုက်လိုက်ခြင်းသာ ...ိသည်။

ချင်ထင်းကျက်၏ စိတ်ထဲတွင် တုန်လှုပ်သွားသည်။ ထို့ ...ကြောင့် သူ့စိတ်ထဲတွင် အလန့်တကြား ရေရွတ်လိုက်မိသည်။

'ချိုရွှင်ချောင်းရဲ့ အတွင်းအားက ဒီလောက်တောင် ကောင်း ...ပြီလား၊ ဒီလောက် အဝေးကြီးက တိုက်မယ်ဆိုရင်တော့ တော်ရုံ ...ရဲ့ အတွင်းအားနဲ့တိုက်လို့ မရနိုင်ဘူး'

ချိုရွှင်ချောင်း၏ အားလှိုင်း သူ့ထံသို့ ရောက်မလာမီ အမြန် ... သူ၏ အတွင်းအားကို ထုတ်လျက် လက်ဝါးစောင်းဖြင့် ရိုက် ...တ်လိုက်တော့သည်။

သို့သော် သူ ရိုက်ထုတ်လိုက်သော အားသည် မည်သည့် ...တွင်းအားနှင့်မျှ ထိခိုက်ခြင်း မရှိတော့ဘဲ လေထဲ၌သာ တိုးဝင် ...ပျောက်ကွယ် သွားခဲ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုရွှင်ချောင်းသည် ချင်ထင်းကျက်၏ အံ့ဩနေသော အမူအရာ၊ သူ၏ တိုက်ခိုက်ခုခံပုံတို့ကို ကြည့်ပြီး အလှမ်းကွာဝေးသော အရပ်မှ မိမိက အတွင်းအားကို ထုတ်၍ တိုက်ခိုက်နေခြင်း ဖြစ်သည်ဟု ချင်ထင်းကျက် ထင်မှတ်နေကြောင်း ရိပ်မိလိုက်သည်။

ထို့ကြောင့် ချိုရွှင်ချောင်းက ရှင်းလင်း ပြောပြလိုက်သည်။

'ဆရာကြီးရဲ့ သိုင်းပညာဟာ အင်မတန် မြင့်မားနက်နဲတဲ့ အကြောင်းကို ကျုပ်ရဲ့ ဆရာကိုယ်တိုင် ပြောပြထားလို့ ကျုပ်တို့ သိထားပြီးပါပြီ၊ ဒါပေမယ့် ဆရာကြီးအနေနဲ့ တစ်ပွဲပြီးတစ်ပွဲ တစ်ယောက်တည်း နွှဲနေရလို့ တော်တော်ကလေး လက်ပန်းကျနေပြီဆိုတာလဲ ကျုပ်တို့ သိထားပါတယ်၊ ဒီလိုအချိန်မျိုးမှာ ဆရာကြီးနဲ့ အားချင်းယှဉ်ပြီး တိုက်မယ်ဆိုရင် ဘယ်လိုမှ တရားမျှတတဲ့ သိုင်းပြိုင်ပွဲ ဖြစ်မှာ မဟုတ်တော့ပါဘူး၊ ဒါကြောင့်မို့ ဆရာကြီးနဲ့ အားချင်း မပြိုင်ပါဘူး၊ သိုင်းကွက်ချင်း ပြိုင်မလို့ပါ'

ချိုရွှင်ချောင်း၏ စကားကို ကြားလိုက်ရသောအခါ ချင်ထင်းကျက်သည် ဟွာတန်းဂိုဏ်းအပေါ်၌ လေးစားသည်ထက် လေးစားလာမိတော့သည်။ ဟွာတန်းဂိုဏ်းသားများသည်ကား တကယ့် လူချွန် လူမွန်များပေတည်း။

ချိုရွှင်ချောင်းသည် ဆယ်ပေဝေးသော အကွာအဝေးမှပင် ခြေထောက်ဖြင့် ကန်တိုက်သည့် တစ်ကွက်ကို ထုတ်ပြလိုက်သည်။



ကန်ချက်၏အားပါမှု လျင်မြန်မှုတို့မှာ အလွန်သွက်လက် ပြင်းထန်သဖြင့် ချင်ထင်းကျက်သည် စိတ်ထဲမှ ချီးကျူးလိုက်မိသည်။ တလည်း ဤတိုက်ကွက်ကို မည်သည့်အကွက်ဖြင့် ခုခံရမည်ကို သရပေမည်။

'အင်း... တကယ်ကောင်းတဲ့ ကန်ကွက်ပါကလား'

သူသည် ချိုရွှင်ချောင်း၏ တိုက်ကွက်ကို ဟန်ဖြင့် ခုခံပြလိုက်သည်။ ဤသို့ဖြင့် တစ်ယောက်က တိုက်လိုက်လျှင် တစ်ယောက်က ခုခံ၊ တစ်ယောက်က ခုခံနေရာမှ တန်ပြန် တိုက်စစ်ဆင်လျှင် တစ်ယောက်က ပြန်ခုခံ၊ စသဖြင့် တစ်ကွက်ပြီး တစ်ကွက် ဆက်လက်တိုက်ခိုက်နေကြတော့သည်။ သူတို့၏ သိုင်းကွက်များသည် သူတို့၏ ခန္ဓာကိုယ်ပေါ်တို့ ကျရောက်ခြင်း မရှိ၍ မည်သူ နိုင်ရာရမည်၊ မရမည်ကို မသိရှိနိုင်တော့သဖြင့် အရှုံးအနိုင် ဆုံးဖြတ်ရန် ခက်ခဲလိမ့်မည်ဟု ပူပန်နေရန် မလိုပါ။ သူတို့ နှစ်ယောက်စလုံးသည် ထိပ်သီး သိုင်းသမားကြီးများ ဖြစ်ကြသဖြင့် ဟန်ပြတိုက်ကွက်များအရပင် မည်မျှ တိုက်ခိုက်နိုင်သော တိုက်ကွက်ဖြစ်သည်၊ မည်သို့ အပြည့်အဝ ခုခံကာကွယ်နိုင်သော ခံကွက်ဖြစ်သည်၊ မည်သည့် တိုက်ကွက်ကို လုံခြုံစွာ မကာကွယ်နိုင်၊ စသည့် အချက်များကို ကောင်းစွာ သိရှိကြပေသည်။

အရိပ်ပြလျှင် အကောင်ထင်ရသည့် သဘောတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြတိုက်ကွက်များ ဖြစ်သော်လည်း အရှုံးအနိုင်သည် အလင်းမာန်ဂိုဏ်းကြီး အတွက် အလွန် အရေးကြီးလှသဖြင့် နှစ်ယောက်စလုံး မဆေါ့ဆဘဲ ဂရုတစိုက် တိုက်ခိုက်နေကြရသည်။

ထို့ကြောင့် ဟူကျင်းသည်လည်း အလွန် စိတ်ပါဝင်စားနေမိတော့သည်။ သို့သော် ကြည့်ရင်း ကြည့်ရင်း သူ၏စိတ်ထဲတွင် မကျေမနပ် ဖြစ်လာသည်။

'ဘိုးဘိုးနဲ့ ဦးကြီးတို့ဟာ တကယ့် ထိပ်တန်း သိုင်းသမားတွေပဲ ဥစ္စာ၊ အခုတော့ သူတို့ သိုင်းကွက်တွေမှာ ဟာကွက် ပျော့ကွက်တွေက များလှပါလား'

'စောစောက ဘိုးဘိုး ထိုးလိုက်တဲ့ လက်သီးဟာ ဘယ်ဘက်ခြောက်လက်မလောက် စောင်းလိုက်ရင် ဦးကြီး ချိုဖွှင်ချောင်းရဲ့ ရင်ဝကို တန်းထိမှာပဲ၊ ဦးကြီးရဲ့ လက်သည်းဆွဲထုတ် သိုင်းချက်ကလည်း နည်းနည်း မြန်သွားတယ်၊ နည်းနည်းလေးသာ နှေးလိုက်လို့ကတော့ ဘိုးဘိုးရဲ့ လက်မောင်းကို သံမဏိသံညှပ်နဲ့ ညှပ်လိုက်သလို မိနေမှာပဲ၊ ဘာသဘောလဲ မသိဘူး၊ သူတို့နှစ်ယောက် တကယ်မတိုက်ဘဲနဲ့ တစ်ယောက်ကို တစ်ယောက် ညှာနေကြသလား မသိဘူး'

အမှန်စင်စစ် ချင်ထင်းကျက်နှင့် ချိုဖွှင်ချောင်းတို့သည် ဟူကျင်း ထင်သကဲ့သို့ ညှာပြီး တိုက်နေကြခြင်း မဟုတ်ပေ။ အပြင်းအထန် အသေအကြေ တိုက်ခိုက်နေကြခြင်းသာဖြစ်သည်။



သို့သော် ဟူကျင်းမှာ နေစကြာ သိုင်းကျမ်းစဉ်ကို အောင်မြင်ခဲ့ပြီးရုံမျှမက အားပြောင်းအားလွှဲ သိုင်းပညာကိုပါ အောင်မြင်စွာ လေ့ကျင့်တတ်မြောက်ခဲ့သည် ဖြစ်၍ ဟူကျင်း စဉ်းစားလိုက်သည့် သိုင်းကွက်တိုင်းသည် ချင်ထင်းကျက်နှင့် ချိုဖွှင်ချောင်းတို့ စဉ်းစား တိုက်ခိုက်လိုက်သည့် သိုင်းကွက်တိုင်းထက် ပြည့်စုံကောင်းမွန်နေခြင်း ဖြစ်တော့၏။

ရုတ်တရက် ချင်ထင်းကျက်နှင့် ချိုဖွှင်ချောင်းတို့ နှစ်ယောက်စလုံး အားသွင်းအော်ဟစ်လိုက်ကြပြီး သူတို့၏ လက်နှစ်ဘက်စလုံးကို ရှေ့သို့ ဆန့်တန်းထုတ်လျက် စောစောက ချင်ထင်းကျက်နှင့် ကျန်းဆုံကျိုးတို့ အတွင်းအားပြိုင်သည့် ပုံစံမျိုးသို့ ရောက်ရှိသွားကြတော့သည်။ တကယ်တမ်းအားဖြင့် သူတို့နှစ်ယောက်၏ သိုင်းကွက်များသည် လက်ရည်တူ သိုင်းကွက်များ ဖြစ်နေကြသည်။ မည်သူကမျှ မည်သူ့ထက်မသာဘဲ ဖြစ်နေသည်။ နောက်ဆုံး အိတ်သွန်ဖာမှောက် ရှိသမျှ သိုင်းကွက်များ ထုတ်သုံး၍ လက်ရည်တူနေကြပြီဆိုလျှင် အတွင်းအားချင်း ယှဉ်ထုတ်၍ အနိုင်အရှုံး ဆုံးဖြတ်ကြရသည်မှာ နိယာမတစ်ရပ်လိုပင် ဖြစ်နေချေပြီ။

ချိုဖွှင်ချောင်းသည် ရုတ်ခြည်းပင် လေထဲ၌ မြောက်ဆန့်ထားသော သူ၏ လက်နှစ်ဘက်ကို ပြန်ရုပ်သိမ်းလိုက်သည်။ နှုတ်မှလည်း ချီးကျူးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီးရဲ့ သိုင်းကွက်တွေကတော့ ပြိုင်စံရှား သိုင်းကွက်တွေပါပဲ'

ချင်းထင်းကျက်ကလည်း သူ၏လက်နှစ်ကို ပြန်ရုပ်သိမ်းလျက်...

'ဟူတန်းဂိုဏ်းရဲ့ လက်သီးသိုင်းကွက်တွေကလဲ တကယ့်ပြိုင်စံရှားသိုင်းကွက်တွေပါပဲ'

ချိုရှင်ချောင်း သူ၏ လက်သီးများကို ပြန်ရုပ်သိမ်းလိုက်သည်မှာ အကြောင်းရှိပေသည်။ ပြိုင်ပွဲမစမီက ချင်ထင်းကျက်နှင့် အတွင်းအားချင်း မယှဉ်ပြိုင်ဟု ပြောထားခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

ဤသို့ ရပ်ဆိုင်းလိုက်သဖြင့် ဂိုဏ်းကြီးခြောက်ဂိုဏ်းအဖို့ ဆုံးရှုံးနိမ့်ပါးသွားစရာ မရှိပေ။ ဟူတန်းဂိုဏ်း၌ပင် လုံးဝ မတိုက်ခိုက်ရသေးသော ရီလင်တာန်းနှင့် ချင်လီရှန်တို့ နှစ်ယောက် ကျန်နေကြပေသေး၏။

သို့သော် ချင်ထင်းကျက်မှာမူ လုံးဝ အင်အားကုန်ခန်းလျက် နွမ်းနယ် မောပန်းလျက် ရှိနေချေပြီ။ အဘယ်မှာလျှင် အားအင်မကုန်ခန်းဘဲ ရှိလိမ့်မည်နည်း။ သူတစ်ယောက်တည်းနှင့် တိုက်ခဲ့ရသော ပွဲပေါင်းကလည်း များပြားလှပြီ မဟုတ်ပါလား။ ထို့ကြောင့်ပင် ချင်လီရှန်နှင့် ရီလင်တာန်း နှစ်ယောက်အနက် တစ်ယောက်ယောက် ထွက်တိုက်လိုက်ရုံနှင့် သေချာပေါက် အနိုင်ရပေတော့မည်။



ရီလင်တာန်းနှင့် ချင်လီရှန်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ နှစ်ယောက်စလုံး တစ်ပြိုင်နက် င် ခေါင်းတယမ်းယမ်း ဖြစ်သွားကြပြန်သည်။ ဤကား ဟူတန်း ဏ်း၏ အရိုးစွဲနေပြီဖြစ်သည့် လေးစား မွန်မြတ်ဖွယ်ရာ စိတ်ထား င် ဖြစ်တော့သည်။

ဒဏ်ရာရနေသည့်လူကို သူတို့ မတိုက်ခိုက်လို။ သူတို့နှစ်ဦး ၏ စိတ်နှလုံးတွင် ပေါ်ပေါက်နေသော အတွေးမှာ...

'ဒီလောက် ဒဏ်ရာရပြီး အားအင်ကုန်ခန်း မောပန်းနေတဲ့ သူကို တိုက်လို့ အနိုင်ရတဲ့ ဘာများ ဂုဏ်ယူစရာ ရှိမှာလဲ၊ ရှက်စရာ ကောင်း ကောင်းလိမ့်ဦးမယ်' ဟူသော အတွေးပင်တည်း။

သို့သော် အခြားဂိုဏ်းများ၌မူ ဤသို့သော စိတ်ထားမျိုး ချင်မှ ရှိပေလိမ့်မည်။

ထိုစဉ် ခုံးတုံဂိုဏ်းမှ အရပ်ပုပု လူကြီးတစ်ယောက်သည် ဘ်ဟာစ် ခုန်ထွက်လာသည်။ သူသည် ချင်ထင်းကျက် ရှေ့သို့ က်ရှိလာပြီး...

'ငါ့နာမည် ထန်ဝန်လှိုင်၊ ကဲ... မင်းနဲ့ငါနဲ့ တစ်ပွဲလောက် အားလိုက်ကြရအောင်'

ခုံးတုံဂိုဏ်းသည်ကား ဂိုဏ်းကြီး ခြောက်ဂိုဏ်း၌ နောက်ဆုံး ာ် နံပါတ်ခြောက်ဂိုဏ်းပင်ဖြစ်သည်။ ဂိုဏ်းကြီး တစ်ဂိုဏ်းအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိနေသည် မှန်သော်လည်း ဂိုဏ်းသားများ၏ စိတ်ထားသည် ကြီးမြင့်လှသည် မဟုတ်ဘဲ ထင်ပေါ်ကျော်ကြားမှု နောက်သို့လည်း ဖြတ်လမ်းက လိုက်ချင်သူများ ဖြစ်ကြပေသည်။

ခုံးတုံဂိုဏ်းသား၏ စကားကို ကြားလိုက်ရသောအခါ ချင်ထင်းကျက်သည် မကျေမချမ်းဖြင့် အံကြိတ်မိလိုက်သည်။ စိတ်ထဲတွင်လည်း ကျိတ်၍ ပြောလိုက်မိသည်။

'ဒီ ခုံးတုံဂိုဏ်းက ကောင်ဟာ တကယ့်ကို လူယုတ်မာပါလား၊ ငါ အင်အား ပြည့်ဝနေတုန်းကတော့ ဒီဂိုဏ်းထဲက တစ်ယောက်မှ မထွက်ကြဘူး၊ အခု ကြည့်စမ်း၊ ငါ အင်အားတွေ ကုန်ခန်းနေပြီ၊ ဒဏ်ရာရနေပြီဆိုတော့မှ ငါနဲ့ တိုက်ဖို့ ထွက်လာတယ်၊ ငါ မတိုက်နိုင်တဲ့ အချိန်မှာ သက်သက်ဝင်ပြီး အချောင် အမြတ်ထုတ်တာပဲ၊ ဟင်း...ဟင်း... ငါသေရင်တောင် မင်းတို့လက်နဲ့ အသေမခံဘူးကွ'

အမှန်စင်စစ် ချင်ထင်းကျက်အဖို့ အားအင်ကုန်ခန်းလာပြီ ဖြစ်သဖြင့် ပျော့ခွေလဲကျတော့မည့် အခြေသို့ရောက်ရန် တည်းတည်းကလေးမျှသာ လိုတော့သည်။ သို့သော် ခုံးတုံဂိုဏ်းသားကြောင့် မခံချင်စိတ် ထွက်ပေါ်လာပြီး သူ့ခန္ဓာကိုယ်တွင်းမှ အကြွင်းအကျန် အားကလေးများသည် အားသစ် မာန်သစ်အဖြစ် ပြန်လည် ပေါက်ဖွားလာပြန်သည်။



ထန်ဝန်လှိုင်သည် ချင်ထင်းကျက်၏ နောက်ဘက်သို့ ခုန်ထွက်လိုက်ပြီး လက်သီးဖြင့် ထိုးလိုက်သည်။ ချင်ထင်းကျက်ကမူ ကိုယ်ကိုလှည့်ပြီး ထိုလက်သီးချက်ကို ကာလိုက်ရသည်။

ထို့နောက်တွင်တော့ ထန်ဝန်လှိုင်သည် မျက်နှာချင်းဆိုင် တိုက်ခိုက်သည် မရှိတော့ဘဲ မြောက်တစ်ကောင်ပမာ ဟိုခုန် သည်ခုန်ရင့် ဘေးမှပန်း၍ တိုက်နေတော့သည်။ အမှန်စင်စစ် ချင်ထင်းကျက် အမောဖောက်အောင် လုပ်ခြင်းသာတည်း။

သူ၏ ရည်ရွယ်ချက်သည် ကောင်းစွာ အောင်မြင်သွားပါသည်။ အဘယ်ကြောင့်ဆိုသော် ချင်ထင်းကျက်သည် လုံးဝ မဟန်နိုင်တော့ဘဲ ဝေ့ခနဲ သွေးတစ်ချက် အန်ကာ ထိုင်ကျသွားတော့သည်။ ချင်ထင်းကျက်၏ ကျဆုံးမှုသည် အလင်းမာန်ဂိုဏ်း၏ နိဂုံးချုပ်ပေသည်း။

ထန်ဝန်လှိုင်သည် အလွန် ဝမ်းသာအားရဖြစ်လျက် အော်ဟစ် ကြွေးကြော်လိုက်သည်။

'ဟား...ဟား...ဟား... ချင်ထင်းကျက်၊ အင်မတန် သိုင်းပညာတော်တဲ့ သိမ်းငှက်မင်းကြီး ချင်ထင်းကျက်၊ ဒီနေ့တော့ ငါ့လက်သီးနဲ့ သေရတော့မယ်'

ဟူကျွင်းသည် သူ၏ ဘိုးဘိုးအသက်ကို ကယ်တင်ရန်ဟန်ပြင်လိုက်သည်။ သို့သော် သူ မလှုပ်ရှားနိုင်ခင်တွင်ပင် အလွန် ထူးခြားနိုင်း အံ့ဩဖွယ် လှုပ်ရှားမှု တစ်ခုကို တွေ့လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်ထင်းကျုက်သည် ထိုင်လျက် လဲကျနေရာမှ သူ၏ လက်နှစ်ဘက်ကို မည်သို့ လှုပ်ရှားလိုက်သည်မသိ။ ထန်ဝန်လှိုင်၏ လက်နှစ်ဘက်သည် ချင်ထင်းကျုက်၏ သိမ်းငှက်လက်သည်း ချုပ်ကိုင်နည်းဖြင့် အချုပ်ခံလိုက်ရတော့သည်။ ထိုတဒင်္ဂအတွင်းမှာ ပင် 'ထပ်' 'ထပ်' 'ထပ်' ဟူသော အသံများ ကြားလိုက်ရပြီး ထန်ဝန်လှိုင်၏ လက်နှစ်ဘက်စလုံး အဆိုင်းပိုင်း ကျိုးသွားရတော့သည်။ တစ်ဆက်တည်းမှာပင် ခြေထောက် နှစ်ဘက်စလုံးကိုလည်း ချိုးပစ်လိုက်တော့သည်။ ထို့ကြောင့် ထန်ဝန်လှိုင်သည် ချင်ထင်းကျုက်၏ ငါးပေခန့်ကွာသော နေရာ၌ ဘုန်းခနဲ လဲကျသွားတော့သည်။

ဘေးမှ ပရိသတ်၏ အံ့ဩမှုကား အတောမသတ်နိုင်အောင် ဖြစ်သွားရတော့သည်။ ဤမျှလောက် ပြင်းပြင်းထန်ထန် ဒဏ်ရာရထားပါလျက် ဤမျှလောက် အစွမ်းအစ ပြနိုင်သေးကြောင်း တွေ့လိုက်ရသောအခါ ချင်ထင်းကျုက်ကို လုံးဝ အထင်မသေးရဲအောင် ဖြစ်သွားတော့သည်။ များစွာ တုန်လှုပ် ချောက်ခြားမှုလည်း ဖြစ်သွားကြရသည်။

ခုံးတုံဂိုဏ်း၏ ဝါရင့်သိုင်းသမားကြီး ငါးဦးထဲမှ ဒုတိယမြောက်ဖြစ်သည့် ထန်ဝန်လှိုင်၏ ရှုက်စဖွယ် ရှုံးနိမ့်မှုကို မြင်လိုက်ရသောအခါ ခုံးတုံဂိုဏ်းသည် အကြီးအကျယ် မျက်နှာပျက်သွားရတော့သည်။ သူတို့ဂိုဏ်း၏ သိက္ခာကျစဖွယ် ရှုံးနိမ့်မှု မဟုတ်ပါလား။ ထို့ကြောင့် ခုံးတုံဂိုဏ်းမှ အလွန်တရာ အရပ်ရှည်သော အဘိုးကြီးတစ်ယောက် ထွက်လာသည်။ ဒေါသတကြီးဖြင့် မြေကြီးပေါ်၌ မြင်နေရသည့် ခဲတစ်လုံးကို ကျုံးကန်လိုက်ရင်း အော်ဟစ် ပြောဆိုလိုက်သည်။



'ချင်ထင်းကျုက် မင်းနဲ့ငါ ပြိုင်မယ်၊ ကျုံးဝေဆိုတာ ငါပဲ'

အလို ကျုံးဝေ ဆိုသည်မှာ ခုံးတုံဂိုဏ်း၏ ဝါရင့် သိုင်းဆရာကြီး ငါးယောက်အနက်မှ ဒုတိယမြောက် ပုဂ္ဂိုလ်ကြီး မဟုတ်ပါလား။ သို့သော် ပြိုင်ရမည့်အဆင့်သို့ မရောက်နိုင်တော့ သည့် ဖြစ်ရပ်တစ်ခု ထူးဆန်းစွာ ဖြစ်သွားသည်။ ကျုံးဝေ ဒေါသတကြီး ကန်လိုက်သော ခဲလုံးသည် ချင်ထင်းကျုက်၏ နဖူးကို ထိမှန် သွားပြီး သွေးများ ဖြာကျစီးဆင်းလာတော့သည်။

အားလုံးသည် ထိုအဖြစ်ကို လုံးဝ မမျှော်လင့်ခဲ့ကြ။ ကန်လိုက်သော ကျုံးဝေသည်ပင် ထိုသို့ ဖြစ်လာလိမ့်မည်ဟု မထင်ခဲ့။ တကယ်တမ်းအားဖြင့် သာမန်အချိန်ဆိုလျှင် ထိုခဲလုံးသည် ချင်ထင်းကျုက်ကို မည်သို့မျှ ထိမှန်စေလိမ့်မည် မဟုတ်ချေ။ ယခုမူ ချင်ထင်းကျုက်သည် သတိလက်လွတ် ဖြစ်နေချိန်ဖြစ်သဖြင့် ထိုခဲလုံးကို လုံးဝ သတိမထားနိုင်တော့ဘဲ ထိမှန်ခံလိုက်ရခြင်း ဖြစ်သည်။ ထိုသို့ ခဲမှန်ခံလိုက်ရသည်နှင့် တပြိုင်နက် လုံးဝ လဲကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရှောင်လင် ဘုန်းတော်ကြီး ခုံးကျိုသည် မတ်တတ် ရပ်လိုက်ပြီး ဂိုဏ်းကြီး ခြောက်ဂိုဏ်းအား အမိန့်များထုတ်၍ ဆောင် ရွက်ဖွယ်ရာများကို လက်စသိမ်းဆောင်ရွက်ရန် ညွှန်ကြားလေတော့ သည်။

အလင်းမာန်ဂိုဏ်း၏ နောက်ဆုံးသော အကာအကွယ်ကြီး ပြိုလဲကျသွားပြီ မဟုတ်ပါလား။

'ဝါဆန်းဂိုဏ်းနဲ့ ခုံးတုံဂိုဏ်းက ဂိုဏ်းသားတွေက မကောင်း ဆိုးရွား ဂိုဏ်းသားတွေကို ရှင်းလင်းသုတ်သင်လိုက်ပါ၊ ဟွာတန်းဂိုဏ်း က မကောင်းဆိုးရွား ဂိုဏ်းသားတွေ ပုန်းရှိ မနေနိုင်အောင် အနောက် ဘက်ကနေ အရှေ့ဘက်ထိ ရှာဖွေပါ၊ ဝါမေဂိုဏ်းကလဲ အရှေ့ဘက် ကနေ အနောက်ဘက်အထိ ရှာဖွေပါ၊ ဒါမှ ညှပ်ပူးညှပ်ပိတ်ဖြစ်ပြီး မကောင်းဆိုးရွား ဂိုဏ်းသား တစ်ယောက်မှ မကျန်မှာ၊ ခွန်းလွန်ဂိုဏ်း ကတော့ မီးတုတ်တွေ၊ မီးစာတွေကို အဆင်သင့် ပြင်ထားပါ သိုင်းလောကမှာ မကောင်းဆိုးရွားရဲ့ အကြွင်းအကျန် အစအန ကလေး တစ်ခုတောင် မကျန်အောင် မကောင်းဆိုးရွားဂိုဏ်း တည်ရာ ဌာနချုပ်ကို မီးရှို့ဖျက်ဆီးရမယ်'

ထိုအခါ အလင်းမာန်ဂိုဏ်းသား အားလုံးပင် မြေကြီး အားယူလူးလဲထကာ တင်ပျဉ်ခွေ ထိုင်လိုက်ကြပြီး သူတို့ လက်နှစ်ဘက်ကို မီးတောင်းကင်ကို ဆန့်တန်းလျက် လက်ချောင်း ကို မီးတောက်ပုံသဏ္ဌာန် ပြုလုပ်လိုက်ကြတော့သည်။ ရန်ရှောင် သူတို့ဂိုဏ်း၏ ဘုရားနှုတ်ခပတ်တော်များကို စတင်ရွတ်ဆိုလိုက် ည်နှင့် တညီတညွတ်တည်း နောက်မှ လိုက်ဆိုကြတော့သည်။ တို့၏ ရွတ်ဆိုသံများသည် အလွန် လေးနက်လှသဖြင့် ပတ်ဝန်း မှ လူများပင် မှင်သက် ငေးကြောင်သွားကြရသည်။ အလင်းမာန် းသားများ၏ အသွင်အပြင်နှင့် ဟန်အမူအရာများသည်လည်း နှန်ပင် တည်ကြည်ရင့်ကျက်လျက် သူတို့၏ အသက် ဆုံးရှုံးရ အရေးကို လုံးဝ စိုးရွံ့ဟန် မရှိကြတော့ပေ။

ဟွာတန်းဂိုဏ်းသားများ၏ စိတ်ထဲတွင်မူ ကျိတ်၍ မှတ်ချက် က်မိကြသည်။

'အင်း... ဒီအလင်းမာန်ဂိုဏ်းက လူတွေဟာ တကယ့်ကို ကောင်းစိတ်ဓာတ်မျိုး ရှိကြတဲ့ လူတွေပဲကိုး'

ဤအခြေအနေမျိုး၌မှ ဟူကျင်း ဝင်ရောက် မကာကွယ်နိုင် နောင် မည်သို့မျှ ကာကွယ်ချိန်ရတော့မည် မဟုတ်ချေ။

အစကနဦးတွင် ဂိုဏ်းကြီးခြောက်ဂိုဏ်း၏ ထိပ်သီး သိုင်း းများရှေ့သို့ ဟူကျင်း မထွက်ရဲခဲ့ချေ။ တွန့်ဆုတ် တွန့်ဆုတ် နေသော သူ့စိတ်ကို တစ်ဟုန်ထိုး ရှေ့သို့ ခုန်ပျံထွက် သွားစေရန် ဆို့လိုက်သော မြင်ကွင်းတစ်ခုကြောင့် ဟူကျင်းသည် တွန့်ဆုတ် နေးမှု မရှိတော့ဘဲ ခုန်ထွက် ဝင်ရောက်လာ တော့သည်။ ကြောင်းမှာ ခုံးတုံဂိုဏ်း၏ ဒုတိယခေါင်းဆောင် ကျုံးဝေသည် သူ





www.burmeseclassic.com

www.burmeseclassic.com



၏ ဘိုးဘိုး ချင်ထင်းကျက်ကို သတ်ရန် ကြိုးစား လိုက်သောကြောင့် ဖြစ်ပေသည်။

ဟူကျင်းသည် မရိသတ်အလယ်သို့ ခုန်ဝင်လာပြီး ကျူးဝေကို တားမြစ်လိုက်သည်။

'ခဏနေစမ်းပါဦး၊ ခင်ဗျားကို ကျုပ် တစ်ခွန်းလောက် မေးစမ်းပါရစေဦး၊ ဒီလို မလှုပ်မရှားနိုင်လောက်အောင် ဒဏ်ရာရနေတဲ့ လူတစ်ယောက်ကို သတ်ရတာ ခင်ဗျား မရှက်ဘူးလား'

ဟူကျင်း၏ အသံသည် ကြည်လင် ပြတ်သားရုံမျှမက ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားတော့သည်။ ရှောင်လင်ဘုန်းတော်ကြီး ခုံးကျို အမိန့်အတိုင်း မိမိတို့ ဆောင်ရွက်ရမည့် ကိုယ်စီတာဝန်များကို သွားရောက် ထမ်းဆောင်ရန် ထွက်ခွာသွားစ ပြုနေသည့် သိုင်းသမားများ၏ ခြေလှမ်းများသည် ဟူကျင်း၏ အသံကြောင့် တုံ့ခနဲ ဖြစ်သွားကြတော့သည်။ အသံရှင်ကို လှည့်ကြည့်မိကြတော့သည်။

ဟူကျင်း၏ အသံသည် မည်မျှ စူးရှပေါက်ရောက်သည် ဖြစ်စေ။ ကျူးဝေကမူ လုံးဝ ဂရုမစိုက်ချေ။ အဘယ်ကြောင့်ဆိုသော် မိမိအား လာရောက် တားမြစ်နေသူမှာ အသက်ငယ်ရွယ်ရုံမျှမကသေး အဝတ်အစားများကလည်း စုတ်ပြတ်ပေရေနေသည်။ မလောက်လေး မလောက်စား အနုံညာတ ကလေးတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။





ကျူးဝေသည် ဟူကျင်းကို လက်ဖြင့် တွန်းဖယ်လျက် ချင်ထင်းကျက်အား ထိုးသတ်လိုက်ရန် ဟန်ပြင်လိုက်ပြန်သည်။

သို့သော် ဟူကျင်းဆိုသည့် လူငယ်ကား သာမန်အနုံညာတ လူငယ်တစ်ယောက်မဟုတ်။ အလင်းမာန်ဂိုဏ်းကြီး၏ အမွန်မြတ်ဆုံးသော အားပြောင်းအားလွှဲ သိုင်း၏ အဆင့်ခုနစ်ထိ လေ့ကျင့် အောင်မြင်ပြီးသော လူငယ်တစ်ယောက် ဖြစ်နေသည်။ ရန်သူ တိုက်ခိုက်လိုက်သည့် အင်အားအတိုင်း အချိန်မရွေး ပြန်လည် တိုက်ခိုက်နိုင်သော စွမ်းအင်သည် ဟူကျင်း၌ ယခု ရှိနေချေပြီ။

ထို့ကြောင့် ကျူးဝေက ဟူကျင်းကို တွန်းဖယ်ပစ်လိုက်သော်လည်း ဟူကျင်းမှာ မည်သို့မျှ ရွေ့လျားခြင်း မရှိဘဲ မိမိသာ နောက်သို့ ယိမ်းယိုင် ထွက်လာခဲ့ရသည်။ ယိမ်းယိုင်ထွက်လာသည့် အရှိန်များလှသောကြောင့် လဲကျသွားတော့မတတ် ဖြစ်သွားရသည်။ ထို့ကြောင့် အမြန်ဆုံး နောက်ကျွမ်းထိုးလျက် ခုန်ထွက်လိုက်ရသည်။ ဤသို့ ကျွမ်းထိုးခုန်ထွက်၍ မြေကြီးပေါ်သို့ ခြေချလိုက်သည်နှင့် တစ်ပြိုင်နက် နောက်ဘက်သို့ ခုနစ်လှမ်းခန့် ယိမ်းယိုင် ဆုတ်ခွာသွားရပြန်တော့သည်။ အဘယ်ကြောင့်ဆိုသော် ဟူကျင်းထံမှ တန်ပြန်လာသော အင်အားသည် သူ၏နောက်သို့ ဆက်တိုက်လိုက်လာပြီး ရိုက်ခတ်လာသောကြောင့် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျုံးဝေသည် ဟူကျင်းနှင့် အတော် အလှမ်းကွာသွားခဲ့ချေပြီ။ ကျုံးဝေအဖို့ ဤအဖြစ်သည် အလွန် နားလည်ရခက်သော ဖြစ်ရပ်တစ်ရပ် ဖြစ်နေသည်။ မိမိသည် ထို စုတ်တီးစုတ်ပြတ် လူငယ်လေးအား ဖြည်းဖြည်း တွန်းဖယ်လိုက်သည်။ အဘယ်ကြောင့် မိမိက ဤမျှ လွင့်ထွက် ဆုတ်ခွာခဲ့ရသနည်း။ ဘေးပတ်လည်မှ လူများအားလုံးသည်လည်း အလွန် အံ့သြနေကြသည်။ ထို့ကြောင့် သူတို့အားလုံး၏ စိတ်ထဲတွင် တူညီသော မေးခွန်းတစ်ခုကို မေးမိနေကြသည်။

'ဒီ ခုံးတုံ့ဂိုဏ်းက အဘိုးကြီး ဘာတွေ လျှောက်လုပ်နေတာပါလိမ့်၊ နောက်ကို ခုန်လိုက်၊ နောက်ကျွမ်းပစ်လိုက်၊ နောက်ထပ်ခုန်ဆုတ်လိုက်နဲ့ ဘာတွေဖြစ်နေတာလဲ'

သူတို့စိတ်တွင် ဤသို့ ဖြစ်နေခြင်းမှာလည်း အဆိုး မဆိုသာချေ။ မြင်ကွင်းကလည်း ဤအတိုင်းပင် ဖြစ်နေသည် မဟုတ်ပါလား။

ကျုံးဝေသည် မျက်နှာကြီး နီရဲလျက် ရှေ့သို့ ပြန်လျှောက်လာရင်း မေးလိုက်သည်။

'ဟော့ကောင်... မင်း ဘယ်သူလဲ'

ဟူကျင်းက ခပ်ပြတ်ပြတ် ဖြေလိုက်သည်။



'ကျုပ်နာမည် နွားလေး'

သူသည် တစ်ဘက်က ဖြေလိုက်ရင်း တစ်ဘက်ကလည်း ချင်ထင်းကျက်၏ နောက်ကျော လင်တိုင် အကြောမကို လက်ဖြင့်ထောက်လျက် အတွင်းအားကို သွင်းပေးလိုက်သည်။ ဟူကျင်း၏ နေစကြာအတွင်းအားသည် အလွန်ပြည့်ဝပြင်းထန်လှရာ တစ်ခဏချင်းပင် ချင်ထင်းကျက် ပြန်လည် သတိရလာတော့သည်။ ချင်ထင်းကျက် ရရှိနေသည့် ဒဏ်ရာသည် ပြင်းထန်လှသည်ဖြစ်၍ သာမန်မျှလောက်သော အတွင်းအားဖြင့် ဤသို့ ကုသပေးနိုင်လိမ့်မည် မဟုတ်ချေ။

ချင်ထင်းကျက်သည် မယုံမှတ်နိုင်လောက်သော အံ့သြမှုဖြင့် ဟူကျင်းကို မော့ကြည့်လိုက်သည်။ ဟူကျင်းက ချင်ထင်းကျက်ကို ပြုံးပြလိုက်သည်။ သူ၏ အတွင်းအားများကို ဆက်လက်၍ သွင်းပေးနေလိုက်သည်။ ချင်ထင်းကျက်မှာ ထိပ်သီး သိုင်းပညာရှင်ကြီးဖြစ်ရာ ဟူကျင်း၏ အတွင်းအား အလွန်ပြည့်ဝ ပြင်းထန်ကြောင်း ရုတ်ခြည်း သိလိုက်တော့သည်။

ကျုံးဝေ သူတို့နားသို့ မရောက်သေးမီ ချင်ထင်းကျက်က ဟူကျင်းအား အသံတိုးတိုးဖြင့် ပြောလိုက်သည်။

'လူလေး... မင်းရဲ့ ကျေးဇူးကတော့ တကယ့်ကို ကြီးမားပါတယ်၊ အများကြီးလဲ ကျေးဇူးတင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ချင်ထင်းကျက်သည် ထိုစကားကို ပြောပြီးသည်နှင့် လဲနေရာမှ ရုတ်ခြည်း ထရပ်လိုက်ပြီး...

'ကဲ... ကျုံးဓေ ငါမေးမယ်၊ မင်းတို့ ဂိုဏ်းရဲ့ အစွမ်းထက်ဆုံး သိုင်းပညာက ဘာလဲ၊ ခုနစ်ဆင့် လက်သီးသိုင်း မဟုတ်လား၊ ကဲ... ကဲ... ပြစမ်းပါဦး၊ မင်းတို့ရဲ့ အစွမ်းအထက်ဆုံး မဟာပညာကြီးကို ကြည့်ကြရအောင်'

ဤမျှ တိုတောင်းလှသော ကာလအတွင်း ချင်ထင်းကျက်၏ အပြောင်းအလဲအား ရုတ်ခြည်း ပြည့်ဝလာသည်ကို တွေ့လိုက်ရသော အခါ ကျုံးဓေ အံ့ဩတုန်လှုပ်သွားတော့သည်။ သို့သော် ယခုအချိန်၌ ပြန်ဆုတ်ရန် မဖြစ်နိုင်တော့။ ထို့ကြောင့် သူ့ကိုယ်သူ စိတ်အားတင်း၍ ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်သည်။ မှိတ်ဟန် မှင်မောင်း အပြည့် အဝဖြင့် ချင်ထင်းကျက်၏ စကားကို ပြန်ပြောလိုက်သည်။

'မင်းက ငါတို့ဂိုဏ်းရဲ့ သိုင်းပညာ ဘယ်လောက် အစွမ်းထက်သလဲဆိုတာ သိချင်တယ်ဆိုတော့ ပြရတာပေါ့လေ'

ဟုကျင်းသည် ထိုခုနစ်ဆင့် လက်သီးသိုင်း ဟူသည့်အခေါ်ကို ကြားလိုက်ရသောအခါ အတိတ်ကာလက အချိန် တစ်ချိန်ကို သွားအမှတ်ရမိတော့သည်။ သူ ရေခဲမီးတောင်ကျွန်း၌ နေထိုင်ခဲ့စဉ် ကာလ တစ်ညတွင် သူ့မွေးစားအဖေကြီး ရှက်စွန်းက သူ့ကို အိပ်ရာမှ နှိုးခဲ့သည်။ ရှောင်လင်ဘုန်းတော်ကြီး ခုံးကျက်ကို ခုနစ်ဆင့် လက်သီး သိုင်းဖြင့် မည်သို့မည်ပုံ ထိုးသတ်ခဲ့ပုံတို့ကို ပြန်လည် ပြောပြခဲ့သည်။



နောက်ပိုင်းရက်များတွင် ဤ ခုနစ်ဆင့် လက်သီးသိုင်း၏ ကျင့်စဉ်များကို အလွတ်ကျက်မှိုင်းခဲ့တော့သည်။

ထိုစဉ်မှ သူ၌ မည်သည့် အတွင်းအားမျှ မရှိသဖြင့် ထူးထူး ခြားခြား သဘောပေါက်ခြင်း မရှိခဲ့ပေ။ ယခုမူ နေစကြာသိုင်း ကျင့်စဉ်ကြောင့် အားပြောင်းအားလွှဲ သိုင်းပညာကြီးကို တတ်မြောက် ပြီးဖြစ်ရာ ဤခုနစ်ဆင့် လက်သီးသိုင်းကျင့်စဉ်ကို ပြန်လည် စဉ်း စားလိုက်ရုံနှင့် အစအဆုံး ချက်ချင်း သဘောပေါက် သွားခဲ့သည်။

ယခုအချိန်တွင် ခုနစ်ဆင့် လက်သီးသိုင်းသာမက အခြား သော အလွန့်အလွန် ခက်ခဲသည်ဆိုသော သိုင်းပညာကြီးများကိုပင် သည်းစနစ်ကို တစ်ချက်မျှ ကြည့်ရုံနှင့် ကောင်းစွာ သဘောပေါက် နိုင်စွမ်း ရှိနေပြီဖြစ်သည်။

ထိုစဉ် ချင်ထင်းကျက်က ရှောင်လင် ဘုန်းတော်ကြီး ခုံးကျို အား လှမ်းအော် တားမြစ်လိုက်သည်။

'ဆရာတော်ကြီး ခုံးကျို... ကျုပ် မသေသေးဘူးဗျ၊ ဒါကြောင့် ခင်ဗျား လူတွေကို ခန်းမထဲမှာ ပြန်စုနိုင်းလိုက်စမ်းပါ၊ ခင်ဗျားရဲ့ ဘတ်ကို မဖျက်စမ်းပါနဲ့'

ဘုန်းတော်ကြီး ခုံးကျိုသည် တစ်ချက် ရယ်မောလိုက်သည်။

'အင်း.. ချင်ထင်းကျက်ကတော့ တကယ့် သိုင်းသမားပဲ၊ ဒါလဲ အင်မတန် ကြီးပေတာပဲကလား၊ ဒါပေမယ့် သူ တစ်ယောက် တည်းနဲ့ နောက်ထပ် ဘယ်နှစ်ပွဲလောက် ဆက်လိုက်နိုင်ဦးမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီး ခုံးကျိုသည် ဤသို့ တွေးတောမိ... ဂိုဏ်းကြီး ခြောက်ဂိုဏ်းမှ လူများကို သတိပေး တားမြစ်လိုက်သ...

'ကဲ.. အားလုံး ခဏ စောင့်လိုက်ကြပါဦး'

ဤသို့ ချင်ထင်းကျက်၏ စကားကို လိုက်လျောရ... မှာလည်း အကြောင်းရှိပေသည်။ ဂိုဏ်းကြီး ခြောက်ဂိုဏ်း ကွ... တောင်ပေါ် ရောက်ရှိလာကတည်းက ဘုန်းတော်ကြီး ခုံးကျိုထံ... တောင်းဆိုချက်တစ်ခုကို တောင်းဆိုထားခဲ့သည်။ ဘုန်းတော်... ခုံးကျိုကလည်း ကတိပေးခဲ့သည်။

ချင်ထင်းကျက်၏ တောင်းဆိုချက်မှာ သူ မသေသေး... ဘယ်တော့မှ လူအုပ်စုကြီးနှင့် မတိုက်ခိုက်ရန် ဟူသည့် တောင်... ချက်ပေတည်း။

ဟူကျင်းသည် သူ့ ဘိုးဘိုး ချင်ထင်းကျက်၏ ဒဏ်... အတွင်းအား အခြေအနေများကို ကောင်းစွာ စေ့ငုမိသူဖြစ်သ... ရုတ်ခြည်း ထလာနိုင်သည် မှန်သော်လည်း အပြင်းအထန် ပြန်... တိုက်ခိုက်ရန်မှာ လုံးဝ မသင့်လျော်ကြောင်း သိရှိထားသည်။ ... ကြောင့် ဘိုးဘိုး ချင်ထင်းကျက်အစား သူက ကျုံးဝေနှင့် ရင်ဆိုင်... ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ဟူကျင်းသည် လေသံတိုးတိုး... ချင်ထင်းကျက်အား ပြောလိုက်သည်။



'ဆရာကြီး... အခုအချိန်မှာ ဆရာကြီးကိုယ်စား ဒီကျုံးဝေ ဆိုတဲ့ လူကို ယှဉ်တိုက်ပါရစေ၊ တကယ်လို့ ကျွန်တော် အနိုင်မရ တော့တဲ့ အခါကျမှ ဆရာကြီး ထပ်ဝင်ပေါ့'

ချင်ထင်းကျက်သည် စကား ပြန်မပြောနိုင်လောက်အောင် အံ့အားသင့်သွားတော့သည်။ အခြေအနေကို မေးမြန်း စူးစမ်းရန် ဟန်ပြင်လိုက်စဉ်မှာပင် ကျုံးဝေက သူ့အား လှမ်းအော်လိုက်သဖြင့် မမေးလိုက်နိုင်တော့ချေ။

'ဘယ်လိုလဲ ချင်ထင်းကျက် ကြောက်နေပြီလား'

ကျုံးဝေ၏ စကားသံ ဆုံးသည်နှင့် ဟူကျင်းသည် ရှေ့ကို ထွက်လာလေတော့သည်။

'ဆရာကြီး ချင်ထင်းကျက်က ပြောတယ်၊ သူ့အနေနဲ့ ခင်ဗျားနဲ့ ပြိုင်ရမှာ လက်ရည်မတူဘူးတဲ့၊ အဲဒါကြောင့်မို့ ကျုပ်ကို အနိုင်ရအောင် ခင်ဗျားတိုက်ပေတော့၊ ကျုပ်ကို အနိုင်ရရင်တော့ ဆရာကြီး ချင်ထင်းကျက်နဲ့ ပညာစမ်းခွင့်ရမှာပဲ၊ ဒါကလည်း ကျုပ်ကို နိုင်မှနော်'

ကျုံးဝေသည် ဟူကျင်း၏ စကားကို ကြားလိုက်ရသောအခါ ဒေါသအကြီးအကျယ် ထွက်သွားတော့သည်။

'မင်းက ဘာကောင်မို့လို့လဲ၊ ကဲ...လာစမ်းပါလေ တွေ့ကြ သေးတာပေါ့၊ ငါတို့ခုံးထုံဂိုဏ်းရဲ့ ခုနစ်ဆင့်လက်သီး[illegible]အကြောင်း ကောင်းကောင်း သိသွားမယ်၊ ဒါမှ မင်းပါးစပ် ပိတ်သွားမှာ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းကမူ ကျုံးဝေစကားကို သိပ် စိတ်ဝင်စားလှသည် မဟုတ်ချေ။ သူတွေးနေသည်မှာ ရှင်ကျင်းဘုန်းကြီး၏ အကြံကို ဖော်ထုတ်ရန် ဖြစ်သည်။

'ဒီနေ့ ဂိုဏ်းကြီးခြောက်ဂိုဏ်းက ပုဂ္ဂိုလ်တွေ နောက်ပြန် ဆုတ်သွားအောင် လုပ်ဖို့က တစ်နည်းပဲ ရှိတယ်၊ ဘုန်းကြီး ရှင်ကျင်း ရဲ့ ယုတ်မာကောက်ကျစ်တဲ့ အကြံညာဏ်တွေကို ဖော်ထုတ်လိုက်ရင် အားလုံးနားလည်ပြီး နောက်ဆုတ်သွားကြမှာပဲ၊ ငါ့ မွေးစားအဖေကြီး ရှက်စွန်းကိုလဲ သူတို့ ခွင့်လွှတ်မှာ သေချာတယ်'

သို့နှင့် ဟူကျင်းက ပြောလိုက်သည်။

'ဒီ ခုနစ်ဆင့် လက်သီးသိုင်း အကြောင်း အထူးအဆန်းလုပ် ပြီး ပြောမနေစမ်းပါနဲ့၊ ကျုပ် အစောကြီးကတည်းက သိပြီးပါပြီ၊ ရှောင်လင်ဂိုဏ်းက ဘုန်းတော်ကြီး ခုံးကျက်တောင် ဒီ လက်သီး ကြောင့် ပျံလွန်တော်မူခဲ့ရတယ် မဟုတ်လား'

အမှန်စင်စစ် သိုင်းသမားကြီးအားလုံးသည် ယင်းကိစ္စကို သိရှိကြသည်သာ။ ရှက်စွန်းက ခုံးကျက်ကို ထိုးသတ်ခဲ့သည်။ နံရံ တွင်မူ ချန်ခွန်းက ရှောင်လင်ဘုန်းကြီး ခုံးကျက်ကို သတ်တယ်ဟု ရေးခဲ့ သားခဲ့သည်။ ထိုအချိန်က လူတိုင်းလူတိုင်း သိထားသည့် အချက်မှာ ရှက်စွန်းသည် ချန်ခွန်းနာမည်ဖြင့် လူသတ်နေကြောင်း ကိုတည်း။



ဘုန်းတော်ကြီး ခုံးကျက် အသတ်ခံရသည့်ကိစ္စတွင်လည်း ှက်စွန်းက ချန်ခွန်းအပေါ် လမ်းကြောင်း ပြောင်းပြန် ပြုလုပ်ထာ သော်လည်း လူအားလုံးကမူ သူသတ်ကြောင်း သိရှိပြီး ဖြစ်ေ ကြလေပြီ။

ကျုံးဝေသည် ဟူကျင်း၏ စကားကို ကြားလိုက်သောအ ပ်မံ ဒေါသထွက်လာပြန်သည်။ သူတို့ဂိုဏ်းကပင် ဘုန်းတော် ကျက်ကို သတ်သယောင်သဘောမျိုး သက်ရောက်အောင် ဟူဂ ပြောဆိုခဲ့သည် မဟုတ်ပါလား။

'မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ ရူးနေတာလား၊ န်းတော်ကြီး ခုံးကျက်ကို သတ်တာက ရှက်စွန်းကွ၊ ခုံးတုံဂိုဏ်းနဲ့ ာဆိုင်လို့လဲ'

'ကျုပ် မေးစမ်းပါရစေ၊ ခင်ဗျားက ဒီလောက် အသေအချာ ကြီး ပြောနေပုံထောက်တော့ ရှက်စွန်းက ဘုန်းတော်ကြီး ခုံးကျက်ကို သတ်တာ မြင်တွေ့လိုက်ပုံရတယ်၊ ခင်ဗျား ဘေးကရပ်ကြည့်နေ ခဲ့တာလား'

ကျုံးဝေ တုန်လှုပ်ချောက်ချားသွားသည်။ စိတ်ထဲတွင်လည်း တ်တရက် တွေးလိုက်မိတော့သည်။

'လက်စသတ်တော့ ဒီကောင်က ငါတို့ ခုံတုံဂိုဏ်းကို ရှောင်လင်ဂိုဏ်းနဲ့ ရန်တိုက်ပေးမလို့ကိုး၊ တော်တော်လည်တဲ့ကောင် ပဲ၊ ဒီကောင့်ကိုတော့ သတိထားမှပဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တွေးလိုက်မိသည်နှင့် ခုံးကျက် သေသည့်ကိစ္စသည

မဟု သူတို့ဂိုဏ်းနှင့် မည်သို့မျှ မသက်ဆိုင်ကြောင်း ရှင်းပြရတော့သည်

ဖော်ထု 'ငါတို့ ခုံးတုံဂိုဏ်းရဲ့ ဝါရင့်ဆရာကြီး ငါးယောက်စလုံးဟ

ဒီ အချိန်တုန်းက ရှင်နန်နယ်မှာ ရှိနေတာကို လူတိုင်းသိကြတာ

ဆုတ်သူတို့က ဘယ့်နှယ် ဒီအဖြစ်ကို ကိုယ်တွေ့မျက်မြင် တွေ့နိုင်တော

ရဲ့ ယုတ်လဲ'

အားလုံး 'ဒါဖြင့်ရင် ခင်ဗျားတို့က ဘုန်းတော်ကြီး ခုံးကျက်

ရှက်စူကျက်စွန်း သတ်တယ်လို့ ဘာဖြစ်လို့ မြေကြီးလက်ခတ်မလွဲ ပြော

ကြတာလဲ'

'ဒါက ရှင်းနေတာပဲ၊ နံရံပေါ်မှာ ရေးထားတဲ့စာကို ကြ

တာနဲ့ ရှက်စွန်း သတ်တယ်ဆိုတာ ထင်ရှားနေတာပဲ'

ဟူကျင်းအနေဖြင့် ယခု ကျုံးဝေ ပြောနေသည့်စကား

နားမလည်ချေ။ ဘုန်းတော်ကြီး ခုံးကျက်ကို သတ်ပြီးနောက် နံရံတ

သူ့ဆရာ ချန်ခွန်း၏ နာမည်ကို ရေးခဲ့သည်ဟု သူ့မွေးစားအဖေကြ

ရှက်စွန်းက ပြောမပြခဲ့ချေ။ ထို့ကြောင့် ကျုံးဝေ၏ စကား

ကြားလိုက်ရသောအခါ တစ်ချက် အံ့ဩသွားသည်။ ထို့ကြော

သူ့စိတ်ထဲတွင်မူ ကျိုးကြောင်းဆင်ခြင်၍ တွေးနေမိသည်။

'ဖေဖေကြီးက ဘုန်းတော်ကြီး ခုံးကျက်ကို သတ်မိတော

တော်တော်လေး နောင်တရနေပြီ၊ ဒီစာကို ဖေဖေကြီးရှက်စွန်း ရေးတာ



ယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ဒီစာကို ချန်ခွန်း ရေးတာပဲ ဖြစ်ရမယ်၊

တော့မှ လူတွေက ဘုန်းတော်ကြီး ခုံးကျက်ကို ဖေဖေကြီး သတ်

းမှန်း သိတော့မှာပေါ့'

ဟူကျင်းသည် တွေးရင်း သဘောပေါက်သွားသည်။

ကြောင့် ရယ်မောလိုက်ရင်း...

'ဒီလိုစာမျိုးကို လူတိုင်း ရေးတတ်တာပေါ့၊ ရှက်စွန်း ကိုယ်

င် ရေးတာ ခင်ဗျားမြင်သလား၊ ဒီစာကို ခင်ဗျားတို့ ခုံးတုံဂိုဏ်းက

းတာလဲ ဖြစ်နိုင်တယ်၊ ချန်ခွန်းကိုယ်တိုင်ရေးတာလဲ ဖြစ်နိုင်တယ်၊

တာက လွယ်တယ်၊ ဒီ ခုနစ်ဆင့်လက်သီးသိုင်းကို အတုယူပြီး

တ်နိုင်ဖို့က ခက်တာ'

ဟူကျင်းသည် ပြောပြောဆိုဆိုနှင့် ဘုန်းတော်ကြီးခုံးကျိအား

း၍ လှောက်ထားလိုက်သည်။

'ဆရာတော်ကြီး... ဆရာတော်ကြီးရဲ့ ဂိုဏ်းတူအစ်ကို

းတော်ကြီးခုံးကျက်ဟာ ဒီ ခုနစ်ဆင့် လက်သီးသိုင်းနဲ့ ပျံလွန်

တ်မှုခဲ့ရတယ် မဟုတ်လား၊ ဒီ ခုနစ်ဆင့် လက်သီးသိုင်းဟာ ခုံးတုံ

း၏ ထိပ်တန်းလျှို့ဝှက် သိုင်းပညာ မဟုတ်လား၊ ဒီပညာကို

င် လူစိမ်းတွေကို သင်ကြားပေးတတ်သလား'

ဆရာတော်ခုံးကျိ ပြန်မဖြေမီ ရုတ်တရက် ရှောင်လင်ဂိုဏ်း

တစ်ယောက် ခုန်ထွက်လာပြီး အော်ဟစ်မာန်မဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ လက်ထဲတွင်လည်း သံမဏိတောင်ဝှေးကြီးတစ်ချောင်းကို ကိုင်ထားသည်။

'ဟော့ကောင်…မင်း ဘယ်သူလဲ၊ ဘယ်ကကောင်လဲ၊ ငါတို့ဆရာကို ဒီလိုစကားပြောဖို့ တန်သလား'

ဟူကျင်းသည် အသံကြားရာသို့ ကြည့်လိုက်သောအခါ ထိုသူသည် ကျန်းချွေးဆန်းက ရှောင်လင်ဂိုဏ်းသားများကို သတ်ခြင်း ဖြစ်ပါသည်ဟု စွပ်စွဲခဲ့သော ဘုန်းကြီး ရွှယ်ရင်း ဖြစ်နေကြောင်း တွေ့လိုက်ရသည်။ ဟူကျင်းသည် ထိုနေ့ ထိုအချိန်က သူ့အဖေနှင့် သူ့အမေကို သေအောင် လုပ်ခဲ့သူတိုင်း၏ မျက်နှာများကို မှတ်သားထားခဲ့သည်ဖြစ်ရာ သည်ဘုန်းကြီးမျက်နှာကို တစ်ချက်မြင်လိုက်ရသည်နှင့် သူသည် အတိတ်ကို ကောင်းစွာပြန်လည် သတိရလိုက်သည်။ သူ၏ရင်ထဲမှ ငြိမ်သက်နေသော သွေးများသည် မုန်တိုင်းထသည့် ပင်လယ်မြင်ကွဲသို့ ဆူပွက်ထလာတော့သည်။ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်လာသောကြောင့် သူ့ကိုယ်သူ အထူးသတိပေးနေရပေတော့သည်။

'ဟူကျင်း…ဟူကျင်း… သတိထား…သတိထား၊ မင်းအခုရောက်နေတဲ့ ကိစ္စက ဂိုဏ်းကြီးခြောက်ဂိုဏ်းနဲ့ အလင်းမာဂိုဏ်းရဲ့ ရန်ငြိုးကို ပြေအောင်လုပ်ပေးဖို့က အဓိကပဲ၊ မင်းရဲ့ ကိုယ်ရေးကိုယ်တာ နာကျည်းချက်တွေ ပုဂ္ဂလိကခံစားချက်တွေကြောင့်



မင်း ဆောင်ရွက်ရမယ့် ကိစ္စကြီးကို မပျက်စီးစေနဲ့၊ သတိထား သတိထား'

သူ့မိဘများ အသေဆိုးနဲ့ သေခဲ့ကြပုံများကို မျက်စိထဲတွင် ပြန်လည်မြင်ယောင်လာသဖြင့် ဟူကျင်း မျက်ရည်ဝဲလာတော့သည်။ သို့သော် သူ့စိတ်ကို ပြန်လည် ထိန်းချုပ်နိုင်လိုက်ခြင်းကြောင့် မျက်ရည်ကျရသည့် အခြေသို့ မရောက်ခဲ့တော့။

ရွှယ်ရင်းသည် တောင်ဝှေးကို တစ်ချက်ဆောင့်လိုက်ရင်း…

'ဟော့ကောင်… မင်းက မကောင်းဆိုးဝါးဂိုဏ်းသားလား၊ ဟုတ်ရင် တောင်ပေါ်က ဆင်းသွားစမ်း၊ အချောင်သေနေဦးမယ်'

ဟူကျင်းက ဘုန်းကြီး ရွှယ်ရင်းအား ပြောလိုက်သည်။

'ဘုန်းကြီးက ရွှယ်ရင်း မဟုတ်လား၊ ဘုန်းကြီးတို့ရဲ့ ရှောင်လင်ကျောင်းမှာ ရှင်ကျင်းဆိုတဲ့ ဘုန်းကြီး ရှိတယ် မဟုတ်လား၊ ဘုန်းကြီးရှင်ကျင်းကို ခေါ်ထုတ်လိုက်စမ်းပါ၊ တပည့်တော် သူနဲ့ စကားပြောစရာရှိပါတယ်၊ သူနဲ့ တပည့်တော် စကားပြောတဲ့အခါ လူအားလုံးအတွက် ရှုတ်ထွေးနေတဲ့ ပုစ္ဆာကြီးဟာ ဖြေရှင်းပြီးသားဖြစ်သွားမယ်'

ရွှယ်ရင်းသည် ဒေါသဖြင့် အော်မေးလိုက်သည်။

'ရှင်ကျင်း အခု ဒီမှာ မရှိဘူး၊ မင်းက ဘာပြောစရာရှိလို့လဲ၊ တို့က မင်းလို ဘာကောင်မှန်း ညာကောင်မှန်း မသိတဲ့ လူငယ်လေးတက်ကို အချိန်မပေးနိုင်ဘူး၊ မင်းက ဘယ်ဂိုဏ်းကလဲပြောစမ်း'

www.burmeseclassic.com

www.burmeseclassic.com



သူက 'အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ တပည့်တော်ဟာ ဒင်းမာန်ဂိုဏ်းက မဟုတ်ပါဘူး၊ တယ် ဂိုဏ်းကမှလဲ မဟုတ်ပါဘူး၊ ဘုန်းကြီး သိထားဖို့က တပည့်တော်ဟာ အလင်းမာန်ဂိုဏ်း၊ ဟူတန်း၊ ရှောင်လင်၊ ဝါမေ၊ ခွန်းလွန်နဲ့ ဝါဆန်းဂိုဏ်းတွေ အားလုံးရဲ့ နည်းနည်းစီ ပတ်သက်နေတဲ့ လူလို့ သိထားရင် လုံလောက်ပါပြီ'

ဟူကျင်းသည် ခေတ္တ ရပ်တန့်လိုက်ပြီး ရှယ်ရင်း ဘုန်းကြီးကို အကဲခတ်ကြည့်လိုက်သည်။ ပြီးမှ ဆက်ပြောသည်။

'ဒီတစ်ခါ ဂိုဏ်းကြီးခြောက်ဂိုဏ်းက အလင်းမာန်ဂိုဏ်းကို တိုက်ခိုက်တာကတော့ တကယ့် မှားယွင်းတိုက်ခိုက်မှုကြီးလို့ ကျွန်တော် ပြောချင်ပါတယ်၊ ဂိုဏ်းကြီးခြောက်ဂိုဏ်းဟာ မသမာသူရဲ့ လှည့်ကွက်ကို ခံလိုက်ရတာပါ၊ ဒီလှည့်ကွက်ကို မသိတော့ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲမိကြတာပဲ ဖြစ်ပါတယ်၊ ဒီကိစ္စကို ကျွန်တော် ဖြေရှင်းပါမယ့်၊ ဒါမှ ဂိုဏ်းကြီးခြောက်ဂိုဏ်းနဲ့ အလင်းမာန်ဂိုဏ်းရဲ့ ရန်ငြိုးဟာ ပြေသွားမှာ ဖြစ်ပါတယ်'

သူ့စကား ဆုံးသွားသောအခါ ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ ပုဂ္ဂိုလ်များသည် တဟားဟားဖြင့် ရယ်မောလိုက်ကြတော့သည်။ အချို့ကမူ ရယ်ရုံမျှမက အော်ဟစ်ရှုတ်ချ လိုက်ပြန်သေးသည်။

'ဘာလဲ... ဒီကောင်လေး ရူးနေတာလား၊ ဘယ့်နှယ့် အရူးစကားတွေ လျှောက်ပြောနေတာလဲ၊ ထွက်စမ်း'



တစ်ချို့ကမူ...

'သူ့ကိုယ်သူ ဘာများမှတ်နေသလဲ၊ ဟူတန်းဂိုဏ်းချုပ်ကြီး ...း ဆန်းဖုန်းများ မှတ်နေသလားမသိဘူး'

အချို့ကမူ...

'မင်းကိုမင်း ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီး ခုံးဝန်များ ...နေသလား၊ ဟေ့ကောင်... ထွက်စမ်း'

'ဟား...ဟား...ဟား'

ဆူသံပူသံ ရယ်သံများဖြင့် ဟူကျင်းကို တစ်ယောက်တစ် ...က် လက်ညှိုးထိုး ပြောနေကြပေသည်။ ဝါမေဂိုဏ်းမှ ချူကျူး ...ယောက်သည်သာ စိတ်မသက်မသာဖြင့် ထိုမြင်ကွင်းကို ငေး ...ည့်နေမိတော့လေသည်။

လူတိုင်းလိုလိုက ဟူကျင်းအား ဤသို့ လှောင်ပြောင် အော် ...နေကြသည်ကို မြင်ရသောအခါ ဟူကျင်းဘက်မှ ရင်နာနေမိ ...ည်။ သဲကန္တာရထဲတွင် ဟူကျင်းကို တွေ့ကတည်းက စိတ်ဝင်စား ...ခဲ့မိသည်။ သနားခဲ့မိသည်။

သို့သော် ယခု ဟူကျင်း၏ ကြီးကြီးကျယ်ကျယ်စကားကို ...ားရပြန်သောအခါ စိတ်ထဲဝယ် မချင့်မရဲ ဖြစ်ရပြန်သည်



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမရင်ထဲတွင် ဟူကျင်း၏ စကားကြီးစကားကျယ်များကို မကြားလိုသည်က အစွန်းတစ်ဘက် ဟူကျင်းအား လှောင်ပြောင်ရယ်မောသံများကို မကြားလိုသည်က အစွန်းတစ်ဘက် စသည့် အစွန်းနှစ်ဘက်တို့သည် ဝဋ်ပကွ ဖြစ်လျက် ရှိနေတော့သည်။

✦✧✦✧✦





# ဖြန့်ဖြေရေးသမား

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅၉)

## မြန်မြေရေးသမား

ဂိုဏ်းကြီးခြောက်ဂိုဏ်း၏ ရယ်မောသံများကြောင့် ချူကျူး၏ နှလုံးသားသည် ချွန်မြနေသော ဓားဦးဖြင့် ဆက်ကာဆက်ကာ ထိုးကိုက်ခံလိုက်ရသည်နှင့် နာကျင်ခံစားနေရသည်မှာ အမှန်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ဟူကျင်းကို လှမ်းကြည့်လိုက်မိသည် ဟူကျင်း၏ အမူအရာသည် လုံးဝ ရှက်ရွံ့ဟန်မရှိ။ ရဲရဲရင့်ရင့်နှင့် ခန့်ခန့်ညားညားပင် ပရိသတ်အလယ်တွင် ရပ်လျက်ရှိနေသည်။ ကောသရာဇာခြသေ့်မင်းသည် သူပိုင်စိုးသော တောသုံးတောင်ကို အလယ်၌ ခန့်ညားတည်ငြိမ်စွာ ရပ်ကြည့်နေသကဲ့သို့ ရှိတော့သည်။ သူသည် ကြည်လင်ပြတ်သားသော အသံဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အခု ရှောင်လင်ဂိုဏ်းက ရှင်ကျင်းဘုန်းကြီး ထွက်ခဲ့ပါ သူထွက်လာရင် ခင်ဗျားတို့အားလုံး ရှင်းလင်းသွားမှာပဲ၊ သူ့ရဲ့ ကောက်ကျစ်တဲ့ အကြံအစည်တွေအားလုံး ကျွန်တော် ဖော်ထုတ် ပြမယ်၊ သူ့ကိုသာ ထုတ်လိုက်ပါ'

ရာချီလျက်ရှိသော လူပေါင်း၏ ဆူညံအော်ဟစ်သံများ လွှမ်းမိုးလျက် ထွက်ပေါ်လာသော သူ့အသံကို လူတိုင်း ပီ ကြည်လင်စွာ ကြားလိုက်ကြရသည်။

ဂိုဏ်းခြောက်ဂိုဏ်းမှ လူများသည် ရုတ်ခြည်း တိတ်ဆိတ် သွားပြီး ထိတ်လန့်တုန်လှုပ်သွားကြသည်။ ဟူကျင်းအပေါ် အ သေးသော စိတ်များလည်း လွင့်ပါးသွားကြသည်။ သူတို့၏ မ ထဲတွင်...

'အင်း... ဒီကောင်လေးရဲ့ အတွင်းအားက တယ်ပြည့် ပါတာလား'

ရှယ်ရင်း ဘုန်းတော်ကြီး အော်ဟစ်ပြောလိုက်သည်။

'မင်းက မဖြစ်နိုင်တာတွေ ပြောပြီး ဘာတွေ ယုတ် မာမာ လုပ်ဦးမလို့လဲ၊ ရှင်ကျင်း ဒီမှာ မရှိမှန်းသိလို့ ရှင်ကျ ရှင်းမယ်ချည်း ပြောနေတာ မဟုတ်လား၊ ဒါဖြင့်ရင် ဟူတန်းဂို ကျန်းချွေးဆန်းကို ဘာကြောင့် ထွက်ပြီး မရှင်းနိုင်ရတာလဲ'



ထိုစကားထွက်သွားသည်နှင့် ဘုန်းတော်ကြီးခုံးကျိသည် ချက်ချင်း အော်ဟစ်တားမြစ်လိုက်သည်။

'ရှယ်ရင်း စကားပြောရင် သတိထားပြောပါ'

သို့သော် ဝါဆန်း၊ ခွန်းလွန်နှင့် ခုံးတုံဂိုဏ်းမှ လူများကမူ ရှယ်ရင်း၏ စကားကြောင့် ဝါးခနဲ ရယ်မောလိုက်ကြတော့သည်။

ဟူတန်းဂိုဏ်းမှ လူများ၏ မျက်နှာတွင် သူတို့၏ ဂိုဏ်းတူ ညီနောင်မည်ကို ထုတ်ဖော်ပြောပြီး စော်ကားလိုက်သည့်အတွက် ဒေါသရောင်များ သန်းနေကြသည်။ သို့သော် သူတို့၏ ဒေါသ များကိုမူ ချုပ်တည်းထားကြသည်။

ဟူကျင်းသည် သူ့ဖခင်ကို စော်ကားပြောဆိုလာသည့် စကားကို ကြားလိုက်ရသောအခါ ဒေါသထွက်လာသဖြင့် အော်ဟစ် မေးလိုက်သည်။

'ဘုန်းတော်ကြီးက ဘာလို့ ကျန်းချွေးဆန်းကို စော်ကား တာလဲ'

ရှယ်ရင်းကမူ ခနဲ့ပြုံး ပြုံးရင်း...

'ကျန်းချွေးဆန်းက မိန်းမယုတ်ရဲ့ မာယာစက်ကွင်းထဲမိပြီး မိန်းမယုတ်ကို လက်ထပ်ခဲ့လို့ ဒီလိုဖြစ်ခဲ့ရတာ'

ဟူကျင်းသည် လူလည်ကောင် စထွက်ကတည်းက သူ့ ကိုယ်သူ သတိပေးနေခဲ့ရသူ ဖြစ်သည်။ သူ၏ပုဂ္ဂလိက ခံစားမှုများကို

www.burmeseclassic.com

www.burmeseclassic.com



အလင်းမာန်ဂိုဏ်း၏ ကယ်တင်ရေးကိစ္စတွင် ရောထွေးပါဝင်မသွား စေရန် အဆက်မပြတ် သူ့ကိုယ်သူ သတိပေးနေခဲ့ရသည်။ သို့သော် နောက်ဆုံး ရှယ်ရင်း၏စကားကို ကြားသောအခါတွင်မူ သူသည် မည်သို့မျှ ထိန်းချုပ်နိုင်ခြင်း မရှိတော့ဘဲ ရှယ်ရင်းကို ခုန်အုပ်လိုက်ပြ ခါးနောက်ကို ဆွဲကိုင်လျက် ညာလက်ဖြင့် တောင်ဓားကို လှမ လိုက်ရာ ရှယ်ရင်း၏ ဦးခေါင်းကို ရိုက်ချရန် ရွယ်လိုက်သည်။

ရှယ်ရင်းမှာ ကြက်ပေါက်စလေးတစ်ကောင်သည် သိမ်း ငှက်ကြီးတစ်ကောင်၏ ကုတ်ယူခြင်းကို ခံလိုက်ရသည့်နှယ် မည်သို့မျှ လှုပ်ရှားခြင်း မပြုနိုင်ဘဲ ဟူကျင်းပြုသမျှ ခံရမည့်ဘဝသို့ ရောက်သွား တော့လေသည်။

ထိုအခါ အနီးဆုံးမှ ဘုန်းတော်ကြီးနှစ်ပါးသည် ခုန်ထွက် လာပြီး သူတို့၏ တောင်ဓားနှစ်ချောင်းဖြင့် ဟူကျင်း၏ ကိုယ်ပေါ်သို့ ရိုက်ချလိုက်လေတော့သည်။

သို့သော်... သူတို့၏ တောင်ဓားများသည် ဟူကျင်း၏ ကိုယ်ပေါ်သို့ မရောက်။ ဟူကျင်းသည် ရုတ်တရက် ခုန်တက်သွားပြ သူ့ခြေနှစ်ဘက်ဖြင့် ဘုန်းတော်ကြီးနှစ်ပါးကို ကန်ထုတ်လိုက်ရ ဘုန်းတော်ကြီးနှစ်ပါးစလုံး အဝေးသို့ လွင့်စဉ် ထွက်သွားကြတော့ သည်။



ဟူကျင်းမှာမူ ရှယ်ရင်း၏ ကိုယ်ကို ချုပ်ကိုင် ထားရင်းဖြင့် ပင် လေထဲတွင် ပေါ့ပါးစွာ ခုန်တက်သွားပြီးမှ အလှမ်းဝေးဝေး နေရာသို့ ခုန်ဆင်းသွားသည်။

ထိုအခါ လူအချို့၏ အော်ဟစ်သံများ ထွက်ပေါ်လာတော့ လေသည်။

'ဒါဟာ... ဟူတာန်းရဲ့ လေ့ခါးထစ် ကိုယ်ဖော့သိုင်းပညာပဲ'

အမှန်မူ ဟူကျင်းသည် ထို သိုင်းပညာကို တတ်မြောက် ခဲ့သည် မဟုတ်ချေ။ သူငယ်စဉ်က သူ့ဖခင် သူ့ဆရာဘိုးဘိုးတို့နှင့် ဟူတာန်းတောင်တွင် အနေများခဲ့သဖြင့် ထိုသိုင်းပညာကို တွေ့ပါ မြင်ပါများပြီး မြင်သိနေခဲ့ခြင်းသာ ရှိသည်။ တတ်မြောက်ခြင်း မရှိခဲ့ချေ။

သို့သော် ယခုအချိန်တွင်မူ ထိပ်တန်းသိုင်းပညာကြီးနှစ်ခုကို တတ်ကျွမ်းထားပြီး ဖြစ်၍ ငယ်စဉ်က သိမြင်ခဲ့သည်တို့ကို ခွဲခြမ်း စိတ်ဖြာ သဘောပေါက်သွားပြီး စိတ်ထင်တိုင်း အသုံးပြုနိုင်လိုက်ခြင်း သာ ဖြစ်လေသည်။

ဤ လေ့ခါးထစ် ကိုယ်ဖော့သိုင်းပညာကို ရိုလင်တန်းနှင့် မော်ကုဆန်းတို့သည်လည်း ကောင်းစွာ တတ်မြောက်ကြသည်သာ ဖြစ်သည်။

သို့သော် လူတစ်ယောက်ကို လက်က ချုပ်ကိုင်ထားရင်း

www.burmeseclassic.com

www.burmeseclassic.com



အလွန် လေးလံလှသော သံမဏိတောင်ဝှေးကြီး တစ်ချောင်းကို ကို ရင်းဖြင့် ဤမျှလောက် ပေါ့ပါးစွာ ခုန်ပျံ လှုပ်ရှားပြနိုင်မည် မဟုတ ချ။

ထို့ကြောင့် ဟူတန်းဂိုဏ်းတင်မက အခြားဂိုဏ်းအားလုံး လူများသည်လည်း မှင်တက် ငေးကြောင် ကြည့်နေမိကြတော့သည် ရှောင်လင်ဂိုဏ်းသားများလည်း သူတို့လူကို ကယ်တင်ရန် မည်သို့ အချိန်မမီနိုင်တော့။

ပထမဆုံးကယ်တင်ရန် ကြိုးစားသော ဘုန်းတော်ကြ နှစ်ပါးလည်း အသက်နှင့်ကိုယ် အိုးစားမကွဲရုံသာ ကျန်တော့သည

ထိုစဉ် ဟူကျင်းသည် အံကိုကြိတ်ထားသဖြင့် သူ့မျက်နှာ အလွန်တင်းမာနေသည်။ ဒေါသကြောင့် မျက်နှာတစ်ခုလုံး သွေး နီရဲ နေသည်။ သူသည် သံမဏိတောင်ဝှေးကြီးကို မြှောက်ရွယ်လို သည်။

ရှောင်လင်ဂိုဏ်းသားများသည် သူတို့လူ၏ အဖြစ်ဆိုး မကြည့်ရက်ကြတော့သဖြင့် မျက်စိများကို မှိတ်လိုက်ကြတော့သည သို့သော် ဟူကျင်းလက်ထဲရှိ တောင်ဝှေးသည် အောက်သို့ ရောက်လာခြင်း မရှိဘဲ ထိုမြှောက်လျက် အတိုင်းပင် ရပ်တန် သည်။ သူ့မျက်နှာမှာလည်း တဖြည်းဖြည်း ပျော့ပျောင်း နူးညံ့လာ နောက်ဆုံး ရွယ်ရင်းကို အောက်သို့ လွှတ်ချပေးလိုက်တော့သည



တကယ်တော့ ဟူကျင်းသည် သူ့ဒေါသကို ထိန်းလိုက်နိုင် ခြင်းသာ ဖြစ်ပေသည်။ သူသည် ရွယ်ရင်းကို အောက်ချပေးလိုက်စဉ် ပင် နှုတ်မှလည်း ဖြည်းညင်းစွာ ပြောလိုက်သည်။

'ကျန်းချွေးဆန်းရဲ့ ဂုဏ်သိက္ခာကို ထပ်မဖျက်ဆီးပါနဲ့တော့၊ သူ သေသွားပြီပဲ၊ သူ့မှာ ဘယ်လိုပဲ အပြစ်ရှိရှိ ခွင့်လွှတ်ဖို့ ကောင်း နေပါပြီ'

ရွယ်ရင်းမှာမူ မည်သည့် စကားကိုမျှ မပြောနိုင်တော့။ ကြောက်ရွံ့ထိတ်လန့်မှုတို့သည် သူ့ တစ်ကိုယ်လုံး၌ ကြီးစိုးနေပြီ ဖြစ်၍ ဟူကျင်းကိုသာ ငေးမောကြည့်နေမိတော့သည်။ သေရွာမှ တစ်ခေါက် ပြန်ရောက်လာသူပင် တကား။

ဟူကျင်းက ရွယ်ရင်း၏ တောင်ဝှေးကို ပြန်ကမ်းပေးလိုက် သဖြင့် ရွယ်ရင်းသည် လှမ်းယူလိုက်မိတော့သည်။ ခုံးတဲ့ဂိုဏ်းမှ ကျူးဝေသည်လည်း ထိတ်လန့် တုန်လှုပ်နေချေပြီ။ သို့သော် ခန်းမ အလယ်မှ ပြန်ဆုတ်ရန်မူ များစွာခက်ခဲလှတော့သည်။ ထို့ကြောင့် လေသံမာမာနှင့် မေးလိုက်သည်။ ဟန်ကိုယ်ဖို့ မာန်သူ့ဖို့ မဟုတ် ပါလား။

'နွားလေး... မင်းကို ဘယ်သူက ခိုင်းလိုက်လို့ မင်းက လာ ဖြေရှင်းနေရတာလဲ'

'ဘယ်သူကမှ ခိုင်းတာ မဟုတ်ပါဘူး၊ ကျုပ်သဘောနဲ့ကျုပ် လာဖြန်ဖြေပေးတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'မင်း ဖြန့်ဖြေပေးလို့ရမလား၊ အေးလေ... ငါ့ ခုနစ်ဆင့်လက်သီးကို မြည်းစမ်းကြည့်ပြီးရင်တော့ ဖြန့်ဖြေပေးပေတော့ ဟုတ်လား'

'ခင်ဗျားက ဒီ ခုနစ်ဆင့်လက်သီးအကြောင်းပဲ ပြောနေတယ်၊ တကယ်တမ်းကျတော့လဲ ဒီသိုင်းပညာရဲ့ ခုနစ်ဆင့်လုံးလုံးကိုလဲ မလေ့ကျင့်နိုင်သေးပါဘူး၊ ဒါနဲ့များ ဘာဖြစ်လို့ ဒီလက်သီးအကြောင်းချည်း တစ်ဖွဖွ ပြောနေရတာလဲ၊ ခင်ဗျား သိထားဖို့ ကျုပ်သတိပေးလိုက်ရဦးမယ်၊ ဒီ သိုင်းပညာကို လေ့ကျင့်ရင် ခင်ဗျားခန္ဓာကိုယ်ထဲမှာ ခုနစ်နေရာ ဒဏ်ရာရနိုင်တယ် ဆိုတာကိုပဲ'

သူ့အနေနှင့်မူ သူ၏ မွေးစားဖခင်ကြီး၏ သင်ကြားပြသမှုကြောင့် သည်သိုင်းပညာအကြောင်း ဂဃနဏ သိနေခဲ့သည်၊ ထို့ကြောင့် ဤမျှ အတွင်းသိအစင်းသိ ဖြစ်နေခြင်းပင်။ ဒဏ်ရာရနိုင်သည့် အကြောများကိုပါ ပြောပြလိုက်ပေသေးသည်။

ကျုံးဝေသည် အလွန် တုန်လှုပ် ချောက်ချားသွားသည်၊ ဤပညာသည် သူတို့ဂိုဏ်း၏ ထိပ်တန်းလျှို့ဝှက်ပညာ ဖြစ်သည်၊ သာမန်အပြင်လူတစ်ယောက်အနေဖြင့် ဤမျှ သိမနေနိုင်။ ထို့ကြောင့် ကတုန်ကယင်ဖြင့် မေးလိုက်သည်။

'မင်း ဒါတွေ ဘယ်လိုလုပ် သိသလဲ'

ဟူကျင်းသည် ကျုံးဝေ၏အမေးကို မဖြေပေ။ သူ ပြောချင်ရာကိုသာ ဆက်ပြောနေလိုက်သည်။



'ခင်ဗျားရဲ့ ကိုယ်ခံအတွင်းအား မပြည့်ဝသေးခင်မှာ ဒီ သိုင်းပညာကို လောကြီးပြီး လေ့ကျင့်ခဲ့လို့ ခင်ဗျားမှာ အတွင်းဒဏ်ရာရနေတယ်၊ ဒီအတိုင်းသာ နောက်ထပ် ခုနစ်နှစ် ဆက်ကျင့်ကြည့်၊ ခြင်း...ပြီး တစ်ကိုယ်လုံး မလှုပ်နိုင် မရှားနိုင် ဖြစ်သွားလိမ့်မယ်၊ ခင်ဗျားရဲ့ ပုခုံးကရှင်ပင်အကြောရယ်၊ လက်မောင်းချင်းလင်အကြောကို ...ပေါင်က ဟူလီအကြောရယ်၊ အဲဒီ အကြောသုံးခုက အမြဲတမ်း ...ကျင်နေရမယ်၊ ဘယ်နယ့်လဲ၊ ကျုပ်ပြောတာ ဟုတ်ရဲ့လား'

ကျုံးဝေသည် နားထောင်ရင်း တစ်ကိုယ်လုံး တဆတ်ဆတ် ...လာတော့သည်။ နဖူးများမှ ချွေးများကလည်း တစ်ပေါက်ပေါက် ...ခင်းနေတော့သည်။ သူသည် အထစ်ထစ် အငေါ့ငေါ့ဖြင့် မေး...သည်။

'မင်း...မင်း... ဘယ်လိုလုပ် သိနေတာလဲ'

ဟူကျင်းသည် သူ့အမေးကို မဖြေပါ။ သူ ပြောလိုက်...ရာ...

'ခင်ဗျားအတွက် နောက်ဆုံးအနေနဲ့ အကောင်းဆုံးအကြံ...င်တာကတော့ ဒီ သိုင်းပညာကို ဆက်မကျင့်ပါနဲ့လို့ အကြံပေး...ပါပဲ၊ ခင်ဗျားအတွက်ကတော့ အကျိုးမရှိတော့ပါဘူး'

ကျုံးဝေသည် ဟူကျင်း၏ 'အကျိုးမရှိပါဘူး' ဟူသော...ကို ကြားလိုက်ရသောအခါ ကြောက်ရွံ့စိတ်များ ပျောက်သွား

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သအိုး ပေါက်ကွဲလာတော့သည်။ သူတို့အတွက် အထွတ် သိုးထားသော သိုင်းပညာကြီးကို အကျိုးမရှိပါဘူး ဟု သုံးနှုန်း သို့ မဟုတ်ပါလော။ ထိုအချက်ကြောင့် ဒေါ်သဖြင့် ဟစ်အော် တယ်၊ ခုက်သည်။

လဲ မ 'မင်းက ဘာကောင်မို့လို့ တို့ရဲ့ သိုင်းပညာကို အကျိုးမရှိ အခြေ း လို့ ပြောရတာလဲ၊ မင်းက ဘယ်လောက်တတ်နေလို့လဲ၊ ကဲ... သွ တ်စမ်း၊ စမ်းကြည့်ရအောင်'

နုံးတဲ့ဂိုဏ်းမှ လူတစ်ယောက်က ထအော်လိုက်သည်။

'အစ်ကိုကြီး... ဒီကောင် သိပ် လျှာရှည်နေတယ်၊ ခုနစ်ဆင့် လက်သီးရဲ့ အစွမ်းကို ပြလိုက်စမ်းပါ၊ ဒါမှ ဒီကောင် စကား မများနိုင် တော့ဘဲ ပါးစပ်ပိတ်သွားလိမ့်မယ်'

ထိုလူသည် ပြောပြောဆိုဆို ဟူကျင်း၏ နောက်ကျောသို့ ခုန်ဝင်ပြီး ဟူကျင်း၏ နောက်ကျောကို ထိုးချလိုက်သည်။ ထိုလူ၏ လက်သီးသည် အလွန် ပြင်းထန်လှပြီး ရှောင်တခင် ဝင်တိုက်ခြင်းမျိုး ဖြစ်သဖြင့် အလွန် ကြောက်ရပေသည်။ ထို့ပြင် သူ ထိုးသော နေရာသည် ဟူကျင်း နောက်ကျောရှိ သေကြော ဖြစ်နေသေးသည်။ ထိုနေရာကို ထိလိုက်ပါက တစ်ချက်တည်းနှင့်ပင် ဒဏ်ရာ ပြင်း ထန်စွာ ရရှိပြီး သေဆုံးသွားတော့မည်မှာ မုချ ဆတ်ဆတ် ဖြစ် တော့သည်။



သို့သော် ဟူကျင်းသည် နောက်သို့ အနည်းငယ်မှ လှည့် ကြည့်ဘဲ ကျူးဝေကိုသာ စကား ဆက်ပြောနေသည်။ ဤသည်မှာ ကျင်းက သူ၏အစွမ်းကို ပြလို၍ တမင် ဂရုမစိုက်ဘဲ နေပြခြင်း ာ ဖြစ်သည်။ သူ၏ အစွမ်းအစကို ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ လူများ သားမှသာလျှင် အလင်းမာန်ဂိုဏ်းကြီးနှင့် ရင်ကြားစေ့ရေး ကိစ္စကို ာင်းစွာ ဖြေရှင်းနိုင်မည် ဖြစ်ပေသည်။

ထိုစဉ် သံကြိုးသံ တချွင်ချွင် ကြားလိုက်ရပြီး မိန်းကလေး သံတစ်သံက...

'ရှင်...ရှင်... ဘာဖြစ်လို့ နိုးကြောင်နိုးဝှက် တိုက်ခိုက်ရ ာလဲ'

ရှောင်ချောင်းသည် ပြောပြောဆိုဆိုဖြင့် သူမ၏ သံကြိုးဖြင့် သူ၏ လည်ပင်းကို ပတ်မိရန် ကြိုးစားလိုက်သည်။

ထိုလူသည် လက်တစ်ဘက်ဖြင့် ရှောင်ချောင်း တွန်းထုတ် က်ပြီး သူ၏ ညာလက်သီးကမူ ရည်ရွယ်ထားသည့်အတိုင်း ဟူ င်း၏ သေကြောကို ထိုးလိုက်နိုင်သည်။ သို့သော် သူ၏ လက်သီး ခေါင်းပုံကြီးကို ထိုးလိုက်ရသကဲ့သို့ ဖြစ်သွားရသည်။ လက်သီး လိုက်သည်နှင့် မည်သည့်အားကိုမျှ ထုတ်မရဘဲ ဖြစ်ခဲ့ရသည်။

ဟူကျင်းကမူ လှုပ်တောင်မလှုပ်ချေ။ ပြန်လည်တိုက်ခိုက် ည် တန်ပြန်အားကိုလည်း လုံးဝ မထုတ်ခဲ့ချေ။ သို့သော် ာင်ချောင်းကိုမူ ပြုံး၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှောင်ချောင်း... ငါ့အတွက် ဘာမှ ပူမနေနဲ့၊ ဒီ ခုနစ်ဆင့်လက်သီးသိုင်းက ဘာမှ အကျိုးမရှိတဲ့သိုင်း မဟုတ်ပါဘူး၊ ငါ စောစောကတည်းက ပြောထားသားပဲ'

ရှောင်ချောင်းသည် ရုတ်တရက် စိတ်အေးသွားပြီး...

'ဟုတ်သားပဲ၊ ကျွန်မ မေ့နေတာ၊ အစ်ကို ဟိုဟာကို လေ့ကျင့်ပြီးပြီပဲ'

ပြောပြီးသည်နှင့် သူမသည် နောက်သို့ ပြန်လည် ဆုတ်ခွာသွားသည်။

ထိုအခါကျမှ ဟူကျင်းသည် နောက်ဘက်သို့ လှည့်၍ သူ့အား ချောင်းမြောင်း တိုက်ခိုက်သူကို ကြည့်လိုက်မိသည်။

ထိုလူသည် ပိန်ပိန်ပါးပါးဖြစ်ပြီး ခုံးတုံဂိုဏ်းမှ ဝါရင့်ဆရာကြီး ငါးဦးအနက် နံပါတ်ငါးဖြစ်သူတည်း။

ထိုလူသည် သူ၏ အပြင်းထန်ဆုံးလက်သီးသည် ဟူကျင်းအား မည်သို့မျှ မထိခိုက်စေကြောင်း တွေ့လိုက်ရသောအခါ လွှတ်ခနဲ အော်လိုက်တော့သည်။

'မင်း...မင်း ရှောင်လင်ဂိုဏ်းက သံမဏိကိုယ်ခံသိုင်းပညာကို လေ့ကျင့်ထားသလား'

ဟူကျင်းက ပြုံးရင်း ပြန်ဖြေလိုက်သည်။



'ခင်ဗျားတို့ကို ကျုပ်ပြောထားသားပဲ၊ ဂိုဏ်းကြီးခြောက်ဂိုဏ်းစလုံးဟာ ကျုပ်နဲ့ နည်းနည်းစီလောက်သာ ပတ်သက်နေပါတယ်လို့၊ ကျုပ် ရှောင်လင်ဂိုဏ်းမှာတော့ သိုင်းပညာ နည်းနည်းပါးပါး သင်ခဲ့ဖူးတယ်၊ ဒါပေမယ့် ရှောင်လင်ဂိုဏ်းသားတော့ မဟုတ်ဘူး'

ထိုသူ၏ နာမည်သည်ချန်ကျင်းဖြစ်သည်။ သူသည် စကားပြောရင်းဆိုရင်းမှ ရုတ်တရက် လက်သီးဖြင့် ထိုးချလိုက် ပြန်သည်။

'ဘုန်း'ခနဲ မြည်ဟီးသံကြီးနှင့်အတူ သူ၏လက်သီးသည် ဟူကျင်း၏ ရင်ဝသို့ တိုးမိသွားတော့သည်။ သို့သော် ဟူကျင်းသည် ဘာမှ မဖြစ်။ အပြုံးပင် မပျက်ဘဲ ပြန်ပြောနေပေသေးသည်။

'ရှောင်လင်ဂိုဏ်းရဲ့ သံမဏိကိုယ်ခံ သိုင်းပညာကိုတော့ မသင်ခဲ့ရပါဘူး'

ချန်ကျင်းသည် ဆက်တိုက်ပင် သူ၏ပြင်းထန်လှသော လက်သီးနှစ်ချက်ကို ထပ်သွင်းလိုက်ပြန်သည်။ ချန်ကျင်းသည် နယ်နယ်ရရ သိုင်းသမားမဟုတ်။ သိုင်းလောကတစ်ခွင်တွင် တောင်ပြို လက်သီးရှင်ဟု နာမည်တစ်လုံးဖြင့် ကျော်ကြားနေသူ ဖြစ်သည်။ သူ၏ လက်သီးသည် အလွန် ပြင်းထန်သည်ဟု သိုင်းလောကက အသိအမှတ်ပြုထားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့လက်သီး လေးချက်ထိုးပြီးသည့် နောက်တွင်ပင် ဟူကျင်း မည်သို့မျှမဖြစ်ကြောင်း တွေ့လိုက်သောအခါ ချန်ကျင်း တုန်လှုပ်ချောက်ချား လာတော့သည်။ ဘေးပရိသတ်များလည်း တုန်လှုပ် လာကြတော့သည်။ သူတို့က ပြင်းထန်လှပါသည်ဟု အသိအမှတ်ပြုထားသော ချန်ကျင်း၏လက်သီးသည် ဟူကျင်းအား မည်သို့မျှ ထိခိုက်အောင် မပြုနိုင်ဘဲ ဖြစ်နေသည်ကို မျက်မြင်တွေ့နေရပြီ မဟုတ်ပါလော။

ခွန်းလွန်ကိုဏ်းသည် ခုံးတုံကိုဏ်းနှင့် အဆင်ပြေလှသည် မဟုတ်ချေ။ ထို့ကြောင့် အခွင့်အခါသင့်တိုင်း တစ်ယောက်ကို တစ်ယောက်နှိမ်၍ ပြောဆိုလေ့ရှိကြရာ အခွင့်ကောင်းတွေ့နေရ ဖြစ်သဖြင့် ခွန်းလွန်ကိုဏ်းမှ တစ်ယောက်က ခနဲ့လိုက်သည်။

'ဒါလား... တောင်ပြိုလက်သီး'

နောက်တစ်ယောက်က ထပ်လှောင်ပြန်သည်။

'ဟုတ်ပါတယ်ကွ၊ တောင်ပြိုလက်သီးပါ၊ တစ်ထွာလောက် မြင့်တဲ့တောင်ကို ပြိုတဲ့လက်သီးပေါ့'

ချန်ကျင်း၏မျက်နှာသည် ရဲရဲနီလျက် ရှိနေချေပြီ။ ကျုံးဝေက...

'မင်းရဲ့ သိုင်းပညာကတော့ ချီးကျူးစရာပဲ၊ ဒါပေမဲ့ ငါ့လက်သီးကိုတော့ နည်းနည်းလောက်မြည်းစမ်း ကြည့်ပါဦး'





ကျုံးဝေသည် ချန်ကျင်းထက် အတွင်းအား ပိုပြည့်ဝသူ ဖြစ်သည်။ ထို့ကြောင့် သူ့ကိုယ်သူ ယုံနေသည်။ ဟူကျင်းအား အနာတရ ဖြစ်သွားအောင် လုပ်နိုင်လိမ့်မည်ဟု သူ ယုံနေသည်။

သို့သော် ဟူကျင်းက ပြုံး၍ ပြောလိုက်သည်။

'အခု အချိန်မှာတော့ ခင်ဗျားကို ကျုပ် မကြောက်ပါဘူး၊ နောင်တစ်ချိန်ချိန်မှာ ခုနစ်ဆင့်လက်သီးသိုင်းကို အောင်မြင်သွားပြီ ဆိုရင်တော့ ခင်ဗျားကို မြင်တာနဲ့ ကျုပ်ပြေးမှာပဲ၊ အခုတော့ ခင်ဗျား စမ်းကြည့်ချင်ရင် စမ်းကြည့်ဦးပေါ့လေ'

ဟူကျင်းသည် ကျုံးဝေကို မခံချင်အောင် တမင်စလိုက်ခြင်း ပင် ဖြစ်သည်။

ခုနစ်ဆင့် လက်သီးသိုင်းပညာ အစွမ်းထက်သည် မှန်သော် လည်း ခင်ဗျားတို့ ညံ့နေ၍ ကျုပ်က မကြောက်ဟု သွယ်ဝိုက်၍ ခနဲ့စကားပြောလိုက်ခြင်းပင် ဖြစ်သည်။

ကျုံးဝေသည် ရုတ်တရက် ခုန်တက်ပြီး ပြင်းထန်လှသော လက်သီးတစ်ချက် ထိုးထုတ်လိုက်သည်။ သူ၏ လက်သီးသည် ဟူကျင်း၏ ရင်ဘတ်ပေါ်သို့ ကျရောက်သွားသည်နှင့် တစ်ပြိုင်နက် နွေးထွေးသော တန်ပြန်အားတစ်ခုက သူ့လက်သီးမှတစ်ဆင့် ကိုယ်တွင်းသို့ ဝင်ရောက်လာသည်ကို ရုတ်တရက် ခံစားလိုက်ရသည်။ ထိုခံစားချက်သည် သိမ်မွေ့လှသဖြင့် ကျုံးဝေအဖို့ စည်းစိမ် ခု ခံစားလိုက်ရသကဲ့သို့ ခေတ္တ ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရုတ်တရက် ကြောင်သွားပြီးမှ ဘယ်ဘက် လက်... သီးတစ်ချက် ထိုးထုတ်လိုက်ပြန်သည်။ ပထမလက်သီးချက်ထက်... ပင် ပိုပြင်းသေးသည်။

ဟူကျင်း၏ တန်ပြန်အားကိုလည်း ခံစားလိုက်ရသည်... ဒီတစ်ကြိမ်တွင် စောစောကကဲ့သို့ မဟုတ်တော့ဘဲ တန်ပြန်မှု ပြ... ထန်သဖြင့် နောက်သို့ ခြေလှမ်းတစ်လှမ်း ဆုတ်သွားလိုက် ရသည်...

ဟူကျင်းသည် ကျူးဝေကို ပြုံး၍ မေးလိုက်သည်။

'ဘယ့်နှယ်လဲ... အခု ဘယ်လို နေသေးလဲ'

ကျူးဝေသည် တစ်ချက်ကြောင်သွားသည်။ ထို့နောက်... သဘောပေါက်သွားပြီး...

'မင်းကို ငါ အများကြီး ကျေးဇူးတင်ပါတယ်၊ မင်း... အတွင်းအားနဲ့ ငါ့ရဲ့အတွင်းဒဏ်တွေကို ကုပေးခဲ့တဲ့ကျေးဇူးကို... တစ်သက်လုံး မမေ့ပါဘူး'

သူ၏ စကားကို ကြားလိုက်သောအခါ လူတိုင်း လူ... အံ့သြသွားကြသည်။ သူတို့၏ စိတ်ထဲတွင်...

'ဘယ့်နှယ်လဲ ဒီ ကျူးဝေ ဆိုတဲ့လူဟာ သူကလဲ တိုက်... သေးတယ်၊ သူကပဲ ကျေးဇူးတင်စကားပြောနေသေးတယ်၊ ရှ... ရူးနေလား မသိဘူး'



အမှန်စင်စစ် ဟူကျင်းသည် ကျူးဝေက သူ့ကို လက်သီးနှင့် ...ိုးလိုက်စဉ် သူ၏နေစကြာအတွင်းအားကို ထုတ်၍ ကျူးဝေ၏ ...ယ်ထဲသို့ သွင်းကာ အတွင်းဒဏ်ရာရခဲ့သည့် အကြောသုံးခုကို ...သပေးလိုက်ခြင်းပင် ဖြစ်သည်။

ဟူကျင်းက ပြုံးရင်း ပြန်ပြောလိုက်သည်။

'ကျေးဇူးတင်စရာ မလိုပါဘူးလေ၊ ကျုပ်အနေနဲ့ တတ်နိုင် ...ရွေ့ ကူညီတာပါ၊ အခုအချိန်မှာ ခင်ဗျားအနေနဲ့ ချက်ချင်း အတွင်း ...းထုတ်ပြီး အကြွင်းအကျန် ဒဏ်ရာတွေကို ကုသလိုက်ဖို့ ကောင်း ...ပါပြီ၊ ဒါဆိုရင် လုံးဝ ပျောက်ကင်းသွားမှာ အမှန်ပါပဲ'

ဟူကျင်းသည် ရန်သူထဲမှာ မိတ်ဆွေရှာလိုက်ခြင်းပင် ဖြစ် ...ာသည်။

သူ့ကို ရန်မူချင်နေသော လူတစ်ယောက်သည် သူ၏ ...ားမှာ အပြုအမူကြောင့် သူ့မိတ်ဆွေဖြစ်လာရပေတော့မည်။

ကျူးဝေသည် ဟူကျင်းစကားကို ဘုရားရဟန္တာ၏ စကား ...ယ် အလေးအမြတ်ထားပြီး ခန်းမလယ်မှ လွတ်ကင်းရာ တစ် ...ာတွင် တင်ပျဉ်ခွေ၍ ထိုင်လျက် အတွင်းအားထုတ်ကာ သူ၏ ...ဏ်ရာများကို ကုစားနေပေတော့သည်။

ဟူကျင်းသည် ခြေလက်အချိုးခံထားရသော ထန်ရှီလိုင် ...ထံ လျှောက်သွားပြီး အရိုးများကို ဆက်ပေးလိုက်သည်။ ခုံးတုံ...

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသားများထံမှ ဆေးကို တောင်းယူပြီး ဂရုတစိုက် လိမ်းကျ ပေးကာ အဝတ်ဖြင့် စည်းနှောင်ပေးလိုက်တော့သည်။ ယခု အခါ ခုံးတုံ့ဂိုဏ်းသည် သူတို့၏ ဝါရင့် ဂိုဏ်းဆရာကြီးနှစ်ယောက်အား ပြုစုပေးခဲ့သည့် ဟူကျင်းအပေါ် တိုက်မိုက်ရန်မူ များစွာ အခ တွေ့သွားကြတော့သည်။

သို့သော်... ထန်ဝန်လိူင်က သူ ဒုက္ခိတဘဝမှ လွတ်မြောက် ခဲ့ပြီ ဖြစ်သော်လည်း အော်ဟစ် ပြောဆိုလိုက်သည်။

'နွားလေး...မင်း ငါ့ကို ကယ်ခဲ့တာတော့ မှန်တယ် ဒါပေမယ့် ခုံးတုံ့ဂိုဏ်းနဲ့ မင်းတို့ မကောင်းဆိုးဝါးဂိုဏ်းဟာ ကျွ ရန်သူကြီးတွေ ဖြစ်ခဲ့ကြတယ်၊ ဒါကြောင့်မို့ မင်းရဲ့ကျေးဇူး ငါ့အပေ မှာ ရှိပေမယ့် ငါတို့ နောက်မဆုတ်နိုင်ဘူး၊ မင်း မကျေနပ်ရင် ငါ ခြေလက်တွေကို ပြန်ရိုးပစ်နိုင်တယ်'

ဟူကျင်းသည် အနည်းငယ် စိတ်ပျက်သွားသည်။ သည်ပု တွေ့သည် ဒေါသနှင့် အာဃာတတရား အလွန်ကြီးမားလှသည် လူများ ဖြစ်ချေသည် တကား။

'ကောင်းပြီလေ၊ ခင်ဗျားတို့က ဘယ်လို အခြေအနေမျိုးမှာ နောက်ဆုတ်မှာလဲ၊ ပြောပါ'

'မင်း ငါတို့ကို သိုင်းကွက် တစ်ကွက်ပြပါ၊ မင်းပြတဲ့ အကွက်ကို ငါတို့ ခုံးတုံ့ဂိုဏ်းက တကယ်ဝဲ မမီဘူးလို့ ယုံကြည် ကြရင် ငါတို့ ဘာမှ ပြောစရာ မလိုတော့ဘူး'



ဟူကျင်း ပြုံးရင်း သဘောတူလိုက်သည်။

'ခင်ဗျားတို့ ခုံးတုံ့ဂိုဏ်းရဲ့ ပညာက တကယ်ပဲ မြင့်မားတာပဲ ဗျာ၊ ကျုပ်က ဘယ်ယှဉ်နိုင်မလဲ၊ ဒါပေမယ့် ငြိမ်းချမ်းရေးအတွက် ဆိုတော့ ကျုပ်အနေနဲ့ အစွတ်နိုင်ဆုံး ကြိုးစားလုပ်ရတော့မှာပဲ'

သူက ခန်းမ ဘေးနားတွင် ပေါက်နေသည့် သစ်ပင်တစ်ပင် ဆီသို့ လျှောက်သွားလိုက်သည်။

'ကျုပ်က ခင်ဗျားတို့ဂိုဏ်းရဲ့ ခုနှစ်ဆင့်လက်သီးသိုင်းကို လေ့ကျင့်ဖူးပါတယ်၊ အဲဒီ သိုင်းကွက်ကို ကျုပ်ပြန်ပြမယ်၊ ကျုပ် းနေတာရှိရင် ထောက်ပြပါ'

ထိုစကားကို ကြားလိုက်သောအခါ ခုံးတုံ့ဂိုဏ်းသားမက ကျြားဂိုဏ်းသားများမှ အံ့ဩကုန်ကြတော့သည်။ ဟူကျင်း၏ ရည်နှင့် ပတ်သက်၍ တဖြည်းဖြည်း အသိအမှတ်ပြုလာကြ တော့သည်။ သူတို့အားလုံး၏ စိတ်ထဲတွင်လည်း ထိတ်လန့် ကြား ရေရွတ်မိကြပြန်သည်။

'အင်း... ဒီကောင်လေးဟာ ခုနှစ်ဆင့်လက်သီးသိုင်းကိုလဲ င်ထားတာပါပဲလား'

သူတို့၏အတွေး မဆုံးသေးမီ ဟူကျင်းသည် ရှေ့တရက် ပင်ကို လက်သီးဖြင့် ထိုးချလိုက်သည်။ 'ဒုန်း' ခနဲ မြည်ဟည်း

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး သစ်ပင်သည် အပေါ်ပိုင်းကျိုးထွက်သွားတော့သည်။ ချန်ကျင်းသည် နှုတ်မှ ရေရွတ် ပြောကြားလိုက်သည်။

'ဒါလား... ခုနှစ်ဆင့်လက်သီးသိုင်း၊ ဘယ်ကလာ ဟုတ်ရ မှာလဲ၊ မဟုတ်ဘူး... မဟုတ်သေးဘူး'

အမှန်အားဖြင့် ခုနှစ်ဆင့်လက်သီးသိုင်းသည် အား ခုနှစ်မျိုး ပါသော လက်သီး ဖြစ်သည်။ အလွန် သိမ်မွေ့သော သိုင်းပညာ လည်း ဖြစ်သည်။ ထို လက်သီးသိုင်း၏ အနှစ်သာရသည် အလွန် ထူးခြားလှပေသည်။ တစ်စုံတစ်ခုသည် သည်လက်သီးအားကြောင့် ဒဏ်ရာရပြီဆိုလျှင် အတွင်းပိုင်း၌သာ ဒဏ်ရာ ရှိချေမည်။ အပြင်ပန်း ပုံသဏ္ဌာန် လုံးဝ ပျက်စီးရမည် မဟုတ်ချေ။ ယခု သစ်ပင်ကြီး ထက်ပိုင်းကျိုးသွားရပြီ။ လက်သီးသိုင်း၏ အနှစ်သာရ သဘော ကွဲလွဲနေပေပြီ။

ဟူကျင်း၏ လက်သီးအားမှာ ပြန်းထန်သည် မှန်သော် လည်း ခုနှစ်ဆင့်လက်သီးသိုင်းတော့ မဟုတ်ဟု ခုံးတုံ့ဂိုဏ်းသားများ က ဆုံးဖြတ်ကြသည်။

ချန်ကျင်းသည် သစ်ပင်ပြတ်ကြီးနားသို့ လျှောက်သွားပြီး သစ်ပင်ကြီးကို စူးစမ်းလေ့လာလိုက်သည်။ သစ်ပင်ကို ငုံ့ကြည့် မိသည်နှင့် တစ်ပြိုင်နက် ပါးစပ် အဟောင်းသား ပြန်ဖြစ်သွားတော့ ကာ တော်တော်နှင့် ပြန်မပိတ်နိုင်တော့ချေ။



သူ အံ့ဩသွားရသည်မှာလည်း အဆန်း မဟုတ်ချေ။ သစ်ပင်၏ ပင်စည်ထဲရှိ အစာကြော၊ ရေကြော အားလုံးသည် အစိတ်စိတ်အမြွာမြွာ ကြေမွနေပြီ မဟုတ်ပါလား။

ဤ လက်သီးချက်မျိုးကို တော်ရုံတန်ရုံ ကျွမ်းကျင်သူ တစ်ယောက်က ထိုးနိုင်လိမ့်မည် မဟုတ်ချေ။ ခုနှစ်ဆင့်လက်သီး သိုင်းကို အဆင့်အမြင့်ဆုံး လေ့ကျင့် အောင်မြင်ပြီးမှသာ ယခု လက်သီးချက်မျိုးကို ထိုးနိုင်ပေလိမ့်မည်။

ဟူကျင်းအနေဖြင့် ရည်ရွယ်ချက် ရှိထားသည်။ ဂိုဏ်းကြီး ခြောက်ဂိုဏ်း၏ လေးစားသမှု ရရှိရန် သမားဂုဏ်ပြု စွမ်းရည်မျိုး ပြသထားရန် လိုအပ်သည်ဟု ဟူဆထားသည် ဖြစ်ရာ သူသည် ခုနှစ်ဆင့် လက်သီးသိုင်းအားကို နေစကြာအတွင်းအားနှင့် ရောမွှေ သုံးစွဲလိုက်ခြင်းအားဖြင့် သစ်ပင်ကြီး ကျိုးထွက်သွားအောင် ပြုလုပ် လိုက်ခြင်း ဖြစ်ပေသည်။

အတန်ကြာသောအခါ ထန်ဝန်လှိုင်က ဝန်ခံလိုက်သည်။

'ဟုတ်တယ်ဟေ့ ဟုတ်တယ်၊ ဒါမှ ငါတို့ ခုံးတုံ့ဂိုဏ်းရဲ့ ခုနှစ်ဆင့် လက်သီးသိုင်း အစစ်ကွ၊ ငါက မင်းကို လှိုက်လှိုက်လှဲလှဲ ချီးကျူးပါတယ်၊ တစ်ခုတော့ မေးပါရစေ၊ ဒီလက်သီးသိုင်းကို ဘယ် သို့ လေ့ကျင့်သင်ကြားခဲ့သလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် သည့်မေးခွန်းအတွက် ဖြေရန် အဆင့်သင့် ရှိမနေချေ။ ထို့ကြောင့်...

'ဟာ...ခုကွပဲ' ဟု ရေရွတ်လိုက်မိသည်။

ထိုခဏအတွင်းမှာပင် ထန်ဝန်လှိုင်သည် ရုတ်ခြည်း သတိရ သွားပြီး ရုတ်တရက် အော်ဟစ် မေးမြန်းလိုက်သည်။

'ဒါ...ဒါ ရှက်စွန်းဆီက သင်လာတာပဲ ဖြစ်ရမယ်၊ ရှက်စွန်း အခု ဘယ်မှာလဲ၊ သူ ဘယ်ရောက်နေသလဲ'

ဟူကျင်းက ချက်ချင်း ဖြေလိုက်သည်။

'ခင်ဗျားတို့ ဂိုဏ်းရဲ့ ခုနစ်ဆင့် လက်သီးသိုင်းပညာ စာအုပ်ကို ရှက်စွန်း ခိုးသွားတယ် ထင်လို့လား၊ ဟား...ဟား...ဟား၊ ဒီလိုထင်ရင်တော့ ခင်ဗျားတို့ အကြီးအကျယ် မှားတော့မှာပဲ၊ တကယ် ခိုးသွားတဲ့လူက မိုးကြိုးလက်သီးရှင် ချန်ခွန်းဗျ...ချန်ခွန်း'

ကျုံးဝေက ဝင်မေးသည်။

'ကဲ...ကဲ... မင်းပြောတဲ့အတိုင်းပဲ ထားလိုက်ပါတော့၊ ချန်ခွန်း ဘယ်မှာလဲ၊ ငါ့ညီ ပြောနိုင်မလား၊ ပြောနိုင်ရင်တော့ ပြောပြစေချင်ပါတယ်'

'ကျွန်တော် ပြောနိုင်သမျှတော့ ပြောပြပါ့မယ်၊ ချန်ခွန်းဟာ ဂိုဏ်းကြီးခြောက်ဂိုဏ်းနဲ့ အလင်းဓာန်ဂိုဏ်းကို မတည့်အောင် နည်းအမျိုးမျိုးနဲ့ ရန်တိုက်ပေးခဲ့ပါတယ်၊ သူဟာ နောက်ပိုင်းကျတော့



ရှောင်လင်ဂိုဏ်းထဲ ဝင်သွားပြီး ရှင်ကျင်းလို့ နာမည်ပြောင်းလိုက်ပါတယ်၊ ကျုပ်ကိုယ်တိုင် သူ့ဆီမှာ သိုင်းပညာ သင်ခဲ့ဖူးပါတယ်၊ ဒါကြောင့်မို့ စောစောတုန်းက ရှင်ကျင်း ဘုန်းတော်ကြီးကို ထုတ်လိုက်ပါ၊ သူနဲ့ ရှင်းရရင် အားလုံး ရှင်းရှင်းလင်းလင်း သဘောပေါက်သွားကြမှာလို့ ကျုပ် ပြောခဲ့တာပါပဲ၊ အခု စကားတွေ အားလုံးဟာ မုသားတစ်ခွန်းမှ မပါပါဘူး၊ ကျုပ် သစ္စာဆိုပြီး ပြောရဲပါတယ်'

ထိုစကားကို ကြားလိုက်ကြရသောအခါ ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ လူအားလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြတော့သည်။ သူတို့ လှုပ်လှုပ်ရွရွ ဖြစ်သည်မှာလည်း မဆန်းလှချေ။ သူတို့အားလုံးသည် အဖြေမှန်နှင့် တဖြည်းဖြည်း နီးကပ်လာကြပြီ မဟုတ်ပါလား။

ထိုစဉ် ရှောင်လင်ဂိုဏ်းမှ ဘုန်းတော်ကြီးတစ်ယောက် လျှောက်ထွက်လာတော့သည်။ ထို ဘုန်းတော်ကြီးသည် ရှောင်လင်ဂိုဏ်း၏ ဝါတော်အကြီးဆုံး ဆရာတော်ကြီး သုံးပါးအနက် တစ်ပါးအပါအဝင်ဖြစ်သော ဆရာတော်ကြီး ခုံးရှန့်ပင်ဖြစ်တော့သည်။ ဘုန်းတော်ကြီး ခုံးရှန့်သည် တည်ငြိမ်လေးနက်သော အသံဖြင့် မေးလိုက်သည်။

'ဒကာ... နွားလေး ဘာကြောင့် ဘုန်းကြီးတို့ရဲ့ ရှောင်လင်ဂိုဏ်းကို ပုတ်ခတ်ပြောဆိုရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ဦးညွှတ်၍ အရိုအသေ ပြုလိုက်သည်။

'ဆရာတော်ကြီးရဲ့ ရှောင်လင်ဂိုဏ်းကို ထိခိုက်မိသလို ဖြစ်သွားရင် တပည့်တော် တောင်းပန်ပါတယ်၊ ရွှင်ကျင်းကိုသာ ခေါ်ထုတ်ပေးပါ၊ တပည့်တော် သူနဲ့ မျက်နှာချင်းဆိုင်ပြီး ဖြေရှင်းပါရစေ'

ခုံးရှုန့် ဆရာတော်ကြီး၏ မျက်နှာသည် အလွန် တင်းမာသွားသည်။

'ဒကာဟာ တကယ်ပဲ ကောက်ကောက်ကျစ်ကျစ် ပြောနေတော့တာကိုး၊ ဘုန်းကြီး ရွှင်ကျင်းဟာ ဒီ မကောင်းဆိုးဝါးဂိုဏ်းနဲ့ တိုက်ခိုက်ရင်း အသက်စွန့်သွားရပြီ၊ ဒါကို သိလျက်သားနဲ့ ဒကာဟာ မရှိတော့တဲ့ ရွှင်ကျင်းကို တမင် ခေါ်ထုတ်ခိုင်းနေတာ မဟုတ်လား'

ဟူကျင်း၏ ဦးခေါင်းထဲ၌ မိုက်ခနဲ ဖြစ်သွားတော့သည်။ ရွှင်ကျင်းသေလျှင် သည်အရှုပ်ကြီးကို သူ မည်သို့ ဖြေရှင်းနိုင်တော့ မည်နည်း။

'ဘာ...သူ...သူ... သေသွားပြီ ဟုတ်လား၊ မဖြစ်နိုင်ဘူး၊ ဒါ လုံးဝ မဖြစ်နိုင်ဘူး'

ဆရာတော်ကြီး ခုံးရှုန့်သည် အနောက်ဘက်ရှိ ဘုန်းကြီးများ၏ အလောင်းပုံကို လက်ညှိုးထိုးပြလိုက်သည်။

'ကဲ... မင်းကိုယ်တိုင် သွားကြည့်စမ်း'



ဟူကျင်းသည် အလောင်းပုံနားသို့ လျှောက်သွားလျက် သေချာစွာ ကြည့်လိုက်သည်။ အမှန်တကယ်ပင် ရွှင်ကျင်း၏ အလောင်းကို တွေ့လိုက်ရသည်။ အသက်ရှိ မရှိ စမ်းသပ်ကြည့် သောအခါ လုံးဝ အသက်မရှိကြောင်း သိလိုက်ရတော့သည်။

ဟူကျင်းသည် ရုတ်တရက် ဝမ်းနည်းဝမ်းသာ ခံစားလိုက်ရပြီး အရူးသဖွယ် အော်ဟစ်နေတော့သည်။

'လူယုတ်မာကြီး... လူယုတ်မာကြီး၊ မင်းဟာ တစ်သက်လုံး သူများတွေအပေါ် ဒုက္ခပေးခဲ့၊ မကောင်းမှုတွေ လုပ်ခဲ့တာ ခုတော့ သေရပြီ မဟုတ်လား'

ဟူကျင်းသည် သူ့ကိုယ်သူ ပြန်ထိန်းသိမ်းလိုက်သည်။

'ဒီရွှင်ကျင်းကို ဘယ်သူ သတ်လိုက်သလဲ'

ချင်ထင်းကျက်သည် ဘေးနားသို့ ဆုတ်ခွာနေရာမှ ဟူကျင်း မေးမြန်းလိုက်သောအခါ ဝင်ဖြေလိုက်သည်။

'ရွှင်ကျင်းဟာ ငါ့သား ချင်ရယ်ဝမ်နဲ့ တိုက်ခိုက်ရင်း သေသွားတာပါ၊ သူလဲ သေသွားတယ်၊ ငါ့သားလဲ ဒဏ်ရာ အပြင်း အထန် ရသွားတယ်၊ မသေရုံတမည်ပါပဲ'

ခုံးရှုန့် ဆရာတော်ကြီးသည် ဒေါသဖြင့် အော်ဟစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့... ဒါကာ မင်းလဲ သေဖို့သာ ဖြစ်ပေတော့'

'ဘာဖြစ်လို့ တပည့်တော်က သေဖို့ ဖြင်ရမှာလဲ'

'မင်းက ရှင်ကျင်း သေတာကို သိလျက်နဲ့ အပြစ်တွေ အားလုံး သူ့အပေါ် ပုံချလိုက်တဲ့ ယုတ်မာမှုဟာ ဘယ်လောက် ပက်စက်တဲ့ ယုတ်မာမှုလဲ၊ ဒီအတွက် မင်းကို ငါ မညှာနိုင်ဘူး'

ဟူကျင်းသည် မည်သို့ ဖြေရှင်းရမည်ကို မစဉ်းစားတတ်အောင် ဖြစ်နေမိတော့သည်။ ရှင်ကျင်း သေဆုံးသွားပြီ ဖြစ်သဖြင့် သူတို့ လက်ခံသွားရန် မည်သို့မျှ ရှင်းပြရန် မတတ်နိုင်တော့ချေ။

ထိုစဉ် ခုံးရှန့် ဆရာတော်သည် သူ၏ လက်ချောင်းများကို ဆန့်တန်းလျက် ဟူကျင်း၏ ဦးခေါင်းကို ရိုက်ချလိုက်သည်။

ချင်ထင်းကျုံက အော်ဟစ်၍ သတိပေးလိုက်သည်။

'လူလေး... ဒါက နဂါးလက်သည်း သိုင်းပညာနော်၊ သတိထား မပေါ့ဆနဲ့'

ဟူကျင်းသည် ဘေးဘက်သို့ ခုန်ရှောင်လိုက်သည်။ သို့သော် ခုံးရှန့် ဆရာတော်ကြီးသည် ရှောင်လင် ဘုရားကျောင်း၏ အမြင့်မားဆုံး ဆရာတော်များအနက်မှ တစ်ဦးဖြစ်နေရာ သူ၏ သိုင်းပညာသည် အလွန်မြင့်မားလှ၏။



ထို့ပြင် ဆရာတော်သည် သာမန်ပညာဖြင့် တိုက်ခိုက်ပါက ဟူကျင်းအတွက် အနည်းငယ် သက်သာရာ ရနိုင်သေးသည်။ ဤ နဂါး လက်သည်း သိုင်းပညာမှာ ရှောင်လင်ဂိုဏ်း၏ အလေးအမြတ်ထားရာ အနှစ်သာရ သိုင်းပညာတစ်ရပ် ဖြစ်နေသဖြင့် ခုခံရန် မဆိုထားနှင့်၊ ရှောင်တိမ်းရန်ပင် မလွယ်ကူလှချေ။ ခက်ခက်ခဲခဲ လွတ်အောင် ရှောင်တိမ်းနေရတော့သည်။ သူ၏ လက်ချောင်းတစ်ချက် ထိုးစိုက်လာသည်နှင့် နောက်ထပ် လက်ချောင်းများသည်လည်း အဆက်မပြတ် ထိုးစိုက်လာတော့သည်။ ဆရာတော် ခုံးရှန့်၏ တိုက်ခိုက်ပုံသည် အမှန်တကယ် နဂါးတစ်ကောင်နှင့် တူလှသည့်ပြင် သူ၏လက်များသည် လေထဲ၌ အဆက်မပြတ် လှုပ်ရှား ပျံဝဲ နေပေတော့သည်။

ဟူကျင်းသည် ခက်ခဲစွာ ရှောင်တိမ်းနေရင်းမှ သူ၏ အင်္ကျီ လက်စမှာ 'ရွှမ်း' ခနဲ ရုတ်ပြတ်သွားပါတော့သည်။

အသားကိုသာ ထိခိုက်မိလျှင် ဟူကျင်းအဖို့ လုံးဝ သက်သာ နိုင်မည် မဟုတ်ချေ။

ရှောင်လင်ဂိုဏ်းမှ လူများသည် ဆူညံစွာဖြင့် လက်ခုပ်သီး တီးပေးလိုက်ကြသည်။

ထိုစဉ် မိန်းကလေးတစ်ဦး၏ အလန့်တကြား အော်ဟစ်သံ ကြားလိုက်ရသည်။ ဟူကျင်းသိသည်။ ရှောင်ချောင်း၏ အော်ဟစ်သံ ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုလေး... သတိထားနော်'

ဟူကျင်းသည် ဤ နဂါးလက်သည်းသိုင်းကို မည်သည့် နည်းဖြင့် ချေဖျက်ရမည်ကို စဉ်းစား၍ မရနိုင်ဘဲ ဖြစ်နေမိသည်။ ထို့ကြောင့် ခုံးရှုန့် နောက်တစ်ခါ ခုန်အုပ်လိုက်သောအခါ ဟူကျင်း သည် နောက်သို့ တစ်လှမ်း ခုန်ရှောင်လိုက်ရပြန်သည်။ ခုံးရှုန့်က ဆက်၍ ခုန်အုပ်လိုက်ပြန်သဖြင့် သူသည် နောက်ထပ် ခုန်ဆုတ် ပြန်သည်။

ဤကဲ့သို့ ရှစ်ကြိမ်ခန့် တိုက်ခိုက်ခဲ့သော်လည်း ခုံးရှုန့်သည် ဟူကျင်းကို ထိခိုက်အောင် မတိုက်ခိုက်နိုင်ခဲ့ချေ။ သူတို့နှစ်ယောက် သည် သုံးပေခန့် အကွာဆီမှ တိုက်ခိုက်နေကြခြင်းဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ ကိုယ်ပေါ့သိုင်းပညာအဆင့်ဖြင့် ဆန်း ကြည့်လျှင်မူ အရှုံးအနိုင် ပေါ်ပေါက်လျက် ရှိနေပေပြီ။

ခုံးရှုန့်သည် ရှေ့သို့ ခုန်အုပ်ရသူ ဖြစ်သဖြင့် ခုန်အား ကောင်းသည်။ ဟူကျင်းမှာမူ နောက်ပြန်ဆုတ်ရသူ ဖြစ်သဖြင့် ခုံးရှုန့် လောက် ခုန်အားမကောင်း။

သို့ရာတွင် ဆရာတော် ခုံးရှုန့်သည် ဟူကျင်းကို တစ်ချက် မိအောင် မခုန်နိုင်ဘဲ ဖြစ်နေသည်။ အကယ်၍ ဟူကျင်းသာ ကိုယ် လှည့်၍ ခုန်ရလျှင် ခုံးရှုန့်ကို အသာကလေး နောက်၌ ချန်ထားခဲ့ လိမ့်မည်။



သို့သော် ဟူကျင်းသည် လှည့်၍ မခုန်ပေ။ သည်လို နောက် ပြန်ခုန်ဆုတ်နေရခြင်းမှာလည်း အကြောင်းရှိပေသည်။

တကယ်တော့ ဘုန်းတော်ကြီး ခုံးရှုန့်၏ နဂါးလက်သည်း သိုင်းပညာ၏ နည်းစနစ်ကို အသေအချာ လေ့လာနေခြင်းသာတည်။ ယခု ဟူကျင်း သိသွားပြီ။

နဂါးလက်သည်း သိုင်းပညာ၏ နည်းစနစ်ကို သိသွားခဲ့ပြီ။ ရှောင်လင်ဂိုဏ်း၏ နဂါးလက်သည်း သိုင်းပညာသည် သိုင်းကွက် ပေါင်း သုံးဆယ့်ခြောက်ကွက်မျှသာ ရှိပေသည်။ ဤသုံးဆယ့်ခြောက် ကွက်သော အကွက်များကို သေချာစွာ သိရှိပြီဖြစ်၍ အားပြောင်း အားလွှဲ သိုင်းပညာ၏ အကူအညီဖြင့် ခုံးရှုန့်၏ သိုင်းကွက်များကို ချေဖျက်နိုင်ပေတော့မည်။ ရှေ့ဆက်၍ ဘုန်းတော်ကြီး ခုံးရှုန့်၏ တိုက်ကွက်များကို ရှောင်တိမ်းနေရန် မလိုတော့ပေ။

သို့သော် ဟူကျင်းသည် လေးနက်စွာ စဉ်းစားလိုက်သည်။ ဟူကျင်းသည် လူငယ်သော်လည်း ဆင်ခြင်စဉ်းစား မြော်မြင်နိုင် သောသူ ဖြစ်၍သာ ဤသို့ စဉ်းစားမိခြင်း ဖြစ်ပေသည်။

'အခုအချိန်မှာ ဆရာတော်ကြီးကို သတ်ချင်ရင် လွယ်လွယ် လေး သတ်နိုင်ပြီပဲ၊ ဒါပေမယ့် ရှောင်လင်ဂိုဏ်းသားတွေအဖို့ ကတော့ ဆရာတော်ရဲ့ ဆုံးရှုံးမှုတွေအတွက် ဘယ်လောက် ခံစားရ မလိမ့်မလဲ၊ ဒီလို ဂုဏ်သိက္ခာ ကြီးလှတဲ့ ဘုန်းတော်ကြီး တစ်ပါးကို



www.burmeseclassic.com

www.burmeseclassic.com



သတ်မိရင် ငါ့အဖို့လဲ ဘယ်ကောင်းနိုင်တော့မှာလဲ၊ ဒီဘုန်းတော်ကြီး ကို မသိမသာ နောက်ဆုတ်သွားအောင် ကြံရတော့မှာပဲ၊ ဘယ်လို ကြံရင် ကောင်းပါ့မလဲ'

ထိုစဉ် ခုံးရှန့်က အော်ဟစ် ပြောဆိုလိုက်သည်။

'ဟေ့... ဒကာ၊ မင်း ဒီလိုပဲ တစ်ချိန်လုံး ထွက်ပြေး တော့မှာပဲလား၊ ဒါ သိုင်းပညာ ယှဉ်ပြိုင်နေတာပဲ၊ တစ်ကွက်တလေ တော့ ပြန်တိုက်ဦးမှပေါ့'

ဟူကျင်းက ပြောလိုက်သည်။

'သိုင်းပညာ ယှဉ်ချင်ရင်လဲ ဖြစ်ပါတယ်၊ ဒါပေမယ့်...'

ဟူကျင်း စကားအပြောတွင် ခုံးရှန့်က လျှပ်တစ်ပြက် ဝင်တိုက်ခိုက်တော့သည်။ ဟူကျင်း သီသီကလေး ရှောင်လိုက်ရ သည်။ ကြောက်မက်ဖွယ်ရာ နဂါးလက်သည်းသိုင်းပါလား။

'ဒါပေမယ့် တပည့်တော်က ဆရာတော်ကြီးကို အနိုင်ရခဲ့ရင် ဘယ်လိုလုပ်ရမှာလဲ'

ဟူကျင်းသည် ဆရာတော် ခုံးရှန့် တိုက်ခိုက်နေသည့်ကြား သည့်စကားကို အပြတ်အတောက်မရှိ ဆက်တိုက် ပြောကြားနေခြင်း သာဖြစ်သည်။ ထိုစကားကို ပြောကြားနေစဉ်အတွင်း အလွန် ပြင်းထန်လှသော ဆရာတော်ကြီး၏ သိုင်းကွက် ငါးကွက်မျှကို ရှောင်တိမ်းခဲ့ရပေသည်။ လွယ်လွယ်ကူကူ ရှောင်တိမ်းရခြင်း မဟုတ်





ပေ။ ခက်ခဲစွာ ရှောင်တိမ်းနေရင်းမှ သည့်စကားများကို ပြောနေခြင်း ဖြစ်ပေသည်။ ဆရာတော်ကြီး ခုံးရှန့်က...

'ကိုယ်တော့ သိုင်းပညာမှာတော့ မင်း ငါ့ထက် တော်တယ်ဆို တာ ငါလက်ခံတယ်၊ ဒါပေမယ့် ခြေထောက် လက်သီး သိုင်းပကိုင် မှာတော့ ငါ့ကို မနိုင်ပါဘူး'

ဟူကျင်းက ပြန်လျှောက်သည်။ ဒါသာ

'အရှုံးအနိုင်ဆိုတာ အပိုင်ကျမပ်ကျ ပြောလို့ မရပါနဲ့၊ တပည့်တော်က အသက်ငယ်တော့ အားအင်မှာ ဆရာတော့်အတွက် သာတာပေါ့ အမှန်ပဲ၊ ဒီတော့ တပည့်တော်အနေနဲ့ ဆရာတော်ကို နိုင်ချင် နိုင်ဦးမှာပေါ့၊ ကျိန်းသေ ရှုံးရလိမ့်မယ်လို့တော့ ဆရာတော် မပြောနိုင်ပါဘူး'

ဆရာတော် ခုံးရှန့်သည် ဒေါသတကြီးဖြင့် အော်ဟစ် ပြော လိုက်လေသည်။

'ဟေ့... ဒကာ ငါ ရှုံးရင် ငါ့ကို သတ်ပစ်နိုင်တယ်၊ နားလည် လား၊ ငါ အသတ်ခံမယ်'

'ဒီလောက်ထိတော့ တပည့်တော် မစောင်းဆိုရဲပါဘူး၊ တကယ်လို့ တပည့်တော် ရှုံးခဲ့ရင်တော့ ဆရာတော်ကြီး ကြိုက်သလို စီစဉ်နိုင်ပါတယ်၊ ဒါပေမယ့် တကယ်လို့များ တပည့်တော်နိုင်ခဲ့ရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ အရှင်ဘုရားရဲ့ ရှောင်လင်ဂိုဏ်းဟာ အလင်းမာန်ဂိုဏ်းကို ဘာမှ ရန်မလုပ်ဘဲနဲ့ ဒီ ကွမ်းမိန်တောင်ပေါ်က ဆင်းပေးရမယ်'

'ရှောင်လင်ဂိုဏ်းအနေနဲ့ ဂိုဏ်းကြီးခြောက်ဂိုဏ်းက ခွဲထွက် ကွမ်းမိန်တောင်ပေါ်က ဆင်းသွားဖို့ ကိစ္စကိုတော့ ဖြစ်ရပါစေမယ် န်းကြီးက တာဝန်မခံနိုင်ဘူး၊ ဒီလို အဆုံးအဖြတ်မျိုးကို ပေးနိုင် ရှေ့ကတော့ ဘုန်းကြီးရဲ့ ဂိုဏ်းတူ အစ်ကို ဆရာတော်ကြီး ခုံးကျိုပဲ ကြီး အနေနဲ့ကတော့ ဒကာနဲ့ သိုင်းပညာ အရှုံးအနိုင် ယှဉ်ပြိုင်ရ က်ဆိုင်တယ်'

ဟူကျင်းအနေဖြင့် အကြံရ ကျပ်သွားသည်။ ဘုန်းတော်ကြီး ခုံးရှန့်အနေဖြင့် သူ၏ တိုက်ခိုက်မှုကို မည်သည့်နည်းနှင့်မျှ နောက် ဆုတ်တော့မည် မဟုတ်မှန်း သိလိုက်ရသည်။

သူ နောက်မဆုတ်သမျှ မိမိသည်လည်း သူနှင့် မတိုက်ချင် ၍ မရ။ တိုက်နေရမည်သာ ဖြစ်တော့သည်။ ထိုစဉ် ဟူကျင်းသည် စကားတစ်ခွန်းကို ပြောလိုက်မိသည်။

'ရှောင်လင်ဂိုဏ်းရဲ့ နဂါးလက်သည်း သိုင်းပညာကတော့ တကယ့်ကို ပျော့ကွက် ဟာကွက်မရှိတဲ့ ပညာပဲ၊ လက်ချောင်း သိုင်းထဲမှာတော့ ဒီသိုင်းကို မီတဲ့ သိုင်းပညာ မရှိသလောက်ပါပဲ ဒါပေမယ့် ဆရာတော်ကြီးရဲ့ တိုက်ကွက်တချို့ဟာ အားနည်းနည်



ပျော့နေသလို ဖြစ်နေတယ်၊ ဆရာတော်ကြီး လေ့ကျင့်ပုံ လေ့ကျင့် နည်း သိပ်မမှန်သေးလို့နဲ့တူတယ်'

ထိုစကားကို ကြားလိုက်ရသောအခါ ယမ်းအိုးကြီးကို မီးနှင့်တို့ လိုက်သည့်နှယ် ဆရာတော်ကြီး ခုံးရှန့်သည် ဒေါသအမျက် ခြောင်းခြောင်း ထွက်လာတော့သည်။

'ကောင်းပြီ၊ ဒကာက တယ် အပြောကြီးသကိုး၊ ကျုပ်ကိုသာ နိုင်အောင် တိုက်စမ်းပါ၊ အခုလို နောက်ဆုတ်ပြီး ပြောမနေစမ်းပါနဲ့၊ ကျုပ် တိုက်ကွက်မှာ ပျော့ကွက်ဟာကွက်တွေ့နေရင် ဒကာ့အတွက် ကောင်းတာယ် မဟုတ်လား၊ ဒီတော့ နောက်မဆုတ်တမ်းတိုက်ပေါ့၊ ဒကာကသာ ကျုပ်ကို နိုင်သွားရင် ကျုပ် အခုချက်ချင်း ရှောင်လင် ဘုရားကျောင်းကို ပြန်သွားမယ်၊ ဒါပေမယ့် ဘယ်တော့မှ သိုင်း လောကထဲကို ပြန်မဝင်တော့ဘူး'

ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေး ဆိုသကဲ့သို့ အခြေအနေ ကောင်းလိုကောင်းငြား ပြေရာပြေကြောင်း ပြောနေမိစဉ် ာပင် စကားမှားသွားတော့ကြောင့် အခြေအနေ ထပ်မံ ဆိုးရွားသွား ကြောင်း ဟူကျင်း ကြုံတွေ့လိုက်ရတော့သည်။

'မဟုတ်ပါဘူး ဘုရား၊ ဒီလိုလုပ်ဖို့လဲ မလိုပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်စကား အရေးအတင် ပြောနေကြခြင်းမှာ သူတို့၏ ယှဉ်ပြိုင်တိုက်ခိုက်မှုကို ရုပ်ဆိုင်းလိုက်ပြီး ပြောနေခြင်း မဟုတ်ပေ။ သူတို့၏ ခြေလက်များ လုံးဝ ရပ်တန့်တုံ့ဆိုင်းခြင်းမရှိ လျှပ်ပြက်သည့်နှယ် အပြင်းအထန် တိုက်ခိုက်လျက် ရှိနေသည် သာဖြစ်၏။

သို့သော် သူတို့၏ စကားသံများမှာမူ လုံးဝ တည်ငြိမ်မှု ရှိနေကြသည်။ သာမန် ပြောနေကျ လေသံအတိုင်း ပြောနေကြခြင်း ဖြစ်သည်။ စကားသံများတွင် မောပန်းသည့် အရိပ်အငွေ့များ လုံးဝ မရှိသည့်အပြင် လေသံ မြင့်တက်ခြင်း၊ အဆမတန် ကျယ်လောင် ခြင်းနှင့် ပြတ်တောက် တိုတောင်းခြင်းတို့လည်း လုံးဝ မရှိကြချေ။

✦◇✦◇✦



# သစ္စာမေတ္တာ၏ တန်ခိုး

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆၀)

# သစ္စာမေတ္တာ၏ တန်ခိုး

နောက်ဆုံး ဟူကျင်း စကားပြောပြီးသည်နှင့် တစ်ပြိုင်နက် ာ်တရက် ခုန်တက်လိုက်၏။ သူသည် လေထဲတွင် လေးပတ်တိတိ ာခဲသွားပြီးနောက် အလွန်မြင့်မားစွာ မြောက်တက်သွား၏။ ထို မြင့်မှနေ၍ အတန်ငယ် ကွာလှမ်းသော နေရာသို့ ပြန်လည် ခုန် င်းလိုက်သည်။

လူတိုင်းသည် ပြူးကျယ် စူးစိုက်သော မျက်လုံးများဖြင့် ်းကြည့်နေကြ၏။ မကြည့်ဘဲလည်း မနေနိုင်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



သည်မျှလောက် အံ့ဩ ထိတ်လန့်စဖွယ် နက်နဲ မြင့်မားလှသော၊ ကိုယ်ဖျော့ သိုင်းပညာကို သူတို့ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး မကြုံဖူးခဲ့ကြ။ အခြားသူ တစ်ယောက်က သည်မျှလောက် မြင့်မားအောင် ခုန်တက်နိုင်သည်ဟု သူတို့ကို လာပြောလျှင်လည်း ယုံနိုင်ကြမည်မဟုတ်။ သူတို့ မျက်စိဖြင့် တွေ့လိုက်ရ၍သာ ယုံလိုက်ရသည်။ မြင်လိုက်ရ၍သာ ယုံလိုက်ရသည်။ သို့မဟုတ်က မည်သို့မျှ မယုံနိုင်။

လင်းဆွဲမင်းဝေရီမှာ သိုင်းလောကတစ်ခွင်တွင် သူ၏ ကိုယ်ဖော့သိုင်းပညာသာ အထက်မြက်ဆုံး၊ အမြင့်မားဆုံးဟု သူ့ကိုယ်သူ ယူဆထားခဲ့ပေ၏။ ယခုမူ သူကိုယ်တိုင် ဟူကျင်း၏ သိုင်းပညာကို တွေ့မြင်လိုက်ရသောအခါ အရှုံးပေး လက်မြှောက်ရတော့၏။

ဟူကျင်း မြေကြီးသို့ ဖြန်လည် ကျရောက်လာသောအခါတွင် ခုံးရှန့်သည်လည်း ဟူကျင်း၏ အနားသို့ ခုန်ထွက်ရောက်ရှိလာသည်။ သို့သော် သူက ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခြင်း မဟုတ်ပါချေ။ ကျယ်လောင်သောအသံဖြင့် ခုံးရှန့်က ပြောလိုက်သည်။

'ကဲ ကောင်းပြီ၊ အခု ငါတို့ စ,ပြိုင်ကြတော့မလား'

ဟူကျင်းက...



'ဟုတ်ကဲ့ ဆရာတော် စ,ပြိုင်ချင်ရင် ပြိုင်နိုင်ပါပြီ'

'ငါ စ,တိုက်ပြီဆိုရင် မင်း နောက်မဆုတ်ရဘူးနော်'

ဟူကျင်းက ပြုံးရယ်ရင်း ပြန်ပြောလိုက်သည်။

'တပည့်တော်ကသာ နောက်ကို ခြေတစ်လှမ်းဆုတ်မိရင် ...ပည့်တော်ကို ရှုံးပြီလို့ သတ်မှတ်လိုက်ပါ'

ဟူကျင်း၏ စကားကို ကြားလိုက်ရသောအခါ အလင်းမာန် ...ာ်းမှ ရန်ရောင်၊ လင်ချန်း၊ ချူထင်းနှင့် စောပုတက်တို့ အားလုံး ...န်လှုပ်ချောက်ချားသွားကြ၏။ သူတို့အားလုံးက ခုံးရှန့် ဘုန်းတော် ...ြီး၏ သိုင်းပညာမှာ အလွန်မြင့်မားလှပြီး အထူးသဖြင့် နဂါး ...က်သည်း သိုင်းပညာမှာ ပို၍ အစွမ်းထက်မြက်လှကြောင်း သိရှိ ...ားကြ၏။

ဟူကျင်း၏ သိုင်းပညာစွမ်းကိုလည်း သူတို့ သိရှိကြပါ၏။ ...သော် ဤသို့ နောက်သို့ ခြေတစ်လှမ်းမှ မဆုတ်ဘဲနှင့်တော့ ခုံးရှန့် ...န်းတော်ကြီးကို နိုင်အောင် တိုက်ခိုက်နိုင်လိမ့်မည် မဟုတ်ဟု သူတို့ ...ဆထားကြသည်။

ဟူကျင်း၏ စကားကို သူတို့ လွန်စွာ စိုးရိမ်သွားကြသည်။ ...သို့သာဆိုလျှင် ဟူကျင်းသည် နောက်သို့ ခြေတစ်လှမ်းဆုတ်နှင့် ...ှုံးပေးရတော့မည်မှာ သေချာနေပေပြီ။ ထိုစဉ် ခုံးရှန့်က...

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုလဲ ဘယ်ဟုတ်မလဲ၊ နိုင်နိုင် ရှုံးရှုံး ငါတို့ မျှမျှတတ ရှိကြရမှာပေါ့'

စကားဆုံးသည်နှင့် တစ်ပြိုင်နက် သူ၏ တိုက်ခိုက်မှုကို လည်း စလိုက်သည်။ ဘယ်ဘက်လက်က ဟန်ပြခြောက်လှန့်ရုံသာ ဖြစ်ပြီး၊ ညာဘက်လက်က ဟူကျင်း၏ ဘယ်ဘတ်ပခုံးကို ထိုးစိုက် လိုက်၏။ ဘုန်းတော်ကြီးခုံးရှုန့် ယခုထုတ်သုံးလိုက်သော သိုင်းကွက် မှာ နဂါးလက်သည်း သိုင်းပညာ၏ 'တိမ်ဖမ်းလက်' သိုင်းကွက်ဖြစ် ပေသည်။

ဟူကျင်းသည်လည်း နဂါးလက်သည်း သိုင်းကွက်ကို ယ အခါ ကောင်းစွာ ပွန်းတီးတတ်ကျွမ်းထားပြီဖြစ်ရာ၊ ဘုန်းတော်ကြီး ခုံးရှုန့်၏ ဘယ်ဘက်လက် လှုပ်ရှားပုံကို မြင်လိုက်သည်နှင့် ဤ 'တိမ်ဖမ်းလက်' သိုင်းကွက်ကို ထုတ်သုံးတော့မည်ကို ကြိုသိလိုက် မိသည်။

ထို့ကြောင့် သူကလည်း၊ ဘုန်းတော်ကြီး ခုံးရှုန့်သို့ ဘယ်ဘက်လက်ကို တစ်ချက် ဟန်ပြလိုက်ကာ ညာဘက်လက် ခုံးရှုန့်၏ ဘယ်ဘက်ပခုံးသို့ ထိုးစိုက်လိုက်သည်။

သူတို့နှစ်ယောက်စလုံး၏ အကွက်များမှာ တစ်ကွက်တည် တူနေကြပြီး လက်ဟန်အနေအထားမှာလည်း တစ်ပုံစံတည်း ဖြစ်နေတော့သည်။ သို့သော် ဟူကျင်းမှာ နောက်မှ သူ၏ လက်ကွ



ကိုထုတ်လိုက်ခြင်း ဖြစ်သော်လည်း၊ သူ၏လက်မှာမူ အလွန် တို တောင်းလှသော အချိန်ကလေးအတွင်း ခုံးရှုန့်၏ ပခုံးပေါ်သို့ ရောက် ရှိသွားတော့သည်။

ခုံးရှုန့်၏ လက်မှာမူ ဟူကျင်း ပခုံးပေါ်သို့ ရောက်ရှိရန် နှစ်လက်မခန့် လိုနေပေသေးသည်။

ထိုစဉ် ခုံးရှုန့်၏ ပခုံးပေါ်သို့ ရောက်ရှိနေသည့် ဟူကျင်း၏ လက်ငါးချောင်းက ခုံးရှုန့် ပခုံးပေါ်ရှိ အကြောကို တစ်ချက်နှိပ်ချ လိုက်ရာ ခုံးရှုန့်၏ လက်သည် အားပြတ်သွားသကဲ့သို့ မျက်ခနဲ ခံစား လိုက်ရတော့သည်။ သို့ပေမယ့် ဟူကျင်းက သူ၏အားကို ဆက် ထုတ်တော့ဘဲ ရပ်ဆိုင်းပစ်လိုက်ပြီး လက်ပြန်ရုပ်လိုက်သည်။

ခုံးရှုန့်သည် ဟူကျင်း၏ လျင်မြန်မှုကြောင့် အနည်းငယ် ကြောင်သွားရာမှ သူ၏လက်နှစ်ဘက်ကို တစ်ပြိုင်နက် ဆန့်ထုတ် ကာ ဟူကျင်း၏ နားထင်နှစ်ဘက်သို့ ထိုးစိုက်လိုက်ပြန်တော့၏။

ဟူကျင်း၏ လက်များသည်လည်း ယခင် ပုံစံအတိုင်းပင် ရှုန့်ထုတ်သကဲ့သို့ သူ့လက်များကို ခုံးရှုန့်၏ နားထင်များဆီသို့ ဆန့်ထုတ်လိုက်သည်သာ ဖြစ်တော့သည်။ သူ၏လက်ကို နောက်ကျ မှ ထုတ်လိုက်ခြင်းဖြစ်သော်လည်း ခုံးရှုန့်၏ နားထင်ကိုမူ အရင်ဆုံး ကိုက်သပ်နိုင်လိုက်သည်။ တစ်ဆက်တည်းပင် သူ၏လက်ကိုကွေး ကောက်လိုက်ပြီး ခုံးရှုန့်၏ နောက်စေ့မှ အကြောကို ဖမ်းညှပ်ဟန် ပြ လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသည့်မှာလည်း နဂါးလက်သည်း သိုင်းပညာ၏ ဆ
ခုနစ်ခုမြောက် အကွက်ဖြစ်သော 'လင်ပေါ့ဖမ်း' သိုင်းကွက်
ဖြစ်သည်။

ထိုအခါ ခုံးရှန့်သည် အကြီးအကျယ် တုန်လှုပ်သွား
နောက် နောက်သို့ ခုန်ဆုတ်ကာ အော်ဟစ်လိုက်သည်။

'မင်း...မင်း.. ဘယ်နှယ့် ငါတို့ ရှောင်လင်ဂိုဏ်းရဲ့ န
လက်သည်း သိုင်းပညာကို ခိုးသင်ခဲ့ရတာလဲ'

ဟူကျင်းက ပြုံး၍...

'သိုင်းလောကမှာ ရှိသမျှ သိုင်းပညာမှန်သမျှ အတူတူ
ပါပဲ၊ လူတွေကသာ သူ့ဂိုဏ်း၊ ကိုယ့်ဂိုဏ်း၊ ဂိုဏ်းခွဲနေကြတာ
ဒီတော့ ဒီ နဂါးလက်သည်း သိုင်းပညာဟာလဲ ဆရာတော်ကြီးဂို
ရဲ့ ကိုယ်ပိုင် သိုင်းပညာတော့ မဟုတ်ပါဘူး'

ခုံးရှန့်သည် ခေါင်းငုံ့၍ လေးနက်စွာ စဉ်းစားနေသ
သို့သော် သူ မည်မျှ စဉ်းစားသော်လည်း အဖြေများကို ရှာမတ
သည် နဂါးလက်သည်း သိုင်းပညာနှင့် ပတ်သက်၍ ရှောင်လင်ဂို
တွင် သူတစ်ယောက်သာ အထူးချွန်ဆုံးဖြစ်သည်။ သူ၏ ဂိုဏ်း
အစ်ကိုများဖြစ်သော ခုံးဝန်နှင့် ခုံးကျိတို့သည်ပင်လျှင် သူ့ကို မ
ချေ။ သို့သော် ယခုအချိန်တွင်မူ သည်လူငယ်လေးက သိုင်းကွ
နစ်ကွက် နောက်ကျခံ၍ ထုတ်ခဲ့သည်။ သည်လူငယ်လေး၏ လ
များကမူ သူ့ကို အရင်ဦးအောင် တိုက်ခိုက်နိုင်ခဲ့သည်။



တိုက်ခိုက်နိုင်ခဲ့သည်ကို ထားဦး။ သည်လူငယ်လေး၏
လက်ဟန်၊ အားထုတ်နည်း၊ နေရာကအစ လှုပ်ရှားပုံအားလုံးသည်
ဆယ်နှစ်၊ အနှစ်နှစ်ဆယ်မျှ လေ့ကျင့်ထားသော လူတစ်ယောက်၏
လက်ကွက်များနှင့် တူနေပေသည်။

ထိုသို့ စဉ်းစားနေမိသဖြင့် ခုံးရှန့်သည် မူလနေရာ၌ပင်
ငေးကြောင်ကြောင် ရပ်နေမိတော့သည်။

ခန်းမကြီးတွင်ရှိသော လူအားလုံး၏ မျက်လုံးအစုံစုံတို့
သည်လည်း ခုံးရှန့်၏ ကိုယ်ပေါ်သို့ပင် ရောက်ရှိနေကြသည်။
စောစောက သူတို့နှစ်ယောက်သည် သိုင်းကွက် နှစ်ကွက် တိုက်ခိုက်
ခဲ့ရာ အလွန် မြန်ဆန်လှပြီး အလွန် လျင်မြန်လှစွာပင် လူချင်းခွာ
လိုက်ကြသည်။

ထိပ်သီးသိုင်း အကျော်အမော် သုံးလေးဦးမျှက လွဲ၍ သူတို့
နှစ်ယောက်တွင် မည်သူနိုင်၍ မည်သူရှုံးသွားသည်ကို ရုတ်တရက်
မသိလိုက်ကြချေ။

ဟူကျင်းက အေးဆေးစွာ ရပ်နေပြီး ခုံးရှန့် မျက်မှောင်ကုတ်
နေသည်ကို ကြည့်ခြင်းအားဖြင့်သာ ခုံးရှန့် ရှုံးနိမ့်သွားခြင်း ဖြစ်မည်
ဟု ခန့်မှန်းတွက်ချက်ရုံသာ တတ်နိုင်ကြတော့၏။

အမှန်စင်စစ် ဤ နဂါးလက်သည်း သိုင်းပညာသည် ရှောင်
လင်ဂိုဏ်းမှ နှစ်ရာပေါင်းများစွာ ထိန်းသိမ်းလာခဲ့သော သိုင်းပညာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ဟာကွက်၊ လွတ်ကွက်၊ ချွတ်ယွင်းချက် လုံးဝ မရှိလောက်အောင် ကောင်းမွန် ပြည့်စုံသည့် သိုင်းပညာတစ်ရပ်ပင် ဖြစ်ပေသည်။

အကယ်၍ ဟူကျင်းသည် ဤ နဂါးလက်သည်း သိုင်းပညာနှင့်သာ ပြန်၍ တိုက်ခိုက်နိုင်ခြင်း မရှိပါက ခုံးရှုန့်ကို အနိုင်ရနိုင်ရန် မလွယ်ကူလှချေ။

ခုံးရှုန့်သည် တွေဝေ စဉ်းစားနေရာမှ ရုတ်တရက် ဆက်တိုက်ပင် သိုင်းကွက် ငါးကွက်ကို အဆက်မပြတ် တိုက်ထုတ်လိုက်၏။ ဟူကျင်းမှာမူ လုံးဝ စိုးရိမ်ပူပန်ဟန် မရှိချေ။ ခုံးရှုန့် တိုက်ထုတ်လိုက်သော သိုင်းကွက်များအတိုင်း ပြန်လည် တိုက်ခိုက်နိုင်သည်သာ ဖြစ်ပြီး၊ အမြဲတမ်း ခုံးရှုန့်ထက် သုံးလက်မခန့် လက်ဦးနေသည်သာ ဖြစ်၏။

ထို့ကြောင့် ခုံးရှုန့်အနေဖြင့် တစ်ကွက် တိုက်ထုတ်လိုက်တိုင်း သူ့ခြေကို နောက်သို့ တစ်လှမ်း ဆုတ်နေလိုက်ရသည်။ နောက်ဆုံး ငါးကွက်သို့ ရောက်ရှိသောအခါ ခုံးရှုန့်သည် ခြေလှမ်း ငါးလှမ်း ဆုတ်ခဲ့ရပြီး၊ သူ၏ ရင်မရှိ 'အကြော' တစ်ခုကိုလည်း ဟူကျင်း၏ လက်ချောင်းများက အသာအယာ တို့ထိသွားလေတော့၏။

ထိုတခဏ်အတွင်း ခုံးရှုန့်သည် အလွန် စိတ်ဓာတ် ကျဆင်းသွားခဲ့တော့၏။ အဘယ်ကြောင့်မူ သူ နှစ်ပေါင်းများစွာ အားကြိုး



စားနံတကုတ် မရပ်မနား ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် အဆက်မပြတ် လေ့ကျင့်ခဲ့သော သိုင်းပညာသည် သူ့အတွက် မည်သို့မျှ အသုံးမကျ ဖြစ်ခဲ့ရပြီ မဟုတ်ပါလား။

ခုံးရှုန့်၏ မျက်နှာသည် များစွာ နွမ်းနယ် အားလျော့သွားသည်။ ထို့ပြင် ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။

'ဒကာလေး... ဒကာလေးရဲ့ သိုင်းပညာဟာ ငါ့ထက် မိုးကော်ပါပေတယ်'

သူသည် ပြောပြောဆိုဆိုနှင့် သူ၏ ဘယ်ဘက်လက်ဝါးအင်းကို ချီမြှောက်လိုက်ကာ ညာဘက် လက်ကောက်ဝတ်အား ခုတ်လိုက်တော့၏၊ သို့သော် သူ၏ ဘယ်ဘက်လက်သည် အောက်သို့ အရှိန်ပြင်းစွာဖြင့် ဆင်းလာစဉ် လမ်းခုလတ်၍ အားပြတ်သလို ဖြစ်သွားကာ လျော့ဆင်းသွားသည်။

အဘယ့်ကြောင့်ပါနည်း။

"ဟူကျင်းက ခုံးရှုန့်၏ ဘယ်ဘက် လက်ကောက်ဝတ်ရှိ အကြောတစ်ခုကို တစ်ချက်မျှ တို့လိုက်သောကြောင့်ပင် ဖြစ်ပေ၏။ ဟူကျင်းက လေးစားသော အသံဖြင့်...

'တပည့်တော်ဟာ ရှောင်လင်ဂိုဏ်းရဲ့ နဂါးလက်သည်း သိုင်းပညာနဲ့ အရှင်ဘုရားကို အနိုင်ယူလိုက်တာပါ၊ ဒီပညာနဲ့ တိုက်ခိုက်ခဲ့လို့ ရှောင်လင်ဂိုဏ်းကြီးရဲ့ ဂုဏ်သိက္ခာကို ဘယ်လိုမှ



www.burmeseclassic.com

ထိခိုက်စရာ မရှိပါဘူး။ တပည့်တော်ကသာ ဒီ ရှောင်လင်ဂိုဏ်းကြီးရဲ့ သိုင်းပညာနဲ့ အရှင်ဘုရားကို မတိုက်ခိုက်ရင်တော့ တပည့်တော် အနေနဲ့ အရှင်ဘုရားကို ဘယ်လိုမှ နိုင်မှာ မဟုတ်ပါဘူးဘုရား ဘာဖြစ်လို့လဲဆိုတော့ ဒီပြင် ဘယ်သိုင်းပညာမှ အရှင်ဘုရားကို အနိုင်ရဖို့ မလွယ်ကူလို့ပါပဲ ဘုရား’

အမှန်စင်စစ် ခုံးရှန့်သည် ဟူကျင်းကို အရှုံးပေးလိုက်ရသဖြင့် အလွန် စိတ်ဓာတ်ကျသွားပြီး ကြီးစွာသော အရှက်တရားကိုလည်း ခံစားလိုက်ရသည်။ ထို့ကြောင့် သူ၏ ညာဘက်လက်ကို ဖျက်ဆီးပစ်ရန် ကြိုးစားခဲ့ခြင်း ဖြစ်ပေ၏။

ယခု ဟူကျင်း၏ စကားကို ကြားလိုက်ရသောအခါတွင်မူ အရှုံးကြောင့် ဆင်းရဲ ပင်ပန်းနေခဲ့ရသော စိတ်ဓာတ်များသည် များစွာ သက်သာရာ ရသွားခဲ့ပေသည်။

ဟူကျင်းသည် ပြင်ပသိုင်းလောကမှ လူတစ်ယောက်သာ ဖြစ်သည်။ ထိုလူတစ်ယောက်က မိမိတို့ ရှောင်လင်ဂိုဏ်းကြီးဘက်မှ ကာကွယ်ပြောကြားနေသည်ကို တွေ့ကြုံရသောအခါ လွန်စွာ ပီတိ ကြည်နူးမိတော့၏။

အနှစ် တစ်ထောင်ကျော်မျှ ထိန်းသိမ်းလာခဲ့ရသော ရှောင်လင်ဂိုဏ်းကြီး၏ ဂုဏ်သိက္ခာသည် မိမိကြောင့် ပျက်စီးဆုံးရှုံးရတော့မည်ကဲ့သို့ ဖြစ်ခဲ့ရသည်။





ကျဆင်းလုလု ရှောင်လင်ဂိုဏ်း၏ ဂုဏ်သိက္ခာကို ဖေးမ ိန်းသိမ်းလျက် တကယ့်အဖြစ်မှန်ကို ပြောကြားလိုက်သော ူကျင်းအား အလွန် ကျေးဇူးတင်လိုက်မိသည်။

ထို့ကြောင့် ဘုန်းတော်ကြီး ခုံးရှန့်သည် ဟူကျင်းအား လှိုက် ဲစွာဖြင့်...

‘ဒကာလေးရဲ့ စေတနာကို ဘုန်းကြီး တစ်သက်လုံး မမေ့ပါ ဒကာလေးရဲ့ ပြည့်ဝတဲ့ စိတ်ထားကိုလဲ ဘုန်းကြီး လှိုက်လှိုက် လှဲ ချီးကျူးပါတယ်’

ဟူကျင်းက ဘုန်းတော်ကြီး ခုံးရှန့်ကို ဦးညွှတ် အရိုအသေ းလိုက်ပြီး...

‘အရှင်ဘုရားနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ပြီး အရှင်ဘုရားကို ကားမိသလို ဖြစ်ခဲ့တာကို ခွင့်လွှတ်ပါဘုရား’

ဘုန်းတော်ကြီး ခုံးရှန့်က ရွှင်းနီးပွင့်လင်းစွာဖြင့် ပြုံးရယ် ်ပြီးနောက်...

‘တကယ်တော့လဲ ဒီ နဂါးလက်သည်း သိုင်းပညာဟာ ာလေးရဲ့လက်ထဲ ရောက်သွားလို့သာ ဒီလောက် ထက်ထက် မြက် ဖြစ်သွားခဲ့ရတာ၊ ဒီလောက် ထက်မြက်သွားလိမ့်မယ် အပြင်လူ တစ်ယောက်ဆီ ဒီပညာ ရောက်သွားလိမ့်မယ်လို့ က်တောင် မမက်ခဲ့ဘူး၊ နောင်တစ်ချိန်ချိန်မှာ မင်း အားလပ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရင် ငါတို့ ရှောင်လင်ဘုရားကျောင်းကို အလည်လာပါ၊ ငါ့အနေနဲ့ မင်းနဲ့ သိုင်းပညာခြင်း ဖလှယ်ချင်ပါသေးတယ်'

အမှန်စင်စစ် သိုင်းလောကတွင် 'သိုင်းပညာဖလှယ်ခြင်း' ဟူသည့် စကားသည် တစ်ဦးကို တစ်ဦး စိန်ခေါ်သည့် စကားမျိုးပင် ဖြစ်ပေ၏။

သို့သော် ယခုအချိန်တွင် ဘုန်းတော်ကြီး ခုံးရှန့် ပြောကြားလိုက်သည့် စကားများ၏ အနက်အဓိပ္ပာယ်မှာမူ တစ်ဦးနှင့် တစ်ဦး အနိုင်အထက်ပြု၍ ယှဉ်ပြိုင်ရန် စိန်ခေါ်သည့် စကားမျိုး မဟုတ်ကြောင်း အားလုံးက နားလည်လိုက်ကြသည်။

ခုံးရှန့်သည် တကယ်ပင် လှိုက်လှဲသော စိတ်ထားဖြင့် ဟူကျင်း၏ သိုင်းပညာကို လေးစား၍ ပြောလိုက်သော စကား ဖြစ်၏။ ထိုစကား၏ အနက်အဓိပ္ပာယ်ကို ဟူကျင်းကလည်း သဘောပေါက်နားလည်လိုက်ပါ၏။

ထို့ကြောင့် ကမန်းကတန်းနှင့် ပြန်လည်လျှောက်ထားလိုက်ရတော့သည်။

'မှန်ပါ... တပည့်တော် အားလပ်တဲ့ တစ်ချိန်ချိန်မှာတော့ အရှင်ဘုရားဆီ အလည်အပတ် လာခဲ့မှာပါ ဘုရား'

ဤ ခုံးရှန့်ဆရာတော်ကြီးသည် အလွန်ဝါကြီးပြီး အဆင့်မြင့်သော ဘုန်းတော်ကြီး တစ်ပါးပင်ဖြစ်သည်။



သို့သော် ရှောင်လင်ကျောင်း၏ အထွေထွေသော ကျောင်းကိစ္စအဝဝကို စီမံခန့်ခွဲရန် အရည်အချင်းမှု မရှိရှာပေ။ ထို့ကြောင့် ရှောင်လင်ကျောင်းတိုက်တွင် အရေးကြီးသော ရာထူး ဌာနန္တရတို့ကို ခန့်အပ်ခြင်း မခံခဲ့ရ၊ အုပ်ချုပ်စီမံ ကိုင်တွယ်ခြင်း မပြုခဲ့ရ။

သို့ရာတွင် သူ၏ သိုင်းပညာနှင့် အကျင့်စာရိတ္တမှာမူ ရှောင်လင်ကျောင်းတိုက်တွင် အလွန်ထင်ရှား ကျော်ကြားခဲ့ပေသည်။ ထို့ကြောင့် ကျောင်းတိုက်တွင်ရှိ အားလုံးသော ဘုန်းတော်ကြီးများနှင့် သံဃာအားလုံးက သူ့ကို အလွန် ရိုသေလေးစားကြရပေသည်။

ဤအခြေအနေ၌ ခုံးရှန့်ထက် ပိုမို ကြီးမားသော တာဝန်များကို ထမ်းဆောင်ရသည့် ဆရာတော်ကြီး ခုံးကျိအဖို့မူ များစွာ စိတ်ကြပ်အိုက်နေပေသည်။ ယနေ့ တွေ့မြင်ရသော အခြေအနေအရ ရှောင်လင်ဂိုဏ်းသားများအနေဖြင့် ဟူကျင်းကို ဆက်လက်ပြီး စိန်ခေါ်တိုက်ခိုက်နိုင်ရန် မဖြစ်တော့မှန်း သိရှိလိုက်လေပြီ။ အဘယ်ကြောင့် သူတို့ဂိုဏ်း၏ အားအထားရဆုံးသော ဘုန်းတော်ကြီး ခုံးရှန့်သည် ပင် ဟူကျင်းကို အရှုံးပေးလိုက်ရပြီ မဟုတ်ပါလား။

ဆရာတော် ခုံးကျိသည် ဂိုဏ်းကြီးခြောက်ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်၍ ဤသို့ အကျဉ်းအကျပ် အခြေအနေ တွေ့ကြုံရသည့်အခါ မည်သို့ ကြံစည်ရမည်ကိုပင် မတွေးနိုင်လောက်အောင် နောက်ခြောက်သွားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကၡ ညည်သို့မျှ ထင်ပေါ်ကျော်ကြားခြင်း မရှိသော သာမညလူငယ် သိုင်းသမားလေးတစ်ယောက်အား မိမိတို့က အရှုံးပေးလိုက်ရသည်ဆိုပါက သိုင်းလောက တစ်ခုလုံးက မိမိတို့အား ဟားတိုက် ရယ်မောကြပေတော့မည်။

ဟူကျင်းအနေဖြင့် ရှောင်လင်ဂိုဏ်းအား မည်မျှ ဖေးဖေးမမ ကာကွယ်ပြောဆိုသည်ဖြစ်စေ၊ ခုံးရှန့်၏ အရှုံးသည် ရှောင်လင်၏ အရှုံးပင် ဖြစ်ချေသည်။ ထို့ကြောင့် မည်သို့မျှ စိတ်ကူးကြံစည်၍ မရတော့သည့်အဆုံး ဆရာတော် ခုံးကျိသည် ဝါဆန်းဂိုဏ်းချုပ်ကြီး ရှန်းရီကို လှမ်း၍ ကြည့်လိုက်လေ၏။

ဝါဆန်းဂိုဏ်းချုပ် ရှန်းရီသည် ဉာဏ်နီဉာဏ်နက် အလွန်များသောသူ တစ်ယောက်ဖြစ်ပြီး ကောက်ကျစ်ယုတ်မာသူ တစ်ယောက်လည်းဖြစ်၏။ အလင်းမာန်ဂိုဏ်းကြီးအား စစ်ခင်းရန် အရေးအခင်းကြီးကို အစီအစဉ် ရေးဆွဲသူလည်း ဖြစ်သည်။

ယခုလည်း ရှောင်လင် ဘုန်းတော်ကြီး ခုံးကျိက တစ်ချက် လှမ်းကြည့်ရုံဖြင့် မည်သည့် အဓိပ္ပါယ် သဘောဆောင်ကြောင်း ချက်ချင်း သိလိုက်ပေသည်။ ချက်ဆို နားခွက်က မီးတောက်သည် ဆိုသည့် လူမျိုးဖြစ်သည်။ အရိပ်ပြလျှင် အကောင်ထင်တတ်သူ ဖြစ်သည်။ ထို့ကြောင့် ရှန်းရီသည် ခေါက်ယပ်တောင် တစ်ချောင်းကိုကိုင်၍ ဖြည်းညင်းစွာ လျှောက်ထွက်လာသည်။



ဟူကျင်းကမူ ဖြည်းညင်းစွာ လျှောက်ထွက်လာသော ရှန်းရီကိုကြည့်နေမိသည်။ ဟူကျင်း၏ အမြင်တွင်မူ အသက်လေးဆယ်ကျော်မျှရှိပြီး တည်ကြည်ခန့်ငြားသော ရုပ်ရည်ရှိသည့်အတွက် ခင်မင်နှစ်လိုဖွယ် ကောင်းသည်ဟု စိတ်ထဲတွင် မှတ်ယူနေမိသည်။

ထို့ကြောင့် ခင်မင်ရင်းနှီးစိတ်လည်း ပေါ်လာသည်။ ဟူကျင်းသည် ဦးညွတ် အရိုအသေပေးပြီး မေးလိုက်သည်။

'ဆရာကြီးက ဘယ်သူပါလဲ ခင်ဗျာ'

ရှန်းရီက ပြန်မဖြေခင် သိန်းငှက်မင်း ချက်ခုံးပြုဂိုဏ်းချုပ် ရှင်လင်းကျန်က...

'သူဟာ ဝါဆန်းဂိုဏ်းချုပ်ကြီး ရှန်းရီပဲ၊ သိုင်းပညာမှာတော့ ထူးချွန်လှပါ၏ ဒါပေမယ့် ဉာဏ်နီဉာဏ်နက် ထုတ်သုံးတဲ့နေရာမှာတော့ သူ့ကို ဘယ်သူမှ မမီဘူး'

ဟူကျင်းသည် ရှန်းရီဟူသည့် နာမည်ကို ကြားလိုက်ရသော အခါ အထိတ်တလန့် ဖြစ်သွားသည်။ ရင်များလည်း ခုန်လာသည်။ စိတ်ထဲတွင်...

'ဒီနာမည် ငါ ကြားဖူးသလိုပါပဲလား'

မည်မျှပင် အပြေးအလွှား စဉ်းစားသော်လည်း ထို ရှန်းရီ အမည်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ပေါ်လာအောင် တွေးနိုင်ဘဲ ဖြစ်နေရ၏။ ထိုစဉ် ရှန်းရီက...

www.burmeseclassic.com

www.burmeseclassic.com



'ဟော့... နွားကောင်လေး မင်းရဲ့ သိုင်းပညာကို ငါတို့ တကယ်ပဲ ချီးကျူးသဟော့ မင်းရဲ့ ဆရာဟာ ဘယ်သူလဲ'

ထိုအမေး စကားကိုလည်း ဟူကျင်း ကြားလိုက်သည် မဟုတ်ချေ။ သူသည် ရှန်းရီ၏ နာမည်ကို မည်သည့်အချိန် မည်သည့်နေရာ၌ ကြားခဲ့သည်ဆိုသည့် အချက်ကိုသာ အပြန်ပြန် အလှန်လှန် စဉ်းစားနေမိခြင်း ဖြစ်၏။

ရှန်းရီသည် တဟားဟား ရယ်မောကာ...

'တော်တော်ဟုတ်တဲ့ နွားလေး၊ ကိုယ့်ရဲ့ ဆရာကိုတောင် ဖွင့်မပြောချင်ရလောက်အောင် ဖြစ်နေရသလား ကျေးရွာကန်းကလေး ရဲ့'

'ကျေးရွာကန်းကလေးရဲ့'ဟူသော စကားကို ကြားလိုက်သည့်တစ်ခဏအတွင်း ဟူကျင်း၏ ခေါင်းထဲတွင် လျှပ်ပြက်သကဲ့သို့ ဝင်းလက်သွားရပေသည်။ သူ သတိရပေပြီ။

လွန်ခဲ့သော ငါးနှစ်။ နေရာက လိပ်ပြာကုန်း။

လွန်ခဲ့သော ငါးနှစ်က သူသည် လိပ်ပြာကုန်းတွင် နေထိုင်ရစဉ် သမားတော်ကြီး ဟိုချင်းက သူ့ကို ကိုယ်တိုင်ကိုယ်ကျ အကြောင်းအရာ တစ်ရပ်ကို ပြောပြခဲ့၏။ ထိုအကြောင်းအရာမှာ သမားတော်ကြီး ဟိုချင်းက ဝမ်းနည်းကြေကွဲစွာ ပြောပြခဲ့သည်။ ဝဲဆန်းဂိုဏ်းမှ ရှန်းရီဆိုသော လူတစ်ယောက်သည် သူ၏ နှမလေးကို သေအောင် နှိပ်စက်ခဲ့သည်ဟူသော အကြောင်းအရာပင် ဖြစ်ပါသည်။



ထိုစဉ်က ဟူကျင်းသည် ငယ်ရွယ်လွန်းလှသေးသည်။ သို့သော်... သူ၏ နုနယ်လှသော နှလုံးသားကလေး အတွင်းတွင်မူ... 'ဒီလောက် ယုတ်မာလှတဲ့ ဒီ ရှန်းရီဆိုတဲ့ လူကို ဘုရားသခင်က ဘာဖြစ်လို့ ဒဏ်မခတ်ရတာလဲ' ဟူသော အတွေးများက ဦးဆောင် ဝင်ရောက်နေခဲ့ပေလေသည်။

ဟူကျင်းသည် ဤသို့ စဉ်းစားမိလိုက်သည်နှင့် သမားတော်ကြီးဟိုချင်း ပြောပြခဲ့သည့် စကားအပြည့်အစုံကို ပြန်လည်ကြားယောင် သတိရမိလာတော့သည်။

တကိုယ်လုံးမှာ ဓားဒဏ်ရာ ဆယ့်ခုနစ်ချက် ရထားတဲ့ သေလုမျောပါး ဖြစ်နေတဲ့ လူတစ်ယောက်ကို ငါက သုံးရက်တိတိ မအိပ်မနေ ကယ်တင်ကုသခဲ့တယ်။ နောက်တော့ အဲဒီလူဟာ ငါရဲ့ အခင်ခင်ဆုံး သူငယ်ချင်းဖြစ်သွားတယ်။ ဒါပေမယ့် အဲဒီလူဟာ ငါ့နှမလေးကို သေအောင်နှိပ်စက်ခဲ့တယ်၊ ဟင်း... သနားစရာကောင်းလိုက်တဲ့ ငါ့နှမလေးပဲ၊ ငါတို့ မောင်နှမ နှစ်ယောက်ဟာ ငယ်ငယ်ကလေးကတည်းက တစ်ယောက်ကို တစ်ယောက် မှီခိုပြီး နေခဲ့ကြရတာပါ။ အင်မတန် ကံဆိုးလိုက်တဲ့ ငါ့ နှမလေး'

သမားတော်ကြီး ဟိုချင်း ထိုစကားများကို ရေရွတ်ပြောဆိုနေစဉ်တုန်းက မျက်ရည်ဥများသည် သူ၏ မျက်ဝန်းများတွင် ဝဲတွဲလျက် ရှိနေပြီး ကြေသက် ကျဆင်းလုလု ဖြစ်နေသည်။ သူ

www.burmeseclassic.com

www.burmeseclassic.com



အင်မတန် ချစ်လှသော နှမလေးအတွက် လွန်စွာ လွမ်းဆွတ် ကြေကွဲနေဟန်လည်း ပေါ်နေပေသည်။

နောက်ပိုင်းတွင် ဟိုချင်း၏ ဇနီး အဆိပ်ဘုရင် ဝမ်နန်ကူးက ရှန်းရီကို အဆိပ်ခတ်ခဲ့သည်။ ထိုအဆိပ်ကြောင့် ရှန်းရီ သေလုမျောပါးဖြစ်ခဲ့ရသည်။ သို့သော်... ဟိုချင်းမှာ သူ အင်မတန် ချစ်လှသော နှမလေး၏ ကတိ တောင်းထားချက်ကြောင့် ရက်စက် ယုတ်မာလှသော ရှန်းရီကို ကုသပေးလိုက်ရ၏။

ထိုအကြောင်းများကို ပြန်၍ သတိရစဉ်းစားမိသော အခါကျမှ ဟူကျင်းသည် ရှန်းရီကို စူးစိုက်ကြည့်မိတော့သည်။

ရှန်းရီကို တွေ့စက လေးစား ခင်မင်လိုခဲ့သော စိတ်ထားများသည်လည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြပေပြီ။ လေးစား ခင်မင်နှစ်လိုဖွယ်ကောင်းသော မျက်နှာပြင်အောက်မှ ရွံရှာမုန်းတီး စက်ဆုပ်ဖွယ်ကောင်းသော ဒုစရိုက်စိတ်ထားများကို ဟူကျင်း တွေ့မြင် သတိရလိုက်ပြီ မဟုတ်ပါလော။ ထို့ကြောင့် ရှန်းရီကို ဆုံးမရန် စိတ်ပိုင်းဖြတ်လိုက်သည်။ ဟူကျင်းသည် ပြုံး၍...

'ကျုပ် ကိုယ်ခန္ဓာမှာ ဓားဒဏ်ရာ တစ်ဆယ့်ခုနစ်ချက်လဲ မရခဲ့ဖူးဘူး၊ ကျုပ်အသက်ကို ကယ်ခဲ့တဲ့ ကိုယ့်သူငယ်ချင်းရဲ့ နှမလေးကိုလဲ သေအောင် မနှိပ်စက်ခဲ့ဖူးဘူး၊ ကျုပ်ကို ဘာဖြစ်လို့ ကျေးဇူးကန်းတယ်လို့ ဆိုရမှာလဲ'



ရှန်းရီက ထိုစကားကို ကြားလိုက်သည့် တစ်ခဏ၌ သူ့ဦးခေါင်းကို မိုးကြိုးထိမှန်သည့်နှယ် တုန်လှုပ် ချောက်ချားသွား၏။ သူ၏ တစ်ကိုယ်လုံး၌လည်း ဇောချွေးများ ပြိုက်ပြိုက်ထွက်လာတော့၏။

မည်သည့် အကြောင်းကြောင့် ဇောချွေးမပြန်ဘဲ နေနိုင်ဗိမ့်မည်နည်း။ ဟူကျင်း ပြောလိုက်သည့် စကားများသည် အမှန်ချည်းပင် မဟုတ်ပါလော။ မှန်လွန်းသည့်အတွက် ဤသို့ ဇောချွေးပြိုက်ပြိုက် ထွက်ရခြင်း ဖြစ်ပေသည်။

ထိုစဉ်တုန်းက သူ့ကို ဟိုချင်းက အသက်ကယ်ခဲ့၏။ သူက ဟိုချင်း၏ နှမကလေးနှင့် ချစ်ကြိုးသွယ်ခဲ့ကြသည်။ ရှန်းရီသည် အခွင့်အရေးသမားဖြစ်သည်။ ဟိုချင်း နှမကလေးနှင့် ချစ်ကြိုက် နေကြစဉ်အတွင်း သူ့ကိုယ်သူ ထိန်းသိမ်းမှု မရှိခဲ့။ မိန်းကလေး၏ ခန္ဓာကိုယ်ကို သိမ်းပိုက်ခဲ့သည်။ ထို့ကြောင့် မိန်းကလေးတွင် ကိုယ်လေးလက်ဝန်ရှိလာခဲ့ရသည်။

ထိုမိန်းကလေး၏ ကိုယ်ဝန်ကို ရှန်းရီ တာဝန်ယူခဲ့ပါ သလား။ ရှန်းရီ တာဝန်မယူခဲ့ချေ။ ထိုစဉ် ရှန်းရီသည် ဝါဆန်းဂိုဏ်းချုပ်ရာထူးကို ရယူနိုင်မည့် အခွင့်အရေးကို မြင်လာရသည်။ အခွင့်အရေးသမား ရှန်းရီသည် ထိုအခွင့်အရေးကို လက်လွှတ်မခံခဲ့။ ကိုယ်လေးလက်ဝန်ဖြင့် ရှိနေသော ဟိုချင်း၏ နှမကလေးကို စွန့်ပစ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဝါဆန်းဂိုဏ်းချုပ်ကြီး၏ တစ်ဦးတည်းသောသမီးနှင့် လက်ထပ်ခဲ့၏။ ဟိုချင်း၏နှမကလေးသည် မိမိ၏ အရှက်ကို အသက်နှင့်လဲလိုက်ပြီး ကိုယ့်ကိုယ်ကို သတ်သေခဲ့ပေသည်။'

ရှန်းရီသည် သူပြုလုပ်ခဲ့သော ပြစ်မှုကြီးကို တဖြည်းဖြည်း သတိရလာသည်။ တကယ်စင်စစ်တွင်မူ ပြစ်မှုကြီးဟု သူ ယူဆခဲ့သည် မဟုတ်ပေ။ သူ အခွင့်အရေးရမည့် ကိစ္စတိုင်းကို တရားသည် မှန်ကန်သည်ဟု ယူဆခဲ့သည်သာ ဖြစ်သည်။ သည်အကြောင်းနှင့် ပတ်သက်၍ ဟိုချင်းသည် သူ့အထုပ်ကို လူတကာကို ဖြေပြလိမ့်မည် မဟုတ်ဟု ရှန်းရီ ယုံကြည်သည်။

မိမိကိုယ်တိုင်ကတော့ မိမိက ပို၍ပင် သည်သတင်းကို လူတကာသိအောင် လျှောက်ပြောလိမ့်မည် မဟုတ်ချေ။ မည်သူကမျှ မသိဟု သူ ထင်ခဲ့သော သူ့သတင်းသည် လူငယ်၏ ပါးစပ်မှ ထွက်ပေါ်လာသောအခါ သူသည် အဘယ့်ကြောင့် မတုန်လှုပ် မထိတ်လန့်ဘဲ နေနိုင်တော့အံ့နည်း။

သူသည် ဟူကျင်း၏ စကားကို မည်သို့ ပြန်လည်ချေပမည်ကို ရုတ်တရက် မစဉ်းစားနိုင်ခဲ့ပေ။ သို့သော် သူသည် ဉာဏ်နီဉာဏ်နက်များသော လူတစ်ယောက် မဟုတ်ပါလား။ သူသည် ယုတ်မာသော အကြံအစည်ကိုမူ ချက်ချင်းလက်ငင်း စဉ်စားမိနိုင်ခဲ့သည်။



'ဒီကောင်လေးကိုတော့ ငါ ရှင်းပစ်မှ ဖြစ်မယ်။ နို့မဟုတ်ရင် ငါ့အတိတ်ဇာတ်လမ်းကို ဖွင့်ချလိုက်ရင်တော့ ငါ့နာမည် ငါ့သိက္ခာတွေအားလုံး ရေစုန်မျောကုန်တော့မှာပဲ'

သူသည် သူ၏ တုန်လှုပ်မှုကို ချက်ချင်း ပြန်လည် ထိန်းသိမ်းနိုင်ခဲ့သည်။ တည်ငြိမ်အေးဆေးသော ဟန်ပန်နှင့်ပင်...

'နွားလေး... မင်းက မင်းဆရာရဲ့ သိုင်းပညာကို မပြောချင်ဘူးပေါ့ ရပါတယ်...ရပါတယ်၊ ဒီတော့လဲ မင်းရဲ့ သိုင်းပညာကို ငါ စမ်းကြည့်ရသေးတာပေါ့'

သူသည် အပြောနှင့် အလုပ်ကို တပြိုင်တည်း လုပ်လိုက်သည်။ ဟူကျင်းကို လက်ဝါးစောင်းဖြင့် တချက်တည်း ခုတ်ချလိုက်သည်။ သူ့တွင် ရည်ရွယ်ချက်ရှိသည်။ သူက ဟူကျင်းအား လုံးဝ စကားပြောခွင့် မပေးရန် ရည်ရွယ်ထားသည်။ ဟူကျင်း၏ ပါးစပ်အား ထာဝရ ပိတ်ထားလျှင် ပိုကောင်းမည်ဟု ယူဆထားသည်။ ထို့ကြောင့် ပြင်းထန်သော လက်ဝါးစောင်းဖြင့် အသေခုတ်ချလိုက်ခြင်း ဖြစ်သည်။

သို့သော် ဟူကျင်းသည် ရှန်းရီ၏ အကြံကို သိသည်။ ရှန်းရီ မည်သည့် ရည်ရွယ်ချက်ဖြင့် ဤသို့ ခုတ်ချလိုက်သည်ကို နားလည်ပေသည်။ သူသည် ရှန်းရီ၏ လက်ဝါးစောင်းကို အသာအယာပင် ခုခံလိုက်သည်။ ပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားဟာ ဝါဆန်းဂိုဏ်းချုပ် တစ်ယောက်ဖြစ်ပေမယ့် ကြီးကျယ်မြင့်မြတ်တဲ့ လူတစ်ယောက်တော့ မဟုတ်ဘူး၊ ကျေးဇူးရှင်ကို ကျေးဇူးစွပ်တတ်တဲ့ လူတစ်ယောက်ပဲ ဖြစ်တယ်။ သိုင်းပညာမှာ ခင်ဗျားကို မီတဲ့ လူတွေ ရှိမယ်။ ခင်ဗျားထက် သာတဲ့လူတွေ ရှိမယ်၊ အဲ... ဒါပေမယ့် ကျေးဇူးကန်းတဲ့ နေရာမှာတော့ ခင်ဗျားကို မီတဲ့လူ တစ်ယောက်မှ မရှိဘူး၊ ခင်ဗျားကို ဘယ်သူမှ မပြိုင်နိုင်ဘူး'

ဟူကျင်း၏ စကားများသည် လူပုံအလယ်တွင် ရှန်းရီ၏ အရှက်ကို ခွဲနေသည့် စကားများ ဖြစ်နေသည်။ ထိုစကားများ ရပ်ဆိုင်းသွားအောင် လုပ်ရမည့် နည်းလမ်း တစ်လမ်းတည်းသာ ရှိသည် ဖြစ်ရာ ထိုနည်းလမ်းကို သုံးရန်အတွက် သူ၏ လက်တစ်ဘက်က သူ၏ ယပ်တောင်ကို ပင့်လိုက်ပြီး တခြား တစ်ဘက်ကမူ လက်ဝါးစောင်းဖြင့် ထပ်မံ ရိုက်ချလိုက်ပြန်သည်။

ဟူကျင်းအဖို့ သည်တိုက်ကွက်များမှာ ရိုးစင်းလွန်းလှသဖြင့် အိပ်လျက်နှင့်ပင် ခုခံနိုင်လောက်ပေသည်။ ထို့ကြောင့် သူ့တိုက်ကွက်များကို အေးဆေးစွာ ခုခံရင်းမှ...

'ဂိုဏ်းချုပ်ကြီး... ကျုပ်က ခင်ဗျားကို တစ်ခုလောက် မေးချင်ပါတယ်'

'နွားလေး... တိတ်စမ်း'



'မေးချင်တာလေးတော့ မေးပါရစေ ခင်ဗျား၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ခင်ဗျားဟာ ဓားဒဏ်ရာ တစ်ဆယ့်ခုနှစ်ချက်ရထားလို့ သေလုမျောပါး ဖြစ်နေခဲ့တယ်။ ဒါကို ကြည့်မနေနိုင်တဲ့ လူတစ်ယောက်က သုံးရက်တိတိ ညမအိပ် နေ့မအိပ် ကုသပေးခဲ့တယ်။ ခင်ဗျားကိုလည်း ညီရင်းအစ်ကိုလို သဘောထားခဲ့တယ်၊ ဒါလောက်တောင် ကောင်းခဲ့တဲ့ သူ့ရဲ့နှမလေးကို ဘာဖြစ်လို့များ ရက်ရက်စက်စက် ယုတ်ယုတ်မာမာနဲ့ သေအောင် နှိပ်စက်ခဲ့ရတာလဲဗျာ'

ရှန်းရီသည် ထိုစကားလုံးများကို မည်သို့ ပြန်လည်ချေပရမည်ကို မစဉ်းစားတတ်နိုင်အောင် ဖြစ်နေရသည်။ ဟူကျင်း၏ စကားလုံးများသည် သံရေပူနှယ် သူ့နားကို စီးဝင်လာသည်။ သူ့နားထဲသို့ စီးဝင်လာသည်က အကြောင်းမဟုတ် တခြားသူများ နားထဲသို့ စီးဝင်သွားပါက အကြောင်းဟုတ်လာပေလိမ့်မည်။ မိမိ၏ ဂုဏ်သိက္ခာများ ပါ ကျဆင်းစေတော့မည်။ ထို့ကြောင့် သူသည် အော်ဟစ်ဆဲဆိုလိုက်သည်။

'မင်း... ဟို...'

သူသည် ဟူကျင်းအား 'ဟို... ခွေးမသား' ဟု အော်ဟစ် ဆဲဆိုရန် အသံစတင် ပြုလိုက်ခြင်း ဖြစ်သည်။

သို့သော် သူက ဟို...ဟု စလိုက်သည်နှင့် တပြိုင်နက် ဟူကျင်းသည် သူ၏ နေစကြာအတွင်းအားကို ရုတ်တရက် တွန်းထုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ထိုအတွင်းအား၏ လွှမ်းခြုံ ဖိစီး ထားမှုကြောင့် ရှန်းရီအဖို့ အသက် ပိတ်ဆို့ထားသကဲ့သို့ ဖြစ်သွားပြီး စကားကို ဆက်မပြော နိုင်တော့ချေ။

ဟူကျင်းက...

'ဟုတ်တယ်၊ ခင်ဗျားက 'ဟို' ဆိုတဲ့ မျိုးရိုး နာမည်ကို မှတ်မိသေးသကိုး ခင်ဗျားရဲ့ လက်ချက်နဲ့ သေခဲ့ရတဲ့ မိန်းကလေးဟာ သမားတော်ကြီး ဟိုချင်းရဲ့ နှမပဲပေါ့'

ဟူကျင်း၏ စကားစစ် ထိုးပွဲသည် တဖြည်းဖြည်း ပြင်းထန်လာခဲ့ချေပြီ။ အစပိုင်းတွင် ရှန်းရီ ယုတ်မာခဲ့သည်တို့ကို ယေဘုယျသဘောသာ ပြောခဲ့သည်။ အသေးစိတ် သေချာကနစွာ မပြောခဲ့ချေ။ ယခုမူ ရှန်းရီ မည်သူတို့အပေါ် ယုတ်မာရက်စက်ခဲ့သည်တို့ကို တိုက်ရိုက်ဖွင့်ပြောလာခဲ့ပေပြီ။

ရှန်းရီမှာမူ ရင်ထဲ၌ အောင့်နေပြီး အသက်ရှူရန် ခက်ခဲနေသဖြင့် ဟူကျင်းအား မည်သို့မျှ ချေပခြင်း မပြုနိုင်ချေ။ သို့သော် သူသည် ကြိုးစား၍ တိုက်ခိုက်နေပေသေးသည်။

ထိုစဉ် ဟူကျင်းသည် သူ၏ နေစကြာ အတွင်းအားကို ရုတ်တရက် ပြန်ရုတ်သိမ်းလိုက်သဖြင့် ရှန်းရီ၏ ရင်ထဲတွင် ချက်ချင်း ပေါ့သွားပြီး အသက်ကို အပြင်းအထန် အလုအယက် ရှူလိုက်သည်။ ထို့နောက် အော်ဟစ်ရန် ပါးစပ်ပြင်လိုက်ပြီး...



'မင်း...'

မင်း...ဆိုသည့် အသံ တစ်လုံးသာ ထွက်လာနိုင်ခဲ့ရသည်။ ဘယ့်ကြောင့်မူ ဟူကျင်းသည် သူ၏ အတွင်းအားဖြင့် ရှန်းရီအပေါ် လွှမ်းမိုးလိုက်ပြန်သောကြောင့် ဖြစ်ပေ၏။ ရှန်းရီ စကားမဆက် နိုင်ပြန်တော့ချေ။ ဟူကျင်းက...

'ခင်ဗျား ယောကျ်ားပဲ၊ လုပ်ရဲရင် ဝန်ခံရဲရမှာပေါ့၊ ဘာဖြစ်လို့ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေရတာလဲ၊ ပြောစရာရှိ ပြောလိုက်စမ်းပါ သမားတော်ကြီးဟိုချင်းက ခင်ဗျားကို ကယ်တင်ခဲ့တယ် မဟုတ်လား၊ သူ့ရဲ့နှမလေးကို ခင်ဗျား သေအောင်သတ်ခဲ့တယ် မဟုတ်လား'

ရှန်းရီ မည်သို့မျှ မချေပနိုင်၊ ဟူကျင်းက သူ့ကို စကားပြောရန် အခွင့်အရေး လုံးဝမပေး။

ဘေးပတ်လည်မှ ကြည့်ရှုနေကြသော လူများက ရှန်းရီသည် စကားပြော အလွန်ကောင်းသော လူတစ်ယောက် ဖြစ်သည်ဟု သိထားကြသည်။ သို့သော် ယခု ရှန်းရီ၏ မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်နေပြီး ဟူကျင်း၏ စွပ်စွဲချက်များကိုလည်း မည်သို့မျှ ပြန်လည်ချေပခြင်း မပြုနိုင်ဘဲ အထစ်ထစ်အငေါ့ငေါ့ စကားဖြစ်နေသည်ကို ကြားရသောအခါ ဟူကျင်း၏ စကားကိုသာ ယုံကြည်လာကြ၏။

ထိုစဉ် ဟူကျင်းသည် ခက်ထန်စွာနှင့် သူ၏ စကားများကို ဆက်၍ပြောလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့ သိုင်းလောကက လူတွေဟာ ကျေးဇူးတရားကို ကျေးဇူးနဲ့ ပြန်ဆပ်ရတယ်၊ သစ္စာတရားကို သစ္စာတရားနဲ့ ပြန်ဆပ် တယ်၊ ခင်ဗျားအပေါ်မှာ သမားတော်ကြီး ဟိုချင်းရဲ့ ကျေးဇူးတရား တွေ အများကြီး ရှိနေတယ်၊ ဟိုချင်းဟာ အလင်းမာန်ဂိုဏ်းက လူ ခင်ဗျား ဟိုချင်းအပေါ်မှာ ကျေးဇူးဆပ်ပုံကတော့ တကယ့်ကို ဂုဏ် စရာကောင်းလောက်ပါပေတယ်၊ အခုတော့ ခင်ဗျားက ဦးဆောင်ပြီး တော့ အလင်းမာန်ဂိုဏ်းကို လာတိုက်ခိုက်လိုက်သေးတယ်၊ ခင်ဗျား ဟာ တိရစ္ဆာန်ထက်တောင် အောက်တန်းကျသေးတဲ့ လူပဲ'

တကယ်စင်စစ်တွင်လည်း ဟူကျင်း ရင်ထဲတွင် ဟိုချင်း အတွက် မခံမရပ်နိုင်အောင် ခံစားနေရသည်။ သမားတော်ကြီး ဟိုချင်းသည် သူ့အား ဆေးပညာ သင်ကြားပေးသည့် ဆရာတစ်ဦး ဖြစ်သည်။ ထို့ကြောင့် သူ့ရင်ထဲ ခံစားနေရသော အကျိတ်အခဲများကို ဖြေချသည့်အနေဖြင့် ဤမျှ ပြင်းထန်စွာ ပြောကြားနေခြင်း ဖြစ်၏။ ယခုသူ ကျေနပ်သွား၏။ သူ၏ အတွင်းအားကို ပြန်လည် ရုတ်သိမ်းလိုက်ကာ...

'အခု ခင်ဗျားက နောင်တရပြီဆိုတော့ ကျုပ်က ခင်ဗျား အသက်ကို ချမ်းသာပေးလိုက်မယ်'

ရှန်းရိသည် အသက်ရှူပြန်ချောင်သွားပြီး စကားပြန်ပြော နိုင်လာသည်။ ထို့ကြောင့် အော်ဟစ်၍...





'ခွေးကောင် မင်းဘာတွေ လျှောက်ပြောနေတာလဲ'

ရှန်းရိသည် ဟူကျင်းအပေါ် အလွန်ဒေါသထွက်နေသူ ဖြစ်သည်။ ဟူကျင်း၏ အတွင်းအားကြောင့် စောစောက မည်သို့မျှ မတုံ့ ပြန်နိုင်။ စကားပင် မပြောနိုင်။ ယခု ပြန်လည်တိုက်ခိုက်နိုင်စွမ်းရှိလာ သည့်ခဏ ချက်ချင်း၌ပင် သူ၏ ယပ်တောင်ထိပ်ဖြင့် ဟူကျင်း၏ မျက်နှာသို့ လှမ်းထိုးချိန်လိုက်သည်။

ရုတ်တရက်ပင် ဟူကျင်းသည် အမွှေးအနံ့ တစ်ချက်ရရှိသွား ပြီး လဲကျသွားတော့သည်။

ရှန်းရိသည် ဒေါသတကြီးဖြင့် မကျေနိုင် မချမ်းနိုင် ထပ်မံ အော်ဟစ် နေပြန်သည်။

'ခွေးကောင်... ဒီတစ်ခါတော့ ငါတို့ ဝါဆန်းဂိုဏ်းရဲ့ သိုင်း ပညာအစွမ်းကို ကောင်းကောင်းကြီး သိသွားအောင် ပြလိုက်ဦးမယ်'

ပြောပြောဆိုဆိုနှင့် သူ့လက်ချောင်းများက ဟူကျင်း၏ လည်မျိုကို ဆွဲကုတ်လိုက်လေ၏။

သို့သော် ဟူချင်း၏ ပါးစပ်သည် ရုတ်တရက် ဟလာပြီး ရှန်းရိ၏ မျက်နှာကို လေနှင့်တစ်ချက် မှုတ်ထုတ်လိုက်၏။

ရှန်းရိသည် ရုတ်တရက် အမွှေးနံ့ တစ်ချက်ရှူလိုက်မိပြီး ခေါင်းပြလွင့်ထွက်မတတ် လန့်ဖျပ်သွားလေ၏။ နောက်သို့ခုန်ဆုတ်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးရန် ကြိုးစားလိုက်သည်။ မည်သို့ပင် ကြိုးစားစေကာမူ သူ ပြေးမထွက်နိုင်တော့ ဟူကျင်းက သူ၏ ဒူးတွင်ရှိသော အကြောကို တစ်ချက်ထိုးလိုက်ရာ ရှန်းရီသည် ဒူးထောက်လဲကျ သွားတော့၏။

ထိုအဖြစ်အပျက်သည် အားလုံးကို ကြောင်အမ်း အံ့ဩသွားစေတော့၏။ အဘယ်သို့ ဖြစ်သနည်း။

ဓားစောက ဟူကျင်း လဲကျသွားသည်ကို သူတို့အားလုံး တွေ့မြင်လိုက်ကြရသည်။ လူစွမ်းကောင်းလေး၏ ဓာတ်သိမ်းခန်းဟု အားလုံးက ယုံကြည်လိုက်ကြသည်။

ယခုတစ်ဖန် အဘယ်သို့ ဖြစ်ပြန်သနည်း။ အဘယ်ကြောင့် ရှန်းရီ ပြန်လဲကျသွားရပြန်သနည်း။

ထိုစဉ် ဟူကျင်းက ရှန်းရီ နားသို့သွားကာ ရှန်းရီလက်ထဲမှ ယပ်တောင်ကို ယူလိုက်သည်။ ထိုယပ်တောင်ကို စစ်ဆေးကြည့်ရှုပြီး ရယ်မောလိုက်ကာ...

'ဝါဆန်းဂိုဏ်း နာမည်ကြီးဂိုဏ်းဖြစ်ရက်သားနဲ့ ဘယ့်နှယ် လက်နက်ထဲမှာ ဒီလောက် ပြင်းထန်တဲ့ အဆိပ်တွေကို ထည့်ထားရတာလဲ'



ဟူကျင်းသည် သစ်ပင်တစ်ပင်ရှိရာသို့ လျှောက်သွားလိုက်သည်။ ထိုယပ်တောင်ထိပ်ကို သစ်ပင်ဘက်သို့ လှည့်လိုက်ပြီး ယပ်တောင်တစ်နေရာကို နှိပ်လိုက်၏။

ထိုပတ်ဝန်းကျင်ရှိ လူအပေါင်းတို့သည် အလွန်အံ့ဩဖွယ်ကောင်းသော မြင်ကွင်းကို တွေ့မြင်ကြရပေသည်။ ယပ်တောင်ထိပ်မှ သစ်ပင်သည် တဖြည်းဖြည်း ညှိုးနွမ်းလာတော့၏။ သစ်ရွက်များသည်လည်း တဖြုတ်ဖြုတ် ကြွေကျကာ မြေသို့ သက်ဆင်းလာကြသည်။

လူအားလုံးသည် ထိုအခြင်းအရာကို ကြည့်လျက် လွန်စွာ တုန်လှုပ်ချောက်ချား ကြရတော့၏။ အားလုံး၏ စိတ်ထဲတွင် တူညီသော အတွေးများ ကိုယ်စီရှိထားကြ၏။ ထိုအတွေးကား ရှန်းရီ၏ ယပ်တောင်ထဲမှာ ဘာအဆိပ်တွေများ ဝှက်ထားပါလိမ့် သူ့အဆိပ်တွေကတော့ အတော့်ကို ကြောက်စရာ ကောင်းပါကလား စသည့် အတွေးများကိုသာ ပြိုင်တူ တွေးလိုက်မိကြတော့၏။

ထိုအခါ၌မူ ရှန်းရီသည် မြေကြီးပေါ်၌ လူးလိမ့် အော်ဟစ်နေပြီဖြစ်၏။ သူ၏ အသံမှာလည်း မချိမဆံ့ နာကျင်နေသည့် အသံဖြစ်နေသည်။ ဝက်များအသတ်ခံရသကဲ့သို့ စူးဝါးနစ်ဝင် နေသော အသံ ပါပေ။

ရှန်းရီ ကဲ့သို့ ဂိုဏ်းချုပ်ကြီး တစ်ယောက်က လူပုံအလယ်တွင် ရုပ်ပျက်ဆင်းပျက် လူးလိမ့်အော်ဟစ်နေသည်မှာ ဝါဆန်းဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



အဖို့ များစွာသိက္ခာ ကျဆင်းစေသော မြင်ကွင်းတစ်ခု ဖြစ်နေပေ၏။

ထိုစဉ် ရှန်းရီက အော်ဟစ်လိုက်သည်။

'ငါ့ကို ငါ့ကို မြန်မြန် သတ်လိုက်ကြပါ... သတ်ကြပါ'

ဟူကျင်းက...

'ခင်ဗျားကို ကျုပ် ကယ်နိုင်ပါတယ်၊ ခင်ဗျားရဲ့ အဆိပ်နာမည်ကိုသာပြော ဘာအဆိပ်လဲဆိုတာ ပြောပါ'

ရှန်းရီက...

'ဒီအဆိပ်က... ရွှေ...ရွှေပိုးနံ့ကောင်... အား...အား ငါ့ကို သတ်ပေးကြပါ... သတ်ပေးကြပါ'

လူအားလုံးသည် ရွှေပိုးနံ့ကောင်ဟူသော အမည်ကို ကြားလိုက်ကြရသည်။ လူငယ်ပိုင်းကမူ ရွှေပိုးနံ့ကောင်နှင့် ပတ်သက်၍ ဘာကိုမျှ မသိကြ။ သိထားကြသော လူကြီးပိုင်းအားလုံးကမူ 'ဟင်...ဟယ်...ဟာ' ဟူသော အာမေဍိတ်စကားများ ထွက်သွားကြလျက် မျက်စိမျက်နှာ ပျက်ကုန်ကြတော့သည်။

အချို့ လူများကမူ အောင့်အီးသည်းမခံနိုင်ကြတော့။ ထို့ကြောင့် အပြင်းထန်ဆုံး စကားများဖြင့် ရှန်းရီကို ကျိန်ဆဲရေရွတ်ကြတော့၏။

တကယ်စင်စစ် ရွှေပိုးနံ့ကောင်သည် တရုတ်ပြည် အနောက်မြောက်ဘက်ဒေသတွင် တွေ့ရှိရပြီး အလွန်အဆိပ်ပြင်းထန်သော ပိုး



ကောင်တစ်မျိုးဖြစ်၏။ ဤပိုးကောင်များ ဖမ်း၍ အမှုန့်ကြိတ်လိုက်သောအခါ အရောင်အဆင်းမရှိသည့် အဆိပ်မှုန့်များကို ရရှိလာပေတော့သည်။ ထိုအဆိပ်အကောင်ကလေး၏ အမည်မှာ ရွှေပိုးနံ့ကောင်ဟု ခေါ်၏။ အမည်ကလေး လှသလောက် သူ၏ အဆိပ်ကမူ လွန်စွာကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ထိုအဆိပ် အထိခံလိုက်ရသူအဖို့ ပုရွက်ဆိတ်နီများ ခန္ဓာကိုယ်တစ်ခုလုံးအား ကိုက်ခဲနေသည်သို့ ခံစားရမည် ဖြစ်သည်။

ပျားများက ခန္ဓာကိုယ် တစ်ခုလုံးအား ဝိုင်းဝန်း တုပ်နေကြသကဲ့သို့ ခံစားကြရမည် ဖြစ်ပေသည်။

မည်မျှ အခံရခက်လိုက်သည့် ဝေဒနာများပေနည်း။ ထိုဝေဒနာများကို ထိုရွှေပိုးနံ့ကောင် အဆိပ်မှုန့်များက ဖန်တီးနိုင်ပေသည်။

ခန်းမအတွင်းရှိ ဝါရင့် သိုင်းသမားကြီးများသည် ဤအဆိပ်အကြောင်းကို ကောင်းကောင်းကြားဖူးကြသည်သာ။ မြင်တွေ့ဖူးခြင်းတော့ မရှိကြ။ ယခုမူ ဝါဆန်း ဂိုဏ်းချုပ် ရှန်းရီက ထို အဆိပ်၏ ပကားကို ကိုယ်တိုင်ပြသလျက် ရှိနေပေပြီ။ ထိုစဉ် ဟူကျင်းက ရှန်းရီအား မေးလိုက်၏။

'ခင်ဗျားရဲ့ ရွှေနံ့ပိုးကောင် အဆိပ်ကို ခင်ဗျားရဲ့ ယပ်တောင် ရာ ထည့်ထားတာ မဟုတ်လား၊ ဘာဖြစ်လို့... ဒီအဆိပ်မှုန့်တွေက များကိုယ်ပေါ် ရောက်နေရတာလဲ'

www.burmeseclassic.com



ရှန်းရီကမူ...

'ကျုပ်... ကျုပ်ကို သတ်လိုက်ကြပါဗျာ၊ မြန်မြန် သတ်[...]
ကြပါ'

သူသည် တစ်ကိုယ်လုံး ကုတ်ဖဲ့ရင်း သည်စကားထို[...] ထပ်ခါတလဲလဲ အော်ဟစ်လျက် ရှိနေတော့သည်။

ဟူကျင်း မေးလိုက်သည့် မေးခွန်းကို အခန်းထဲမှ လူများ[...] စိတ်ဝင်တစား နားစိုက်ထောင်ကြသည်။ စောစောက ဟူကျင်းလဲ[...] သည်ကို မြင်လိုက်ရပြီး နောက်ဆုံး ရှန်းရီ ပြန်လဲကျသွားသ[...] သူတို့ အံ့အားသင့်ခဲ့ကြရသည်။

ယခု ဟူကျင်း မေးနေသော မေးခွန်းသည် ထိုအဖြေ[...] စပ်ဆိုင်မည်ဖြစ်ကြောင်း သူတို့ ကောင်းစွာ ရိပ်မိကြသည်။

ဟူကျင်းက ရှန်းရီ အော်ဟစ်နေသည်ကို နားမထောင်[...] ဘဲ သူပြောလိုရာကိုသာ ပြောလိုက်တော့သည်။

'ခင်ဗျားက ယပ်ထောင်ထဲက အဆိပ်နဲ့ ကျုပ်ဆီကို [...] ထုတ်တယ်၊ ကျုပ်က အတွင်းအားနဲ့ ပြန်ကန်ထုတ်လိုက်လို့ ခင်[...] ကို ပြန်ထိသွားတာ မဟုတ်လား၊ ခင်ဗျား ယုတ်မာပုံကို အား[...] ငြင်းချင်သေးသလဲ'

ရှန်းရီကမူ စူးစူးဝါးဝါးသာ အော်ဟစ်နေတော့သည်။



'ဒါဟာ ကျုပ် အပြစ်ပါ... ကျုပ်အပြစ်ပါ၊ ကျုပ်အပြစ်နဲ့ ကျုပ်ခံရတာပါ၊ ကျုပ်ကို သတ်ကြပါ'

သူသည် သူ၏ လည်မျိုကို သူ၏ လက်နှစ်ဘက်ဖြင့် ညှစ်ပြီး ကိုယ့်ကိုယ်ကို သတ်သေရန် ကြိုးစားလိုက်သည်။ သို့သော် တစ်ကိုယ်လုံး၌ အင်အားများ လုံးဝ မရှိတော့ခြင်း စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။

ဟူကျင်းက ရှန်းရီ၏ အပြစ်ဆိုးကို တွေ့နေရသောအခါ သူ့ရင်တွင်း၌ ကြင်နာသနားစိတ်က ဝင်လာခဲ့သည်။ ထို့ကြောင့် သူ၏ စိတ်ထဲတွင် အကြံအစည်တစ်ခု ပေါ်လာသည်။

'ငါ ဒီကောင်ကို ကယ်တော့ ကယ်လိုက်မယ်၊ ဒါပေမယ့် သူ့ရဲ့ အပြစ်တွေကို ဝန်ခံခိုင်းပြီးမှ ကယ်တာ ပိုကောင်းလိမ့်မယ်'

ဤသို့စိတ်တွင်း၌ စဉ်းစားမိလိုက်သည်နှင့် ဟူကျင်းသည် ရှန်းရီကို အော်ပြောနေတော့သည်။

'ဒီရွှေပိုးနံ့ကောင်ရဲ့ အဆိပ်ကို ကျုပ်ဖြေပေးမယ်၊ ဒါပေမယ့် ကျုပ် မေးတာကို မှန်မှန်ဖြေရမယ်'

ရှန်းရီသည် ရွှေပိုးနံ့ကောင်၏ အဆိပ်ကိုသာ ထုတ်တတ်သည်။ ကုသရန် ဆေးကိုတော့ မထုတ်တတ်။ ထို့ကြောင့် သူ၌ ကုသရန် ဆေးလည်းမရှိ။ သို့သော် ကုသနည်းကိုတော့ သူသိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဟူကျင်း အဆိပ်ဖြေဆေးပေးမည်ဟု ပြောသည်ကို မယုံချေ။

'မင်း... မင်း... မကုတတ်ပါဘူး'

ဟူကျင်းက ပြုံး၍ သူ၏ ခါးကြား တစ်နေရာကို လက်ညှိုးဖြင့် ထောက်ပြကာ...

'ဒီနေရာကနေ အပေါက်ဖောက်၊ ဆေးစပ်ပြီး ထည့်လိုက်၊ နောက်ပြီး ပြန်ချုပ်လိုက်ရင် ဒီအဆိပ်ပြေရော မဟုတ်လား'

ရှန်းရီသည် ဟူကျင်း မှန်မှန်ကန်ကန် ကုသတတ်သည်ဟု သိရှိသွားသောအခါ အလွန်ယုံကြည်အားကိုးစွာဖြင့်...

'ဟုတ်တယ်...ဟုတ်တယ်'

ဟူကျင်းက...

'ဒီလိုဆိုရင် ခင်ဗျား ပါးစပ်က ပြောပါ၊ ခင်ဗျား နတ်ဇဝန်ခံပါ၊ ခင်ဗျား ဘာမကောင်းမှုတွေ လုပ်ခဲ့သလဲ'

ရှန်းရီက...

'မရှိပါဘူး'

ဟူကျင်းသည် နောက်သို့ ခုန်ဆုတ်လိုက်ပြီး...

'ကောင်းပြီ...ခင်ဗျား ဒီလို ညာနေလို့ကတော့ ကျုပ်အနေနဲ့ ခင်ဗျားရဲ့ အဆိပ်တွေကို ကုမပေးနိုင်ဘူး'



ရှန်းရီသည် ကမန်းကတန်း လှမ်း၍ တားလိုက်သည်။

'ကျုပ်... ကျုပ် ပြောပါ့မယ်ဗျာ'

ထိုစဉ် ဝါဆန်းဂိုဏ်းမှ အရပ်ရှည် လူတစ်ယောက်နှင့် အရပ်ပု လူနှစ်ယောက်တို့ ခုန်ထွက်လာကြသည်။ အရပ်ပုသူက ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

'နွားလေး... မင်းက ငါတို့ ဝါဆန်းဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို တော့ ကျအောင် ချနေတာပေါ့ ဟုတ်လား'

ရှန်းရီ၏ အော်ဟစ်သံက ပေါ်လာပြန်သည်။

'ဦး... ဦးလေး... ကျွန်တော်ကို ကယ်ပါဦး၊ ကျွန်တော် မှားပါပြီ'

ထိုအရပ်ပုသူ လူကြီးက ရှန်းရီကို ပွေ့ချီရန် ပြုလိုက်သည်။ ဘယ်ဆယ်ရမည်ပေါ့။ သူတို့၏ ဂိုဏ်းချုပ်ကြီး မဟုတ်ပါလား။ သူတို့ ရှေ့၌ဝေဒနာ မချိမဆံ့ ခံနေရသူ မဟုတ်ပါလား။ ထိုစဉ် ဟူကျင်းသည် ပွေ့ချီရန် ပြင်နေသူကို လက်ဝါးစောင်းဖြင့် ရိုက်ထုတ် တွန်းဖယ်ပစ်လိုက်သည်။

'သူ့ တစ်ကိုယ်လုံးမှာ အဆိပ်တွေချည်းပဲ ခင်ဗျား သူ့ကို သွားပွေ့လိုက်ရင် ခင်ဗျားကို အဆိပ်တွေ ကူးသွားမှာပေါ့၊ ခင်ဗျား သူ့ လိုပဲ ငရဲပြည် အရှင်လတ်လတ် ရောက်သွားသလို ခံစားရဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



အရပ်ပု အဘိုးကြီးသည် ဟူကျင်း၏ အပြုအမူကို တအံ့တ ဩဖြစ်သွား၏။ ရှန်းရီကမူ ဆက်၍အော်ပြန်သည်။

'အစ်ကိုကြီး ပေတန်းကို ကျွန်တော်...ကျွန်တော် ဒီအဆိ နဲ့သတ်ခဲ့တာပါ။ ကျွန်တော်...ကျွန်တော် မှားပါပြီ'

ဟူကျင်းက ဟိုချင်း အကြောင်း ပြောလိုက်စဉ်တုန်းက ရှန်း ရီသည် သူ့ဦးခေါင်းကို မိုးကြိုး ထိမှန်သွားသည့်နှယ် တုန်လှုပ်သွား ခဲ့ရသည်။ ယခု ရှန်းရီ၏ ဝန်ခံစကားကို ကြားလိုက်ရသောအခါတွင် လည်း အဘိုးကြီးနှစ်ယောက်စလုံးမှာ အကြီးအကျယ် တုန်လှု ချောက်ချားသွားကြသည်။ သူတို့ နှစ်ဦးစလုံးက လုံးဝမျှော်လ မထားသော စကားပင်တည်း။ အရပ်ပုပု အဘိုးကြီးက...

'ဘာပြောတယ်၊ ပေတန်းကို မင်းသတ်တယ် ဟုတ်လား တကယ် မင်းသတ်တာလား၊ အစက မင်းပြောတော့ အလင်းမာ ဂိုဏ်းရဲ့ လက်ချက်နဲ့ သေရတာဆို'

အဘိုးကြီးနှစ်ယောက်စလုံးသည် ရှန်းရီကို စူးစူးစိုက်စိုက် ကြည့်ပြီး မေးမြန်းနေကြခိုက် ရှန်းရီကမူ ကယောင်ချောက်ချား အော် အစ်နေတော့၏။

'ပေ...ပေတန်း၊ အစ်ကိုကြီး... အစ်ကိုကြီး ကျွန်တော့်...ကျွ တော့်ကို လာမချောက်ပါနဲ့'



သူပြုခဲ့သည့် မကောင်းမှုများသည် သူ့ကို ပြန်လည်ချောက် ချန့်လျက်ရှိနေပေပြီ။ သူ၏ ကယောင်ချောက်ချား စကားများထဲမှ သူ၏ ဇာတိကို ပြလျက်ရှိနေပေသည်။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိချေတကား။

ရှန်းရီသည် ဆက်၍ အော်ဟစ်နေပြန်၏။

'အစ်ကိုကြီး ပေ...ပေတန်း၊ ကျွန်...ကျွန်တော် ခင်ဗျားကို သတ်ချင်ပါဘူး၊ ဟိုချင်းရဲ့ နမကိစ္စကို ဆရာ့ကို ဖွင့်ပြောမယ်ဆိုလို့ ကျွန်...ကျွန်တော်က အစ်ကိုကြီးကို နှုတ်...နှုတ်ပိတ်လိုက်ရတာပါ၊ ကျွန်တော် မသတ်မဖြစ်လို့ သတ်ရတာပါ၊ လာ...လာ...လာ... ချောက်ပါနဲ့'

ဟူကျင်းသည် ပေတန်း ဘယ်သူ ဘယ်ဝါဖြစ်သည်ကို မသိ သော်လည်း ရှန်းရီ၏ စကားအသွားအလာကို နားထောင်ပြီး ကြောင်းခြင်းရာ အဖြစ်အပျက်ကို နားလည်လိုက်မိပေ၏။ ဟူကျင်း

'ဝါဆန်းဂိုဏ်းက ဆရာကြီးများ ခင်ဗျား... အခု ခင်ဗျားတို့ နဲ့ဆတ်ဆတ် အဖြစ်မှန်ကို ကြားလိုက်ကြပါပြီ၊ ပေတန်းဟာ လင်းမာန်ဂိုဏ်းရဲ့ လက်ချက်နဲ့ သေရတာ မဟုတ်ဘူးဆိုတာ မတန် ထင်ရှားနေပါပြီ၊ အလင်းမာန်ဂိုဏ်းကို ခင်ဗျားတို့ အထင် ခဲ့တာပဲ ဖြစ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောလိုက်စဉ် အရပ်ရှည်ရှည် အဘိုးကြီးက ခေါ်...
မဆိုနှင့် ရှန်းရီ၏ ခေါင်းကို သူ၏ ဓားဖြင့် ခုတ်ချလိုက်တော့...

ဟူကျင်းက ထိုစားချက်ကို သံမဏိ ယပ်တောင်ဖြင့် ...
ကာလိုက်ပြီး...

'ကျုပ်က ရှန်းရီကို ကုသပေးဖို့ ကတိပေး နှုတ်ကတ်ထား...
ပြီ၊ ဒါကြောင့်... ခင်ဗျားတို့ရဲ့ ဂိုဏ်းထဲက အရှုပ်အရှင်းကို ရှင်းချင်...
ဂိုဏ်းကို ပြန်ရောက်တော့မှပဲ ရှင်းကြပါ၊ အခု ဒီမှာတော့ သူ့...
မသတ်ကြပါနဲ့'

အရပ်ပုပုအဘိုးကြီးက အရပ်ရှည်ရှည် အဘိုးကြီးဘက်...
လှမ်းပြောလိုက်၏။

'ညီလေး သူပြောတာမှန်တယ်'

သူသည် ပြောပြောဆိုဆိုနှင့် ရှန်းရီ၏ နောက်ကျော...
အကြောကို ခြေထောက်ဖြင့် ကန်လိုက်၏။ ပြီးမှ ဝါဆန်းဂိုဏ်းသား...
များရှိရာဘက်သို့ ရှန်းရီကို ကန်ထုတ်ပေးပို့လိုက်တော့၏။ ရှန်း...
သည် သူ့တစ်ကိုယ်လုံး၌ အလွန်ပြင်းထန်သော ဝေဒနာများကို ခံစား...
လျက် ရှိနေရသော်လည်း အကြောပိတ်ခံလိုက်ရသည့်အတွက် ...
ဝေဒနာကို ဖော်ထုတ်အော်ဟစ်ရန် အသံမှ လုံးဝ ထွက်မလာ...
တော့ချေ။ ဝါဆန်းဂိုဏ်းသားများသည်လည်း ရှန်းရီ သူတို့နား...



...ရောက်လာသည်နှင့် ရှဲသွားကြသည်။ သူ့ကိုယ်ပေါ်ရှိ အဆိပ်များကို
...ခွန်စွာ ကြောက်ရွံ့ကြသည် မဟုတ်ပါလား။

ထိုစဉ် အရပ်ပုပု အဘိုးကြီးက ဟူကျင်းကို အရိုအသေ
...တစ်ချက်ပေး၍ ပြောလိုက်သည်။

'ငါတို့ ညီအစ်ကို နှစ်ယောက် ရှန်းရီရဲ့ ဂိုဏ်းတူ ဦးလေး
...တွေပါပဲ၊ အခု ငါတို့ ဝါဆန်းဂိုဏ်းထဲက လျှို့ဝှက်တိမ်မြုပ်နေတဲ့
...ဖြစ်မှန်တွေကို ထုတ်ပေးတဲ့အတွက် ငါတို့က အများကြီး ကျေးဇူး
...တင်ပါတယ်'

အရပ်ရှည်ရှည် အဘိုးကြီးကလည်း အရပ်ပုပု အဘိုးကြီး၏
...အတိုင်း ဟူကျင်းကို အရိုအသေပေးလိုက်၏။ ဟူကျင်းကလည်း
...တို့ကို ကမန်းကတန်း ပြန်လည် အရိုအသေပေးလိုက်ရသည်။
...ဟူကျင်းစိတ်ထဲတွင် အခြေအနေ အရပ်ရပ်သည် ငြိမ်းချမ်း ငြိမ်သက်
...သည့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီဟု ထင်မှတ်
...လိုက်မိသည်။

ထိုစဉ် အရပ်ပုပု အဘိုးကြီးသည် သူ၏ ဓားကို ရွှမ်းခနဲ
...ဆွဲထုတ်မြှောက်ကိုင်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ငါတို့ ဝါဆန်းဂိုဏ်းရဲ့ ဂုဏ်သိက္ခာဟာ အခုဆိုရင် မင်းကြောင့် လုံးဝကျဆင်းခဲ့ပြီ၊ ဒါကြောင့်မို့ ငါတို့ ညီအစ်ကို နှစ်ယောက်က အသက်နဲ့ လဲပြီး မင်းနဲ့ တိုက်ခိုက်ရတော့မှာပဲ'

အရပ်ရှည်ရှည် အဘိုးကြီးကလည်း အရပ်ပုပုအဘိုးကြီး၏ လေသံအတိုင်း...

'ငါတို့ ညီအစ်ကို နှစ်ယောက်က အသက်နဲ့ လဲပြီး မင်းနဲ့ တိုက်ခိုက်ရတော့မှာပဲ'

ဟူကျင်းသည် ထိုပုပုနှင့် ရှည်ရှည် အဘိုးကြီးနှစ်ယောက်၏အပြုအမူနှင့်လေသံများကြောင့် ပြုံးလိုက်မိသည်။ အရပ်ရှည်ရှည် အဘိုးကြီးသည် နေရာတကာ၌ အရပ်ပုပုအဘိုးကြီး၏ ဩဇာလွှမ်းမိုးမှုကို ခံနေရဟန် တူ၏။ အရပ်ပုပုအဘိုးကြီးပြောသမျှ လုပ်သမျှ အရိပ်သဖွယ် လိုက်လုပ်၊ လိုက်ပြောနေသည်မှာ ရယ်ချင်စဖွယ် ဖြစ်နေတော့၏။ ဟူကျင်းက...

'ဘယ်ဂိုဏ်းမဆို ကောင်းတဲ့လူ ရှိသလို ဆိုးတဲ့လူလဲ ရှိတာပဲ၊ ကောင်းတဲ့လူကြောင့် ဂုဏ်သိက္ခာတက်နိုင်သလို မကောင်းတဲ့လူကြောင့်လဲ သိက္ခာကျနိုင်တာပါပဲ၊ ဒါတွေကို ဆရာကြီးတို့ အနေနဲ့ ဘာဖြစ်လို့ ဒီလောက် အမှတ်ထားနေတော့မလဲ'



အရပ်ရှည်ရှည် အဘိုးကြီးက...

'ဒီလိုဆိုရင် မင်းက ဒီကိစ္စကို အရေးမကြီးဘူးလို့ ဆိုလိုတာပေါ့'

'အရေးမကြီးပါဘူး'

'အစ်ကိုကြီး ဒီကောင်လေးက အရေးမကြီးဘူးလို့ ပြောနေတယ်၊ ဒီလိုဆိုရင်လဲ ကျွန်တော်တို့ ကျေအေးလိုက်ကြရအောင်'

အရပ်ရှည်ရှည် အဘိုးကြီးက အရပ်ပုပု အဘိုးကြီး၏ သဘောထားကို လှမ်းမေးလိုက်ခြင်းဖြစ်၏။ အရပ်ရှည်ရှည် အဘိုးကြီးသည် ဟူကျင်း၏အစွမ်းကို မြင်ထားသဖြင့် ဟူကျင်းကို ကြောက်နေသူ ဖြစ်သည်။ ထို့ကြောင့် သူသည် ဟူကျင်းနှင့် မတိုက်လိုချေ။ အရပ်ရှည်ရှည် အဘိုးကြီး၏ စကားကို ကြားလိုက်ရသည့် အရပ်ပုပု အဘိုးကြီးသည် ဒေါသတကြီးဖြင့် ပြန်လည်အော်ဟစ်လိုက်သည်။

'ဒီကောင်လေးကို ရှင်းမပစ်ရင် ငါတို့ ဝါဆန်းဂိုဏ်းရဲ့ သိက္ခာ ရှိပါဦးမလားကွ'

ချက်ချင်းပင် အရပ်ရှည်ရှည် အဘိုးကြီးက အော်လိုက်ပြန်သည်။

'ဟေ့ကောင်လေး... မင်းကို ငါတို့က နှစ်ယောက် တစ်ယောက် တိုက်ခိုက်ကြမယ်ဟေ့၊ မင်းအနေနဲ့ ဒါကိုမတရားဘူး ထင်ရင် စောစောကတည်းက ငါတို့ကို အရှုံးပေးလိုက်ပေတော့'



www.burmeseclassic.com

www.burmeseclassic.com



အရပ်ပုသည် အရပ်ရှည်၏ စကားကို ကြားလိုက်ရသောအခါ မျက်မှောင်တစ်ချက် ကုတ်သွားသည်။ နှုတ်မှလည်း ဗလုံးဗထွေး ပြောလိုက်သည်။

'ညီ...ညီလေး မင်း ဘာတွေပြော'

သူ၏ စကားဆုံးအောင် ဟူကျင်းက စောင့်ဆိုင်း နားထောင်နေသည် မဟုတ်ချေ။ စကားစကို ဖြတ်၍ ရုတ်တရက် ဝင်ပြောလိုက်လေသည်။

'နှစ်ယောက် တစ်ယောက်ဆို သိပ်ကောင်းတာပေါ့။ ကျင်းက သိပ်ကြိုက်ပေါ့။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်၊ တကယ်လို့ ခင်ဗျားတို့ ရှုံးသွားရင် အလင်းမာန်ဂိုဏ်းကို ရန်မရှာရဘူး'

အရပ်ရှည်သည် အလွန် ဝမ်းသာသွားသည်။ သူဝမ်းသာမှုကို မမျိုသိပ်နိုင်။

'ငါတို့ ညီအစ်ကိုနှစ်ယောက်နဲ့ မင်း တိုက်မယ်ဆိုရင်တော့ ရှုံးဖို့သေချာနေပြီ၊ ငါတို့နှစ်ယောက်မှာ အပြန်အလှန် ဓားသိုင်း တစ်ကွက် ရှိတယ်၊ ဒီ သိုင်းကွက်ဟာ တကယ်ကောင်းတဲ့ သိုင်းကွက်အင်မတန် လျှို့ဝှက်နက်နဲတဲ့ သိုင်းကွက်၊ ငါတို့ကို မင်းနဲ့ တစ်ယောက်ချင်းတိုက်ရမှာကို စိုးရိမ်တာ၊ ပြောပြီးတဲ့ ကတိစကားကိုတော့ မင်း မဖျက်ရဘူးနော်'





ဟူကျင်းက ပြုံးရင်း ပြောလိုက်သည်။

'ကျွန်တော်ကတော့ ကတိ မဖျက်ပါဘူး ဆရာကြီးတို့ တိုက်သာ နည်းနည်းလောက် ညှာညှာတာတာလေး လုပ်ပါ'

အရပ်ရှည်ကမူ သူ၏ လေကို အနည်းငယ်မျှ မလျှော့ဘဲ ဆက်ပြောသည်။

'ငါတို့ရဲ့ ဓားကတော့ မင်းကို ညှာမှာ မဟုတ်ဘူးဟေ့၊ ငါတို့ အပြန်အလှန် ဓားသိုင်းက သိပ်ပြင်းထန်လာလေ ကြောက်စရာကောင်းလေပဲ၊ မင်းကို ကြည့်ရတာတော့ သိပ်မဆိုးလှပါဘူး၊ အင်း... ငါတို့ ဓားချက်နဲ့ သေရရင်တော့ သနားစရာပဲ'

ထိုစဉ် အရပ်ပုပု လူက လှမ်းအော်လိုက်သည်။

'ညီလေး မင်းစကားကို လျှော့ပြောလို့ မရတော့ဘူးလား'

✦ ◇ ✦ ◇ ✦

www.burmeseclassic.com

www.burmeseclassic.com



# အမြန်အလှန်စားသိုင်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆၁)

## အပြန်အလှန်မားသိုင်း

'စကား လျှော့ပြောလို့တော့ ရတာပေါ့ အစ်ကိုကြီးရာ၊ ကျွန်တော်က သူ့ကို တမင် သတိပေးနေရတာပါ၊ ဒီမှာ ကောင်လေး ငါတို့ရဲ့ အပြန်အလှန် မားသိုင်းဟာ တခြား ဘယ်မားသိုင်းတွေနဲ့မှ မတူဘူးကွ၊ သိရဲ့လား၊ တစ်ယောက်က ဘယ်ကို တိုက်ရင် တစ်ယောက်က ညာ၊ တစ်ယောက်က ညာကိုတိုက်ရင် တစ်ယောက်က ဘယ်'

အရုပ်ပုသည် အလွန် စိတ်မရှည်သော အသံဖြင့် ခက်ထန်စွာ အော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'တော်' 'တိတ်'

အော်သံဆုံးသည်နှင့် ဟူကျင်းကို ဓားဖြင့် ပိုင်းချလို[illegible]
လေတော့၏။ ဟူကျင်းက ယပ်တောင်ကို ဖြန့်၍ ခုခံလိုက်သည်။

'ဟော...ဟော... ဒါနဲ့တော့ တို့ကို မလုပ်ပါနဲ့ ဒီလိုဆို[illegible]
ငါ မပြိုင်တော့ဘူး'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲကွ၊ ဒီယပ်တောင်ထဲမှာ အဆိပ်တွေ ထည့်[illegible]
ထားတာ မတော်တဆ ဖိတ်စဉ်ထွက်လာရင် ဘယ့်နယ့်လုပ်ရမ[illegible]

'ဟုတ်တယ်၊ ဆရာကြီးပြောတာ မှန်တယ်၊ ဒီလိုအဆ[illegible]
လက်နက်မျိုးကို မကိုင်သင့်ဘူး'

ပြောပြောဆိုဆိုနှင့် ဟူကျင်းသည် ယပ်တောင်ကို မြေပြ[illegible]
ထဲသို့ ရုတ်တရက် ပစ်စိုက်လိုက်လေ၏။ 'ရှီး'ခနဲ အသံနှင့်အ[illegible]
မြေကြီးထဲသို့ လုံးဝဝင်သွားကာ ပျောက်ကွယ်သွားတော့၏။

ခန်းမထဲရှိ လူများက ဟူကျင်း၏ မြင့်မားလှသော အတွင်[illegible]
အားကို တွေ့ရသောအခါ လက်ခုပ်တီးသြဘာပေးကြ၏။ အရပ်ရှ[illegible]
သည်လည်း ဓားကို ချိုင်းတွင်ညှပ်လျက် လက်ခုပ်လက်ဝါးတီး[illegible]
သြဘာပေးနေသည်။ သူက...

'ကဲ...အခု မင်းမှာ လက်နက်မရှိတော့ဘူးဆိုတော့ တစ်[illegible]
တော့ ကိုင်ရတော့မှာပေါ့၊ ဘာလက်နက် ကိုင်မလဲ'



ဟူကျင်းက မေးလိုက်သည်။

'ဆရာကြီး ကျွန်တော် ဘာလက်နက် ကိုင်ရင်ကောင်းမလဲ'

အရပ်ရှည်သည် ဟူကျင်း၏ ပခုံးကို နှစ်ချက်မျှ ပုတ်ရင်း
[illegible]ယ်မောနေတော့၏။ ထိုသို့ အားရပါးရ ရယ်မောနေပြီးမှ...

'မင်း တယ်သဘောကျစရာ ကောင်းပါလား၊ မင်း ကိုင်ရ
[illegible]ယ့် လက်နက်ကို ငါ့ လာမေးနေရသလားကွ၊ ဟား...ဟား...ဟာ...'

ဟူကျင်းသည် အရပ်ရှည်က သူ့ပခုံးကို နှစ်ချက်မျှ လာ
[illegible]တ်သည်ကို ငြိမ်ငြိမ်သက်သက်ပင် ခံယူလိုက်သည်။ အရပ်ရှည်က
[illegible]တ်လိုက်သည့်လက်မှာ ရိုးရိုးသားသားလက် ဖြစ်ကြောင်းနှင့် လူကြီး
[illegible]စ်ဦးက ကလေးတစ်ဦးအား ရင်းရင်းနှီးနှီး ပုတ်လိုက်သည့် သဘော
[illegible]သာ ဖြစ်ကြောင်း ဟူကျင်း သိသည်။ သို့သော် ခန်းမတွင်းရှိ
[illegible]အားလုံးမှာ ထိုမြင်ကွင်းကို ကြည့်လျက် လွန်စွာ တုန်လှုပ်သွား
[illegible]ကြသည်။

မည်သူသည် မတုန်လှုပ်ဘဲ နေနိုင်အံ့နည်း။ ယခုအချိန်
[illegible]သည် သာမည အချိန်မျိုးမဟုတ်။ တစ်ယောက်ကိုတစ်ယောက်
[illegible]ဖြတ်အသတ် အနိုင်ယူရန်ကြိုးစားနေကြသည့် အချိန်ကာလဖြစ်နေ
[illegible]သည်။ မည်မျှ အရေးကြီးသနည်းဟူမူ ရှန်းရီသည်ပင်လျှင် အလွန်
[illegible]င်းထန်သော အဆိပ်ကို မရိုးမသား ကောက်ကျစ်စွာ အသုံးပြု

www.burmeseclassic.com



သေးသည် မဟုတ်ပါလော။ သူတို့ မြင်ကွင်းတွင် အရပ်ရှည်အဘိုးကြီးက ဟူကျင်း၏ ပခုံးကို ပုတ်နေသည်။ ဟူကျင်းကလည်း အခံနေသည်။ အကယ်၍ အဘိုးကြီးက ဟူကျင်း၏ပခုံးပုတ်ရင်းရုတ်တရက် တိုက်ခိုက်လိုက်ပါက မည်သို့မျှ တတ်နိုင်မည်မဟုတ်။

မည်သည့်နည်းနှင့်မျှ ခုခံ ကာကွယ်နိုင်မည် မဟုတ်။ ကြောင့် သူတို့မှာ တုန်လှုပ် ချောက်ချားသွားကြရခြင်းဖြစ်လေသည်

အရပ်ရှည် အဘိုးကြီးသည် ရယ်မောနေရာမှ...

'ငါက မင်းကို ဘာကိုင်နိုင်းနိုင်း မင်းက ကိုင်မှာလား'

ဟူကျင်းက ပြုံးရယ်လျက်...

'ဆရာကြီးကိုင်နိုင်းတာကို ကိုင်ရမှာပေါ့'

အရပ်ရှည် ခန်းမကြီး၏ ပတ်ဝန်းကျင် အနှံ့အပြားအကဲခတ် ကြည့်လိုက်သည်။ ခန်းမကြီး၏ ဘယ်ဘက်ထောင့်ကျောက်တုံးကြီးများ ချထားသည်ကို တွေ့လိုက်ရ၏။ သူသည်လိုက်ရင်း...

'ငါ မင်းကို အသာပေးလိုက်မယ်၊ မင်းအတွက် လေးလံလံရှိမယ့် လက်နက်ကို ကိုင်ခွင့် ပေးလိုက်မယ်'



ဤသို့ ပြောလိုက်ရင်း သူသည် ဟူကျင်းအား အခန်းထောင့်မှကျောက်တုံးကြီးများကို ညွှန်ပြလိုက်သည်။ ပြီးနောက် ဟဟားဟားဖြင့် ဟားတိုက်ရယ်မော နေတော့၏။

တကယ်စင်စစ် သူသည် ဟူကျင်းအား နောက်ပြောင်နေခြင်းမျှသာဖြစ်သည်။ ဤမျှလောက် လေးလံသော ကျောက်တုံးကြီးများအား မည်သူသည် လက်နက်အဖြစ် မည်သို့ ကိုင်တွယ်အသုံးပြုနိုင်မည်နည်း။ တိုက်ခိုက်အသုံးပြုရန် မဆိုထားနှင့် မ ယူနိုင်ရန်ပင်လွယ်ကူလှသည် မဟုတ်ချေ။

သို့ရာတွင် ဟူကျင်းကမူ ပြုံးရယ်လျက်...

'ကောင်းပါပြီ ဆရာကြီး... ဆရာကြီး ပေးကိုင်တဲ့ လက်နက်ကိုကျွန်တော် ကိုင်ပါ့မယ်၊ ဆရာကြီးက ကျွန်တော့်ကို ပညာစမ်းနေတာကိုး'

စကားဆုံးသည်နှင့် ဟူကျင်းသည် အခန်းထောင့် ကျောက်တုံးများရှိရာသို့ လျှောက်သွားပြီး လက်တစ်ဖက်စီတွင် ကျောက်တုံးတစ်တုံးကျ မ, ယူလိုက်တော့၏။ ဤမျှ လေးလံလှသော ကျောက်တုံးကြီးများကို မ, ယူပြီးနောက် အဘိုးကြီး နှစ်ယောက်ရှိရာသို့ ပေါ့ပါးစွာ ခုန်ထွက်လာ၏။ ဧည့်ခန်းအတွင်းရှိ သိုင်းပညာရှင် အားလုံးလိုလိုသည် 'ဟင်' 'ဟာ' ဟူသော အာမေဋိတ်သံများကို ပြုလိုက်မိကြ၏။

•

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဟူကျင်း အနေဖြင့် မ, ယူသွားနိုင်လိမ့်မည်ဟု လုံး မမျှော်လင့်ခဲ့ကြပေ။ အချို့ကမူ ဒေါကြောင်ကြောင် ဖြစ်သွားကြ၏။ အရပ်ရှည်အဘိုးကြီးကမူ သူ၏ မုတ်ဆိတ်ဖြူကြီးကို လက်ဖြင့် အဆက်မပြတ် ဆွဲသပ်နေရင်းမှ စဉ်းစားမိသွားသည်။

'ဟာ... ဒီကောင် တကယ်လုပ်တော့ မှာပါလား'

အရပ်ပုမှာ ပို၍ပင် စဉ်းစားနေပေသေးသည်။ ဟူကျင်း၏ သိုင်းပညာ မြင့်မားလှကြောင်းကို သူတို့ တစ်ဆင့်ပြီး တစ်ဆင့် မြင် တွေ့နေရသည်။ ကြောက်ခမန်းလိလိ မြင့်မားသော ပညာရပ်များ ဖြစ်နေကြောင်း သိနေရသည်။

ထိုပညာရှင်ကလေးနှင့် သူတို့ တိုက်ကြရပေတော့မည်။ ဤ သို့မှ မတိုက်ခိုက်နိုင်လျှင်တော့ ဝါဆန်းဂိုဏ်း၏ ဂုဏ်သိက္ခာလုံးလုံး ကျရပေတော့မည်။ ရှန်းရီကြောင့် ကျဆင်းခဲ့ရပြီ ဖြစ်သော ဝါဆန်း ဂိုဏ်း၏ဂုဏ်သိက္ခာကို သူတို့ အနေဖြင့် မည်သို့မျှ ပြန်ဆည်နိုင် တော့မည် မဟုတ်ချေ။ ထို့ကြောင့် ဟူကျင်းအား ရုတ်ခြည်း တိုက်ရန် ဆုံးဖြတ်လိုက်သည်။

'ကဲ... ကောင်လေး သတိထားပေတော့ဟေ့'

သူ၏ ဓားဖြင့် ဟူကျင်းကို ခုတ်လိုက်၏။ အရပ်ရှည်က အော်၍ မေးသည်။



'အစ်ကိုကြီး တကယ်ချမှာလား'

အရပ်ပုက ပြန်ဝေါက်လိုက်၏။

'တယ်... တကယ်မချလို့၊ နောက်ပြောင် နေရမှာလားကွ'

သူ၏ ဓားချက်ကို ဟူကျင်းက ကျောက်တုံးဖြင့် ခုခံလိုက် ဖြင့် 'ထန်း'ခနဲ မြည်ဟည်းသွားကာ ကျောက်တုံး မီးပွင့်သွားသည်။

ဟူကျင်းသည် ကျောက်တုံးကြီးများကို ရှေ့သို့ တွန်းထုတ် စားလိုက်ပြန်သည်။ အရပ်ရှည်က အော်ဟစ်၍ သူ့အစ်ကိုကြီးကို လှမ်းသတိပေးလိုက်သည်။

'အစ်ကိုကြီး သူ ထုတ်လိုက်တာ 'ရေစုန်စီး' သိုင်းကွက်ပဲ၊ ကောင်လေး မလွယ်ဘူး၊ ကျောက်တုံးကြီးတွေဟာ လက်တွေလို ဖြစ်နေတယ်၊ ကျောက်တုံးကြီးတွေနဲ့ သိုင်းကွက်ဖော်ပြီး တိုက်နေတာ အစ်ကိုကြီး'

အရပ်ပုသည်လည်း သတိထားမိသည်သာ။ ထို့ကြောင့် သူ တို့၏ တိုက်စွမ်းရည်ကို မြှင့်တင်လိုက်ကြသည်။

'ညီလေး... ဘယ်တိမ်း ညာရမ်း'

အရပ်ပုသည် အော်ဟစ်ရင်း သိုင်းကွက် တစ်ခုကို ထုတ် လိုက်ရာ အရပ်ရှည်ကလည်း အော်ဟစ်၍ သိုင်းကွက်တစ်ခု ဖော်ပြီး ဟူကျင်းအား တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရေစုန် ရေဆန်'

အရပ်ပုက...

'နေနဲ့လ'

သူတို့နှစ်ယောက်သည် တစ်ယောက်တစ်ခွန်းစီ အော်ဟစ်ရင်း သူတို့ဓားကွက်များကို အဆက်မပြတ် ထုတ်နေကြ၏။ သူတို့၏ အမြန်အလှန် ဓားသိုင်းမှာ နာမည်ပေးထားသည့်အတိုင်း အကွက်ဆန်လှ၏။ တစ်ယောက်က အတည့် တိုက်ခိုက်လျှင် နောက်တစ်ယောက်က ပြောင်းပြန်တိုက်ခိုက်၏။ တစ်ယောက်၏ လိုအပ်ချက်ကို တစ်ယောက်က ဖြည့်စွက်တိုက်ခိုက်သွားကြသဖြင့် ရေပက်မဝင်အောင် ကောင်းမွန်လှပေ၏။

ဟူကျင်းမှာမူ သူ၏ နေစကြာကျင့်စဉ်နှင့် အားပြောင်း အားလွှဲသိုင်းပညာကို အသုံးပြုလိုက်ရာ ကျောက်တုံးကြီး နှစ်တုံးမှာ အလွန် ပေါ့ပါးသော ခဲလုံးငယ်ကလေးများပမာ ဖြစ်နေတော့၏။ ထို့ကြောင့် အဘိုးကြီးနှစ်ယောက်၏ ဓားကွက်များကို ဤမျှ ပေါ့ပါးစွာ ကာကွယ်နိုင်နေခြင်းဖြစ်၏။

အဘိုးကြီးနှစ်ယောက်၏ ဓားချက်များမှာ ပြင်းထန်လျင်မြန်လှသည် မှန်သော်လည်း ဟူကျင်းက အရွေ့အပြောင်း မြန်လှစွာဖြင့် ကျောက်တုံးကြီးများနှင့် ကာကွယ်နိုင်ခဲ့သဖြင့် သူတို့၏ ဓားချက်များသည် ကျောက်တုံးများကိုသာ ခုတ်ထစ်နေမိကြတော့၏။



ထိုစဉ်... ဟူကျင်းသည် မည်သူမျှ မထင်မှတ်သော အပြုမူတစ်ခုကို ပြုလုပ်လိုက်၏။ သူသည် ကျောက်တုံးကြီး နှစ်တုံးကို ပေါ်သို့ မြှောက်တင်လိုက်ပြီး လျှပ်တစ်ပြက် သကဲ့သို့သော လျင်မြန်မှုမျိုးဖြင့် အဘိုးကြီးနှစ်ယောက်၏ လည်ကုပ်ကို ဖမ်းဆွဲလိုက်သည်။ ချက်ချင်းပင် သူတို့နှစ်ဦးအား မျက်နှာချင်းဆိုင် ပူးကပ် ထားလိုက်တော့၏။ ဟူကျင်းသည် အဘိုးကြီးနှစ်ဦးအား အကြောပိတ်ပြီးမှသို့ ပူးကပ်ပေးလိုက်ခြင်း ဖြစ်သဖြင့် နှစ်ဦးစလုံး မည်သို့မျှ လှုပ်ရှားနိုင်ခြင်း မရှိကြတော့ချေ။

ဟူကျင်း၏ လျင်မြန်မှုမှာ လက်ဖျား ခါလောက်ပေ၏။ အဘယ်ကြောင့် လက်ဖျားခါလောက်သည်ဟု ချီးကျူးရပါသနည်း။ ဟူကျင်း ထိုအပြုအမူ အားလုံး ပြုလုပ်လိုက်သည့် အချိန်သည် ကျောက်တုံးများ အပေါ်သို့ မြှောက်တင်လိုက်သည့်အချိန်အတွင်း ပြီးအစီး လုပ်လိုက်ခြင်းကြောင့် ဖြစ်ပေ၏။ ယခုအခါ ကျောက်တုံးများသည် အဘိုးကြီးနှစ်ဦး၏ ခေါင်းပေါ်သို့ ပြန်လည် ကျရောက်လုနီးပါ ... ကျရောက်လျက်ရှိနေပြီ။

စိုးရိမ်သောအသံ၊ ချောက်ချားသော အသံ၊ တုန်လှုပ်သော အသံများနှင့် အလန့်တကြား အော်ဟစ်လိုက်သော အသံများသည် ...အတွင်း ရှူးရှူးဝါးဝါး ထွက်လာတော့၏။

www.burmeseclassic.com



သို့သော် ကျောက်တုံးကြီးများသည် အဘိုးကြီးနှစ်ဦး၏ ဦးခေါင်းပေါ်သို့ ကျရောက်မလာတော့ပါ။ အကယ်၍ ကျရောက်လာ ပြီ ဆိုပါကလည်း ဤအဘိုးကြီး နှစ်ယောက်၏ သွင်ပြင်ရုပ်ရည် ပကတိ ခန္ဓာကိုယ်များ ပီပြင်ပြည့်ဝစွာ မြင်တွေ့နိုင်တော့မည် မဟုတ် ချေ။ စိစိညက်ညက် ကြေသည့်အဖြစ်သို့ ရောက်ရှိသွားရပေတော့ မည်။

ယခု... ဤအဖြစ်သို့ ရောက်စရာ မရှိတော့ပါ။ ဟူကျင် သည်အပေါ်မှ အရှိန်ဖြင့် ပြန်ကျလာသော ကျောက်တုံးကြီးနှစ်တုံးကို လက်ဖြင့် မြန်းခနဲ ဘေးသို့ ရိုက်ထုတ်ပစ်လိုက်လေပြီ၊ ထို့နောက် ပြုံးရယ်ရင်း အဘိုးကြီးနှစ်ယောက်၏ အကြောများကို ဖြေပေးလိုက် ကာ...

'ဆရာကြီးတို့ မကြောက်ကြပါနဲ့နော်၊ ကျွန်တော်က ကျိုးယ နောက်ပြောင်လိုက်တာပါ'

အရုပ်ပုသည် စိတ်ဓာတ် အလွန်ကျဆင်းသွားသည်။ ဟူ ကျင်း၏ အစွမ်းကို စောစောပိုင်းက သူတို့ မျက်မြင် ဖြစ်ခဲ့ကြသည်။ ယခု နောက်ပိုင်း ကိုယ်တွေ့ သိလိုက်ကြရပြန်ပြီ။ ဟူကျင်း၏ သိုင်း ပညာစွမ်းကို သူတို့ မျက်မြင်ကိုယ်တွေ့ ခံစားသိရှိလိုက်ကြရပြီ။ ထို့ကြောင့် အရုပ်ပုသည် သက်ပြင်းတစ်ချက်ချရင်း ပြောလိုက်၏



'တော်ပါပြီကွာ...'

အရုပ်ရှည်ကမူ...

'ဒါနဲ့ မဆိုင်ဘူးကွ'

ဘာဖြစ်လို့ မဆိုင်ရတာလဲ'ဟု ဟူကျင်းက မေးလိုက်သည်။

'အခု ပြိုင်တာကိုပဲ ကြည့်ပေါ့ကွာ၊ မင်း... အင်မတန် အား နဲ့လို့ ကျောက်တုံးကြီးတွေနဲ့ ငါတို့ကို နိုင်သွားတာပဲ၊ သိုင်းကွက် ကြောင့် နိုင်တာမှ မဟုတ်တာ'

'ဒီလိုဆိုရင် ကျွန်တော်တို့ ထပ်ပြိုင်ကြတာပေါ့'

'ထပ်ပြိုင်ရင်လဲ ရပါတယ်၊ ဒီတစ်ခါတော့ ရိုးရိုးမပြိုင်ကြ အသစ်အဆန်း တစ်ခုခု ပြိုင်ကြတာပေါ့'

ရှောင်ချောင်းသည် ထိုပြိုင်ပွဲနှင့် စကားစစ်ထိုးနေကြပုံကို ချိန်လုံး ကြည့်ရှုနေသည်ဖြစ်ရာ အဘိုးကြီးနှစ်ဦး၏ အရှုံးမပေး သည့် သဘောထားကို သိလာရသည်။ ထို့ကြောင့် သူမ၏ မျက် ကို လက်ညှိုးဖြင့် ကုတ်ခြစ်ရင်း...

'ရှက်စရာကြီး... ရှက်စရာကြီး၊ ရှုံးတာတောင် ငြင်းချင်သေး ယ်၊ အရှုံးမပေးချင်သေးဘူး'

ထိုစကားကို ခန်းမတွင်းမှ လူအားလုံးပင် ကြားကြသည်။ ဘိုးကြီး နှစ်ယောက်ကမူ မကြားဟန်ပြုနေလိုက်ကြ၏။ ထို့ပြင် ပ်ရှည် အဘိုးကြီးက...



www.burmeseclassic.com

www.burmeseclassic.com



'နွားလေး မင်းမကျေနပ်ရင် မပြိုင်နဲ့ပေါ့ကွ၊ မင်း မပြိုင်
တော့ တို့ပြိုင်မှာ အရှုံးအနိုင်မရှိဘူးလို့ သတ်မှတ်ရမှာပဲ၊ တကယ်
မကျေနပ်ရင်လဲ နောင်အနှစ်သုံးဆယ်ကျမှ ထပ်ပြိုင်'

အရပ်ပုသည် အလွန် စိတ်ဆိုးသွားသည်။ ဒေါသဖြင့် အရပ်
ရှည်ကိုလှမ်း၍ အော်ငေါက်လိုက်တော့၏။

'တိတ်စမ်း... ညီလေး၊ ငါတို့ ရှုံးတာပဲ၊ ကဲ... နွားလေး
ငါတို့ မင်းကို ရှုံးတယ်၊ မင်း ကြိုက်သလို ငါတို့ကို စီစဉ်နိုင်ပြီ'

ဟူကျင်းက...

'ကျွန်တော့်အနေနဲ့ ဘာမှ တောင်းဆိုစရာ မရှိပါဘူး၊ ဆရာ
ကြီးတို့ကို ဘယ်လိုမှ မစီစဉ်ပါဘူး၊ ကျွန်တော် ဆောင်ရွက်နေတာ
အချက်တစ်ချက်တည်းကြောင့်ပါ၊ ဆရာကြီးရဲ့ဂိုဏ်းနဲ့ အလင်းမာ
ဂိုဏ်းကို ကြေအေးသွားအောင် ဆောင်ရွက်ပေးနေတာပါ'

အရပ်ရှည်က ထပ်မံ အော်ဟစ်လာပြန်သည်။

'ဒါ မဖြစ်နိုင်သေးတဲ့ ကိစ္စပဲ၊ အခု အသစ်အဆန်း တစ်ခု
ပြိုင်ဖို့တောင် စဉ်းမှ မစဉ်းစားရသေးတာ၊ အစ်ကိုကြီးက ဘာဖြစ်လို့
နောက်ဆုတ်သွားရတာလဲ'

အရပ်ပု အဘိုးကြီးက မျက်မှောင်ကြီးသာ ကုတ်နေတော့
သည်။ စကားမပြောတော့။ အခုတော့ သူ လက်ခံသည်။ သူ၏ ဂိုဏ်း
တူညီလေး အရပ်ရှည်သည် ရူးရူးပေါပေါ စိတ်ထားမျိုး ရှိသော်လည်း





စ်ပါးသူ သွက်ချာပါဒ လည်သွားစေမည့် တောရောက်တောင်
ာက် စကားများဖြင့် တစ်ခါတစ်ရံ အရှုံးမှ အနိုင်သို့ ရောက်အောင်
း်ဆောင်နိုင်တတ်ပေ၏။

ထို့ကြောင့် ပရိသတ် ဗိုလ်ပုံအလယ်တွင် မြင်မကောင်း၊
ကြားမကောင်း ဖြစ်နေသော်လည်း မသိမသာ ငြိမ်နေလိုက်တော့၏။
စဉ် ဟူကျင်းက...

'ဆရာကြီးရဲ့ သဘောက ဘယ်လို ဖြစ်စေချင်လို့လဲ'

အရပ်ရှည်က...

'ငါတို့ ဝါဆန်းဂိုဏ်းရဲ့ အပြန်အလှန် စားသိုင်း အစွမ်း
ယ်လောတ် ထက်ထက်မြက်မြက်ရှိတယ်ဆိုတာ မင်း တွေ့ဖူးသွား
ဟုတ်လား'

ဟူကျင်းက ပြုံးရင်း ပြန်ဖြေလိုက်သည်။ ဟူကျင်း၏ အပြုံး
ခံပွါယ်ကို လူတိုင်းလိုလို သရုပ်ဖော်တတ်ကြသည်။ အရပ်ပုကမူ
က်၍ မသိချင်ဟန်ဆောင်နေသည်။

'ဟုတ်ကဲ့...ဆရာကြီး၊ ကျွန်တော် ကောင်းကောင်း သိသွား
ပြီ'

'အေး... သိသွားရင် ကောင်းကောင်း မှတ်ထား၊ အဲ့လိုပဲ
း်လွန်ဂိုဏ်းမှာလဲ ရေစုန်ရေဆန် စားသိုင်းရှိတယ်လို့ ကြား
ားရတယ်၊ ဒီစားသိုင်းကလဲ ငါတို့ ဝါဆန်းဂိုဏ်းရဲ့ အပြန်အလှန်

www.burmeseclassic.com

www.burmeseclassic.com



စားသိုင်းလိုပဲ အစွမ်းထက်တာ၊ ဒီစားသိုင်း နှစ်ခုဟာ တကယ့် အမြွာ ပူးညီအစ်ကို စားသိုင်းကွ’

ဟူကျင်းက ဝင်ထောက်လိုက်သည်။

‘ဟုတ်မှ ဟုတ်ရဲ့လားဗျာ’

‘ဟုတ်မှသိပ်ဟုတ်ပေါ့ကွာ၊ ဒီစားသိုင်းနှစ်ခုကိုသာ ပူးပေါင်း ပြီး တိုက်လိုက်ရင်တော့ အမိုအမ အပူအအေး အပြန်အလှန် ရေစုန် ရေဆန် မိုးအိမ်လို အင်မတန် အကွက်စေ့ ထက်မြက်တဲ့ စားသိုင်း ပညာကြီး ဖြစ်သွားရောကွ၊ အင်း... ဒါပေမယ့်’

သူသည် သူ့စကားကို ခေတ္တ ဖြတ်ထားလိုက်ပြီး ခေါင်း ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

‘ဒါပေမယ့် အစွမ်းက သိပ် ထက်လွန်းသွားတော့ မင်း ငါ့ နဲ့ တိုက်ရဲတော့မှာ မဟုတ်တော့ပါဘူးလေ’

ဟူကျင်းက အရပ်ရှည်ဘက်သို့ စကား မပြောတော့ ခွန်းလွန်ဂိုဏ်းဘက်သို့ လှည့်ပြောလိုက်သည်။

‘ခွန်လွန်းဂိုဏ်းက ဘယ်ဆရာကြီး ထွက်ပြီး ဒီစားသိုင်းအ ကွက်ကို ပြမှာလဲ’

ထိုအခါ အရပ်ရှည်က အလောတကြီး ဝင်ရောက်ပြော လိုက်လေသည်။



‘ဟော့...ဟော့...နေပါဦးကွ၊ ခွန်းလွန်ဂိုဏ်းမှာ တို့နှစ်ယောက် တွဲနိုင်တဲ့ လူဆိုလို့ ‘ဟိုတိုက်ချုံး’တို့ လင်မယားနှစ်ယောက်ပဲ ရှိ တာ၊ တခြားလူတွေက ငါတို့ညီအစ်ကိုနဲ့ မတွဲနိုင်ဘူးကွ၊ အင်းလေ... လွန်ဂိုဏ်းက ဒီနှစ်ယောက်ကလဲ သတ္တိရှိဦးမှပါ’

အားလုံးသည် စိတ်ထဲတွင် ကျိတ်ရယ်နေမိကြတော့သည်။ ပ်ရှည် အဘိုးကြီးသည် သူ၏ နည်းပရိယာယ်ကို အောင်မြင်စွာ သုံးပြုနေပေပြီ။ သူပြောနေသည့် စကားများသည် အပြောင်အပျက် ို အတည်လိုလိုနှင့် အတည်ယူမရသော စကားများသာ ဖြစ်ပေ ည်။ သို့သော် သူသည် လူပါး လူနပ်ကြီး တစ်ယောက်သာ ဖြစ်၏။ နောထိုးလျက် ခွန်းလွန်ဂိုဏ်း၏ ထိပ်သီး နှစ်ယောက်ကို ပွဲခင်း င်း မဝင့်ဝင်အောင် ကျူးသွင်းနေခြင်းသာ ဖြစ်ပေ၏။

အရပ်ရှည်၏ စကားများသည် ဟိုတိုက်ချုံးနှင့် သူ့ဇနီး တို့အား များစွာအကျဉ်းအကျပ် ဖြစ်စေတော့သည်။ ဆူးကြားမှ ကဲ့သို့ မလူးသာ မလွန့်သာ အခြေအနေမျိုးသို့ ဆိုက်ရောက်စေ သည်။ ပွဲခင်းအတွင်း ဝင်လျှင်လည်း အတော် တိုက်ခိုက်ရမည် နေသည်။ မတိုက်ဘဲနေလို့ မရအောင်လည်း အရပ်ရှည်က နောထိုးနေသည်။ စားလည်းရှူး၊ ဆုပ်လည်းဆူး ဆိုသော အခြေ သာတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မတင်မကျ မပြတ်မသား ဖြစ်နေသော အခြေအနေတွင် အရပ်ရှည်သည် သူ၏ ပရိယာယ် ဝက်အူရစ်ကို တစ်ရစ် ထပ်တင်းလိုက်ပြန်သည်။

'ခွန်းလွန်ဂိုဏ်းက ဟိုတိုက်ချုံးတို့ လင်မယားနှစ်ယောက်ဟာ မင်းကို တိုက်ရဲမှာ မဟုတ်ဘူးကွဲ၊ ငါကတော့ အပြစ် မတင်ပါဘူးကွာ၊ သူတို့ရဲ့ 'ရေစုန်ရေဆန်' ဓားသိုင်းဟာ ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် ဓားကွက်တွေဟာ သိပ် မလွတ်လပ်ကြဘူး ငါတို့ ဝါဆန်းဂိုဏ်းရဲ့ အပြန်အလှန် ဓားသိုင်းနဲ့ ယှဉ်ကြည့်လိုက်တော့ နှစ်ဆင့်လောက် နိမ့်ကျနေတာ တွေ့ရတယ်၊ ဒီတော့ မင်းနဲ့ ဘယ် တိုက်ရဲမလဲကွာ'

ထိုစကားကို ကြားလိုက်ရသောအခါတွင်မူ စူးရှင်သည် လုံးဝ မခံမရပ်နိုင်ဖြစ်သွားရတော့သည်။ အရပ်ရှည်၏ ပရိယာယ် ညွှတ်ကွင်းအတွင်း ဝင်သွားရခြင်း ဖြစ်ပေသည်။

အရပ်ရှည်က ဒီယုန်မြင်၍ ဒီချုံထွင်ထားခြင်း ဖြစ်ပေ၏ စူးရှင်သည် ရုတ်တရက် ခုန်ထွက်လိုက်ပြီး မျက်စိတစ်မှိတ် လျှ တစ်ပြက်အတွင်း သူမ၏ ဓားကို ဆွဲထုတ်ကာ အရပ်ရှည်ဆီသို့ ထိုးသွင်းလိုက်သည်။ သူမ၏ လှုပ်ရှားမှု၍ တစ်စက္ကန့်မျှ ရပ်ဆိုင်းသွားခြင်း မရှိ။ တစ်ဆက်တည်း တစ်ချိန်တည်း ဖျတ်ခနဲ ထိုးသွင်းလို



ခြင်း ဖြစ်ပေသည်။ အလွန် မြန်ဆန်လှသဖြင့် သူမသည် ဓားကို ည်သို့ ဆွဲထုတ်လိုက်သည် မည်သို့ တိုက်ခိုက်လိုက်သည်ကို တ်တရက် မသိလိုက်ရသလို ဖြစ်သွားကြရသည်။

အရပ်ရှည်သည် တစ်ချက်မျှ တုန်လှုပ် ချောက်ချားသွားပြီး ၏ ဓားဖြင့် ချက်ချင်း ခုခံလိုက်ရသည်။ သူမ၏ ဓား အရပ်ရှည် နားသို့ ရောက်လုလုအချိန်မှသာ အရပ်ရှည်က သူမ၏ ဓားကို ယ်ထုတ်နိုင်ခြင်း ဖြစ်ပေသည်။ ဤသို့ ဖယ်ထုတ်လိုက်ခြင်းမှာ ည်း အရပ်ရှည်၏ ခုခံလိုက်သည့် ဓားကွက် အလွန် လျင်မြန် သာကြောင့်သာ ဖြစ်ပေသည်။ တကယ်စင်စစ် အရပ်ရှည်၏ ဓား င်းပညာမှာလည်း အလွန် အဆင့်အတန်း မြင့်လှသော ပညာသာ စ်ပေသည်။

စူးရှင်နှင့်အရပ်ရှည်တို့ နှစ်ယောက်သည် တစ်ယောက်ကို ်ယောက် စိတ်တွင်းမှ ချီးကျူးလိုက်ကြသည်။ အရပ်ရှည်က...

'အင်း... စူးရှင်ရဲ့ ဓားချက် တယ်ကောင်းတာပဲ' ဟု တွေး က်သလို စူးရှင်၏ စိတ်ထဲတွင်လည်း 'အင်း... ဝါဆန်းဂိုဏ်း ရဲ့ သိုင်းက ဘယ်ဆိုးလို့လဲ၊ သူတို့နဲ့ပေါင်းပြီး 'ဟူကျင်းကို တိုက်ရင် ာ့ တကယ့်ကို အစွမ်းထက်မှာ သေချာတယ်' ဟု တွေးနေမိသည်။

ထို့ကြောင့် ဟိုတိုက်ချုံးဘက်သို့ စူးရှင်သည် လှမ်းအော် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟေး... ရှင် ဒီဘက်ကို လာခဲ့ပါလား'

ဟိုတိုက်ချုံးသည် ဖနီးဖြစ်သူ စူးရှင်၏ အမိန့်သံအောက်ကို လွှ ဆန့်ဝံ့သူ မဟုတ်ချေ။ ဖနီးနိုင်းစေသမျှကို လိုက်လုပ်ရလျက် ေ ပြောသမျှ ခေါင်းညိတ်နေရသူ ဖြစ်ပေသည်။

သို့သော် လူထု ပရိသတ်ရှေ့တွင်မူ ဂိုဏ်းချုပ်ကြီး ဟန်ပန်မှင်မောင်း အပြည့်ဖြင့် 'အင်း'ဟု တစ်ချက်ထူးလျက် ဌ အလယ်သို့ ထလာသည်။ ရှေ့တွင် ငယ်သား လေးယောက်က ဦ ဆောင်ခြံရံလျက်ရှိပြီး နောက်ငယ်သားနှစ်ယောက်ကမူ သူ၏ဓား ရှိသေလေးစားစွာ ကိုင်ပေးထားရသည်။ ခန်းမအလယ်သို့ ရောေ သော်အခါမှ ငယ်သားများက ဆုတ်ခွာသွားကြသည်။ ဟူကျင်းက ဟိုတိုက်ချုံး၏ အပြုအမူကို ပြုံး၍သာ ကြည့်နေလိုက်သည်။ စူးရှ က...

'ဝါဆန်းဂိုဏ်းရဲ့ အပြန်အလှန် ဓားသိုင်းက မဆိုးဘူးပဲ'

အရပ်ရှည်က စပ်ဖြဲဖြဲ ထိမထင်ဟန်ဖြင့် ပြန်ပြောသည်။

'ကျေးဇူးတင်ပါတယ်'

စူးရှင်သည် သူ့ယောကျ်ား ဟိုတိုက်ချုံးကို မျက်စောင်းတ ချက်ထိုးလိုက်ပြီး...

'ဘာဖြစ်လို့ ကြာနေရတာလဲ၊ ငါတို့လေးယောက် ဒီကောင် လေးနဲ့ ကစားကြည့်ကြတာပေါ့'



သူမသည် ပြောပြောဆိုဆိုနှင့် ဟူကျင်းကို စိုက်ကြည့်လိုက် ရာ ရုတ်တရက်ပင် အံ့သြထိတ်လန့်သွားမိတော့၏။

'မင်း...မင်း'

ယခုပွဲတွင် ပညာစွမ်း အမျိုးမျိုး ပြနေသည့် ဟူကျင်းကို သူတို့သိခဲ့ဖူးကြသည်။ ဟူကျင်းနှင့် သူမတို့ ခွဲခွာစဉ်အချိန်က ျင်းသည် ကလေးအရွယ်ခန့်သာ ရှိသေးသည်။ ယခုမူ လူလား မြောက်နေပေပြီ။ နှုတ်ခမ်းမွေးစကလည်းရှိနေပြန်သည်။ ထို့ကြောင့် သူမအနေဖြင့် ဟူကျင်းကို ရုတ်တရက် မမှတ်မိခြင်းဖြစ်သည်။ ယခု သေချာစွာ စူးစိုက်ကြည့်တော့မှသာလျှင် ရုပ်ရည် အသွင်အပြင် ဟန်ပန် အမူအရာတို့ကို လုံးဝ မှတ်မိလာတော့သည်။ ဟူကျင်းက...

'အတိတ် ဇာတ်ကြောင်းတွေကို ပြောမနေနဲ့တော့ဗျို့၊ ကျုပ် ကို နွားလေးလို့သာ မှတ်ထားလိုက်ပေတော့'

စူးရှင်က ချက်ချင်း သဘောပေါက်သွားသည်။ ဟူကျင်း သည် သူ့နာမည်ရင်းကို ဤခန်းမမှ ပရိသတ်များကို သိစေချင်ပုံမရ။ မိမိကလည်း သဘောတူပါသည်။ သဘောမတူ၍လည်း မဖြစ်ချေ။ အကယ်၍ မိမိက သူ၏ နာမည်ရင်းကို အခြားသူများ သိသွားအောင် လုပ်ခဲ့လျှင် သူကလည်း မိမိတို့ လင်မယား သူ့အပေါ် မည်သို့ ကျေး ကန်းခဲ့သည်များကို ပြန်လည် ဖွင့်ချပေလိမ့်မည်။ မိမိတို့အနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ အရှက်ကွဲ မခံနိုင်ချေ။ ထို့ကြောင့် ဟူကျင်း၏နာမည်ရင်းကို မြှုပ်ထားရန် သဘောတူမိခြင်းဖြစ်၏။ သို့နှင့် သူမက...

'နွားလေး... မင်းရဲ့ သိုင်းပညာကတော့ တကယ့်ကို တိုးတက်လာပါကလား၊ ချီးကျူးတယ်ဟေ့'

ဟူကျင်းကလည်း စူးရှင်၏ အရိပ်ပြ အကောင်ထင်တတ်သည့် ဉာဏ်ရည်ကို ကျိတ်၍ချီးကျူးမိလိုက်သည်။ နှုတ်မှလည်း...

'ခင်ဗျားတို့ရဲ့ ဓားသိုင်းဟာ တကယ်နာမည်ကျော်တယ်လို့ ကျုပ် ကြားနေရတာပဲ၊ ခင်ဗျားတို့ ကျုပ်ကိုတိုက်ရင်တော့ လျှော့လျှော့ ပေါ့ပေါ့ တိုက်ပေတော့ဗျို့'

ဟိုတိုက်ချူးသည် သူ၏ဓားကို တဆဆဖြင့် ကိုင်လိုက်ပြီး ဟူကျင်းကို မေးလိုက်သည်။

'မင်း ဘာလက်နက် ကိုင်မှာလဲ'

ဟူကျင်းသည် စူးရှင်ကိုသာ သတိထားနေသဖြင့် ဟိုတိုက်ချူးကို မေ့လျော့နေမိသည်။ ယခုကဲ့သို့ မေးလိုက်မှသာ ဟိုတိုက်ချူးကို ကြည့်လိုက်မိသည်။ သူ၏ စိတ်တွင်းဝယ် အတိတ်၏ အရိပ်တို့ကို တဖြည်းဖြည်း ပြန်လည်မြင်ယောင်လာမိသည်။

ဟိုတိုက်ချူးဆိုသည့် ဤလူယုတ်မာကြီးက မိမိအပေါ်မည်ကဲ့သို့ ကျေးဇူးကန်းခဲ့ပုံများကို တရိပ်ရိပ် ပြန်လည် သတိရလာ



မိသည်။ ထို့ကြောင့် ငုပ်လျှိုးနေသော ဒေါသများသည်လည်း တဖြည်းဖြည်း ကြွတက်လာကြတော့သည်။ သို့သော် ဟူကျင်းသည် သူ၏ ဒေါသများကို အပြင်သို့ မထုတ်ချေ။ သူ့စိတ်ကူးထဲတွင်မူ...

'ဒီကနေ့တော့ မင်းကို ကောင်းကောင်းကြီး ဆုံးမပေးလိုက်မယ်၊ လူယုတ်မာကြီးရေ၊ ဒါမှ ငါကျေနပ်နိုင်မှာ'

ထိုစဉ် ဝါဆန်းဂိုဏ်းမှ အဘိုးကြီး နှစ်ယောက်နှင့် ဟိုတိုက်ချူးတို့ လင်မယားနှစ်ယောက် ပေါင်းလေးယောက်တို့သည် လေးဘက်လေးတန်၍ ရပ်လျက် သိုင်းကွက်များ စတင်နင်းထားကြပြီဖြစ်ကြောင်း တွေ့လိုက်ရသည်။ ဟူကျင်းသည် ရုတ်တရက် အမြင့်သို့ ခုန်တက်လိုက်သည်။ လေထဲတွင် တစ်ချက် ဝေ့ဝဲ လိမ်ပတ်လိုက်ပြီးနောက် သစ်ပင်တစ်ပင်ထက်သို့ ရောက်သွားတော့၏။ သူသည် လက်ညှိုးအရွယ်သစ်ကိုင်းတစ်ချောင်းကို သုံးပေအရှည်ခန့် ချိုးလျက် အခန်းအလယ်သို့ ပြန်လည်ခုန်ဆင်းလာခဲ့သည်။ အားလုံးကမူ ဟူကျင်း၏ အပြုအမူများကိုသာ ဂရုတစိုက် ကြည့်ရှုနေကြသည်။ ဟူကျင်းက...

'ကျွန်တော်ကတော့ ဒီသစ်ကိုင်းနဲ့ ခင်ဗျားတို့ရဲ့ ဓားလေးလက်ကို ယှဉ်ပြိုင်မယ်'

ဟူကျင်း၏စကားကို ကြားသောအခါ တစ်ခန်းလုံး [illegible] တုန်လှုပ်သွားကြပြန်သည်။ ဤမျှ သေးငယ်သော သစ်ကိုင်းလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းမျှဖြင့် ဓားလေးလက်ကို ယှဉ်ပြိုင်မည်ဆိုသည့် ကိစ္စမှာ ရူးသွပ်သော လူတစ်ယောက်၏ အပြုအမူနှင့်ပင် တူနေသည် မဟုတ်ပါလော။

ထို့စဉ် ခွန်းလွန်ဂိုဏ်းမှ ဂိုဏ်းသား တစ်ယောက်က မကျေမနပ် ထ၍ အော်ဟစ်လိုက်သည်။

'ဟေ့ကောင်... မင်းက ဘယ်လောက်တော်နေလို့ ငါတို့ရဲ့ ဆရာကို ဒီလို စော်ကားမော်ကား လုပ်ရတာလဲကွ'

အမှန်စင်စစ် ဟူကျင်းသည် ဓားလေးလက်ကို ဤသစ်ကိုင်းလေးနှင့် ယှဉ်ပြိုင်မည်ဟု ဆိုလိုက်ကတည်းက လူရူးသော်လည်းကောင်း၊ လူထူးသော်လည်းကောင်း ဖြစ်ရပေမည်။

ဤမျှ ထိပ်တန်းကျလှသော သိုင်းသမား လေးယောက်အား မည်သူကမျှ မျှော်လင့်မထားသည့် လက်နက်ကလေးဖြင့် တိုက်မိုက်ခြင်းအတွက် အခန်းတွင်းမှ လူများက ဟူကျင်း ရူးသွပ်နေပြီလားဟု ထင်ကောင်း ထင်မိကြပေလိမ့်မည်။

သို့သော် တစ်နည်းအားဖြင့်လည်း ထိပ်သီးလေးယောက်အား လုံးဝ ဂရုမစိုက်။ ကလေးကလား အရေးမထားသည့်အတွက်ကြောင့် ဤလက်နက်ကလေးဖြင့် တိုက်မည်ဟု ဆိုခြင်းလည်း ဖြစ်နိုင်ပေ၏။ ထိုသို့ လုံးဝဂရုမစိုက်ဘဲ တိုက်ခိုက်နိုင်သည်ဟု ဆိုလျှင်



ဟူကျင်းသည် အလွန်တော်သော သိုင်းသမား တစ်ယောက်၊ ထူးချွန်သော သိုင်းသမားတစ်ယောက်သာ ဖြစ်ရပေလိမ့်မည်။ မည်သို့ပင် ဖြစ်စေ ဤသစ်ကိုင်းလေးဖြင့် တိုက်မည်ဟု ဆိုခြင်းသည် သရော်ခြင်း၊ စော်ကားခြင်း၊ အဖက်မတန်ခြင်း စသည့် သဘောမျိုးသို့ ရောက်ရောက်သွားသည်မှာလည်း အမှန် ဖြစ်ပေ၏။

ထို့ကြောင့် ခွန်းလွန်ဂိုဏ်းသားက မကျေမနပ် ထ၍ အော်ဟစ်ခြင်းဖြစ်ပေသည်။ ထိုဂိုဏ်းသားသည် အော်ဟစ်ရုံမျှသာမက ဓားတရက်ခုန်ထွက်ပြီး ဟူကျင်း၏ နောက်ကျောကို ဓားဖြင့် ထိုးခုတ် လိုက်တော့၏။

ဟူကျင်းကမူ နောက်သို့ပင် လှည့်မကြည့်ချေ။ သူ့နောက်ကျောသို့ ဓားဝင်လာသည်ကိုလည်း သိရှိနေသည်။ နောက်ကျောသို့ ဓားဝင်လာသည်နှင့် တပြိုင်နက် အပေါ်သို့ ခုန်ရှောင်လိုက်ပြီး ဓားဖြင့် ထိုးလိုက်သူဘက်သို့ ကိုယ် လုံးဝ မလှည့်ဘဲ ဓားပြားကို ခြေထောက်ဖြင့် ဖမ်းနင်းထားလိုက်တော့သည်။ ဓားဖြင့် ထိုးလိုက်သူသည် သူ၏ ဓားကို အားကုန်သုံး၍ ဆွဲထုတ်ယူပါသော်လည်း ဓားသည် အနည်းငယ်မျှပင် မလှုပ်ရှားတော့ချေ။

ထိုအချိန်ကျမှ ဟူကျင်းသည် သူ၏ ကိုယ်ကို နောက်ဘက်သို့ အသာအယာ လှည့်လိုက်ပြီး နောက်မှ တိုက်ခိုက်လာသူကို ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'အလို… ဆီးဝါ ပါလား'

စိတ်ထဲတွင် ရေရွတ်လိုက်မိသည်နှင့်အတူ ဟူကျင်းသည် အံ့ဩသွားသည်။ သည်လူကို သူသိသည်။ သူ၏ နောက်ကျောမှ ချောင်းမြောင်းတိုက်ခိုက်သော လူသည် ခွန်းလွန်ဂိုဏ်းမှ ဆီးဝါ ဖြစ်၏။ သူ ပထမဦးဆုံးအကြိမ် ရေခဲမီးတောင်ကျွန်းမှ မြေပြန့်သို့ ပြန်လာစဉ်က လှေကြီးထဲတွင် တွေ့ခဲ့ရသူပင် ဖြစ်သည်။ ဟူကျင်းသည် စိတ်လှုပ်ရှားသွားသော်လည်း အေးဆေးစွာပင် ရေရွတ် လိုက်သည်။

'လက်စသတ်တော့ ခင်ဗျားကို'

ဆီးဝါသည် လွန်စွာ ဒေါသထွက်နေဟန် ရှိ၏။ မျက်နှာတစ်ပြင်လုံးနီရဲနေလျက် ဟူကျင်း၏ ခြေဖျားအောက်မှ ဓားကိုသာ ပြန်နှုတ်ယူရန် အပြင်းအထန် ကြိုးစားနေပေသည်။

ထိုစဉ် ဟူကျင်းသည် သူ၏ ခြေဖျားကို ကြွပေးလိုက်သည်။ သို့သော် အသားလွတ် ကြွပေးလိုက်ခြင်းမဟုတ်၊ ဆီးဝါ၏ ဓားပြားကိုယ်ထည်ကို သူ၏ ခြေဖျားကလေးများဖြင့် ခပ်ဆတ်ဆတ်ကလေး တောက်ခတ်ပြီးမှ ခြေကို ကြွပေးလိုက်ခြင်းဖြစ်၏။ ထိုအခါ ဆီးဝါသည် သူ့ဓားကို အားကုန် ဆွဲနှုတ်နေသူ ဖြစ်သဖြင့် အရှိန်ဖြင့် နောက်သို့ ယိမ်းယိုင်ထွက်သွားပြီး သူ၏ဓားမှာလည်း အပိုင်းပိုင်း ကျိုးပြတ်သွားလေတော့၏။



ဆီးဝါသည် မျက်နှာပန်း မလှသော မိမိ၏ အခြေအနေကြောင့် မိမိ၏ ဆရာနှင့် ဆရာကတော်တို့ကို မကြည့်ဝံ့ဝံ့ ကြည့်ဝံ့ဝံ့ လှမ်းကြည့်လိုက်လေ၏။ ဟိုတိုက်ချုံနှင့် ရှုးရှင်တို့ နှစ်ယောက်စလုံး၏ မျက်နှာများသည် ဒေါသ၏ အရိပ်အငွေ့များကြောင့် ခက်ထန် တင်းမာနေကြသည်။

ဆီးဝါ သိလိုက်ပြီ။ မိမိကြောင့် ခွန်းလွန်ဂိုဏ်း အကြီးအကျယ် သိက္ခာကျသွားရပြီ။ ပြန်ရောက်ကြသည့်အချိန်တွင် မိမိ၏ လုပ်ရပ်အတွက် ကြီးလေးပြင်းထန်သော အပြစ်ဒဏ်တို့ကို ကောင်းကောင်း ပေးကြတော့မည်။ ထို အပြစ်ဒဏ်တို့ကို ရင်စည်း၍ ခံပေတော့။

ထိုအတွေးတို့ကြောင့် ဆီးဝါ အလွန် ကြောက်သွားသည်။ မိမိ ဤသို့ အပြစ်ဒဏ်ခံရအောင် ပြုလုပ်လိုက်သည့် တရားခံသည် ဟူကျင်း ဖြစ်သည်ဟု သူတွေးလိုက်သည်။ ထို့ကြောင့် သူ၏ ဒေါသများ ဟုန်းဟုန်း ထလာပြန်တော့သည်။

'မျိုးမစစ်တဲ့ကောင်'

ဟူကျင်းသည် ဆီးဝါက မိမိ၏ မိဘနှစ်ပါးကို စော်ကား၍ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် သူ၏ ကိုယ်တွင်းမှ သွေးများသည် ပွက်ပွက် ဆူလာသည်သို့ ခံစားလိုက်ရ၏။ ဟူကျင်းသည်

www.burmeseclassic.com

www.burmeseclassic.com



သူ၏ လက်မှ သစ်ကိုင်းကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ဆီးဝါ၏ အကြော သုံးခုကို ထိုးပိတ်လိုက်သည်။

ဟူကျင်း၏ လှုပ်ရှားမှုသည် အလွန် လျင်မြန်လှသဖြင့် ခန်းမတွင်းမှ လူများသည် ဟူကျင်း ဘာလုပ်လိုက်သည်ကို မသိလိုက်ကြ။ ဟူကျင်းသည်လည်း မည်သို့မျှ ထူးခြားဟန် မပြဘဲ ဟိုတိုက်ချုံး၊ စူးရှင်၊ အရပ်ပုနှင့် အရပ်ရှည်တို့ဘက်သို့ လှည့်လိုက်ကာ စကားပြောလိုက်သည်။

'ကဲ... ခင်ဗျားတို့ ကျုပ်ကို တိုက်ဖို့ အဆင်သင့် ဖြစ်နေကြပြီလား၊ ဖြစ်ရင်တော့ တိုက်နိုင်ပြီ'

စူးရှင်ကမူ ဟူကျင်းစကားကို စိတ်မဝင်စားနိုင်။ သူ စိတ်ဝင်စားလျက် ဒေါသ ဖြစ်နေရသူမှာ ဆီးဝါသာ ဖြစ်ပေ၏။ စူးရှင်သည် ဆီးဝါအား လှမ်းအော်လိုက်၏။

'မင်း ဘာဖြစ်လို့ ရပ်နေတာလဲဟင်...၊ မြန်မြန် ထွက်သွားစမ်း၊ တို့ကို ထပ် အရှက်ခွဲဦးမလို့လား'

'ဟုတ်ကဲ့... ကျွန်တော် သွားပါ့မယ်'

ဆီးဝါက သွားပါမည်ဟု နှုတ်က ဆိုသော်လည်း ခြေလှမ်းကမူ တစ်လက်မမျှ မရွေ့။ ထို့ကြောင့် စူးရှင်က ဒေါသတကြီးဖြင့် ထပ်အော်ပြန်သည်။



'ငါပြောနေတာ မင်း မကြားဘူးလားဟင်'

'ကြား... ကြားပါတယ် ဆရာကတော်'

ဆီးဝါ၏ အသံသည် တုန်လှုပ်နေသည်။ ချောက်ချားနေသည်။ ကြောက်ရွံ့နေသည်။ အကြောက်တရားသည် သူ၏ ငယ်ထိပ်မှ ခြေဖျားသို့တိုင် ဖုံးလွှမ်း အုပ်စိုးနေသည်။ သို့သော် သူ၏ ခြေလှမ်းကိုမူ တစ်လှမ်းမျှ မရွေ့။ သူ၏ ခန္ဓာကိုယ်ကြီးမှာလည်း နဂိုအတိုင်း တောင့်တောင့်ကြီးပင် ဖြစ်နေသည်။

စူးရှင်သည် သူမ၏ ဒေါသကို မထိန်းသိမ်းနိုင်တော့။ ငါ့စကားကို ဒီကောင် ဘာကြောင့် ဒီလောက် အာခံနေရသလဲဟု တွေးရင်း ဒေါသများသည် မီးတောင် ပေါက်ကွဲသည့်နှယ် ပေါက်ကွဲထွက်လာတော့သည်။

အကယ်စင်စစ် ဟူကျင်းသည် ဆီးဝါ၏ အကြောသုံးခုအား သစ်ကိုင်းဖြင့် ထိုးပိတ်လိုက်သည်ကို စူးရှင် လုံးဝ မတွေ့လိုက်ရ။ ထို့ကြောင့် ဆီးဝါ မလှုပ်နိုင် မရှားနိုင်ဖြစ်နေသည်ကို သူမ သဘောပေါက်ဘဲ ဤမျှ ဒေါသထွက်လာရခြင်းဖြစ်၏။

စူးရှင်သည် ပြင်းထန်သော လက်ဝါးဖြင့် ဆီးဝါကို တွန်းထုတ်ပစ်လိုက်တော့သည်။ ထိုအခါမှ ဆီးဝါသည် ခြေလက် အနေအထား လုံးဝ ပြောင်းလဲသွားခြင်း မရှိဘဲ ခန္ဓာကိုယ်တောင့်တောင့်ကြီးဖြင့် နောက်သို့ ဆုတ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ကြပြီ။ အဖြစ်မှန်ကို သိလိုက်ကြပြီ။ ဆီး အကြောပိတ် ခံထားရမှန်း ဟိုတိုက်ချုံးရော၊ စူးရှင်ပါ သိလိုက်ကြ ထို့ကြောင့် စူးရှင်သည် ဆီးဝါ၏ ပိတ်နေသော အကြောများ ဖြေပေးရန် ကြိုးစားလိုက်သည်။ သို့သော် မည်သို့မျှ မဖြေ လက်မှိုင်ချလိုက်ရတော့၏။

ထိုစဉ် ဟူကျင်းသည် ရန်ရောင်၏ဘေးတွင် မှိုင်နေ ရန်ဝေကို လက်ညှိုးကိုး ညွှန်ပြကာ...

'ဒီကလေးမကလေးကို ခင်ဗျား မှတ်မိရဲ့လား၊ သူ ငယ် တုန်းက အကြောတွေကို ပိတ်၊ အဆိပ် အရက်တွေ အတင်းတို တာတွေကိုကော မှတ်မိရဲ့လား၊ အဲဒီတုန်းက ကျုပ်လဲ သူ့မှာ ပိတ် တဲ့ အကြောတွေကို ပွင့်သွားအောင် ဖြေမပေးနိုင်ခဲ့ဘူး၊ ဒီနေ့ ခင်ဗျားရဲ့ တပည့် ဝင်္ရလည်တယ်လို့သာ မှတ်လိုက်ပေတော့

ထိုစကားကို ကြားလိုက်ကြရသောအခါ ခန်းမ လူအားလုံးတို့သည် ရန်ဝေကို စူးစူးစမ်းစမ်း ကြည့်လိုက်ကြပေသ ရန်ဝေသည် ယခုမှ အသက် တစ်ဆယ့်ခြောက်နှစ်ခန့်မျှလော ရှိပေသေး၏။ ဟူကျင်း၏ စကား၌...

'ကလေးမ ငယ်ငယ်တုန်းက' ဟု ဆိုခဲ့ရာ ထိုစဉ်အ ရန်ဝေ၏ နုနယ်ငယ်ရွယ်လွန်းသော ကလေးဘဝကို လူအ ခန့်မှန်းကြည့်လိုက်နိုင်ကြ၏။ ထို ကလေးငယ်ကလေးအား ဂို





ကြီးတစ်ဂိုဏ်း၏ အကြီးအမှူး လုပ်နေရသည့် ဂိုဏ်းချုပ်ကြီး ဖြစ်သည့် ဟိုတိုက်ချုံးတို့ လင်မယား အနိုင်ကျင့် ရက်စက်ခဲ့မှုကိုလည်း ခန်းမထဲမှ လူအားလုံး သိရှိသွားကြရပြန်သည်။

ပုပ်မှပေါ်သည်၊ ဟုတ်မှကျော်သည် ဟူသော စကားတစ်ရပ်ပင် ရှိခဲ့သည် မဟုတ်ပါလား။

ဟိုတိုက်ချုံးတို့၏ အကျင့်ယုတ် အပုပ်နံ့ကို ခန်းမထဲရှိ လူများ ခံစားရှုရှိုက်မိလိုက်ကြပြီ။ စူးရှင်သည် ဆက်၍ စကား မပြောနိုင်တော့။ ဆက်၍ပြောနေလျှင် တစ်ရှက်က နှစ်ရှက်သာ ဖြစ်လာပေလိမ့်မည်။ ထို့ကြောင့်ပင် သူ၏ဓားဖြင့် ဟူကျင်း၏ နဖူးသို့ ထိုးစိုက်လိုက်တော့သည်။ တစ်ချိန်တည်းမှာပင် ဟိုတိုက်ချုံးကလည်း ဆီးဝါကို ဝိုင်းအပြင်သို့ ကန်ထုတ်လိုက်ကာ သူ၏ဓားဖြင့် ဟူကျင်း၏ နောက်ကျောသို့ ထိုးစိုက်လိုက်ပြန်သည်။

အတွဲညီလှသည့် လင်မယားပါပေ။ သူတို့တင်လားဆိုတော့ မဟုတ်သေးပါ။ အရဝ်ပု အရပ်ရှည် အဘိုးကြီး နှစ်ယောက်ကလည်း အကွက်ကောင်းကို ချောင်းမြောင်းနေကြသူများဖြစ်ရာ ဟိုတိုက်ချုံးနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ဟူကျင်းအား ဝင်ရောက်တိုက်ခိုက်ကြတော့၏။

ဟူကျင်းသည် ဓားများကြားတွင် လူးလွန့် ရှောင်တိမ်းရင်း ဘယ်ဘက်လက်ညှိုးက အရပ်ပု အဘိုးကြီး၏ ဓားကိုယ်ထည်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တောက်လိုက်ပြီး ဟိုတိုက်ချုံး၏ ဓားကိုမှ သူ၏ သစ်ကိုင်း ကလေးဖြင့် ဖယ်ရှားပစ်လိုက်သည်။

ဟိုတိုက်ချုံးကမူ သူ၏ဓားသွားဖြင့် သစ်ကိုင်းကို ခုတ်ဖြတ် ပစ်ရန် စိတ်ကူးလိုက်သည်။ သို့သော် သူကြံသလို ဖြစ်မလာချေ။ ဟူကျင်း၏ သစ်ကိုင်းသည် မြွေတစ်ကောင်ကဲ့သို့ ပျော့ပျောင်းသွား ပြီး သစ်ကိုင်းမှ အားလှိုင်းတစ်ခု ထွက်လာလျက် တွန်းကန်ထုတ် လိုက်ရာ ဓားသည် ဆောသို့ ယိမ်းချော်ထွက်သွားတော့၏။

ထို ချော်ထွက်သွားသော ဓားသည် အရပ်ရှည် အဘိုးကြီး၏ ဓားကို 'ထန်း'ခနဲ မြည်ဟည်း ခုတ်မိသွားတော့၏။

'ဟာ... ဟိုတိုက်ချုံး၊ မင်း ဘယ်လိုလုပ်တာလဲ၊ ငါ့ ပြန်တိုက်တာလား'

အရပ်ရှည်အဘိုးကြီးသည် ရုတ်တရက် အံ့ဩသွားရာ ဒေါသတကြီးဖြင့် အော်ဟစ် မေးမြန်းလိုက်သည်။ ဟိုတိုက်ချုံးမှာ အဖြစ်မှန်ကို ပြောပြရအခက်၊ ဝန်ခံရအခက် ဖြစ်နေပြီ။ မျက်နှာကြီး တစ်ခုလုံး ရှက်ဒေါသဖြင့် နီမြန်းနေတော့သည်။ ထို့ကြောင့် သူသည် စကားတစ်လုံးမျှ မပြောတော့ဘဲ အံကိုကြိတ်လျက် ဟူကျင်းထံသို့ ဓားချက်တစ်ချက် ထိုးသွင်းလိုက်ပြန်သည်။

ဗူးရှင်သည် ဟိုတိုက်ချုံး ထိုးလိုက်မည့် ဓားလမ်းကြောင်းက ရိပ်မိသဖြင့် ဟူကျင်း ဆုတ်ခွာ ရှောင်ထွက်သွားခြင်း မပြုနိုင်စေရန် ဟူကျင်း ရှောင်မည့်နေရာကို ဆီးဖျက်ထားလိုက်၏။



ထိုစဉ် အရပ်ပုနှင့် အရပ်ရှည်တို့ကလည်း သူတို့၏ အပြန် အလှန် ဓားသိုင်းကို ထုတ်သုံးလိုက်ကြတော့သည်။ ထိုအခါ ခွန်းလွန် ငှါဆန်းဂိုဏ်းတို့၏ ဓားသိုင်းနှစ်ခုမှာ ရေပက်မဝင်လောက်အောင် ကွက်စေ့စေ့၊ လျှင်မြန်မှု အပြည့်ဖြင့် တလင်းလင်း တလက်လက် ...က်လက်နေလျက် ရှိတော့သည်။

ထိုအခါကျမှ ဟူကျင်းသည် ခုခံရ ခက်လာကြောင်း သိ ...က်တော့သည်။ ထိုလေးယောက်၏ သိုင်းကွက်များမှာ အလွန် ...ပ်လှသည့်ပြင် တစ်ယောက်၏ ဟာကွက်ကို တစ်ယောက်က ...ည့်သွားကြခြင်းဖြစ်သဖြင့် ဟူကျင်း မလှုပ်နိုင်အောင် ဖြစ်လာရ ...တော့၏။

ဟူကျင်း သိသည်။ သည်လေးယောက်သည် သူ့ကို လက်တွဲ ...က်လျှင် သူ့အဖို့ သိပ်လွယ်မည် မဟုတ်ကြောင်း ဟူကျင်းသိ ...ည်။ သို့သော်လည်း ဤမျှလောက် အခက်အခဲ အကျဉ်းအကျပ် ...ရလိမ့်မည်ဟုတော့ သူ မယူဆခဲ့ချေ။

ခက်တော့ ခက်လိမ့်မည်။ သို့သော် သူ နိုင်လိမ့်မည်ဟုသာ ...ကြည်ခဲ့သည်။ ယခုမူ အထင်နှင့် အမြင်သည် ကွဲပြား ခြားနားလှ ...ွတကား။ သူ့လက်ထဲတွင် ယခုကဲ့သို့ သစ်ကိုင်းတစ်ကိုင်း ...ဘဲ မနေဘဲ ဓားတစ်ချောင်းသာ ဖြစ်နေပါမူ သူ ဤမျှ ပူပန်မိလိမ့် ...ည် မဟုတ်ချေ။ ဓားတစ်ချောင်းနှင့် သူ၏ အတွင်းအားကို ပေါင်းစပ်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်နိုင်ခဲ့လျှင် သည်လူလေးယောက်၏ ဓားများကို သူ ချိုးပစ်ကောင်း ချိုးပစ်နိုင်ပေလိမ့်မည်။

ယခုမူ သူ့လက်တွင် သစ်ကိုင်းတစ်ချောင်းတည်းသာ။ ထို့ကြောင့် ဟူကျင်းသည် သူ့ကိုယ်သူ အပြစ်တင်မိတော့သည်။

'ဟူကျင်း... မင်းကိုယ်မင်း သိပ်တော်တယ်လို့ ထင်ခဲ့တယ် မဟုတ်လားဟင် ငမိုက်ကောင်၊ မင်း သိပ်ဘဝင်မြင့်ခဲ့တာကိုး၊ အခု ကြည့်စမ်း မင်း ဒီလူလေးယောက်ရဲ့ လက်ချက်နဲ့ ဒဏ်ရာရတော့မယ်၊ အရှုံးပေးရတော့မယ်၊ ဟင်... မင်း ဘဝင် ထပ်မြင့်လိုက်ပါဦးလား'

တိုက်ပွဲကလည်း တဖြည်းဖြည်း ပြင်းထန်လာသည်။

ဟူကျင်း အကျွှံအကျပ် ကျနေသည်ကို ရိပ်မိနေကြသဖြင့် သူတို့၏ စွမ်းရည်ကို မြှင့်တင်လိုက်ကြ၏။

ထို့ကြောင့် မကြာခင်ပင် ဟူကျင်း၏ ပေါင်တွင် ဒဏ်ရာ တစ်ချက်ရလိုက်တော့သည်။ ဒဏ်ရာမှာ သိပ်ပြင်းထန်မှု မရှိသဖြင့် သူ့အဖို့ ကံကောင်းနေပေသေးသည်။

ဟူကျင်းသည် တိုက်ရင်း တိုက်ရင်းမှ ပို၍ ပို၍ သိရှိလာပေသည်။ မိမိအဖို့ ဤ လူလေးယောက်၏ ဓားချက်များမှ ထွက်ပြေးရန် မလွယ်ကူလှချေ။ ထွက်ပြေးရန် လွယ်ကူသည်ထား၊ အလင်းမှာ ဂိုဏ်းသားအားလုံး တစ်ယောက်မကျန် အသတ်ခံရမည်တော့မည်။



ဟိုတိုက်ချုံးတို့ လေးယောက်မှာမူ တိုက်ပွဲအတွင်း အထက် ရမြဲရနေကြသည်။ သို့သော်လည်း မျက်နှာပန်းလှသည်တော့ တ်ပါချေ။ ဝါရင့်သိုင်းသမားကြီး လေးယောက်တို့သည် သိုင်း ာကမ္ဘာ၌ လုံးဝနာမည် မရှိသေးသော လူငယ်လေး တစ်ယောက်အား ကြာမြင့်စွာ တိုက်ခိုက်နေပါလျက် ယခုတိုင် အနိုင်မရသေးဘဲ သည် မဟုတ်ပါလော။

ဘေးပတ်လည်ရှိ ဂိုဏ်းအသီးသီးမှ တာဝန်ရှိသူများက ည်း မဟာဓားသိုင်းပြိုင်ပွဲကြီးမှ သိုင်းပညာများကို သူတို့ဂိုဏ်း မှ တပည့်များအား ထောက်ပြ သင်ကြားပေးလျက် ရှိနေကြ၏။

ဝါမေဂိုဏ်းမှ မျက်ကြွယ် ဆရာမကြီးသည်လည်း သူမ၏ ည့်များကို ရှင်းလင်းသင်ပြလျက် ရှိနေသည်။ သူမက...

'ဒီလူငယ်ရဲ့ သိုင်းပညာဟာ တကယ် ထူးဆန်းတယ်၊ ပြန့်သိုင်းပညာ မဟုတ်ဘူး၊ တခြားတိုင်းပြည်က ပညာ ဖြစ်လိမ့် ၊ သူ့ပညာ ထူးခြားဆန်းကြယ်တာ မှန်ပေမယ့် ခွန်းလွှန်နဲ့ ဆန်းတို့ရဲ့ သိုင်းကွက်နဲ့ ခြေကွက်တွေက သိပ်စေ့စပ်လွန်းတော့ တဖြည်းဖြည်း မလှုပ်နိုင်အောင် ဖြစ်လာတာပဲ၊ ခွန်းလွှန်နဲ့ဝါဆန်း ရဲ့ ခြေကွက်တွေကမှ တကယ့် မြေပြန့်သိုင်းပညာစစ်တွေကွယ်၊ ခြားမြေခြား တိုင်းတစ်ပါးက လာပြီး ပခုံးချင်းယှဉ်လို့ ဘယ်ရ မလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းတို့၏ မဟာစားသိုင်း ပြိုင်ပွဲကြီးတွင် ဟူကျင်း အတွက် စိုးရိမ်ပူပန်နေရှာသူကလေး တစ်ယောက် ရှိနေသည်။ သူမကား ချူကျူးတည်း။

ချူကျူးသည် ဟူကျင်းစတင်ယှဉ်ပြိုင်ကတည်းက ဟူကျင်း အတွက် အရှုံးအနိုင်ကို အလွန်စိုးရိမ်နေကာ ယခုကဲ့သို့ ဟူကျင်း၏ အခြေအနေ ဆိုးရွားလာစဉ်တွင်မူ ပြောဖွယ်ရာ မရှိတော့ချေ။

သူမသည် မျက်ကွယ်ဆရာမကြီး၏ အတော်ဆုံးတပည့်မ တစ်ယောက်ဖြစ်သည်နှင့်အညီ ဆရာမကြီး ပြောပြနေသည့် စားသိုင်း ကွက်နှင့် ခြေကွက်များကို အခြားသူများထက် ပို၍ သဘောပေါက် နားလည်သည်။ ထို့ကြောင့် သူမသည် သူမ၏ အသံကို မြှင့်၍ ပြောလိုက်သည်။

'ဆရာမကြီး ဒီ ရေစုန်ရေဆန်နဲ့ အပြန်အလှန် စားသိုင်း တွေဟာ သိုင်းကွက်တွေ များပေမယ့် အဓိက ကျတာကတော့ သူတို့ ရဲ့ ခြေကွက်တွေပဲ မဟုတ်လား'

သူမ၏ အသံသည် ခန်းမထဲတွင် ကြည်လင်ထင်ရှားစွာ ထွက်ပေါ်လာသည်။

ထို့ကြောင့် ဟူကျင်းသည် တိုက်ပွဲအတွင်း မည်မျှ အာရုံများ နေရသော်လည်း သူမ၏ အသံကိုမူ ကောင်းစွာ ကြားလိုက်ရသည်။



ျူကျူး၏ စကားက သူ၏ရင်ကို လှုပ်ရှားသွားစေသည်ကတော့ အမှန်ပင်။ အတွေးများကိုလည်း မရပ်မနား တွေးလိုက်မိသည်။ သူ ာဖြစ်လို့ ဒီလောက် ကျယ်ကျယ်လောင်လောင် ပြောရတာလဲ။ ိုလေးယောက်ရဲ့ ချွတ်ယွင်းချက်ကို သိအောင် ငါ့ကို တမင် သက်သက် ကြားအောင် ပြောနေတာများလား...။ စသည့် အတွေး ျားသည် အဆက်မပြတ် သူ့ဦးခေါင်းထဲသို့ ဝင်လာတော့သည်။

ထိုစဉ် မျက်ကွယ် ဆရာမကြီးသည် ချူကျူး ပြောလိုက် ည့် စကားကို အလွန် အားရကျေနပ်သွားသည်။ အဘယ်ကြောင့်ဆို ာ် သူ့တပည့်မသည် အဓိကသော့ချက်ကို သိရှိနိုင်ခဲ့သည် မဟုတ် ါလား။ နှုတ်ကလည်း ထုတ်ဖော် ချီးကျူးလိုက်၏။

'အေး... ငါ့ တပည့်မတွေထဲမှာတော့ ငါ့ အသင်အပြကို ကောင်းကောင်း လိုက်နာမှတ်သားနိုင်တဲ့ တပည့်ပဲ'

မျက်ကွယ် ဆရာမကြီး၏ ချီးကျူးသံ ကြားရဖို့ ဆိုသည်မှာ ီးကောင်းကင်ကြီး ပြိုကျလာပြီ ဟူသော သတင်းကို ကြားရဖို့နှင့် ပ်တူထပ်မျှ နီးပါး ခက်ခဲလှပေ၏။

သူသည် ပရိသတ်မိုလ်ဝါအရှေ့တွင် ညှိကဲ့သို့ ချီးကျူး ိုက်သည် ဆိုသည်မှာ တကယ် ချီးကျူးထိုက်၍ ချီးကျူးလိုက်ခြင်း ာ ဖြစ်ကြောင်း ထင်ရှားလှပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# တစ်ကိုယ်တော် သိုင်းသမား

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆၂)

## တကိုယ်တော်သိုင်းသမား

ဟူကျင်းသည် ချူကျူး၏ စကားကို ကြားလိုက်ရကတည်းက ဟိုတိုက်ချုံးတို့ လေးယောက်၏ ခြေကွက်များကို လေ့လာနေတော့သည်။ ယင်းတို့၏ ခြေကွက်များကို လေ့လာရာတွင် ဟူကျင်းအဖို့ ခက်ခဲလှသည် မဟုတ်ချေ။ အဘယ်ကြောင့်မူ သူ၏ ဟူတန်းဂိုဏ်းသည်လည်း ခြေကွက်ကို အလွန် အလေးထားသောဂိုဏ်းဖြစ်သောကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်း ငယ်စဉ်ကပင် သူ့ဖခင် ကျန်းချွေးဆန်းက ခြေ ကွက်နှင့် ပတ်သက်သည်များကို သင်ကြားပြသခဲ့ပြီး ဖြစ်ပေသည်။ ယခု တိုက်ပွဲအစကလေးအတွင်း သူ အရေးနိမ့်နေခဲ့ရသည်။ ချောင် ပိတ်အမိခံရသော သားကောင်ကဲ့သို့ပင် ဖြစ်နေခဲ့ရသည်။ ထိုသို့ ဖြစ်ရခြင်းမှာ အမိကသော့ချက်ဖြစ်သည့် သည်ခြေကွက်များကို လုံး မစဉ်းစားမိသောကြောင့်သာ ဖြစ်ပေသည်။

ယခုအချိန်တွင်မူ သူတို့လေးယောက်အား မည်သို့ တန်ပြ တိုက်ခိုက်နိုင်သည်ကို တွေ့ရှိခဲ့ရလေပြီ။ သာမန် တန်ပြန် တိုက်ကွ မျိုးပင်မဟုတ်။ သည်လူလေးယောက်စလုံးကို အလဲအကွဲ ဖြစ်စေ တစ်ချက်လွှတ်တိုက်ကွက်များ တွေ့လိုက်ရခြင်း ဖြစ်ပေသည် သို့သော် သူသည် မတိုက်ခိုက်မိ ပြန်လည် စဉ်းစားမိလိုက်၏။

'ဒီအချိန်မှာ ချက်ချင်း တန်ပြန်တိုက်လို့တော့ ဖြစ် မဟုတ်ဘူး၊ ချက်ချင်း တိုက်လိုက်တယ်ဆိုရင် ချူကျူးက ငါ့ လက်ထောက်ချလိုက်တာတွေကို မျက်ကြွယ်ဆရာမကြီး ရိပ်မိသွ နိုင်တယ်၊ ဒီ မယ်သီလရှင်ကြီးက သိပ်ရက်စက်တဲ့ မယ်သီလရှင်ကြ တော်ကြာ ငါ့အတွက်နဲ့ ချူကျူး ဒုက္ခရောက်နေဦးမယ်၊ ဟင် ချက်ချင်းတိုက်လို့တော့ မဖြစ်သေးပါဘူးလေ'



ထိုအတွေးကြောင့် ဟူကျင်းသည် လုံးဝ ပြန်လှန် တိုက်ခိုက်ခြင်း မပြုလုပ်ဘဲ ရှောင်တိမ်းခုခံလျက်သာ နေတော့သည်။ ထိုသို့ ရှောင်တိမ်းခုခံနေရင်းမှ ထိုလေးယောက်တို့၏ တိုက်ကွက်နှင့် ခြေကွက်များကို ပို၍ သဘောပေါက် နားလည်အောင် ထပ်မံလေ့လာနေတော့သည်။

သို့ရာတွင် ချူကျူးမှာမူကား ဟူကျင်းက ဤသို့ တန်ပြန် မတိုက်ခိုက်လေလေ၊ စိုးရိမ်ပူပန်လေ ဖြစ်နေရတော့သည်။ သူ၏ စိုးရိမ်ပူပန်စိတ်ကို မျိုသိပ် မထားနိုင်တော့သည့်အဆုံးတွင် ကျယ်လောင်သောအသံဖြင့်ပင်...

'ဆရာမကြီး... သူ့ကို ဝါဆန်းနဲ့ခွန်းလွန်ဂိုဏ်းက ဒီလောက် အချိန်ကြာအောင် တိုက်တာတောင် မနိုင်၊ နိုင်သေးဘူး၊ သူတို့ကို ထွက်ခိုင်းလိုက်ပြီး ကျွန်မတို့ ဝါမေဂိုဏ်းက ဝင်တိုက်ရင် ကောင်းမယ်နဲ့တူတယ်'

ထိုစကားကို ကြားသောအခါ ဇူးရှင်က ဒေါသတကြီးဖြင့် လှမ်းအော်လိုက်သည်။

'ဒီကောင်လေး ညည်းနဲ့ ဘာတော်လို့ သူ့ဘက်က လိုက် ကာကွယ်နေရတာလဲ၊ ဘာလဲ ညည်းက တို့ဂိုဏ်းတွေထဲက သစ္စာဖောက်ချင်လို့လား၊ ဒီလိုနည်းနဲ့ တို့ ခွန်းလွန်ဂိုဏ်းကို လာမစမ်းနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ဗူးရှင်၏ စကားကြောင့် ချူကျူး၏ မျက်နှာလေး နီရဲသွားတော့၏။ ထို့ပြင် မျက်ကြွယ်ဆရာမကလည်း ချူကျူးအား...

ကြားလား ချူကျူး၊ သူတို့ ခွန်းလွန်ဂိုဏ်းကို လာမစမ်းနဲ့တဲ့၊ မင်း အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက်လေး ထိုင်ကြည့်နေ

မျက်ကြွယ်ဆရာမကြီးသည် ချူကျူးအား မည်သို့မျှ စိတ်ကွက်ဟန် မပေါ်ချေ။ ခွန်းလွန်ဂိုဏ်းမှ ဗူးရှင်၏ စကားကို နားကလောသွားဟန်ဖြင့် ခွန်းလွန်ဂိုဏ်းအား ခနဲ့တဲ့တဲ့ စောင်းပါး ရိပ်ခြည် ပြောလိုက်ခြင်းသာဖြစ်၏။

ဟူကျင်းသည် အခြေအနေအားလုံးကို ရုတ်တရက် သဘောပေါက်သွားသည်။

ချူကျူးကိုလည်း အလွန် ကျေးဇူးတင်မိပေသည်။

စောစောက အမိက သော့ချက်များကို ချူကျူးက လက်ထောက်ချ ပြောသွားခဲ့ပြီ။ မိမိ သိရှိထားသော်လည်း ချူကျူးက မိမိ မသိသေးဟု ထင်နေပုံရသည်။ သည်အတိုင်း ရှောင်တိမ်းခုခံနေလျှင် ချူကျူးသည် အခြားနည်းလမ်းတစ်ခုဖြင့် မိမိအား ထပ်မံ ကူညီတော့မည်မှာ သေချာနေပေ၏။

ထိုအခါမှ မျက်ကြွယ်ဆရာမကြီး ရိပ်မိသွားပြီး ချူကျူး ဒုက္ခရောက်ရပေတော့မည်။ ထို့ကြောင့် မိမိသည် သည်အတိုင်း ခုခံနေ၍ မဖြစ်တော့။ တန်ပြန်တိုက်ခိုက်မှသာ တော်ပေတော့မည်။



ထိုအတွေးနှင့်အတူ ဟူကျင်းသည် တဟားဟား ရယ်မောလိုက်ရင်း ညာခြေကို ရှေ့ခပ်စောင်းစောင်းသို့ လှမ်းလိုက်သည်။ ညာလက်ရှိ သစ်ကိုင်းဖြင့် အရပ်ပု၏ နောက်ကျောကို ရိုက်ပစ်လိုက်ပြီး သူ၏ကိုယ်ကို ယိမ်းနွဲ့ရှောင်တိမ်းလိုက်၏။

ထိုအခါ ဗူးရှင် ခုတ်လိုက်သောဓားသည် အရပ်ပုအဘိုးကြီး ဟူကျင်း၏ သစ်ကိုင်းရိုက်ချက်ကို ရှောင်လိုက်သည့်အချိန်နှင့် ထိပ်တိုက်သွားတိုးတော့သည်။ ထို့ကြောင့် အရပ်ပုအဘိုးကြီးသည် သူ၏ ဓားကို အမြန်ဆုံး ပြန်လှည့်လျက် ဗူးရှင်၏ ဓားချက်ကို ခုခံ လိုက်ရလေတော့သည်။

အမှန်စင်စစ် ဟူကျင်းသည် အားပြောင်းအားလွှဲသိုင်းနှင့် တန်ပြန်ခြေကွက်များကို အသုံးပြုလိုက်ခြင်းပင်ဖြစ်၏။

ထိုအခိုက် အရပ်ရှည်အဘိုးကြီး၏ ဓားချက်သည်လည်း ဗူးရှင်၏ ပခုံးပေါ်သို့ လင်းခနဲ ကျရောက်လာပြန်တော့သည်။

ဤအခြေအနေကို လျှပ်တစ်ပြက်အတွင်း ဟိုတိုက်ချုံး တိုက်ပြုလိုက်မိပေသည်။ သူ့ဇနီးအတွက် အန္တရာယ် ဓားချက် င်လာနေပြီ မဟုတ်ပါလား။ ဟိုတိုက်ချုံးသည် သူ၌ ရှိသမျှသော လျင်မြန်နှုန်းကို သုံးစွဲပြီး သူ့ဇနီးပေါ်သို့ ကျရောက်တော့မည့် အရပ်ရှည်၏ ဓားချက်ကို ကာကွယ်လိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ဟွကျင်းက လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ပြန်ရာ အရပ်ပု၏ ဓားချက်သည် ဟိုတိုက်ချူး၏ ဝမ်းဗိုက်ဆီသို့ တန်းခနဲ ဝင်ရောက်သွားပြန်သည်။ အရပ်ပု အဘိုးကြီး၏ ဓားချက်လွတ်သွားသော စူးရှင်သည် အလွန်အမင်း ဒေါသထွက်လာသဖြင့် အရပ်ပုအဘိုးကြီးအား များစွာ အားမာန်ပါလှသည့် ဓားချက်သုံးချက်ဆက်တိုက် ထိုးခုတ်လိုက်တော့သည်။

အရပ်ပုအဘိုးကြီးသည် ဟိုတိုက်ချူး ဝမ်းဗိုက်ဆီသို့ သွားနေသော သူ၏ဓားကို အမြန်ဆုံး ရုပ်သိမ်းလျက် စူးရှင်၏ ဓားချက်များကို အပြင်းအထန် ခုခံနေရပြန်တော့သည်။ ခုခံရင်းဖြင့် အရပ်ပုအဘိုးကြီးက အော်ဟစ်လိုက်သည်။

'ဘယ်လိုလဲ၊ မင်းတို့နှစ်ယောက် ဘယ်လိုဖြစ်နေကြတာလဲ၊ ဒီကောင်လေးရဲ့ ဆင်ကွက်ထဲ မဝင်ကြနဲ့လေ'

ဟိုတိုက်ချူးသည် ချက်ချင်း သဘောပေါက်သွားသည်။ ထို့ကြောင့် သူ၏ ဓားချက်ကို ဟွကျင်းသို့ လှမ်း၍ ထိုးစိုက်လိုက်တော့၏။

ဟွကျင်းသည် သူ၏ အားပြောင်းအားလွှဲသိုင်းကို ချက်ချင်း ထုတ်၍ အသုံးပြုလိုက်ရာ ဟိုတိုက်ချူး၏ ဓားသည် မူလလမ်းကြောင်းမှ ကွေ့ချော်သွားပြီး အရပ်ရှည်၏ ပခုံးသို့ သွားရောက် ထိုးစိုက်မိတော့သည်။





'အား...'

အရပ်ရှည်သည် အလွန် နာကျင်လှသဖြင့် အသံနက်ကြီးဖြင့် အော်လိုက်ပြီး ဒေါသလည်း ပြင်းစွာ ထွက်လာသဖြင့် ဟိုတိုက်ချူး၏ ခေါင်းကို ခုတ်ချလိုက်တော့၏။

ယင်း အခြေအနေဆိုးကို အရပ်ပုက ဝင်ရောက် ထိန်းသိမ်းလိုက်ရသည်။ သူတို့ လေးယောက်စလုံးသည် ဟွကျင်း၏ အားပြောင်းအားလွှဲသိုင်းကြောင့် တစ်ယောက်ကိုတစ်ယောက် ဒေါသဖြစ်လာမိကြပြီး မလုပ်သင့်သည့် အလုပ်များကို လုပ်မိလာကြတော့သည်။

ကိုယ့်တပ် ကိုယ်နင်းကြတော့မည့် အခြေအနေကို အရပ်ပုက ထိန်းသိမ်းရန် ကြိုးစားခြင်းဖြစ်သည်။ သူ၏ ဂိုဏ်းတူညီလေး အရပ်ရှည်အား ဖျောင်းဖျောင်းဖျဖျ ပြောရန် ဟန်ပြင်လိုက်သည်။

'ညီလေး စိတ်ကိုထိန်း... စိတ်ကိုထိန်း၊ ဒါ ဟိုကောင့် ဓားချက်ကြောင့်၊ အား...'

ထိုအခိုက်အတန့်အတွင်း ဟွကျင်းသည် စူးရှင်၏ ဓားချက်ကို ထပ်မံ လမ်းပြောင်းပေးလိုက်ပြန်ရာ အခြေအနေဆိုးကို ထိန်းသိမ်းရန် ကြိုးစားနေသည့် အရပ်ပု အဘိုးကြီး၏ ပခုံးသို့ ထိုးစိုက်မိသွားပြန်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ဝါဆန်းကိုဏ်းဝင် အဘိုးကြီး နှစ်ယောက်စလုံး ဒဏ်ရာကိုယ်စီ ရသွားကြလေပြီ။ သူတို့နှစ်ယောက်၏ အပြန်အလှန် ဓားသိုင်း၏ အကွက်ဈေးလှသော ဆက်သွယ်မှုများသည်လည်း တဖြည်းဖြည်း ပြတ်တောက်သွားလေပြီ။ ထို့ကြောင့် လေးယောက် ပေါင်း တိုက်ကွက်သည်လည်း ပျက်ပြားသွားရတော့သည်။

မည်မျှ ပျက်ပြားလာရသနည်းဆိုမူ သူတို့ ဓားချက်များ သည် ဟူကျင်းထံသို့ လုံးဝ မသွားတော့သည်အထိ ဖြစ်လာကြ၏။

အရပ်ရှည်၏ ဓားချက်သည် စူးရှင်၏ ပခုံးသို့ ကျရောက် သွားပြီး ဟိုတိုက်ချူး၏ ဓားချက်မှာလည်း အရပ်ပု၏ ဝမ်းဗိုက်ဆီသို့ ကျရောက်သွားတော့၏။ နောက်ထပ် လေးကွက်မျှ သူတို့ တိုက်လိုက် ကြသောအခါတွင်မူ ဟိုတိုက်ချူးတို့ လင်မယား နှစ်ယောက်တို့သည် အချင်းချင်း ခုတ်ထစ်မိကြတော့၏။ ထို့အတူ အရပ်ပုနှင့် အရပ်ရှည် တို့ နှစ်ဦးသည်လည်း အချင်းချင်း ခုတ်ထစ်မိကြပြန်တော့သည်။

ထိုသို့ ပွဲသိမ်းချိန်နီးမှာပင် ခန်းမတွင်းရှိ ပရိတ်သတ်များ သည် ဓားချက်များကို လွှဲပြောင်းပေးနေသည့် ဟူကျင်း၏ ပညာခန်း ကို သိရှိ သဘောပေါက်သွားကြတော့သည်။ သို့သော် မည်သို့ ဓား လမ်းကြောင်းများကို ပြောင်းပေးနေကြောင်းကိုမူ မည်သူတစ်ယောက် မှ တွေ့မြင်လိုက်နိုင်ခြင်း မရှိကြပေ။



ထို ပွဲကြည့်ပရိတ်သတ်ထဲတွင် ဟူကျင်း မည်သို့ ဓားလမ်း ကြောင်း ပြောင်းပေးနေသည်ကို အနည်းငယ် သိမြင်သူ တစ်ယောက် တော့ ရှိပေသည်။ ထိုသူကား အလင်းမာန်ကိုဏ်းမှ ရန်ရောင်တည်း။

ရန်ရောင် တစ်ဦးတည်းသာ အားပြောင်းအားလွှဲပညာကို အနည်းငယ် တတ်ကျွမ်းထားသည်။

ဤပညာဖြင့် ဤမျှ ထူးခြားစွာ တိုက်ခိုက်နိုင်သည်ကို မူသာ မျက်မြင်မဟုတ်လျှင် မည်သို့မျှ ယုံနိုင်လိမ့်မည် မဟုတ်ချေ။ အားပြောင်းအားလွှဲသိုင်းပညာ၏ နက်နဲမှုကို ကောင်းစွာ သဘော ပေါက်လာသည်။

သည်မျှ နက်နဲသော သိုင်းပညာကို ကောင်းစွာ ကျွမ်းကျင် တတ်မြောက်ထားသည့် ဟူကျင်းကိုလည်း လေးစားမိတော့သည်။ သိမ်းခါနီးလေ ပွဲက ကြည့်ကောင်းလေ ဖြစ်လာသည်။ ကြည့် ကောင်းသည်ဆိုသည်မှာ ဟူကျင်းကိုထိုးခုတ်တိုက်ခိုက်နိုင်၍မဟုတ်။ ထိုးခုတ်သမျှ ဓားချက်တို့သည် လေးယောက် အချင်းချင်းသာ ထိခိုက်နေကြပြီဖြစ်သည်။

ထိုစဉ် အရပ်ရှည်အဘိုးကြီးက အော်ဟစ် သတိပေးနေ သည်။

'အစ်ကိုကြီး... အစ်ကိုကြီးရဲ့ ဓားချက်ကို အားနည်းနည်း လျှော့လို့ မရဘူးလား၊ ကျွန်တော် သိပ်ခံနေရတယ်'

www.burmeseclassic.com

www.burmeseclassic.com



အရပ်ပုကလည်း ပြန်အော်သည်။

'မင်းကို ခုတ်နေတာ မဟုတ်ဘူး ညီလေးရ၊ ဟို နွားကောင်လေးကို ခုတ်နေတာ'

ထိုစဉ် အရှပ်ရှည်က အလန့်တကြား ထပ်အော်ပြန်သည်။

'အစ်ကိုကြီး... အစ်ကိုကြီး၊ သတိထား... သတိထားကျွန်တော့် ဓားချက် အစ်ကိုကြီးဆီ ကွေ့ဝင်နေ...နေ'

စကားမဆုံးမီပင် အရပ်ရှည်၏ ဓားသည် အရပ်ပု၏ ခါးကိုထိုးမိသွားတော့သည်။

ဟိုတိုက်ချုံးသည် အော်ဟစ်၍ ပြောလိုက်သည်။

'ဒီကောင် ဘာနည်းတွေနဲ့ တို့ကို လုပ်နေတာလဲ မသိဘူး'

စူးရှင်သည် ဘာမျှ မပြောတော့။ သူ၏ ဓားကို မြေကြီးပေါ်သို့ ပစ်ချလိုက်တော့သည်။ အရပ်ပုသည် ချက်ချင်း သဘောပေါက်သွားသဖြင့် သူ့ဓားကိုလည်း ပစ်ချလိုက်တော့သည်။

စူးရှင်ကဲ့သို့ လက်သီး၊ လက်ဝါး၊ လက်ဝါးစောင်းများကိုအသုံးပြု တိုက်ခိုက်မှ တော်ကာကျမည်ဟု တွက်ဆလိုက်ပြီး ဟူကျင်း၏ ရင်ဝကို ပြင်းထန်သော လက်သီးတစ်ချက် ထိုးချလိုက်၏။

အရပ်ရှည်နှင့် ဟိုတိုက်ချုံးတို့သည် နောက်ပိုင်းကျမှသဘောပေါက်သွားကြပြီး သူတို့၏ ဓားများကို ပစ်ချကာ လက်သီး၊ လက်ဝါး၊ လက်ဝါးစောင်းများဖြင့် တရစပ် တိုက်ခိုက်ကြတော့၏။



သို့သော် သူတို့လေးယောက်၏ လက်သီး၊ လက်ဝါး၊ လက်ဝါးစောင်းများသည် ဟူကျင်းကို တစ်ချက်ကလေးမျှ ထိအောင် မထိုးနိုင်ကြ။ ထိုလက်သီးများအကြားတွင် ငါးရှဉ့်တစ်ကောင်ပမာ လူးလိမ့်ရှောင်တိမ်းနေတော့သည်။ ဟူကျင်း၏ တန်ပြန်လက်သီးတစ်ချက်တစ်လေတုံ့ပြန်လာသည့်အခါတွင်မူ သူတို့ လေးယောက် တောင့်မခံနိုင်ကြချေ။ နောက်သို့ လေးငါးလှမ်းမျှ ဆုတ်ပေးကြရတော့၏။

ရုတ်တရက် စူးရှင်သည် လက်ချောင်းဆယ်ချောင်းဖြင့် ဟူကျင်း၏မျက်နှာကို ထိုးစိုက်လိုက်သည်။ အရပ်ပုက ဟူကျင်း၏ ဆုတ်လမ်းကို ပိတ်လိုက်သည်။ ဟိုတိုက်ချုံးနှင့် အရပ်ရှည်တို့နှစ်ယောက်ကမူ ဟူကျင်းအား ချောင်ပိတ်မိမည့် အခွင့်အရေးကို လက်လွှတ် မခံကြတော့။ ဟူကျင်းအား အားအင်သုံး၍ ညှပ်ဖွားညှပ်ပိတ် ချုပ်နှောင်နိုင်ရန် နှစ်ဦးသား တစ်ပြိုင်နက် ခုန်အုပ်လိုက်ကြတော့သည်။

ဟူကျင်းသည် အကျဉ်းအကျပ် အခြေအနေအတွင်း အားပြောင်းအားလွှဲသိုင်းကို အသုံးပြုလျက် လူလေးယောက်ကြားမှ လေထဲသို့ တိုးထွက် ပျံဝဲထွက်လာတော့သည်။

လေထဲတွင် ကိုယ်ကို တစ်ပတ်ဝဲလျက် လူလေးယောက်နှင့် လွတ်ကင်းသည့် နေရာသို့ ခုန်ဆင်းလိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်လေးယောက်၏ အခြေအနေမှာမူကား...

ဟိုတိုက်ချုံးသည် သူ့ဇနီး၏ခါးကို ဖက်ထားလျက်ရှိပြီး ဗူးရှင်ကမူ သူ့ယောကျ်ား၏ ပခုံးကို ဆုပ်ကိုင်ထားလျက် ရှိနေ၏။ အရပ်ပုနှင့် အရပ်ရှည်တို့သည်လည်း တစ်ယောက်နှင့်တစ်ယောက် မလွှတ်တမ်း ဖက်ထားလျက် ရှိနေပေ၏။ ထိုသို့ ဖြစ်နေသည့် အနေအထားမှာ နှစ်ယောက်စီ တစ်ကွဲတစ်ပြားစီ ဖြစ်နေကြခြင်း မဟုတ်။ လေးယောက်စလုံး ပူးကပ် ရောထွေးနေကြခြင်း ဖြစ်ပေသည်။

ဟိုတိုက်ချုံးတို့ လင်မယားမှာမူ သူတို့၏ လက်ငင်း အခြေအနေကို ချက်ချင်း သုံးသပ်မိကြ၏။ ထို့ကြောင့် ခုန်ထလိုက်ကြပြီး လူချင်းခွဲလိုက်ကြသည်။

အရပ်ပုနှင့် အရပ်ရှည်ကမူ အချင်းချင်း ပွေ့ဖက်မိကြခြင်းကို သဘောမပေါက်မိကြ။ ဟူကျင်းကို ဖမ်းမိထားသည်ဟု ထင်နေကြသည်။ သို့သော် မကြာမီပင် သူတို့လည်း ခုန်ထလိုက်ကြသည်။ အရပ်ရှည်သည် ဟူကျင်းအား အော်ဟစ် ပြောကြားလိုက်သည်။

'ဟေ့ကောင်လေး... မင်း တို့ကို သိုင်းပညာနဲ့ ယှဉ်ပြိုင်တာမှ မဟုတ်တာဘဲကွ'



'ကျွန်တော်က သိုင်းပညာနဲ့ မပြိုင်လို့ ဘာပညာနဲ့ ပြိုင်ရမှာလဲဗျ'

'မင်း ပြိုင်နေတာ သိုင်းပညာ မဟုတ်ဘူးကွ၊ မှော်ပညာ၊ မှော်ပညာ'

အရပ်ပုက မည်သည့် စကားမျှ မပြောတော့။ ပြောလျှင်လည်း မိမိတို့သာ အရှက်ထပ်ကွဲရတော့မည်။ ယခုလည်း ဟူကျင်းကို တစ်ခါပြိုင်မဟုတ် နှစ်ခါ ပြိုင်ခဲ့ပြီးပြီ။ နှစ်ခါစလုံး မနိုင်ခဲ့ကြ။ သူသည် ဟူကျင်းကို အရိုအသေပေးလျက် လေးလေးစားစားပင် ပြောလိုက်သည်။

'ငါ့ညီရဲ့ သိုင်းပညာကတော့ တကယ့်ကို ပြိုင်စံရှားတဲ့ သိုင်းပညာပါပဲ၊ ဝါဆန်းဂိုဏ်းက အရှုံးပေးလိုက်ပါပြီကွာ'

ဟူကျင်းကလည်း ပြန်လည် အရိုအသေပေးလျက် ရည်မွန်ပြည့်ဝစွာ ပြန်ပြောလိုက်သည်။

'ကျွန်တော် ဆရာကြီးတို့အပေါ် ရိုင်းရိုင်းစိုင်းစိုင်း စော်ကားခဲ့ရင်လဲ ခွင့်လွှတ်ပါ၊ ကျွန်တော်လဲ တကယ့်ကို အကျဉ်းအကျပ်ထဲ ရောက်ခဲ့ရတာပါ၊ ကံကောင်းလို့သာ ဓားချက်နဲ့ မသေခဲ့ရတာပါ'

ဤစကားမျိုးကို ဟူကျင်းအနေဖြင့် အမှန်ကန်ဆုံး ပြောလိုက်ခြင်းသာ ဖြစ်ပါ၏။ သူ့အဖို့ လေးယောက် သိုင်းကွက် အကွင်း၌ မလှုပ်နိုင် မရှားနိုင် ချောင်ပိတ်မိခံရတော့မည့်ကိန်းသို့ ဆိုက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ရသည် မဟုတ်ပါလား။ မိမိ၏ ဘဝင်မြင့်မှုကိုပင် နောင်တရ မိခဲ့သေးသည် မဟုတ်ပါလား။

အကယ်၍ ချူကျူးက သိုင်းသမားလေးယောက်၏ အဓိက သော့ချက်များကို ဖွင့်ဟပြောဆိုခြင်းဖြင့် မကူညီခဲ့လျှင် သူ့အဖို့ ယခုကဲ့သို့ အသက်ရှင်လျက် နေရကောင်းမှ နေရပေတော့မည်။

ဟူကျင်းနှင့် အရပ်ပုတို့ ပြောနေသည့် စကားများကို ကြားရ သောအခါ အရှမ်ရှည်က ဝင်၍ ပြောလိုက်သည်။

'မင်းက ကံကောင်းလို့ တို့ဓားချက်နဲ့ မသေရဘူးဆိုတော့ မင်း တို့ကို သိသိလေးနဲ့ နိုင်ခဲ့တာလို့ ဆိုချင်တာလား'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် သိသိကလေးနဲ့ ကပ်နိုင်ခဲ့ တာပါ၊ ဆရာကြီးတို့ရဲ့ ဓားသိုင်းဟာလဲ တကယ် ထက်မြက်ပါတယ် ဒါနဲ့ ဆရာကြီးတို့ရဲ့ နာမည်ကလေးများ မသိရဘူးလား'

အရပ်ပုက လျှင်မြန်စွာ ဝင်ပြောလိုက်သည်။

'ငါတို့ရဲ့နာမည်ကို မသိချင်ပါနဲ့တော့ကွာ၊ ငါတို့အနေနဲ့ အရှုံးသမားတွေ ဖြစ်နေတော့ တို့နာမည်ကို မပြောချင်တော့ပါဘူး ဒါတော့ ခွင့်လွှတ်ပါ'

ဟူကျင်းသည် ရှန်းရီ ရှိရာဘက်သို့ လျှောက်လာပြီး ရှန်းရီ ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးလိုက်၏။ ပြီးနောက် ရှန်းရီ၏ ကိုယ်ပေါ်ရှိ အကြောနှစ်နေရာကို လက်ညှိုးဖြင့် ထိုးလိုက်သည်။



'အခုကိစ္စတွေ အားလုံး ပြီးစီးသွားတဲ့အခါကျရင် ခင်ဗျားရဲ့ အဆိပ်ကို ကျုပ် ဖြေပေးပါ့မယ်၊ အခု လောလောဆယ်တော့ အဆိပ် တွေ ပြန့်မသွားအောင် အကြောပိတ်ပေးထားပါတယ်'

ဟူကျင်းသည် သူ့ရှေ့ရှိ ရှန်းရီကို ဂရုတစိုက် ပြောနေခြင်း ဖြစ်ရာ နောက်ဘက်၌ မည်သို့ ဖြစ်နေသည်ကို သူ မသိချေ။

သို့ရာတွင် သူ့နားထဲ၌ လေကို ထိုးဖောက် ပျံသန်းလာသည့် အရာဝတ္ထုတစ်ရုံခု၏ လေတိုးသံကို ရှူးရှူးရှရှ ကြားလိုက်ရသည်။ လျှပ်တစ်ပြက်အတွင်း သူသည် လေထဲသို့ ရိပ်ခနဲ ခုန်တက်လိုက် တော့၏။ ထိုတဒင်္ဂအတွင်း အားခနဲ ရှူးရှူးဝါးဝါး အော်ဟစ်သံ တစ်ခု ကို ကြားလိုက်ရတော့သည်။

ဟူကျင်းသည် မြေပေါ်သို့ ပြန်ရောက်ပြီး အသံကြားရာသို့ စူးစမ်းလိုက်သောအခါတွင်မူ ရှန်းရီ၏ ရင်ဝတွင် ဓားနှစ်လက် တန်းလန်း စိုက်လျက် ရှိနေပေပြီ။ ရင်ဝ၌ တန်းလန်းစိုက်နေသည့် ဓားနှစ်လက်ပိုင်ရှင်ကား ဟိုတိုက်ချုံးနှင့် စူးရှင်တို့သာတည်း။

ဟိုတိုက်ချုံးနှင့် စူးရှင်တို့သည် သူတို့ ရှုံးခဲ့ရသည့်အတွက် အခဲမကျေနိုင်ဘဲ ဟူကျင်းအား ချောင်းမြောင်း တိုက်ခိုက်လိုက်ကြ ခြင်း ဖြစ်ပေသည်။

ဟူကျင်းအနေဖြင့်လည်း အချိန်မီ ခုန်ထွက် ရှောင်လိုက်နိုင် ခြင်းကြောင့် အသက်ဘေးမှ သိသိကလေး လွတ်မြောက်ခဲ့ရခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့သော် ဝါဆန်းဝိုက်းချုပ် ရှန်းရီခများမှ ကံဆိုးလှစွာဖြင့် သူ၏ အမိုက်ဇာတ်ကို မမျှော်လင့်ဘဲ အဆုံးသတ် ဇာတ်သိမ်းလိုက်ရပေသည်။

အဆင့်မြင့်လှသောသိုင်းပညာ ပြိုင်ပွဲကြီးအတွင်း နိုးကြောင်းနိုးဝှက် နောက်မှ လုပ်ကြံသည့် အပြုအမူကြောင့် ပြိုင်ပွဲခန်းမအတွင်း မကျေနပ်သံများ ဆူပွက်လာကြတော့သည်။

လူရှေ့သူရှေ့ လုပ်ကြံမှု မအောင်မြင်သောအခါတွင် ဟိုတိုက်ချူးတို့ လင်မယား နှစ်ယောက်စလုံးသည် ဟူကျင်းအား အသေခံ၍ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ကြတော့၏။ နှစ်ယောက်စလုံး၌ ရှိသမျှသော အစွမ်းကုန် ပညာကုန် ထုတ်လျက် ဟူကျင်းအား တိုက်ခိုက်ကြတော့သည်။

ဟူကျင်းကမူ သူတို့၏ တိုက်ခိုက်မှုများကို တတ်နိုင်သမျှ ရှောင်တိမ်း ခုခံလျက်သာ ရှိနေ၏။

ထိုစဉ် ဟူကျင်းသည် အကြံကောင်းတစ်ချက်ကို လက်ခနဲ ရသွားပြီး ရှန်းရီ၏ ကိုယ်ခန္ဓာရှိရာ အနီးသို့ ထွက်ပြေး ခုန်ရှောင်သွားသည်။

ပြီးနောက် ဘယ်လက်ဖြင့် မြေကြီး အနည်းငယ် ခြစ်ယူလိုက်ပြီး လက်ပြင်မှ ထွက်သောချွေးဖြင့် မြေကြီးများကို ဆေးလုံးငယ်ကလေးသဖွယ် ကျစ်လိုက်သည်။ တစ်ဖန် ရှန်းရီ၏ ရင်ဘတ်တွင်းမှ တစ်စုံတစ်ခုကို နှိုက်ယူဟန်ပြုလိုက်သည်။



ဟူကျင်း ဤသို့ အလုပ်ရှုပ်နေသည့် အခွင့်ကောင်းကို ယူကာ ဟိုတိုက်ချူးတို့ လင်မယားသည် ခုန်အုပ်တိုက်ခိုက်လိုက်ကြတော့သည်။ သူတို့၏ စိတ်ထဲတွင်လည်း သည်တစ်ချီတွင် ဟူကျင်းအား ကျိန်းသေ ဖမ်းချုပ်နိုင်လိမ့်မည်ဟု ယုံကြည် စိတ်ချလိုက်ကြသည်။

သို့သော် ဟူကျင်းက သူ၏ နေစကြာ အတွင်းအားကို အဆင့်ခြောက်ဆင့်အထိ မြှင့်တင်တွန်းထုတ်လိုက်ရာ လင်မယား နှစ်ယောက်စလုံး၏ ရင်ဝတွင် ရုတ်တရက်ပိတ်ဆို့သွားပြီး အသက်မရှုနိုင်တော့သလို ဖြစ်သွားရတော့၏။ ထို့ကြောင့် ပါးစပ်ဖြင့် အသက်ရှုနိုင်ရန် သူတို့၏ ပါးစပ်များကို ဟ,ရန် ကြိုးစား လိုက်ကြသည်။

ထိုအချိန်တွင် ဟူကျင်း၏ လက်သည် တစ်ချက်မျှ ဝေ့ယမ်းသွားပြီး မြေကြီးလုံး နှစ်လုံးတို့သည် လင်မယားနှစ်ယောက်၏ ပါးစပ်ထဲသို့ တစ်လုံးစီ ဝင်ရောက်သွားကြတော့၏။ ဟူကျင်း၏ တွန်းထုတ်ထားသော အတွင်းအားကြောင့် ဟိုတိုက်ချူးတို့ လင်မယား နှစ်ယောက်စလုံး မည်သို့မျှ မပြုလုပ်နိုင်မီ တိုတောင်းသော အချိန်ကာလ ကလေးအတွင်း မြေကြီးလုံးကလေးများသည် လည်ချောင်းမှ ဝမ်းဗိုက်အတွင်းသို့ ကျရောက်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားသွားကြပြီ။ လင်မယား နှစ်ယောက်စလုံး အလွန် တုန်လှုပ်ချောက်ချားသွားကြတော့သည်။ အဘယ်ကြောင့် မချောက်ချားဘဲ နေနိုင်မည်နည်း။ သူတို့ မျက်မြင်ပင် ဟူကျင်းသည် ရှန်းရီ၏ ကိုယ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူလိုက်သည် မဟုတ်ပါလော။ နှိုက်ယူလိုက်သော တစ်စုံတစ်ခုဖြင့် ပစ်လိုက်ရာ မိမိတို့၏ ပါးစပ်အတွင်းသို့ ဝင်ရောက်လာသဖြင့် ဝမ်းဗိုက်အတွင်းသို့ ဝင်ရောက်သွားကြပြီ မဟုတ်ပါလား။

ရှန်းရီသည် အလွန် ယုတ်မာကောက်ကျစ်သူဖြစ်၍ ရွှေပိုးနံ့ကောင် အဆိပ်မျိုးကိုပင် လျှို့ဝှက် သိမ်းဆည်းထားခဲ့သူ မဟုတ်ပါလော။ ထိုသူ့ထဲမှ နှိုက်ယူလိုက်သော တစ်စုံတစ်ခုသည် အဆိပ်မှ တစ်ပါး အခြား ဘာမျှ မဖြစ်နိုင်တော့ပြီ။ ထို့ကြောင့် ဤမျှ တုန်လှုပ်ချောက်ချားသွားကြခြင်းဖြစ်သည်။

လင်မယား နှစ်ယောက်စလုံး၏ မျက်နှာများသည်လည်း လူသေ၏မျက်နှာကဲ့သို့ ဖြူရော်သွားကြတော့၏။ ရွှေပိုးနံ့ကောင် အဆိပ်ကြောင့် ရှန်းရီ အလူးအလိမ့်ခံရသည်တို့ကို သတိရမိလိုက်သောအခါ စူးရှင်မှာ မေ့လဲကျမတတ် ဖြစ်ခဲ့ရလေသည်။

ဟူကျင်းကမူ အေးစက်သော လေသံဖြင့် ခြိမ်းခြောက်လိုက်၏။



'ကဲ... ခင်ဗျားတို့ အခု ဘာတတ်နိုင်သေးသလဲ၊ ခင်ဗျားတို့ ဗိုက်ထဲကို ရွှေပိုးနံ့ကောင် ရောက်သွားပြီ၊ ခင်ဗျားတို့ သေကြရတော့မယ်၊ ရှန်းရီလို ခံစားပြီး သေကြရတော့မယ်'

ထိုစဉ် ဝါဆန်းဂိုဏ်းမှ အဘိုးကြီးက တစ်စခန်း ထလာပြန်သည်။

'စူးရှင် မင်းတို့ လင်မယားနှစ်ယောက်ဟာ ငါတို့ရဲ့ ဝါဆန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကို သတ်ပစ်လိုက်ကြပြီ၊ ဒီတော့ မင်းတို့နဲ့ ငါတို့နဲ့ အရင်းရှင်းစရာ ရှိသေးတယ်၊ အဲဒီစာရင်းကို မင်းတို့ မှတ်ထားကြပေတော့'

အရေးထဲ အရာပေါ် တစ်ပူပေါ် နှစ်ပူဆင့်။

ဘူးလေးရာ ဖရုံဆင့်ဆိုသည့် ကိန်းသည် ဟိုတိုက်ချုံးနှင့် စူးရှင်တို့ လင်မယားနှစ်ယောက်ပေါ်သို့ ဆိုက်ရောက်နေကြလေပြီ။ ထို့ကြောင့် ပို၍ ပို၍ တုန်လှုပ်ကြောက်ရွံ့လာကြတော့၏။ ထိုစဉ် ဟူကျင်းက ပြုံး၍...

'လောလောဆယ်တော့ ခင်ဗျားတို့ နှစ်ယောက်စလုံး စိုးရိမ်စိတ်မပူကြနဲ့၊ ဒီအဆိပ်ဟာ နောက်ခြောက်နာရီလောက်မှ အစွမ်းပြမှာပါ၊ ကျုပ် ဒီကိစ္စ အရင် ရှင်းလိုက်ဦးမယ်၊ ပြီးပြီဆိုရင်တော့ ခင်ဗျားတို့ကို အဆိပ်ဖြေပေးမယ်၊ ခင်ဗျားတို့ကသာ ကျုပ် ဒီကိစ္စထဲ ဝင်မစွက်ဘဲ ငြိမ်ငြိမ်နေကြပါ'

www.burmeseclassic.com



ဟိုတိုက်ချုံးတို့ လင်မယား နှစ်ယောက်စလုံးသည် ဟူကျင်း၏ စကားကို ကြားလိုက်ရသည့်အခါတွင် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလျက် သူတို့၏ မျက်နှာများသည်လည်း ဝင်းလက်တောက်ပသွားကြ၏။

သူတို့သည် ဟူကျင်းအပေါ် အလွန် ကျေးဇူးတင်သွားကြသည်။ သို့သော် လူရှေ့သူရှေ့တွင် ကျေးဇူးတင်စကား ပြောရန်မှု စကား မထွက်ရဲကြချေ။ ထို့ကြောင့် ချက်ချင်းပင် သူတို့ဂိုဏ်း နေရာသို့ ပြန်ဆုတ်သွားကြတော့၏။ ဟူကျင်းက...

'ဒါပေမယ့် ခင်ဗျားတို့ ဒီအတိုင်း မနေကြနဲ့ဦး၊ ခုံးတုံဂိုဏ်းက ရိတုံး အဆိပ်ဖြေဆေးလေးတွေတောင်းပြီး တစ်ယောက် နှစ်လုံးစီ ကြိုတင် စားထားကြပါ၊ ဒါမှ အဆိပ်မပြန့်ဘဲ ခင်ဗျားတို့ အခံရသက်သာမယ်'

ဟိုတိုက်ချုံးနှင့် စူးရှင်တို့သည် သူတို့၏ တပည့်များကို စေလွှတ်လျက် ခုံးတုံဂိုဏ်းမှ ရိတုံးဆေးလုံးလေးများကို တောင်းခိုင်းလိုက်ပြီး ကမန်းကတန်း သောက်ချလိုက်ကြတော့၏။

ဟူကျင်းမှာမူ အလွန် ရယ်ချင်နေသည်။ မြေကြီးလုံးများကို အဆိပ်ထင်မှတ်နေကြခြင်းသည် ရယ်ချင်စရာ မဟုတ်ပါလော။ ယခု ပို၍ ရယ်ချင်စရာကောင်းသော အခြေအနေသို့ ထပ်မံဆိုက်ရောက်နေပြန်သည်။



ရိတုံးအဆိပ်ဖြေဆေးသည် အဆိပ်ကို ပြေစေနိုင်သလောက် ဝမ်းဗိုက်ကိုလည်း နှစ်နာရီမျှလောက်အထိ အလွန်ခံရခက်စွာ နာကျင်နေတတ်ပေသည်။ ထိုဆေးကို သောက်ပြီးသည်နှင့် မကြာမီပင် လင်မယား နှစ်ယောက်စလုံး ဝမ်းဗိုက်နာကျင်သည့် ဝေဒနာကို ခံစားနေကြရပေတော့သည်။ သူတို့ကမူ အဆိပ်တက်နေခြင်းသာ ဖြစ်သည်ဟု ထင်မှတ်နေကြ၏။

ထိုစဉ် မျက်ကွယ်ဆရာမကြီးက ချိုရွှင်ချောင်းအား လှမ်းအော်၍ မေးလိုက်သည်။

'ချိုရွှင်ချောင်း မင်းတို့ဂိုဏ်းနဲ့ ငါတို့ဂိုဏ်း နှစ်ဂိုဏ်းပဲ ဒီကောင်လေးနဲ့တိုက်ဖို့ ကျန်တော့တယ်၊ အခု ဘယ်လို စီစဉ်ကြမလဲ'

ချိုရွှင်ချောင်းက...

'ကျွန်တော်က ဆရာကြီး ချင်ထင်းကျုက်ကို တစ်ပွဲ ရှုံးခဲ့ပြီးပါပြီ၊ ဒါကြောင့် ဆရာမကြီးပဲ ဒီလူငယ်နဲ့ ပြိုင်ပါတော့'

'ကောင်းပြီ'

မျက်ကွယ်ဆရာမကြီးသည် ခနဲ့ပြုံး ပြုံးရင်း ပြောလိုက်ပြီး သူမ၏ တိမ်လွှာဓားကို ရွှမ်းခနဲ နေအောင် ဆွဲထုတ်လိုက်တော့သည်။ ပြီးနောက် ပွဲခင်းအလယ်သို့ လျှောက်ထွက်လာတော့၏။

တကယ့် ပွဲကြီးပွဲကောင်း လာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ မျက်လုံးအစုံသည် မျက်ကြွယ် မယ်သီလ
ကြီးနှင့် ဟူကျင်းတို့ နှစ်ယောက်အပေါ်တွင်သာ စူးစိုက် ကျရော
လျက် ရှိနေတော့၏။

မျက်ကြွယ်ဆရာမကြီး၏ တိမ်လွှာဓားသည် အလွန် အ
ထက်လှကြောင်း ချင်ထင်းကျက် သိသည်။ ထို့ကြောင့် ဟူကျင်းအ
လှမ်းမေးလိုက်သည်။

'ကောင်လေး မင်း ဘာလက်နက် ကိုင်မလဲ'

'ကျွန်တော့်မှာ ဘာလက်နက်မှ မရှိဘူး'

ချင်ထင်းကျက်သည် သူ၏ခါးတွင် ချိတ်ထားသော ဓား
ခွဲထုတ်လျက် ဟူကျင်းအား လှမ်းပေးရင်း ပြောလိုက်သည်။

'ရော့... ငါ့ဓား...၊ ဒီဓားဟာ တိမ်လွှာဓားလောက် နာမ
မကြီးပေမယ့် ဓားကောင်းတစ်လက်ပါပဲ၊ မင်းအတွက်
နည်းနည်းပါးပါး အထောက်အကူ ရနိုင်ပါတယ်'

ဟူကျင်းသည် ရိုရိုသေသေနှင့် ဓားကို လှမ်းယူလိုက်

'ကျေးဇူးတင်ပါတယ် ဘိုးဘိုး'

အလင်းမာန်ဂိုဏ်းသား တော်တော်များများမှာ မျက်ကြ
ဆရာမကြီး၏ လက်ချက်ဖြင့် သေဆုံးခဲ့ကြရသဖြင့် ကျန်ရှိနေ
ဂိုဏ်းသားများသည် ထိုဆရာမကြီးကို အလွန် မုန်းတီးနေကြသ





သူတို့သည် မျက်ကြွယ်ကို တွေ့သည်နှင့် ဆူညံစွာ အော်ဟစ် လှောင်ပြောင်ကြတော့သည်။

မျက်ကြွယ်ဆရာမကြီးကမူ မည်သူ့ကိုမျှ ဂရုမစိုက်။ သူမ၏ မျက်နှာသည် မျက်နှာဖုံးတစ်ခု စွပ်ထားသည့်အလား အပြုံးအရယ်၊ အလှုပ်အရှား မရှိ။ ပကတိအေးစက်နေပေသည်။

ဟူကျင်းသည် ချင်ထင်းကျက်ဆီမှ ဓားကို ရရှိသောအခါ မျက်ကြွယ်ဆရာမကြီးရှိရာဘက်သို့ မျက်နှာမူလိုက်၏။ မျက်ကြွယ်ဆရာမကြီးက ဟူကျင်းအား အခွင့်အရေး စပေးသည်။

'ကဲ... မင်းကပဲ စတိုက်ပေတော့'

ဟူကျင်းသည် တကယ်တမ်းအားဖြင့် ဓားသိုင်းပညာကို သေချာကျနစွာ သင်ကြားခဲ့ရသူ မဟုတ်ချေ။ ထို့ကြောင့် ဓားသိုင်းပညာကွက်များကို သူမသိ။ ယခု မျက်ကြွယ်ဆရာမကြီးက သူ့ကို စတိုက်ပေတော့ဟု ပြောသောအခါ သူသည် မည်သည့်အကွက်များကို သုံး၍တိုက်ခိုက်ရမည်မှန်းတောင် မသိချေ။

ထို့ကြောင့် သူသည် ခေတ္တခဏမျှ တွေဝေ စဉ်းစားနေမိလိုက်သည်။ ရုတ်တရက် စောစောက ဝါဆန်းဂိုဏ်းမှ သုံးသွားသော ဓားကွက်များကို သတိရလိုက်မိသဖြင့် ထို ဓားကွက်များအတိုင်း သုံး၍ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ တိုက်ခိုက်မှုများကို ကြည့်၍ မျက်ကြွယ်၏ စိတ် တွင် အလွန် အံ့သြသွားသည်။

'ဒီကောင် ဘယ့်နှယ့် ဝါဆန်းကိုဏ်းရဲ့ ဓားကွက်တွေ သုံး တာပါလိမ့်'

သူမကား ဓားပညာရှင် အရင့်အမာကြီး တစ်ယောက် သည်။ ဓားသိုင်းပညာနှင့် ပတ်သက်၍ ထုံးလိုချေ ရေလိုနှော တတ်မြောက်ထားသူ ဖြစ်သည်။

ဟူကျင်းတိုက်လိုက်သည့် ဝါဆန်းဓားကွက်များကို သူ အနေဖြင့် လုံး၀ မမှု။ ထို့ကြောင့် ဟူကျင်း၏ ဓားချက်ကို ခုခံ ရှောင်တိမ်းရန် မကြိုးစားချေ။ သူမ၏ လျှက်တပြက်ဓားချက်ဖြင့်သာ ဟူကျင်းအား ဝင်ရောက်ထိုးစိုက်လိုက်တော့သည်။

ဟူကျင်းသည် အလွန် လျင်မြန်စွာဖြင့် မျက်ကြွယ်၏ ချက်ကို ရှောင်တိမ်းလိုက်ရသည်။ သို့သော် မျက်ကြွယ်၏ဓားမှ ထိုတစ်ချက်တည်းနှင့် ပြန်ဆုတ်သွားသည်မဟုတ်။ ဓားတစ်ချက် လှုပ်ရမ်းသွားသည်နှင့် ဟူကျင်း၏ လည်မျိုကို ထပ်မံ ထိုးစိုက် လာပြန်တော့၏။

ဟူကျင်း မရှောင်နိုင်တော့။ မတ်တတ်ရပ်လျက် ရှောင်တိမ်း ရန်မဖြစ်နိုင်တော့သဖြင့် နောက်သို့ လှဲချလိုက်ရတော့၏။ ပြန်လည်



တ်တတ်ရပ်ရန် ကြိုးစားစဉ် တစ်ခဏအတွင်း သူ၏ နောက်ဘက်မှ သတိုးသံ တစ်ချက် ကြားလိုက်ရပြန်သဖြင့် သူ့ အခြေအနေ လုံး၀ ဟန်ကြောင်း သတိပြုလိုက်မိတော့သည်။

ထို့ကြောင့် ညာခြေကို မြေကြီးတွင်ထောက်လျက် သူ၏ ိယ်ကို ခပ်စောင်းစောင်းထားပြီး ခုန်ထွက် ရှောင်တိမ်းသွား တော့၏။

ဤကဲ့သို့ ထောင့်ချိုးခုန်ထွက်ရန် မည်သူမျှ စွမ်းဆောင်နိုင် ြလိမ့်မည် မဟုတ်ချေ။ သူကတော့မှု ခုန်ထွက်ဖြစ်အောင် ခုန်ထွက် င်ခဲ့ပေသည်။

သူ၏ စွမ်းရည်အတွက် လူအားလုံးက သြဘာပေးရန် မြ စဉ်မှာပင် မျက်ကြွယ်ဆရာမကြီးသည်လည်း သူ့နောက်သို့ ခုန် က်လိုက်ကာ ဟူကျင်း မြေသို့ မကျမီပင် သူမ၏ ဓားဖြင့် လှမ်းထိုး ိုက်တော့၏။ မျက်ကြွယ်ဆရာမကြီး၏ လျင်မြန်မှုသည်လည်း ်စံရှား လျင်မြန်မှုပေတည်း။

မြေကြီးပေါ်တွင်သာ မြေကို ကန်အားပြု၍ ခုန်ပျံ ရှောင် ိမ်းနိုင်ပေသည်။ လေထဲတွင်မူ ဟူကျင်း မည်သို့ ရှောင်တိမ်းနိုင် ာ့မည်နည်း။

အကယ်ပင် ဟူကျင်း ရှောင်တမ်းရန် ခက်ခဲလှပေပြီ။ လေ ဲမှ ထပ်မံ ခုန်တက် ရှောင်တိမ်းရန် သူ မတတ်နိုင်တော့။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



လူသားတစ်ယောက် ဖြစ်သည်။ ငှက်တစ်ကောင် မဟုတ်ချေ။ လေထဲမှ ပြန်အကျတွင် မျက်ကြွယ်၏ ဓားချက်ကြောင့် သူ၏ခြေများ နုတ်ဖြတ်ခံရပေတော့မည်။

ထိုစဉ် လူတကာ ရင်သပ်ရှုမောလောက်စေသော သိုင်းပညာ စွမ်းရည်ပြ အကွက်တစ်ကွက်ကို ဟူကျင်း ထုတ်သုံးလေတော့သည်။

ထိုအကွက်ကို အသုံးချရာတွင် စဉ်းစားချိန်နှင့် ပြုလုပ်ချိန်ကို ခွဲခြားနေ၍ မရချေ။ စဉ်းစားချိန်နှင့် ပြုလုပ်ချိန်ကို ထပ်တူပြု အသုံးချရပေသည်။ ဟူကျင်းသည် သူ၏ဓားရှည်ဖြင့် မျက်ကြွယ်ဆရာမကြီးကိုင်ထားသည့် တိမ်လွှာဓား၏ ကိုယ်ထည် ဓားပြားပေါ် ထောက်အားယူလိုက်သည်။ လေထဲတွင် အပေါ်မှ အောက်သို့ အကျ သူထောက်လိုက်သဖြင့် ဓားနှစ်ချောင်း ထိခိုက် သွားသံ 'ထန်း' ခနဲ မြည်ဟည်းသွားတော့သည်။

ထိုထောက်အားကို တန်ပြန်အားပြုလျက် လေထဲသို့နောက်တစ်ပတ် ခုန်တက်သွားကာ ထပ်မံရှောင်တိမ်းနိုင်သွားတော့၏။

မျက်ကြွယ်ဆရာမကြီးသည် အလျှော့မပေးချေ။ နောက် သုံးချက်ဆက်တိုက် တိုက်ခိုက်ပြန်တော့သည်။ တတိယအချက်တွင်မှ ဟူကျင်း သတိလက်လွတ် ဖြစ်သွားသည်။ သူ၏ ဓားဖြင့် ခုခံလိုက်သဖြင့် သူ၏ဓားသည် 'ထန်း' ခနဲမြည်ကာ ထက်ပိုင်းကျိုးပြတ်သွားတော့၏။



တိမ်လွှာဓားကို မည်သည့်ဓားမျှ ယှဉ်နိုင်မည် မဟုတ်ချေ။

ထိုဓားကို ထိပ်တိုက် ခုခံမိပါက ဤသို့ ကျိုးပြတ်သွားရသည်မှာ မုချဆတ်ဆတ် သေချာလှပေရတော့သည်။

ဟူကျင်းကမူ ဓားကျိုးသွားသည်နှင့် တစ်ပြိုင်နက် သူ၏ လက်ဝါးစောင်းဖြင့် တိမ်လွှာဓား၏ ဓားပြားကိုယ်ထည်ကို ရိုက်လိုက်ပြီးနောက်ပြန် ခုန်ရှောင်ထွက်လိုက်တော့သည်။

ဟူကျင်း၏ လက်ဝါးစောင်းရိုက်အားမှာ အလွန်ပြင်းထန်လှတော့သည်။ ထိုရိုက်အားကြောင့် တိမ်လွှာဓားသည် တဖျတ်ဖျတ် တုန်ခါသွားရတော့၏။ ထိုတုန်ခါအားကြောင့် မျက်ကြွယ် ဆရာမကြီးသည် ဓားကို သူမ၏လက်ထဲမှ လွတ်ကျသွားမတတ် ထုံကျဉ်သွားခဲ့ရသည်။

သည်တစ်ပွဲသည် အလွန်လက်ညီလှသည့်ပွဲဟု ဆိုကောင်းဆိုနိုင်ပေသည်။ မျက်ကြွယ်ဆရာမကြီးသည် ဓားကောင်းတစ်လက်ကို ပိုင်ဆိုင်ထားရုံမျှမက ဓားသိုင်းပညာလည်း အလွန်တော်သူဖြစ်သဖြင့် ကြည့်ရှုနေသူအားလုံး ရင်တမမ ခံစားနေကြရသည်။

ဟူကျင်းသည်လည်း လူအများက လုံးဝ မရှောင်နိုင်တော့ သေချာပေါက် ချောင်ပိတ်မိပြီဟု ထင်လိုက်သည့်အခါတိုင်း မလွတ် လွတ်အောင် ရှောင်ထွက်ပြနိုင်ခဲ့ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခန်းမတွင်းရှိ လူအများသည် အုတ်အုတ်ကျက်ကျက် အသံတို့ဖြင့် ချီးကျူးသြဘာ ပေးနေကြပေသည်။

ဟူကျင်း စားကျိုးသွားသည်ကို ကြည့်၍ ဟူကျင်းအနေ နိမ့်သွားသယောင် ယူဆရပေသည်။ တကယ်တမ်းအားဖြင့် ဟူကျင်းသည် တိမ်လွှာစားကို လက်ဝါးစောင်းဖြင့် ရိုက်ပြီးသည်နှင့် ဆက်တိုက် တိုက်ခိုက်လိုက်ပါက ဟူကျင်း သေချာပေါက် အနိုင်ရပေလိမ့်မည်။ အဘယ်ကြောင့်မူ ဟူကျင်း၏ရိုက်အားကြောင့် မျက်ကွယ်ဆရာမကြီး၏ လက်မောင်းတစ်ဘက် ထုံကျဉ်ပြီး ရုတ်တရက် လှုံးမလှုပ်ရှားနိုင်တော့သောကြောင့် ဖြစ်ပေ၏။

ဟူကျင်း ဆက်မတိုက်ဘဲ နောက်သို့ ရှောင်ထွက်ခြင်းသည် မျက်ကွယ်ဆရာမကြီးအဖို့ သက်သာခွင့် ရသွားခြင်းပင် ဖြစ်လေသည်။ မျက်ကွယ်ဆရာမကြီးက ဟူကျင်းကို ကြည့်ကာ...

'ကဲ ... မင်းရဲ့ စားလဲ ကျိုးသွားပြီ၊ နောက်ထပ် စားတစ်ချောင်း သွားယူလိုက်ပါဦး'

ဟူကျင်းသည် စားကျိုးကို ကိုင်လျက် စဉ်းစား တွေဝေနေမိသည်။

'အင်း... ဘိုးဘိုးရဲ့ စားလဲ ကျိုးသွားပြီ၊ နောက်ထပ် ဘယ်စားကများ တိမ်လွှာစားကို ယှဉ်နိုင်တော့မှာလဲ'



ထိုစဉ်ချူထင်း၏ အော်ဟစ်ပြောဆိုလိုက်သံကို ကြားလိုက်ရသည်။

'ဟေ့... နွားလေး... ဘာငိုင်နေတာလဲ၊ ငါ့မှာ စားကောင်းကောင်း တစ်လက်ရှိတယ်၊ လာယူလေ... ငိုင်မနေနဲ့'

'ဆရာကြီး မျက်မြင်ပဲ၊ တိမ်လွှာစား ဘယ်လောက်အစွမ်းကောင်းသလဲဆိုတာ၊ ဆရာကြီးရဲ့စား ဆုံးသွားမှာ စိုးရိမ်ရတယ်'

'ဆုံးရင်လဲ ဆုံးပစေတော့ကွာ၊ မင်းသာ သူ့ကို မနိုင်ရင် တို့အားလုံး သေကြရတော့မှာပဲ၊ ဒီစားကြီး ကျန်နေလို့ကော ဘာအကျိုးထူးတော့မှာလဲ'

ဟူကျင်းသည် ချူထင်း၏စကားကို အပြန်ပြန်အလှန်လှန် စဉ်းစားလိုက်သည်။ ချူထင်း၏ စကားသည်မှန်သည်။ ထို့ကြောင့် ဟူကျင်းသည် စားကို သွားယူလိုက်သည်။

ထိုစဉ်... ရန်ရှောင်က အသံကို နှိမ့်လျက် ဟူကျင်းအား...

'ကျန်းဟူကျင်း... မင်း သူ့ကို နိုင်ဖို့ တစ်နည်းပဲရှိတယ်။ သူ့ကို မနားတမ်း ဆက်တိုက် အမြန်ဆုံး တိုက်ခိုက်နိုင်မှသာ မင်းနိုင်မယ်၊ သူတိုက်တာကို ခုခံ ရှောင်တိမ်းနေလို့ကတော့ နောက်ဆုံးမင်းပဲရှုံးမှာ သေချာတယ်'

ရန်ရှောင်က မိမိအား ကျန်းဟူကျင်းဟု ခေါ်လိုက်သည်ကို ဟူကျင်းကြားလိုက်မိသောအခါ တစ်ချက်မျှ ကြောင်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ချက်ချင်း သဘောပေါက်လိုက်မိသည်။ ရန်ဝေသည် မိမိ မည်သူဖြစ်သည်ကို သိရှိထားသူဖြစ်သဖြင့် သူမ၏ အဖေကို ပြန်ပြောလိုက်ဟန် တူပေသည်။

ဟူကျုံးက ရန်ရောင်၏ အကြံပေးစကားကို သေချာစွာ နားထောင်ပြီး ခေါင်းညိတ်လိုက်သည်။ ထိုစဉ် လင်းဆွဲမင်းဝေရိကလည်း...

'ကိုယ်ဖော့ သိုင်းပညာကို အပြည့်အဝသုံး၊ ခြေလှမ်းကိုလဲ တစ်လှမ်းမှ မရပ်နဲ့'

ဟူကျုံး ဝမ်းသာအားရ ဖြစ်မိသည်။ သူတို့၏ အကြံဉာဏ်များသည် မိမိအတွက် လွန်စွာတန်ဖိုး ရှိလှသည် မဟုတ်ပါလား။

'မှတ်ကဲ့ ကျွန်တော် ဒီအကြံပေးချက်အတိုင်း ဆက်ပြိုင်ပါ့မယ်'

ဟူကျုံးသည် ဝန်ခံကတိပေးလိုက်သည်။ အမှန်စင်စစ် ရန်ရောင်နှင့်ဝေရိတို့၏ သိုင်းပညာများမှာ မျက်ကြွယ် ဆရာမကြီးနှင့် အဆင့်တူဝင် ဖြစ်ပေသည်။ သူတို့အနေဖြင့် ရှင်ကျုံး ဘုန်းကြီး၏ လုပ်ကြံခြင်းကို ခံလိုက်ရသဖြင့်သာ ယခု ဒီအတိုင်း လက်ပိုက်ကြည့် နေရခြင်းဖြစ်ပေသည်။ မည်သို့ပင် လက်ပိုက်ကြည့် နေကြရသည် ဖြစ်စေ၊ ဝါရင့်သိုင်းသမားကြီးများ ဖြစ်ကြသည့် အားလျော်စွာ အလွန် မျက်စိရှင်ကြပြီး အဓိက သော့ချက် ဖြစ်သော အကွက်များကိုလည်း မြင်ကြပေသည်။



ယခု သူတို့ နှစ်ယောက်သည် သော့ချက်နှစ်ခုကို ဟူကျုံးအား အသိပေးလိုက်ကြသည်။ တကယ်တွင်လည်း ဤသော့ချက်များသည် မျက်ကြွယ်ဆရာမကြီးကို လုံးဝ ယှဉ်ပြိုင်စေနိုင်သည့် သော့ချက်များသာတည်း။

ဟူကျုံးသည် ဓားကို ကိုင်ထားရင်းမှ ဆရာမကြီးအား ခွင့်ပန်လိုက်သည်။

'ဆရာမကြီး... ကျွန်တော် စတိုက်နိုင်ပြီလား'

'ကောင်းပြီ... တိုက်'

စကားဆုံးသည်နှင့် ဟူကျုံးသည် ကိုယ်ဖော့သိုင်းပညာကို သုံးလျက်လှစ်ခနဲ ခုန်ထွက်လိုက်ရာ ဆရာမကြီး၏ ကျောဘက်သို့ ရောက်ရှိသွားတော့၏။

ဟူကျုံး၏ ကိုယ်ဖော့သိုင်းပညာ အလွန်လျင်မြန်လှသဖြင့် မျက်ကြွယ်ဆရာမကြီး နောက်ဘက်သို့ ချက်ချင်း မလှည့်နိုင်။ နောက်လှည့်ရန် ဟန်ပြင်လိုက်စဉ်ပင် ဟူကျုံးက ဘယ်တစ်ချက် ညာတစ်ချက် ဓားချက်နှစ်ချက်ကို ဆက်တိုက် ထိုးသွင်းလိုက်တော့သည်။

မျက်ကြွယ်ဆရာမကြီးသည် သူ့ဓားဖြင့် အလျင်အမြန် ခုခံလိုက်ရပြီး ပြန်လည်တိုက်ရန် ဟန်ပြင်လိုက်သောအခါတွင်မူ ဟူကျုံးသည် ထိုနေရာ၌ မရှိတော့ချေ။ ဟူကျုံး မည်သည့်နေရာသို့ ရောက်သွားမှန်းပင် မသိလိုက်ရတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ရန်ရောင်နှင့် ဝေရီတို့၏ မှာကြားချက်ကို အပြည့်အဝ သုံးစွဲလျက် ရှိချေပြီ။

ဟူကျင်းအနေဖြင့် အားပြောင်းအားလွှဲ သိုင်းပညာကို မလေ့ကျင့်မီကပင် ကိုယ်ဖျောက်သိုင်းပညာတွင် မျက်ကြွယ် ဆရာမကြီးထက် သာလွန်ပြီးဖြစ်ပေသည်။ ယခုမူ ဟူကျင်းသည် အားပြောင်း အားလွှဲ သိုင်းပညာကို လေ့ကျင့်အောင်မြင်ခဲ့ပြီး ဖြစ်ပေသည်။ ထို့ကြောင့် သူ၏ ကိုယ်ဖျောက်သိုင်းပညာသည် အလွန့်အလွန် ထက်မြက်လျက် ရှိနေပြီး မျက်ကြွယ် ဆရာမကြီး အနေဖြင့် မည်သို့မျှ ယှဉ်နိုင်စွမ်း မရှိတော့ပေ။

ယခု နောက်ထပ် ပြိုင်ပွဲ စတင်သည့် အချိန်မှစ၍ သူ၏ ကိုယ်ဖျော သိုင်းပညာကို အားကုန် စွမ်းကုန် သုံးစွဲနေတော့သဖြင့် မျက်ကြွယ်ဆရာမကြီးအဖို့ ကြည့်၍ မမြင်နိုင်အောင်ပင် ဖြစ်နေရတော့သည်။

ဝေရီလို ကိုယ်ဖျော့သိုင်းပညာကြောင့် သိုင်းလောကအတွင်း နာမည် ကျော်ကြားခဲ့ရသူကပင် လက်မြှောက်၍ အရှုံးပေးပြီဆိုလျှင် မည်သူက ဟူကျင်းအား အနိုင်ယူနိုင်ပါတော့မည်နည်း။

ဟူကျင်းသည် လှည့်ပတ်လှုပ်ရှားနေစဉ် အတောအတွင်း အကွက်ရတိုင်း ဓားချက်များကို ထိုးသွင်း တိုက်ခိုက်နေတော့သည်။



မျက်ကြွယ် ဆရာမကြီးသည် သူမ၏ အခြေအနေ ဆိုးရွားလာကြောင်း ကောင်းကောင်း သိလိုက်ပေပြီ။ ပြန်လှန်တိုက်ခိုက်ရန် မဆိုထားနှင့် အကွက်စေ့စေ့ ခုခံရန်ပင် ခက်ခဲလာတော့သည်။ ထိုအခြေအနေကို သိသော ဝါမေဂိုဏ်းမှ တင်မင်းက အော်ဟစ် လှမ်းဆော်လိုက်သည်။

'အားလုံး တက်ကြ… ဒီကောင်လေး လှည့်ပတ် မပြေးနိုင်အောင် တားထားကြ၊ ဒါမှ ဒီကောင်လေးကို တို့ ဆရာမကြီးက ကောင်းကောင်း ယှဉ်တိုက်နိုင်မှာ အခုဟာက အရူးလို လှည့်ပတ်ပျံ့ဝဲနေတာပဲ'

သူမသည် ပြောပြောဆိုဆို ခုန်ထွက်လိုက်ရာ ကျန်လူများသည်လည်း ခုန်ထွက်လိုက်လာကြသည်။

ထိုစဉ် ဟူကျင်းသည် တင်မင်း၏ ဓားကို ရုတ်တရက် ဆွဲယူလိုက်သည်။ တင်မင်းသည် မည်သို့မျှ မကာကွယ်နိုင်၊ သူ၏ ဓားသည် ဟူကျင်းလက်ထဲသို့ အလွယ်တကူ ပါသွားတော့သည်။

ဟူကျင်းကမူ ထိုဓားဖြင့် မျက်ကြွယ်ဆရာမကြီးထံ ပစ်လိုက်တော့၏။ ထိုဓား၏ အန္တရာယ်သည် သေးငယ်လှသည် မဟုတ်ချေ။ မျက်ကြွယ်ဆရာမကြီးသည် သူမ၏ တိမ်လွှာဓားနှင့် တင်မင်း၏ ဓားကို နှစ်ပိုင်းချိုးပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...။ ဟူကျင်း၏ ပစ်အားသည် အလွန် ပြင်းထန်လျ
သည်ဖြစ်ရာ သူမ၏ လက်မောင်းသည် ထုံကျဉ်သွားရတော့သည်။
ဟူကျင်းကလည်း သူ၏ သေနင်္ဂဗျူဟာကို လုံးဝ မပြောင်းလဲတော့။
ဝါမေဂိုဏ်း တပည့်များထံမှ ဓားများကို တစ်ချောင်းပြီးတစ်ချောင်း
ဆွဲယူကာ မျက်ကြွယ်ဆရာမကြီးအား ပစ်ပေါက် တိုက်ခိုက်နေ
တော့သည်။

မျက်ကြွယ်ဆရာမကြီးမှာလည်း ထိုးစိုက်ဝင်လာသော ဓား
များကို တစ်ချောင်းပြီး တစ်ချောင်း ရိုက်ချိုးပစ်နေသည်။ ထို့ကြော
သူမ၏ ညာလက်သည် လွန်စွာ ထုံကျဉ်လာတော့သဖြင့် ဓားကို
မကိုင်နိုင်အောင် ဖြစ်လာခဲ့ရတော့သည်။ ထို့ကြောင့် တိမ်လွှာ ဓားကို
ဘယ်လက်သို့ ပြောင်းကိုင်ရတော့သည်။

ထိုအချိန်တွင် ဝါမေဂိုဏ်းသားများ လက်ထဲတွင် ချူကျူ
တစ်ယောက်မှတစ်ပါး မည်သူတစ်ယောက်စီ၌မျှ ဓားများ မကျန်
တော့ပေ။ ဟူကျင်းသည် ချူကျူး၏ လက်မှ ဓားကိုမူ တမင် မယူ
ချန်ထားခဲ့ခြင်းဖြစ်သည်။

ဟူကျင်းအနေဖြင့် ချူကျူးက သူ့အား ကူညီခဲ့သည
ကျေးဇူးအတွက် တုံ့ပြန်ကျေးဇူး ပြန်ဆပ်ခြင်း သဘောသို့ သ
ရောက်သွားတော့၏။ ဟူကျင်းအနေဖြင့် ချူကျူးအား ဤသို့ သ



ညှာလိုက်ခြင်းအားဖြင့် ပရိသတ်အလယ်တွင် ဟူကျင်းနှင့် ချူကျူး
တို့၏ ဆက်သွယ်မှုကို သို့လောသို့လောနှင့် အတွေးမျိုးစုံ ဖြစ်ပေါ်
သွားစေတော့သည်။

ထို့ကြောင့် ချူကျူး၏ မျက်နှာ တစ်ခုလုံးသည် ပန်းနုရောင်
ပြေး ရှက်သွေးဖြန်းလျက် ရှိနေရှာသည်။ ဤသို့သော အခြေအနေမှ
လွတ်မြောက်အောင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကိုလည်း သူ
မသိနိုင်တော့ချေ။

တင်မင်းသည် ခနဲ့ပြုံးပြုံး၍ ချူကျူးအား ပြောလိုက်သည်။

'ချူကျူး ဘယ်လိုလဲ သူက ညည်းကို ဆက်ဆံပုံကျတော့
တစ်မျိုးပါလား ဒီလို ဆက်ဆံပုံမျိုးကတော့ မရှိးဘူး'

ထိုအချိန်တွင် ဟူကျင်းသည် မျက်ကြွယ်ကို အပြင်းအထန်
တိုက်ခိုက်နေခိုက် ဖြစ်သည်။ မျက်ကြွယ်သည်လည်း ပထမပိုင်း
ကလို အရေးမသာတော့။ အထက်စီးမှ မတိုက်ခိုက်နိုင်တော့။ အလူး
အလဲ ခံနေရာမှ တင်မင်း၏ ပြောသံကို ကြားလိုက်မိသဖြင့် ချူကျူး
ဘက်သို့ ဝေ့ခနဲ တစ်ချက်ကြည့်လိုက်၏။

တင်မင်း ပြောသည့် အနေအထားမျိုးကို သူမ ချက်ချင်း
သုံးသပ်မိသွားသည်။ ထို့ကြောင့် သူမ၏ စိတ်ထဲတွင်...

'ဒီကောင်လေးက ချူကျူး တစ်ယောက်တည်းရဲ့ ဓားကို
ဘာဖြစ်လို့ ချန်ထားခဲ့ရတာလဲ၊ ချူကျူးကကော ဒီကောင်လေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



တကယ် အဆက်အသွယ်များ လုပ်နေသလား မသိဘူး၊ အင်း— စမ်းတော့ ကြည့်ရဦးမှာပဲ’

ထို့ကြောင့်သူ့ ဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်လိုက်တော့သည်။ သူမက ချက်ချင်း အော်ဟစ် ပြောဆိုလိုက်သည်။ သူမ၏ အသံသည် ပတ်ဝန်းကျင် တစ်ခုလုံးကို လွှမ်းခြုံ တုန်ဟည်းသွားစေသည်။

‘ချူကျူး... ညည်းက ကိုယ့်ဆရာကို သစ္စာဖောက်ရဲတယ်ပေါ့ ဟုတ်လား’

ဤသို့ အော်ဟစ် ပြောဆိုပြီးသည်နှင့် တစ်ပြိုင်နက် ချူကျူး၏ ရင်ဝဆီသို့ ဓားကို ထိုးစိုက် သွင်းလိုက်တော့၏။ ချူကျူး အကြီးအကျယ် ကြောက်ရွံ့ တုန်လှုပ်သွားတော့သည်။

မကြောက်ဘဲ မည်သူ နေနိုင်မည်နည်း။ ကိုယ့်ဆရာက ကိုယ့်ကို သစ္စာဖောက်ဟု အထင်လွဲကာ ဓားနှင့်ပင် ထိုးစိုက်နေပြီ မဟုတ်ပါလား။

မျက်ကြွယ် ဆရာမကြီး၏ စွမ်းရည်နှင့် တိမ်လွှာဓား အကြောင်း ကို ချူကျူး ကောင်းကောင်း သိသည်။ ထို ထက်မြက်မှု နှစ်ရပ်ပေါင်းခြင်းအပြင် သူမ၏ အာစရိယ သိုင်းသင်ဆရာ ဖြစ်နေခြင်းတို့ကြောင့်လည်း များစွာ ထိတ်လန့် ကြောက်ရွံ့ရခြင်း ဖြစ်၏။



ထို့ကြောင့် မျက်ကြွယ် ဆရာမကြီး၏ ဓားချက်ကို သူမ အနေဖြင့် မကာကွယ်ရဲချေ။ ထို့ကြောင့် အော်ဟစ်၍ ရှင်းပြရန် ကြိုးစားရသည်။

‘ဆ...ဆရာမကြီး’

သူမ၏ အသံသည် မျက်ကြွယ် ဆရာမကြီး၏ ဓားချက် ထက် မည်သို့မျှ မလျှင်မြန်နိုင်။ အလွန် တိုတောင်းလှသော အချိန် အတွင်း မျက်ကြွယ် ဆရာမကြီး ဓားချက်သည် ချူကျူး၏ ရင်ဝသို့ ရောက်ရှိလာတော့သည်။

ချူကျူးနှင့် မျက်ကြွယ် ဆရာမကြီးတို့၏ အဖြစ်အပျက်ကို ကြည့်လျှင် တကယ့် သဲထိတ်ရင်ဖို အဖြစ်အပျက်ပင် ဖြစ်သည်။

ဆရာက သစ္စာဖောက် တပည့်အား သုတ်သင်နေသည့် မြင်ကွင်းမျိုး ဖြစ်သည်။

ဟုကျင်းသည်လည်း မျက်ကြွယ် ဆရာမကြီးက ချူကျူး၏ စိတ်ကို စမ်းသပ်နေမှန်း မသိချေ။ တကယ် သတ်လိမ့်မည်ဟုသာ ထင်မှတ်ယုံကြည်နေမိသည်။

တစ်ချိန်က မျက်ကြွယ် ဆရာမကြီးသည် သူ၏ ဒေါ်လေး ကိုချောင်မှုကို သတ်ဖြတ်ခဲ့သည်။ သူကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ဖြစ်သည်။ မျက်ကြွယ်၏ ရက်စက်မှုကို သိထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ်တွင်လည်း မျက်ကြွယ်သည် ချူကျူးကို သတ်တော့မည်ဟု လုံးဝ ယုံကြည်လိုက်ခြင်း ဖြစ်၏။ ထို့ကြောင့် သူသည် အလျင်မြန်ဆုံးသော လှုပ်ရှားမှု တစ်ခုကို ပြုလုပ်လိုက်တော့သည်။ သူ မည်မျှ လျင်မြန်လိုက်သနည်း။ ချူကျူး၏ ရင်ဝအနားသို့ ရောက်နေသော ဓားချက်လွတ်သွားအောင် ချူကျူးကို ခုန်အုပ်ပွေ့ချီ ရှောင်တိမ်းလိုက်ခြင်း၏ လျင်မြန်မှုကို စာဖွဲ့၍ပင် မပြနိုင်တော့ချေ။

ထိုအခါမှသာ မျက်ကြွယ်သည် ဟူကျင်းကို လုံးဝ တိုက်နိုက်နိုင်ပေတော့သည်။

ဤအခြေအနေ၌ ဟူကျင်း အနေဖြင့် သူ၏ ဓားဖြင့် မခုခံ မဖြစ်သော အခြေအနေသို့ ရောက်ရှိလာပြီဖြစ်၍ သူ၏ ဓားဖြင့် ခုခံလိုက်ရာ ဓားမှာ ထက်ပိုင်းကျိုးသွားတော့၏။

ဟူကျင်းသည် သူ၏ အတွင်းအားကို အဆင့်ကိုး ရောက်သည်အထိ ရုတ်တရက် ထုတ်လိုက်ပြီး သူ့လက်ထဲမှ ဓားကျိုးကို မျက်ကြွယ်ဆရာမကြီးဆီသို့ လွှဲပေါက်လိုက်၏။

သည်တစ်ကြိမ်တွင်မူ မျက်ကြွယ်ဆရာမကြီးသည် သူမ၏ တိမ်လွှာဓားဖြင့် လုံးဝ မခုခံရဲတော့။ သူမ၏ ကိုယ်ကို အလျင်မြန်ဆုံး ဝပ်ချရှောင်တိမ်းလိုက်ရသည်။ ဓားကျိုး၏ အရှိန်မှာလည်း လေထုကို ပူလောင်သွားစေသည်အထိ ပြင်းထန် လျင်မြန်လှသည်။





ထိုစဉ် ဟူကျင်းသည် ချူကျူးကို ပွေ့ဖက်လျက်ပင် ျက်ကြွယ်ထံသို့ ခုန်ဝင်သွားလျက် ရှောင်တိမ်းမှုကြောင့် အနေ ထား ပျက်နေသော မျက်ကြွယ်၏လက်မှ တိမ်လွှာဓားကို လုယူ ိုက်၏။ အဖြစ်အပျက်မှာ အလွန်လျင်မြန်လှသဖြင့် မျက်ကြွယ် ည်သို့မျှ မတတ်နိုင်တော့။ သူမ၏ ကျော်ကြားလှသော တိမ်လွှာဓား ည် ဟူကျင်းလက်သို့ ပါသွားရလေပြီ။

ဓားကို လက်ဝယ်ပိုင်ပိုင် ရလိုက်ပြီးသော ဟူကျင်းသည် ာက်ဘက်သို့ ဖြည်းညင်းစွာ ဆုတ်ခွာသွားသည်။ ဟူကျင်း၏ ရင် င်ထဲ၌ ပွေ့ပိုက်ခံထားရသော ချူကျူးသည် ဟူကျင်းကို ရှက်စနိုး င့် ပြောလိုက်သည်။

'အို... ကျွန်မကို လွှတ်တော့လေ'

ဟူကျင်းကလည်း အလန့်တကြားဖြင့် 'ဟုတ်ကဲ့'ဟု ဆို ျက် ချူကျူးကို အောက်သို့ ချပေးလိုက်တော့သည်။ ဟူကျင်း ည်လည်း မိန်းကလေးများနှင့် ပတ်သက်၍ အတွေ့အကြုံ ရှိသူ ာတ်။ တိုက်ရင်းခိုက်ရင်းဖြင့် ပွေ့ချီ ကယ်တင်မိစဉ်က အခြားသို့ ာရုံရောက်နေသဖြင့် ချူကျူးနှင့် ပတ်သက်၍ မည်သို့မျှ မခံစား ိုက်ရ။ ယခု သွေးအေးသွားခိုက်မှ ချူကျူးကို ပွေ့ပိုက်ထားသည် ဖြစ်ကို ရှက်ရကောင်းမှန်း သိတော့သည်။ ထို့ကြောင့် သူ၏မျက်နှာ စ်ပြင်လုံးသည် ရှက်သွေးများကြောင့် ရဲရဲနီ နေတော့၏။ ချူကျူး

www.burmeseclassic.com

www.burmeseclassic.com



၏ ကိုယ်မှ သင်းပျံ့သော မွှေးရနံ့ကလေးများသည်လည်း ယခုတိုင် မိမိ၏ နှာခေါင်းထဲတွင် မွှေးပျံ့သင်းကြိုင်ဆဲ မဟုတ်ပါလား။

ဟူကျင်းသည် ပွေ့ပိုက် ကယ်တင်မိသည့်အတွက် ရှက်နေ သော်လည်း ချူကျူးကိုမူ မကြည့်ဘဲ မနေနိုင်ချေ။ ထို့ကြော လှမ်းကြည့်လိုက်မိရာ ချူကျူး ကိုယ်တိုင်လည်း ရှက်စနိုးဖြစ်နေ ကြောင်း တွေ့ရှိလိုက်ရ၏။

စောစောက စိုးရိမ်ပူပန်ဖွယ်ရာ အဖြစ်ကြောင့် ကြောက် ထိတ်လန့်နေသော်လည်း သူမ၏ မျက်လုံးများထဲတွင်မူ ဝမ်းသာ ကြည်နူးသော အရိပ်အယောင်များ ပေါ်လွင်လျက်ရှိနေ၏။

မျက်ကြွယ်သည် ဖြည်းညင်းစွာ မတ်တတ်ရပ်လိုက်ပြ အေးစက်မာကျောသော အကြည့်ဖြင့် ဟူကျင်းနှင့် ချူကျူးတို့အာ တစ် လှည့်စီ ကြည့်လိုက်သည်။

ဟူကျင်းသည် တိမ်လွှာဓားကို ချူကျူးအား ကမ်းပေ လျက်...

'ခင်ဗျားတို့ဂိုဏ်းရဲ့ ဓားပါ၊ ခင်ဗျားတို့ရဲ့ ဆရာမကြီးဆီ ကျေးဇူးပြုပြီး ပေး,ပေးပါ'

သနားစရာ ချူကျူးသည် ဓားကို ယူလိုက်ရမည်လော။ မယ ဘဲ ငြင်းပယ်လိုက်ရမည်လော။ ဝေခွဲမရဘဲ မည်သို့ ပြုမူလိုက် မည်ကို မသိနိုင်အောင် ဖြစ်နေရပေတော့၏။ ချူကျူး စိတ်ထဲတွင်—



'အခု သူပေးနေတဲ့ ဓားကို ယူလိုက်ရင် ဆရာမကြီးက ငါ့ကို သူနဲ့ ပူးပေါင်းတယ်လို့ အမှန်ထင်တော့မှာပဲ၊ သစ္စာဖောက်လို့ သတ် တ်တော့မှာပဲ၊ ငါကတော့ တကယ်ပဲ ဝါမေဂိုဏ်းကို သစ္စာဖောက် င်လို့လား'

ရုတ်တရက် မျက်ကြွယ် ဆရာမကြီး၏ ခက်ထန်မာကျော သော အသံသည် ဟိန်း၍ ထွက်ပေါ်လာ၏။

'ချူကျူး... သူ့ကို ဓားနဲ့ ထိုးသတ်လိုက်စမ်း'

✤✤✤✤✤

www.burmeseclassic.com

www.burmeseclassic.com



# ရင်နှင့်သောမားချက်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆၃)

## ရင်နင့်သောအားချက်

ချူကျူးသည် ဟူတန်းဂိုဏ်းချုပ်ကြီး ကျန်းဆန်းဖုန်းနှင့်အတူ ဟူတန်းတောင်သို့ လိုက်ခဲ့သည်။ သို့သော် ဟူတန်းဂိုဏ်းတွင် မိန်းကလေးတပည့် မရှိ၍ ကျန်းဆန်းဖုန်းသည် ချူကျူးကို ဝါမေဂိုဏ်းသို့ ပို့ပေးလိုက်၏။

ချူကျူးသည် ငယ်စဉ်ကပင် မိဘများ သေဆုံးခဲ့ရသည့် မိဘမဲ့ကလေးဖြစ်ပြီး ဉာဏ်ရည် အလွန်ထက်မြက်သူကလေး ဖြစ်သည်။ အလွန်ကြိုးစားအားထုတ်သည့် ဝီရိယရှိခြင်းကြောင့် သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပညာတွင် အလွန်တိုးတက်လာသည်။ ဤသို့ ထကြွလုံ့လ ရှိခြင်းကြောင့်ပင် မျက်ကြွယ်ဆရာမကြီးက သူမကို အလွန်ချစ်ခင်ခြင်း ဖြစ်၏။ ထို့ကြောင့် ချူကျူးသည် မျက်ကြွယ် ဆရာမကြီးကို ငယ်စဉ်ကာလကပင် ချစ်ကြောက်ရိုသေ ဖြစ်ခဲ့ရပြီး ဆရာမကြီး၏ အမိန့်အာဏာ အောက်၌ ပြားပြားဝပ် နေခဲ့ရ၏။ ဆရာမကြီး၏ စကားတစ်ခွန်းမျှကိုပင် မည်သည့် အခါမျှ မပယ်လှန်ရဲခဲ့။

ထို့ကြောင့် သူမသည် မျက်ကြွယ်ဆရာမကြီး ရုတ်တရက် အော်ဟစ်လိုက်သော အသံကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် မည်သို့မျှ စဉ်းစား ဆင်ခြင်နိုင်ခြင်း မရှိတော့ဘဲ ကြောက်အား လန့်အားနှင့် ဟူကျင်း၏ ရင်ဝသို့ ထိုးစိုက်လိုက်တော့၏။

ချူကျူးအနေဖြင့် ဤသို့ မိမိ၏ ရင်ဝကို ဓားနှင့် ထိုးချလိမ့်မည်ဟု လုံးဝ မထင်မှတ်ထားသော ဟူကျင်းသည် ဓားချက်ကို မည်သို့မျှ တိမ်းရှောင်နိုင်စွမ်း မရှိတော့ချေ။ တကယ် ထိုးစိုက်လိုက်တာပါလားဟု သိလိုက်သော အချိန်တွင်မူ အချိန်နှောင်းနေပြီဖြစ်သည်။

ချူကျူးသည်လည်း တကယ်တမ်း ထိုးစိုက်ပြီးချိန်ကျမှ အခြေအနေမှန်ကို သူမ၏ စိတ်ရင်းအတိုင်း စဉ်းစားမိလိုက်သည်။ ထို့ကြောင့်...



'အို... ငါ ဘယ်လို ဖြစ်ရတာပါလိမ့်၊ သူ့ကို တကယ်ပဲ သတ်မိတော့မှာပါလား'

ထိုစိတ်ကူး ဝင်လာသည်နှင့် တစ်ပြိုင်နက် သူ၏လက်သည် ဘေးသို့ တိမ်းစောင်းသွားပြီး ဟူကျင်း၏ ညာဘက် ရင်အုံသို့ ထိုးစိုက်မိသွား၏။

ချူကျူးသည် သူမကိုယ်တိုင်က ဟူကျင်းအား ထိုးစိုက်လိုက်ခြင်းဖြစ်သော်လည်း ဓားဖြင့် ထိုးစိုက်ခံရသူမှာ သူမ ဖြစ်နေသကဲ့သို့ 'အား'ခနဲ ရူးရူးဝါးဝါး အော်ပြီး ဓားကို ပြန်နုတ်လိုက်၏။ ဓားဖျားတွင် စွေးစွေး နီရဲနေသော သွေးများ တစ်စက်ချင်း တစ်ပေါက်ချင်း စီးကျနေသည်။

ထို့အတူ ဟူကျင်း၏ ညာဘက်ရင်အုံမှလည်း သွေးများ ပန်းထွက်လာသဖြင့် သိုင်းပရိသတ်များမှ ဆူညံ အော်ဟစ်လိုက်သော အလန့်တကြား အသံများ ပေါက်ကွဲထွက်လာသည်။

ဟူကျင်းကမူ သူ၏ ဘယ်ဘက်လက်ဖြင့် ဒဏ်ရာကို ဖိအုပ်ထားလိုက်သည်။ သူ့တစ်ကိုယ်လုံးမှာလည်း လဲမလို ပြိုမယောင် ယိမ်းထိုးနေသည်။ သူ့မျက်နှာ၌ မယုံကြည်နိုင်သော အံ့သြသောကြေကွဲသော အရိပ်အယောင်များ တရိပ်ရိပ် ပေါ်နေသည်။ သူသည် ချူကျူးအား စကားတစ်လုံးမျှ မပြောချေ။ သို့သော် သူ၏ ထူးခြားဆန်းကြယ်လှသော မျက်နှာကမူ...။ •

www.burmeseclassic.com

www.burmeseclassic.com



'မင်း... ငါ့ကို တကယ်ပဲ ထိုးသတ်ရက်သလားဟင်' ဟု မေးနေသယောင်။

ချူကျူးသည်လည်း ဟူကျင်း၏ မျက်နှာ အနေအထားနှင့် စိတ်တွင်းမှ မေးလိုက်သော မေးခွန်းများကို သိလိုက်မိသလို ဖြစ်သွားပြီး လွန်စွာ တုန်လှုပ်ချောက်ချားလျက် အထစ်ထစ် အငေါ့ငေါ့ဖြင့် ဖြေရှင်းပြရန် ကြိုးစားနေရှာသည်။

'ကျွန်...ကျွန်မ...ကျွန်မ...'

သူမ၏နှုတ်မှ သည့်ထက် အဓိပ္ပာယ်ကွဲပြားသော စကားလုံးများ ထွက်မလာတော့။ ဟူကျင်းနားသို့ ပြေးကပ်ပြီး ဓားဒဏ်ရာကို ကြည့်ရှုပြုစုပေးချင်သော်လည်း မျက်ကွယ် ဆရာမကြီးရှေ့တွင် သူမ မလုပ်ရဲ။ နောက်ဆုံး မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ပြေးထွက်သွားတော့၏။

သိုင်းပြိုင်ပွဲ အခြေအနေတစ်ခုလုံးသည် ရုတ်ရုတ်သဲသဲ ဖြစ်သွားလေပြီ။ ဟူကျင်း ဓားထိုးခံမှုသည်ကို မြင်လိုက်ပြီးသည်နှင့် ရှောင်ချောင်း၏ မျက်နှာတစ်ခုလုံး၌ သွေးမရှိတော့။ သူမသည် ကမူးရှူးထိုးနှင့် ပြေးထွက်လာပြီး ဟူကျင်းကို ထိန်းပေးထားလိုက်သည်။

'အစ်ကိုလေး... အစ်ကိုလေး... သတိထားနော်'



ဓားချက် အနည်းငယ်စောင်းသွားသဖြင့်သာ ဟူကျင်းကံကောင်းသွားခြင်းဖြစ်သည်။ စောင်းမသွားက နှလုံးသားကို တိုက်ရိုက်ထိုးမိပြီး ဟူကျင်းအဖို့ ပွဲပြီးမီးသေ ဓာတ်သိမ်းရပေတော့မည်။ ယခုသော် အဆုတ်နားရှပ်၍ ထိုးစိုက်မိသွားခဲ့ခြင်း ဖြစ်သဖြင့် ဤမျှ သက်သာရာရသွားခြင်း ဖြစ်၏။ ဟူကျင်းသည် ရှောင်ချောင်းကို ကြည့်လျက်...

'မင်း...မင်း... ငါ့ကို ဘာဖြစ်လို့ သတ်ရတာလဲ'

သူသည် ထိုစကားကို ပြောလိုက်စဉ် အဆုတ်ထဲသို့ လေဝင်သွားသဖြင့် ပြင်းထန်စွာ ချောင်းဆိုးလေတော့သည်။ ထို့ကြောင့် သွေးများသည် စမ်းရေပေါက်မှ ထွက်လာသော ရေများသဖွယ် အဆက်မပြတ် စီးထွက်လာပြန်သည်။ ဟူကျင်း၏ ဒဏ်ရာသည် မသေရုံတမည်မျှသာ ဖြစ်ပြီး အလွန်ပြင်းထန်လှသည်။ ပြင်းထန်လှသော ဒဏ်ရာနှင့် ခံစားရသည့် ဝေဒနာကြောင့် သူ၏ အာရုံများ မှုန်ပြားလာပြီး ရှောင်ချောင်းကို ချူကျူးဟု ထင်မှတ်၍ အထက်ပါ စကားကို ပြောလိုက်ခြင်း ဖြစ်ပေသည်။

ပတ်ဝန်းကျင်မှ သိုင်းပရိသတ်အားလုံးသည် စိတ်မကောင်းကြီးစွာဖြင့် ငြိမ်သက်နေကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် အလွန့် မွန်ရည်သော လူငယ်ကလေးဖြစ်သည်။ စောစောက ဂိုဏ်းကြီး ခြောက်ဂိုဏ်းနှင့် ယှဉ်ပြိုင်စဉ်က သူ၏ သဘောထားကြီးမားလှပုံ၊ စိတ်ထားမြင့်မြတ်လှပုံနှင့် မိမိကိုယ်မိမိ နှိမ့်ချပုံတို့ကို ခန်းမထဲရှိ လူအားလုံး ပြန်လည်မြင်ယောင်နေမိကြသည်။ သူ့ကို ရန်သူရော မိတ်ဆွေများကပါ လေးစား ချစ်ခင်လျက် ရှိကြလေပြီ။

ယခုဟူကျင်းသည် သိုင်းပညာယှဉ်ပြိုင်ခြင်း မဟုတ်သည့် အကြောင်းမှဲ့ ဓားချက်ကြောင့် လဲကျသွားသည်ကို တွေ့ကြရသော အခါ ဟူကျင်းဘက်မှ များစွာ မခံမရပ်နိုင်ဖြစ်ကြရသည်။ ဟူကျင်း၏ ဓားဒဏ်ရာ ပြင်းထန်ပုံကို ရိပ်မိကြသဖြင့် များစွာ စိုးရိမ်မကောင်း ဖြစ်နေကြ၏။

ရှောင်ချောင်းသည် ဟူကျင်းကို ဖြည်းညင်းစွာ ထိုင်နိုင်း လိုက်ပြီး ဝါရင့် သိုင်းသမားကြီးဘက်သို့ မေးမြန်းတောင်းခံလိုက် သည်။

'ဆရာကြီးတို့မှာ ဆေးကောင်းဝါးကောင်းတွေ ပါလာကြရင် ကူညီကြပါရှင်၊ ဒဏ်ရာ သိပ်ပြင်းထန်နေလို့ပါ'

ရှောင်လင်ဂိုဏ်းမှ ဘုန်းတော်ကြီး ခုံးရှန့်သည် ရှေးဦးစွာ ပြောထွက်လာပြီး သူ့ရင်ဘတ်မှ ဆေးထုပ်တစ်ထုပ်ကို ယူပေးလိုက် သည်။



'ဒါကတော့ ဘုန်းကြီးတို့ဂိုဏ်းရဲ့ အကောင်းဆုံး ဓားဒဏ်ရာ လိမ်းဆေးပါပဲ'

ထို့ပြင် ခုံးရှန့်သည် ဟူကျင်း၏ ရင်ဘတ်မှ အင်္ကျီစကို ဆွဲဖြဲပစ်လိုက်သည်။ သွေးများ တသွင်သွင် စီးကျနေသည် ဒဏ်ရာ ပေါ်သို့ ဆေးမှုန့်များ လူးပေးရန် ကြိုးစားလိုက်သည်။ သွေးများ အဆက်မပြတ် ထွက်လွှန်းသဖြင့် ဆေးလူးပေးရန် မတတ်နိုင်သကဲ့ သို့ ဖြစ်နေရသည်။ ဆေးမလိမ်းလျှင် သည်ဒဏ်ရာ သက်သာလိမ့် မည် မဟုတ်ချေ။ ထို့ကြောင့် ဘုန်းတော်ကြီး ခုံးရှန့်သည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာလျက် ဟူကျင်းအတွက် များစွာ စိုးရိမ်သောက ဖြစ်လာတော့သည်။

'ဒီလိုသာ သွေးမတိတ်ရင် ခက်ကုန်တော့မှာပဲ ဘယ့်နှယ် လုပ်ကြမလဲ'

ခုံးရှန့်၏ တဗျစ်တောက်တောက် ညည်းသံကြောင့် ခွန်း လွန်ဂိုဏ်းမှ ဟိုတိုက်ချုံးနှင့် စူးရှင်တို့ လင်မယား နှစ်ယောက်စလုံး ဆံပင်များထောင်သွားသည်အထိ ထိတ်လန့်သွားကြသည်။ သူတို့ နှစ်ယောက်သည် ဘုန်းတော်ကြီး ခုံးရှန့်ထက်ပင် ပို၍ ပူပင်နေကြ သူများ ဖြစ်သည်။ အကယ်၍ ဟူကျင်းသာ သေသွားလျှင် သူတို့နှစ် ယောက်၏ အဆိပ်များကို မည်သူက လာရောက်ဖြေပေးပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် မိမိတို့လည်း အဆိပ်တက်၍ သေကြရချေတော့မည်။ သူတို့ အသက်ကို မြတ်နိုးတွယ်တာသည့် စိတ်ဓာတ်သည် သူတို့ နှစ်ယောက်စလုံးကို ဟူကျင်းထံသို့ ပြေးကပ်သွားစေရန် လှုံ့ဆော်တိုက်တွန်းလျက် ရှိပေပြီ။

ဟိုတိုက်ချုံးနှင့် စူးရှင်တို့သည် ဟူကျင်းနားသို့ ပြေးကပ်သွားကာ...

'ဟေး...ဟေး... ရွှေပိုးနံ့ကောင်ရဲ့ အဆိပ်ဖြေဆေးက ဘာလဲ ဘယ်မှာလဲ ပြောစမ်းပါ မြန်မြန်ပြောစမ်းပါ'

ရှောင်ချောင်းသည်'တရှုပ်ရှုပ်ငိုကြွေးနေရင်းမှ အော်ငေါက်ထုတ်ပစ်လိုက်သည်။

'သွားကြ...ရှင်တို့ တစ်ယောက်မှ လာမမေးကြနဲ့၊ လောလောဆယ် သေမယ့်လူအတွက်တော့ ဂရုမစိုက်ဘူး ကိုယ့်အတွက်ပဲကိုယ် တွေးနေကြတယ်၊ အစ်ကိုလေး သေရင် အားလုံးသေရမှာပဲ ဘာ ရွှေပိုးနံ့ကောင် အဆိပ်ဖြေဆေးလဲ မလိုချင်ဘူး သွားကြ... သွားကြ'

ဟိုတိုက်ချုံးမှာ ရှောင်ချောင်း၏ အောက်ငေါက်သံကြောင့် သိမ်ငယ်သလိုပင် ခံစားမိလိုက်သည်။ ယခု အခြေအနေမျိုးသာ မဟုတ်ခဲ့လျှင် ခွန်းလွန်ဂိုဏ်းချုပ်ကြီး ဟိုတိုက်ချုံးအား ဤမျှ ရိုင်းရိုင်း အော်ငေါက်နေသူအား မှတ်လောက်သားလောက် ဆုံးမမိပေလိမ့်မည်။ ယခုတော့ ရှောင်ချောင်း၏ အော်ငေါက်သံကို ဂရုမစိုက်နိုင်တော့ဘဲ သူ့အသက်ဘေး လွတ်ကင်းရန်အတွက်သာ တစ်မေးတည်း မေးနေတော့၏။



'ပြောစမ်းပါ ဟေ့ကောင်လေး ရွှေပိုးနံ့ကောင် အဆိပ်ဖြေဆေးက ဘယ်မှာလဲ'

ထိုစဉ်...

'ဟိုတိုက်ချုံး... မင်း ထွက်သွားစမ်း၊ သူများတွေက မင်းထက် သေရေးရှင်ရေး အရေးကြီးနေတဲ့အချိန်မှာ သခွတ်ပင်က မီးတကျီကျီလုပ်မနေစမ်းနဲ့၊ နို့မို့ရင် မင်းကို ငါ အားမနာနိုင်တော့ဘူး'

ဘုန်းတော်ကြီး ခုံးရှန့်၏ ဒေါသဖြင့် ပြောလိုက်သံကြောင့် ဟိုတိုက်ချုံး နောက်သို့ အသာပြန်ဆုတ်သွား၏။

ထိုအခိုက် ဟူကျင်း မျက်လုံးများ ပွင့်လာပြီး သူ့လက်ချောင်းများဖြင့် ဒဏ်ရာ ဘေးပတ်လည်မှ အကြောခုနှစ်ချောင်းကို ထိုးပိတ်လိုက်သည်။ တသွင်သွင်ကျနေသော သွေးများသည် ရုတ်ခြည်းပင် အထွက်နှေးသွားတော့သည်။

ခုံးရှန့်သည် အလွန်ဝမ်းသာအားရ ဖြစ်သွားပြီး သူ၏ ဆေးမှုန့်များဖြင့် ဒဏ်ရာကို လိမ်းကျံပေးလိုက်သည်။ ရှောင်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဟူကျင်း၏ အကျီစများကို ဆုတ်ဖြလိုက်ကာ ဒဏ်ရာကို စည်းနှောင်ပေးလိုက်သည်။ ဟူကျင်း၏ မျက်နှာမှာလည်း ကြောက် မက်ဖွယ်ကောင်းလောက်အောင် ဖြူရော်နေသည်ကို တွေ့ရှိရသည်။ သွေးထွက်လွန်ခဲ့ရသည် မဟုတ်ပါလား။ ဟူကျင်း၏ ဆိုးရွားသော အခြေအနေကို ကြည့်မြင်မိသော ရှောင်ချောင်းသည် စိုးရိမ်သော ၏ ဖိစီးနှိပ်စက်မှုကြောင့် တရှုပ်ရှုပ် ငိုလိုက်မိတော့သည်။

ထိုစဉ် ဟူကျင်း၏ အာရုံများသည် ပြန်လည်နိုးကြား သည်။ သူ၏ အတွင်းအားကို သူ့ ခန္ဓာကိုယ်အတွင်း လှည့်ပတ် ကြည့်ရာ ညာဘက်ရင်ဘတ်သို့ ရောက်လာသောအခါတွင် ပိတ် နေသည်ကို တွေ့ရှိလိုက်ရသည်။ သူ့စိတ်ထဲတွင် နိုင်မာသော ဆုံးဖြတ်ချက်ကို ချလိုက်ပြန်၏။

'ငါ့အသက် မသေသေးသရွေ့တော့ အလင်းမာန်ဂိုဏ်း ငါ ကာကွယ်သွားမယ်'

သူသည် သူ၏ အတွင်းအားကို ဘယ်ဘက် ကိုယ်တစ်ခြမ်း တွင် သုံးလေးကြိမ်မျှ လှည့်ပတ် အရှိန်ယူလိုက်သည်။ ထို့နော ဖြည်းညင်းစွာ မတ်တတ်ရပ်လိုက်၏။

အာရသိုင်းသမား ပြိုင်စံရှားသိုင်းသမား၊ သွေးအလွန် သော သိုင်းသမားကလေး ဟူကျင်းပေတည်း။ သူက...





'ဝါမေဂိုဏ်းနဲ့ ဟူတန်းဂိုဏ်းက မကျေနပ်သေးတဲ့ လူများ ရှိနေသေးတယ်ဆိုရင် ထွက်ခဲ့ပါ'

ကြည့်နေသူ အားလုံးတို့သည် ကြက်သီးတဖြန်းဖြန်း ထ သွားကြတော့သည်။ ဟူကျင်း၏ ဒဏ်ရာ မည်မျှ ပြင်းထန်သည်ကို သူတို့ သိကြသည်။ ထိုဒဏ်ရာကြီးဖြင့် မတ်တတ်ရပ်လျက် ထပ်မံ စိန်ခေါ်နေသေးသည့် ဟူကျင်း၏ စွမ်းရည်ကား အံ့မခန်း စွမ်းရည် ပင် မဟုတ်ပါလော။

မျက်ကွယ် ဆရာမကြီးလည်း အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

'ဒီနေ့ ဒီကောင်လေးကို ဝါမေဂိုဏ်းက အရှုံးပေးလိုက်ပါ တယ်၊ မင်းသာ မသေသေးရင်တော့ နောက်တစ်ကြိမ် မင်းနဲ့ လာပြီး ရင်းရှင်းရသေးတာပေါ့ အခု အချိန်မှာတော့ ဂိုဏ်းကြီး ခြောက် ဏ်းက လူတွေအနေနဲ့ ဟူတန်းဂိုဏ်းကိုပဲ စောင့်ကြည့်ရတော့မှာပဲ'

မျက်ကွယ်ဆရာမကြီး၏ စကားသည် အလွန်ရှင်းလှသည် ကျောင်လင်၊ ခုံးတုံ၊ ခွန်းလွန်၊ ဝါဆန်းနှင့် ဝါမေ အစရှိသည့် သိုင်း လောဂိုဏ်းကြီး ငါးဂိုဏ်းသည် ဟူကျင်းကို အရှုံးပေးခဲ့ရချေပြီ။ နောက်ဆုံးတစ်ဂိုဏ်းဖြစ်သော ဟူတန်းဂိုဏ်းသာ မယှဉ်ပြိုင်ရသေးဘဲ ကျန်ရှိနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းအဲဖို့မှုကား အဆိုးရွားဆုံး အကျဉ်းကျပ်ဆုံး သေရေးရှင်ရေးတမျှ အရေးကြီးလှသော အချိန်အခါပင်တည်း သူ၏ဖွဲ့၊ သတ္တိ၊ ခံနိုင်ရည်နှင့် ကိုယ်တစ်ခြမ်းသာ လှည့်ပတ်နေသော အတွင်းအားများကို ကျားကုတ်ကျားခဲ အထောက်အခံပြုလျ အားခဲရပ်နေရခြင်းသာ ဖြစ်သည်။

ဟူတန်းဂိုဏ်းမှ အညံ့ဆုံး သိုင်းသမားတစ်ယောက် ထွ လာပြီး တိုက်ခိုက်သည်နှင့်ပင် ဟူကျင်း အသက် ဆုံးရှုံးသွားနိုင် သည်။ ဟူကျင်း ရှုံးပြီဆိုလျှင် အလင်းမာန်ဂိုဏ်းအဖို့ လုံးဝ တွေး စရာ မရှိတော့။ တစ်ယောက်မကျန် သုတ်သင်ခံရပေတော့မည်။

သို့သော် ဟူတန်းဂိုဏ်းသည် အလွန် ဖြောင့်မတ် မှန်ကန် သော ဂိုဏ်းကြီးဖြစ်ရာ ဒဏ်ရာပြင်းထန်စွာရနေသော သူငယ် တစ်ယောက်နှင့် မည်သို့မျှ ယှဉ်ပြိုင်မည် မဟုတ်ချေ။ ယှဉ်ပြိုင်၍ အနိုင်ရလျှင်လည်း ဂုဏ်တက်စရာမရှိ ဂုဏ်ပျက်စရာပင်ဖြစ်ကော ဖြစ်လာပေလိမ့်မည်။

ဟူတန်းဂိုဏ်းအဖို့ ဟူကျင်းအား မတိုက်ခိုက်ဘဲ ရှောင်ရှာ ၍ မဖြစ်သော အကြောင်းတစ်ရပ်ကလည်း ရှိနေပေသေး၏။ အကယ် ၍ သူတို့က မတိုက်ခိုက်တော့ဟုဆိုလျှင် ဂိုဏ်းကြီး ခြောက်ဂိုဏ်းက ကွမ်းမိန်တောင်ကို ဝိုင်းဝန်းလျက် အလင်းမာန်ဂိုဏ်းကို တိုက်ခိုက်ကြ



သည့် ပွဲကြီးသည် ရှုံးနိမ့်သွားပြီဟု သတ်မှတ်ကြပေတော့မည်။ ထို့ကြောင့် ဟူတန်းဂိုဏ်းမှ ချိုရှင်ချောင်း၊ ရိလင်တန်း၊ ကျန်းဆုံကျိ၊ င်လိရှုန်နှင့်မော်ကုဆန်းတို့ ငါးယောက်တို့သည် တစ်ယောက် က်နှာ တစ်ယောက်ကြည့်လျက် မည်သို့ ဆုံးဖြတ်ရမည်မှန်း မသိ င်လောက်အောင် ဖြစ်နေကြ၏။

ဟူန်းဂိုဏ်းအဖို့ လွန်စွာ အသက်ရှုကျပ်စေသော အကျည အကျပ်ပင်တည်း။ ထိုစဉ် ချိုရှင်ချောင်း၏သား ဆို့ချင်းက တ်တရက် ဝင်ပြောလေ၏။

'ကျွန်တော် သူ့ကို ရှင်းပစ်လိုက်ပါရစေ'

ဟူတန်းငါးဖော်သည် ဆို့ချင်း၏ ဆိုလိုရင်း သဘောကို ားလည်လိုက်ကြသည်။ ဆို့ချင်းသည် ဟူတန်းဂိုဏ်း၏ တတိယ က် ဖြစ်၍ ဝါလည်းငယ်သည်။ ဆို့ချင်းအနေဖြင့် ထွက်တိုက်လျှင် ူတန်းငါးဖော်၏ နာမည်ဂုဏ်ကို မထိခိုက်နိုင်တော့ချေ။

ဟူတန်းငါးဖော်အဖို့ လုပ်စရာ သည်တစ်နည်းသာ ရှိတော့ သဖြင့် သဘောတူလိုက်ကြသည်။ ဆို့ချင်းက...

'နွားလေး ခင်ဗျားဟာ အလင်းမာန်ဂိုဏ်းကလူ မဟုတ် ါဘူး၊ ဒီတော့... ခင်ဗျား ဒီနေရာကနေ ခမြန်ဆုံး ထွက်ခွာသွား၏။ ကျုပ်တို့ ဂိုဏ်းကြီးခြောက်ဂိုဏ်းက ခင်ဗျားကိုဘာမှ မလုပ်စေရဘူး တာဝန်ခံပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် သူ၏ ရင်ဘတ်ကို လက်ဖြင့် အုပ်ကာ ဖြည်းညင်းစွာ ပြောလိုက်သည်။

'မင်းပြောတဲ့ စကားကိုတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် မင်းပြောတဲ့အတိုင်း ငါ မလုပ်နိုင်တာကိုတော့ စိတ်မကောင်းဘူး၊ ငါ့အနေနဲ့ အလင်းမာန်ဂိုဏ်းနဲ့ အေးအတူ ပူအမျှ သေမကွဲ မကွာအတူနေဖို့ ဆုံးဖြတ်ထားပါတယ်'

ဟူကျင်း၏ စကားသည် အလင်းမာန်ဂိုဏ်းနှင့် မျက်စိမှိတ်ဂိုဏ်းမှလူများအားလုံး၏ နှလုံးသားကို ထိနိုက်နာကျင်သွားစေတော့သည်။ ဟူကျင်း၏ သူတို့ပေါ်ထားသော စိတ်ရင်းစေတနာအတွက် မျက်ရည်လည်မတတ် ခံစားလိုက်ကြရ၏။ ထို့ကြောင့် တစ်ပြိုင်နက်တည်း ကြေကွဲစွာ အော်ဟစ်လိုက်ကြတော့သည်။

'ကောင်လေး... မင်း ငါတို့အပေါ် ဒီလောက် ကောင်းခဲ့တာတွေကို တစ်သက်မဟုတ်ဘူး၊ ဆယ်သက် မမေ့နိုင်တော့ပါဘူး မင်းရဲ့အသက် အသေခံပြီး ဆက်မတိုက်ပါနဲ့တော့၊ ရပ်လိုက်ပါ ရပ်လိုက်ပါ'

ဟူကျင်းကမူ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလိုက်သည်။ ဆိုချင်းက ဟူကျင်းအား...

'ဒီလိုဆိုရင်လဲ ကျုပ်က ခင်ဗျားကို တိုက်ရတော့မှာပေါ့'



ရုတ်တရက် ရှောင်ချောင်းသည် ဟူကျင်း၏ရှေ့သို့ ဖျတ်ခနဲဝင်ရောက်လာကာ ဟူကျင်း၏ ရှေ့မှ ကာဆီးထားလုက်သည်။

'ရှင်... ကျွန်မကို သတ်ပြီးမှ သူနဲ့တိုက်ပါ'

ဟူကျင်းသည် တိုးညင်းသော အသံဖြင့် ရှောင်ချောင်းအား ပြောလိုက်သည်။

'ရှောင်ချောင်း... မင်း ဘာမှ စိတ်မပူပါနဲ့ကွယ် ဒီသူငယ်လေးရဲ့ သိုင်းပညာဟာ မဖြစ်စလောက်ကလေးပါ။ ငါ သူ့ကို လွယ်လွယ်ကလေးနဲ့ နိုင်နိုင်ပါတယ်'

ရှောင်ချောင်းကမူ ပူပန်စွာ ဆက်လက် တားဆီးနေသည်။

'အစ်ကိုလေး အနေနဲ့ ဘာမှ မဖြစ်ရင် နိုင်နိုင်ပါတယ်၊ ဒါပေမယ့် အစ်ကိုလေးမှာ ဒဏ်ရာ...'

ဟူကျင်းက ပြုံး၍...

'ဒဏ်ရာပြင်းတာတော့ မှန်တယ်၊ ဒါပေမယ့် မပူပါနဲ့ကွယ်'

ဆိုချင်းကမူ ဒီ သူငယ်လေးရဲ့ သိုင်းပညာဟာ မဖြစ်စလောက်ကလေးဟု ကြားလိုက်ရသည့် အခါတွင်မူ ဒေါသယမ်းအိုးပေါက်ကွဲထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ ကျုပ်ပညာကလေးကတော့ မဖြစ်စလောက် ကလေးပေါ့လေ၊ ကဲ... ခင်ဗျားရဲ့ ဧရာမ သိုင်းပညာကြီးကို ကြည့်ရ အောင်'

ထိုစဉ် ဟူကျင်းက ညင်သာသော လေသံဖြင့်...

'ရှောင်ချောင်း...မင်း ငါ့အတွက် ဘာကြောင့် ဒီလောက် စိုးရိမ်နေရတာလဲဟင်'

'ဟင့်အင်း... အစ်ကိုလေး တစ်ခုခု ဖြစ်ရင်တော့ ကျွန်မလဲ လိုက်သေမှာပဲ'

ဟူကျင်းသည် ရှောင်ချောင်းကို ကြင်နာစွာ ကြည့်လိုက်မိ၏၊ ချို့ရွှင်ချောင်းသည် စိတ်မရှည်တော့။ ထို့ကြောင့် ရှောင်ချောင်းကို အော်ငေါက်လိုက်သည်။

'မင်း ရှေ့က ရှုပ်မနေနဲ့၊ ဘေးကပ်နေစမ်း'

ဟူကျင်းသည် ရုတ်တရက် ဒေါသထွက်လာသဖြင့်...

'မင်းဟာ ယောကျ်ားတစ်ယောက်လုပ်နေပြီး မိန်းကလေး တစ်ယောက်ကို ဘာကြောင့် ဒီလို အော်ငေါက်ရတာလဲ'

စကားနှင့် တဆက်တည်းပင် ရှောင်ချောင်းကို ဘေးသို့ အသာတွန်းဖယ်လိုက်သည်။ ဟူကျင်းသည် အားတင်း၍ မတ်တတ် ရပ်နေရခြင်း ဖြစ်သည်။ ထိုအဖြစ်ကို ဆို့ချင်းလည်း သိသည်။



ရီလင်တန်းက အသံမြှင့်၍ ပြောလိုက်သည်။

'ဆို့ချင်း... သူ့ရဲ့ အကြောကိုသာ ထိုးပိတ်လိုက်၊ သူ မလှုပ် နိုင် မရှားနိုင်အောင် လုပ်ပြီးရင် မင်းတာဝန်ကျေပြီ၊ အသက်ကိုတော့ မထိခိုက်စေနဲ့'

ဆို့ချင်းသည် 'ဟုတ်ကဲ့' ဟု ပြောလိုက်ပြီး သူ့လက်ချောင်း က ဟူကျင်း၏ ပခုံးသို့ ထိုးစိုက်တိုက်ခိုက်လိုက်တော့သည်။

သို့တိုင်အောင် ဟူကျင်းမလှုပ်။ ဆို့ချင်း၏ လက်ချောင်း များ သူ့ပခုံးပေါ်သို့ ရောက်လာတော့မှပင် အတွင်းအားကို ရုတ်ခြည်း ထုတ်လိုက်ပြီး ဆို့ချင်း၏ အားကို ဖြေလိုက်၏။ ထိုအခါ ဆို့ချင်း လက်ချောင်းများသည် ရေထဲသို့ ထိုးစိုက်လိုက်ရသည်သို့ ဖြစ်သွားပြီး ခန္ဓာကိုယ်သည်လည်း အရှိန်လွန်လျက် လဲကျလုမတတ် ဖြစ်သွား ရ၏။ ထို့ကြောင့်သူ၏ခြေထောက်များကို အမြန်ဆုံး လှုပ်ရှားလျက် ကိုယ်ဟန်ကို ထိန်းလိုက်ရသည်။ အများအမြင်တွင်မူ ပုံပျက်ပန်းပျက် ဖြစ်တော့ ဖြစ်သွားရသည်။

ဆို့ချင်းသည် သူ၏စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းသိမ်းလိုက်ပြီး အလွန် ပြင်းထန်သော ကန်ချက်တစ်ခုဖြင့် ကန် လိုက်သည်။ သည်တစ်ကြိမ်တွင်မူ သူ၏ အားကို အဆင့် ခုနစ်ဆင့် ထိ ထုတ်ပြီး တိုက်ခိုက်လိုက်ခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခံနိုင်ရင်တော့ ခံပေတော့ ဆိုသည့် သဘောမျိုး။

ပွဲမစခင် အချိန်ကလေးအတွင်း ရီလင်တန်းက အသက်ကို မထိခိုက်စေရန် မှာကြားခဲ့သည်ကို သတိရမိသော်လည်း သူ့အနေဖြင့် သိပ်ဂရုမစိုက်လိုတော့။ ဆို့ချင်းသည် ဟူကျင်းအား အလိုလိုနေရင်း မုန်းတီးနေပေ၏။ အမှန်စင်စစ် ဆို့ချင်းသည် 'သိုင်းပညာ မဖြစ် စလောက်ကလေးသာ တတ်သည်' ဟု ဟူကျင်းက ပြောလိုက်သဖြင့် မုန်းတီးနေခြင်း မဟုတ်ပေ။ သူ အလွန် စိတ်ဝင်စားနေသော ဝါ ဂိုဏ်းမှ ချူကျူးက ဟူကျင်းအား ကြည့်သောအကြည့်တွင် မေတ္တာ ရည် ပြည့်လျှမ်းနေလျက် စိုးရိမ် ပူပန်နေသည့် အရိပ်အယောင်များကို သူ မြင်တွေ့လိုက်ရသောကြောင့် မုန်းတီးနေခြင်း ဖြစ်ပေသည်။

နောက်ဆုံး မျက်ကြွယ် ဆရာမကြီး၏ အမိန့်အရ ဟူကျင်း ကို ဓားဖြင့် ထိုးချလိုက်ရသော်လည်း အလွန် စိတ်ထိခိုက် ကြေကွဲ သွားသည်ကိုပါ မြင်တွေ့လိုက်ရသည် မဟုတ်ပါလား။

ဆို့ချင်းသည် ချူကျူးကို တွေ့လိုက်ရကတည်းကပင် တိမ်း ညွတ်ခဲ့သည်။ သူ၏ မျက်လုံးအစုံတို့သည် ချူကျူး၏ ခန္ဓာကိုယ်မှ လုံးဝ မခွာခဲ့၊ ချူကျူး၏ အလှအပတွင် ယစ်မူးရီဝေခဲ့ရသည်။ ထိန်း မနိုင် သိမ်းမရ အမူအရာပျက်မှုများကို အခြားသူများ မရိပ်မိခဲ့သည် ကိုပင် သူ့ကိုယ်သူ ကြံဖန် ကျေးဇူးတင်နေရသည်။ သူ၏ အကြည့် နှင့် ထွေပြားနေသော စိတ်ခံစားမှုများကို မည်သူ သတိပြုမိပါအံ့နည်း



သူ့ထက် အရေးကြီးလှသော သိုင်းပြိုင်ပွဲကြီးကို လူအားလုံးက စိတ် ဝင်စားနေကြသည် မဟုတ်ပါလား။

ဆို့ချင်း တစ်ခုသိနေမိသည်။ ချူကျူးသည် ဟူကျင်းကို ဘယ်လိုမှ မေ့ပစ်မည့် မိန်းကလေးတစ်ဦး မဟုတ်ကြောင်းကိုတည်း။ ဟူကျင်းသေသည် ဖြစ်စေ၊ ရှင်သည်ဖြစ်စေ၊ ဟူကျင်းကို အမြဲတမ်း သတိရနေမည့်သူ ဖြစ်ကြောင်း ချူကျူး၏ မျက်နှာတွင် ပေါ်လွင် ထင်ရှားလှသည်။ ယခုပြိုင်ပွဲတွင် မိမိကသာ ဟူကျင်းကို သတ်မိသွား လျှင် မိမိကို ဘယ်တော့မှ ခွင့်လွှတ်တော့မည် မဟုတ်ကြောင်းကို လည်း သိနေမိသည်။

'ဒီကောင်ကို ချူကျူးဘာကြောင့် ဒီလောက် စွဲလမ်းနေရတာ လဲ'

ထိုအချက်အတွက် သူ့ရင်ထဲတွင် ပူလောင်ခံစားနေရသည်။ မနာလိုဝန်တိုခြင်းဟူသည် အချစ်၏ အင်္ဂါအစိတ်အပိုင်းတစ်ခုပင် မဟုတ်ပါလား။

ထို့ကြောင့် ဟူကျင်းအပေါ်တွင် သူ၏ အမုန်း မီးတောက် များ တပြောင်ပြောင် တညီးညီးဖြင့် ဤမျှ ထွန်းလင်းတောက်ပနေ ခြင်းဖြစ်၏။ သူသည် ဟူတန်းဂိုဏ်း၏ တတိယဆက်မျှသာ ဖြစ် သော်လည်း သိုင်းပညာ၌ ထက်ထက်မြက်မြက်ရှိသည်။ ထိုမျှသာ

www.burmeseclassic.com

www.burmeseclassic.com



မကာသေး ကဗျာ၊ စာပေအရာတွင်လည်း အတော်ဆုံး လူငယ်တစ်ဦး ဖြစ်ရုံမျှသာမကသေး အကျင့်စာရိတ္တအရာ၌လည်း အကောင်းဆုံးသူ တစ်ဦး ဖြစ်နေပြန်သေးသည်။

သို့သော် ဤမျှ ထူးချွန်ထက်မြက်သော လူငယ်ကလေး ဆိုချင်းသည် အချစ်ရေးရာ၊ နှလုံးသားရေးရာနှင့် ပတ်သက်လာသော အခါတွင်မူ မျက်ကန်းတစ္ဆေ မကြောက်ဆိုသကဲ့သို့ အမှားအမှန် လုပ်သင့် မလုပ်သင့် ချင့်ချိန် ဝေဖန်နိုင်စွမ်းမရှိတော့ဘဲ ဟူကျင်းအား တစ်ချက်လွှတ် သတ်ဖြတ်ပစ်ရန်အထိ စိတ်အကြံ မှားခဲ့မိတော့သည်။

ဆိုချင်း၏ ပြင်းထန်သော ခုန်ကန်ချက်သည် ဟူကျင်း၏ ရင်ဘတ်ဆီသို့ မြောက်တက်သွားသည်ကို တွေ့ရသောအခါ ဟူကျင်း အနေဖြင့် ခုန်ထွက် ရှောင်တိမ်းရမည် သို့မဟုတ် လက်နှင့် ပုတ်ထုတ် ကာကွယ်ရမည်ဟု အားလုံးက တွက်ချက်လိုက်ကြသည်။

သို့သော် ဆိုချင်း၏ ခြေထောက်က သူ၏ရင်ဘတ်နားသို့ ရောက်သောအခါ သူ၏ ဘယ်ဘက် လက်ငါးချောင်းဖြင့် အသာ အယာ ပုတ်ထုတ်လိုက်၏။ ထိုအခါ ဆိုချင်း၏ ခြေထောက်ကန်ချက် မှာ လမ်းကြောင်းပြောင်းသွားပြီး ဟူကျင်း၏ ဘေးမှ ကျော်ထွက်သွား လေတော့၏။



ဆိုချင်းသည် ကျော်ထွက်သွားပြီး ညာခြေကို ရုတ်သိမ်းခြင်း မပြုတော့၊ ဘယ်ခြေက နောက်မှ ထက်ကြပ် လိုက်ပါသွားပြီး ထပ် ဆင့်ကန်ထည့်လိုက်၏။ ဟူကျင်းကမူ စောစောက ပုံစံအတိုင်းဖြင့် အသာအယာ-ပုတ်ထုတ်လိုက်ပြန်ရာ ထပ်မံ လွဲချော်သွားပြန်တော့ သည်။

ထိုအခါ ချိုရွှင်ချောင်းက အော်ဟစ်သတိပေးသည်။

'ဆိုချင်း... သူ့မှာ ပင်ကိုယ်အား မရှိဘူး၊ သူ ရန်သူ့အားကို တန်ပြန်အသုံးချနေတာဟေ့'

ချိုရွှင်ချောင်းသည် တကယ့်အရင့်အမာ သိုင်းသမားကြီး ဖြစ်ရာ ဆိုချင်းအတွက် အထောက်အကူပြုနိုင်မည့် အချက်ကို အော်ဟစ် သတိပေးလိုက်ခြင်း ဖြစ်၏။ ထို့ကြောင့် ဆိုချင်းသည် သူ၏ တိုက်ခိုက်နည်းကို ရုတ်ခြည်း ပြောင်းလဲပစ်လိုက်သည်။

သူ၏ လက်ဝါးစောင်း နှစ်ဘက်စလုံး၌ လုံးဝအင်အား မပါရှိတော့ဘဲ ပျော့ပျောင်းတိုက်ခိုက်နေသည်။ ရုတ်တရက် တိုက်ခိုက်လိုက်၊ ထုတ်ထားသော အားကို ပြန်ရုပ်လိုက် စသည်ဖြင့် နည်းလမ်းပြောင်း၍ တိုက်ခိုက်ခြင်းဖြစ်သည်။

အကယ်စင်စစ် ရန်သူ့အားနှင့် ရန်သူကို ပြန်လည်တိုက် ခိုက်ခြင်း ဆိုသည်မှာ ရန်သူက သူ၏အားကို အပြင်းအထန် အား

www.burmeseclassic.com

www.burmeseclassic.com



ထုတ်အသုံးချမှသာ လွယ်လွယ်ကူကူ တန်ပြန် အသုံးချနိုင်ခြင်း ဖြစ်ပေ၏။ ရန်သူက သူ၏အားကို မထုတ်တော့ဟု ဆိုလျှင် ပြန်လည် တန်ပြန် အသုံးပြုရန်လည်း မဖြစ်နိုင်တော့ပေ။

ထို့ကြောင့် ဆို့ချင်းက ယခုကဲ့သို့ သိုင်းကွက် ပြောင်းလိုက်ခြင်းဖြစ်ပေသည်။ သို့သော်... ယခု ဟူကျင်း အသုံးပြုနေသည်မှာ ရန်သူ့အားကို တန်ပြန် တိုက်ခိုက်သော သာမန် သိုင်းပညာ မဟုတ်။ အလွန်ခက်ခဲ နက်နဲသော အားပြောင်းအားလွှဲ သိုင်းပညာကို အသုံးချတိုက်ခိုက်နေခြင်းသာ ဖြစ်၏။

ဆို့ချင်း အပြင်းအထန် တိုက်ခိုက်နေသည့် ကာလအတွင်း လက်ငါးချောင်းသည် တရှုရှုလှုပ်ရှားကာ လှိုင်းပြေးသကဲ့သို့ ဖြစ်နေသည်။ ဆို့ချင်း၏ တိုက်ကွက် အားလုံးသည်လည်း ဟူကျင်းအား မည်သို့မျှ ထိခိုက်ရန် မတတ်နိုင်ဘဲ ဘေးသို့သာ ချော်ထွက်လျက်ရှိနေ၏။ ထိုသို့ တိုက်ခိုက်နေစဉ်အတွင်း ဆို့ချင်းသည် ချူကျူး ရှိရာသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ချူကျူးသည် အကြင်နာတရား၊ ကရုဏာ တရားတို့ ရောပြွမ်းနေသည့် မျက်လုံးအစုံဖြင့် စိုးရိမ်ပူပန်စွာ ဟူကျင်းကို ကြည့်နေချေသည် တကား။



ချူကျူးက ဟူကျင်းအပေါ် ထားသည့် ချစ်မေတ္တာတရားသည် နှင်းတောင်မှကျသော ရေစက် ရေပေါက်ကဲ့သို့ အေးချမ်းလှမည် ဖြစ်သော်လည်း ဆို့ချင်းက ဟူကျင်းအပေါ် ထားရှိသော အမုန်းတရားကမူ မီးတောင်ပေါက်ကွဲ နေသကဲ့သို့ ဝုန်းခနဲ ပေါက်ကွဲထွက်လာတော့၏။

ဆို့ချင်းသည် ဒေါသထွက်လှသဖြင့် သံပြင်းတစ်ချက်ကို အားရပါးရရှိုက်လိုက်ပြီး ဘယ်ဘက်လက်ဝါးစောင်းက ဟူကျင်း၏ မျက်နှာကို ဖြတ်ရိုက်လျက် ညာဘက်လက်ချောင်းက ဟူကျင်း၏ ပခုံးကြောကို ထိုးလိုက်၏။

ယှဉ်ပြိုင်ခဲ့သမျှ အကွက်အားလုံးတွင် ယခုအကြိမ်သည် အပြင်းထန်ဆုံး အားမာန်အပါဆုံး တိုက်ကွက်ပင် ဖြစ်သည်။

ပရိသတ်အားလုံးသည်လည်း ပြင်းထန်လှသော ဆို့ချင်း၏ တိုက်ကွက်ကို မြင်လိုက်ရသောအခါ အလန့်တကြား ယောင်ယမ်း အော်ဟစ်မိကြ၏။

'ဖြန်း'

ကျယ်လောင်သော အသံသည် ခန်းမအတွင်း ဖုံးလွှမ်းသွားသည်။ ဟူကျင်း ဘယ်နည်း ဘယ်ပုံဖြစ်သွားကြသည်ကို ဂရုတစိုက် ကြည့်လိုက်ကြသည်။ သို့သော် ဖြန်းခနဲ မြည်ဟည်းထွက်လာသော

www.burmeseclassic.com

www.burmeseclassic.com



အသံသည် ဆို့ချင်းက ကိုယ့်ပါးကိုယ်ရိုက်လိုက်မိ၍ ထွက်လာသော အသံသာတည်း။ သူ၏ လက်ချောင်းများကလည်း ဟူကျင်းပခုံး ထိုးစိုက်မိသွားသည် မဟုတ်ချေ။ သူဘယ်လက် ပခုံးကြောကို သူ ပြန်ထိုးမိခြင်းသာ ဖြစ်တော့သည်။

ဟူကျင်း အသုံးပြုလိုက်သည့် အားပြောင်းအားလွှဲ သိုင်း ပညာစွမ်းအင်ပင် ဖြစ်၏။

ဆို့ချင်းသည် သူ့အကြောသူ ပြန်ပိတ်မိသွားခြင်း ဖြစ်သဖြင့် ကြမ်းပြင်ပေါ်သို့ 'ဘုန်း'ခနဲ လဲကျသွားပြီး မလှုပ်ရှားနိုင်တော့ချေ။

ချိုရှွင်ချောင်းသည် လျင်မြန်စွာ ထွက်လာပြီး သူ၏သား ဆို့ချင်းကို အကြောဖြေပေးလျက် ပြန်ခေါ်သွား၏။ ဆို့ချင်း၏ မျက်နှာတွင်လည်း ထင်ရှားလှသော လက်ဝါးရာကြီးကို တွေ့လိုက် ကြရသည်။

ထိုအခါ ခန်းမကြီးတစ်ခုလုံး'ဝေါ'ခနဲ တစ်ခဲနက် ထွက်လာ သော အသံကြီးဖြင့် ချီးကျူးထောပနာ ပြုလိုက်ကြ၏။

ရုတ်တရက် ဟူကျင်းသည် ဝေါခနဲသွေးများ အန်ထုတ် လိုက်ပြီး ချောင်းတဟွပ်ဟွပ်ဆိုးနေသည်။ လူအားလုံးသည် သူ့ကို ပင် စိုးရိမ်ကြီးစွာဖြင့် စိုက်ကြည့်နေကြသည်။ ထို့ပြင် ဟူတန်းဂိုဏ်း



က မည်သို့ ပြောဆိုမည်ကိုလည်း နားစွင့်ထားလိုက်ကြသည်။ ချိုရှွင်ချောင်းက...

'ဒီနေ့ ကိစ္စမှာ ကျုပ်တို့ ဟူတန်းဂိုဏ်းကလဲ အစွမ်းကုန် ကြိုးစားခဲ့ပြီးပြီ အလင်းမာန်ဂိုဏ်းဟာ ပျက်စီးချိန် မတန်သေးလို့သာ ဟောဒီထူးဆန်းတဲ့ လူငယ်ကလေးကို ဘုရားသခင်က စေလွှတ် လိုက်တာလို့ ကျုပ် ယူဆပါတယ်။ ဒီလူငယ်လေးရဲ့ ဒီအခြေအနေထဲ မှာ ကျုပ်တို့ ဆက်ပြီးသာ တိုက်မယ်ဆိုရင်တော့ ကျုပ်တို့ မကောင်း ဆိုးဝါးကောင်တွေနဲ့ ဘာမှ ထူးတော့မှာ မဟုတ်ပါဘူး'

ရိလင်တန်းက...

'အစ်ကိုကြီး ပြောတာမှန်တယ်၊ ကျွန်တော်တို့ ပြန်သွားပြီး ဆရာ့ကို မေးကြည့်ပြီးမှ နောက်ထပ် ရှင်းသင့်ရင် ထပ်ရှင်းကြတာ ပေါ့'

ကျန်းဆုံကျီးနှင့် မော်ကုဆန်းတို့ကလည်း ထောက်ခံကြ၏။

ထိုအခိုက် ချင်လိုရှုန်သည် သူ၏ဓားကို ရွှမ်းခနဲ ဆွဲထုတ် လိုက်သည်။ သူ၏ မျက်လုံးများသည်လည်း နီရဲနေသည်။ သူသည် ဟူကျင်းရှိရာသို့ လျှောက်ထွက်လာကာ ဟူကျင်းအား ဓားဖြင့် ချိန်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ... နွားလေး မင်းဘေးကို ဖယ်လိုက်ပေတော့၊ မင်း ကာကွယ်နေတဲ့ ရန်ရောင်နဲ့ ငါ့မှာ ကမ္ဘာမကျေတဲ့ ရန်ငြိုးရှိနေတယ်၊ ငါသူ့ကို သတ်ကို သတ်ရမယ်၊ မင်းနဲ့ ငါကတော့ ဘာမှ ရန်ငြိုး မရှိဘူး၊ ဒီတော့ မင်းဖယ် မဖယ်ရင်တော့ ငါ ဘယ်သူ့မှ မညှာနိုင်ဘူး မင်းကိုလဲ တိုက်ရတော့မှာပဲ လူယုတ်မာ အဖြစ်ခံပြီး မင်းကို တိုက်မယ်၊ ကြာတယ် ဖယ်ပေးစမ်းကွာ'

ဟူကျင်းသည် သူ၏ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

'ကျွန်တော် ဖယ်မပေးနိုင်ဘူး'

'ဒီလိုဆိုရင်တော့ မင်းကို ငါ သတ်ရတော့မယ်'

ထိုအချိန်တွင်ဟူကျင်း၏ ဒဏ်ရာသည် အပြင်းအထန် နာကျင်လာသဖြင့် သူ၏ အာရုံများသည် အထွေထွေ အပြားပြား ဖြစ်လာတော့သည်။ ဦးခေါင်းတစ်ခုလုံးသည်လည်း နောက်ကျိ ရှုပ်ထွေးလာရ၏။ သူ၏ ရင်တွင်း၌လည်း လှိုင်းများ တလိပ်လိပ် ရိုက်သကဲ့သို့ ခံစားလာရသည်။ သူသည် အိပ်မက်ထဲ၌ ယောင်ယမ်း ထွက်လာသော အသံမျိုးဖြင့်...

'ဦး...ဦးလေး...ချင်လိရှန်၊ ကျွန်...ကျွန်တော့်ကို သတ်... သတ်လိုက်ပါတော့'





ဦးလေး ချင်လိရှန် ဟူသော စကားကို ကြားလိုက်ရသည့် အခိုက်အတန့်အတွင်း ချင်လိရှန်၏ ဦးခေါင်းသည် မိုက်ခနဲ ဖြစ်သွားသည်။ သူ၏ နှလုံးသားများသည်လည်း တထိတ်ထိတ် တုန်လှုပ်သွားသည်။

'ဦးလေး...ချင်လိရှန်'တဲ့။

သည်အသံသည် သူ့ အသည်းထဲတွင် စွဲနေသည့်အသံ ဖြစ်သည်။ သူ့နားထဲတွင် ယဉ်နေသည့်အသံဖြစ်သည်။ သူဘယ်သူလဲ။ သည်သူငယ်လေးဟာ ဘယ်သူလဲ။ ဟူကျင်း ငယ်ငယ်တုန်းကသာ ငါ့ကို ဒီလိုအမြဲခေါ်ခဲ့တာပဲ။ သူဟာ...သူဟာ။

ချင်လိရှန်သည် ဟူကျင်းကို သေသေချာချာ စူးစမ်း၍ စိုက်ကြည့်လိုက်သည်။ ကြည့်လေကြည့်လေ ဟူကျင်း၏ ငယ်ရုပ်ကလေးကို မြင်လေဖြစ်လာသည်။ ရှစ်နှစ်ခန့် ကွဲကွာသွားကြစဉ်အတွင်း ဟူကျင်း၏ ရုပ်ရည်မှာ အတော်အတန်ပြောင်းလဲ သွားခဲ့သော်လည်း သူ၏ ငယ်ရုပ်ပျောက်သည်အထိ ပြောင်းလဲသွားခြင်းတော့ မဟုတ်ပေ။

ချင်လိရှန်သည် တုန်ယင်အက်ကွဲသော အသံဖြင့်...

'မင်း...မင်း၊ ဟူ...ဟူကျင်း'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်း၏ ခန္ဓာကိုယ်တွင်းတွင် ခွန်အားဟူ၍ တစ်စက်မျှ မကျန်တော့။ သူ နှမ်းနယ်ပင်ပန်းလွန်းလှပြီ၊ သူ၏ဘဝ နိဂုံးချုပ် စခန်းသို့ ရောက်နေပြီဟုလည်း ထင်မှတ်မိသည်။ သူ့ ဘဝမှန်ကို မထိန်ဝှက်လိုတော့။ ထို့ကြောင့် ပန်းလျစွာဖြင့် ဝမ်းသာဝမ်းနည်း ကြေကွဲစွာ ပြောလိုက်သည်။

'ဦးလေး...ကျွန်တော် ဦးလေးကို သိပ်... သတိရ...ရ'

ဟူကျင်းစကားမဆုံးတော့။ ယိမ်းယိုင် ပျော့ခွေလျက် လဲပြို ကျသွားရပြီ။

'ဟူကျင်း...ဟူကျင်း'

ချင်လိရှန်သည် အသံကုန် အော်ဟစ်ပြီး သူ့ဓားကို ပစ်ချ လျက် ဟူကျင်းကို ပြေး၍ပွေ့ချီလိုက်သည်။ ဟူတန်း ခုနစ်ဖော် အနက်တွင် ချင်လိရှန်၏ နှလုံးသားသည် အနူးညံ့ အပျော့ပျောင်းဆုံး ဖြစ်သည်။ ဝမ်းသာ ဝမ်းနည်းမှုတို့ကို အခံစားတတ်ဆုံးလူလည်း ဖြစ်သည်။ ဟူကျင်းကို ပြေးပွေ့လိုက်သည်။ သူ့မျက်နှာတွင် မျက်ရည် များ ပြည့်လျှမ်းနေပြီ။

'ဟူကျင်းလေ...ဟူကျင်း၊ ငါ့အစ်ကို ကျန်းချွေးဆန်းရဲ့ သား ဟူကျင်း'



ချင်လိရှန်၏ စကားများသည် ချိုရှွင်ချောင်း ရီလင်တန်း၊ ချန်းဆုံကျီးနှင့် မော်ကုဆန်းတို့အား အလန့်တကြား ဖြစ်သွား တော့၏။

'ဟူကျင်းလား သူ...ဟူကျင်းလား'

ဟူတန်းလေးဖော်တို့သည် ချက်ချင်း ဝိုင်းဝန်းလာကြတော့ သည်။ အားလုံးသည် ဝမ်းသာမှုနှင့် ဝမ်းနည်းမှုတို့ကို ရောထွေးခံစား ကြရသဖြင့် မည်သည့် စကားကို ပြောကြရမည်မှန်း မသိကြ တော့ပေ။

ချင်လိရှန်၏ အော်ဟစ်လိုက်သံကို ကြားလိုက်ရသည့် ခဏအတွင်း လူအားလုံးသည်လည်း အံ့ဩသွားကြရတော့သည်။ လင်းမာန်ဂိုဏ်းကို အသက်စွန့်ပြီး ကယ်တင်နေသည့် သူငယ် လေးမှာ ဟူတန်း ခုနစ်ဖော်မှ နံပါတ်ငါးဖြစ်သူ ကျန်းချွေးဆန်း၏ သားဖြစ်နေပေသည် တကား။

ချင်လိရှန်သည် ဟူကျင်း သတိမေ့သည်ကို တွေ့ရသော ခါ သူ့၌ ပါလာသော ဆေးလုံးကို ချက်ချင်းထုတ်၍ ဟူကျင်းအား တိုက်ကျွေးလိုက်၏။ ပြီးနောက် ရီလင်တန်း လက်ထဲသို့ အပ်လိုက် သည်။ သူသည် ဓားကို ကောက်ယူလိုက်ပြီး ရန်ရောင်နားသို့ သွား လျက် ဓားဖြင့် ထိုးချိန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရန်ရောင်...မင်းဟာ တိရစ္ဆာန်၊ ငါ...ငါ'

သူ့အသံမှာ နစ်ဝင်သွားသည်။ ဆက်မပြောနိုင်တော့။ သူ၏ ဓားဖြင့် ရန်ရောင်ကို သတ်ရန် ထိုးချိန်လိုက်၏။ ရန်ရောင်သည် သူ၏မျက်စိများကိုသာ မှိတ်ထားလိုက်တော့သည်။ သတ်လိုက သတ်ပါစေတော့။

သို့သော်...ရုတ်တရက်ပွင် မိန်းကလေး တစ်ယောက်သည် ပြေးထွက်လာကာ ရန်ရောင်ရှေ့တွင် ကာဆီးထားလိုက်သည်။

'ကျွန်မ အဖေကို မသတ်ပါနဲ့'

ချင်လိရှန်သည် သူ၏ဓားကို တုံ့ခနဲ ရပ်လိုက်သည်။ မိန်းကလေးကို တစ်ချက်ကြည့်လိုက်ရာ 'အား'ခနဲ ယောင်ယမ်း အော် ဟစ်မိပြီး တစ်ကိုယ်လုံး အေးစက် တောင့်တင်းသွားတော့သည်။

မိန်းကလေးသည် ဟိုစဉ်တုန်းက ကျိုရှောင်မူနှင့် တစ်ပုံး တည်း တူလှချေတကား။ သူနှင့် ကျိုရှောင်မူတို့ ဆုံစပ်ခဲ့သည်နောက် ပိုင်းအချိန်များသည် ချင်လိရှန်အတွက် ပျားရည်ဆမ်းသော ရက်များ သာ ဖြစ်ခဲ့ပေသည်။ သိုင်းပညာ သင်နေသည်ဖြစ်စေ၊ အခြား အလုပ် တစ်ခုခုလုပ်နေသည်ဖြစ်စေ ချင်လိရှန်သည် ကျိုရှောင်မူ၏ အရိပ် သဖွယ် ဖြစ်နေခဲ့သည်။ ထို့နောက် သူ၏ ဇနီးလောင်းသည် ရန်ရောင် ၏ လက်ချက်ဖြင့် သူမ၏ခန္ဓာကိုယ်ကို အဆုံးရှုံးခဲ့လိုက်ရပြီး နောက် ဆုံးတွင် အသက်ပါဆုံးရှုံးသွားခဲ့ရသည်ဟု သိရှိလိုက်ရသောအခါ သူ့ရင်ထဲတွင် ဖြစ်ပေါ်ခဲ့သော ကြေကွဲမှု၊ နာကြည်းမှု တို့ကြောင့် သူ့ နှလုံးသားများ ပြတ်ကြွေမတတ် ခံစားခဲ့ရပေသည်။



ယခု ရန်ရောင်ကို သတ်မည်ဖြုလုပ်လိုက်စဉ် ကျိုရှောင်မူ တစ်ယောက် ရုတ်တရက် အသက်ပြန်ရှင်လာပြီး ကာကွယ်လိုက် သည်ဟု ထင်မှတ်ကာ တုန်လှုပ် ချောက်ချားသွားခြင်း ဖြစ်သည်။

'ကျိုရှောင်မူ'

ထိုမိန်းကလေးသည် ရန်ဝေသည် ဖြစ်သည်။ သူမက...

'ကျွန်မ နာမည်က ရန်ဝေပါ၊ ကျိုရှောင်မူ ဆိုတာက ကျွန်မ အမေပါ၊ အခု သူ မရှိတော့ပါဘူး'

ချင်လိရှန်သည် ထိုအခါမှ သူ့သတိကို သူ ပြန်ထိန်းချုပ် နိုင်လိုက်တော့သည်။

'ဟာ...ဟုတ်သားပဲ၊ ငါဦးနှောက်တွေ မကောင်းတော့ဘူး၊ ခင်း ဘေးဖယ်လိုက်စမ်း၊ အခု ငါဟာ မင်းအမေအတွက် တိုက်ခိုက် ပေးမလို့ပဲ'

ရန်ဝေသည် မျက်ကွယ် ဆရာမကြီးကို လက်ညှိုးထိုး ပြကာ...

'ကျွန်မ အမေအတွက် ဦးလေးက တိုက်ခိုက်ပေးချင်တယ် ဆိုရင် ဟို မယ်သီလရှင်ကြီးကို သွားသတ်ပေးပါတော့'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ သူ့ကို ငါက သတ်ရမှာလဲ'

'ကျွန်မ အမေကို သတ်တာ အဲဒီ မယ်သီလရှင်ကြီးပဲ'

'မဟုတ်တာ၊ မင်း ဘာတွေ လျှောက်ပြောနေတာလဲ'

ရန်ဝေသည် အဖြစ်မှန် အပြည့်အစုံကို ရှင်းပြလိုက်သည်။

'လိပ်ပြာကုန်းမှာနေတုန်းက ကျွန်မအမေကို သတ်ဖို့ ကျွန်မအမေကို ခိုင်းတဲ့လူဟာ ဒီ မယ်သီလရှင်ကြီးပဲ၊ အမေက သဘောမတူတော့ အမေ့ကို တစ်ချက်တည်းနဲ့ ရိုက်သတ်လိုက်တာပဲ၊ ကျွန်မကိုယ်တိုင် မြင်တယ်၊ အစ်ကိုလေး ဟူကျင်းလဲ မြင်တယ်၊ မယုံရင် ဒီ မယ်သီလရှင် ကိုယ်တိုင်ကိုပဲ မေးကြည့်ပေါ့'

ကျိရှောင်မူ သေစဉ်က ရန်ဝေသည် ကလေးအရွယ်မျှသာ ရှိသေးပြီး အဖြစ်အပျက်များကို ဂဃနဏ သိရှိနိုင်သေးသည် မဟုတ်ချေ။ သို့သော် အသက်အရွယ် ကြီးပြင်းလာသောအခါတွင်မူ ပြန်လည် ဆက်စပ်စဉ်းစားခြင်းဖြင့် ထိုနေ့က အဖြစ်အပျက်များကို ပြန်လည် သဘောပေါက်လာခြင်းသာ ဖြစ်၏။

ချင်လိရှန်သည် မယ်သီလရှင်ကြီးကို လှမ်းကြည့် လိုက်သည်။ မေးခွန်းမေးသော အကြည့်ပင် ဖြစ်၏။

မျက်ကြွယ်ဆရာမကြီးသည် အက်ကွဲသောလေသံဖြင့်...



'ဟုတ်တယ်...ငါသတ်လိုက်တယ်၊ ဒီလောက် အရှက်မရှိတဲ့ တပည့်မမျိုးကို ဒီလောကထဲမှာ အသက်ရှင်လျက် ထားလို့ ဘာအကျိုးထူးမှာလဲ သူနဲ့ ရန်ရှောင်က စိတ်တူ သဘောတူ ချစ်ကြိုက်ပြီး ဒါတို့ ဝါမေဂိုဏ်းကို သစ္စာဖောက်ခဲ့တာပဲ။ ဆရာ့စကားကိုလဲ နားထောင်ဘူး၊ ဟို အကျင့်ယုတ်တဲ့ ကောင်ကို သတ်ခိုင်းတော့ သူက သက်မခံဘူး၊ ငြင်းဆန်တယ်၊ မင်းရဲ့ မျက်နှာကို ထောက်ပြီး ဒီကိစ္စကို ငါက ဘာမှ မပြောဘဲနေခဲ့တာ ဒီလို အရှက်မရှိတဲ့ မိန်းကလေး တစ်ယောက်ကို မင်းက ဘာကြောင့် ဒီလောက် တန်းတန်းစွဲ ဖြစ်နေရတာလဲ ချင်လိရှန်'

မျက်ကြွယ်ဆရာမကြီး၏ စကားများသည် ချင်လိရှန်၏ ကွဲအက်နေသည့် နှလုံးသားများကို တစ်စစီ တစ်စစီ ဖွဲ့ခြွေ ချေမွလိုက်သလို ဖြစ်သွားသည်။

ချင်လိရှန်သည် သူ၏ ဓားကို 'ထန်း'ခနဲ မြည်အောင် ပစ်ချလျက် ခန်းမကြီး အပြင်ဘက်သို့ ပြေးထွက်သွားလေတော့သည်။ ရှင်ချောင်းနှင့် ရိုလင်တန်းတို့သည် သံပြိုင် အော်ဟစ်ခေါ်လိုက်ကြ၏။

'ညီလေး...ညီလေး...ဘယ်ကိုပြေးတာလဲ၊ မပြေးနဲ့...ပြန်လာခဲ့'

သို့သော် ချင်လိရှန်သည် သူတို့၏ အော်သံ ခေါ်သံများကို ကြားသည့်အလား ထွက်ပြေးပျောက်ကွယ် သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်လိရှန်နှင့် ကျိရှောင်မူတို့၏ မေတ္တာအရေးအခင်းကို သိုင်းသမား တော်တော်များများက သိရှိခဲ့ကြသည်။ ယခု နှစ်ပေါင်းများစွာကြာလာသည့်တိုင်အောင် ချင်လိရှန်သည် ကျိရှောင်မူအတွက် ဤမျှ စိတ်ထိခိုက်ခံစားနေရသေးကြောင်း တွေ့လိုက်ရသောအခါ သူ့ကို လွန်စွာ ကရုဏာသက်မိကြတော့သည်။ သူမိခင်၏ တစ်စိတ်တစ်ပိုင်းသော ဘဝများကို ဖွင့်လှစ် သိလိုက်ရသော ရန်ဝေသည်လည်း ကျောက်ဆစ်ရုပ်ကလေးသဖွယ် ငေးကြောင် ရပ်နေမိတော့၏။

ထိုစဉ် ဟူကျင်း၏ ဘေးပတ်လည်တွင် ချိုးရှင်ချောင်း ရီလင်တန်း၊ ကျန်းဆုံကျီးနှင့် မော်ကုဆန်းတို့ လေးယောက် ဝိုင်းထိုင်လျက် ရှိကြ၏။ သူတို့၏ လက်ဝါးလေးဘက်တို့သည် ဟူကျင်း၏ ရင်ဘတ်၊ ဝမ်းဗိုက်နောက်ကျောနှင့် ခါးတို့တွင် ဖိကပ်ထားကာ အတွင်းအား ထည့်သွင်းကုသပေးလျက် ရှိနေကြသည်။ သူတို့၏ အတွင်းအားကို ဟူကျင်းကိုယ်ထဲသို့ ထည့်သွင်းလိုက်သောအခါ ဟူကျင်း၏ ကိုယ်ထဲမှ နေစကြာအတွင်းအားနှင့် ထိတွေ့ကာ ခန္ဓာကိုယ်တွင်း ဖြည်းဖြည်းချင်း စတင် လှည့်ပတ်လာသည်။

အတန်ကြာသောအခါ ဟူကျင်း၏ မျက်လုံးများပွင့်လာပြီး ချက်ချင်းပင် မတ်တတ်ရပ်လိုက်သည်။



ချိုးရှင်ချောင်းတို့သည် ဟူကျင်း၏ အတွင်းအား ဤမျှ ပြည့်ဝလိမ့်မည်ဟု မထင်မှတ်ကြချေ။ ဟူကျင်း ရုတ်တရက် မတ်တတ်ရပ်နိုင်သည်ကို တွေ့ရသောအခါ အံ့သြတုန်လှုပ်သွားကြ၏။

ဟူကျင်းသည် ဖြည်းညင်းစွာနှင့် စကားစတင်ပြောသည်။

'ဦးကြီး... ဦးလေးတို့ကို ကျွန်တော် စော်ကားမိတာတွေအတွက် ဦးချတောင်းပန်ပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ကြပါနော်၊ ဆရာဘိုးဘိုးကော နေကောင်းရဲ့လားဟင်'

ချိုးရှင်ချောင်းက...

'ဆရာ နေကောင်းပါတယ်၊ ဟူကျင်း...ဟူကျင်း... ဒီလောက်တောင် ကြီးလာပြီကိုး'

မည်သို့ပင်ဖြစ်စေ ဟူတန်းဂိုဏ်းသည် သူတို့၏ တူလေးဖြစ်သော ဟူကျင်းကို တွေ့ဆုံလိုက်ရသည့်အတွက် လွန်စွာ ဝမ်းပန်းတသာ ဖြစ်နေကြသည်မှာ အမှန်ပင် ဖြစ်တော့သည်။

မျက်ခုံးဖြူဂိုဏ်းချုပ် သိမ်းငှက်မင်း ချင်ထင်းကျက်သည်လည်း မိမိ၏ အသက်ကို ကယ်တင်ခဲ့သူမှာ မိမိ၏ မြေးလေး ဖြစ်နေသည်ကို တွေ့ရသောအခါ ဝမ်းသာကျေနပ်လွန်းလှသဖြင့် တဟားဟား ရယ်မောနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ကြွယ်ဆရာမကြီး မယ်သီလရှင်ကမူ မျက်နှာတင်းတင်းဖြင့် သူ၏လက်ကို တစ်ချက် ဖွဲ့ယမ်းလိုက်ရာ ဝါမေဂိုဏ်းသားအားလုံးသည် သူမနှင့်အတူ တောင်အောက်သို့ ပြန်လည်ဆင်းသက်သွားကြသည်။

ချူကျူး တစ်ယောက်မှာမူ...

သူသည် ဟူကျင်းကို မကြည့်ဘဲ ခေါင်းငုံ့ လျှောက်နေရာမှ လုံးဝဟန်မဆောင်နိုင်တော့ဘဲ ဟူကျင်းရှိရာသို့ လှမ်းကြည့်လိုက်၏။

ထိုစဉ် ဟူကျင်းကလည်း သူမကို ကြည့်နေသည်ဖြစ်ရာ မျက်လုံးချင်း ဆုံမိကြပြီး ချူကျူး၏ ဖြူဖွေးသော မျက်နှာကလေးသည် ပန်းသွေးရောင် ရဲတက်သွားတော့သည်။

မျက်လုံးများသည် အသည်းနှလုံး၏ ပြတင်းပေါက်များဖြစ်ကြသည် မဟုတ်ပါလော။ ချူကျူး၏ မျက်လုံးများက...

'ကျွန်မ ရှင့်ကို ဒီလောက်ထိ ဒဏ်ရာရအောင် ဓားနဲ့ ထိုးခဲ့မိတဲ့ ကျွန်မအပြစ်ကို ခွင့်လွှတ်ပါရှင်၊ ရှင့်ဒဏ်ရာကို ဂရုစိုက် ကုသပါနော်...'ဟု ပြောနေသယောင်...။

ဟူကျင်း၏ နှလုံးသားသည် ချူကျူး၏ မျက်ဝန်းထဲမှ အဓိပ္ပာယ်များကို ဖော်ထုတ် သိရှိလိုက်သကဲ့သို့ နားလည်လိုက်မိသဖြင့် သူ၏ခေါင်းကို အသာအယာညိတ်ပြလိုက်သည်။



ချူကျူး၏ မျက်နှာကလေးသည် ချက်ချင်း ဝင်းပသွားပြီး ဝါမေဂိုဏ်းနောက်သို့ ကမန်းကတန်း အပြေးအလွှား လိုက်သွားတော့၏။ ထိုအဖြစ်အပျက်ကလေးသည် တဒင်္ဂအတွင်း မျက်စိချင်း အသည်းနှလုံးချင်းသာ နားလည်လိုက်ကြရသည့် အဖြစ်အပျက်လေး ဖြစ်၏။

သို့သော် ထိုအချင်းအရာ အားလုံးကို ဆို့ချင်း တွေ့လိုက်သည်။ သူ့မျက်လုံးများတွင် ရက်စက်ယုတ်မာ ကောက်ကျစ်သော အရိပ်အယောင်များ တောက်ပလာသည်။ သို့သော် ထိုအရိပ်အယောင်များသည် တစ်ခဏချင်း ငုပ်လျှိုးပျောက်ကွယ်သွားသည်။ မည်သူမျှ မတွေ့လိုက်ကြ။ မသိလိုက်ကြ။

ဟူတန်းဂိုဏ်းနှင့် ဟူကျင်းတို့ ရင်းနှီးစွာ စကားလက်ဆုံကျနေချိန်တွင်မူ ကျန်ရှိနေသေးသည့် အခြားဂိုဏ်းများလည်း တဖွဲဖွဲ ပြန်လည် ထွက်ခွာသွားကြသည်။

ဟိုတိုက်ချုံးသည် ဟူကျင်းနားသို့ ကပ်လာပြီး မျက်နှာကို အချိုဆုံးထားလျက် စကားလာပြောသည်။

'ညီလေး...အခုလို ကိုယ့်ဆွေမျိုးသားချင်း တွေနဲ့ တွေ့ရတာဟာ တကယ် ပျော်စရာကောင်းတာပဲ၊ ညီလေးရဲ့ အခြေအနေရော ကောင်းရဲ့မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် သူ၏စကားမဆုံးမီမှာပင် အိတ်ထဲမှ ရှိုးရှိုးလေနိုင်ဆေးလုံးကလေးနှစ်လုံးကို ထုတ်ယူလိုက်ပြီး ဟိုတိုက်ချုံထံသို့ လှမ်းပေးလိုက်သည်။

'ဒီဆေးလုံး တစ်ယောက်တစ်လုံးစီစားလိုက်ကြပါ၊ ရွှေပိုးနဲ့ကောင်ရဲ့ အဆိပ်ပျောက်သွားပါလိမ့်မယ်'

ဟိုတိုက်ချုံသည် စကားပင် ပြန်မပြောတော့။ ဆေးလုံးကို ရသည်နှင့် တစ်ချိုးတည်း ပြန်ပြေးတော့သည်။ ရိလင်တန်းက...

'ဟူကျင်း... မင်း အခု ရထားတဲ့ ဒဏ်ရာဟာ အင်မတန်ပြင်းထန်တယ်၊ တောင်ပေါ်က ဆင်းလို့ မဖြစ်သေးဘူး၊ ဒီမှာပဲ ကောင်းကောင်း အနားယူလိုက်ဦး၊ ဒဏ်ရာပျောက်တော့မှ ဟူတန်းကို တစ်ခေါက်လာခဲ့၊ ပြီး မင်းရဲ့ ဆရာဘိုးဘိုးကို လာတွေ့လိုက်ပါ၊ အင်း... မင်းကိုသာ တွေ့ရရင်တော့ မင်းရဲ့ ဆရာဘိုးဘိုးက ဘယ်လောက် ဝမ်းသာလိမ့်မလဲ မသိဘူး'

ဟူကျင်းသည် ဝမ်းမြောက်ဝမ်းသာခေါင်းညိတ်လိုက်သည်။

ထိုစဉ် ရှောင်လင်ဂိုဏ်းအဖွဲ့မှ လူတစ်ယောက်က ရုတ်တရက် အော်လိုက်၏။

'ရွှင်ကျင်းရဲ့ အလောင်း ဘယ်ရောက်သွားပြီလဲ၊ မရှိတော့ပါလား'



နောက် အခြားတစ်ယောက်ကလည်း...

'ဟင်...ဟုတ်တယ် ဘယ်ကို ပျောက်သွားပါလိမ့်'

အားလုံးက အံ့ဩကြသည်။ သို့သော် စိတ်မဝင်စားကြပေ။

သူတို့၏ စိတ်ထဲတွင် တခြားဂိုဏ်းသားတွေက အလောင်းကို မှားယွင်းပြီး ယူသွားကြသည်ဟု ထင်ကြဟန်တူသည်။

နောက်ဆုံးတွင် ဟူတန်းဂိုဏ်းလည်း ထွက်ခွာသွားရန် ပြင်ဆင်ကြသည်။ မသွားမီ ချိုရွှင်ချောင်းက...

'ဟူကျင်း... ဒီနေ့တော့ မင်းနာမည် ဟိုးဟိုးကျော်သွားပြီ၊ အလင်းမာန်ဂိုဏ်းက လူတွေကလဲ မင်းကို သိပ်ကျေးဇူးတင်ကြပြီ၊ ဒါကြောင့် အဲဒီအခွင့်အရေးကို သုံးပြီး အလင်းမာန်ဂိုဏ်းကို လမ်းကောင်းလမ်းမှန် ရောက်အောင် ဖျောင်းဖျပါ၊ အဲဒီအလုပ်ကိုတော့ မင်းအနေနဲ့ မလုပ်မဖြစ် လုပ်ရမယ့် အလုပ်တစ်ခုပဲ'

ဟူကျင်းက ရိုသေလေးစားစွာဖြင့် ပြန်လည်ပြောကြားသည်။

'ဟုတ်ကဲ့... ဦးကြီးရဲ့ စကားကို ကျွန်တော် မြဲမြဲကြီးမှတ်ထားပြီး ဒီဂိုဏ်းကြီးကို တတ်နိုင်သမျှ ဖျောင်းဖျပါ့မယ်'

ချိုရွှင်ချောင်းသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း မျက်နှာကျေနပ်အားရနေသည်။ ကျန်းဆုံကျိုးက...

www.burmeseclassic.com

www.burmeseclassic.com



'ဟူကျင်း... မသမာတဲ့လူတွေကိုတော့ မင်း အမြဲ သတိထား ကြားရဲ့လား'

'ဟုတ်ကဲ့.. ကျွန်တော် သတိထားပါ့မယ်'

ဟူတန်းဂိုဏ်းကြီးလည်း ထွက်ခွာသွားပြီး၊ အလင်းမာန် ဂိုဏ်းမှအပ မည်သည့်ဂိုဏ်းမျှ ကျန်ရှိမနေတော့။

ရန်ရှောင်နှင့် ချင်ထင်းကျုက်တို့သည် တစ်ယောက်ကို တစ် ယောက် ကြည့်ပြီး လေးလေးနက်နက် အော်ဟစ်လိုက်ကြသည်။

'အလင်းမာန်ဂိုဏ်းနဲ့ မျက်ခုံးဖြူဂိုဏ်းသား အားလုံး အသက်ပေးပြီး ကယ်တင်ခဲ့တဲ့ ဆရာကြီး ကျွန်းဟူကျင်းကို အထူး ကျေးဇူးတင်ပါတယ်'

ချက်ချင်းပင် ခန်းမထဲရှိ လူအားလုံးသည် သူတို့၏ ဒူးများ ကို ထောက်လျက် ဟူကျင်းကို အရိုအသေ ပေးလိုက်ကြသည်။

ဟူကျင်းသည် အလွန်ရိုးသား ဖြောင့်စင်းလှသူဖြစ်ရာ ရ တိုင်းက ဤသို့ အရိုအသေပေးနေခြင်းအတွက် မနေတတ် မထိုင် တတ် ဖြစ်နေရှာသည်။ ဟူကျင်းကလည်း ဒူးထောက်ပြီး ပြန်လည် ဦးညွတ်ရန် ကြိုးစားလိုက်သည်။ သို့သော် ဒဏ်ရာကို ပြန် လိုက်သလို ဖြစ်သွားသဖြင့် သတိလစ်သွားပြန်တော့သည်။



ထိုအခါ အလင်းမာန် ဂိုဏ်းသား နှစ်ယောက်တို့သည် ထမ်း စင်ဖြင့် ဟူကျင်းအား ထမ်းတင်လိုက်ကြ၏။ ရန်ရှောင်က အမိန့် ပေးလိုက်သည်။

'ကျွန်းဟူကျင်းကို ငါ့အခန်းထဲမှာ ထည့်ထားလိုက်၊ ဒီ ရက် တွေအတွင်းမှာ သူ့ကို ဘယ်သူမှ အနှောင့်အယှက် မပေးရဘူး၊ အနှောင့်အယှက်ပေးတဲ့လူ အသေပဲ...'

ဂိုဏ်းသား နှစ်ယောက်သည် ဟူကျင်းကို ထမ်း၍ ရန်ရှောင် ၏ အခန်းထဲသို့ ပို့လိုက်ကြသည်။

ရှောင်ချောင်းကမူ နောက်မှ လိုက်ပါသွားသည်။ သူမသည် ရန်ဝေနားမှ ဖြတ်လျှောက်သွားရခြင်းဖြစ်ရာ ရန်ဝေက အေးစက်သော လေသံဖြင့် လှမ်းပြောလိုက်သည်။

'ရှောင်ချောင်း... မင်း သိပ်ဟန်ဆောင် ကောင်းနေပါကလား၊ ငါကတော့ မင်းကို မယုံရေးချ မယုံဘဲ၊ အခုတော့ ထန်းပလက် က နတ်ရုပ်ဖြစ်နေတာပေါ့လေ'

ရှောင်ချောင်းကမူ မည်သို့မျှ ခွန်းတုံ့ပြန်မပြော ခေါင်းငုံ့ လျက် ဟူကျင်း ထမ်းစင်နောက်သို့သာ လိုက်ပါသွားတော့သည်။

F - 23 (A)

✦ ✧ ✦ ✧ ✦

www.burmeseclassic.com

www.burmeseclassic.com



ဤရက်များအတွင်းတွင် အလင်းမာန် ဂိုဏ်းသားများသည် အကြီးအကျယ် အလုပ်များနေကြသည်။ ဒဏ်ရာသူများကိုပြုစု ကုသပေးရသည့် တာဝန်ကပင် လွန်စွာ ကြီးလေးလျက် ရှိနေသည်။

သူတို့အားလုံးသည် သေရွာပြန်များ ဖြစ်ကြသည်။ အချင်းချင်း သဘောထားကွဲလွဲပြီး ခိုက်ရန် ဖြစ်ပွားခြင်းသည် ကိုယ့်ကိုယ်ကို သတ်သေခြင်းနှင့်တူကြောင်းသူတို့ အားလုံး သဘောပေါက်နားလည်သွားကြလေပြီ။ အတိတ်က ရန်ငြိုးများကိုလည်း သင်ပုန်းချေပစ်လိုက်ကြသည်။

ဂိုဏ်းသားတိုင်း စိတ်ဝင်တစား မေးမြန်းသည့် သတင်းကား ဟူကျင်း၏ ဒဏ်ရာပျောက်ကင်းပြီလားဟု မေးလာသော သတင်းပင်တည်း။

ဟူကျင်းသည် နေစကြာ သိုင်းကျင့်စဉ်ကို ကျင့်ပြီးခဲ့သူဖြစ်၏။ ချူကျူးသည် ထိုးလိုက်သည့် ဓားမှာ နှလုံးသားကို ထိုးမိခြင်း မဟုတ်သဖြင့် ခုနစ်ရက်ခန့် အနားယူလိုက်သောအခါ အနာကျက်စပြုလာတော့၏။

ချင်ထင်းကျက်၊ ရန်ရောင်၊ ဝေရီ၊ ဓာပုံတက်တို့ လူသိုက်ထမ်းစင်ခုတင်ဖြင့် ဟူကျင်းထံ လာရောက်၍ သတင်းအခြေအနေကို မေးမြန်း စုံစမ်းကြသည်။

F - 23 (B)



ရှစ်ရက်မြောက်နေ့တွင်ကား ဟူကျင်း ထထိုင် နိုင်လေသည်။ ထိုညတွင်ပင် ရန်ရောင်နှင့် ဝေရီတို့ ဟူကျင်းကို လာကြည့်ကြသည်။ ဟူကျင်းက...

'ဦးလေးတို့ နှစ်ယောက်ရဲ့ ဒဏ်ရာကကော ဘယ်လိုနေသေးသလဲ'

ရန်ရောင်နှင့်ဝေရီတို့မှာ အအေးဓာတ် အဆိပ်ဒဏ် ခံနေရသူများ ဖြစ်ပြီး ထိုဒဏ်ကို ယခုတိုင် ခံစားနေရသော်လည်း ဟူကျင်း စိတ်ပူပန်မည် စိုးသဖြင့် ထိန်ချန်၍ ဖြေကြားကြသည်။

'အခုတော့ ကောင်းနေပါပြီ'

သူတို့နှစ်ယောက် မည်သို့ ထိန်ချန်စေကာမူ ဟူကျင်း အနေဖြင့် ရိပ်မိသည်သာ ဖြစ်သည်။ ရန်ရောင်တို့၏ မျက်နှာများ၌ အမည်းရိပ်များတက်နေပြီး စကားပြောရာ၌ အားမာန်မပါ ဖြစ်နေခြင်းကပင် သူတို့ အအေးဓာတ် အဆိပ်ကို ခံစားနေရကြောင်း ဖော်ပြနေခြင်းပင် ဖြစ်သည်။

'ကျွန်တော့်မှာ အခု အတွင်းအား ခုနစ်ဆင့်အထိ ပြန်ရနေပါပြီ၊ အခု ဦးလေးတို့ကို ပြန်ကုပေးလိုက်ပါ့မယ်'

ရန်ရောင်က ကမန်းကတန်း တားမြစ်သည်။

'မလုပ်ပါနဲ့ ဆရာလေးရဲ့ ဒဏ်ရာကို ပျောက်အောင်သာ အရင်လုပ်ပါ ကျုပ်တို့က အရေးမကြီးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဝေရီကလည်း ဝင်ပြောသည်။

'ဟုတ်ပါတယ်၊ ဆရာလေးရဲ့ ဒဏ်ရာကသာ အရေးကြီးတာပါ၊ ကျုပ်တို့ကိုတော့ နောက်မှကုလဲ ဖြစ်တာပါပဲ'

ရန်ရောင်နှင့် ဝေရီတို့၏ တလေးတစားအသုံးအနှုန်းများကြောင့် ဟူကျင်း အနေရအထိုင်ရ ခက်လာသည်။

'ဦးလေးတို့ဟာ ကျွန်တော့်ထက် ဝါကြီးပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို ဆရာလေးလို့ မခေါ်ကြပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ်'

ရန်ရောင်က ပြုံး၍ ပြောသည်။

'နောက်ဆိုရင် ကျုပ်တို့ အားလုံးဟာ လက်အောက်ငယ်သားတွေချည်းဖြစ်တော့မှာပါပဲ၊ ဒါ့ကြောင့် ဆရာလေးလို့ ခေါ်တာပါ'

'ဦးလေး ဘာပြောလိုက်တယ်'

ထိုအခါ ဝေရီက ဝင်ရောက် ရှင်းပြသည်။

'ဆရာလေးဟာ ကျုပ်တို့ရဲ့ အလင်းမာန်ဂိုဏ်းကြီးရဲ့ ဂိုဏ်းချုပ်ကြီးတာဝန်ကို ယမ်းဆောင်ရတော့မှာပါ၊ ဒီဂိုဏ်းချုပ်ရာထူး ရယူဖို့ ကိစ္စဟာ မလွှယ်ပါဘူး၊ ဆရာလေးမှတစ်ပါး ဘယ်သူမှ မရနိုင်ပါဘူး'

ဟူကျင်းသည် ခေါင်းတယမ်းယမ်း လက်တယမ်းယမ်းဖြင့် ငြင်းဆန်နေသည်။



'ဟာ... မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး'

ထိုအခိုက် အရှေ့ဘက် ဝေးလံသော နေရာမှ စူးရှသော လေချွန်သံ ပေါ်လာသည်။ ဤလေချွန်သံများသည် အလင်းမာန်ဂိုဏ်းကြီး၏ အချက်ပေးသံများပင် ဖြစ်သည်။ ရန်ရောင်သည် ရုတ်တရက် တွေဝေသွားသည်။ စိတ်ထဲတွင်လည်း...

'ဒါဟာ... ဂိုဏ်းကြီးခြောက်ဂိုဏ်းက မကျေနပ်လို့ ပြန်လာတိုက်နေတာလား'

သို့သော် ရန်ရောင်နှင့် ဝေရီတို့ နှစ်ဦးစလုံးသည် ဣန္ဒြေမပျက်ဘဲ မည်သို့မျှ မထူးခြားဟန်ဖြင့် နေလိုက်ကြသည်။ ပြီးမှ...

'ရှောင်ချောင်း... ဆရာလေးကို ဆေးထပ်တိုက်လိုက်ဦး'

ထိုသို့ ပြောရင်းပင် လေးဘက်လေးတန်မှ လေချွန်သံများ ကျယ်လောင်စွာ ထပ်မံကြားလိုက်ရပြန်သည်။ ထိုအခါ ဟူကျင်းက...

'အပြင်မှာ ရန်သူတွေ ရောက်လာပြန်ပြီ ထင်တယ်၊ ဘယ်သူတွေ ဖြစ်မယ် ထင်သလဲ'

ဝေရီက...

'ကျုပ်တို့ ဂိုဏ်းထဲမှာလည်း ထက်ထက်မြက်မြက် လူတွေ ရှိပါသေးတယ်၊ ဆရာလေး ဘာမှ စိတ်ပူ မနေပါနဲ့၊ ဒီ အငေါ်အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကို မှုစရာ မလိုပါဘူး၊ အောက်ပိုင်းက တာဝန်ယူ ရှင်းသွားပါလိမ့်မယ်'

ရှန်ရောင်နှင့်ဝေရီတို့က စိတ်မပူပါနဲ့ဟု မည်မျှပင် ပြောနေစေကာမူ လေချွန်သံတို့သည် တောင်အောက်ဘက်၌ပင် မရှိတော့၊ တောင်တစ်ဝက်ခန့်မှ ထွက်ပေါ်လျက်ရှိနေလေပြီ။ ရန်သူတို့၏တိုက်အားသည် အလွန် ကောင်းဟန်တူသည်။ ရှန်ရောင်သည် ဤအတိုင်း မနေသာတော့သဖြင့်...

'ကျုပ် သွားပြီး စီစဉ်လိုက်ဦးမယ်၊ ဝေရီ မင်းကတော့ ဒီမှာပဲစောင့်ပြီး ဆရာလေးကို အဖော်လုပ်ပေးလိုက်ပါ၊ တို့ အလင်းမာန်ဂိုဏ်းကို ဒီလောက် အနိုင်ကျင့်လာတာကိုတော့ ဘယ်ခံနေလိမ့်မတုန်း'

သူသည် ဒဏ်ရာရထားသူ ဖြစ်သော်လည်း သူ့လေသံ၌မှု အနိုင်မခံ အရှုံးမပေးသည့် အားမာန်အပြည့်အဝ ရှိနေပေသည်။

ဟူကျင်းသည် ယခု လာရောက်တိုက်ခိုက်သူများသည် မည်သူများ ဖြစ်မည်ကို စဉ်းစားနေလိုက်မိသည်။

'ရှောင်လင်ဂိုဏ်းကတော့ ဂိုဏ်းကြီးတွေမို့ သူတို့ရဲ့ ကတိကို ဖျက်မှာမဟုတ်ဘူး၊ ဒီတစ်ခါလာတာ တခြား ရန်သူတွေပဲ ဖြစ်ရမယ်၊ အလင်းစေန့်ဂိုဏ်းကြီး ထိခိုက်အနာတရ ဖြစ်နေတာကို သိပြီး အခွင့်



ကောင်းယူ ဝင်တိုက်တာပဲ ဖြစ်ရမယ်၊ အင်း... ဂိုဏ်းသားတွေ အနေနဲ့ ဒဏ်ရာရထားတွေ များလွန်းတော့ ဒီရန်သူတွေကို ဘယ်လိုမှ ခုခံတိုက်ထုတ်နိုင်မှာ မဟုတ်တော့ဘူး'

ရုတ်တရက် အပြေးအလွှားဝင်လာသော ခြေသံတစ်ခုကို ကြားလိုက်ရပြီးသည်နှင့် တစ်ပြိုင်နက်ပင် ဂိုဏ်းသားတစ်ယောက်သည် ရင်ဝတွင် ဓားမြှောင် တန်းလန်းကြီးဖြင့် အမောတကော ရောက်ရှိလာသည်။

✣ ✣ ✣ ✣ ✣

www.burmeseclassic.com

နဝါးနှိုင်ဓား(၅) ၏ ခုပြဒ

# မြေအောက်လိုဏ်ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆၅)

## မြေအောက် လိုဏ်ခေါင်း

ထိုလူသည် ပြေးဝင်လာရင်းပင် ပါးစပ်မှ အော်ဟစ် အစီရင်ခံနေပေသေးသည်။

'ရန်သူက သုံးဘက်၊ တောင်ပေါ်တက်လာ၊ ကျုပ်တို့ ခုခံမရ'

ဝေရီသည် အလောတကြီး လှမ်းမေးလိုက်သည်။

'ရန်သူ... ဘယ်ဘက်က တက်လာသလဲ၊ အင်အား ဘယ်လောက် ရှိသလဲ၊ ဘယ်ဂိုဏ်းကလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသူသည် ဝေရီ၏ မေးခွန်းများကို မဖြေနိုင်တော့။ လဲကျ အသက်ထွက်သွားလေပြီ။

ထိုစဉ် လေချွန်သံများသည် တောင်ပေါ် ပတ်ဝန်းကျင် တစ်ခုလုံး၌ ဆူညံစွာ ကြားနေရပြီ ဖြစ်၏။ အခြေအနေအလွန် ဆိုးဝါးလာကြောင်းကို ထိုလေချွန်သံများက သက်သေပြလျက်ရှိသည်။

နောက်ထပ် လူနှစ်ယောက် အခန်းထဲသို့ ပြေးဝင်လာ၏။ တစ်ယောက်သောသူသည် ရေအလံအဖွဲ့၏ ဒုတိယခေါင်းဆောင် ဖြစ်သည်။ သူ၏ ဘယ်ဘက်လက်တစ်ဘက်မှာ ခုတ်ဖြတ်ခံထား ရဟန်တူသည်။ တစ်ကိုယ်လုံး သွေးခြင်းခြင်းနီနေသော်လည်း သူ၏ ဟန်အမူအရာမှာ လွန်စွာ ဣန္ဒြေရလှ၏။ အလင်းမာန်ဂိုဏ်း၏ ထုံးစံအရ ဝေရီကို အရိုအသေ ပေးလျက် သတင်းကို အစီရင်ခံသည်။

'ဆရာကြီး အခု တောင်ပေါ်အထိ လိုက်လာတဲ့ အဖွဲ့တွေထဲမှာ ဝေလငါးဂိုဏ်း၊ ပင်လယ်ဓားပြဂိုဏ်းနဲ့ လက်သီးဂိုဏ်းအဖွဲ့က လူတွေ ပါလာတယ်'

ရန်ရောင်သည် နာကျည်းခံပြင်းစွာဖြင့် 'တောက်' တစ်ချက် ခေါက်လိုက်ပြီး...

'ဟင်... ဒီအစုတ်ပလုတ် ဂိုဏ်းကလေးတွေကတောင် တို့ကို လာ အနိုင်ကျင့်ကြပြီကိုး'



ရေအလံအဖွဲ့ ဒုတိယခေါင်းဆောင်သည် သူ့စကားကို ထပ်မံဆက်လိုက်သည်။

'ခေါင်းဆောင် တိဗက်ဘုန်းကြီးကတော့ သိုင်းပညာ သိပ်တော်တယ်၊ သူ့လက်ထဲမှာလည်း တိမ်လွှာဓားကို ကိုင်ထားတယ်'

ဟူကျင်းသည် တိမ်လွှာဓားဟု ကြားသိလိုက်ရသောအခါ 'ဟာ'ခနဲ အာမေဋိတ်သံတစ်ချက် ပြုလိုက်မိပြီး...

'တကယ့် တိမ်လွှာဓားလား'

'ဟုတ်ပါတယ်၊ ကျွန်တော် ကိုယ်တိုင် တွေ့တာပါ၊ ကျွန်တော့်ဓားရော ဒီလက်မောင်းတစ်ဘက်ရော အဲဒီဓား တစ်ချက်တည်းကြောင့် ပြတ်ခဲ့ရတာပါ'

ထိုစဉ် လင်ချန်း၊ သံခမောက်၊ ဖန့်ဟိုဆန့်၊ စောပုတက်၊ ချူထင်းတို့ ငါးယောက် အမောတကော ရောက်ရှိလာကြ၏။ သူတို့အားလုံးသည်လည်း ထမ်းစင်ကိုယ်စီဖြင့် လာကြရသည်သာ။

ချူထင်းသည် အခန်းတွင်းသို့ ရောက်ရောက်ချင်း စကားကို ဆက်တိုက် ပြောချလိုက်သည်။

'သူတောင်းစားဂိုဏ်းက ခေါင်းဆောင်ကြီး လာတယ်ကွ၊ ဒီကောင်က တခြား ဂိုဏ်းသေး ဂိုဏ်းမွှားကလေးတွေကို စုခေါ်လာပြီး တို့ရေနစ်နေတဲ့ အချိန်မှာ ရေနစ်တဲ့လူ ဝါးကူထိုး ဆိုတာလို လာလုပ်ကြတာ၊ အေးလေ... ငါ မသေခင်အောင်သမျှတော့ တွေ့ကြဦးမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ချင်ထင်းကျက်တို့ သားအဖသည်လည်း တုတ်များကို တောင်ဝှေးသဖွယ် ထောက်၍ ဝင်လာသည်။

ချင်ထင်းကျက်သည် ဟူကျင်းအား လှမ်းပြောသည်။

'ဟူကျင်း မင်းအနေနဲ့ ဒီမှာပဲ အေးအေးဆေးဆေး ထိုင်ကြည့်နေပါ၊ ဒီ ဉဒေါင်းတို့ ကြက်ပျံတို့ ဆိုတဲ့ ဂိုဏ်းကလေးတွေက မဖြစ်စလောက် ဂိုဏ်းကလေးတွေပါ၊ ဒီကောင်တွေ တို့အကြောင်း သိသွားအောင်ကို လုပ်ပြလိုက်ရမယ်'

သူတို့ မည်သို့ပင် အပြောကြီးနေစေကာမူ ဂိုဏ်းသားအားလုံးလိုလိုပင် လမ်းတောင် အနိုင်နိုင် လျှောက်နေကြရသူများဖြစ်ကြောင်း ဟူကျင်း ကောင်းကောင်း သိသည်။ ရန်သူကို တိုက်ဖို့ဆိုသည်မှာ စိတ်ပင် မကူးဝံ့သော အခြေအနေမျိုး ဖြစ်နေသည်။

အခြေအနေမှာ အလွန်ဆိုးဝါးလှသဖြင့် ခေါင်းဆောင်အားလုံးလိုလိုပင် ခေါင်းမူးလျက် ရှိကြပြီး သေနင်္ဂဇ္ဈုပဟာများကို မည်သို့မျှ မချမှတ်နိုင်အောင် ဖြစ်နေကြသည်။

ရန်ရောင်နှင့် ဝေရီတို့သည် ဝါရင့်ခေါင်းဆောင်များ ဖြစ်ကြသော်လည်း ယခု အခြေအနေ၌မူ မည်သို့မျှ မကြံစည် တတ်အောင်ဖြစ်နေကြသည်။ ယခုအချိန်တွင် သူတို့အားလုံး၏ အတွင်းစိတ်ဝယ် ဟူကျင်းအား ဂိုဏ်းချုပ်ကြီးအဖြစ် သတ်မှတ်ထား ကြသဖြင့် အလိုလိုပင် ဟူကျင်းဘက်သို့ လှည့်လာကြတော့သည်။ သူတို့အတွက်



ဟူကျင်းက မည်သို့ အကြံပေး လမ်းညွှန်မည်ကို စောင့်ဆိုင်းနေကြခြင်း ဖြစ်လေသည်။

ဟူကျင်းသည်လည်း လောလောဆယ် အရေးအခင်းအတွက် ခေါင်းပူမတတ် စဉ်းစားနေသူ ဖြစ်ပြီး အတွေးတစ်ခု ဝင်လာသဖြင့် ရုတ်တရက် လွှတ်ခနဲ အော်ဟစ်လိုက်သည်။

'အခုအချိန်မှာ ကျုပ်တို့တတွေ မြေအောက်လိုဏ်ခေါင်းထဲ ဝင်ပုန်းနေဖို့ အကောင်းဆုံးပဲ၊ ရန်သူတွေဟာ လောလောဆယ် ရှာနိုင်မှာ မဟုတ်ဘူး၊ တွေ့ရင်လဲ တိုက်ခိုက်ဖို့ မလွယ်ဘူး'

သို့သော် အားလုံးလိုလိုပင် ဟူကျင်း၏ အကြံအစည်ကို သဘောမတူချင်ကြ။ ယင်းအကြံအစည်ကို အကောင်အထည် ဖော်ခြင်းဖြင့် အလင်းမာန်ဂိုဏ်း၏ သိက္ခာ ကျဆင်းနိုင်သည်ဟု ယူဆထားကြသည်။ ဟူကျင်းကမူ...

'ယောက်ျားပဲ၊ အလျှော့မပေးဘဲ တိုက်မယ်ဆိုတဲ့ စိတ်ဓါတ်မျိုးကို နေရာတကာမှာ မထားသင့်ဘူး၊ အခြေအနေ အချိန်အခါကြည့်ပြီး မာန်ထားသင့်တဲ့ နေရာမှ ထားရမယ်၊ အခု ကျုပ်တို့အားလုံး ဒဏ်ရာတွေ ရနေကြတယ်၊ ဘယ်နည်းနဲ့မှ သူတို့ကို ပြန်မတိုက်နိုင်ဘူး၊ ဒီတော့ ခဏရှောင်တိမ်းရမယ်၊ ဒဏ်ရာတွေ ပျောက်ပြီဆိုရင် ဒီကောင်တွေကို အသေအကြေ ပြန်တိုက်နိုင်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



ရန်ရောင်သည် သက်ပြင်းချရင်း ရှင်းပြသည်။

'ဆရာလေးရဲ့ အကြံကတော့ ကောင်းပါတယ်၊ ခက်နေတဲ့ စည်းကမ်းတစ်ခုကလဲ ရှိနေပါသေးတယ်၊ ဒီ လျှို့ဝှက်လိုဏ်ခေါင်း ထဲကို ဂိုဏ်းချုပ်ကြီးမှတစ်ပါး မည်သူမျှ မဝင်ရ ဆိုတဲ့ စည်းကမ်း ချက် ရှိထားပါတယ်၊ ဝင်မိတဲ့ လူကိုလည်း သေဒဏ် သတ်မှတ်ထား ပါတယ်၊ ဆရာလေးနဲ့ ရှောင်ချောင်းတို့ကတော့ အပြင်လူတွေ ဆိုတော့ ဝင်လဲ အပြစ်မရှိပါဘူး'

ထို့ပြင် အပြင်ဘက်ရှိ အော်ဟစ်သံများသည် တဖြည်းဖြည်း ကျယ်လောင်လာနေသည်။ ရုတ်တရက် အလုံးအရင်းဖြင့် ဝင်ရောက် တိုက်ခိုက်ခြင်း မပြုကြသည်မှာ အလင်းမာန်ဂိုဏ်း၏ အရှိန်အဝါကို စိုးရွံ့ကြသဖြင့် တစ်လှမ်းချင်း အားစမ်းရင်း တိုက်ခိုက်နေကြ၍သာ ဖြစ်ပေမည်။

ဟူကျင်းကမူ အခြေအနေကို ကောင်းစွာသုံးသပ်မိသည်။ နောက်ထပ် အချိန်ဆွဲနေလျှင် အလင်းမာန်ဂိုဏ်းသား အားလုံး အသတ်ခံရပေတော့မည်။ ထို့ကြောင့်...

'ဒီစည်းကမ်းချက်တွေကို ပြောင်းလဲပြင်ဆင်လို့ မရဘူး လား'

ရန်ရောင်သည် ဦးခေါင်းကို လေးပင်စွာ ခါယမ်းလိုက် သည်။



ထိုအခြေအနေတွင် ဖန်ဟိုဆန့်သည်...

'ကျုပ် တစ်ခု ပြောပါရစေ၊ ဆရာလေး ကျန်းဟူကျင်းဟာ သိုင်းပညာမှာလဲ အတော်ဆုံး၊ စိတ်ထားလဲ အကောင်းဆုံး၊ ကျုပ်တို့ ဂိုဏ်းရဲ့ အသက်ကိုလဲ ကယ်ခဲ့တယ်၊ ဒါကြောင့် ဆရာလေး ဟူကျင်း ကို ကျုပ်တို့ရဲ့ သုံးဆယ့်လေးဆက်မြောက် ဂိုဏ်းချုပ်ကြီးအဖြစ် ခန့်အပ်လိုက်မယ်ဆိုရင် ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အာဏာနဲ့ ကျုပ်တို့ အားလုံးကို လျှို့ဝှက်လိုဏ်ခေါင်းထဲ ဝင်နိုင်းလို့ ရပြီမဟုတ်လား၊ ဒီလိုဆိုရင် ကျုပ်တို့တတွေလဲ စည်းကမ်းဖောက်ရာ မကျတော့ ဘူးပေါ့'

ဖန်ဟိုဆန့်၏ အကြံပေးချက်သည် အခြေအနေ အချိန်အခါ နှင့် အလွန်သင့်လျော်သော အကြံပေးချက် ဖြစ်၏။ ရန်ရောင်က လည်း နောက်ဆုံးတွင် ဤအတိုင်းသာ လုပ်ရမည်ဟု တွက်ထား သဖြင့် အားလုံးက သဘောတူ ထောက်ခံကြတော့၏။

သို့သော် ဟူကျင်းသည် ခေါင်းခါ ငြင်းဆန်တော့သည်။

'ကျုပ်က အသက်ငယ်ငယ်လေးနဲ့ ဘာအစွမ်းအစမှ မရှိတာ၊ ဘယ့်နှယ့် ဒီတာဝန်ကြီးကို ထမ်းဆောင်နိုင်ပါ့မလဲ၊ နောက်တစ်ခုက ကျုပ်ရဲ့ ဆရာဘိုးဘိုးက ဒီ အလင်းမာန်ဂိုဏ်းထဲကို မဝင်ဖို့ အတန် တန် မှာကြားထားခဲ့ပါတယ်၊ ကျုပ်အနေနဲ့ ဆရာဘိုးဘိုးရဲ့ စကားကို မပယ်လှန်ဝံ့ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ချင်ထင်းကျက်က...

'ငါက မင်းရဲ့ အဘိုးအစစ်ပါ၊ ငါက ဝင်ခိုင်းလို့ မင်းအ[illegible] အလင်းမာန်ဂိုဏ်းထဲ ဝင်ရတာပါ ဆိုရင် မင်းရဲ့ ဆရာဘိုးဘိုး[illegible] ဘာမှ ပြောတော့မှာ မဟုတ်ဘူး'

ဂိုဏ်းသားများကလည်း ဟူကျင်းသာ ဂိုဏ်းချုပ်တာဝန်[illegible] မယူပါက သူတို့သည် လိုဏ်ခေါင်းထဲသို့ မည်သို့မျှ ဝင်ကြလိမ့်[illegible] မဟုတ်ပါကြောင်း၊ အပြင်၌သာ အသက်ကို အသေခံကြမည်[illegible] ဖြစ်ကြောင်း ဟူကျင်းအား ရှင်းပြကြသည်။

ဟူကျင်း မည်သို့မျှ မတတ်နိုင်တော့ချေ။ သူ၏စိတ်ထဲတွ[illegible] ရေရွတ်လိုက်သည်။

'ငါ့ရဲ့ ပုဂ္ဂိုလ်ရေးရာကိစ္စ အရေးမကြီးပါဘူး၊ ဒီလူ အများ[illegible] ကြီးရဲ့အသက်ကို ကယ်ဖို့ကသာ အရေးကြီးပါတယ်၊ နောက်ကျ[illegible] ငါ့ဆရာဘိုးဘိုးကို ရှင်းပြရင်လဲ ဆရာဘိုးဘိုးက လက်ခံမှာပါ'

ထို့နောက် ဟူကျင်းက...

'ကဲ... ခင်ဗျားတို့က ကျုပ်ကို ဒီလောက် လိုက်လိုက်လှဲလှဲ[illegible] ချီးမြှောက်နေတဲ့နောက်တော့ ဒီဂိုဏ်းချုပ်ရာထူးကို လက်ခံလိုက်ပါ[illegible] ဒါပေမယ့် ဒီကိစ္စပြီးရင်တော့ ဂိုဏ်းချုပ်အသစ်တစ်ယောက်[illegible] ပြန်ရွေးကြတာပေါ့'





ဝမ်းပန်းတသာ အော်ဟစ်လိုက်သောအသံသည် ကောင်းကင်ယံသို့ လွင့်ပျံ့ တက်သွားသည်။ အားလုံးသည် အလွန် အားတက်ရွှင်လန်းလျက် ရှိကြသည်။ အဘယ်မှာလျှင် အားမတက်ဘဲ ရှိလိမ့်မည်နည်း။

သိုင်းပညာ အလွန်ကျွမ်းကျင်လှသည့်ပြင် စိတ်ထားကောင်းမွန်လှသည့် ဂိုဏ်းချုပ်ကြီးတစ်ယောက်ကို သူတို့အနေဖြင့် ရွေးကောက်တင်မြှောက်နိုင်ခဲ့သည် မဟုတ်ပါလား။

အလင်းမာန်ဂိုဏ်းကြီး၏ ဂိုဏ်းချုပ်ကြီး ရန်ဖော့ထင်း သေဆုံးခဲ့ပြီးသည့်နောက်တွင် ဂိုဏ်းချုပ်ဟူ၍ မရှိတော့သဖြင့် ထိုဂိုဏ်းကြီးသည် ပဲ့မပါသော လှေကြီးသဖွယ် လမ်းမမြင် ကမ်းမမြင် မျောချင်ရာ မျောနေဘိသကဲ့သို့ တစ်နေ့တစ်ခြား ပျက်စီးဆုတ်ယုတ်လာခဲ့ရသည်။ ယခုမူ သူတို့၌ ဂိုဏ်းချုပ်အသစ်တစ်ယောက် ရရှိလိုက်ပေပြီ။

အားလုံးသော ဂိုဏ်းသားများသည် ဂိုဏ်းချုပ်ကြီးကို ဦးညွှတ် အရိုအသေ ပေးလိုက်ကြသည်။

ဟူကျင်းက ချက်ချင်းပင် စီမံခန့်ခွဲတော့သည်။

'လက်ဝဲရံ ရန်ရှောင်... ကျုပ် အမိန့်ပေးပြီ၊ ကျုပ်တို့ဂိုဏ်းသားအားလုံးကို လှိုဏ်ဂူလိုဏ်ခေါင်းထဲ ဝင်ခိုင်းလိုက်ပါ၊ မီးအလ

www.burmeseclassic.com



အဖွဲ့သားတွေက အလင်းမာန်ဂိုဏ်းကြီးရဲ့ အိမ်တွေအားလုံးကို မီးရှို့ဖျက်ဆီးပစ်လိုက်ပါ'

ရန်ရောင် ဦးညွှတ် အရိုအသေပေးပြီး ဂိုဏ်းချုပ်ကြီး ဟူကျင်း၏ အမိန့်ကို စတင်အကောင်အထည် ဖော်သည်။

ရေအလံအဖွဲ့နှင့် မီးအလံအဖွဲ့ကို နောက်ချန်ထားလျက် ကျန်ဂိုဏ်းသားအားလုံးကို လျှို့ဝှက်လိုဏ်ခေါင်းအတွင်းသို့ ဝင်နိုင်းလိုက်တော့သည်။

မီးအလံအဖွဲ့သားများသည် သူတို့၏ လောင်စာ သံဘူးကြီးများကို ကိုင်၍ပက်ဖျန်းနေကြရာ တစ်ခဏခြင်းပင် တဝုန်းဝုန်းဖြင့် မီးတောက်မီးလျှံများ ထွက်လာတော့၏။ မီးတောက်မီးလျှံများသည် အိမ်ကြီးများကို ဝါးမျို နေသဖြင့် ရန်သူများသည် အိမ်ထဲသို့ မဝင်နိုင်ကြတော့ဘဲ အပြင်မှသာ ဝန်းရံနေကြရသည်။ နောက်ဆုံး မီးအလံအဖွဲ့သားများက လျှို့ဝှက်လိုဏ်ခေါင်းအတွင်းသို့ ဝင်ရောက်လာပြီးသော အခါတွင်မှ ကျောက်တံခါးကြီးကို ပိတ်လိုက်တော့သည်။

အိမ်များကို လောင်ကျွမ်းနေသော မီးသည် နှစ်ရက်တိတိကြာသည်။ ရန်သူများ၏ အမြင်တွင်မူ နှစ်ပေါင်း တစ်ရာကျော် တည်တံ့လာခဲ့သော အလင်းမာန်ဂိုဏ်းကြီးသည် ယနေ့တော့ ပြာပုံဘဝသို့ ရောက်ရှိသွားပြီ ဖြစ်၏။ အလင်းမာန်ဂိုဏ်းသားအားလုံး



သည်လည်း မီးထဲတွင် အသေခံလိုက်ကြပြီဟု ထင်မှတ်လိုက်ကြသည်။

သို့ရာတွင် လျှို့ဝှက်လိုဏ်ခေါင်းအတွင်းမှ အလင်းမာန်ဂိုဏ်းကြီးကမူ...

ရှောင်ချောင်းသည် လျှို့ဝှက်လိုဏ်ခေါင်း၏ မြေပုံကို ကိုင်၍ အဖွဲ့သားဂိုဏ်းသားများကို အခန်းအသီးသီးထဲသို့ နေရာချထားပေးလျက် ရှိနေသည်။ မြေပုံဖြင့် ကြည့်ရှုပြီးမှ နေရာချမပေးလျှင် မည်သို့မျှ မဖြစ်နိုင်။ မြေအောက်လိုဏ်ခေါင်း၏ အခန်းခန်း အဆောင်ဆောင်တို့သည် များစွာ ရှုပ်ထွေးလှသောကြောင့် ဖြစ်၏။

စားနပ်ရိက္ခာ သိုလှောင်သော အခန်းများတွင်လည်း စားနပ်ရိက္ခာများ အပြည့်အလျှံ သိုလှောင်ထားပြီး ဖြစ်သည်။ ထို့ကြောင့် စားနပ်ရိက္ခာအတွက် မည်သို့မျှ ပူပန်ရန် အကြောင်း မရှိချေ။ ဤလိုဏ်ခေါင်းထဲတွင် နှစ်လမျှ အေးငြိမ်းချမ်းသာစွာ အနားယူ နိုအောင်းနိုင်ကြသည်။

ဟူကျင်းသည် ယခင်က ဂိုဏ်းချုပ်ကြီး ရန်ဖော့ထင်း၏ အရိုးစုနားရှိ အားပြောင်းအားလွှဲ သိုင်းပညာကျမ်းကြီးကို ယူ၍ ရန်ရောင်၏ လက်ထဲသို့ ပေးအပ်လိုက်သည်။ သို့သော် ရန်ရောင်က လက်မခံချေ။

www.burmeseclassic.com

www.burmeseclassic.com



'အခုအချိန်မှာ ဆရာလေးဟာ ဂိုဏ်းချုပ်ကြီး ဖြစ်နေပြီပဲ၊ ဒီ သိုင်းကျမ်းကြီးကိုတော့ ဆရာလေးပဲ သိမ်းဆည်းထားလိုက်ပါတော့'

နောက်ပိုင်းရက်များတွင် အလင်းမာန်ဂိုဏ်းသားအားလုံးသည် မြေအောက်လိုဏ်ခေါင်းအတွင်း ကောင်းစွာ အနားယူလိုက်နိုင်ကြသည်။

ဟူကျင်း၏ ဒဏ်ရာမှာ တစ်ပတ်ခန့် ကြာသောအခါ လုံးဝ ပျောက်ကင်း သွားခဲ့သည်။ ဟူကျင်းသည် သူ၏ မူလပကတိ အခြေအနေကို ပြန်ရောက်သည်နှင့် ကျန်ဂိုဏ်းသားများ၏ ဒဏ်ရာ ဒဏ်ချက်များကို ချက်ချင်းပြုစု ကုသပေးသည်။

အပ်စိုက်ကုသရန် လိုသူများကိုလည်း အပ်စိုက်ကုသပေးသည်။ သူတို့၌ ရှိနေသော ချွတ်ယွင်းချက်တစ်ခုမှာ ဆေးဝါး မပြည့်စုံခြင်းပင် ဖြစ်၏။ သို့သော် ဟူကျင်းကမူ အကောင်းဆုံး ဖြစ်အောင် ကုသပြုစုပေးသည်။

အားလုံးသော ဂိုဏ်းသားများက ဟူကျင်းသည် သိုင်းပညာ၌ တကယ်တော်သူဟု ယခင်က သတ်မှတ်ထားခဲ့ကြသည်။ ယခုမူ ဆေးပညာ၌လည်း သမားတော်ကြီးတစ်ပါးနှယ် ကျွမ်းကျင်တတ်မြောက် ကုသနိုင်ကြောင်း တွေ့ကြရပြန်သဖြင့် သူတို့၏ ဂိုဏ်းချုပ်



ကြီးအား လွန်စွာ အထင်ကြီး လေးစားသွားကြပြန်သည်။ ထို့ပြင် န်ရောင်တို့ လူသိုက် ခံစားနေကြရသည့် အအေးဓာတ် အဆိပ်ကို သည်း သူ၏ နေစကြာအတွင်းအားဖြင့် ကုသပေးလိုက်သည်။

နောက်ထပ် သုံးရက်ခန့်ကြာသောအခါတွင်မူ ဂိုဏ်းသားအားလုံးနီးပါး ဒဏ်ရာများ ပျောက်ကင်းသွားကြသည်။ အခြေကောင်းသို့ ပြန်လည်ရောက်ရှိသွားသည်နှင့် တစ်ပြိုင်နက် ဂိုဏ်းသားအားလုံးသည် ရန်သူများအား တိုက်ခိုက်ရန် မာန်တဝင့်ဝင့် ဖြစ်လာကြ၏။ သို့သော် ဟူကျင်း၏ ကျိုးကြောင်းဆီလျော်စွာ ရှင်းပြသည့် စကားများကို ကြားပြီးနောက်မှ သူတို့ လုပ်သင့်သည်များကို ကြိုးစား လုပ်ဆောင်ကြတော့သည်။ ဟူကျင်းက...

'ခင်ဗျားတို့ရဲ့ ဒဏ်ရာပျောက်သွားကြတာ မှန်ပေမယ့် အတွင်းအားတွေကတော့ နဂိုအနေအထားကို ပြန်မရောက်ကြသေးဘူး၊ နောက်ထပ် သုံးရက်လောက် အနားယူ အားဖြည့်လိုက်ကြပါဦး'

ထို သုံးရက်အတွင်း၌လည်း အလင်းမာန်ဂိုဏ်းသား အားလုံးသည် သူတို့၏ သိုင်းပညာ ပြန်လည်ထက်မြက်လာစေရန် အပြင်းအထန် လေ့ကျင့်ကြ၏။ သိုင်းပညာအဆင့်မြင့်နေသူများမူ အတွင်းအား တိုးတက်လာရန် ဖိ၍ လေ့ကျင့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာနိမ့်ကျသူများကမူ ဓား၊ လှံ၊ လေးမြား လက်နက်များကို အဆင်သင့် ပြင်ဆင်ထားကြ၏။

ဂိုဏ်းကြီးခြောက်ဂိုဏ်းက အလင်းမာန်ဂိုဏ်းအား တိုက်ခိုက်ခဲ့စဉ်က သူတို့သည် လုံး၀ ခေါင်းငုံ့ခံခဲ့ကြရသည်။ ယခု မိမိတို့ ခေါင်းထောင်ကြရတော့မည့် အချိန်ပင် ဖြစ်သည်။ နဂါးမှန်းသိအောင် အမောက်ထောင်ပြရတော့မည့် အချိန်ပင် ဖြစ်ပေ၏။

ထိုညတွင် ရန်ရောင်က သူတို့ဂိုဏ်း၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်း ဥပဒေ၊ ဂိုဏ်းထဲရှိ အရေးပါအရာရောက်သူများ၏ စာရိတ္တစသည်တို့ကို ကျန်းဟူကျင်း သိရှိနားလည်စေရန် ရှင်းလင်း ပြောပြနေသည်။

ထိုစဉ် ရှောင်ချောင်းသည် လက်ဖက်ရည်ကြမ်းအိုးကို ယူလာပေးသည်။ ရှောင်ချောင်း၏ လက်၌ သံကြိုးတစ်စုံ ချည်ထားသည်ကို ကျန်းဟူကျင်း သတိပြုလိုက်မိ၏။

ထို့ကြောင့် ဟူကျင်းက...

'လက်ဝဲရံ ရန်ရောင်၊ ဒီကလေးမရဲ့လက်က သံကြိုးကို ဖြုတ်ပေးလိုက်ပါ'

ရန်ရောင်သည် ရန်ဝေအား ချက်ချင်းခေါ်ပြီး အမိန့်ပေးလိုက်လေသည်။



'ရန်ဝေ... ရှောင်ချောင်းရဲ့လက်က သံကြိုးကို ဖြုတ်ပေးလိုက်'

'သော့ချောင်းတွေက မီးထဲပါသွားပြီ၊ အခု မရှိတော့ဘူး'

ရန်ဝေ၏ ဖြေကြားသံကိုကြားသောအခါ ဟူကျင်းက ထပ်မံပြောလိုက်သည်။

'အေးလေ... ဒီလိုဆိုလဲ နောက်မှ ကြည့်စီစဉ်ရတာပေါ့'

ရန်ရောင်သည် ရှောင်ချောင်းနှင့် သူ့သမီး ထွက်ခွာသွားသောအခါမှ ဟူကျင်းအား ရှောင်ချောင်းနှင့် ပတ်သက်သမျှတို့ကို ပြောပြသည်။

'ဂိုဏ်းချုပ်ကြီး ဒီရှောင်ချောင်းဆိုတဲ့ မိန်းကလေးကို သတိထားပါ၊ တော်တော်လဲ ထူးဆန်းတယ်၊ သူ ဒီကိုရောက်လာတာဟာ တစ်စုံတစ်ခုကို ရှာဖွေဖို့ ရောက်လာတာနဲ့ တူတယ်၊ တစ်ခါတုန်းက ရန်ဝေရဲ့ အခန်းထဲ လျှောက်ရှာနေတာ တွေ့ရလို့ ကျုပ် သေသေချာချာ စစ်ဆေးတယ်၊ တစ်လုံးမှ ဖွင့်မပြောဘူး၊ ဒါနဲ့ သံကြိုးနဲ့ ချည်ထားလိုက်ရတာပဲ၊ ဒါမှ သံကြိုးလှုပ်ရှားသံ ကြားပြီး သူ ဘယ်နေရာတွေ လျှောက်သွားနေတယ်ဆိုတာ အမြဲ သိနိုင်တော့မှာ'

ဟူကျင်းသည် ရန်ရောင်၏စကားများကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှ ရုတ်တရက် ထ,ရပ်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ကဲ... ကျုပ်တို့ ဒီလိုဏ်ခေါင်းထဲမှာ အောင်းခဲ့ကြရတဲ့ ရက်တွေလဲ တော်တော်များလာပြီ၊ အပြင်ဘက်ထွက်ပြီး လမ်းလျှောက်ကြစို့'

ရန်ရောင်သည် ဝမ်းသာအားရစွာဖြင့်...

'အပြင်ကို အားလုံး ထွက်ရမှာလား'

'ဟုတ်တယ်၊ ဒါပေမယ့် ဒဏ်ရာ မပျောက်ကင်းတဲ့ လူတွေကတော့ မထွက်ကြရသေးဘူး၊ ရေအလံ၊ သစ်သားအလံတို့ အဖွဲ့ကတော့ ဒီထဲမှာပဲ ဆက်အနားယူကြ၊ ကျန်တဲ့လူတွေ အားလုံး ထွက်ကြရမယ်'

'ဂိုဏ်းသားအားလုံး အသင့်ပြင်ကြ၊ အပြင်ကို ထွက်ကြမယ်'

ရန်ရောင်၏ အော်ဟစ် အမိန့်ပေးသံသည် မြေအောက်လိုဏ်ခေါင်းအတွင်း ဟိန်းထွက်လာသည်။ ဂိုဏ်းသားများ၏ ရွှင်မြူးအော်ဟစ်သံများသည်လည်း ပွဲတင်ထပ် ဆူညံနေ၏။

ဟူကျင်းသည် ရှေ့ဆုံးက သွား၍ ကျောက်တံခါးကြီးကို ဖွင့်လိုက်သည်။ ဂိုဏ်းသားများကို အရင်ထွက်စေပြီးမှ ကျောက်တံခါးကြီးကို ပြန်ပိတ်လိုက်သည်။ အားလုံး အပြင်သို့ ရောက်ရှိလာကြသည်။ ရေ၊ မြေ၊ ကောင်းကင်၊ သစ်ပင် အစရှိသည့် သြကာသလောကကြီး၏ အလှအပများကို သူတို့ မခံစားနိုင်ကြသေး။ တစ်စုံ



တစ်ခုသောအသံကိုမျှပင် မပြုနိုင်သေး။ ရန်သူ၏ အနေအထားကို လုံးဝ မသိရှိရသေးသောကြောင့် ဖြစ်သည်။

သို့သော် ဟူကျင်းကမူ ကျောက်တုံးကြီး တစ်တုံးထက်တွင် တက်ရပ်နေပြီး သူ့ ဂိုဏ်းသားများကို စစ်ဆေးကြည့်ရှုလိုက်သည်။ ဂိုဏ်းသားများသည် သူ့အဖွဲ့နှင့်သူ စည်းကမ်းသေဝပ်စွာ ရပ်နေကြသည်။

အဖွဲ့ကြီးငါးဖွဲ့၏ အလယ်တွင် ရန်ရောင် ဦးဆောင်သော မီး၊ မြေ၊ လေ၊ မိုးကြိုး အစရှိသည့် အဖွဲ့ လေးဖွဲ့ရှိနေသည်။

ဝေရို၊ လင်ချန်း၊ စောပုတက်၊ ဖန်ဟိုဆန့်၊ သံခမောက်နှင့် ချူထင်းတို့ကမူ ဂိုဏ်းချုပ်ကြီး၏ သက်တော်စောင့်များအဖြစ် ဟူကျင်း၏ ဘေးပတ်လည်တွင် ရပ်နေကြသည်။ ဟူကျင်းသည် ဂိုဏ်းသားအားလုံးကို တည်ငြိမ်စွာ လွှမ်းခြုံကြည့်လိုက်ပြီး...

'အခု ကျုပ်တို့ ရန်သူတွေကို တိုက်ခိုက်ကြတော့မယ်၊ ကျုပ်တို့က စပြီး တိုက်ခိုက်တာ မဟုတ်ဘူး၊ သူတို့က ဖျက်လိုဖျက်ဆီးစိတ်နဲ့ ကျူးကျော် တိုက်ခိုက်လာတာ ဖြစ်တဲ့အတွက် ကျုပ်တို့က ခုခံတွန်းလှန်ခြင်းသာ ဖြစ်တယ်'

ဟူကျင်းသည် သူ၏စကားကို ခေတ္တဆိုင်းငံ့လိုက်ခြင်းသာ ဖြစ်သည်။ သူ့စကားကို ပိုမိုလေးနက်သွားအောင် ခေတ္တဆိုင်းငံ့လိုက်ခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အရေးအကြီးဆုံး မှတ်သားရမယ့် အချက်တစ်ခုကို ကျုပ် အခုလေးအနက် ပြောချင်တယ်၊ ကျုပ်တို့ရဲ့ အလင်းမာန်ဂိုဏ်းကြီးဟာ လူသတ်ဂိုဏ်းကြီးတစ်ခု မဟုတ်ဘူးဆိုတာကိုပဲ၊ အဲဒီ အချက်ကတော့ ခင်ဗျားတို့ရဲ့ နှလုံးသားထဲမှာ အမြဲတမ်း မှတ်သားထားကြပေတော့'

'ကျုပ်တို့ရဲ့ ဂိုဏ်းကိုလူတွေ ဘာကြောင့် ရွံရှာမုန်းတီးခဲ့ကြသလဲ၊ ကျုပ်တို့ ဂိုဏ်းထဲက ဂိုဏ်းသားအချို့ဟာ အင်မတန် ရက်စက်ခဲ့လို့ပဲဖြစ်တယ်၊ ခွင့်လွှတ်သင့်တဲ့ ကိစ္စကလေးတွေကို ခွင့်လွှတ်လိုက်ကြပါ၊ အငြိုးမထားကြပါနဲ့၊ ဒီနေ့ ဒီအချိန်ကစပြီး ကျုပ်တို့ ဂိုဏ်းဟာ ဂိုဏ်းသစ်ဖြစ်လာပြီ၊ ကျုပ်တို့ရဲ့ အလင်းမာန်ဂိုဏ်းကို သိုင်းလောကတစ်ခုလုံးက ရိုသေလေးစားလာအောင်လုပ်ဖို့ဟာ ကျုပ်တို့ရဲ့ မဟာတာဝန်ကြီးပဲ၊ ဒါကြောင့် ကျုပ်တို့ သဘောထားကြီးကြောင်း ပြရမယ်၊ အတတ်နိုင်ဆုံး တစ်ဘက်လူကို ခွင့်လွှတ်နိုင်ရမယ်၊ အတတ်နိုင်ဆုံး အလျှော့ပေးရမယ်၊ ဒါပေမယ့် မတတ်နိုင်တဲ့ အဆုံးမှာတော့ အသက်စွန့်ပြီး ကျုပ်တို့ဂိုဏ်းကြီးရဲ့ ဂုဏ်သိက္ခာကို ကာကွယ် စောင့်ရှောက်ကြရမယ်'

အလင်းမာန်ဂိုဏ်းချုပ်သစ်ကြီး ဟူကျင်း၏ မိန့်ကြားချက်များကို နားထောင်နေစဉ် ဂိုဏ်းသားများသည် ကြက်သီးတဖြန်းဖြန်းထလျက် သွေးသစ်လောင်းပေးလိုက်သကဲ့သို့ ခံစားလိုက်ကြရသည်။

ဟူကျင်းက...



'ကဲ...အခု ရန်သူတွေကို တိုက်ခိုက်တွန်းလှန်ဖို့ အချိန်ရောက်နေပြီ၊ မျက်ခုံးဖြူဂိုဏ်းအဖွဲ့ကို ချင်ထင်းကျက်က ဦးဆောင်ပြီး အနောက်ဘက်က တိုက်ခိုက် ထိုးဖောက်ပါ။ အလံငါးခု အဖွဲ့ကိုတော့ သစ်သားအလံအဖွဲ့ခေါင်းဆောင် ချန်းဆုံက ဦးဆောင်ပြီးအရှေ့ဘက်ကနေတိုက်ခိုက်ပါ၊ လက်ဝဲရဲ့ ရန်ရောင်က မိုး၊ မြေ၊ လေ၊ မိုးကြိုးအဖွဲ့ကြီးလေးဖွဲ့ကို ခေါင်းဆောင်ပြီး မြောက်ဘက်ကနေ တိုက်ခိုက်ပါ၊ ဝါရင့်ဂိုဏ်းသားကြီး ငါးယောက်ရယ်၊ လင်းဆွဲမင်း ဝေ ရယ်၊ ကျုပ်ရယ်ကတော့ အလယ်အူကြောင်းတည့်တည့်က ထိုးဖောက် တိုက်ခိုက်မယ်'

ဂိုဏ်းသားအားလုံးသည် ခါးကိုင်းဦးညွှတ်လျက် ဂိုဏ်းချုပ်ကြီး၏ အမိန့်ကို နာခံလျက် ရှိကြ၏။

ဟူကျင်းသည် နောက်ဆုံး တိုက်မိန့်ပေးလိုက်တော့သည်။

'ကဲ...အားလုံး အစီအစဉ်အတိုင်း တိုက်ကြ'

အဖွဲ့အားလုံးသည် လျင်မြန်စွာ ပြေးလွှား ထိုးဖောက်ကြတော့၏။ များမကြာမီပင် တောင်ပေါ် တစ်ခုလုံး သတိပေးသံ၊ အော်ဟစ်ညည်းညူသံများဖြင့် ဆူညံဖုံးလွှမ်းနေသည်။ ဟူကျင်းတို့သည် တောင်ပေါ်မှ ဆင်းသက်လာသော ကျားရဲများသဖွယ် အပြင်းအထန် ထိုးဖောက် တိုက်ခိုက်ကြတော့သည်။ များမကြာမီပင် ရေသူထက်ဝက်ခန့် ကျဆုံးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အလင်းမာန်ဂိုဏ်းသားများသည် အားသစ်မာန်သစ်ဖြင့် တက်ကြွစွာ တိုက်ခိုက်ကြသဖြင့် တစ်ဘက်ရန်သူ ဂိုဏ်းသားများက မည်သို့မျှ မယှဉ်နိုင်ချေ။

ထိုစဉ် ဟူကျင်းသည် ကျောက်တုံးတစ်ခုပေါ်သို့ ခုန်တက်လိုက်၏။ ထိုနောက် ကျယ်လောင်သော အသံဖြင့်...

'အလင်းမာန်ဂိုဏ်းသား အားလုံးဟာ ဒီ ကွမ်းမိန်တောင်ကို ဝိုင်းထားပြီးပြီ၊ ခင်ဗျားတို့ရဲ့ လက်နက်တွေကို ချလိုက်ပါ၊ လက်နက်ချတဲ့ လူကို ကျုပ် ဘာမှမလုပ်ဘူး'

ရုတ်တရက် အရပ်ပုပု တိဗက် ဘုန်းကြီးတစ်ပါးသည် ဟူကျင်း ရှိရာသို့ ခုန်တက်လာသည်။

'ဟော့ကောင်...မင်းက ဘာကောင်မို့ လက်နက်ချခိုင်း နေရတာလဲ'

ရန်ရှောင်သည် အော်ဟစ် ပြောဆိုလိုက်သည်။

'ဟေ့...ဒါက ငါတို့အလင်းမာန်ဂိုဏ်းကြီးရဲ့ ဂိုဏ်းချုပ်ကြီးပဲ'

တိဗက် ဘုန်းကြီးသည် ပမာမခန့်နှင့်ပင်...

'ဘာဂိုဏ်းချုပ်လဲ၊ ငါ့ရဲ့ဓားကို အရင်မြည်းကြည့်ဦး၊ ဂိုဏ်းချုပ်ကို ဝိညာဉ်ချုပ်အောင် လုပ်ပေးလိုက်မယ်'



ပြောပြောဆိုဆိုနှင့် သူ၏ ဓားနှင့် ဟူကျင်းကို ထိုးလိုက်သည်။

တကယ့် တိမ်လွှာဓားပင်တည်း။

'ဒီဓားက ဝါမေဂိုဏ်းရဲ့ ဓားပဲ၊ ဘယ့်နှယ့် ခင်ဗျား လက်ထဲရောက်နေရတာလဲ'

ဘုန်းကြီးကမူ စကားတစ်ခွန်းမျှ မပြော။ ဟူကျင်းကိုသာ သဲသဲမဲမဲ တိုက်ခိုက်နေသည်။ ဟူကျင်းသည် သူ၏ ဘယ်လက်ဖြင့် ဘုန်းကြီး၏ လက်ကောက်ဝတ်ကို ရုတ်တရက် ဖမ်းဆုပ်လိုက်ရာ တိမ်လွှာဓား လွတ်ကျ သွားတော့သည်။

အာဂ ဘုန်းကြီးပါပေ။ ဓားလွတ်ကျသွားသည်နှင့် တပြိုင်နက် ဘုန်းကြီးသည် ဟူကျင်း၏ ရင်ဘတ်သို့ လက်သီးဖြင့် ထိုးလိုက်၏။

ဟူကျင်းသည် သူ၏ အတွင်းအားဖြင့် တန်ပြန် ခုခံလိုက်သောအခါ ဘုန်းကြီးသည် နောက်သို့ ပစ်လဲကျသွားတော့သည်။ ဘုန်းကြီးသည် အင်မတန် လျင်မြန်သော ဘုန်းကြီး ဖြစ်သည်။ လဲကျသွားသည်နှင့် သူလွတ်ကျသွားသော တိမ်လွှာဓားကို ကောက်ယူပြီး ဖြစ်သည်။ ပြီးနောက် ဟူကျင်းအား ဆက်မတိုက်တော့ဘဲ တောင်အောက်သို့ တစ်ချိုးတည်း ဆင်းပြေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဟိုဆန့်သည် သူ၏ ဓားဖြင့်ဘုန်းကြီးအား လှမ်းတားလိုက်သေးသည်။ သို့သော် ဘုန်းကြီးသည် ပြေးရင်း လွှားရင်းဖြင့် သူ၏ တိမ်လွှာဓားဖြင့် တစ်ချက် ဇွေ့ယမ်းခဲ့ရာ ဖန်ဟိုဆန့်၏ ဓားသည် ထက်ပိုင်းကျိုးသွားခဲ့ရသည်။

ဟူကျင်းသည် ယင်းတိမ်လွှာဓားကို မြင်တွေ့လိုက်ရသည်နှင့် ချူကျူးအတွက် အလွန် စိတ်ပူသွားမိသည်။ ဝါမေဂိုဏ်း၏ ဓားသည် အဘယ်ကြောင့် ဤတိဗက်ဘုန်းကြီး၏လက်သို့ ရောက်နေသည်ကို သိလိုသဖြင့် ဘုန်းကြီးနောက်မှ လိုက်သွားသည်။ ထိုစဉ် အော်သံ တစ်ချက် ကြားလိုက်ရသဖြင့် ကြည့်လိုက်သောအခါ ရန်ဝေသည် ဓားလွတ်ကျလျက် ရန်သူပြုသမျှ နရမည့်ဘဝသို့ ရောက်နေကြောင်း တွေ့လိုက်ရသည်၊ ထို့ကြောင့် ရုတ်တရက် ခုန်ဝင်ပြီး ရန်ဝေအား ကယ်တင်လိုက်ရသည်။

ဘုန်းကြီးကို လှမ်းကြည့်လိုက်သောအခါ အရိပ်အယောင်ပင် မတွေ့ရတော့ချေ။ ဟူကျင်းသည် ရန်ဝေကို တွဲခေါ်လျက် တောင်ထိပ်သို့ တက်လာခဲ့သည်။

ထိုစဉ် ဝေးကွာသော အရပ်မှ လွင့်ပျံလာဟန် ရှိသော အေးစက်လှသည့် ထူးခြားဆန်းကြယ်သော အသံတစ်သံကို ကြားလိုက်ရ၏။



'ဘယ်သူ့သေရမှာ ကြောက်နေသလဲ၊ သေရမှာ ကြောက်တဲ့ လူတွေကို ငါတို့က ညှာနေမှာ မဟုတ်ဘူး'

ဟူကျင်းလည်း ထိုအသံကြောင့်အံ့သြသွားသည်၊ ပို၍ အံ့သြစရာကောင်းသော အခြေအနေ တစ်ရပ်ကို ချက်ချင်း မြင်ရ ပြန်တော့သည်။

အခြေအနေ မကောင်းတော့သဖြင့်ထွက်ပြေးရန် ပြင်ဆင်နေကြသော ဂိုဏ်းသေးဂိုဏ်းမွှားကလေးများမှ ရန်သူများသည် ရုတ်ခြည်း ရပ်တန့်သွားကြလျက် လုံးဝ ထွက်မပြေးကြတော့ဘဲ ဒဏ်ရာရသော သားကောင်များပမာ အလင်းမာန်ဂိုဏ်းသားများကို အပြင်းအထန် ပြန်လည် တိုက်ကြပြန်တော့သည်။

သို့သော် လူအင်အား၊ သိုင်းပညာချင်း မယှဉ်သာသဖြင့် ရန်သူတို့မှာ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးလျက် ရှိနေကြရသည်။ နောက်ဆုံးတွင် ဟူကျင်းသည် မနေသာတော့ဘဲ အကြွင်းအကျန် တိုက်ခိုက်နေသူများကို တစ်ယောက်ပြီး တစ်ယောက် အကြောပိတ်လိုက် ရတော့၏။

ဤတိုက်ပွဲသည် အလင်းမာန်ဂိုဏ်း၏ မဟာတိုက်ပွဲပင် ဖြစ်တော့သည်။ သူတို့သည် ရန်သူအများအပြားကို ချေမှုန်းနိုင်ရုံမျှမက သုံ့ပန်းပေါင်း သုံးရာခန့်ကိုလည်း လက်ရ ဖမ်းဆီးမိလိုက်ပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးတောက်မီးလျှံကြီးများသည် နဂါးခံတွင်းမှ ထွက်လာသော မီးလျှံကြီးများနှယ် မီးပုံကြီးမှ တိုးထွက် တောက်လောင် နေသည်။

ထိုမီးပုံကြီးသည်ကား အလင်းမာန်ဂိုဏ်းကြီးမှ ထွန်းညှိထားသော မီးပုံကြီးပေတည်း။

ဂိုဏ်းသားများသည် မီးပုံပတ်လည်တွင် တဲများထိုးလျက် အစားအသောက်များကို တပျော်တပါးဖြင့် အောင်ပွဲခံ စားသောက်လျက်ရှိကြ၏။

ထိုစဉ် သိမ်းငှက်မင်း ချင်ထင်းကျက်က မတ်တတ်ရပ်၍ လေးနက်သော စကားကို ပြောကြားလိုက်သည်။

'မျက်ခုံးဖြူဂိုဏ်းသားအပေါင်းတို့၊ ဟိုးအရင်တုန်းက ဆိုရင် ကျုပ်တို့ ဂိုဏ်းဟာ အလင်းမာန်ဂိုဏ်းနဲ့ တစ်သွေးတည်းတစ်သားတည်းပါပဲ၊ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်က ကျုပ်တို့အချင်းချင်း စိတ်ဝမ်းကွဲပြား မသင့်မြတ်ခဲ့ကြလို့ အခုလို မျက်ခုံးဖြူဂိုဏ်းရယ်လို့ ကွဲပြားခဲ့ရတာပါပဲ၊ အခုဆိုရင် ကျန်းဟူကျင်းဟာ ကျုပ်တို့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးဖြစ်လာပြီ၊ လူတိုင်းက ဂိုဏ်းချုပ်ကြီးကို အားကိုးယုံကြည်ကြတယ်၊ ဒါကြောင့် ဒီနေ့၊ ဒီအချိန်က စပြီး ကျုပ်တို့ရဲ့ မျက်ခုံးဖြူဂိုဏ်းကို ဖျက်သိမ်းလိုက်ပြီး အလင်းမာန်ဂိုဏ်းသားတွေ ဖြစ်သွားကြပြီ၊ ကျုပ်တို့ အားလုံးဟာ ဂိုဏ်းချုပ်ကြီး ဟူကျင်းရဲ့





စကားကိုပဲ နားထောင်ရမယ်၊ ဒါကို မကျေနပ်တဲ့လူရှိရင် တောင်ပေါ်က ဆင်းသွားနိုင်တယ်'

တစ်ခဲနက် ထွက်ပေါ်လာသော အသံကြီးသည် ကွမ်းလုန်တောင်ကြီး တစ်ခုလုံး တုန်ဟည်းသွားစေတော့သည်။

'ကျုပ်တို့အားလုံးဟာ အလင်းမာန်ဂိုဏ်းသားတွေပါ၊ ဂိုဏ်းချုပ်ကြီးကျန်းဟူကျင်းရဲ့ စကားကို တစ်သဝေမတိမ်း နာခံပါ့မယ်'

ဟူကျင်းသည် သူ၏ ဂိုဏ်းသားများက သူ့အပေါ် ဤမျှယုံကြည်ကိုးစားကြသည်ကို မျက်မြင် ကိုယ်တွေ့ မြင်လိုက်ရသောအခါ သူ၏ တစ်ကိုယ်လုံးတွင် ဖော်မပြနိုင်သော ခံစားမှုတစ်မျိုး လွှမ်းခြုံသွားတော့သည်။ ထိုကြောင့် သူက...

'ကျုပ် ငယ်သေးတော့ အတွေ့အကြုံ သိပ်မရှိပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့က ကျုပ်အပေါ် ဒီလောက် ယုံကြည်ကိုးစားနေကြမှတော့ ကျုပ်ဟာ အလင်းမာန်ဂိုဏ်းကြီးရဲ့ ကောင်းကျိုးအတွက် အသက်စွန့်ပြီး ဆောင်ရွက်မယ်ဆိုတာ ခင်ဗျားတို့ကို ကတိပေးပါတယ်၊ အခု အလင်းမာန်ဂိုဏ်းကြီး ဆောင်ရွက်ရမယ့် တာဝန်ကြီး တစ်ခု ရှိနေတယ်၊ ဒီဂိုဏ်းကြီးရဲ့ အမြင့်မြတ်ဆုံး နတ်မီးတိုင်ကြီး ပျောက်ဆုံးနေတာကို ရှာဖွေဖို့ပါပဲ၊ ဒီနတ်မီးတိုင်ကြီး ပျောက်ဆုံးနေတာ နှစ်ပေါင်း တစ်ရာကျော်လောက် ရှိနေပြီ၊ ဒီမီးတိုင်ကြီးကို တွေ့ခဲ့လို့ရှိရင် ကျုပ်တို့အနေနဲ့ သင့်တော်မယ့် ဂိုဏ်းချုပ်တစ်ယောက်ကို ထပ်ရွေးချယ်ရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ရန်ရောင်၏ စိတ်ထဲတွင်မူ...

'ဒီ နတ်မီးတိုင်ပျောက်တာ ဒီလောက် နှစ်ပေါင်းကြာ
တော့ ဘယ်ရှာတွေ့နိုင်တော့မှာလဲ၊ သူ့ရဲ့စကားကို နာခံလိုက်
အကျိုးယုတ်စရာတော့ မရှိပါဘူး၊ ဘယ်လိုပဲ ဖြစ်ဖြစ် သူ ဓါး
ဂိုဏ်းချုပ် လုပ်ဖို့က အဓိကပဲ'

သို့နှင့် ဂိုဏ်းသားအားလုံးသည် ကျန်းဟူကျင်း၏ စကား
လက်ခံလိုက်ကြ၏။

မိုးသောက်ယံသို့ ရောက်ခါနီးအချိန်တွင် တောအုပ်ထဲ
လူတစ်ယောက်၏ အော်ဟစ်သံကို အားလုံး ကြားလိုက်ရသည်။

✣ ✣ ✣ ✣ ✣

ဖြစ်

F



# သဲကန္တာရ အလောင်းမြေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆၅)

## သဲကန္တာရ အလောင်းမြေ

'ဘယ်သူအော်လိုက်တာလဲဟေ့'

သံခမောက်က အော်ဟစ်မေးမြန်းလိုက်သည်။ သို့သော် မည်သည့် ဖြေကြားသံကိုမျှ မကြားကြရချေ။

ထိုစဉ် တောအုပ်အတွင်းမှ လူနှစ်ယောက် ပြေးထွက်လာကြသည်။ ထို လူနှစ်ယောက်တို့သည် ရေအလံအဖွဲ့သားများ ဖြစ်ကြသည်။ သူတို့သည် သူတို့၏ ခေါင်းဆောင် ဖြစ်သော ရန်ထက်ရှိရာသို့ သွားလျက် သတင်းပို့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ခေါင်းဆောင် ရန်ထန်သည် ချက်ချင်း မျက်နှာပျက်သွားသည်။ အမိန့်များကို ချက်ချင်း ထုတ်ပြန်လိုက်သဖြင့် ရေအလဲ အဖွဲ့သား သုံးဆယ်ခန့်တို့သည် အရပ် လေးမျက်နှာသို့ ထွက်ခွာသွားကြလေသည်။

ကျန်လူများကမူ ကိုယ်နေရာ၌ ကိုယ်နေလျက် ခဲစစ် အနေအထား ပြင်ဆင်လိုက်ကြသည်။ ရန်ထန်ကိုယ်တိုင် ဂိုဏ်းသားအချို့ကို ဦးဆောင်ပြီး တောအုပ်အတွင်း ဝင်ရောက် ရှာဖွေတော့သည်။

ရေအလဲအဖွဲ့တွင် လောလောဆယ်အားဖြင့် အင်အား တစ်ရာခန့်သာ ရှိသော်လည်း စည်းကမ်းစနစ် သေဝပ်လှသည်။

ထိုအလဲ တစ်ဖွဲ့တည်းနှင့် သိုင်းလောကရှိ ဂိုဏ်းအဖွဲ့တစ်ဖွဲ့ကို ကောင်းစွာ ယှဉ်ပြိုင်နိုင်ပေသည်။

ကျန်းဟူကျင်းသည် အလင်းမာန်ဂိုဏ်းတွင် ဤသို့ လူချွန်သူကောင်းများရှိသည်ကို တွေ့ရှိရသောအခါ များစွာ နှစ်ထောင်းအားရ ဖြစ်ခဲ့လေသည်။

မကြာမီပင် ရန်ထန် ပြန်ရောက်လာပြီး ဟူကျင်းအား အရိုအသေ ပေးလိုက်သည်။ သူ၏ မျက်နှာတွင်လည်း ရှက်ရွံ့ဟန် ပေါ်လွင် နေသည်။

'ဂိုဏ်းချုပ်ကြီးခင်ဗျား... ကျွန်တော့်မှာ အပြစ်ရှိနေပါပြီ'



'ဘယ်လိုအကြောင်းကြောင့်လဲ'

ရန်ထန်သည် အခြေအနေ အားလုံးကို ရှင်းပြသည်။

'ကျွန်တော်တို့ အဖွဲ့သားတွေ အနေနဲ့...သုံ့ပန်း အကျဉ်းသားတွေက အစောင့်တွေဆီက ဓားတွေကို ရုတ်တရက် လုပြီး ကိုယ့်ကိုယ်ကို သတ်သေသွားကြပါတယ်၊ ကျွန်တော်တို့ အဖွဲ့သားတွေအနေနဲ့ အချိန်မီ မတားဆီးနိုင်ခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ တာဝန် မကျေခဲ့ပါဘူး'

ဟူကျင်းသည် အလွန် အံ့သြသွားသည်။

'ဒီကိစ္စက ထူးဆန်းလှချည့်လား၊ ဘယ်လို ဖြစ်တာပါလိမ့်'

ဟူကျင်းသည် ရန်ရောင်တို့နှင့်အတူ ထိုအခြေအနေဆိုးကို လိုက်လံ စစ်ဆေးသည်။ အကျဉ်းသားများ ချုပ်နှောင်ထားသော နေရာဝယ် သုံ့ပန်းများ၏အလောင်းများသည် မြင်မကောင်း ရှုမကောင်း ပုံနေတော့သည်။

ဟူကျင်းသည် သေဆုံးသူများကို တစ်လောင်းချင်း သေချာစွာ ကြည့်ရှုလိုက်ရာ ထိုအထဲမှ တစ်ယောက်သည် အသက်ငွေ့ငွေ့ ရှိနေသေးသည်ကို တွေ့ရှိလိုက်ရသည်။

ထိုလူ၏ ငယ်ထိပ်ကို လက်ဝါးဖြင့် ဖိကပ်လိုက်ပြီး အတွင်းအားကို ဖိသွင်းလိုက်သည်။ ထိုလူသည် များမကြာမီပင် မျက်လုံးများ ပွင့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းက မေးလိုက်သည်။

'မင်း...ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို သတ်သေရတာလဲ'

ထိုလူသည် အသံ တိုးညင်းသော်လည်း ပြတ်တောင်းသော အသံဖြင့် ဖြေကြားသည်။

'သေ...သေ... သေရမှာ... ကြောက်ရင်...သူ...သူက... မညှာဘူး'

ထိုစကားကို ကြားလိုက်ရသောအခါ ဟူကျင်းသည် တိဗက် ဘုန်းကြီးနှင့် တိုက်ခိုက်ပြီး အဝေးမှ လွင့်ပျံ့ ထွက်လာသည့် ထူးခြား ဆန်းကြယ်သော အသံတစ်ခုကို ပြန်လည် သတိရလိုက်မိ၏။

'သူ...သူဆိုတာ ဘယ်သူလဲ၊ ဘယ်လို မညှာတာလဲ'

'ကျုပ်...ကျုပ်တို့ တစ်အိမ်သားလုံး သူ့...သူ့လက်ထဲမှာ'

ဟူကျင်းသည် သိလိုစောဖြင့် မေးလိုက်သည်။

'ဘယ်သူ့ လက်ထဲမှာလဲ၊ ပြောစမ်း၊ တို့ ကယ်တင်ပေးမယ်'

ထိုလူသည် ပြောရန် ပါးစပ်ဟလိုက်သည်။ သို့သော် အသံ ထွက်မလာတော့ ခေါင်းငိုက်စိုက် ကျသွားတော့၏။

အားလုံးသော လူများသည် ထိုလူ၏ စကားအဓိပ္ပာယ်ကို လုံးဝ နားမလည်ကြ။ သူတို့၏တဲများသို့ ပြန်လည် ရောက်ရှိသောအခါ ယင်းကိစ္စကို ဆက်လက် ဆွေးနွေးကြသည်။



ဖန်ဟိုဆန့်က...

'ကေန္တ ဒီလူတွေရဲ့ မိသားစုတွေကို ပြန်ပေးဆွဲသလို ဖမ်း ဆီးပြီး သူတို့ကို အတင်းအကျပ် လာတိုက်ခိုင်းတာပဲ ဖြစ်ရမယ်၊ ဒါပေမယ့် အံ့ဩစရာ တစ်ခုတော့ ရှိတယ်၊ ဒီလူဟာ ဘယ်လောက် အစွမ်းထက်နေလို့လဲ၊ ဒီဂိုဏ်းတွေ အားလုံးကို ထိန်းချုပ်နိုင်တယ် ဆိုတာ အင်မတန် အံ့ဩစရာ ကောင်းနေတယ်'

ဟူကျင်းသည်လည်း ဖန်ဟိုဆန့် တွေးသည့် အတွေးထက် ပို၍ မတွေးနိုင်။ ထို့ကြောင့် စဉ်းစား၍သာ နေလိုက်၏။ ချူထင်းက...

'ဟို...တိဗက်ဘုန်းကြီး တိမ်လွှာမားကိုင်တဲ့ ကိစ္စကရော ဘယ်လိုလဲ၊ သူတို့ ဝါမေဂိုဏ်းနဲ့ ပူးပေါင်း လိုက်ကြတာလား။ ဂိုဏ်း ကြီးခြောက်ဂိုဏ်း နောက်ကွယ်မှာ ကြိုးဆွဲနေတဲ့ လူတစ်ယောက်များ ရှိနေသလားမသိဘူး'

'မဟုတ်ဘူး'

ထိုစကားသည် လင်ချန်းနှုတ်မှ ထွက်လာသည့် စကားဖြစ် သည်။ ချူထင်းက မေးသည်။

'ဘာဖြစ်လို့ မဟုတ်ဘူးလို့ ပြောနိုင်တာလဲ'

လင်ချန်းက ဘာမျှ ထပ်မပြောတော့။ ချူထင်းက ထပ်မံမေး မြန်းသေးသည်။ လင်ချန်း လုံးဝ မပြောတော့။ ထိုအခါ ဟူကျင်းက...

www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စကို ခဏအေးချိတ်ထားလိုက်ကြပါ၊ အခု ကျုပ်တို့ ခမိကလုပ်ရမယ့်ကိစ္စတစ်ခုရှိနေတယ်၊ ရွှေမွေးခြင်္သေ့မင်း ရှက်စွန်း ကို ကျုပ်တို့ ဂိုဏ်းသားထဲ ပြန်ရအောင် ခေါ်ဖို့ပဲ၊ ဒီကိစ္စကိုဆောင် ွက်ဖို့ ကျုပ်ကိုယ်တိုင်ပဲ သွားရမှာပဲ။ ဒါကြောင့် ကျုပ်နဲ့အတူ ဘယ် မှ လိုက်ဦးမလဲ'

အားလုံးက လိုက်မည်ဟု ပြောကြသည်။ ဟူကျင်းက...

'ပင်လယ်ခရီး သွားရတာဆိုတော့ လူများလို့ သိပ်မကောင်း ပှာဘူး၊ နောက်ပြီး ဒီမှာ လုပ်ရမယ့်ကိစ္စတွေလဲ ကျန်နေသေးတယ်၊ လိုလုပ်ကြပါ၊ လက်ဝဲရံ ရန်ရောင်က မိုး၊ မြေ၊ လေ၊ မိုးကြိုး အဖွဲ့ လးဖွဲ့ကို ဦးဆောင်ပြီး ဒီ ကွမ်းမိန်တောင်မှာပဲနေခဲ့၊ ဂိုဏ်းကို အသစ် ့န်ပြီး စည်းရုံးရမယ်'

'ရွှေအလံ၊ မီးအလံ ၊ ရေအလံ၊ သစ်သားအလံနဲ့မြေကြီးအလံ ါးဖွဲ့ကတော့ အနယ်နယ် အရပ်ရပ်ကိုသွား၊ ကျုပ်တို့ ဂိုဏ်းရဲ့အဖွဲ့ င်ဟောင်းတွေကို ပြန်စည်းရုံး၊ ဂိုဏ်းချုပ် တည်နေရာကို ပြန်လာ ့င်အောင် သိမ်းသွင်း ကြိုးစားပါ'

'ဘိုးဘိုးကတော့ ဘိုးဘိုးရဲ့အဖွဲ့နဲ့အတူ သိုင်းလောက တစ် လုံးကို လျှို့ဝှက်စုံစမ်းပါ၊ ဘယ်ရန်သူတွေဟာ ကျွန်တော်တို့ကို နှာင့်ယှက်ဖို့ ဘယ်လို ကြိုးစားနေတယ် ဆိုတာတွေပေါ့၊ ဒါနဲ့ တစ် ာက်တည်း ကျွန်တော်တို့ဂိုဏ်းက လက်ယာရံနဲ့ နဂါးမင်းတို့ နှစ် ဿက် ဘယ်ရောက်နေသလဲဆိုတာ စုံစမ်းထောက်လှမ်းပေးပါ'



'လင်းဆွဲမင်းဝေရီကတော့ ဂိုဏ်းကြီး ခြောက်ဂိုဏ်းရဲ့ တည် ရာဌာနတွေကို သွားပါ၊ ကျုပ်တို့ အလင်းမာန်ဂိုဏ်းဟာ ဘယ်ဂိုဏ်း နဲ့မှ ရန်ငြိုးမဖွဲ့ချင်ဘူး ဆိုတာရယ် ဖြစ်နိုင်ရင် မဟာမိတ်ပဲ ဖွဲ့ချင် တယ် ဆိုတာတွေကို တင်ပြဆွေးနွေးပါ၊ ဝေရီရဲ့ အရည်အချင်းနဲ့ ဆိုရင် ဒီကိစ္စဟာ အောင်မြင်ပါလိမ့်မယ်'

'ဂိုဏ်းစောင့် ငါးယောက်ကတော့ ကျုပ်နဲ့ အတူတူ လိုက်ခဲ့ ရမယ်'

ဂိုဏ်းစောင့် ငါးယောက်ဆိုသည်မှာ ချူထင်း၊ စောပုတက်၊ သံခမောက်၊ လင်ချန်းနှင့် ဖန်ဟိုဆန့်တို့ ဖြစ်ကြသည်။

ဟူကျင်း အနေဖြင့် ပင်လယ်ပြင်သို့ထွက်၍ ရှက်စွန်းကို ပြန်ခေါ်ရခြင်းမှာ အကြောင်းရှိသည်။ သူတို့မြေအောက်လိုဏ်ခေါင်း အတွင်း ဝင်ရောက် ပုန်းခိုနေစဉ် ယခင်က ဂိုဏ်းချုပ်ကြီး ရန်ဖော့ ထင်း၏ သေတမ်းစာကို တွေ့ရှိခဲ့ရသည်။

ရန်ဖော့ထင်း၏ သေတမ်းစာ၌ သူသာ သေဆုံးခဲ့လျှင် အားပြောင်းအားလွှဲ သိုင်းပညာကျမ်းကြီးကို ရှက်စွန်းက ခေတ္တခဏ ထိန်းသိမ်းထားရမည် ဖြစ်ပြီး၊ နောက် ဂိုဏ်းချုပ်သစ် ရွေးချယ်ပြီးမှ ထိုကျမ်းကြီးကို ဂိုဏ်းချုပ်သစ်၏ လက်ထဲသို့ အပ်ရမည်ဟု ရေးသား ထားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုရင်းအချက်မှာ ရန်ဖော့ထင်းက သူသေဆုံးခဲ့လျှင် ရှက်စွန်းကို ယာယီဂိုဏ်းချုပ်အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် ဟူကျင်းသည် ရှက်စွန်းကို ပြန်ခေါ်ရေးအတွက် ဤမျှ အပူတပြင်း ဆောင်ရွက်နေခြင်း ဖြစ်သည်။

ဂိုဏ်းသားအားလုံးက ဟူကျင်းအား ဂိုဏ်းချုပ်ကြီးအဖြစ် အမြဲတမ်း ဆောင်ရွက်စေလိုသည့်စိတ်ထားများ ရှိကြသည်။ သို့သော် ယခု ဟူကျင်း ဆောင်ရွက်နေသည့် ကိစ္စကိုလည်း မည်သူမျှ မငြင်းဆန်ရဲ။ ဟူကျင်းသည် ယခု ဂိုဏ်းချုပ်ကြီး မဟုတ်ပါလား။

သို့သော် ရန်ဝေက သူ့အဖေအား...

'အဖေ... သမီး ပင်လယ်ခရီးကို သိပ်လိုက်ချင်တာပဲ'

ရန်ရောင်သည် ကြင်နာစွာ ပြုံး၍...

'လိုက်ချင်ရင် ဂိုဏ်းချုပ်ကြီးကို ပြောပါ'

ထိုအခါ ရန်ဝေသည် နှုတ်ခမ်းကလေး စူ၍ စိတ်ကောက်နေတော့၏။

ဟူကျင်းလည်း ရန်ဝေကို ကြည့်၍ ပြုံးလိုက်မိသည်။ သူ ငယ်ငယ်တုန်းက ရေခဲမီးတောင်အကြောင်းကို ရန်ဝေအား ပြောပြခဲ့ဘူးလေသည်။



သူမသည် ထိုနေရာကို အလွန် သွားချင်နေခဲ့ကြောင်း ဟူကျင်း သိထားသည်။ သို့နှင့် ဟူကျင်းက...

'ရန်ဝေ... မင်းလိုက်ခဲ့ချင်ရင်တော့ လိုက်ခဲ့ပေတော့၊ အစီအစဉ်ကိုတော့ နည်းနည်း ပြန်ပြင်ရမှာပဲ၊ လက်ဝဲရုံလဲ ကျုပ်နဲ့ လိုက်ခဲ့ပေတော့၊ ဒီက ဂိုဏ်းချုပ်ရဲ့ တာဝန်ထမ်းဆောင်ဖို့ကတော့ လင်ချန်း နေခဲ့ပါ၊ မိုး၊ မြေ၊ လေ၊ မိုးကြိုး အဖွဲ့လေးဖွဲ့ဟာ လင်ချန်းရဲ့ အမိန့်ကို တစ်သဝေမတိမ်း နာခံရမယ်'

လင်ချန်းက တာဝန်ယူမည်ဖြစ်ကြောင်း ဝန်ခံသည်။

ထိုအခါ ချူထင်းက လက်ခုပ်လက်ဝါးတီးလျက် အော်ဟစ် ရယ်မောနေတော့သည်။

'ကောင်းလိုက်တာ....ကောင်းလိုက်တာ'

စောပုတက်က...

'ဘာကောင်းတာလဲ'

ချူထင်းက ရယ်မောရင်း ပြောသည်။

'ဂိုဏ်းချုပ်ကြီးက လင်ချန်းရဲ့ အရည်အသွေးကို သိလို့ ဂိုဏ်းကြီး ပြန်စည်းရုံးဖို့ တာဝန် ပေးအပ်လိုက်တာပေါ့၊ ဒီအချက်က ငါတို့ ဂိုဏ်းစောင့် ငါးယောက်အတွက် ဂုဏ်ယူစရာ မဟုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ငါရယ်တာက ဒါကြောင့် မဟုတ်ပါဘူး၊ ပင်လယ်ခရီး ဆိုတာက အင်မတန် ပျင်းဖို့ ကောင်းတာ၊ လင်ချန်းသာ လိုက်လာရင် ငါ့အဖို့ သစ်တုံးကြီး တစ်တုံးတင်လာသလိုပဲ ဖြစ်နေမှာ၊ ရန်ရောင်တို့ သားအဖ ပါလာတဲ့ အခါကျတော့ တောင်ပြော မြောက်ပြော ပြော နေတော့ အပျင်းပြေတာပေါ့ကွာ၊ ဒါကို သဘောကျပြီး ရယ်တာ ပေါ့ကွာ'

ထိုစကားကြားသောအခါ အားလုံးရယ်မောကြသည်။ လင်ချန်းမှာမူ ရယ်ရအခက်၊ ဒေါသထွက်ရအခက် ဖြစ်နေသည်။

ဟူကျင်းသည် ရှောင်ချောင်း၏ လက်မှ သံကြိုးကို ကြည့်၍ စိတ်မကောင်းဖြစ်နေသည်။ ရှောင်ချောင်းကမူ အရေးမကြီးဟန်ဖြင့် ပြောလိုက်သည်။

'အရေးမကြီးပါဘူး အစ်ကိုလေးရဲ့၊ ဒီ သံကြိုးကြီးနဲ့ လမ်း လျှောက်ရတာ ပိုတောင် ကောင်းနေပါသေးတယ်'

ဟူကျင်းသည် ရှောင်ချောင်းအား...

'ရှောင်ချောင်း မင်း ဒီဂိုဏ်းရဲ့ ဌာနချုပ်မှာပဲ စိတ်အေး လက်အေး နေခဲ့နော်၊ ငါက ငါ့ရဲ့ အဖေကြီးရှက်စွန်းကို ပြန်ခေါ်လာ တဲ့ အခါမှ သူ့ရဲ့ နဂါးနိုင်ဓားနဲ့ မင်းရဲ့ သံကြိုးကို ခုတ်ဖြတ်ပေးမယ် ကြားလား'



ရှောင်ချောင်းသည် မျက်နှာငယ်ကလေးနှင့် မည်သို့မျှ ဖွင့်မပြောချေ။

နောက်တစ်နေ့၌ ဟူကျင်းသည် သူ၏အဖွဲ့ကို ဦးဆောင်လျက် လင်ချန်းကို နှုတ်ဆက်၍ ထွက်ခွာသွားကြတော့၏။ လင်ချန်းက စိုးရိမ်တကြီး မှာကြား၏။

'ဂိုဏ်းချုပ်ကြီး... သတိထားပါနော်'

ထို့နောက် ချူထင်းဘက်သို့ လှည့်၍ သတိပေးပြန်သည်။

'သတိထားနော်... ငါးကြီး မင်းကိုစားမယ်'

ချူထင်းသည် လင်ချန်း၏ လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။ လင်ချန်းသည် ထူးထူးခြားခြား စကားများကို ပြောခဲ့သည်။ သူ၏ ရဲဘော်ရဲဘက်များအတွက် အစိုးရိမ်လွန်ပြီး စိတ်မချလွန်း၍သာ ပြောလိုက်ခြင်း ဖြစ်လေသည်။

ဟူကျင်းတို့ ခရီးထွက်ခဲ့သည်မှာ အတန်ကြာခဲ့ပြီ ဖြစ်၍ ခရီးလည်း အတော်ပေါက်လာသည်။

ညသို့ ရောက်သောအခါ သူတို့သည် သဲကန္တာရထဲ၌ပင် ရွက်ဖျင်တဲထိုး၍ အနားယူလိုက်ကြသည်။ ရုတ်တရက် အနောက်ဘက်အရပ်ဆီမှ ထူးဆန်းသော အသံတစ်ခုကို ကြားလိုက်ရသည်။ ထိုအသံကလေးသည် အမှန်စစ်စစ် တိုးတိုးညင်းညင်းကလေးသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းကမူ နေစကြာကျင့်စဉ်ကို ရထားသူဖြစ်သဖြင့် အခြားသူများ မကြားမီကပင် ကြားလိုက်ပြီ ဖြစ်၏။ သူသည် ရင်ထိတ်သွားပြီး ရွက်ဖျင်တဲ အပြင်သို့ ထွက်လိုက်သည်။ အသံကြားရာအရပ်သို့ ပြေးသွားမိသည်။

ထိုအခါ အရိပ်သဏ္ဌာန်တစ်ခုသည် သဲကန္တာရအတွင်း အားအင် ချည့်နဲ့စွာ လျှောက်လာလျက် ရှိနေပေသည်။

ဟူကျင်းသည် ထိုသူကို သေသေချာချာ တွေ့မြင်လိုက်ရသောအခါ အံ့ဩစွာ မေးလိုက်မိသည်။

'ရှောင်ချောင်း...မင်း ဘယ့်နှယ့် ဒီကို လိုက်လာရတာလဲ ဟင်၊ မသေကောင်း မပျောက်ကောင်းကွယ်'

လက်စသတ်တော့ သဲကန္တာရအတွင်း တစ်ယောက်တည်း လိုက်လာခဲ့သူမှာ ရှောင်ချောင်း ဖြစ်နေသည်ကိုး။

ရှောင်ချောင်းသည် ဟူကျင်းကို တွေ့လိုက်ရသောအခါ 'အိ'ခနဲ ဖြစ်သွားရာမှ ဝမ်းပန်းတနည်း ငိုလိုက်တော့သည်။ သူမသည် ဟူကျင်း၏ ရင်ခွင်ထဲ ပြေးဝင်လျက် တရှိုက်ရှိုက် ငိုနေတော့သည်။ ဟူကျင်းသည် သူမ၏ ပုခုံးလေးကို ပုတ်ကာ နှစ်သိမ့်လိုက်သည်။

'ကဲ...ကဲ၊ မငိုပါနဲ့တော့ကွယ်၊ တိတ်ပါ...တိတ်ပါ'

ရှောင်ချောင်းသည် ရှိုက်သံဖြင့် ပြောလိုက်သည်။





'အစ်ကိုလေး ဘယ်သွားသွား၊ ကျွန်ုပ်ကျွန်မတော့ လိုက်မှာပဲ'

ဟူကျင်း၏ စိတ်ထဲတွင်...

'ဒီကလေးမလေးဟာ မိဘ မရှိရှာတော့ဘူး၊ ရန်ရောင်တို့သားအဖကလဲ သူ့ကို သူလျှိုထင်ပြီး ကောင်းကောင်း မဆက်ဆံခဲ့တော့ သူ့ခမျာ သိပ်စိတ်အားငယ်နေရှာတယ်၊ ငါကတော့ သူ့ကို ကြင်ကြင်နာနာနဲ့ ဆက်ဆံခဲ့တော့ ငါ့အပေါ် အစ်ကို တစ်ယောက်လို ခင်တွယ်ပြီး သံယောဇဉ် သိပ်ဖြစ်နေရှာတာကိုး'

ဟူကျင်းက...

'ကောင်းပြီ... မငိုနဲ့တော့၊ အခု ပင်လယ်ဘက်ကို ခေါ်သွားမယ်၊ ကျေနပ်တော့၊ ကြားလား'

ရှောင်ချောင်းသည် အလွန် ဝမ်းသာသွားသည်။ သူ၏ နုနယ်သော မျက်နှာကလေးတွင် ဝင်းပသော အပြုံးကလေးပွင့်လာသည်။ သူမ၏ နုနယ်သော မျက်နှာ ဝင်းပသော အပြုံးနှင့် စိုစွတ်နေသော မျက်ရည်စများသည် လရောင်အောက်တွင် ချစ်ကြင်နာစဖွယ် ကောင်းလှပေသည်။

ဟူကျင်းသည် ပြုံး၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှောင်ချော ~ နှင့် ကြီးလာရင်တော့ အစ်မတန်ချော၊ အင်မတန်လှတဲ့ မိန်းမချောကလေး ဖြစ်လာမှာပဲ'

ရှောင်ချောင်းသည် ရှက်ပြုံးကလေးပြုံး၍ ခေါင်းငုံ့သွားတော့သည်။

ထိုစဉ် အနောက်ဘက်မှ အရှေ့ဘက်သို့ မြင်းအဖွဲ့တစ်ဖွဲ့ ဖြတ်ကျော်တက်သွားသည်။ လူအင်အားမှာ တစ်ရာခန့် ရှိလေသည်။

အတန်ကြာသောအခါ ဝေရီနှင့် ရန်ရှောင်တို့ ရောက်ရှိလာကြပြီး...

'ဂိုဏ်းချုပ်ကြီး... ဒီအဖွဲ့ဟာ ကျုပ်တို့ ရန်သူတွေများလား မသိဘူး'

ဟူကျင်းသည် ရှောင်ချောင်းကို ရှက်ဖျင်တဲထဲ၌ သွားရောက် အနားယူရန် စေလွှတ်လိုက်သည်။

ဟူကျင်းသည် လူတကာအပေါ်၌ တတ်နိုင်သမျှ ကြင်ကြင်နာနာ ဆက်ဆံတတ်သူ တစ်ယောက် ဖြစ်ပေသည်။

ရှောင်ချောင်း ထွက်သွားသည်နှင့် ဟူကျင်းသည် ရန်ရှောင်၊ ဝေရီတို့နှင့်အတူ မြစ်အဖွဲ့ကြီးနောက်သို့ အပြင်း လိုက်ကြတော့၏။



အတန်ကြာ သွားမိလျှင် ရုတ်တရက် သွေးညှီနံ့ကို ရှူရှိုက်လိုက်မိကြသည်။ ထို့နောက် ဓားကျိုးတစ်ချောင်းကိုလည်း တွေ့လိုက်ကြရသည်။ ဓားရိုးတွင် နာမည်ထိုးထားသည်။ ရန်ရှောင်က ထိုနာမည်ကို ဖတ်လိုက်သောအခါ ခုံးတုံဂိုဏ်းမှ လူဖြစ်နေသည်ကို တွေ့ရ၏။ သူသည် စဉ်းစဉ်းစားစားနှင့် ပြောလိုက်သည်။

'ဒါ ခုံးတုံဂိုဏ်းကပဲ'

ဝေရီက...

'ဒီကောင်တွေ ကွမ်းမိန်တောင်ပေါ်ကဆင်းသွားတာ လဝက်ကျော်ပြီပဲ၊ သူတို့က ဒီမှာတင် ရှိနေကြသေးပါကလား၊ ဒီကောင်တွေ ဒီမှာ ဘာလုပ်နေကြတာလဲ'

သို့သော် ခုံးတုံဂိုဏ်းမှန်း သိသွားကြသဖြင့် သုံးယောက်စလုံး ဂရုမစိုက်ကြတော့ပေ။ သို့နှင့် သူတို့ စခန်းချရာသို့ ပြန်လာကြပြီး အိပ်စက် အနားယူကြတော့သည်။

ထိုမှ ငါးရက်ခန့် ခရီးထွက်လာသည့်အခါတွင် သူတို့ အရှေ့ဘက်တွင် မယ်သီလရှင် တစ်အုပ်ကို တွေ့ကြရပြန်သည်။

ဟူကျင်းကမူ အကြောင်းမဲ့ ပြဿနာ မဖြစ်လိုသဖြင့် ဘေးမှ ရှောင်ထွက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မယ်သီလရှင်အုပ်စုသည် တစ်စုံတစ်ခုကို စောင့်ကြိုနေကြဟန် ရှိသည်။ သူတို့၏ အဝတ်အစားများအရ ဝါမေဂိုဏ်းကမှန်း သိလိုက်ကြရသည်။ ဟူကျင်းက...

'ဝေရီ... ဒီ မယ်သီလရှင်တွေ ဘာကို စောင့်နေတယ်ဆိုတာ ခင်များ ရပ်ဖျက်ပြီး သွားစုံစမ်းလိုက်ပါ'

ဝေရီသည် ကိုယ်ဖျောက်သိုင်းပညာ အလွန်ကောင်းသူဖြစ်သဖြင့် မယ်သီလရှင်တို့၏ တဲနားသို့ လျှို့ဝှက် ချဉ်းကပ်နိုင်သူ ဖြစ်သည်။

သူတို့၏ ပြောစကားများ ကြားသိနားထောင်ရလျှင် အဖြစ်မှန်ကို ခန့်မှန်းနိုင်မည်ဖြစ်သည်။

ဝေရီသည် ယခင်ကဆိုလျှင် သိုင်းပညာ ထုတ်သုံးသည့်အခါတိုင်း လူသတ်ရသည်။ ယခု နောက်ပိုင်းတွင် ဟူကျင်းက မြေအောက် လိုဏ်ခေါင်းအတွင်း ကုသပေးလိုက်သဖြင့် အအေးဓာတ်အဆိပ်များ ပျက်ပြယ်သွားကာ လူသတ်ရန် မလိုတော့ပေ။

မကြာမီ ဝေရီ ပြန်ရောက်လာသည်။ ထို မယ်သီလရှင်ကြီးများသည် တကယ်ပင် ဝါမေဂိုဏ်းမှ ဖြစ်ကြပြီး သူတို့၏ ဂိုဏ်းချုပ်မျက်ကြွယ် ဆရာမကြီးသည် ကွမ်းမိန်တောင်မှ ယခုအထိ ပြန်ရောက်



မလာကြသေးသဖြင့် ထွက်၍ ရှာဖွေကြခြင်း ဖြစ်ကြောင်း သိလိုက်ရလေ၏။

ထိုသတင်းကို ကြားသိလိုက်ရသောအခါ ဟူကျင်းတို့ လူသိုက်သည် ပါးစပ်အဟောင်းသားနှင့် အလွန် အံ့ဩသွားကြတော့သည်။ ဖန်ဟိုဆန့်က...

'ဂိုဏ်းချုပ်ကြီး... ဒီကိစ္စဟာ တစ်မျိုးကြီးပဲ၊ မျက်ကြွယ်ဆရာမကြီးတို့ လူသိုက်ဟာ ဘာဖြစ်လို့ သူ့ဂိုဏ်းသားတွေဆီ ပြန်မရောက်ဘဲ ဖြစ်နေရတာလဲ'

ဟူကျင်းတို့ အားလုံးသည် မျက်ကြွယ်ဆရာမကြီးနှင့် သူ့အဖွဲ့တို့ သဲကန္တာရတွင်း မည်သို့ ပျောက်ဆုံးခဲ့သည်ကို စဉ်းစားမရ ဖြစ်နေကြသည်။

တိဗက် ဘုန်းကြီး၏ လက်ထဲ၌ တိမ်လွှာဓား ရောက်ရှိနေခြင်းက စဉ်းစားရ ပိုခက်အောင် ဖန်တီးနေသည်။

ထိုနေ့ ညနေစောင်းတွင် ခရီး ဆက်ထွက်ကြသည်။

သစ်ပင် တစ်ပင်နားသို့ ရောက်သောအခါ စောပုတက်သည် ရုတ်တရက် ပြေးထွက်လိုက်ပြီး ပေါက်တူးတစ်ချောင်းဖြင့် တူးနေတော့သည်။ မကြာမီ ပုပ်ပွလျက် ရုပ်ဆင်းပျက်နေပြီဖြစ်သော အလောင်းတစ်လောင်းကို တွေ့ကြရသည်။ အလောင်း၏ အဝတ်

www.burmeseclassic.com

www.burmeseclassic.com



အစားကို ကြည့်လိုက်ရာ ခွန်းလွန်ဂိုဏ်းမှ ဖြစ်နေကြောင်း သိရှိလိုက်ကြသည်။

ထိုအခါ ဟူကျင်းသည် အလင်းမာန်ဂိုဏ်းသားအချို့ကို ခေါ်၍ ဆက်လက် တူးဖော်စေသည်။ သူတို့သည် နောက်ထပ် အလောင်း ခုနစ်လောင်းကို ထပ်မံ တူးဖော်ရရှိသည်။ အားလုံးမှာ ခွန်းလွန်ဂိုဏ်းသားများချည်း ဖြစ်ကြသည်။

လူအားလုံးသည် တစ်ယောက်မျက်နှာ တစ်ယောက် ငေးကြောင်ကြည့်လျက် မှင်သက် တွေဝေနေကြတော့၏။ လူ့ခသီးသီး၏ စိတ်ထဲတွင်မူ တစ်ခုသော မေးခွန်းသည် ပေါ်ပေါက်လျက် ရှိနေချေပြီ။

ဒါ... ဘယ်သူ့လက်ချက် ဖြစ်မလဲ။ ဖန်ဟိုဆန့်က...

'ဒီကိစ္စရဲ့ အဖြစ်မှန်ကိုသာ မဖော်ထုတ်နိုင်ခဲ့ရင်တော့ ဒီစာရင်းဟာ ကျုပ်တို့ အလင်းမာန်ဂိုဏ်းရဲ့စာရင်း ဖြစ်လာမှာ သေချာတယ်'

အားလုံးသည် ဖန်ဟိုဆန့်၏ စကားကို နားလည် လက်ခံကြသည်။ သူတို့အားလုံး၏ နောက်ကွယ်တွင် အလွန့် အလွန် ကြောက်စရာကောင်းသော ကိုယ်ပျောက်ရန်သူ တစ်ဖွဲ့ ရှိနေပြီ။ ထိုရန်သူသည် သိုင်းပညာ၌ အလွန်တော်ပုံရပြီး မြေခွေးကဲ့သို့လည်း ကောက်ကျစ်ယုတ်မာပုံ ရပေသည်။



ထိုကိုယ်ပျောက်ရန်သူတို့နှင့် ဟူကျင်းတို့ တစ်သိုက်သည် မည်ကဲ့သို့ ရင်ဆိုင်ရပေမည်နည်း။ ထိုရန်သူမျိုးကို ရင်ဆိုင်ရန် အလွန် ခက်ခဲလှကြောင်း လူတိုင်း သိလိုက်ကြသည်။

ထို့ကြောင့် စောပုတက်က...

'အခု... အားလုံး သတိထားကြပါ၊ သတိထားမှ ကျုပ်တို့ အတွက် တော်ရုံပဲရှိမယ်၊ ရန်သူက ကျုပ်တို့ မမြင်တဲ့ အမှောင်ထဲမှာ ရှိနေတယ်၊ ကျုပ်တို့က အလင်းထဲမှာ ရှိနေတယ်၊ ဒါကြောင့် အခုအချိန်ကစပြီး အစားအစာ၊ သောက်ရေနဲ့ အနေအထိုင်ကအစ သတိထားကြရမယ်'

ညနေစောင်း ရောက်သောအခါ သူတို့သည် ရွက်ဖျင်တဲများ ထိုးလိုက်ကြသည်။ အနားယူရန် ပြင်ဆင်လိုက်ကြ၏။

ထိုစဉ် အရှေ့မြောက်ဘက် ကောင်းကင်ထဲ၌ သိမ်းငှက်သုံးကောင် ပျံဝဲလျက် ရှိနေရာမှ တစ်ခဏအတွင်း အောက်သို့ ထိုးစိုက်ဆင်းသွားသည်ကို တွေ့လိုက်ကြရသည်။ သို့သော် သိမ်းငှက်များသည် အတောင်များ ဖွာထွက်လျက် ချက်ချင်း ပျံဝဲတက်လာသည်ကို တွေ့လိုက်ကြရပြန်သည်။

မြေပြင်မှ တစ်စုံတစ်ယောက်သည် ထိုသိမ်းငှက်များကို ပစ်ခတ်လျက် ရှိနေပေပြီ။ ထိုသူသည် မည်သူ ဖြစ်ပေလိမ့်မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ရွှေအလဲအဖွဲ့ခေါင်းဆောင် ကျင်းချောင်းတို့ အဖွဲ့သားနှစ်ယောက်နှင့် အတူသွားရောက် စုံစမ်းခိုင်းလိုက်သည်။ များမကြာမီ အဖွဲ့သားတစ်ယောက်သည် အမောတကော ပြန်ရောက်လာသည်။

'ဂိုဏ်းချုပ်ကြီး... ဂိုဏ်းချုပ်ကြီး၊ ဟူတန်းဂိုဏ်းက သိုင်းသမားကြီး ချင်လိရှန် တောင်ကြားထဲမှာ ဒဏ်ရာ ဒဏ်ချက်တွေ အများကြီးနဲ့ လဲနေတယ်၊ ဘယ်သူတွေ လာပစ်ထားသလဲ မသိဘူး'

ဟူကျင်းသည် ထိုစကားကို ကြားလိုက်ရသောအခါ အလွန်တုန်လှုပ်ချောက်ချားသွားသည်။ သူ အင်မတန် ချစ်ခင်သော သူ၏ ဦးလေး ချင်လိရှန် မဟုတ်ပါလား။

ဟူကျင်းသည် စိတ်သောကကြီးစွာဖြင့် ပြန်မေးလိုက်သည်။

'ဒဏ်ရာများတာက ကိစ္စမရှိဘူး၊ သိပ်ပြင်းထန်သလား'

ထိုလူက...

'ဟုတ်ကဲ့၊ သိပ်ပြင်းထန်ပါတယ် ခင်ဗျာ'

ဟူကျင်းသည် ထိုလူ၏ စကားကို လုံးဝ နားမထောင်တော့ဘဲ လေအဟုန်ကဲ့သို့ ပြေးထွက်သွားတော့သည်။ ရန်ချောင်နှင့် ချင်ထင်းကျက်တို့သည်လည်း ချက်ချင်း ပြေးလိုက်ကြတော့သည်။



ဟူကျင်းသည် 'ကျင်းချောင်း' တို့ရှိနေသည့် တောင်ကြားသို့ ရောက်သောအခါ အောက်သို့ခုန်ဆင်းလိုက်တော့သည်။ ကျင်းချောင်း၏ လက်ထဲတွင် ပျော့ခွေလဲလျက်ရှိသော သူ၏ ဦးလေး ချင်လိရှန်ကို ရင်နှင့်စဖွယ် တွေ့ရှိရတော့သည်။

ကျင်းချောင်း၏ လက်ထဲမှ ချင်လိရှန်ကို ပွေ့ယူလျက် တောင်ကြားထဲမှ ခုန်တက်လိုက်ပြီး ချင်လိရှန်၏ကိုယ်မှ ဒဏ်ရာ ဒဏ်ချက်များကို ကြည့်ရှုစစ်ဆေးလိုက်သည်။ ဒေါသလည်းထွက်၊ ရင်လည်းနာ၊ အလွန်နာကြည်း ခံပြင်းလှစွာဖြင့် ပြင်းထန်သော 'တောက်' တစ်ချက် ခေါက်လိုက်မိသည်။ ဒေါသကြောင့် ဟူကျင်း၏ တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားနေတော့၏။

ဒေါသ မထွက်စရာလည်း အကြောင်းမရှိတော့ချေ။ ယခု ချင်လိရှန်သည် ယခင်နှစ်များစွာက ဟူတန်း ခုနစ်ဖော်မှ နံပါတ်သုံး ရီတိုက်ရှင်ကဲ့သို့ တစ်ကိုယ်လုံးရှိ ခြေလက်အရိုးများကို ရိုက်ချိုးထားခြင်း ခံခဲ့ရပေသည်တကား။ အသက်သည်ပင် ငွေ့ငွေ့မျှဉ်းမျှဉ်း ကလေးသာ ရှိတော့သည်။

သို့သော် ချင်လိရှန်သည် သတိ အင်မတန်ကောင်းသည်။ သူသည် ဟူကျင်းကို တွေ့လိုက်ရသောအခါ ရုတ်ခြည်းပင် ပြုံးမိလိုက်သည်။ အားလည်း အလွန်တက်သွားသည်။ သူ၏မျက်နှာသည်

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ ဝင်းလက်တောက်ပသွားသည်ကို ဟူကျင်း တွေ့မြင်လိုက်ရသည်။

ထိုအချိန်ကျမှ ချင်လိုရှန်သည် သူ၏ပါးစပ်အတွင်းမှ ကျောက်ခဲနှစ်လုံးကို ထွေးထုတ်ပစ်လိုက်တော့သည်။ ဟူကျင်းအနေဖြင့်လည်း ထိုအခါကျမှ သဘောပေါက်သွားမိသည်။

ချင်လိုရှန်သည် ဒဏ်ရာပြင်းထန်စွာ ရရှိလျက် မလှုပ်နိုင် မရှားနိုင် ဖြစ်နေသည့်အချိန်တွင် ရန်သူများသည် သူ့ကို တောင်ကြားထဲသို့ ပစ်ချလိုက်ပေသည်။ သူသည် အတွင်းအား လွန်စွာ ပြည့်ဝသူဖြစ်သဖြင့် ရုတ်တရက် မသေပေ။ သိမ်းငှက်များသည် သူ၏ မလှုပ်မယှက် ခန္ဓာကိုယ်ကို တွေ့ရသောအခါ အလောင်းကောင်ဟု ထင်သဖြင့် စားသောက်ကြရန် ဆင်းသက် ပျံဝဲလာကြလိမ့်မည်။ ထို့ကြောင့် သူသည် ကျောက်ခဲလေးများကို ပါးစပ်တွင်ငုံလျက် လေဖြင့် မှုတ်ထုတ်ကာ သိမ်းငှက်များကို ချောက်လှန့်မောင်းထုတ်လိုက်ခြင်း ဖြစ်ရပေမည်။

ထိုအချက်ကလေးသည်ပင် သူ၏အသက်ကို ကယ်လိုက်ခြင်းပေတည်း။

သိမ်းငှက်များ၏ ထူးခြားချက်ကိုသာ ဟူကျင်း မတွေ့လိုက်ရပါက ဟူကျင်းသည် သူ၏ ဦးလေး ချင်လိုရှန်ကို မည်သို့မျှ တွေ့ရှိ ကယ်တင်နိုင်တော့မည် မဟုတ်ချေ။



ဟူကျင်းသည် ပထမဦးဆုံး အံနာအကျင် လျော့ပါးစေသော ဆေးလုံးများကိုထုတ်ကာ ချင်လိုရှန်ကို တိုက်ကျွေးလိုက်သည်။ ပြီးမှ ဒဏ်ရာများကို အသေးစိတ် ပြန်လည်စစ်ဆေးရာ အပိုင်းပိုင်း ကျိုးပြတ်နေသော အရိုးများသည် မည်သို့မျှ ပြန်ဆက်နိုင်တော့မည် မဟုတ်ကြောင်း တွေ့ရှိရတော့သည်။

ချင်လိုရှန်က တိုးညင်းစွာနှင့်...

'ငါ့ဒဏ်ရာက အစ်ကို ရီတိုက်ရွှင်ရဲ့ ဒဏ်ရာနဲ့ အတူတူပဲ ဟူကျင်း၊ ရှောင်လင်ဂိုဏ်းက သံမဏိလက်ချောင်းသိုင်းရဲ့ လက်ချက်ပဲ'

ထိုစကားကို ကြားလိုက်ရသည့် ဟူကျင်းသည် သူ၏ ဘကြီး ရီတိုက်ရွှင် တစ်ယောက် တစ်သက်လုံး အိပ်ရာထဲ လဲလျောင်းနေရသည့်အဖြစ်ကို တွေးမိလိုက်ပြီး သူ၏ ရင်ထဲ၌ နာကျင်လှသော ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။ သူ၏ မျက်ရည်များကို ကျမလာစေရန် ထိန်းထားရတော့သည်။

'ဦးလေး... ဘာမှ စိတ်မပူနဲ့တော့၊ ဒီကိစ္စကို ကျွန်တော် တာဝန်ယူစုံစမ်းပါ့မယ်၊ ဒီ လူယုတ်မာ ကျွန်တော်တို့ လက်ထဲက မလွတ်ပါဘူး၊ ရှောင်လင်ဂိုဏ်းထဲက ဘယ်ဘုန်းကြီးရဲ့ လက်ချက်လဲ၊ ဒီ ဘုန်းကြီးကို ဦးလေး သိလိုက်သလား'

www.burmeseclassic.com

www.burmeseclassic.com



ချင်လီရှန်သည် ခေါင်းခါပြလိုက်ပြီး သတိမေ့သွားပြန်သည်။

ဟူကျင်းသည် သူ့ဂိုဏ်းသားများအား လူနာတင် ထမ်းစင်တစ်ခု ပြုလုပ်စေသည်။ ထမ်းစင်ပေါ်သို့ ဖြည်းညင်းစွာ ပြောင်းရွှေ့တင်ထားလိုက်သည်။

ယခုကိစ္စသည် သူ၏ ဦးနှောက်ကို အလွန် စဉ်းစားရခက်စေသည့် ရှုပ်ထွေးလှသော ပြဿနာကြီးပင်ဖြစ်သည်။ ပြဿနာသည် ယခုမှ အသစ် စသည့် ပြဿနာမဟုတ်။ လွန်ခဲ့သည့်နှစ်များစွာ သူ့ဘကြီး ရှိတိုက်ရှင် လက်ထက်ကတည်းက စတင်ခဲ့သော ပြဿနာကြီး ဖြစ်ပေသည်။ ထို့ကြောင့် တောင်ကုန်းတစ်ခုတွင်ထိုင်ကာ သူ၏ ဦးခေါင်းကို ကောင်းကောင်း အလုပ်ပေးနေတော့၏။

'ငါ ရှောင်လင်ဂိုဏ်းကိုသွားပြီး တကယ့် တရားခံအစစ်ကို ရှာရမလား၊ ငါ့အဖေ၊ ငါ့အမေ၊ ငါ့ဘကြီး၊ ငါ့ဦးလေးတွေအတွက် တိုက်ခိုက်ပေးရမယ်၊ စာရင်း ပြန်ရှင်းပေးရမယ်၊ ဒါပေမယ့် ရှောင်လင်ဂိုဏ်းက ဝန်မခံရင်တော့ ဘယ်နှယ့်လုပ်မလဲ၊ ဒီအခါကျရင် အလင်းမာန်ဂိုဏ်းဟာ ဟူတန်းဂိုဏ်းနဲ့ ပေါင်းပြီး ရှောင်လင်ဂိုဏ်းကို တိုက်ခိုက်ရမှာ သေချာတယ်၊ ဒီအခါကျရင်တော့ သိုင်းလောကတစ်ခုလုံး သွေးချောင်းစီးပြီပေါ့'



ဟူကျင်းသည် ယခုပြဿနာကို မည်သို့ ဖြေရှင်းရမည်ကို မသိနိုင်၊ မစဉ်းစားနိုင်အောင် ဖြစ်နေမိသည်။ နောက်ဆုံးတွင်သူသည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

'ငါ အရင်းနီးဆုံး ရှောင်လင်ဂိုဏ်းကိုသွားမယ်၊ ဂိုဏ်းချုပ် ဆရာတော်ကြီး ခုံဝန်ကိုတွေ့ပြီး အကြောင်းစုံကို လျှောက်ထားမယ်'

သို့သော် အခြေအနေ တစ်ခုကိုလည်း ပြန်စဉ်းစားမိလိုက်ပြန်လေသည်။

'တကယ်လို့ စကားများပြီး တိုက်ကြ ခိုက်ကြရင်တော့ ငါ ဘယ်လိုစီမံရမလဲ'

သူသည် စိတ်ပျက်နွမ်းလျစွာ မီးပုံနားသို့ လျှောက်လာခဲ့မိသည်။ ဟင်းလျာ အစားအသောက်များအားလုံး အသင့်ပြင်ဆင်ပြီးကြလေပြီ။ သို့သော် အလင်းမာန်ဂိုဏ်းသား အားလုံးသည် စိတ်လက်မကောင်းခြင်းကြီးစွာ ဖြစ်နေသည့် သူတို့၏ ဂိုဏ်းချုပ်ကြီးအား စောင့်ဆိုင်းလျက် ရှိနေကြသည်။

ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ သူသည် အလွန်အားတုံ့အားနာ ဖြစ်သွားမိတော့၏။

'ခင်ဗျားတို့ ဘာဖြစ်လို့ ကျုပ်ကို စောင့်နေရတာလဲ၊ အရင်စားနှင့်ကြပါ၊ ကျုပ်ကို စောင့်မနေပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ပြောပြီးသည်နှင့် ချင်လိရှန်ကို သွားကြည့်ရှုသည်။

ရန်ဝေက ချင်လိရှန်၏ ကိုယ်ကို ရေနွေးဖြင့် ဆေးကြောပေးနေသည်ကို တွေ့ရသည်။ ပြီးနောက် စွပ်ပြုတ်ရည်ကို တိုက်ကျွေးနေပေ၏။

ချင်လိရှန်မှာ ဒဏ်ရာပြင်းထန်လွန်းသဖြင့် သတိရတစ်ချက် မရတစ်ချက် ဖြစ်နေရသည်။ ရုတ်တရက် မျက်စိကို ဖွင့်ကြည့်လိုက်ရာ ရန်ဝေကို မြင်သွားသည်။ ထိုအခါ...

'ညီမလေး ကျိရှောင်မှု ငါ မင်းကို သိပ်သတိရတာပဲကွယ်၊ မင်းကတော့ ငါ့ကို သတိရရဲ့လားဟင်'

ရန်ဝေမှာမူ မျက်နှာတစ်ခုလုံး နီရဲလျက် ရှိနေသည်။ သူမသည် မည်သို့ ပြန်ပြောရမှန်း မသိချေ။ ချင်လိရှန် ကယောင်ကတမ်း ပြောနေမှန်းလည်းသိသည်။

ထို့ကြောင့် သူမသည် ဇွန်းကလေးကိုကိုင်၍ တိုးညင်းသောအသံဖြင့်...

'နောက်ထပ် တစ်ဇွန်း နှစ်ဇွန်းလောက် သောက်လိုက်ဦးနော်'

ချင်လိရှန်၏ အာရုံများသည် ဝေဝါးထွေပြားနေသည်ဖြစ်ရာ ရန်ဝေအား ကျိရှောင်မှု အမှတ်နှင့် ပြောနေပြန်သည်။



'နင် ငါ့ကို တစ်သက်လုံး မခွဲတော့ဘူး မဟုတ်လား'

'ဟုတ်ကဲ့...ဟုတ်ကဲ့၊ စွပ်ပြုတ်ကိုသာ အရင်ဆုံး သောက်လိုက်ဦးနော်၊ နောက်တော့ စကားပြောတာပေါ့'

ရန်ဝေ၏ စကားကြောင့် ချင်လိရှန်သည် အလွန် ဝမ်းသာသွားသည့်ဟန်ဖြင့် စွပ်ပြုတ်ကို သောက်နေတော့သည်။

ဒုတိယနေ့တွင်မူ ဟူကျင်းသည် သူ၏ ဂိုဏ်းသားအားလုံးကို ခေါ်လိုက်သည်။

ယခင်က အစီအစဉ်အတိုင်းဆိုလျှင် ယနေ့သည် ကိုယ့်လမ်းကိုယ်သွား၍ ကိုယ့်တာဝန် ကိုယ်ထမ်းဆောင်ရမည့်နေ့ပင် ဖြစ်တော့သည်။ သို့သော် ယခု အခြေအနေ တစ်မျိုးပြောင်းနေပြီဖြစ်၍ ယခုကိစ္စကို အရင်ဦးစွာ ဖြေရှင်းပြီးမှ မိမိတို့၏ ယခင် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်သည်။ ယခု သူတို့အားလုံး ရှောင်လင်ဘုရားကျောင်းသို့ ချင်လိရှန်၏ ကိစ္စကို သွားရောက်မေးမြန်းဖြေရှင်းကြရန်ဖြစ်၏။ အားလုံးကလည်း သဘောတူကြသည်။

ရန်ရှောင်သည် ကျိရှောင်မှုကိစ္စနှင့် ပတ်သက်၍ ချင်လိရှန်အပေါ် များစွာ စိတ်မကောင်းခြင်း ဖြစ်ခဲ့သဖြင့် ချင်လိရှန်အတွက် ပြန်တိုက်ခိုက်ပေးရန် ဆုံးဖြတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူ ရန်ဆေကိုလည်း ချင်လိရှန်အား ကောင်းမွန်စွာ ပြုစုရန် မှာကြားထားခဲ့သည်။ သူတို့ ခရီးထွက်လာကြ၍ မြေပြန့်နယ်နိမိတ်သို့ ရောက်သောအခါ ချင်လိရှန် သက်ကောင်းစွာ ရလာသဖြင့် ဟူကျင်းက ဖြစ်ပျက်ခဲ့သည့် အကြောင်းစုံကို မေးမြန်းလိုက်သည်။ ချင်လိရှန်က…

'ရှောင်လင်ဂိုဏ်းက ဘုန်းကြီး ငါးပါးပဲ၊ ငါ့ကို ငါးယောက်စလုံး ဝိုင်းပြီး တိုက်ကြတာ၊ သိုင်းပညာကတော့ ရှောင်လင်ဂိုဏ်းရဲ့ ပညာပါ၊ လုံးဝ မမှားနိုင်ပါဘူး'

ဤသို့ အသေအချာ သိရသည့်အခါ ဟူကျင်းသည် သူ့ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှု ပြုလိုက်သည်။ အားလုံးကို ရုပ်ဖျက်စေသည်။ အုပ်စုကြီး တစ်ခုအဖြစ် မသွားတော့ဘဲ အုပ်စုကလေးများ ခွဲပစ်လိုက်သည်။ အချို့က ကုန်သည် ဟန်ဆောင်ကြသည်။ အချို့က မြင်းလှည်းဆရာ။ အချို့က အထမ်းသမား။

သူတို့ ခရီးထွက်လာ၍ မွန်းတည့်ချိန်သို့ ရောက်သောအခါ တောအုပ်ကလေး တစ်ခုနားသို့ ရောက်ရှိလာကြသဖြင့် ခေတ္တ အနားယူကြသည်။ သူတို့နှင့် မလှမ်းမကမ်း တစ်နေရာတွင်လည်း လူကိုးယောက်ထိုင်လျက် အနားယူနေကြသည်ကို တွေ့ရှိကြရ၏။

ကိုးယောက်အနက် ရှစ်ယောက်သည် မုဆိုးများ၏ အဝတ်အစားများကို ဝတ်ဆင်ထားကြောင်း တွေ့ရှိရသော်လည်း ကျန်တစ်



ယောက်မှာမူ အလွန် နုပျိုလှပြီး အဝတ်အစား အဆင်တန်ဆာများမှာ အလွန် ပုံးထိုက်တန်လျက် ဟန်ပန် အမူအရာ အထက်တန်း ကျလှကြောင်း တွေ့ရှိကြရသည်။

ဟူကျင်း မြင်းပေါ်မှ ဆင်းသက်လိုက်သောအခါ ထို လူငယ်နှင့် မျက်လုံးချင်း ဆုံမိလိုက်ကြသည်။ ထိုလူငယ်၏ မျက်လုံးများသည် ဝင်းလက်တောက်ပနေကြောင်း ဟူကျင်း သတိပြုမိသည်။ ရုပ်ရည်မှာလည်း လွန်စွာ ချောမောလှပေသည်။ သူ၏ အသားအရည်သည်လည်း သူ၏လက်၌ ကိုင်ထားသော ဆင်စွယ်ရိုး ယပ်တောင်နှယ် ဖြူနုစ်ဝင်းဝါလျက် ရှိကြောင်း တွေ့ရှိရသည်။

ထိုလူငယ်၏ မျက်နှာရုပ်ရည်သွင်ပြင်မှာ မည်မျှ ချောမောလှပသည်ဖြစ်စေ သူတို့အားလုံး သတိမပြု မဖြစ်၊ မကြည့်မဖြစ်သော အရာသည်ကား ထိုလူငယ်၏ ခါး၌ ချိတ်ထားသော ဓားပင် ဖြစ်ပေသည်။

ထိုဓားကား အခြားမဟုတ်။ အလွန် နာမည်ကြီးလျက် ဟူကျင်းအား ဦးနှောက် အလွန် ခြောက်စေခဲ့သည့် တိမ်လွှာဓားပင်တည်း။

ချူထင်းသည် စိတ်မထိန်းတတ်ဆုံးသောသူဖြစ်၍ ထိုလူငယ်အား မေးမြန်းရန် ဟန်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် တောအုပ်အတွင်းမှ အုတ်အုတ်ကျက်ကျက် ဆူဆူညံညံ အသံများပေါ်လာသဖြင့် ချူထင်း သွားရောက် မမေး နိုင်တော့ပေ။

မွန်ဂိုစစ်သားအချို့သည် မိန်းမတစ်ရာကျော်ခန့်ကို ကြိုး များဖြင့် ဖမ်းဆီးခေါ်ဆောင်လာခြင်းဖြစ်၏။ ထိုမိန်းမများ၏ အဝတ် အစားများသည် စုတ်ပြတ်လျက် အစိတ်စိတ်အမွှာမွှာ ဖြစ်နေကြ သည်။ စစ်သားများကမူ မြင်းများစီးလျက် ရှိနေပြီး ကျာပွတ်ဖြင့် တရွှမ်းရွှမ်း ရိုက်လျက်ရှိနေသည်။ ကျာပွတ်တစ်ချက်ရိုက်လျှင် အဝတ်စ တစ်စ စုတ်ပြတ်ပါသွားသည်ကို ကြည့်လျက် မွန်ဂိုစစ်သား များ လက်ခုပ်လက်ဝါးတီးလျက် ရယ်မောနေကြသည်။

မွန်ဂိုများသည် တရုတ်ပြည်ကို ကျူးကျော် သိမ်းပိုက်ထား ခဲ့သည်မှာ နှစ်ပေါင်းတစ်ရာခန့် ရှိခဲ့ချေပြီ။

သူတို့သည် တရုတ်တို့၏ ဥစ္စာပစ္စည်းများကို ဖျက်ဆီး လု ယက်ကြရုံမျှမက တရုတ်အမျိုးသမီးများကိုလည်း စော်ကားမော်ကား ပြုလုပ်လျက်ရှိနေကြသဖြင့် တရုတ်များက ခါးသီးစွာ ရွံရှာမုန်းတီး နေကြ၏။

ယခု နေ့လည် ကြောင်တောင်ကြီးတွင်ပင် မွန်ဂိုစစ်သားများ သည် တရုတ်အမျိုးသမီးများကို တိရစ္ဆာန်များသဖွယ် ညှင်းပန်း



နှိပ်စက်နေသည်ကို မြင်တွေ့လိုက်ကြရသောအခါ မျိုးချစ်စိတ် အပြည့်အဝရှိကြသော အလင်းမာန်ဂိုဏ်းသားများသည် ဒေါသ ဟုန်းဟုန်းထ လာကြတော့၏။

သူတို့သည် မွန်ဂိုစစ်သားများအား တစ်ယောက်မကျန် သစ်ပစ်ချင်နေကြသည်။ လက်များကလည်း ဓားလက်ကိုင်ရိုး အသီး သီးပေါ် တင်းကျပ်စွာ ကျရောက်လျက် ရှိနေကြပြီ။ အလင်းမာန်ဂိုဏ်း ချုပ်ကြီး ဟူကျင်း၏ တစ်ခုတည်းသော အမိန့်ကို စောင့်ဆိုင်းလျက် ရှိနေကြသည်။

ဂိုဏ်းချုပ်ကြီး၏ အမိန့်သံတစ်ချက် ကြားလိုက်ရသည်နှင့် သူတို့သည် မွန်ဂိုစစ်သားများကို တစ်ဟုန်ထိုး ခုတ်ထစ် သတ်ဖြတ် ကြပေတော့မည်။

ထိုသို့ ပေါက်ကွဲတော့မည် အချိန်ဝယ် စောစောက လှည်း ထဲမှ အသံတစ်သံကို သူတို့အားလုံး ကြားလိုက်ကြရသည်။

'လိုဖော့ ဟိုကောင်တွေ မိန်းကလေးတွေ အားလုံးကို လွှတ် လိုက်ဖို့ ပြောလိုက်စမ်း၊ ဒီလို ညှင်းဆဲနေတာတော့ ဘယ်ကြည့် ကောင်းမလဲ'

ထိုအသံသည် သာယာချိုအေးလှသော အသံကလေးဖြစ် သည်။ မိန်းကလေးတစ်ဦး၏ အသံနှင့် တူလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုး အဝတ်အစားနှင့် လူတစ်ယောက်သည် မြင်းတစ်ကောင်ပေါ်သို့ ခုန်တက်လျက် မွန်ဂိုစစ်သားများဆီသို့ ထွက်ခွာသွားတော့သည်။

'ဟေ့... မင်းတို့ ဘာတွေ လုပ်နေကြတာလဲ၊ ဒါ စစ်သားတွေ လုပ်တဲ့ လေ့ထုံးစံလား၊ မိန်းကလေးတွေ အားလုံးကို လွှတ်လိုက်စမ်း'

စစ်သားများကမူ ထို မုဆိုး၏ စကားကို လုံးဝဂရုမစိုက်သည့်ပြင် ရယ်မောလှောင်ပြောင်လိုက်ကြသည်။

ထိုစဉ် စစ်သားတစ်ယောက်သည် လှူငယ်ထိုင်ရာဘက်သို့ တစ်ချက် လှမ်းကြည့်လိုက်ရာ လူငယ် ခေါင်းပေါ်ရှိ ဦးထုပ်အလယ်တွင် ဝင်းပပြောင်လက်နေသော ပုလဲလုံးကြီးတစ်လုံးကို တွေ့သွားသဖြင့် ရမက်လောဘ တက်သွားသည်။

'ဟေး... ကောင်လေး ဒီဘက်ကို လာခဲ့၊ ငါတို့နဲ့ လိုက်ခဲ့စမ်း၊ မင်း ကောင်းကောင်းနေရမယ်'

ထိုသို့ လှမ်းအော်ရင်း လူငယ်ရှိရာသို့ မြင်းစီးလာနေသည်။

လူငယ်၏ မျက်နှာသည် ရုတ်ခြည်း တင်းမာသွားပြီး သူ့ထံမှ အေးစက်မာကျောသော အမိန့်ပေးသံ ပေါ်ထွက်လာသည်။



'ဒီကောင်တွေကို တစ်ကောင်မှ အရှင်မထားနဲ့'

စကားပင် မဆုံးသေးချေ။ ရှိခနဲ ပြေးထွက်သွားသော မြားတစ်စင်းသည် ထိုစစ်သား၏ ရင်ဘတ်ကို ထုတ်ချင်းခတ် ပေါက်ထွက် သွားတော့သည်။ ထိုမြားကို လူငယ်ဘေးမှ မုဆိုးက ပစ်လိုက်ခြင်းဖြစ်ရာ လက်သံ အလွန်ပြင်းရုံမက ပစ်ကွင်းကိုလည်း တိတိကျကျ မှန်လှပေ၏။ ထိုမုဆိုး၏ မြား လေဟုန်ခွဲ၍ ထွက်သွားသောအသံသည် အချက်ပေးလိုက်သည့်ပမာ ကျန်မုဆိုးများကလည်း မြင်းပေါ်သို့တက်၍ တစ်ယောက်တစ်ချက်နှုန်း ပစ်ခတ်ကြတော့၏။

မွန်ဂိုစစ်သားများသည် ဤသို့ လျှပ်တစ်ပြက် အတိုက်ခံရမည်ကို စိုးစဉ်းမျှ စဉ်းစားမထားကြသည်ဖြစ်ရာ အကျအဆုံး များစွာဖြင့် ဆုတ်ခွာထွက်ပြေးကြတော့သည်။ သို့သော် သူတို့ ပြေးမလွတ်ချေ။ အဘယ်ကြောင့်ဆိုသော် မုဆိုးရှစ်ယောက်တို့သည် သူတို့နောက်မှ ထက်ကြပ်မကွာ လိုက်လံပစ်ခတ်ကြရာ ငါးဆယ်မျှ အရေအတွက်ရှိသော မွန်ဂိုစစ်သားအားလုံး သေဆုံးကြရသည်။

ထိုလူငယ်က မုဆိုးရှစ်ယောက်နောက်သို့ မြင်းဖြင့် လိုက်ပါသွားသည်။

ချူထင်းသည် သတိရလာသဖြင့် ရုတ်တရက် လှမ်းခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟေး...ဟေး... ခဏနေပါဦးကွ၊ ခဏနေပါဦး'

လူငယ်ကား သူ၏ အော်ဟစ်သံကို လုံးဝ ဂရုမစိုက်ဘဲ ထွက်ခွာသွားတော့သည်။

✣ ✣ ✣ ✣ ✣



# သူလိုမိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆၆)

## သူလိုမိန်းကလေး

ဟူကျင်းနှင့် ဝေရိတို့၏ ကိုယ်ဖော့သိုင်းပညာနှင့်ဆိုလျှင် ထိုလူစုနောက်သို့ ကောင်းစွာ ပြေးလိုက်နိုင်ကြသည်။

သို့သော်... သူတို့ ပြေးမလိုက်လိုတော့။

ဤသူများသည် ကျူးကျော်သူ မွန်ဂိုများကို သုတ်သင်ရှင်းလင်းသွားကြသူများဖြစ်ရာ သူတို့အတွက် များစွာ ချီးကျူးလျက် နှစ်ထောင်းအားရ ဝမ်းမြောက်သူယူမိကြသည်။ ထိုသူတို့၏နောက်သို့ အတင်း ပြေးလိုက်လျက် မိမိတို့၏ အပြုအမူများ ရိုင်းစိုင်း နိမ့်ကျစေနကြောင်း မပြသလိုတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ရန်ရောင်သည် စဉ်းစဉ်းစားစား တွေးတွေးဆဆဖြင့် ပြောလိုက်၏။

'ဒီ လူငယ်ဟာ မိန်းကလေးပဲ၊ ဟို... ရှစ်ယောက်က ဒီမိန်းကလေးကို သိပ်ပြီး ရိုသေလေးစားကြရတဲ့ပုံရှိတယ်၊ ရှစ်ယောက်ရဲ့ လေးမြားအတတ်ပညာကလဲ တကယ်ကြောက်စရာ ကောင်းတာပဲ၊ မြေပြန့်က သိုင်းသမားတွေတော့ လုံးဝ မဖြစ်နိုင်ဘူး'

သူတို့သည် တောအုပ်ကလေးမှ ခရီးဆက်ထွက်ကြပြန်သည်။ လမ်းခရီးတွင် ဟူကျင်း၏ ဂရုတစိုက် ကုသမှုကြောင့် ချင်လိရှန် ကောင်းစွာ သတိရနေပြီ။ ရန်ထေသည်လည်း သူမ၏ဖခင်မှာကြားချက်အတိုင်း လိုလေသေး မရှိအောင် ပြုစုစောင့်ရှောက်လျက်ရှိနေသည်။ သူ့မိခင်၏ ချင်လိရှန်အပေါ် ပေးဆပ်ရမည့် အကြွေးများကို ကြိုးစားပေးဆပ်နေခြင်းပေလား မဆိုနိုင်ပေ။

သူတို့အားလုံး ခရီးပြင်း နှင်နေကြသည်။

ဟူကျင်းက ကျန်းချန်မြို့တော်ရောက်မှ ထပ်မံ အနားယူမည်ဟု ပြောထားခြင်းကြောင့် ဖြစ်ပေသည်။ ထိုသို့ မြင်းများကို ဒုန်းစိုင်း စီးနေကြစဉ် သူတို့၏ ရှေ့ဘက်မှ မြင်းနှစ်စီး ရောက်လာပြီး သူတို့ ခပ်လှမ်းလှမ်း လမ်းဘေးတစ်ဘက်တစ်ချက်စီမှ ရိုသေလေးစားစွာ စောင့်ဆိုင်းနေကြသည်ကို တွေ့လိုက်ရ၏။



ဟူကျင်းက ထိုသူများကို ကြည့်လိုက်ရာ မုဆိုးရှစ်ယောက်ထဲမှ နှစ်ယောက်သော မုဆိုးဖြစ်နေကြောင်း တွေ့ရှိရသည်။ ဟူကျင်းတို့ အားလုံးကလည်း မြင်းပေါ်မှ ဆင်းသက်လာပြီး ထိုမုဆိုးနှစ်ယောက်ကို ကြိုဆိုလိုက်ကြသည်။

မွန်ဂိုများကို တိုက်ခိုက်ခဲ့သည် မျိုးချစ်များ မဟုတ်ပါလား။ သူတို့ကို လေးစားရပေမည်။ မုဆိုးနှစ်ယောက်သည် ဟူကျင်းရှေ့သို့ လျှောက်လာကြပြီး ဦးညွှတ် အရိုအသေ ပေးလိုက်သည်။ ပြီးမှ...

'ကျွန်တော်တို့ရဲ့ သခင်မလေးက ဆရာကြီးတို့ကို အလယ်လာဖို့ ဖိတ်ခေါ်လိုက်ပါတယ်'

ထိုအခါ ဟူကျင်းက...

'ခင်ဗျားတို့ သခင်မလေးရဲ့ နာမည်က ဘယ်သူလဲ'

ထိုမုဆိုးများက...

'မျိုးရိုးနာမည်ကတော့ ကျောက်ပါ၊ နာမည် အပြည့်အစုံကိုတော့ ကျွန်တော်တို့ မပြောရဲပါဘူး'

ဟူကျင်းက ဆက်ပြောလိုက်သည်။

'ဟိုနေ့က မွန်ဂိုတွေကို တိုက်ခိုက်လိုက်တဲ့ လေးမြားပညာကတော့ အံ့မခန်းပါ၊ ကျုပ်တို့ သိပ်ချီးကျူးမိတယ်၊ ခင်ဗျားတို့နဲ့ မိတ်ဆွေဖွဲ့ချင်နေတာနဲ့ အတော်ပဲပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ထို မုဆိုးများက...

'ဆရာကြီးတို့လဲ အင်မတန် ထက်မြက်တဲ့ လူတွေမှန်း ကျွန်တော်တို့ ရိပ်မိပါတယ်။ ဒါကြောင့် သခင်မလေးက မိတ်ဖွဲ့ချင်လို့ အခုလို ဖိတ်ကြားလိုက်တာပါပဲ'

ဟူကျင်း ကျေနပ်သွားသည်။

မွန်ဂိုများကို ဆန့်ကျင်သူများ ဖြစ်နေ၍ အသိမိတ်ဆွေဖွဲ့ချင်သည်က တစ်ကြောင်း၊ တိမ်လွှာမားအကြောင်းကို စုံစမ်းလိုသည်က တစ်ကြောင်းတို့ကြောင့် ဖြစ်ပေသည်။

'ကဲ...ကျုပ်တို့ လိုက်ခဲ့မယ်၊ ခင်ဗျားတို့ရှေ့က လမ်းပြကြပေတော့'

မုဆိုးနှစ်ယောက်သည် ရှေ့မှ ဦးဆောင်ခေါ်သွားကြတော့သည်။ နောက်ဆုံးတွင် သူတို့သည် အလွန် ကြီးကျယ်ခမ်းနားလှသော ဂေဟာကြီးတစ်ခုသို့ ရောက်ရှိလာကြသည်။

ထိုဂေဟာ၏ တံခါးမကြီးရှေ့တွင် ထိုမိန်းကလေးသည် ယောကျ်ားအဝတ်အစားနှင့်ပင်ရပ်လျက် စောင့်ကြိုနေ၏။ ကျန် မုဆိုးခြောက်ယောက်တို့သည် သူမ၏ ဘေးတစ်ဘက်တစ်ချက်စီတွင် ရပ်လျက် ရှိနေသည်။ အရိုအသေ တစ်ချက်ပေးလိုက်ပြီးမှ...





ဟူကျင်းတို့ ရောက်လာသည်နှင့် သူမသည် နှုတ်ဆက်စကား ပြောလိုက်သည်။

'ဂိုဏ်းချုပ်ကြီး ကိုယ်တိုင် ကြွရောက်လာတာကို၊ ကျွန်မအများကြီး ဂုဏ်ယူပါတယ်ရှင်၊ ဒီဘက်က လက်ဝဲရံ ရန်ရောင်၊ သိမ်းငှက်မင်း ချင်ထင်းကျက်နဲ့ လင်းဆွဲမင်း ဝေရိတို့ကိုလဲ ကြိုဆိုပါတယ်'

အလင်းမာန်ဂိုဏ်းမှ ပုဂ္ဂိုလ်အားလုံး၏ နာမည်ကို သိရုံမျှမက သူတို့၏ ရာထူးအဆင့်ကိုပင် သိရှိနေသည့်အတွက် အားလုံးပါးစပ်အဟောင်းသားနှင့် အံ့သြသွားကြရ၏။

ချူထင်းသည် အောင့်အည်း သည်းမခံနိုင်တော့သဖြင့် ပြန်လှန်မေးမြန်းလိုက်သည်။

'မိန်းကလေးက... ဘယ်နယ် ကျုပ်တို့ကို ဒီလောက်သေသေချာချာ သိနေရတာလဲ'

ထိုမိန်းကလေးက ပြုံး၍ ပြောလိုက်သည်။

'အလင်းမာန်ဂိုဏ်းကြီးက ပုဂ္ဂိုလ်တွေဆိုတာ သိုင်းလောကထဲမှာ မသိသူမရှိသလောက် ကျော်ကြားတဲ့ လူတွေ မဟုတ်လား၊ ဒီလူတွေကို ကျွန်မက ဘာဖြစ်လို့ မသိရမှာလဲ၊ နောက်ပြီး ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းဆိုရင် တစ်ယောက်တည်းနဲ့ ဂိုဏ်းကြီးခြောက်

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းကို အနိုင်ယူခဲ့တာ မဟုတ်လား၊ သိုင်းလောက တစ်ခုလုံး ဟိုး ဟိုးကျော်နေတာ လူတိုင်းအသိပဲ၊ အခု ရှင်တို့ မြေပြန့်ကို ဆင်းလာပြီ ဆိုတာများ တခြားလူတွေ သိသွားရင် ဘယ်လောက် ကြိုဆိုလိုက်ကြ မလဲ မသိဘူး'

ထို့နောက် မိန်းကလေးသည် အိမ်ထဲသို့ ရှေ့ဆောင်ခေါ် သွားတော့သည်။

ပန်းမျိုးစုံ ဖူးပွင့်ဝေဆာနေသည့် ပန်းခြံနှင့် ရေပန်းရေပွား များကျနေသည့် ရေကန်တို့ကို ဖြတ်ကျော်ကြပြီးမှ အိမ်ထဲသို့ ရောက် ရှိလာကြသည်။ အိမ်ထဲတွင် ပြင်ဆင် မွမ်းမံထားသည်များမှာလည်း အလွန် အဆင့်အတန်း မြင့်လှ၏။ အခန်း၏ နံရံများတွင် အဖိုးထိုက် အဖိုးတန် ပန်းချီကားချပ်များကို ချိတ်ဆွဲထားသည်။ နာမည်ကျော် ကဗျာများကိုလည်း နာမည်ကြီး ပန်းချီဆရာများ၏ လက်ရာများဖြင့် စီခြယ်ရေးဖွဲ့ထားသည်။

အားလုံး ထိုင်မိကြသည့်အခါမှ မိန်းကလေးသည် သူမ၏ နာမည်ကို ပြောပြသည်။ သူမ၏နာမည်သည် ကျောက်မိန်ဖြစ်သည်။

ဟူကျင်းသည် အခန်း၏ အဆင်အပြင် အမွှမ်းအမံများကို ကြည့်၍ ပြုံးလိုက်ပြီ...



'ကျောက်မိန်...ခင်ဗျားကတော့ စာပေရော သိုင်းပညာပါ စွယ်စုံပါပဲလား၊ တကယ့်ကို ချီးကျူးစရာပါပဲ'

ကျောက်မိန်သည်လည်း လှပစွာ ပြုံးလိုက်ပြီး ပြန်လည် ဖြေကြားသည်။

'ဂိုဏ်းချုပ်ကြီးရဲ့ အဖေက 'ငွေဆူးချိတ်သံမဏိစုတ်တံ' လို့ နာမည်ရထားတဲ့လူပဲ၊ စာပေအရေးအသား တကယ်တော်တဲ့လူ ဖြစ်မှာပေါ့၊ ဂိုဏ်းချုပ်ကြီးလဲ ကျွန်မကို ကဗျာတစ်ပုဒ်လောက် ရေးပြ ရမယ်နော်'

ဟူကျင်းသည် အလွန် ရှက်တတ်သောလူ ဖြစ်ရာ ကျောက် မိန်၏ စကားကို ကြားလိုက်ရသည်နှင့် မျက်နှာတစ်ပြင်လုံး နီရဲသွား ၏။ သူ ငယ်စဉ်ကပင် သူ၏ဖခင်နှင့် မိခင်တို့ သေဆုံးခဲ့ကြရာ သူ့ အဖို့ ဖခင်၏ စာပေအမွေကို မည်သို့ ရနိုင်ခဲ့ပါမည်နည်း။ သို့နှင့် သူသည် တစ်ချက်မျှ ပြုံးလိုက်ပြီး...

'ခင်ဗျားက ကျုပ်ကို ကဗျာရေးခိုင်းတာကတော့ ရေထဲက ငါးကို ကုန်းပေါ်တင် ပြေးခိုင်းသလို ဖြစ်နေပြီ၊ ကျုပ်က ကျုပ်အဖေရဲ့ ခြေရာကို လုံးဝနင်းနိုင်ခဲ့တာ မဟုတ်ဘူး'

ထို့နောက် ကျောက်မိန်က စားသောက်ပွဲကြီးကို ပြင်ဆင် ကျွေးမွေးတော့၏။ အခန်းအပြင်ဘက်ရှိ ရေကန်ထဲတွင် အလွန်



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော ပန်းများပေါက်လျက်ရှိပြီး ရနံ့များလည်း သင်းပျံ့လှသည်။ ဤ နေရာကလေးသည် အလွန်သာယာလှသော နေရာကလေးပင်တည်း။

သူတို့သည် စားသောက်ကြရင်း သိုင်းလောကအကြောင်း စကားစမြည် ပြောဆိုမိကြသည်။

သို့မိန်းကလေးသည် သိုင်းလောကနှင့် ကောင်းစွာ ရင်းနှီးကျွမ်းဝင်သူ ဖြစ်ကြောင်း ဟူကျင်းတို့ သိလိုက်ရသဖြင့် များစွာ အံ့ဩခဲ့ကြရသည်။ ထို့ကြောင့် ကျောက်မိန်၏ဆရာ မည်သူဖြစ်သည်ကို တီးခေါက် စုံစမ်းကြည့်သောအခါ ကျောက်မိန်သည် ပါးနပ်စွာဖြင့် စကားလမ်းကြောင်း ပြောင်းလိုက်ကြောင်း သိရှိ လိုက်ကြသည်။

ဟူကျင်းသည် သူ မေးလိုသည့် စကားအတွက် ခွင့်ပန်လိုက်သည်။

'ကျောက်မိန် ခင်ဗျားကို ကျုပ်တစ်ခု မေးပါရစေ၊ စိတ်တော့ မရှိပါနဲ့နော်'

'ဩော်... ဂိုဏ်းချုပ်ကြီးကလဲ အားနာစရာ မရှိပါဘူး၊ မေးစရာရှိရင် မေးပါ၊ ကျွန်မ ဖြေပါ့မယ်'

'ခင်ဗျားခါးမှာ ချိတ်ထားတဲ့ တိမ်လွှာဓားကို ခင်ဗျား ဘယ်က ရလာတာလဲ'





ကျောက်မိန်သည် တစ်ချက်မျှ ပြုံးလိုက်ပြီး သူမ၏ ခါးမှ တိမ်လွှာဓားကို ခုံပေါ်သို့ တင်လိုက်သည်။

'ဂိုဏ်းချုပ်ကြီးက ဘာကြောင့် ဒီလို မေးရတာလဲ'

'အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ဒီဓားဟာ ဝါမေဂိုဏ်းက မျက်ကွယ်မယ်သီလရှင်ကြီးရဲ့ဓားပဲ၊ ကျုပ်တောင်မှ ဒီဓားကြောင့် အသက် သေလုနီးပါး ဒဏ်ရာရခဲ့တယ်'

ကျောက်မိန်သည် ပြုံးရင်း ပြောလိုက်သည်။

'ဂိုဏ်းချုပ်ကြီးရဲ့ သိုင်းပညာ ဒီလောက်တောင် တော်နေတာပဲ၊ မျက်ကွယ်မယ်သီလရှင်ကြီးရဲ့ လက်ထဲကနေ ဒီဓားကိုတောင် လုယူနိုင်ခဲ့သေးတယ် မဟုတ်လား၊ ဂိုဏ်းချုပ်ကြီးကို ဓားနဲ့ထိုးလိုက်တာက ဝါမေဂိုဏ်းထဲက မိန်းကလေးတစ်ယောက်တဲ့၊ သိုင်းပညာလဲ သာမန်လောက်ပဲ တတ်တာပါတဲ့၊ ဒီလို သာမညမိန်းကလေးရဲ့ ဓားချက်ကို ဂိုဏ်းချုပ်ကြီး ဘာကြောင့် အထိုးခံလိုက်ရတယ်ဆိုတာ ကျွန်မအနေနဲ့ စဉ်းစားလို့ကို မရဘူး'

သူမသည် ပြောပြီးသည်နှင့် ဟူကျင်းအား လှောင်ပြုံးကလေးနှင့် စိုက်ကြည့်နေလိုက်၏။

ဟူကျင်း၏ မျက်နှာသည် ရဲခနဲ ဖြစ်သွားသည်။ စိတ်ထဲတွင်လည်း...

www.burmeseclassic.com

www.burmeseclassic.com



'ဒီမိန်းကလေး ဒီအကြောင်းတွေကို ဘယ်နှယ့် သိနေပါလိမ့်'

ဟုံကျင်းသည် ရုတ်တရက် ပြန်ဖြေလိုက်သည်။

'ကျုပ် လုံးဝ သတိလက်လွတ် ဖြစ်သွားလို့ ခုလို ခံလိုက်ရတာပါ'

ကျောက်မိန်သည် ခနဲ့ပြုံး လှောင်ပြုံးကလေးဖြင့် ဆက်ပြောပြန်လေသည်။

'ဟို... ချူကျူးဆိုတဲ့ မိန်းကလေးဟာ သိပ်ချော၊ သိပ်လှတယ်နဲ့တူတယ်'

ဟူကျင်း၏ မျက်နှာသည် ရဲခနဲ ဖြစ်သွားပြန်သည်။ သူ၏အရုက်ကို ဖုံးကွယ်သည့်အနေဖြင့် အရက်ခွက်ကို လှမ်းယူ၍ သောက်လိုက်ရသည်။ ထိုစဉ် ကျောက်မိန်သည် ရုတ်တရက် မတ်တတ်ရပ်လိုက်ကာ...

'ကျွန်မ အဝတ်အစား သွားလဲလိုက်ပါဦးမယ်၊ ရှင်တို့အနေနဲ့ ဘာမှ အားမနာကြပါနဲ့နော်၊ အစားအသောက်တွေကို စိတ်ကြိုက်သုံးဆောင်ကြပါ၊ ကျွန်မ တော်ကြာ ပြန်ထွက်လာခဲ့ပါ့မယ်'

ပြောပြီးသည်နှင့် သူမက လျှောက်ထွက်သွားတော့၏။ တိမ်လွှာဓားကမူ ခုံပေါ်တွင် တင်ကျန်ခဲ့လျက်ရှိနေ၏။



အချိန်အတန်ကြာသည်အထိ ကျောက်မိန် ထွက်မလာချေ။ ချူထင်းသည် စိတ်ထဲ၌ ရုတ်တရက် တွေးလိုက်သည်။

'ဒီမိန်းကလေး... တိမ်လွှာဓားကို ဒီအတိုင်း ထားခဲ့တာဟာ ငါတို့ကို ယုံကြည်စိတ်ချလို့ပဲ'

ချူထင်းသည် ငြိမ်မနေနိုင်တော့။ တိမ်လွှာဓားကို ကောက်ကိုင်ကြည့်လိုက်သည်။ သူသည် 'ဟင်'ခနဲ ဖြစ်သွားပြီးမှ နှုတ်မှ...

'ဓားက တယ်ပေါ့ပါကလား'

ဓားရိုးကိုကိုင်၍ ဓားအိမ်မှ ဆွဲချွတ်လိုက်သောအခါ တိမ်လွှာဓားအစစ် မဟုတ်ဘဲ သစ်သားဖြင့် ပြုလုပ်ထားသော ဓားအတုဖြစ်နေကြောင်း တွေ့ရှိရတော့၏။ ဓားကို ဆွဲထုတ်လိုက် သောအခါ မွှေးပျံ့သော ရနံ့တစ်မျိုး ထွက်လာသည်ကို အားလုံးက သတိထားလိုက်ကြ၏။ ဓားတု ပြုလုပ်ထားသော သစ်သားသည် အမွှေးနံ့ထွက်သော သစ်သားတစ်မျိုးဖြစ်ဟန် ရှိပေသည်။

ချူထင်းသည် ဓားကို ရုပ်ခနဲ ပြန်ထိုးသွင်းလိုက်သည်။ ထို့နောက် တီးတိုးလေသံနှင့်...

'ရန်ရောင် ...ဒါက ဘာသဘောလဲ'

ချူထင်းနှင့် ရန်ရောင်သည် နီးတကျက်ကျက် ဝေးတသက်သက်ဟု ဆိုရမလောက် အတူသွားလာနေစဉ်ဆိုလျှင် အမြဲတမ်း

www.burmeseclassic.com

www.burmeseclassic.com



စကားများ အငြင်းပွားလေ့ရှိကြသည်။ သို့သော် ရန်ရောင်၏ စဉ်းစားဆင်ခြင်တတ်သော အသိဉာဏ်ကိုမူ ချူထင်း ရိုးကျူးလေးစားလေ့ရှိ၏။

ထို့ကြောင့် အခက်အခဲ တစ်စုံတစ်ရာ ပေါ်လာသည့်အခါတိုင်း ရန်ရောင်ကို လွှတ်ခနဲ မေးမိတတ်သည်။

ရန်ရောင်က အသံတိုးတိုးနှင့် ပြန်ပြောလိုက်သည်။

သူသည် ချူထင်းကို ပြောလိုက်သည် မဟုတ်ချေ။ ဂိုဏ်းချုပ်ကြီး ဟူကျင်းအား ပြောလိုက်ခြင်းသာဖြစ်၏။

'ဂိုဏ်းချုပ်ကြီး... ဒီမိန်းကလေးဟာ ကျုပ်တို့အပေါ် တစ်ခုခု မကောင်းကြံနေတာတော့ အမှန်ပဲ၊ ကျုပ်တို့ ဒီနေရာက အမြန်ဆုံး ထွက်ခွာသွားလေ ဘေးအကင်းဆုံး ဖြစ်လေပဲ'

ဟူကျင်း၏ စိတ်ထဲတွင်လည်း မသိုးမသန့် ဖြစ်လျက်ရှိပြီး အန္တရာယ် အငွေ့အသက် တစ်ခုခုကို ခံစားမိနေသလို ဖြစ်နေသဖြင့် အားလုံးကို အမိန့်ပေးလိုက်သည်။

'ကောင်းပြီ... ကျုပ်တို့ အားလုံး နှုတ်ဆက်ပြီး အပြင်ကို သွားကြမယ်'

ဟူကျင်းတို့ လူသိုက်သည် အခန်းတွင်းမှ ထွက်လာကြပြီး သူတို့ ပြန်ကြတော့မည် ဖြစ်ကြောင်း ကျောက်မိန်အား သွားရောက်



ပြောကြားရန် အိမ်စေတစ်ယောက်ကို စေလွှတ်လိုက်၏။ ကျောက်မိန်သည် ကမန်းကတန်းနှင့် ထွက်လာသည်။

သူမသည် ယခုအခါ မိန်းကလေး အဝတ်အစားကို ဝတ်ဆင်ထားလျက် ရှိနေသဖြင့် အလွန်လှပနေ၏။ သူမသည် မြူးယောင်ပြုံးတုံ့ဖြင့် ဟူကျင်းတို့အား လိုက်ပါပို့ဆောင်ပေးပြီး နှုတ်ဆက်လိုက်သည်။

သူတို့ လူသိုက်သည် အိမ်နှင့် အတန်ငယ်ဝေးသည့် ခရီးသို့ ရောက်ရှိလာကြသောအခါ ချူထင်းက အော်၍ မေးလိုက်သည်။

'ဒီကျောက်မိန်ဆိုတဲ့ မိန်းကလေးက တို့အပေါ် ဘာများ မကောင်းကြံလို့လဲကွ၊ မိန်းကလေးဆိုတော့ အလှအပကြိုက်ပြီး တိမ်[illegible]အား အတုတစ်ချောင်းလုပ်ပြီး ကိုင်တာနေမှာပေါ့၊ ဒါများ မင်းက ယုန်ထင်ကြောင်ထင်နဲ့၊ ဟေ့ကောင် ရန်ရောင်၊ ငါ ပြောရဲပေါ့ကွ၊ ဒီတစ်ခါ မင်း ခန့်မှန်းတာ လွဲသွားပြီ သိလား'

ရန်ရောင်က...

'ဘာလဲ ဆိုတာတော့ ငါ သေသေချာချာ မပြောတတ်ဘူးကွာ၊ တစ်ခုခုတော့ ဖြစ်မှာပဲလို့ ငါ့စိတ်ထဲမှာ ထင်နေတယ်၊ တစ်ခုခုတော့ တစ်ခုခုပဲကွာ'

www.burmeseclassic.com

www.burmeseclassic.com



ချူထင်းသည် တဟားဟား ရယ်မောရင်း ရန်ရောင်အား လှောင်ပြောင်လိုက်သည်။

'နာမည်ကြီး ရန်ရောင် တစ်ယောက်တော့ ကွမ်းမိန်တောင် တိုက်ပွဲပြီးသွားတဲ့နောက်မှာ ကိုယ့်အရိပ်ကိုယ် ကြောက်နေတဲ့ ယုန်ကလေး ဖြစ်သွားတော့တာကိုး၊ ဟား...ဟား...ဟား'

BURMESE CLASSIC

တဟားဟား ရယ်မောနေရာမှ ချူထင်းသည် အားခနဲ အော်ပြီး မြင်းပေါ်မှ ပြုတ်ကျသွားတော့၏။ သူနှင့်အနီးဆုံးရှိနေသော စောပုတက်သည် မြင်းပေါ် အမြန်ဆုံး ခုန်ဆင်းလျက် ချူထင်းကို ဖေးမထားလိုက်သည်။

'ချူထင်း... ဘယ်လို ဖြစ်သွားတာလဲ'

ချူထင်းက...

'ဘာမှတော့ မဖြစ်ပါဘူး၊ အရက်သောက်တာ များသွားလို့ ထင်တယ်၊ ခေါင်းနည်းနည်း မူးနေသလိုပဲ'

ခေါင်းနည်းနည်း မူးနေသည်ဟု ပြောလိုက်သောအခါ ကျန်လူများသည်လည်း ဆံပင်များထောင်သွားမတတ် ထိတ်လန့်သွားကြတော့သည်။



သူတို့အားလုံးသည် ခေါင်းမူးနေကြသည် မဟုတ်ပါလား။

ဟူကျင်းသည် အသေအချာ စဉ်းစားနေလိုက်သည်။ အဆိပ်ဘုရင် ဝမ်နန်ကျူး၏ အဆိပ်ကျမ်း စာအုပ်ထဲမှ အဆိပ်များ အကြောင်းကို သူ၏ မှတ်ဉာဏ်ထဲ၌ ပြန်လည် ဖော်ထုတ်လျက် ရှိနေသည်။ ရုတ်တရက် တစ်စုံတစ်ခုကို ပြန်လည် အမှတ်ရလိုက် သည်နှင့် အလန့်တကြားအော်ဟစ်လိုက်ပြီး...

'စောစောက စားသောက်ပွဲမှာ ထမင်းစားကြတဲ့ လူတွေ အားလုံး မြင်းပေါ်က ဆင်းကြ၊ မြေကြီးပေါ်မှာ လာထိုင်ကြပါ၊ အတွင်းအားကိုထုတ်ပြီး အမူးပြေအောင် မကြိုးစားကြပါနဲ့၊ ဒီအတိုင်းပဲ လာထိုင်ကြပါ'

ပြီးနောက် သူက အရေးတကြီး ဆက်လက် ညွှန်ကြားသည်။

'အလံငါးခု အဖွဲ့နဲ့ ဘိုးဘိုးတို့အဖွဲ့က ထိုင်နေတဲ့ လူတွေရဲ့ လေးဘက်လေးတန်က အကာအကွယ် ပေးထားကြပါ၊ မြေကြီးပေါ် ထိုင်နေတဲ့သူတွေကို အကောင်းဆုံး အကာအကွယ် ပေးကြရမယ်၊ ဘယ်သူမှ အနားကပ် မခံပါနဲ့၊ အနားကပ်လာတဲ့ လူတွေကို သတ်သာပစ်လိုက်'

www.burmeseclassic.com

www.burmeseclassic.com



ချင်းထင်းကျက်၏ အဖွဲ့နှင့် အလံငါးဖွဲ့တို့သည် သူတို့၏ ခြေများကို ရွှမ်းခနဲ မြည်အောင် ဆွဲထုတ်လိုက်ပြီး ရန်ရောင် အစရှိသည့် ခေါင်းဆောင်များ၏ လေးဘက်လေးတန်မှ ဝိုင်းဝန်း ကာရံလိုက်ကြသည်။

ဟူကျင်းသည် နောက်ဆုံးစကားကို အော်ဟစ်မှာကြားပြီး ထွက်ခွာသွားသည်။

'ကျုပ်ကို စောင့်နေကြ၊ ကျုပ် ပြန်မလာမချင်း ဘယ်သူမှ ဒီနေရာက ထွက်ခွာမသွားကြပါနဲ့'

ရန်ရောင်တို့မှာမူ မိမိတို့အနေဖြင့် ခေါင်းမူးသကဲ့သို့သာ ခံစားနေရခြင်းဖြစ်ပြီး အခြားမည်သည့်ဝေဒနာကိုမျှ ခံစားရခြင်း မရှိသဖြင့် ဂိုဏ်းချုပ်ကြီး၏ အရေးတကြီး နှိုင်နေမှုကို မည်သို့မျှ နားမလည်နိုင်ဘဲ ဖြစ်နေကြသည်။

သို့သော် ဂိုဏ်းချုပ်ကြီး၏ အစွမ်းအစကို သူတို့အားလုံးက လုံးဝ ယုံကြည်ကြသည်။ ထို့ကြောင့် ဟူကျင်း၏ စကားကို တစ်တဝေမတိမ်း နားထောင်ကြလျက် သူ့အမိန့်အတိုင်း မြေကြီးပေါ် တွင် ထိုင်နေလိုက်ကြတော့သည်။

ဟူကျင်းမှာမူ စိုးရိမ်ပူပန်စွာဖြင့် ကျောက်မိန်၏ဂေဟာသို့ လေဟုန်ကဲ့သို့ ပြေးလွှားလျက် ရှိနေပေသည်။ ဟူကျင်းအဖို့ မစိုးရိမ်



မပူပန်၍လည်း မဖြစ်ချေ။ မိမိ၏ ပေါ့ဆမှုကြောင့် မိမိဂိုဏ်းသားများ အဆိပ်သင့် ခံစားကြရခြင်း မဟုတ်ပါလား။ သည်အဆိပ် အကြောင်း ဟူကျင်း ကောင်းကောင်းသိသည်။ သည်အဆိပ် တက်လာသည်နှင့် သုံးနာရီအတွင်း အသက်သေဆုံးရပေတော့မည်။ အကယ်၍ အချိန်မီ ဖြေဆေးသာရအောင် မယူနိုင်ခဲ့လျှင် မိမိ၏ ဂိုဏ်းသားများကို မိမိ သတ်ပစ်သလို ဖြစ်နေတော့မည်။

မိမိအနေဖြင့်မူ ချောက်ထဲ၌ ဖားသားနှင့် ထူးဆန်းသော သစ်သီးများကို စားသောက်ခဲ့ရသည်ဖြစ်၍ အဆိပ်မသင့်နိုင်ချေ။

သူသည် ဂေဟာရှေ့သို့ ရောက်သောအခါ တံခါးမကြီးကို လှစ်ခနဲ ဖြတ်ကျော်ပင်ရောက်ခဲ့ရာ တံခါးစောင့်သည် အသံတစ်ချက် ကြားလိုက်သဖြင့် လှည့်ကြည့်လိုက်သော်လည်း လူရိပ်ပင် မတွေ့ လိုက်ရချေ။

ဟူကျင်း စားသောက်ခန်းအတွင်း ရောက်ရှိလာသည့် အချိန်တွင် ကျောက်မိန်သည် စာအုပ်တစ်အုပ်ကို ဖတ်နေကြောင်း တွေ့ရ၏။ သူသည် ဟူကျင်း၏ ခြေသံကို ကြား၍ လှည့်ကြည့်ပြီး ပြုံးလိုက်သည်။ ထိုအခါ ဟူကျင်းက...

'ကျောက်မိန် ခင်ဗျားဆီက ပန်းပွင့်တစ်ပွင့်လောက် လိုချင်ပါတယ်၊ အဲဒါကို ကျေးဇူးပြုပြီး ပေးစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်း အပြင်သို့ ရုတ်တရက် ခုန်ထွက်သွားပြီး ရေကန်ထဲ၌ ပေါက်နေသည့် ပန်းပင်ရှစ်ပင်ခန့်ကို တစ်ပြိုင်နက် နုတ်ယူကာ အခန်းထဲသို့ ပြန်လည် ခုန်ဝင်လာသည်။

ထိုစဉ်... လျှို့ဝှက်လက်နက်များဖြင့် တရှိန်ရှိန် ပစ်ခတ်သံကို ကြားလိုက်ရသဖြင့် သူ၏ အင်္ကျီလက်စ တစ်ဘက်ဖြင့် ရစ်ပတ်သိမ်းယူလိုက်သကဲ့သို့ ပြုလုပ်လိုက်ရာ လျှို့ဝှက် လက်နက်ကလေးများ အားလုံး သူ၏အင်္ကျီစထဲ၌ ထိုးစိုက်လျက် ရှိနေတော့သည်။ ခဏချက်ချင်းပင် သူ၏အင်္ကျီစကို ပြန်လည် ရိုက်ထုတ်လိုက်ရာ လျှို့ဝှက်လက်နက်ကလေးများသည် ကျောက်မိန်ထံသို့ ပြန်လည် ထိုးစိုက်သွားကြတော့သည်။

ကျောက်မိန်သည် လျင်မြန်စွာ ဘေးသို့ ခုန်ရှောင်လိုက်သည်။ အခန်းထဲရှိ လက်ဖက်ရည်ကြမ်းအိုး၊ ပန်းကန်ခွက်ယောက်များသည် ဟူကျင်း၏ အင်္ကျီလက်စမှ တုန်ခါထွက်လာသည့် လေလှိုင်းဒဏ်ကြောင့် အားလုံး လွင့်စဉ် ကွဲကြေကုန်တော့၏။

ဟူကျင်းသည် သူ နုတ်ဖြတ်လာသည့် ပန်းပင်များကို ကြည့်လိုက်ရာ ဖြေဆေးမှန်း သိလိုက်၍ စိတ်အေးသွားသည်။ ပန်းပင်အားလုံးကို သူ၏ ရင်ခွင်အတွင်းသို့ ထိုးထည့်လိုက်သည်။ ကျောက်မိန်အား ပြောလိုက်သည်။



'ကျေးဇူးတင်ပါတယ်၊ သွားလိုက်ပါဦးမယ်'

ကျောက်မိန်သည် မခိုးမခန့် ပြုံးရယ်လိုက်ရင်း...

'ရှင်လာတုန်းက လွယ်ပေမယ့် ပြန်ထွက်ဖို့တော့ လွယ်တယ် မထင်နဲ့'

သူမသည်-ပြောရင်းဆိုရင်း စာအုပ်ကြားထဲမှ ပါးလွှာသော ဓားတိုကလေး နှစ်ချောင်းကို ဆွဲထုတ်၍ ဟူကျင်းကို တိုက်ခိုက်လေတော့သည်။

✦ ◇ ✦ ◇ ✦

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com